ပခုက္ကူနိကာယ မဟာဝိဇ္ဇာယာရာမိက

ကျေးဇူးရှင်

အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး

ပို့ချထားခဲ့သော

ကျောင်းထိုင်ဘုန်းကြီးလက်ကိုင်


# ဝိနယမဏ္ဍိုင်ကျမ်းကြီး

စာချဆရာတော်ဦးဇောဓိန္ဒ (ဂဏာဝါစက)



ပခုက္ကူနိကာယဿ အာဒိကမ္မိကော (ဒီဃဒဿီ)

ဘဒ္ဒန္တ ဂန္ဓသာရော မဟာ ထေရော




ပခုက္ကူနိကာယော မဟာဝိဇယာရာမဿ အာဒိကမ္မိကော "အဘိဓဇ မဟာရဋ္ဌဂုရု"တိ လဒ္ဓလဉ္ဆိတော ဂန္ထကာရကဿ ဥပဇ္ဈာစရိယော မဟာထေရော



မဟာဝိဇယာရာမဿ ဒုတိယာရာမိကော “အဂ္ဂမဟာပဏ္ဍိတော”တိ
လဒ္ဓလဉ္ဆိတော ဘဒ္ဒန္တဇောတိကော မဟာထေရော



မဟာဝိဇယာရာမဿ တတိယာရာမိကော "အဂ္ဂမဟာပဏ္ဍိတော"တိ
လဒ္ဓလဉ္ဆံတော ဘဒ္ဒန္တ ဉာဏိန္ဒော မဟာ ထေရော



မဟာဝိဇယာရာမဿ သီရိန္ဒရော ဂဏဝါစကော (ယုတ္တမုတ္တဝါဒီ)
ဘဒ္ဒန္တစန္ဒော မဟာထေရော။

(စာစဉ်-၉)

ပခုက္ကူ နိကာယ မဟာ ဝိဇယာရာမိက

**ကျေး ဇူး ရှင်**

အဘိဓဇ မဟာရဋ္ဌဂုရု (အရှေ့တိုက်သစ်) ဆရာတော် ဘုရားကြီး
ကိုယ်တိုင် ချုပ်ဆိုထားခဲ့သော

## ကျောင်းထိုင်ဘုန်းကြီး လက်ကိုင်

# ဝိနယ မဏ္ဍိုင် ကျမ်း ကြီး

**စာချ ဆရာတော် ဦးရာဇိန္ဒ (ဂဏဝါစက)**

ပါဠိဆရာ – ဦးယုမြိုင် (ပါဠိ ပါရဂူ)
– ဦးတင်စိုး (ဓမ္မာစရိယ)

မြတ်ပုံနှိပ်တိုက်-အမှတ် ၂၆-အသောကလမ်း၊ တာမွေ၊ ရန်ကုန်မြို့။

မှတ် A

စာမူခွင့်ပြုချက်အမှတ် (၄၀၈)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၅၀)

| | |
|---|---|
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | ၂၅ကျပ်(နှစ်ဆယ့်ငါးကျပ်) |
| အကြိမ် | ပထမအကြိမ် |
| မျက်နှာဖုံးရိုက် | ကာလာ-မောင်ဝင်း |
| စာအုပ်ချုပ် | ခင်သန်းမြင့် |
| ဒီဇိုင်း | ကျော်သန်း(မ/ဥက္ကလာပ) |
| နေ့စွဲ.... | ၁-၂-၈၂ |

| ပုံနှိပ်သူ | ထုတ်ဝေသူ |
|---|---|
| ဦးကွန်းတင် | ဦးတင်စိုး(ဓမ္မာစရိယ) |
| မြတ်ပုံနှိပ်တိုက်(၀၂၆၅၅) | မျိုးခင်စာပေ (၀၁၅၃၂) |
| အမှတ် ၂၆-အသောကာလမ်း | အမှတ် ၉/၂၂၁ |
| ကာမရွှေမြို့နယ်-ရန်ကုန် | မေခါဝီလမ်း မ/ဥက္ကလာပ |

# အကြောင်းပြ စာတမ်း

ဤကျမ်းစာကို စာရေးသော ပုဂ္ဂိုလ်၏ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ဆုံးဖြတ်ရေးသားခြင်း မဟုတ်ကြောင်း ရှေးဦးစွာ ရိုးရိုးသားသား ဝန်ခံအပ်ပါသည်။ စီစဉ်ထုတ်ဝေခြင်းကား စာရေးသော ပုဂ္ဂိုလ်၏ သဘော အတိုင်း ဖြစ်ပါသည်။

**မှန်ပါသည်**။ ဤကျမ်းစာထွက်ပေါ်လာခြင်းကား အလွန်ပင်နောက်ကျခဲ့ပါပြီ။ တိုက်အုပ်ဆရာတော်များနှင့် အခြား စာချဆရာတော်များသည် ဤကျမ်းစာထွက်ပေါ်ရန် အကြိမ်ကြိမ်ကျိုးစားခဲ့ကြသည်-ဟု သိရပါသည်။ ကျေးဇူးရှင် ဆရာတော်ကြီး မျက်ကွယ်ပြုသွားသည့်နောက်ပိုင်းမှာ စာရေးသူအနေနဲ့ ရှောင်လွှဲလို့မရသော တာဝန်ကြီးတခုကား ဤကျမ်းစာ ထွက်ပေါ်နိုင်ရေးပင် ဖြစ်ပါသည်။

စာရေးသူကား ဝိနည်းငါးကျမ်း ပါဠိတော်၊ အဋ္ဌကထာများနှင့် ၎င်းတို့အဖွင့်ဋီကာကြီး သုံးဆောင်တို့ကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော်များထံမှာ ကိုယ်တိုင်ဆိုဝါဖြင့် ပြီးဆုံးအောင် အားထုတ်ခဲ့ကြောင်းကိုလည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ သိသူတွေများပေသည်။ ထို့ကြောင့် စိတ်ဝင်စားသူတိုင်းက "ပြီးသေးဖူးလား၊ ထွက်သေးဖူးလား" ဟု မေးနေကြပေသည်။

## ဝိနည်းမှတ်ချက်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား စာဝါပို့ချရာဌာမှာ ပါဠိ၊ အဋ္ဌကထာဋီကာများမှတိုက်ရိုက်လာသော ကောင်းနိုးရာရာမှတ်သားဖွယ်ရာ အဓိပ္ပာယ်များနှင့် နိဿယ၊ ဂဏ္ဌိ စသည်တို့မှ လာရှိသော ရှေးရှေးသော ဆရာတော်ကြီးများ၏ အလွန်မှတ်သားဖွယ်ကောင်းသော အဆုံးအဖြတ်များကို "ဝိနည်းမှတ်ချက်"-ဟူသော အမည်ဖြင့် စာဆိုစာလိုက်သံဃာတော်များအား ရေးကူး မှတ်သားစေခဲ့သည်။

## အကြောင်းပြစာတမ်း

အတိတ် တခေတ်က ပခုက္ကူမှာနေဖူးကြသော စာသင်သားအများစု ထံမှာ သိုဝိနည်းမှတ်စုများ ရှိကြသည်–ဟု သိရပါသည်။ သို့သော် ကျမ်းစာ တအုပ်အဖြစ် စက်တင်ပုံနှိပ်ခဲ့ခြင်း မရှိသေးသဖြင့် တခေါက်နှင့်တခေါက် အကျဉ်းအကျယ်မတူသောကြောင့် တဆင့်ကူးယူကြသောသူများမှာ အခက်အခဲရှိနေကြပေသည်၊ ဤစာရေးသူပင် ပုံနှိပ်ရေးအတွက် ကြိုးစားခဲ့သော်လည်း အခါအခွင့်မသင့်အောင် ရှိခဲ့ရပါသည်။

### အခြေအနေက တောင်းဆို

စာရေးသူကား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံမှ "ဟတ္ထမုဒ္ဒိ" လက်ဆုပ်သက်ကိုင် ရရှိထားသူဖြစ်ကြောင်း အခေါ်ရောက် တပည့်များနှင့် သုတကာမီတို့က သိရှိနေပြီးဖြစ်ခြင်းကြောင့် ကျမ်းစာ ဖြစ်မြောက်ရေးကို အပူတပြင်း တောင်းဆိုလာကြပါသည်။ ထို့ကြောင့် အခြားကိစ္စများကို ခေတ္တရပ်နား၍ ဤကျမ်းစာဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းရပါတော့သည်။

### ပါဝင်သည့် အခန်းများ

ဤကျမ်းစာတွင် အောက်ပါအခန်းများ ပါဝင်မည်ဖြစ်ပါသည်။

၁။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တိုင်လက်တွေ့ ဆုံးဖြတ်ခဲ့သော အမြို့မြို့အနယ်နယ်မှ ရောက်လာသော အမှုတွဲများ။

၂။ သိက္ခာပုဒ်အဆုံးအဖြတ် မှတ်ဖွယ်ရာများ။

၃၊ ရဟန်းခံရာ၌ အနုန်ဆောင်ရွက်ရမည့် လုပ်ငန်းများ (ပရိက္ခရာ ရှစ်ပါး အပ်နှံပုံမှ စ၍ ရဟန်းဖြစ်ရက်ချုပ်ရေးပုံ၊ ဩဝါဒ ပေးပုံအထိ ပါဝင်သည်။)

၄။ သိမ်သမုတ်ရာ၌ လုပ်ငန်းအစီအစဉ်၊ (မြေညှိပုံ၊ သိမ်အမိန့်ခံစာ ရေးပုံမှ စ၍ သိမ်အောင်စာရေးပုံအထိ ပါရှိသည်။)

၅။ ကထိန်ခင်းရာ၌ ဆောင်ရွက်ရမည် လုပ်ငန်းများ၊ (ဩဘာစာ အစုံအလင် ပါရှိသည်။)

၆၊ ဥပုသ်ပြုရာ၌ ဆောင်ရွက်ရန်ကိစ္စများ၊ (ဥပုသ်အမေးအဖြေ ပါရှိသည်။)

၇။ ပဝါရဏာပြုရာ၌ ဆောင်ရွက်ရန်ကိစ္စများ၊ (ပဝါရဏာအမေး အဖြေပါရှိသည်။)

၈။ ဝါဆိုဝါကပ် အစီအစဉ်များ။

## ဤကျမ်းအမည်

ဖော်ပြပါအခန်းများကိုကြည့်လျှင် ကျောင်းထိုင်ဘုန်းကြီးများအနေနဲ့ မသိလျှင် မဖြစ်၊ မလုပ်ဘဲလျှင်လည်း မဖြစ်သော ဝိနည်းကံလုပ်ငန်းများဖြစ်နေပေသည်။ သို့ဖြစ်၍ ဝိနည်းခိုရိပ်ပုဂ္ဂိုလ်များနှင့် ဝိနည်းကံလုပ်ငန်းများကို မလုပ်တတ်မ ကိုင်ကတတ်ဖြစ်နေသော ကျောင်းထိုင် ဘုန်းတော်ကြီးများ အမြဲလက်ကိုင်ထားသင့်သော ကျမ်းစာအုပ် ဖြစ်ခြင်းကြောင့်—

## ကျောင်းထိုင်ဘုန်းကြီးလက်ကိုင်

# ဝိနယမဉ္ဇူသာ

ဟူသောအမည်ဖြင့် ထုတ်ဝေလိုက်ရပါကြောင်း။

အရှင်ရာဇိန္ဒ (ဂဏဝါစက)

မဟာဝိဇယာရာမကျောင်းတိုက်။

ပခုက္ကူမြို့။

၁၃၄၃-တပို့တွဲ၊ (၁-၂-၈၂)။

# မာတိကာ


ပဏာမ နှင့် ပဋိညာဉ် .... ၁

**ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင်ရေး**
**ကိုယ်တိုင်ဆုံးဖြတ်ခဲ့သော အမှုတွဲများ** .... ၃

အနုဝိဇ္ဇက ပုဂ္ဂိုလ် ဝိနည်းဓိုရ်များ၏ လုပ်ငန်းအမှု စီစဉ်ပုံ .... ၃
အဓိကရဏ်း ငြိမ်းပြီးသော အမှုတွဲများ .... ၁၄
ယထာဘူတ ဓမ္မိက ဝိနိစ္ဆယ .... ၂၀
ပခုက္ကူမြို့ မင်းကျောင်းတိုက် အမှု .... ၃၇
ပခုက္ကူမြို့ အရှေ့တိုက် ဆရာတော်ကြီးနှင့်
တိုက်အုပ် စာချဆရာတော်တို့ စီရင်ချက် — ၄၄
ပေါက်မြို့ ညောင်ပင်ကျောင်းအမှု .... ၅၀
မတသန္တက ဝိနိစ္ဆယ(ဖြတ်ထုံး) .... ၅၇
**သိက္ခာပုဒ်များ၌ အထူးမှတ်သားဖွယ်များ** .... ၆၂
သာမဏေများ ဝိနည်း သင်ကောင်း မသင်ကောင်း။ ။
ပရပုတ္တ ဓမ္မာနုဂ္ဂဟသည် သာသနာ့ဒါယာဒ ဖြစ်မဖြစ် .... ၆၃
စေတနာနှင့် ကံ တူပုံ၊ထူးပုံ .... ၆၅
ကိုးတိုင်း ကိုးဌာန သာသနာပြု စေလွှတ်ပုံ — ၆၆
သီဟိုဠ်ကျွန်းဘုရားသခင်၏ အဓိဋ္ဌာန် ငါးပါး .... ၆၈
ဝိနည်းလေးပါး မှတ်ဖွယ် .... ၆၉
ဝိနည်းဓိုရ် ပြည့်စုံရမည့် လက္ခဏာ ၃-ပါး .... ၇၁
ကေစာ(တပါးတည်း)နေရန် အဆုံးအဖြတ် ရေးနည်း .... ၇၅
ဥတ်ကို စတုတ္ထခေါ်ရကြောင်း .... ၇၇
သိက္ခာတင် သိက္ခာချ၌ မှတ်ဖွယ် .... ၇၈
အာပတ္တိ သမုဋ္ဌာနပကိဏ်တ် ၃၂-ပါး .... ၇၉
ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ မှတ်ဖွယ် .... ၈၀
ပါဒ အဆုံးအဖြတ် .... ၈၂
ရွှေစင်တမတ် ငွေငါးကျပ် .... ၈၃
ခိုးခြင်း ၂၅-ပါး ရေတွက်ပုံ .... ၈၄
ဝိနည်းဓိုရ်၏ ဆင်ခြင်တုံ တရား ၅-ပါး .... ၈၅

ဒုက္ကဋ် ၈-မျိုး သတိပြုရန် .... ၈၆
ပခုက္ကူ ဆွမ်းစားကျောင်းဘုန်းကြီး .... ၈၇
ဂိဝါနှင့် ဘဏ္ဍာဒေယျ-တူပုံ-ထူးပုံ .... ၉၀
ဝိဿာသဂ္ဂါဟ အဆုံးအဖြတ် .... ၉၁
ဝိဿာသဂ္ဂါဟ စာချုပ်ရေးနည်း .... ၉၅
ဘုန်းကြီးများ သိုက်မတူးကောင်း .... ၉၆
သံဃာဒိသ်၌ မှတ်ဖွယ်များ .... ၉၈
ဒုတိယသံဃာဒိသိသ်၌ မှတ်ဖွယ် .... ၁၀၀
မိန်းမ၌ကိုင်ကောင်းသော နည်းမရှိ .... ၁၀၁
မန္တလေးက ဦးတေဇောဖြစ်ပုံ .... ၁၀၂
စတုတ္ထ သံဃာဒိသိသ်၌ မှတ်ဖွယ် .... ၁၀၄
ထိမ်းမြား မင်္ဂလာ အခေါ်အဝေါ် .... ၁၀၅
ဘုန်းကြီးများ အလောင်းအစား မလုပ်ကောင်း .... ၁၀၆
သာရတ္ထအလို မနေဘွဲ့ရ၌ အာပတ်သင့်နိုင် .... ၁၀၇
ဘုန်းကြီးများ အောင်သွယ်လုပ်ကောင်း .... ၁၀၈
ရောဂါပျောက်လျှင် ဆေးကို သုံးကောင်း,မသုံးကောင်း .... ၁၁၄
ရှေးဦးစွာ ပဋိညာဉ် တောင်းပုံနှင့် ရေးပုံ .... ၁၁၆
ပဋိညာဉ်မပေးလျှင် မဆုံးဖြတ်ကောင်း .... ၁၁၇
အသုဒ္ဓ ဖြတ်စာ ရေးရန် မလို-
နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်စာ ရေးနည်း .... ၁၁၉
ဂါမ စသည် မည်ပုံ .... ၁၂၁
ပဗ္ဗာဇနီယ ကမ္မဝါစာ၌ မှတ်ဖွယ် .... ၁၂၅
ဘုန်းကြီးပင့်ရာ၌ မှတ်ဖွယ် .... ၁၂၇
သက်န်းသုံးဆောင်နည်းများ .... ၁၂၈
ဝိကပ္ပနာ ပြုရကျိုးနှင့် ဝိကပ္ပနာပြုနည်း .... ၁၃၁
ဝိကပ္ပနာပြုနည်း နှစ်မျိုးအထူး .... ၁၃၄
စာချုပ်စာတမ်း ရေးနည်းများ .... ၁၃၆
လက်ဆောင် စာချုပ်ရေးနည်း .... ၁၄၁
[illegible] အများ .... ၁၄[illegible]
[illegible] မှတ်ဖွယ် .... [illegible]
[illegible] သုံးသာအား စွန့်ရခြင်း .... ၁၄၈

# မာတိကာ


သုဒ္ဓိ လေးမျိုး မှတ်ဖွယ် .... ၁၅၁
ကောက်ရသော ပစ္စည်း၌ ကျင့်သုံးနည်း .... ၁၅၂
ကပ္ပိယ သပိတ်လေးလုံး အဓိပ္ပါယ် .... ၁၅၃
ယခုကာလ သစ်စေး,သရိုးသပိတ်၌ မှတ်ဖွယ် .... ၁၅၈
သပိတ်သုံးမျိုး(ခွက်သုံးမျိုး) ညောင်ဦးက ယွန်ထည်များမအပ် .... ၁၅၉
ဘေသဇ္ဇသိက္ခာပုဒ်၌ မှတ်ဖွယ် .... ၁၆၀
ထောပတ်စသည်၌ အထူးမှတ်ဖွယ်များ .... ၁၆၁
အသားကြီး ၁၀-မျိုး .... ၁၆၃
ဝိနည်းမိုရ် ထိပ်သီးကြီး ၂-ပါး .... ၁၆၅
သီးခြားခွင့်ပြုချက် ခုနစ်မျိုး .... ၁၆၉
စားသောက်ဖွယ်၌ အထူးသတိပြုရန် .... ၁၇၁
မုသာဝါဒကြောင့် သင့်သော အာပတ် ၈-မျိုး .... ၁၇၃
ဆဲရေးခြင်း ၁၀-မျိုး .... ၁၇၅
ပေသုညနှင့် ပဒသောဓမ္မသိက္ခာပုဒ် .... ၁၇၆
ရဟန်းသင်္ဘောဖြင့် ခရီးသွားစဉ် မှတ်ဖွယ် .... ၁၈၀
ဓမ္မဒေသနာ သိက္ခာပုဒ်၌ မှတ်ဖွယ် .... ၁၈၃
စကား ၄-မျိုးကို နားမလည်သောမိန်းမ .... ၁၈၆
အရိယာသည် အကြောင်းမရှိပဲ မပြော .... ၁၈၇
ပုထုဇဉ်နှင့် အရိယာ ကွာခြားချက် .... ၁၈၉
အရှင် ဗုဒ္ဓဃောသ မကြိုက် .... ၁၉၁
မြေတူးရာ၌ ပရိယာယ် ပြုလုပ်နည်း .... ၁၉၂
ကပ္ပိစားတာ တောကျသတဲ့ .... ၁၉၅
ဥဏ္ဏာပနနှင့် ခိယျနတို့၏အထူး .... ၂၀၁
နိဿယ မုစ္စက အင်္ဂါ ခုနစ်ပါး .... ၂၀၂
ကျောင်းထိုင်ဘုန်းကြီးအင်္ဂါ ခုနစ်ပါး .... ၂၀၃
ပဝါရိတ်သည် အာပတ်မဟုတ် .... ၂၀၆
ကာလိက ၄-မျိုး .... ၂၀၈
မာတုလုင် အဆုံးအဖြတ် .... ၂၀၉
ပူပေါ်တ (ခေါ်းလိပ်သောက်) အဆုံးအဖြတ် .... ၂၁၁
ကျောင်းရှင်ကြီး ၂-ပါး၏ မြင်ကွင်း .... ၂၁၄
ကျောင်းသားဘဝတုန်းက အတွေ့အကြုံ .... ၂၁၅

ထန်းရည်ချို သောက်ကောင်း-မကောင်း .... ၂၁၆
ဘုန်းကြီးများနှင့် ရုံးဂတ် မှတ်ဖွယ် .... ၂၁၇
ကျောင်းထိုင်ဘုန်းကြီး သတိပြုဖွယ် .... ၂၁၈
မကျောင်းတိုက်အတွင်းမှာ ပွဲကြည့်ကျောင်း .... ၂၂၀
ဘုန်းကြီးများ ကျမ်းမကိုင်ကောင်း .... ၂၂၁
ဘုန်းကြီးများ ဝိုင်းဖွဲ့ပြီးဆွမ်းစားရာ၌ .... ၂၂၁
သပိတ်မှောက်သပိတ်လှန် ကံပြုပုံ .... ၂၂၆
ကေသ မသာ ဒါဋ္ဌိကတို့၌ မှတ်ဖွယ် .... ၂၂၃
ဖလ်ခွက်ဖြင့် ရေသောက်ကောင်း .... ၂၂၈
ကပ္ပိယကုဋီ (ကျောင်း ၄-မျိုး) ၌ မှတ်ဖွယ် .... ၂၂၉
ကပ္ပိယကုဋီ ၄-လုံးသည် ဘယ်အခါ ပျက်သနည်း .... ၂၃၅

**ရဟန်းခံရာ၌ အမှန်ပြုလုပ်ရမည့် ကိစ္စများ** .... ၂၃၇

သိမ်အတွင်း ၅-မိနစ်တရား .... ၂၃၇
ပရိက္ခရာနှစ်ပါး အလှူခံခန်း .... ၂၃၈
နာမဂ္ဂဟာအာကိစ္စ-စသည် .... ၂၃၉
အနုသာသကဥတ်ထားနည်းအမျိုးမျိုး .... ၂၄၃
အနုသာသနကိစ္စ (အပြင်၌ ဆုံးမခန်း) .... ၂၄၄
ဉတ္တိဒါဒခန်း .... ၂၅၃
ရဟန်းခံရာ၌ နောက်ဆက်တွဲမှတ်ရန် .... ၂၆၄
ရဟန်းခံ ကမ္မဝါ၌ ဒွန်ဖတ်နည်း .... ၂၆၉
ဒွန်ကမ္မဝါများ၌ အထူးမှတ်ဖွယ်များ .... ၂၇၇
ကမ္မဝါ ဘယ်မှာဆုံးသနည်း .... ၂၈၁

**သိမ်သမုတ်ရာ၌ သိမှတ်ဖွယ်ရာ အဖြာဖြာ** .... ၂၈၄

သိမ်လုပ်ငန်း ၉-မျိုး .... ၂၈၄
သိမ်အောင်စာ (နမူနာ) .... ၂၉၂
သိမ်၌ အထူးမှတ်သားဖွယ်များ .... ၂၉၆
၃၂-ပိုလ်ယူပုံ ဝါဒအမျိုးမျိုး .... ၃၀၄
သိမ်အမိန့်စာ ခံယူရခြင်းအကြောင်း .... ၃၀၈
အင်္ဂလိပ်မင်းကို အုပ်စိုးစအချိန် .... ၃၁၀

ဂျပန်ခေတ် ကိုယ်တွေ့ အမိန့်စာယူပုံ .... ၃၁၀
ယခုခေတ် ကောင်စီအာဏာ .... ၃၁၁
သမ္မုထာ (သာ) သိမာ၌သာ မရှိသင့် .... ၃၁၂
ကမ္မဝါစာ၌ အထပ်ဖတ်နည်းများ .... ၃၁၂
အထပ်ဖတ်နည်းကြိုက်သော ဆရာတော်ကြီးများ .... ၃၁၄
သိမ်သမုတ်ရာ၌ အကွက်ရိုက်နည်းပုံများ .... ၃၁၆

**ကထိန်ခင်းရာ၌ ဆောင်ရွက်ရမည့် လုပ်ငန်း** .... ၃၁၈
ကထိန်ပကာမ ကောင်းပန်လွှာ .... ၃၂၁
ကထိန် အမေး-အဖြေ .... ၃၂၁
ကထိန်တရားဟောရန် .... ၃၃၃
ကထိန်၌ အထူးမှတ်သားဖွယ်များ .... ၃၄၇
အာနိသင် ၅-ပါး မှတ်ဖွယ် .... ၃၄၈
ကထိန်ခင်း၌ သံဃာ အရကောက်ပုံ .... ၃၅၉
ကထိန် အရန်သင်္ကန်း ပိုင်ဆိုင်မှု .... ၃၅၆
ပခုက္ကူတိုက်က ရေးစက်ချနည်း .... ၃၅၇
ကထိန်ကို ဂြိန်ပြီး နုတ်ခြင်းအကြောင်း .... ၃၅၉
ကထိန်ကို နုတ်ပြီးလျှင် ပြန်မခင်းကောင်း .... ၃၆၀
မအပ်သည်ကို ပယ်သည့်အတွက် အပြစ်မရှိ .... ၃၆၁
တပါးတည်းပင်နေသော်လည်း သံဃိက လှူနိုင် .... ၃၆၃
အခြားတိုက်ကျောင်းမှ သံဃာအား ပန်ကြား၍ပေးနိုင် .... ၃၆၄
ကိုယ်တိုင် ကထိန်ဒကာပြု၍ မခင်းကောင်း .... ၃၆၅
ရေစကြို ဆရာတော်ကြီး အယူ .... ၃၆၆
ဦးပဒုမ၏ ပုစ္ဆာ ၄-မျိုး .... ၃၆၇

**ဥပုသ်ပြုရာ၌ ဆောင်ရွက်ရမည့်ကိစ္စများ** .... ၃၇၁
**ဥပုသ် အမေး-အဖြေ** .... ၃၇၁
ဥပုသ်၌ ကာလကမ္မဝါသရုပ် .... ၃၇၅
အာပတ်ကို မေးမယ်သော်လည်း အထင်မဘောနဲ့ .... ၃၇၆
**ပဝါရဏာပြုရာ၌ ဆောင်ရွက်ရမည့် ကိစ္စများ** .... ၃၈၀
**ဝါဆိုဝါကပ် အစီအစဉ်** ၃၉၁-၄၀၈



ကျောင်းထိုင်ဘုန်းကြီး လက်ကိုင်

# ဝိနယမဏ္ဍိုင်ကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ပဏာမနှင့် ပဋိညာဉ်

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန မေ ဂရုံ။
ဝန္ဒိတွာဟံ အာစေရဉ္စ၊ ကဿိမံ စိရဋ္ဌိတတ္ထံ။

**အနက်**။ ။အဟံ၊ ရာဇိန္ဒဟု နာမတွင်မည် ငါမထေရ်သည်။ ဗုဒ္ဓဉ္စ၊ သစ္စာသိမြင် ဘုရားရှင်ကို လည်းကောင်း။ ဓမ္မဉ္စ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ အမြတ်ဆွတ်ထား၊ ဆယ်ပါးသောတရားကိုလည်းကောင်း။ သံဃဉ္စ၊ အရိယာသမုတိ၊ ရှိသည့်နှစ်ဖြာ၊ မြတ်သံဃာကို လည်းကောင်း။ မေ၊ ငါ၏။ ဂရုံ၊ ကျောက်သီးတန္တု၊ အလေးပြုအပ်သော။ အာစေရဉ္စ၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ ဆရာမြတ်ကို လည်းကောင်း။

(ဝ၁)ပခုက္ကူမြို့၊ မဟာဝိဇယာရာမ နာမရိုက်ဟည်း ဘိုက်တော်ကြီး၏ ဦးစီးမဟာနာယက၊ ပထမဘိုက်ဘည်၊ လင်္ကာပေသလ၊ သိက္ခာကာမ၊ သံသာရဘယဘီရုက၊ ဝိနယကုက္ကုစ္စက၊ သာသနသောဓက၊ ပရိယတ္တိမာမက၊ ပရိယတ္တိ

ပိဿာရဒ၊ အာဂဘာဂမ စသော ဂုဏ်တော်၊ မကွေးခရိုင် သုဓမ္မာဂိုဏ်းချုပ်၊ နိုင်ငံတော် မဟာနာယက၊ နိုင်ငံတော် သြဝါဒစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌ ဂုရု စသော ဘွဲ့တံဆိပ်တော် အတန်တန်ကို ဆက်ခံရရှိတော်မူသော (ဘဝနတ်ထံပါးလွန်တော်မူသော) ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးကို လည်းကောင်း။

(ဝါ) သာသနာရေးလုပ်ငန်း၊ တိုက်တာလုပ်ငန်းတို့၌ နှစ်ခြိုက်မြှောက်စား တော်မူကြသော မဟာဝိဇယာရာမတိုက်ကြီးကို ဒုတိယမြောက်ဆက်ခံတော်မူကြသော တိုက်အုပ် ဆရာတော်ဘုရားကြီး လေးပါးကို လည်းကောင်း။

(ဝါ)နေနည်း ထိုင်နည်း၊ လွှန်သိပ်သည်းအောင်၊ အနည်းနည်းအဝဝ နည်းညွှန်ပြလျက် ဆုံးမပဲ့ပြင် သွန်သင်ပေတတ်သော ညောင်ဦးမြို့အရှေ့ဘက် (ခြောက်တိုင်ကွာ) နောင်တော်ဝမ်းကွဲ ဖြစ်သော ကုလာတဲကျေးရွာ မြောက်ကျောင်း ဆရာတော်ဘုရားကို လည်းကောင်း။

(ဝါ)မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းဘူတာ၊ သပြေကုန်းကျေးရွာ နောင်တော်အရင်းဖြစ်သော ဆရာတော်ဘုရားကြီးကို လည်းကောင်း။

(ဝါ)ပထမပြန်ဥက္ကဋ္ဌ၊ ပါဠိတက္ကသိုလ် ဗဟိုဥက္ကဋ္ဌ၊ ဆင္ဃသံဂါယနာ ဝန်ဆောင် သံဃာအဖွဲ့ကြီး၏ ဦးစီးဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌ ဂုရု သွန်းပြုကျော်ညာ၊ တေဇာဖြိုးထိန်၊ မစိုးရိမ် ဆရာတော်ဘုရားကြီး အမှူးပြုသော မစိုးရိမ် နာယကဆရာတော်များကို လည်းကောင်း။

ဝိပ္ပသန္နေန၊ ညစ်ကြေးမတင်၊ သန့်ရှင်းစင်သည့်၊ ကြည်လင်စေတနာ၊ မြတ်သဒ္ဓါဖြင့်။(ဝန္ဒာမိ)၊ ဘယ၊ လာဘ၊ ကုလငယ်ချိုး၊ ဂုဏ်မြတ်နိုးကာ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ စိရဋ္ဌိတတ္ထံ၊ သာသနာငါးထောင်၊ မြားမြောင်ရှည်ကြာ၊ တည်ပါစေခြင်းအကျိုးငှာ။ ကြမ်မံဂန္ထံ၊ ဝိနယဝိနိစ္ဆယ၊ နာမတင့်ဆန်း ဤပိနည်းမှတ်ချက်ကျမ်းကြီးကို။ (ဝါ) ကျောင်းထိုင်ဘုန်းကြီးလက်ကိုင် ဝိနယပြဿနာ ကျမ်းကို။ ကဿ + ကရိဿာမိ၊ သာသနာ့တာဝန် ကိုယ့်တာဝန်ဟု၊ ဖိတ်ဝယ်ပြတ်သား၊ သဒ္ဓါပွား၍ ရေးသားပြုပြင် စီရင်ပေးအံ့ သတည်း။

ပဏာမ ပဋိညာဉ် ပြီး၏။

# ၁။ ကျေးရွာရှင် ဆရာတော်ဘုရားကြီး ကိုယ်တိုင်ရေး ကိုယ်တိုင်ဆုံးဖြတ်ခဲ့သော အမှုတွဲများ

## အနုဝိဇ္ဇကပုဂ္ဂိုလ် ဝိနည်းဓိုရ်များ၏ လုပ်ငန်းအမှုစီစဉ်ပုံ

**၁။ လျှောက်လွှာလက်ခံပုံ**

တရားလိုစောဒကပုဂ္ဂိုလ်က စွဲချက်လျှောက်လွှာ တင်လာသောအခါ တရားခံ စုဒိတက ပုဂ္ဂိုလ်က တပါးတည်းဖြစ်လျှင် စွဲချက်လျှောက်လွှာကို ၂-စောင်တင်ခိုင်းရမည်။ လျှောက်လွှာ တစောင်မှာ တရားသူကြီး ထံမှာ လက်ခံထားဖို့ရန်ဖြစ်၍ ကျန်တစောင်မှာ တရားခံကို သမ္မန်ချသောအခါ ပူးတွဲပေးလိုက်ရန် ဖြစ်သည်။

**အမှာ။** ။တရားခံ စုဒိတက ၂-ပါးဖြစ်လျှင် လျှောက်လွှာ၃-စောင်၊ ၃-ပါးဖြစ်လျှင် ၄-စောင် တင်ခိုင်းရမည်။

**၂။ သမ္မန်စာထုတ်ပုံ**

သမ္မန်စာထုတ်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်၊

မည်သည့်အမှုအတွက် သမ္မန်စာ။

နေ့စွဲ၊ ၁၃၀၄-ခု၊ ဝါခေါင်လဆုတ် ၁၁-ရက်။

အမိန့်ရှိလိုက်သည်။ မည်သည့်မြို့၊ မည်သည့်ရွာနေ၊ မည်သူက သင့်အပေါ်မှာ ပူးတွဲပါလျှောက်လွှာအတိုင်း စွဲဆိုလျှောက်ထားလာသဖြင့် လျှောက်လွှဲထုချေရန်အတွက် ထုချေလွှာနှင့်တကွ မည်သည့်နေ့ရက်၊ အချိန်တွင် မည်သည့်ဌာနသို့ လာရောက်ရန် ဆရာတော်ကိုယ်တိုင် လက်မှတ်ထိုး တံဆိပ်နှိပ်၍ ထုတ်ပေးလိုက်သည်။

(ရှင်ဇဝန)
အရှေ့တိုက်ဆရာတော်
ပခုက္ကူမြို့။

**အမှာ၊** ။ဤသမ္မန်စာကို ခုနစ်ရက်လောက်က ကြိုတင်ပြီး ထုတ်ပေးရသည်။

## ၃။ ပဋိညာဉ်တောင်းပုံ

အမှုချိန်းသည့်နေ့ရောက်၍ အမှုသည်နှစ်ဘက်စုံညီသောအခါ ပဋိညာဉ်တောင်းရမည်။ ပဋိညာဉ်လွှာရေး လက်မှတ်ထိုးစေရမည်။ နှစ်ဦးလုံးကဖြစ်စေ၊ တဦးဦးကဖြစ်စေ ပဋိညာဉ်မပေးလျှင် အမှုကို ပယ်လိုက်ရမည်။

### ပဋိညာဉ်လွှာပုံစံ

နေ့စွဲ၊ ၁၃၀၉-ခု၊ ဝါခေါင်လဆုတ် ၈-ရက်။

ဣမေ အမှာကံ ဝိနိစ္ဆယေန တုဋ္ဌာ ဘဝိဿထာတိ သစေ ဘဝိဿာမာတိ ဝဒန္တိ၊ သံဃေန အဓိကရဏံ သမ္ပဋိစ္ဆိတဗ္ဗံ။

ဟူသော(ပါရာဇိကဏ်အဋ္ဌကထာဆဋ္ဌ/၁၇၅)ပ-ဒုဋ္ဌ ဒေါသ သိက္ခာပုဒ်ထုတ်ပြအပ်သည်နှင့်အညီ-

ဆရာတော် သံဃာတော်တို့ စီရင်ဆုံးဖြတ်ချက်အတိုင်း တပည့်တော်တို့နှစ်ဦးနှစ်ဘက် လိုက်နာပြေငြိမ်းကြပါမည်အကြောင်းကို ပဋိညာဉ်ပေးကြအောက်တွင် လက်မှတ်ရေးထိုးကြပါသည်ဘုရား။

### အမှုသည်တို့၏ ကိုယ်တိုင်လက်မှတ်များ

၁။ ဟရားလို စောဒကာ၊ မည်သူ မည်သည့်မြို့၊ ရွာ၊ ကျောင်း.........
(လက်မှတ်).... .... .... .... ....

၂။ တရားခံ စုဒိတက မည်သူ၊ မည်သည့်မြို့၊ ရွာ၊ ကျောင်း...............
(လက်မှတ်).... .... .... .... ....

**မှတ်ချက်။** ။ဤပထမအကြိမ် အမှုဆိုင်ရာ၌ တရားလို တရားခံ နှစ်ဦးသာ လိုသေးပါသည်။ သက်သေမလိုသေးပါ။ ၎င်းတို့ ထွက်ဆိုချက်ပြီး၍၊ (သံဃာက)ကောက်ချက်ချပြီးသောအခါမှသာလျှင် သက်သေတောင်းရမည်။

ထို့ပြင် အမှုကို စတင်စစ်ဆေးသောအခါ၌လည်း တရားလို၏လျှောက်လွှာကို ကိုင်၍ တရားလိုကို ဦးစွာစစ်ဆေးရသည်။ စစ်ချင်ရာက စစ်ရသည် မဟုတ်။ (သတိပြုပါ)။ စာသင်တိုက်ကြီးတခုမှာ များစွာသော သံဃာတွေကို အုပ်ချုပ်လျက် စာချနေသော နာမည်ကြီးဆရာတော်တပါးသည် တရားခံ စုဒိတကကို အရင်ဆုံး စစ်ဆေးသဖြင့် သံဃာ့ဝိနိစ္ဆယအဖွဲ့ထဲမှ ဆရာတော်တပါးက ထပြီး ကန့်ကွက်သဖြင့် "သယ်........ မင်းက သိပ်စကားများတယ်" ဟု ပြော၍ အမှုကို မစစ်ဆေးတော့ပဲ အရှက်ရပြီး ထွက်သွားရကြောင်း တောင်သာမြို့ မောင်နန္ဒက ပြောဖူးသည်။

## ၄။ တရားလို စောဒက၏ ထွက်ဆိုချက်

အနုဝိဇ္ဇကပုဂ္ဂိုလ် ဝိနည်းဓိုရ်က မေး၍ တရားလို စောဒက မည်သူ၏ ထွက်ဆိုချက်။ (အမေးအဖြေပြုလုပ်၍ စာရွက်တရွက်၌ သတ်သတ် ရေးထားပါ။)

တရားခံဘက်က မေး၍ တရားလို စောဒက မည်သူ၏ ထွက်ချက်။ (အမေးအဖြေပြုလုပ်၍ စာတရွက်၌ သတ်သတ်ရေးထားပါ။)

ဤနှစ်မျိုး ရေးပြီးလျှင် ဖတ်ပြရမည်။ 'မှန်ပြီ' ဆိုလျှင် အောက်၌ လက်မှတ်ရေးထိုးခိုင်းရမည်။

(မည်သူ)
တရားလို စောဒက
မည်သည့်မြို့၊ ရွာ၊ ကျောင်း။

(၎င်းတရားလို စောဒက၏ အစစ်ခံချက်၊ ထုချေလွှာတို့ကို ဖိုင်တွဲထားရမည်။)

## ၅။ တရားခံ စုဒိတက၏ ထွက်ချက်

အနုဝိဇ္ဇကပုဂ္ဂိုလ် ဝိနည်းဓိုရ်ဆရာတော်က မေး၍ တရားခံ စုဒိတက မည်သူ၏ ထွက်ချက်။

(အမေးအဖြေပြုလုပ်၍ စာရွက်၌ သတ်သတ်ရေးထားပါ။)

တရားလိုဘက်က မေး၍ တရားခံ မည်သူ၏ထွက်ချက်။
(အမေးအဖြေပြုလုပ်၍ စာရွက်၌ သတ်သတ်ရေးထားပါ။)
ဤသို့ နှစ်မျိုးကို သန့်သန့်ရေးပြီးလျှင် ဖတ်ပြပါ။
'မှန်ပါပြီ' ဆိုခဲ့သော် အောက်တွင် လက်မှတ်ရေးထိုးခိုင်းပါ။

(မည်သူ)
တရားခံ စုဒိတက
မည်သည့်မြို့၊ ရွာ၊ ကျောင်း။

(ဤင်းတရားခံ၏ အစစ်ခံလွှာ၊ ထုချေလွှာတို့ကို ဖိုင်တခုတွဲထားပါ။)

## ၆။ အမှုကို ကောက်နုတ်ချက်ထုတ်ရန်

တရားလို တရားခံ နှစ်ဦးလုံးဘက်မှ အစစ်ခံချက်နှင့် ထုချေလွှာများ စုံလင်ခဲ့သော် အနုဝိဇ္ဇကပုဂ္ဂိုလ်က အမှုကို ကောက်ချက်ထုတ်ရသည်။

**အမှာ။** ။ကောက်ချက်ထုတ်ခြင်းဟူသည် တရားလို တရားခံဘက်မှ တင်သွင်းမည့် သက်သေများကို အစီအစဉ်အရ မေးတတ်ရန် ကြိုတင်ပြီး နုတ်ထုတ်ထားခြင်း ဖြစ်သည်။

## ၇။ သက်သေစာရင်း တင်သွင်းရန်

အနုဝိဇ္ဇက ပုဂ္ဂိုလ် ဝိနည်းဓိုရ်သည် အမှုကို ကောက်ချက်ချပြီးလျှင် နှစ်ဘက်မှ သက်သေ အမည်စာရင်းကို တင်သွင်းရန် ရက်ချိန်းပေး၍ စာဖြင့် တောင်းခံရမည်။

ရက်ချိန်းအတွင်း ရောက်လာသော သက်သေများကို

| | | |
|---|---|---|
| တရားလိုဘက်မှ | ၁။ သက်သေ | မည်သူ.... |
| | ၂။ သက်သေ | မည်သူ.... |

တရားခံဘက်မှ ၁။ သက်သေ မည်သူ....
၂။ သက်သေ မည်သူ....

ဟု အမည်စာရင်း သေချာစွာ ရေးသား၍ သီးခြား ဖိုင်တွဲထားရမည်။

**မှတ်ချက်။** ။ဖော်ပြပါ သက်သေများကို တရားသူကြီးဖြစ်သော ဝိနည်းဓိုရ်က စာဖြင့် ဆင့်ခေါ်ရမည်။ တရားလို တရားခံတို့က မခေါ်နိုင်။ သို့သော် တရားလို တရားခံတို့က "တပည့်တော်တို့ ခေါ်ခဲ့ပါမည်"ဟု ဝန်ခံလျှင် သမ္မန်ချ ခေါ်စရာမလို။

**(ပထမ တရားဆိုင်ခန်း ပြီး၏။)**

## ၈။ သက်သေများ သမ္မန်ချခေါ်ရန်

တရားသူကြီးဖြစ်သော ဝိနည်းဓိုရ်သည် နှစ်ဦးနှစ်ဘက်မှ သက်သေများကို မည်သည့်နေ့ရက်၊ အချိန်၊ နေရာတွင် မည်သည့်အမှုအတွက် မည်သူက သက်သေသွင်းသဖြင့် "သင်ကိုယ်တိုင် လာရောက်ရမည်"ဟု သမ္မန်ချ ခေါ်ရမည်။

## ၉။ သက်သေများ စစ်ဆေးရန်

နှစ်ဦး နှစ်ဘက်မှ သက်သေများ ရောက်ရှိသောအခါ တရားလိုပြ သက်သေကို စတင်စစ်ဆေးရမည်။

(က) အနုဝိဇ္ဇက ပုဂ္ဂိုလ်ဝိနည်းဓိုရ်ကမေး၍ တရားလိုပြ ၁-သက်သေ မည်သူ၏ ထွက်ချက်။

(ခ) တရားလိုက မေး၍ တရားလိုပြ ၁-သက်သေ မည်သူ၏ ထွက်ချက်။

(ဂ) တရားခံဘက်က မေး၍ တရားလိုပြ ၁-သက်သေ မည်သူ၏ ထွက်ဆိုချက်။

၎င်းတို့ အသီးသီးကို အမေးအဖြေပြုလုပ်၍ စာတရွက်စီ၌ သက်သေ ရေးသားပါ။ ၎င်းထွက်ဆိုချက်များကို ဖတ်ပြ၍'မှန်ပြီ'ဆိုလျှင် အောက်ပါ လက်မှတ်ရေးထိုးခိုင်းပါ။

(မည်သူ)
တရားလိုပြ ၁-သက်သေ
မည်သည့် မြို့၊ ရွာ၊ ကျောင်း

(ဂုဏ်းတရားလိုပြ ၁-သက်သေ၏ ထွက်ဆိုချက်များကို ဖိုင်တွဲထားပါ)

ထို့အတူ တရားလိုပြ ၂- သက်သေကိုလည်း ဆိုခဲ့ပြီး နည်းအတိုင်း သုံးကြိမ် သုံးခါ မေးပြီး ထွက်ဆိုချက်များကို လက်မှတ် ရေးထိုးခိုင်း၍ ဖိုင်တွဲထားပါ။

ထို့အတူ တရားခံပြသက်သေ ၂-ဦးကိုလည်း တရားလိုပြသက်သေ နှစ်ဦးကို မေးသလို မေးစစ်ခဲ့သည့်နည်းတူ စစ်မေးပြီး ထွက်ချက်များကို အသီးသီး တခုစီ ဖိုင်တွဲထားပါ။

ထိုနောက် တရားလို တရားခံ အချင်းချင်း အပြန်အလှန် မေးခွန်း ထုတ်ခိုင်းပါ။ အားလုံးမေးစီစစ်၍ ပြီးသောအခါ တတိယအကြိမ် အမှုဆိုင် ရန် ရက်ချိန်းပေးလိုက်ရမည်။ တတိယအကြိမ်၌ သက်သေများ ခေါ်လာရန် မလိုတော့ပါ။

(ဒုတိယအကြိမ် အမှုဆိုင်ခန်းပြီး၏)

## ၁၀။ **သံဃာတော်တို့ တိုင်ပင်ခန်း**

ရက်ချိန်းပေးပြီးနောက် ထိုနေ့တွင် ဖြစ်စေ၊ အခြားတနေ့နေ့တွင် ဖြစ်စေ၊ သံဃာအစည်းအဝေးပွဲ ပြုလုပ်၍ အမှုတွဲကို ဖတ်ကြားနာယူရမည်။

ထိုသံဃာအစည်းအဝေးပွဲမှ "မည်သို့ ဆုံးဖြတ်သင့်သည်"ဟု သဘော ထား ချပြီးလျှင် သင့်လျော်သော (စာရေးသားတတ်သူ) ပုဂ္ဂိုလ်တပါးပါးကို စီရင်ချက် (အဆုံးအဖြတ်) ရေးခိုင်းရမည်။

## ၁၁။ **တရားဆုံးဖြတ်ခန်း**

ရက်ချိန်းနေ့ ရောက်၍ အမှုသည်များ စုံညီသောအခါ တာဝန်ရှိ ပုဂ္ဂိုလ်တပါးပါးက "ဘာများပြောချင်ကြသေးသလဲ"ဟု တရားခံများအား မေးရမည်။ "ဘာမှပြောဖို့ မလိုတော့ပါ"ဟု လျှောက်ထားလျှင် စီစဉ်ချက် ကို ဖတ်ပြ၍ တရားပြီးဆုံး စေရမည်။

(တတိယအကြိမ် ပြီး၏။)

[ အမှုပြီးပြီ ]

## အမှုဆုံးဖြတ်ရာ၌ အလေးပြုရမည့်အချက်

အနုဝိဇ္ဇကပုဂ္ဂိုလ် ဝိနည်းဓိုရ်ဆရာတော်သည် ပါရာဇိကအမှုများကို ဆုံးဖြတ်ရာ၌ သုဒ္ဓဖြတ်စာ ရေးသင့်လျှင် ရေးရမည်။

နေဝသုဒ္ဓ/နာသုဒ္ဓ ဖြတ်စာကိုကား အကျပ်အတည်းကြုံ၍ မတတ်သာမှ ရေးရမည်။

အသုဒ္ဓဖြတ်စာကို လုံးလုံးမရေးရ။ အကြောင်းသော်ကား တရားခံ စုဒိတက ဖြစ်သောအမှုသည်က ဖြောင့်ချက်ပေး ဝန်ခံလျှင် သုဒ္ဓဘာသာသူ လူထွက်သွားလိမ့်မည်။ အသုဒ္ဓ စီရင်ချက် ချရန်မလိုတော့ပါ။

ထို့ပြင် တရားခံ စုဒိတကဖြစ်သော အမှုသည်က ဖြောင့်ချက်မပေး။ ဝန်မခံလျှင်လည်း "ပဋိညာယ ကာရေတဗ္ဗော"ဟူသော ပါဠိတော်ကြီးကို မလွန်ဆန်နိုင်သောကြောင့် "အသုဒ္ဓ" ဖြတ်စာ လုံးဝ မရေးထိုက်ချေ။

မည်သည့်ဖြတ်စာမျှ မရေးပဲ ခေတ္တလျှော်လျှူရှု၍ထားပါ။ တော်တော်ကြာမှ (အခြေ အနေကို ကြည့်၍) နေဝသုဒ္ဓ၊ နာသုဒ္ဓ ဖြစ်စေ၊ "အပေါင်းအသင်း မပြုကြစတမ်း"ဟူသော ကတိကဝတ် စာတန်းကိုဖြစ်စေ၊ ရေးခွင့်ထိုက်လေတော့သည်။

**မှတ်ချက်။** ။ယခုခေတ်တွင်အခြေအနေအရ အဖြူအမဲကွဲကွဲပြားပြားဆုံးဖြတ်သင့်သည်။ ထိုဆုံးဖြက်ချက်ကို သာသနာတော် သန့်ရှင်းရေးအတွက် နိုင်ငံတော် အစိုးရက အမှန်ဒဏ်တိုင်း အကောင်အထည်ပေါ်အောင် ဝင်ရောက်ကူညီဖြေရှင်းပေးသင့်သည်။

## အမှုကောက်ချက် ထုတ်တတ်ရန် နမူနာ

ပခုက္ကူဆရာတော်တို့၏ အမိန့်–

နေ့စွဲ၊ ၁၃၀၉ ခု၊ ဝါဆိုလဆန်း ၈–ရက်။

(  ) မြို့အပိုင်၊ (  ) ရွာ၊ (  ) ကျောင်းအမှု

ဤအမှုတွဲ၌ စစ်ချက်၊ စစ်တန်းနှင့် အမှုတွဲပါ စုံလင်စွာတင်ပြ ပျောက်ယား စွဲဆိုပေသဖြင့် လက်ခံစစ်ဆေးပြီးလျှင် ပေါက်မြို့နယ် သံဃာ၏ စီရင်ချက်ကို ပခုက္ကူ ဆရာတော်တို့က အတည်ပြုလိုက်သည်။

၎င်းအတည်ပြုချက်သည် ပြုပြင်ပြောင်းလဲခြင်း မရှိ။ ပကတိ အတိုင်းပင် တည်စေ။

**ရုပ်သိမ်းခိုင်း။** ။၎င်းအမှုကို ပခုက္ကူဆရာတော်တို့က ဆုံးဖြတ်ပြီး သောအခါ (မည်သူ၊ မည်သူ၊ မည်သူ) သုံးပါးတို့က "တပည့်တော်တို့ကို သံဃာကလွှတ်လိုက်ပါသည်၊ သံဃာ၏ ကိုယ်စားလည်ပါ"ဟု လျှောက်ထားကြပြီးလျှင် ဆရာတော်များ၏ ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်း ပေးပါရန် လျှောက်ထားကြသည်။

ပခုက္ကူဆရာတော်ကြီးများက သံဃာအမိန့်ဆိုလျှင် အလေးတမူ အရေးယူရမည်ဖြစ်၍ အထက်ပါကောက်ချက်သုံးမျိုးကို ထုတ်ပေးလိုက်သည်။

၁။ ဖော်ပြပါ ပုဂ္ဂိုလ်သုံးပါးသည် သံဃာက လွှတ်လိုက်သော ကိုယ်စားလှယ်များ ဟုတ်၊ မဟုတ်။

၂။ ပခုက္ကူဆရာတော်များထံ ရောက်ရှိလာသော စစ်ချက် စစ်တန်းများသည် အမှုသည်နှစ်ဘက်၏ မျက်နှာစုံညီ သံဃာ၏ (သို့) သံဃာသဘောတူ ပုဂ္ဂိုလ်၏ စစ်ဆေးသော စစ်ချက်စစ်တန်းများ ဟုတ်၊ မဟုတ်။

၃။ ထိုအမှု၌ စီရင်ချက်ဖြတ်စာရေးသော စောင်းယားပင် ဆရာတော်သည် သံဃာ၏ (သို့) ပဓာနဖြစ်သော ဆရာတော်ကြီး တပါးပါး၏ သဘောတူချက်အရ ရေးခြင်း ဟုတ်၊ မဟုတ်။

အထက်ပါ ကောက်ချက်သုံးမျိုးကို ထုတ်ပေးလိုက်ကြသည်။

၁။ (ပခုက္ကူ) မြို့ အရှေ့တိုက်သစ်ဆရာတော်
၂။ ။ အလယ်တိုက်ဆရာတော်
၃။ ။ ။
၄။ ။ (မန္တလေး) တိုက်ဆရာတော်

**သုဒ္ဓဖြတ်စာရေးရန် နမူနာ (အကျဉ်း)**

( )ကျောင်းတိုက်( )ကျောင်းပေါ်၌ အစည်းအဝေးပါ ဆရာတော် သံဃာတော်တို့နှင့်တကွ မကွေးခရိုင်၊ သုခမ္မာဝင် နိုင်ငံတော်

မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူမြို့၊ မဟာဝိဇယာရာမ (အရှေ့တိုက်သစ်) ဆရာတော် ဘုရားကြီးအမိန့်—

နေ့စွဲ—၁၃၀၈ ခု၊ နယုံလဆုတ် ၈—ရက်။

၁။ အမှုအမည်။ ။ပထမပါရာဇိက အမှု
၂။ တရားလို စောဒက။ ။(မရှိ)
(ပစ်စာမှုစပြီး အမှုဖြစ်ပွား၍ လာသည်။)
၃။ တရားခံ စုဒိတက။ ။မည်သူ့( )ကျောင်း၊ ကျောင်းထိုင်ဘုန်းကြီး။
၄။ ဝတ္ထု သည်မ။ ။မိမည်သူ။ (အပျို)

ပစ်စာဟူသည် စင်းစားဖို့ရန် (စုံစမ်းဘို့ရန်)သာ ဖြစ်သည်။ ပစ်စာအတိုင်း ဟုတ်ပြီ၊ မှန်ပြီ—ဟု အတည်ပြုဖို့ရန် မဟုတ်ချေ။

သို့ဖြစ်၍ စာပစ်ခံရသော (ရှင်မည်သူမှာ)တရားလို့မရှိသော တရားခံဖြစ်၍ နေပေသည်။ ထို့ကြောင့်—

**အမိန့်**

( ) မြို့၊ ( ) တိုက်
(ရှင်မည်သူမှာ) သုဒ္ဓဖြစ်စေ၊

သမဂ္ဂသီတင်းသုံးဘော် သံဃာတော် တို့ကလည်း တရားခံ စုဒိတက (ရှင်မည်သူ) အပေါ်၌ ပါရာဇိက အန္တိမဖြင့် ကုက္ကုစ္စ သံသယမရှိကြပဲ၊ အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ၊ သံဝါသသုံးပါး ဆက်ဆံပေါင်းသင်း၍၊ ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ နှစ်ပါးကို ပွားများကျိုးကုတ် အားထုတ်နေထိုင်ကြစေ။

(ရှင်ဇဝန)
အရှေ့တိုက်သစ်ဆရာတော်နှင့်
ကိုးထောင့်တိုက်၊ ဂိုဏ်းသံဃာ—၁၅ ပါး

**နေဝသုဒ္ဓိ/နာသုဒ္ဓိဖြတ်စာရေးရန် နမူနာ (အကျဉ်း)**

မည်သည့် ဆရာတော်၊ သံဃာတော်တို့၏ အမိန့်—

နေ့စွဲ၊ ၁၃၀၉ ခု၊ ဝါဆိုလဆန်း ၈-ရက်

၁။ အမှုအမည်။ ။ပထမပါရာဇိကအမှု

၂။ တရားလိုစောဒက။ ။မည်သူ-မည်သည့် မြို့၊ ရွာ၊ ကျောင်း

၃။ တရားခံ စုဒိတက။ ။မည်သူ-မည်သည့်မြို့၊ ရွာ၊ ကျောင်း

၄။ ဝတ္ထုသည်မ။ ။မိမည်သူ၊ မည်သည့်မြို့၊ ရွာ၊ (အပျို)

ဤအမှု၌ တရားလိုဘက်က ခိုင်မြဲ လုံလောက်စွာ ယုတ္တိသာကေ အကြောင်းပြ၍ စောဒနာကြ စွပ်စွဲကြသည်။ ဖုတ်ဖို့အကြောင်း ဝတ္ထုလည်း များစွာသက်ရောက်လျက် အမှုထင်ရှား၍ နေသောကြောင့် "သုဒ္ဓ"ဟုလည်း မဆိုနိုင်။

တရားခံ စုဒိတက ရှင်မည်သူကလည်း ဖြောင့်ချက်မပေး, ဝန်မခံပဲ နေခြင်းကြောင့်၊ "ပဋိညာယ ကာရေတဗ္ဗော"ဟူသော ပါဠိတော်ကြီးကို မလွန်ဆန်နိုင်သဖြင့် "အသုဒ္ဓ"ဟူ၍လည်း မဆိုနိုင်ရကား-

ဗဟုသုပိ ဝတ္ထုသု ဥပ္ပန္နေသု ပဋိညံ နဒေတိ၊

သော နေဝသုဒ္ဓေါတိ ဝတ္တဗ္ဗော၊ နအသုဒ္ဓေါတိ"

ဟူသော ပါရာဇိကဏ် အဋ္ဌကထာပါဠိ (ဆဋ္ဌ/၁၇၆)အရ စုဒိတက ရှင်မည်သူမှာ နေဝသုဒ္ဓ/နာသုဒ္ဓဖြစ်စေ။

မည်သည့်ဆရာတော်ကြီးနှင့် သံဃာတော်များ

**အမှာ** ။ဤဖြတ်စာ အချခံရသော ပုဂ္ဂိုလ်နှင့် ပေါင်းလိုသူ ပေါင်းကြ၏။ မပေါင်းလိုသူ မပေါင်းကြချေ။ ကျမ်းဂန်အထူး မလာ၊ သံဃာကွဲတတ်သည်။ သံဃာ မကွဲဖူးဆိုမှ ဤဖြတ်စာကို ရေးသင့်သည်။

**မှတ်ချက်**။ ။ဤကဲ့သို့သော အမှုမျိုးကို သာသနာတော် သန့်ရှင်းရေးအတွက် နိုင်ငံဘော်အစိုးရက ကူညီဖြေရှင်းပေးသင့်သည်။

## အာမိသ သမ္ဘောဂ-ဓမ္မသမ္ဘောဂ- သံဝါသ တို့ကို ခေတ္တရပ်စဲရန် သံဃာတော်တို့၏ ဉတ္တိကဝတ်စာတန်း

နေ့စွဲ၊ ၁၃၀၉ ခု၊ ဝါဆိုလဆန်း ၈-ရက်

၁။ အမှုအမည်။ ။ပထမ ပါရာဇိက အမှု

၂။ တရားလိုစောဒက။ ။မည်သူ၊ မည်သည့်မြို့ရွာ၊ ကျောင်း

၃။ တရားခံ စုဒိတက။ ။မည်သူ၊ မည်သည့်မြို့၊ ရွာ၊ ကျောင်း

၄။ ဝတ္ထု သည်မ။ ။မိမည်သူ၊ မည်သည့်မြို့၊ ရွာ၊ (အပျို)

ဤအမှု၌ တရားလို စောဒကနှင့် ဝတ္ထုသည်မတို့က ခိုင်မြဲလုံလောက်စွာ ယုတ္တိသာဓကအကြောင်းပြ၍ စောဒနာကြ စွပ်စွဲကြသည်။ ဟုတ်ဖို့အကြောင်း ဝတ္ထုများလည်း များစွာသက်ရောက်၍ အမှုထင်ရှားလျက်ရှိခြင်းကြောင့် "သုဒ္ဓ"ဟူလည်း မဆိုနိုင်။

တရားခံ စုဒိတက (ရှင်မည်သူက) ဖြောင့်ချက်မပေး ဝန်မခံပဲ နေခြင်းကြောင့် "ပဋိညာယ ကာရေတဗ္ဗာ"ဟူသော ပါဠိတော်ကြီးကို မလွန်ဆန်နိုင်သောကြောင့် "အသုဒ္ဓ"ဟူ၍လည်း မဆိုနိုင်။ သုဒ္ဓဘက်၊ အသုဒ္ဓဘက် တဖက်ဖက် ပိုမို၍ မထင်ရှားသေးသမျှ ကာလပတ်လုံး တရားခံစုဒိတက (ရှင်မည်သူ)နှင့် အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ၊ သံဝါသတို့ကို ရပ်စဲ၍ ထားကြရန် (မည်သည့်မြို့နယ်) ဂိုဏ်းသံဃာတို့က ကတိကဝတ်ထားကြသည်။ (သပိတ်မှောက်ကြသည် မဟုတ်။)

၁။ မည်သည့်ဆရာတော်၊ မြို့၊ ရွာ၊ ကျောင်း။

၂။ မည်သည့်ဆရာတော်၊ မြို့၊ ရွာ၊ ကျောင်း။

### ကေဇာနေစေအမိန့်စာရေးရန် (နမူနာ)

ကေဇာ နေရန် စီရင်ချက်ရေးလိုလျှင် အောက်ပါအတိုင်း ရေးရမည်။

### မည်သည့်ဆရာတော်၊ သံဃာတော်တို့၏ ကေဇာနေစေအမိန့်

နေ့စွဲ၊ ၁၃၀၉–ခု၊ ဝါဆိုလဆန်း ၈–ရက်။

၁။ အမှုအမည် ။ ပထမပါရာဇိက အမှု။

၂။ တရားလို စောဒက ။ မည်သူ၊ မည်သည့်မြို့၊ ရွာ၊ ကျောင်း။

၃။ တရားခံ စုဒိတက ။ မည်သူ၊ မည်သည့်မြို့၊ ရွာ၊ ကျောင်း။

၄။ ဝတ္ထုသည်မ ။ မိမည်သူ၊ မည်သည့်မြို့၊ ရွာ၊ (အပျို)

ဤအမှု၌ တရားခံ စုဒိတက (ရှင်မည်သူ) အပေါ်၌ အားလုံးသော သံဃာတော်တို့က ပါရာဇိက အရိပ်အရောင် တင်နေကြသော်လည်း–

တေနာပိ ပါရာဇိကော သိယာ နဝတ္တဗ္ဗော–

ဟူသော ပါရာဇိက အဋ္ဌကထာ (အဋ္ဌ/၂၀၂) အရ "သံပါဇိက ကျပြီ" ဟု မဆိုထိုက်ပေ။

ဝေပုလ္လ ဝတ္တဗ္ဗော ဝိဝိတ္တံ ဩကာသံ သမ္မဇ္ဇိတ္ဗာ ဒိဝါဝိဟာရံ
နိသီဒိတွာ သီလာနိ သောဓေတွာ ဒွတ္တိံသာကာရံ
တာဝ မနသိကရောဟီတိ-

ဟူသော ပါရာဇိကကဏ်အဋ္ဌကထာ (ဆဋ္ဌ/၂၀၃) အရ ဆိတ်ငြိမ်ရာ၌ သက်ဆိုင်ရာ ဝတ်ကြီးဝတ်ငယ်တို့ကို ပြု၍ မိမိသီလလို သုတ်သင်လျက် လျောက်ပတ်သော ကမ္မဋ္ဌာန်းကို စီးဖြန်း၍ (တပါးတည်း) ကေစာနေစေ။

မည်သည့်ဆရာတော်ဘုရားကြီးနှင့်
သံဃာတော် ၁၆-ပါး။

နှစ်၊ လ ၊ရက်၊ အပိုင်းအခြားနှင့် နေရမည်-ဟု ကျမ်းဂန် တိုက်ရိုက်မရှိချေ။

## အဓိကရုဏ်း ငြိမ်းအေးပြီးသော အမှုတွဲများ

### ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၏ ဝိနိစ္ဆယ

၁။ (  )အမှု၊ နေ့စွဲ၊ ၁၃၀၃-ခု၊ လ၊ ရက်နေ့။

၁။ အမှုအမည် အာပတ္တာဓိကရုဏ်းမှု
၂။ တရားလိုစောဒက (  )ရွာ။
၃။ တရားခံ စုဒိတက (  )ရွာ၊ ကျောင်းဘုန်းကြီး။

ဤအမှုကို ၁၃၀၂-ခု၊ တော်သလင်းလဆန်း ၂-ရက်နေ့က သမားတော်ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးနှင့် ဆရာတော်၊ သံဃာတော် ၃၀-ကျော်တို့က စစ်ဆေးပြီးလျှင် သုံးနှစ် ကေစာနေရန် စီမံဆုံးဖြတ်ပြီး ဖြစ်သည်။ တရားရှင်ဟူ၍လည်း ၎င်းဆုံးဖြတ်ချက်၌ ပါရှိသည်။

တရားခံ စုဒိတက (  )က မကျေနပ်၍ "စစ်ချက်မကုန်သေးပါ။ နစ်နာလွန်းလှပါသည်" ဆိုပြီး (တရားရှင်ဖြစ်သည့်အတိုင်း) တရားပြန်ပြီးရှင်ဖို့ ရန် ကြိုးစားအားထုတ်သဖြင့် ဆရာတော်၊ သံဃာတော်တို့ သဘောတူချက်အရ ဆရာတော်၊ သံဃာတော်တို့၏ လွှဲချက်လျှောက်လွှာနှင့်တကွ(  )က စွဲဆိုတင်ပြလျှောက်ထား အယူခံဝင်လာသည်။ ထို့ကြောင့် ဆရာတော်က လက်ခံစစ်ဆေး ဆုံးဖြတ်ချက်ပေးရခြင်း ဖြစ်သည်။

ဤအမှု၌ သမားတော်ဂိုဏ်းအုပ် ဆရာတော်ဘုရားနှင့် စည်းဝေးရာပါ ဆရာတော်၊ သံဃာတော်တို့စုံညီတွင်–

၁။ တရားလိုစောဒက ဝတ္ထုသည်မ (　　)က "တပည့်တော်မကို(　　) က မတရားပြုကျင့်ပါသည်"ဟု ၁-၂-၃-၄- အချက်တို့ကို တင်ပြလျက် စွဲဆိုအစစ်ခံသည်။

၂။ တရားခံ စုဒိတက (　　)ကလည်း "မတရားမပြုကျင့်ရပါ" ဟု ၁-၂-၃-၄- အချက်တို့ကို တင်ပြလျက် ထုချေသည်။

၃။ ဤအမှု၌ တရားလို၏ စွဲဆိုအစစ်ခံချက်နှင့် တရားခံ၏ ထုချေအစစ်ခံချက်တို့ကို စဉ်းစားလိုက်လျှင် ကိုယ့်ဘက်နှင့်ကို အခိုင်အမာ တင်ပြလာသည်ကို တွေ့ရှိရသဖြင့် ဟုတ် မဟုတ် နှစ်မျိုးထွက်၍နေပါသည်။

၄။ သို့ရာတွင် မိန်းမက ဘုန်းကြီးအား အကြောင်းမဲ့ မဟုတ်မတရား အလကား မိမိ၏ ဣန္ဒြေအပျက်ခံပြီး စွဲဆိုမည်မဟုတ်။ ဟုတ်လို့သာ စွဲဆိုခြင်း ဖြစ်ပေမည်။
မောင်(　　)သည် ရှက်လို့သာ ကွယ်ဝှက်ထုချေ ငြင်းပယ်၍နေသည်-ဟု ယူဆတော်မူကြပြီးလျှင်"သုံးနှစ်ကေစာနေစေရန်" သမားတော် ဂိုဏ်းဆရာတော် သံဃာတော်တို့ကဆုံးဖြတ်ကြဟန်တူပါသည်။

၅။ ယင်းသို့ ဆုံးဖြတ်တော်မူကြခြင်းသည်လည်း–
စေ ပန ဝတ္ထုဗ္ဗော ဝိဝိတ္တံ ဩကာသံ သမ္မဇ္ဇိတွာ
ဒိဝါဝိဟာရံ နိသိဒိတွာ သီလာနိ သောဓေတွာ
ဒွတ္တိံသာကာရံ တာဝ မနသိကရောဟီတိ-
ဟူသော ပါရာဇိကဏ်အရပင် ဖြစ်၍ နှစ်သက်ထိုက်၊ ကျေနပ်ထိုက်သော စီမံဆုံးဖြတ်ချက်ပင် ဖြစ်ပေသည်။

၆။ တရားသေ မဟုတ်၊ တရားရှင် စီ စဉ် ဆုံး ဖြတ် တော်မူ ကြ ခြင်းသည်လည်း–
အထ ဒဟရဿာပိ ပါရာဇိကဋ္ဌာယာဝ ဥပဋ္ဌာတိ၊
တေနာပိ ပါရာဇိကော သီတိနဝတ္တဗ္ဗော–
(ဆဋ္ဌ/၂၀၂)ဟူသော ပါရာဇိကဏ် အဋ္ဌကထာပါဠိနှင့် အညီပင် ဖြစ်၍ လွန်စွာနှစ်သက်ထိုက်၊ ချီးမွမ်းထိုက်၊ ကျေနပ်ထိုက်သော စီမံဆုံးဖြတ်ချက်ပင် ဖြစ်ပေသည်။ အမြော်အမြင် ကြီးတော်မူပေသည်။

၇။ တရားခံ စုဒိတက ရှင်( )သည်လည်း ဂိုဏ်းသံဃာတို့၏ စီရင်ချက်ကို အလေးပြုကာ သံဃဂရု၊ သံဃဂါရဝအနေဖြင့် မူလ၊ ပထမ (ဆုံးဖြတ်သည့်အတိုင်း) ကေစာနေလိုက်ပြီးမှ 'မထူးလှ' ဟု ယူဆပြီးလျှင် ကေစာနေခြင်းကို ရပ်စဲလိုက်ခြင်း ဖြစ်ပေသည်။

ထိုသို့ ရပ်စဲခြင်းသည်လည်း သံဃာတော်၏ စီရင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်လို၍ မဟုတ်ချေ။ ကေစာနေရာတွင် မိမိစိတ်၌ ဘာမျှ ထူးထွေချက်မတွေ့ရသဖြင့် မိမိသဘောအတိုင်း ရပ်စဲလိုက်ခြင်းဖြစ်၍ ( )ကိုလည်း အပြစ်မဆိုသာချေ။ ဆရာတော်၊ သံဃာတော်တို့က ကျေနပ်ထိုက်လှပေသည်။

၈။ ဆရာတော် သံဃာတော်တို့၏ ကေစာ စီရင်ချက်သည် တရားသေမဟုတ်၊ တရားရှင်စီရင်ခြင်းသည်လည်း ရှင်( )အပေါ်၌ ကရုဏာမေတ္တာ ရေချမ်းသွန်းဖြန်းလျက် ကျမ်းဂန်နှင့်အညီ စီရင်ကြခြင်းပင် ဖြစ်ပေသည်။

၉။ တရားရှင်ဖြစ်၍လည်း သုံးနှစ်ပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ၊ မည်သည့်အခါမဆို ရှင်( )မှာ လွန့်လျက် အညွန့်တက်နိုင်ခွင့် ရရှိပေသည်။

၁၀။ "စစ်ချက်စစ်တမ်း မကုန်သေးပါ" စသည်ဖြင့် တရားခံ စုဒိတက ရှင်( )က အညွန့်တက်လျက် နောက်ထပ်သွင်းသော သက်သေကို စစ်မေးရာ—

( ) နှင့် မဟုတ်ပါ။ တပည့်တော်နှင့် ဖြစ်နေပါသည်-ဟု အခြားလူ( )က အစစ်ခံပြန်သည်။

တရားလို စောဒက( )ကလည်း "ကျမ ကျောင်းကြီးကိုဖြို့မဲ့ မိန်းမ ထင်သလား၊ ကျမကိုယ်ဝန်မှာ ( )နှင့် မဟုတ်ပါ။ တခြားလူနဲ့ ပါ" ဟု အမဝမ်းကွဲ တော်သူအား ပြောဖူးကြောင်းကို သမားတော် ဆရာတော်ဘုရားကြီးထံ အစစ်ခံဖူးသည်။ နောက်မှ ၁-၂-၃-၄- အချက်တို့ဖြင့် တရားလိုမ က( )အပေါ်၌ စွပ်စွဲပြန်သည်။ ရှေ့နောက်မညီချေ။

၁၁။ ငွေ လေးကျပ် ပေးပါသည်၊ ငွေနှစ်ကျပ် ပေးပါသည် - ဟူသော တရားလိုမ၏ ၅-ချက်၊ ၆-ချက် စွဲချက်တို့မှာလည်း ယုတ္တိမရှိချေ။ အကယ်၍ ကျူးလွန်မိသည်မှန်ပါက လေးကျပ်၊ နှစ်ကျပ်မက ပေးရ

ပါလိမ့်မည်။ ဤ "လေးကျပ်၊ နှစ်ကျပ် ပေးပါသည်" ဟူသော ၅-ချက်၊ ၆-ချက်များသည် မဟုတ်ဖို့ဘက်က ထောက်ခံလျက်နေချေပြီ။

၁-၂-၃-၄- အချက်တို့ဖြင့် စွပ်စွဲခြင်းကိုလည်း တရားခံဘက်မှ အကျယ်တဝင့် အကြောင်းစုံပြလျက် ထုချေချက် ရှိပေသည်။

၁၂။ "သည်အကောင်နှင့် မလိုက်ရဖူး၊ ငါ့အကြွံကို လိုက်မလား၊ ငါကြွံနိုင်သမျှကြွံမည်" ဟူသော ( )၏ ကြုံးဝါးချက်သည်လည်း တွေးစရာ များစွာရှိပေသည်။ မည်သူနှင့် ရသည့် ကိုယ်ဝန်ကို အခြား မည်သူ့အပေါ်သို့ ပုံချဖို့ရန် ဖြစ်နေပေသည်။ (ဩော်- လောကီဇာတ်ထုပ်၊ အလွန်ရှုပ်၊ လုပ်တတ်ဖို့ရာ မလွယ်ပါတကား။)

၁၃။ ဤသို့လျှင် ( )၏ အစစ်ခံချက်( )၏ အမဝမ်းကွဲ ဆိုသူ၏ ထွက်ဆိုချက်နှင့်( )၏ ကြုံးဝါးချက်တို့ကို ထောက်ဆ၍ လည်းကောင်း၊ "ငွေ လေးကျပ်၊ နှစ်ကျပ် ပေးပါသည်" ဆိုသော အချက်မှာ မဟုတ်ဖို့ဘက်မှ ထောက်ခံလျက် နေသောကြောင့်လည်းကောင်း၊ တရားလို စောဒက ဝတ္ထုသည်မ( )၏ ၁-၂-၃-၄- အချက်တို့ဖြင့် စွပ်စွဲပြောဆို အစစ်ခံချက်သည် အရေးမပါ။ အရာမရောက် ဖြစ်သွားသဖြင့် တရားခံ စုဒိတက ရှင် ( ) ကို "ပဋိညာယ ကာရေတဗ္ဗော" ဟူသော ပါဠိတော်အရ ဆုံးဖြတ်ထိုက်ပေသည်။

၁၄။ ထိုပဋိညာဉ်သည် (က) ဒေါသောဂမ ပဋိညာဉ်။

(ခ) ဒေါသာပဂမ ပဋိညဉ်- ဟု ၂-ပါးရှိရာ ဒေါသာပဂမ ပဋိညာဉ်ဖြင့် ဆုံးဖြတ်ထိုက်ရကား တရားခံ စုဒိတက ရှင် ( )ကို "သုဒ္ဓ" ဟု ဆုံးဖြတ်ထိုက်ပေသည်။ သို့ဖြစ်၍-

## အမိန့်

( )( )ကျောင်းဘုန်းကြီး ရှင်( )သည် သုဒ္ဓဖြစ်စေ-

(ရှင်ဇဝန)
အဂ္ဂမဟာပဏ္ဍိတ
အရှေ့တိုက်သစ်ဆရာတော်
မကွေးခရိုင်သုဓမ္မာဝင်
ပခုက္ကူမြို့

သမားတော် ဆရာတော်ဘုရားကြီး အမှူးရှိသော ဂိုဏ်းသံဃာတော်များအား အထူးလျှောက်ထားချက်။

(၁) ပါရာဇိကံ အာပန္နောစ၊ ဘိက္ခုလိင်ေ ဌိတော
ယာဝ နပဋိဇာနာတိ၊ တာဝ အတ္တော တဿဘိက္ခုဘာဝေါ၊
န သော အနုပသမ္ပန္နသင်္ချံ ဂစ္ဆတိ။ ။

ပထမပါရာဇိကအဖွင့် သာရတ္ထဋီကာ (ဆဋ္ဌ/၁၀၄) ဒုတွဲ။

ဤဋီကာပါဌ်ဖြင့် "အကြင်ရဟန်းသည် ပါရာဇိက ကျသော်လည်း ရဟန်းအသွင်ကို မစွန့်ပဲ တည်နေ၏။ ထိုရဟန်းသည် ရဟန်းမဟုတ်တော့ဘူး ဟု ဝန်မခံသေးသမျှ ကာလပတ်လုံး ထိုရဟန်းအား ရဟန်းအဖြစ် တည်ရှိသေးသည်သာလျှင်တည်း။ အနုပသမ္ပန္န အရေအတွက်သို့မရောက်သေး" ဟု ပြ၏။

(၂) သစေ ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာ
ဒေတိ။ တဥ္စ မုစ္စိတွာ ဂဏော ပူရတိ။ သူပသမ္ပန္နော။ ။

ဦးန ဝိသတိသိက္ခာပုဒ်၊ ပါစိတ်အဋ္ဌကထာ၊ (ဆဋ္ဌ/၁၃၆-၇) ပါဌ်။

ဤပါဌ်ဖြင့် "မိမိသည် ရဟန်းမဟုတ်ချေ။ ထိုသို့ရဟန်းမဟုတ်မှန်း မသိပဲ သူတပါးကို ရဟန်းခံ၍ ပေးငြားအံ့၊ ထိုသူကိုလွှတ်၍ ဂိုဏ်းပြည့်လျှင် ကံအောင်မြင်၏။ နောက်ခံ၍ပေးသောရဟန်းသည် ရဟန်းဖြစ်၏" ဟုပြ၏။

(၃) ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေ
တဗ္ဗောတိစုတ္တဋ္ဌာနေ ယထာ အဘိက္ခုနာ ကမ္မဝါစာယ
သာဝိတာယပိ ကမ္မံ ရုဟတိ၊ ကမ္မဝိပ္ပတ္တိယာ အသမ္ဘဝတော။
ပထမ ပါရာဇိကအဖွင့် ဝဇိရဗုဒ္ဓိဋီကာ (ဆဋ္ဌ/၁၀၉)။

ဤဋီကာပါဌ်ဖြင့် "ရဟန်းဟု ဝန်ခံခြင်း ဘိက္ခုပဋိညာဉ်ခံနေသော ရဟန်းမဟုတ်သောသူသည် ကမ္မဝါစာဖတ်ခဲ့သော် ကမ္မဝိပ္ပတ္တိ မဖြစ်သောကြောင့် ကံအောင်၏။ ရဟန်းဖြစ်သည်" ဟု ပြ၏။

ဤ ၁-၂-၃ တို့ဖြင့် ပြအပ်သော အဋ္ဌကထာ ဋီကာပါဌ်များသည် သီလကုန်ခန်း ဒုဿီလရဟန်းနှင့် ရဟန်းမဖြစ်မှန်းမသိ၊ ရဟန်းမဖြစ်ပဲ နေသောသူကို ပြသည်။

ယခုရှင်( )မှာ အထက်ပါ သုဒ္ဓဖြတ်စာကို ရပြီးဖြစ်၍( ) နှင့် ပေါင်းသင်း ဆက်ဆံခြင်းကြောင့် ဘာအပြစ်မှ မရှိနိုင်။ မပေါင်းတချို့၊ ပေါင်းတချို့ ဖြစ်ကြပါလျှင် ရဟန်းချင်းကွဲ၊ လူချင်းကွဲ၍ ဖရိုဖရဲ ဖြစ်ကြပြီး အကြီးအကျယ် မဖွယ်မရာ များစွာသော အပြစ်တွေ နောက်ထပ်ပေါ်လာ၍ ကျေးရွာနယ်ပယ် အပါယ်လားကြောင်း လောကမကောင်း သံသရာ မကောင်း အပေါင်းများစွာ အလွန်တရာ နစ်နာကြမည်ကို ထောက်ထားလျက် –

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဟူသော မြတ်စွာဘုရား အဆုံးအမတော်ကို လက်ခံကျင့်သုံးကြမှသာလျှင် ခုရောနောင်ခါ ချမ်းသာအေးမြ အားလုံးကြီး ဖြစ်ရအောင်–

သဗ္ဗေဟေ၀ သမဂ္ဂေဟိ သမ္မောဒမာနေဟိ၊ အဝိဝဒ မာနေဟိ သိက္ခိတဗ္ဗံ– ဟူသော ပါဠိတော်နိဂုံး အဆုံးသတ်အတိုင်း၊ ဥမကွဲ သိုက်မပျက် နှစ်သက်ရွှင်ပြ၊ ရှင်( )နှင့် အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ သံဝါသ–လုံးဝဆက်ဆံ၍ ဂန္ထဓူရ၊ ဝိပဿနာဓူရ တရားနှစ်ပါးကို ပွားများ ကျိုးကုတ် အားထုတ်နေထိုင်တော်မူကြပါရန် အထူး ပျော်ထားအပ်ပါသည်။

(ရှင်ဇာဝန)
အဂ္ဂမဟာ ပဏ္ဍိတ
မကွေးခရိုင် သုဓမ္မာဝင်
ပခုက္ကူမြို့

(အခြားသံဃာတော်များ ဆုံးဖြတ်ပြီးအမှုတွဲကို တရားလို၊ တရားခံများ ကျေနပ်ရုံမျှမက အဆုံးအဖြတ်ပေးသော သံဃာတော်များပါ အားရ နှစ်သက်မှုရအောင် ကောက်ချက်အမျိုးမျိုး အထောက်အထား သာဓကပါ၌ အမျိုးမျိုးပြလျက် ဆုံးဖြတ်တော်မူနိုင်သော ကျေးဇူးရှင်ဆရာတော်ဘုရား ကြီး၏ ဗွပ်းရည်ကား ချီးမွမ်းအံ့ဩဘွယ်ကောင်းလေစွ တကား၊ နှောင်း ကခေတ် ပုဂ္ဂိုလ်တို့အတွက် အထူးပင်ကျေးဇူးများလှပေသည်။ **ကျမ်းပြုသူ။**)

၂။ (        )မြို့ (        ) အမှု

**ယထာဘူတ ဓမ္မိက ဝိနိစ္ဆယ**

(        )မြို့ (        )ရွာ ကျောင်းတိုက်

မှန်ကျောင်းပေါ်၌စည်းဝေးပါ သံဃာတော်များနှင့်
ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၏
ယထာဘူတ ဓမ္မိကဝိနိစ္ဆယစီရင်ချက်။

နေ့စွဲ၊ ၁၃၀၃–ခု နယုန်လဆုပ် ၂–ရက်။

၁။ အမှုအမည်။ ။ အာပတ္တာဓိကရဏ်းမှု
၂။ တရားလိုစောဒက။ ။ မရှိ(ပစ်စာကစ၍ဖြစ်ပွားလာသည်)
၃။ တရားခံ စုဒိတက။ ။ (        ) (        ) ကျောင်းထိုင်
။ ဘုန်းကြီး။

၄။ ဝတ္ထုလည်မ။ ။(        )(        ) ရွာ။

ဤအမှုကို ၅–ကြိမ်တိတိ လျှောက်ထားစွဲဆိုလာသည်။ အမှုကို လက်မခံပဲ ဆရာတော်က ပယ်ချထားသည်။

ယခုတဖန် စွဲဆိုရုံမျှမက သံဃာတော်တို့ကလည်း စည်းဝေးပြီးဖြစ်နေခြင်း၊ အမှုသည်နှင့် သက်သေလူကြီးလူကောင်းများပါ စုံညီဖြစ်နေခြင်းကြောင့် လက်ခံစစ်ဆေးတော်မူပါရန် ထပ်ဆင့် လျှောက်ထားခြင်းကြောင့် လက်ခံစစ်ဆေး ဆုံးဖြတ်ချက်ပေးပါလျှင် သံဃဘေဒ၊ သံဃရာဇီ ဖြစ်–မဖြစ် စီစစ်မေးမြန်းသောအခါ “ကိုးထောင့်မှာ သံဃာကွဲပြီးသား ဖြစ်နေပါသဖြင့် ဆရာတော်ဘုရားကြီး စီရင်ဆုံးဖြတ်ချက် ချသော်လည်းကောင်း၊ မချသော်လည်းကောင်း ထူးမည် မဟုတ်တော့ပါ” ဟူသော သံဃာတော်တို့၏ လျှောက်ထားချက်အရ မလွှဲသာ မရှောင်သာ၍ ဤအမှုကို ဆရာတော် လက်ခံစစ်ဆေး ဆုံးဖြတ်ရခြင်း ဖြစ်သည်။

(က) အမှု၌ ပစ်စာဟူသည် စဉ်စားဖို့ရန်၊ စုံးစမ်းဖို့ရန်သာဖြစ်သည်။ ပစ်စာအတိုင်း ‘ဟုတ်ပြီ မှန်ပြီ’ဟု အတည်ပြုဖို့ရန် မဟုတ်ချေ။ သို့ဖြစ်၍ ယှဉ်သာမိန်မှာ တရားလိုမရှိသော တရားခံဖြစ်၍နေပေသည်။

(ပစ်စာအရ မသက်ာ၍ စစ်ဆေးပေးပါရန် အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးကြသော်လည်း ဟုတ်တိုင်း မှန်စွာ ထွက်ဆိုကြမည်မထင်သဖြင့်

အမှုသည်တို့အပေါ်၌ အယုံအကြည်မရှိကြ၍ လက်ခံစစ်ဆေးခြင်းမပြုသော သံဃာတော်တို့ကိုလည်း အပြစ်-ဟု မဆိုနိုင်။)

(ခ) တပည့်တော်သည် ဝတ္ထုသည်မ( )နှင့် မေထုနသံဝါသ ကာယသံသဂ္ဂ မဖြစ်ရဖူးပါ-ဟု ( ) က ထွက်ဆိုအစစ်ခံသည်။

(ဂ) တပည့်တော်မသည် ( )နှင့် ကာမရာဂ မပေါင်းသင်း မဆက်ဆံဖူးပါ-ဟု ဝတ္ထုသည်မ( )က ထွက်ဆိုအစစ်ခံသည်။

(ဃ) ( ) နှင့် ( )တို့ အခန်းထဲမှာ နှစ်ယောက်ထဲ နေသည်ကို ဒကာ( )မြင်သည်-ဟူသော ပစ်စာအရ ဒကာ( )ကို မေးသောအခါ-

"( )နှင့် ( )တို့ အခန်းထဲမှာ နှစ်ယောက်တည်းနေသည်ကို မြင်လည်းမမြင်ဖူးပါ၊ မြင်သည်ဟူ၍လည်း မည်သူ့ကိုမျှ မပြောဖူးပါ-ဟု တဲကြီးရွာသား ဒကာ ( )က ထွက်ဆို အစစ်ခံသည်။

"အခန်းတည်းမှာ နှစ်ယောက်ထဲ စုဒ်တကနှင့် ဝတ္ထုသည်မတို့ နေကြသည်"ဟူသော ပစ်စာအရ ရဟောနိသဇ္ဇ အချက်သည်း မဟုတ်ချေ။

ပုနပ္ပုနံ စိန္တိတဗ္ဗံ၊ ပညာပေတဗ္ဗံ-

ဟူသော ပါဠိတော်အရ ဂျူရီ လူကြီးများပမာ စည်းဝေးရာပါ ဆရာတော်၊ သံဃာတော်များနှင့် လူကြီးလူကောင်းတို့ပါ အကြိမ်ကြိမ် အဖန်ဖန် ကြံစည်စဉ်းစား စိဘ်ဝင်စားကြပြီးလျှင်( )အပေါ်မှာ တစုံတရာ ပစ္စာစွမ်းငြိ တစိုးတစိမျှ မရှိ၍ 'သုဒ္ဓ'ဟု ထင်မြင်ကြပါကြောင်းနှင့်( ) သည် ( ) ၏ ရဟန်းအမ သမီးဖြစ်ကြောင်းကို လျှောက်ထားလာကြသည်။

(င) ရဟန်းအမ သမီးနှင့် ရဟန်းဟာ မောင်နှမအရင်းနှင့် ညီမျှသော စိတ် (သို့) မောင်နှမ တဝမ်းကွဲနှင့် ညီမျှသောစိတ် ရှိကြပေလိမ့်မည်။ မရိုးမသားမှားဖို့ရန် မလွယ်ကူလှချေ။

(စ) ( )ရုံးမှာ ကျမ်းကျိန်စာဖြင့် ဝတ္ထုသည်မ၏ ထွက်ဆိုချက် အင်္ဂလိပ်စာနှင့် အမှုတွဲကိုလည်း သေသေချာချာ မြန်မာပြန်၍ အဖန်ဖန်ကြည့်ရှုရာ သိက္ခာပုဒ်ကြီး ငယ် ငြိတွယ်လောက်သော အချက် အလက်များ တိုက်ရိုက်လည်း မပါ။ သွယ်ဝိုက်၍လည်း မရှိ၊ ၎င်း ရုံး အမှုတွဲသည် အပြွန်သောချာလှပေသည်။

**မြွတ် 3**

ဤ ဆိုခဲ့ပြီးသော က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ အချက်တို့ကို ထောက်ရှု၍

"ပုန်ပ္ပုနံ ဝိမံသိတွာဝ ဝိညူဟိ သံသန္ဒိတွာဝ၊ တံဝဒေ"

ဟူသော ပါရာဇိကကဏ် အဋ္ဌကထာ (ဆဋ္ဌ/ ) အရ စုံစမ်းဆင်ခြင် တိုင်ပင်နှီးနှော သဘောယူဆ ဖွင့်ဟပြောဆိုကြပြီးလျှင် "ပဋိညာယ ကာရေတဗ္ဗာ"ဟူသော ပါဠိတော်အရ တရားခံ စုဒိတက ( )၏ ပဋိညာဉ်ဖြင့် ဆုံးဖြတ်သင့်ပေသည်

ထိုပဋိညာဉ်သည် ဒေါသောဂမ ပဋိညာဉ်၊ ဒေါသာပဂမ ပဋိညာဉ် ဟု ၂-ပါးရှိရာ ( )၏ ဒေါသာပဂမ ပဋိညာဉ်ဖြင့် ဆုံးဖြတ်ထိုက် ရကား ဤအမှုကို သုဒ္ဓ ဆုံးဖြတ်ချက်မှ ယထာဘူတ ဓမ္မိက ဝိနိစ္ဆယ ဖြစ်ချိမ့်မည်။ သို့ဖြစ်၍-

**အမိန့်**

( )မြို့ ( ) ကျောင်းတိုက် ( )မှာ သုဒ္ဓ ဖြစ်စေ။

သမဂ္ဂသီတင်းသုံးတော် သံဃာတော်တို့သည်လည်း ( ) အပေါ်၌၊ ပါရာဇိကအန္တိမဖြင့် ကုက္ကုစ္စသံသယမရှိပဲ အာမိသ သမ္ဘောဂ-ဓမ္မသမ္ဘောဂ- သံဝါသသုံးပါး ဆက်ဆံလျက် ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ တရားနှစ်ပါးကို ပွားများ ကြိုးကုတ် အားထုတ်နေထိုင်ကြပါစေ။

(ရှင်ဇဝန)
အဂ္ဂမဟာပဏ္ဍိတ
အရှေ့တိုက်သစ်ဆရာတော်
မကွေးခရိုင်၊ သုဓမ္မာဝင်
ပခုက္ကူမြို့

## ၃။ (က) ယထာဘူတ ဓမ္မိကဝိနိစ္ဆယ (ဖြတ်ထုံး)

နေ့စွဲ၊ ၁၂၉၂-ခု တပေါင်းလဆန်း ၉-ရက်။

၁။ တရားလိုစောဒက။ ။ (၁) ( ) ( ) မြို့
( ) ဂိုဏ်းထောက်ကျောင်း
။ (၂) ( ) ( ) မြို့
( ) ဂိုဏ်းအုပ်ကျောင်း

၂။ တရားခံ စုဒိတက။ ။ (     ) (     )မြို့ (   )ကျောင်း
၃။ ဝတ္ထုသည်မ။ ။ (     )
၄။ အမှုအမည်။ ။ပထမ ပါရာဇိကအမှု။

စီရင်ချက်

ဤအမှု၌ တရားလိုစောဒက နှစ်ပါးတို့က တရားခံ ခွေးမ၌ မေထုန သေဝနာကာရကို "တတ်အပ်သေချာ မြင်ပါသည်" ဟု စွဲဆိုလျှောက်ထား ကြသည်။

တရားခံ စုဒိတက(     )ကလည်း–

"၎င်းတရားလိုများသည် တပည့်တော်အပေါ်၌ ဣဿာမစ္ဆရိယဒုဋ္ဌ ဒေါသဖြင့် မတရားစွပ်စွဲခြင်း ဖြစ်ပါသည်" ဟု အကြောင်းများစွာ ဖော်ပြ လျက် မဟုတ်ရပါကြောင်းနှင့် ငြင်းဆိုထုချေသည်။

ထို့အပြင် အမှုတွဲတွင်ပါရှိသော တိုက်တွင်းရှိ ဘုန်းကြီးများနှင့် ပြောဆိုသော က–ခ– စသော အချက်များသည်လည်း အမှုတွဲ၌ ပါရှိသည့် အတိုင်း မဟုတ်ရပါ။ ဒီလိုမပြောရဖူးပါ။ တင်ပြထားသော စာမှာလည်း မျက်နှာစုံညီရေးသော စာမဟုတ်ပါ-ဟု ငြင်းပယ် ထွက်ဆိုသည်။

**ကောက်ချက်ထုတ်**

(က) ဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော်ဘုရားကြီးများ ပေးပို့တော် မူသော အမှုတွဲများမှာ စီရင်ချက်ဖြတ်စာ မပါ။ "အသုဒ္ဓ" ဟု အသိအမှတ်ပြုရုံမျှသာ ရှိသေးသည်။

(ခ) ဤအမှုကို နောက်ထပ် စစ်ဆေး၍ စစ်ချက် စစ်တမ်းယူမည်ဆို သော်လည်း တင်ပို့သော မူလအမှုတွဲရင်းလောက် တိုက်တွင်းရှိ ဆရာတော်၊ သံဃာတော်တို့က နှစ်သက် အားရတော်မူလိမ့်မည် မဟုတ်ချေ။

သို့ဖြစ်၍ "အရင်းစစ်လျှင် အမြစ်မြေက" ဆိုသလို ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်ဘုရားကြီးတို့က ပေးပို့သော မူလအမှု တွဲကိုသာ သေချာစွာထောက်ရှု စီရင်ဆုံးဖြတ်ခြင်းအမှုပြုသင့်ပေ သည်။ နောက်ထပ် စစ်ဆေးသော်လည်း အရေးပါမည်မဟုတ်ဟု ယူဆ၍ မပေးသာရသည်။

(ဂ) မိမိ၌ "အသုဒ္ဓလဒ္ဓိ" ရှိနေသဖြင့် မိမိကိုယ်တိုင် မဆုံးဖြတ်ပဲ "အညေနဝိနိစ္ဆိနာပေဟိ" အရ အခြား ဝိနည်းမိုရ်ပါပါးထံ လွှဲအပ်တော်မူလိုက်သော တိပိဋကဓူဋ္ဌာဘယမထေရ်၏ထုံး။

အထသာ ပါရာဇိကစ္ဆာယာ ဒိသ္ဝာတိ၊ ပါရာ
ဇိကာ ပတ္တိ တိ န တာဝ ဝတ္တဗ္ဗံ။

ပါရာဇိကကဏ် အဋ္ဌကထာ ပထမပါရာဇိက(ဆဋ္ဌ/၂၀၂)၌ ပါဠိဖြင့် ပါရာဇိက အရိပ်အရောင် ထင်မြင်သော်လည်း "ပါရာဇိက-ကျပြီ" ဟု အဆောတလျှင် မဆိုသင့်သေး-ဟု ပြ၏။

တေနပိ သဘောကိစ္ဆောတိ ဝိနိစ္ဆိတော၊ သာဓု
သုဋ္ဌု တသာ ဝစနံ ကရောဟီတိ ဝတ္တဗ္ဗော။
ပဌမ ပါရာဇိကပါဠိ (ဆဋ္ဌ/၂၀၂)

၎င်းပါဠိဖြင့် ပထမဝိနည်းမိုရ်မှာ "အသုဒ္ဓလဒ္ဓိ" ရှိနေသဖြင့် အခြား ဝိနည်းခိုရ်ဘဦးထံ လွှဲ၍ အဆုံးအဖြတ်ခံစေရာ၊ နောက် ဝိနည်းမိုရ်က သတေကိစ္စ(ကုစား၍ ရကောင်းသေး၏)ဟု ဆုံးဖြတ်သည်ရှိသော် "ကောင်းပြီ၊ ရှင်၊ ထိုဝိနည်းမိုရ် ဆုံးဖြတ်သည့်အတိုင်း ပြုကျင့် နေထိုင်လော့" ဟု နောက်ဝိနည်းမိုရ် ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်ရသည်ကို ပြ၏။

(ဃ) ယခုအမှုဘွင် ဆိတ်ဖြူမြို့ တောင်တိုက် ဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော်ဘုရားကြီးများသည် "အသုဒ္ဓလဒ္ဓိ" အယူရှိသဖြင့် အမှုတွဲပြုလုပ်ပြီးလျှင် "အသုဒ္ဓ" အသိအမှတ်ပြု၍ အသုဒ္ဓ ဖြတ်စာ မရေးပဲ ထားတော်မူကြခြင်း ဖြစ်သည်။ ယခင်ဆိုခဲ့သော တိပိဋကစူဋ္ဌာဘယ မထေရ်၏ ထုံးနှင့်ညီညွတ်—

အထသာ ပါရာဇိကစ္ဆာယ ဒိသ္ဝာတိ၊ ပါရာ
ဇိကာ ပတ္တိ တိ န တာဝ ဝတ္တဗ္ဗံ-

ဟူသော ပါရာဇိကကဏ် အဋ္ဌကထာပါဠိနှင့်လည်း နှီးနှောညီညွတ်သည့်အပြင်-

တေနာပိ သတေကိစ္ဆောတိ ဝိနိစ္ဆိတော သာဓု
သုဋ္ဌု တသာ ဝစနံ ကရောဟီတိ ဝတ္တဗ္ဗော-

ဟူသော ပါရာဇိကကဏ်အဋ္ဌကထာပါဠိနှင့်လည်း တသွေမတိမ်း တိုက်ဆိုင်နေသည်ဖြစ်၍ ၎င်းဆရာတော်ကြီးတို့၏ ဂိမ်တော်မှုချက်ကိုလည်း လေးနက်စွာ ဆင်ခြင်စဉ်းစားလိုက်သော် နောင်လာနောက်သား တပည့်များတို့ နည်းယူစရာ(နယဂ္ဂါဟ)ထုံးကြီးတခုဟု မှတ်ဘမ်းတင်ထိုက်ပါပေသည်။

(င) "သဒ္ဒေယျဝါစာ (ယုံကြည်ထိုက်သောစကားရှိသော) အရိယာဥပါသိကာမက မေထုန စသည်သို့တင်၍ ပြောဆိုပစေကာမူ တရားခံ စုဒိတကပုဂ္ဂိုလ်က ဝန်ခံမှ ဆုံးဖြတ်ရသည်။ "အဘယ်ကြောင့်ဆိုသော် မြင်အပ်သောအာရုံမည်သည် မြင်သည့်အတိုင်းလည်း ဟုတ်တတ်၏။ မဟုတ်ပဲ တပါးသော အချင်းအရာအားဖြင့်လည်း ဖြစ်တတ်သောကြောင့်တည်း"။ ထို့ကြောင့်–

မေထုန သေဝနာဒိနိ အာခရောပေတွာ သာဥပါသိကာ
ဝဒေယျ၊ ပဋိဇာနမာနော တေန သောဘိက္ခု ကာရေ
တဗ္ဗော။ ဧဝရူပါယ ပိ ဥပါသိကာယ ဝစနမတ္တေန
နကာရေတဗ္ဗောတိ အတ္တော၊ ကသ္မာ၊ ယသ္မာ ဒိဋ္ဌံနာမ
တထာပိဟောတိ၊ အညထာပိ ဟောတီတိ။
(ပါရာဇိကဏ် အဋ္ဌကထာပါဠိ။ ဆဋ္ဌ/ ၃၅ မိန့်၏။

ဤအမှုမှာ စောဒကတို့က "မြင်ပါသည်" ဟုစွဲချက်လျှောက်လွှာတင်ကြသော်လည်း မြင်သည့်အတိုင်း ဟုတ်မှုသည်း ဟုတ်ရာ၏။ မဟုတ်မှုလည်း မဟုတ်ရာ– တထစ်ချဆုံးဖြတ်လို့ မဖြစ်နိုင်။ စုဒိတက က ဝန်ခံမှသာ ဆုံးဖြတ်နိုင်ချေမည်။

(စ)။ ဒိဋ္ဌေ ဒိဋ္ဌေန သဓမတိ၊ ဒိဋ္ဌေ သံသန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓ ပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ၊ ကာတဗ္ဗော တေနု ပေါသထော။
(ပရိဝါ ပါဠိတော် ဆဋ္ဌ/ ၂၀၂)။

ဤပါဠိဖြင့် "မြင်အပ်သောအာရုံသည် စောဒက၏ မြင်၏– ဟူသော စကားနှင့် [illegible] မြင်ခြင်းကိုစွဲ၍ ပါရာဇိက အနိမ့်သို့ ရောက်သည်မဟုတ်၊ မစင်ကြယ်သော ပရိသင်္ကိတဖြစ်၍ ဝန်ခံသဖြင့်သာ [illegible](အချုပ်)ကို ဆုံးဖြတ်အပ်၏။ ထိုစုဒိတက(တရားခံ)နှင့် အတူ [illegible]

"တေနုပေါသတော"ပါဠိဖြင့်ကား အာမိသ သမ္ဘောဂထက် အရေးကြီးသော မေ့သမ္ဘောဂ(ကံကြီးကံငယ်)ဆက်သွယ်ပေါင်းသင်းခြင်း သံ၀ါသတို့ကို ထိုစုဒိတကနှင့်အတူပြုကောင်းသည်ဟု- ငြ၏။

ဤအမှုကို ဆိုခဲ့ပြီး ပရိ၀ါပါဠိတော်ကြီးကို လွန်ဆန်ပြီး မဆုံးဖြတ်နိုင်ချေ။

(ဆ)။ တိုက်တွင်း ဘုန်းကြီးများနှင့် စောဒကတို့ ပြောပြပုံစကားတို့တွင်-

၁။ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးနှင့်ပြောကြားပုံ။
၂။ (　　　)နှင့် ပြောကြားပုံ။
၃။ (　　　)နှင့် ပြောကြားပုံ။
၄။ ကျောင်းကြီးဘုန်းကြီး(　　　)နှင့် ပြောကြားပုံ- စကားများ၌ မဂ္ဂေန မဂ္ဂပဋိပါဒနေ- (မဂ်အချင်းချင်း သွင်းခြင်းဟူသော) မေထုံမြောက်ပုံကို ဝန်ခံချက်မပါ။

(ဇ)။ ဤအမှုမှာ ဂိုဏ်းထောက်ဆရာတော်ဘုရားကြီးနှင့် စုဒိတကတို့ ပြောဆိုသော စကားသည် မူလ အခြေခံ အကျဆုံးဖြစ်ပေသည်။

၎င်းတို့ ပြောဆိုသော စကားရပ်တို့တွင် -

၁။ ဒါဖြင့် ဂိုဏ်းအုပ်ကြီးများကို သွား၍ လျှောက်ထားချေ။
၂။ ဒါဖြင့် ဦးပဥ္စင်းများကို ကျေနပ်အောင် တောင်းပန်ချေ- ဟူသောစကားများအရ ဂိုဏ်းထောက်ဆရာတော်ဘုရားကြီးသည် စုဒိတကအပေါ်၌ ကျေနပ်ပြီး (သုဒ္ဓဖြစ်ပြီး)ဟု အယူရှိတော်မူပြီဟု ဆိုရပေမည်၊

၎င်းဂိုဏ်းထောက်ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော် မူလစကားရင်းကို ထောက်ထားလျှင် ဤအမှုကို "သုဒ္ဓ" ဆုံးဖြတ်မှ ဓမ္မိက ဝိနိစ္ဆယ (ဖြတ်ယုံး)ဖြစ်နိုင်မည်။

(ဈ)။ ထို့ကြောင့် -

၁။ မေထုနသေဝနာဒီနိ၊ (လ) အညထာပိဟောတီတိ- ဟူသော ပါဠိအရ သင္ဂေယျ ဝါစာ အရိယာဥပါသိကာမ၏ စကားဖြစ်စေကာမူ၊ စုဒိတကပုဂ္ဂိုလ်က ဝန်ခံမှသာလျှင် ဆုံးဖြတ်ရသောကြောင့်လည်းကောင်း

၂။ ဒိဋ္ဌိ ဒိဋ္ဌေန သမေတိ၊ (လ)တေနုပေါသထော- ဟူသော ပါဠိအရလည်း စုဒိဘက(တရားခံ)ပုဂ္ဂိုလ်က ဝန်ခံမှသာလျှင်ဆုံးဖြတ်ရသောကြောင့်လည်းကောင်း,

၃။ တိုက်တွင်းရှိဘုန်းကြီးများနှင့် ပြောဆိုပုံမှာလည်း "မဂ္ဂေန မဂ္ဂ ပဋိပဝေသန"ကို ဝန်ခံချက်မပါသောကြောင့်လည်းကောင်း,

၄။ လိုရင်းအကျဆုံးဖြစ်သော ဂိုဏ်းထောက်ဆရာတော်ဘုရားကြီးက စုဒိတက (တရားခံ)အပေါ်မှာ ကျေနပ်(သုဒ္ဓဖြစ်ပြီး)-ဟု အယူရှိသောကြောင့်လည်းကောင်း-

ဤအမှုကို "သုဒ္ဓဖြစ်စေ"ဟု ဆုံးဖြတ်စီရင်ထိုက်ပေသည်။ သို့ဖြစ်၍-

**အမိန့်**

မြို့ တောင်တိုက်၊ ( )ကျောင်းဘုန်းကြီး( ) မှာ သုဒ္ဓဖြစ်စေ။

သမဂ္ဂဂိုဏ်းသံဃာတော်တို့သည်လည်း( )အပေါ်၌ ပါရာဇိက်အန္တိမဖြင့် ကုက္ကုစ္စ သံသယမရှိကြပဲ အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ နှစ်ဝ ဆက်ဆံ၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ တရား နှစ်ပါးကို ပွားများကြိုးကုတ်အားထုတ်နေထိုင်ကြစေ။ ။

(ရှင်ဇဝန)
အဂ္ဂမဟာပဏ္ဍိတ-ဒိစတြိတ်ဂိုဏ်းချုပ်
အရှေ့တိုက်သစ်ဆရာတော်
မကွေးခရိုင် သုဓမ္မာဝင်
ပခုက္ကူမြို့

## ၄။ ယထာဘူတ ဓမ္မကဝိနိစ္ဆယ (ဖြတ်ထုံး)

နေ့စွဲ။ ၁၃၀၃-ခု ဝါဆိုလဆန်း ၈-ရက်။

၁။ ပထမတရားလို။ ။( )( )ရွာ ( ) ကျောင်းတိုက်( )ကျောင်းဘုန်းကြီး

၂။ ပထမတရားခံ။ ။( )( )ရွာ ( ) ကျောင်းတိုက် တောင်ကျောင်းဆရာတော်ကြီး။

၁။ ဒုတိယတရားလို။ ။( )( )ရွာ
၂။ ဒုတိယတရားခံ။ ။( )( )ရွာ ( ) ကျောင်းတိုက်၊( )ကျောင်းတုန်းကြီး။
၃။ အမှုအမည်။ ။( )( )ကျောင်းတိုက်၊ ကျောင်းအရာမဲ့ ဂရုဘဏ်= လဟုဘဏ် ပစ္စည်းအမှု။

ဤအမှု၌( )က ( )အား ပြန်ပေးသဖြင့်( )က တရားလို၊ ( )က တရားခံဖြစ်နေသည်။ (သတိရှိပါ)။

ဤအမှုမှာ နတ်ထောင့်ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး၊ ဂိုဏ်းထောက်ဆရာတော်ဘုရားကြီးနှင့် ဂိုဏ်းသံဃာတော်တို့က အကြိမ်ကြိမ် ခေါ်ယူစစ်ဆေး၊ စစ်ချက်–စစ်တမ်းများကို ယူတော်မူကြပြီးလျှင် စီရင်ချက် ဝိနိစ္ဆယချတော့မည်ဖြစ်ရာ၊ တရားလိုဘက်ကကန့်ကွက်၍ စီရင်ချက်မချပဲ ရပ်စဲထားခဲ့သောအမှုဖြစ်သည်။(နှစ်တော်တော်ကြာသည်–ဟု သိရသည်။)

ထိုနောင် တရားလို တရားခံနှစ်ဦးတို့ သဘောတူ ပဋိညာဉ်အရ နတ်ထောင့် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းသံဃာတော်တို့က ကျွန်ုပ်ထံ လွှဲအပ်တော်မူကြသည်။

"ပခုက္ကူမြို့၊ အရှေ့တိုက်သစ်ဆရာတော်ဘုရားကြီး၏ စီရင်ဆုံးဖြတ်ချက်အတိုင်း ငြိမ်းပြတ် ပြေငြိမ်းပါမည်"ဟု တရားလို၊ တရားခံ နှစ်ဦးတို့၏ ပဋိညာဉ်ပေးကြ ကိုယ်တိုင်လက်မှတ်ရေးထိုးကြသော ပဋိညာဉ်စာလွှာလည်း ပူးတွဲပါလာသည်။

ကျွန်ုပ်သည် သုံးကြိမ်တိုင်တိုင် ဤအမှုကို ပယ်ချပြီးနောက် စတုတ္ထအကြိမ်ကျမှ "ဤအမှုကို ငါလက်မခံလျှင် လူရုံးသို့ ရောက်ကုန်ကြတော့မည်၊ သူနိုင် ငါရှုံး၊ ငါနိုင်သူရှုံး၊ ရုံးမဆုံးပဲ အဓိကရဏ်းကြီးပွား အပါယ်လားကြောင်း လောက မကောင်း၊ သံသရာမကောင်း၊ အပေါင်းများစွာအားလုံးကြီး ထိခိုက်နစ်နာ ဖြစ်ကြရှာတော့မည်"ဟု ယူဆပြီး ကရုဏာမမေတ္တာဂုဏ်ဩန်း၊ ချမ်းမြေ့အေးမြသော စိတ်ဖြင့် လက်ခံလိုက်ခြင်း ဖြစ်သည်။

**အမှုတွဲစတိုင်။** ။အမှုကိုလက်ခံပြီးနောက် ၁၃၀၃–ခု၊ နယုံလဆုပ် ဂ–ရက်နေ့(၂ ) ကြီး အာရုံခံ တန်ဆောင်းကြီးအတွင်း စည်းဝေးပြီး ရှိနေကြရန် ရက်ချိန်းပေးလိုက်သည်။

ရက်ချိန်းသို့ ရောက်သော အခါ (　　　　)ကြီး အာရုံခံနှင့် တန်ဆောင်းကြီး အတွင်းမှာ တရားလို တရားခံ ဂိုဏ်းသံဃာများ စုံလင်သော အစည်းဝေးကြီး၌ ဒုလ္လဘတရားငါးပါးကို အကျယ်ဟောကြားပြီးလျှင် ပဋိညာဉ်ကို ထပ်တောင်းရာ၊ နှစ်ဘက်လုံးကပင် ဆရာတော်ဘုရားကြီး စီရင်ဆုံး ဖြတ်သည့်အတိုင်း ငြိမ်းလိုက်နာပါမည်''ဟု ထပ်မံ လက်မှတ်ထိုးကြပြန်သည်။

**မှတ်ချက်။** ။ပဋိညာဉ်လက်မှတ် ထိုးပြီးလျှင် အခင်းဖြစ်ပွားသော ပစ္စည်းမှာ နဂိုအတိုင်းရှိသေးသော်လည်း တရားမှာ ဘယ်ဘက်ကမှ မရှုံးပဲ ငြိမ်းစဲလေပြီ၊ တရားပြီးပြီ-ဟု ဆိုလိုသည်။

## ကောက်ချက်ထုတ်

၁။ တောင်ကျောင်း ဆရာတော်ကြီးမှာ တရားလို လုပ်ဖို့ဝေးစွ၊ တရားခံတောင် လုပ်တော်မမူခြင်းသည် ပစ္စည်းကို အလေးပြုသော ပစ္စယ ဂရုကမဟုတ်၊ သံဃ ဂရုက ဓမ္မဂရုက ဂုဏ်တော်နှင့် ပြည့်စုံခြင်းသည် ဒ လွန်ပင် ထင်ရှားလှပေသည်။

(　　) မှာလည်း ဒီအမှုအတွက် စီးပွားရေးလည်း လည်း မဟုတ်၊ ကုသိုလ်ရေးလည်း မဟုတ်သည့်ပြင် အမှုကို ဆက်လက်လုပ်နေလျှင် အပြစ်အားကြီး ဖြစ်ဖို့ရန်သာဖြစ်၍ သက်သက် အလုပ်ပိုကြီး ဖြစ်၍ နေပေသည်။ ဒီပစ္စည်းတွေ ရသော်လည်းကောင်း၊ မရသော်လည်းကောင်း အရေးကြီးဖို့ မရှိချေ။

(　　　　) လည်း မိမိမှာ နေလောက် ထိုင်လောက်သော အဆောက်အဦများရှိပြီး ဖြစ်နေသဖြင့် ရသော်လည်းကောင်း၊ မရသော် လည်းကောင်း အရေးကြီးဖို့ အကြောင်းမရှိချေ။

၂။ နဘ်ထောင့် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်သံဃာများ၏ စစ်ချက် စစ်တမ်းကို ကြည့်ရှုရာတွင် –

''(　　　　)ကငါမသေလျှင် ငါ့ပစ္စည်း၊ ငါသေလျှင်တော့ နင်တို့ ညီအမနှစ်ယောက်ပစ္စည်း၊ နင်တို့လူကြီး''ဟု ဆို၍ ပေးခဲ့ကြောင်း ယွက်ဆိုချက်ကို တွေ့ရှိရသောအခါ (　　　　)တို့ ညီအမနှစ်ယောက် အတွက် အများကြီး စိတ်ပျက်သွားသည်။ (　　　　)က (　　　　)ကို ညီအမ အား ပေးခဲ့ခြင်းသည် အပေးမမြောက်ချေ၊ (　　　　)တို့ မရပိုင်တော့ချေ။

(        )ပိုင် ပစ္စည်းအားလုံးသည် မတသန္တက သံဃိက ပစ္စည်း ဖြစ်၏။

၃။ (        )အား ပြုစုသော ဂိလာနုပဋ္ဌက ညီအမဖြစ်သည့် အတွက် သင့်လျှော်သော အနည်းငယ်သော ပစ္စည်းများကို ကမ္မဝါဖတ်၍ ဖြစ်စေ၊ အပ လောနက ကံဖြင့်ဖြစ်စေ၊ သံဃာက ပေးလျှင် ရထိုက်ပေသည်။ သို့သော် အလွန်ကြာလှပြီ ဖြစ်၍ ပေးခွင့်မထိုက်တော့ချေ။

(        )ပိုင်ပစ္စည်းများမှာ မတသန္တက သံဃိကဖြစ်၍ အဝ္ဗသန္တက ဟုတ်သော်လည်းကောင်း, မဟုတ်သော်လည်းကောင်း၊(        )တို့ ရပေါက် ရလမ်း မရှိသဖြင့်–

"အဝ္ဗသန္တက မဟုတ်ကြောင်း (        )တပါးတည်းပိုင် ဖြစ်ကြောင်း"ဟူသော (        )၏ အဆိုကို စဉ်းစားရန် မလိုတော့ပြီ။

၄။ (        )၏အဝ္ဗသန္တက အဆိုမှာ အဝ္ဗသန္တက ပြုပုံ, ယူပုံ ကျနသဖြင့်လည်းကောင်း, သက်သေခိုင်လုံသဖြင့်လည်းကောင်း၊ တိုက်တွင်း ရှိ ဆရာတော်ကြီးများလည်း သိရှိတော်မူပြီး–ဟု အဓိပ္ပာယ် သက်ရောက် သဖြင့်လည်းကောင်း၊ အဝ္ဗသန္တက ဆုံးဖြတ်ရန် အခွင့်ဆိုက်ပေ၏။

သို့ရာတွင် ပြန်လွန်တော်မူသွားသော ဆရာတော်ဦးဝါယမ–နေသော ကျောင်းကြီးမှာ (        )တို့၏ ကျောင်းဖြစ်ခြင်း၊ သူ့မောင်ဘုန်းကြီး နေသွားသော ကျောင်းဖြစ်ခြင်းကြောင့် (        ) တို့ ညီအမ ရမှ တော်မည်။

၅။ "ဆရာတော်ဘုရားကြီး ခွဲဝေပေးသည့် အတိုင်း ပြီးပြတ်ပြေငြိမ်း ပါမည်"ဟု နှစ်ဦးနှစ်ဘက် သဘောတူ ပဋိညာဉ်ပေး လက်မှတ်ရေးထိုးထား ကြသဖြင့် ထိုကျောင်းကို (        )တို့ ညီအမအား ပေးမည်။

**ချင်းချက်။** ။(        )က ကျေနပ်လျှင် ၎င်းနေရာ၌ အမြဲထား၍ မိမိကြည်ညိုရာ ပုဂ္ဂိုလ်**အား** တင်လှူကိုးကွယ်နိုင်သည်။

(        ) ကသာ သဘောမတူလျှင်တော့ ငါးနှစ် **အတွင်း** ပြောင်းရွှေ့ရန် အစီအစဉ် ပြုလုပ်ရမည့်။ သို့ဖြစ်၍–

အမိန့်

(က) (        )၏ ကျောင်းကြီးမှ တပါး အဝ္ဗသန္တကအဖြစ် စွဲဆိုရာပါ ကျောင်းပိုင်းမြေ စသည်အားလုံးကို(        )ရယူစေ,ပိုင်စေ။

(ခ) (      )၏ ကျောင်းကြီးကို (      ) တို့ ညီအစ်မ ရယူစေ ပိုင်စေ။

(ဂ) (      )ပိုင် ပစ္စည်းအားလုံးသည် သံဃိက။

**အထူးအမိန့်။**

(      )သဘောတူလျှင် ကျောင်းတည်မြဲတိုင်း၌ တည်၍ မိမိကြည် ညိုရာတင်၍ ကိုးကွယ်စေ။

(      )က သဘောမတူလျှင် ၅ နှစ် အတွင်း ကျောင်းကြီးကို (      )တို့က ပြောင်းရွှေ့စေ။

(ရှင်ဇဝန)
အဂ္ဂမဟာပဏ္ဍိတ၊ ဒီစတြိတ်ဂိုဏ်းချုပ်။
မကွေးခရိုင်၊ သုဓမ္မာဝင်၊
အရှေ့တိုက်ဆရာတော်
ပခုက္ကူမြို့။

**မှတ်ချက်။** ။ဤအမိန့်စီရင်ဆုံးဖြတ်ချက်ကို မထုတ်ဖြစ်ပါ။ (      )တို့က နောက်ထပ်ပြီး ဆရာတော်ဘုရားကြီးကိုယ်တိုင် စစ်ဆေးပါဦး–ဟု စာချုပ်တွေယူလာပြီး လျှောက်ထားပြန်သဖြင့် ၎င်း အမှုကို ပယ်ချလိုက်သည်။

**၅။ (      )မြို့၊ (      ) ကျောင်းအမှု**

ပခုက္ကူမြို့၊ (      )ကျောင်း မတသန္တက–ဂရုဘဏ်၊ လဟုဘဏ်–အရာမ်ကို အစွဲပြု၍ ဖြစ်ပွားကြသော ပစ္စည်းမှုကို ပခုက္ကူမြို့ ကိုးဂိုဏ်းချုပ် ပထမရေစကြို ဆရာတော်ဘုရားထံ တရားစွဲဆိုကြသည်။

ရေစကြို ဆရာတော်ဘုရားကြီး၏ လွှဲအပ်ချက်အရ လက်အောက်ခံ စာချဘုန်းကြီးများ၏ စီရင်ချက်။

နေ့စွဲ၊ ၁၂၆၂–ခုနှစ်။

၁။ တရားလို ။ ။(      )
၂။ တရားခံ ။ ။(      )
၃။ အမှုအမည်။ ။မတသန္တက ပစ္စည်းမှု။

**တရားလိုပြ သက်သေများ**

၁။ (        )ပခုက္ကူမြို့၊ (        )ရပ်၊ အသက် ၆၅။
၂။ (        ) (        ) အသက် ၅၃၊ (၃၃-ဝါရ)
၃။ (        ) (မြို့ဝန်မင်း)
(        )၏ ထွက်ချက်ဘွင် ပါသည်။
၄။ ပုခန်းဆရာတော်ကြီး၊ သက်တော်၇၅၊ (၅၅-ဝါရ)
၅။ (        ) (        )ကျောင်း ဘုန်းကြီး အသက် ၂၀-နှစ်။
၆။ (        ) (        )ရပ်၊ အသက် ၂၇-နှစ်။
၇။ (        ) (        )ရပ်၊ အသက် ၂၆-နှစ်။

တရားခံ (        )က စာသက်သေ-လူ-ရှင် ရဟန်း သက်သေတဦးမှ မပြနိုင်။

တရားလို စောဒက (        ) တရားခံ စုဒိတက (        ) တို့ ပခုက္ကူမြို့၊ မြို့ထိပ်ကျောင်းဘုန်းကြီး (        )၏ မတသန္တက ဂရုဘဏ်၊ လဟုသဏ် ကျောင်းအရာမ် ပစ္စည်းများကို စွဲဆို၍ ဖြစ်ပွားကြရာတွင်-

ဥဘိန္နံ ဝစနံ သုတွာ ယထာဓမ္မော၊ တထာကရေ-

ဟူသော စတုက္ကနိပါတ်၌ ပါရှိသည့်အတိုင်း အမှုသည် နှစ်ဦးတို့၏ စကားကို ကြားသိပြီးမှ ယထာဓမ္မ သဘာဝအလိုက် ထိုက်သည့်အားလျော်စွာ စီရင်ရာသောကြောင့် ကရုဏာ-မေတ္တာ ပြဋ္ဌာန်း၍ မေးမြန်းလိုမှုနှင့် စုဒိဘက၊ စောဒကတို့ကို သမ္မန်ချ၍ခေါ်ရာ တရားခံ စုဒိတက ရှင်လက္ခဏာ သည် ဆရာဘော် သံဃာတော်တို့၏ ရှေ့မှောက်သို့ မလာရောက်ချေ။

တရားလို စောဒက (        ) နှင့် သက်သေများသာ အားလုံးလာ ရောက်ကြသဖြင့် စစ်ဆေးမေးမြန်းရာတွင်-

ပျံလွန်တော်မူသော ဘုန်းကြီး(        )သည် ဂရုဘဏ်၊ လဟုဘဏ် ကျောင်းအရာမ်ပစ္စည်း အားလုံးကို (        ) အား ပေးအပ်ခဲ့ကြောင်း (        )နှင့် ဒွိသန္တက သမာန ပရိက္ခာရ ဖြစ်ကြကြောင်းများကို ခုနစ်ဦးသော သက်သေတို့တွင် တဦးတယောက်မျှ ထွက်ဆိုအစစ်ခံခြင်း မရှိကြချေ။ (        )သည် မည်သူ့အားမျှ ပေးအပ်နိုင်ကြောင်း (        ) နှင့်လည်း ဒွိသန္တကပြုသည်-ဟု မကြားရဖူးကြောင်းနှင့် ဘုန်းကြီး (        ) မကျန်းမမာဖြစ်စဉ်ကလည်း လာရောက် ပြုစုခြင်း မရှိကြောင်းကို ထွက်ဆိုသွားကြသည်။

သို့ဖြစ်၍ (          )၏ ဂရုဘဏ်၊ လဟုဘဏ် ကျောင်းအရာမ်ပစ္စည်းများသည်–

ဘိက္ခုဿ ဘိက္ခုဝေ ကာလင်္ကတေ သံဃော သာမိ
ပတ္တစီဝရေ။ အပိစ ဂိလာနုပဋ္ဌကာ ဥပကာရော။
အနုဇာနာမိ ဘိက္ခဝေ တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနု
ပဋ္ဌာကာနံ ဒါတုံ။
ယံ တတ္ထ လဟု ဘဏ္ဍံ လဟု ပရိက္ခာရံ၊ တံ သမ္မုခီ
ဘူတေန သံဃေန ဘာဇေတုံ။
ယံ တတ္ထ ဂရုဘဏ္ဍံ ပရိက္ခာရံ၊ တံ အာဂတာ နာဂ
တဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိတံ၊ အဝေဘင်္ဂိတံ–

ဟူသော မဟာဝါ ပါဠိတော်နှင့်အညီ မတသန္တက သံဃိကသာ ဖြစ်သင့် ဖြစ်ထိုက်ပေသည်။

တရားခံ စုဒိတက (          )သည် ဆရာတော် သံဃာတော်တို့သို့ မလာမရောက်ပဲ နေပါက တရားမသေ အနေမကျ ရှိရာသောကြောင့် ဒုတိယ အကြိမ် ထပ်မံ၍ အမိန့်သမ္မန်ထုတ်ပြန်ပြီး ချခေါ်မှ ထုချေထွက်ဆိုပေသည်။

မိမိသည် ဘုန်းကြီး(          )နှင့် ဒွိသန္တက: သမာနပရိက္ခာရ ဇေ ဘာဝ အမှန်ပြုကြကြောင်းကိုသာ ထွက်ဆိုနိုင်ပြီး ခိုင်လုံသော လူ–ရှင်ရဟန်း သက်သေနှင့် စာတမ်းစာချုပ်မပြနိုင်ချေ။

ယင်းသို့ မတင်ပြနိုင်လျှင် လောကီဓမ္မသတ် ဖြတ်ထုံးအားဖြင့် ရှုံးသင့် လေပြီ၊ သို့ရှုံးသင့်သော်လည်း မြတ်စွာဘုရားရှင် သာသနာတော်ဝယ် ဝိနည်း ဒေသနာတော်သည်သာ အားထား ကိုးကွယ်ရာဖြစ်ပေသည်။

## ကောက်ချက်ထုတ်

၁။ (          )သည် ဘုန်းကြီး(          )နှင့်တကွ အတူနေ အနွေ ဝါသိက တပည့်ရင်းလည်းမဟုတ်သည့်ပြင် ကျောင်းချင်းနီးကပ်စွာ နေထိုင်ကြသည်လည်း မဟုတ်ချေ။

၂။ ဆွေမျိုး ပေါက်ဖော်တော်စပ်သည်လည်း မဟုတ်ချေ။

၃။ ဒွိသန္တက ပြုနိုင်လောက်အောင် အချင်းချင်း အကျွမ်းတဝင် နေထိုင်စားသောက် ပေါင်းသင်းဆက်ဆံ နေသည်-ဟုလည်း ခိုင်လုံသော အထောက်အထား မတွေ့ရချေ။

၄။ ဒုတိယသက်သေ(        )၏ ထွက်ချက်တွင်-

ကျောင်းဒကာ(        )က ပစ္စည်းများကို မည်သူ့အားမျှမအပ်ခဲ့ပါ။ တပည့်တော်မှာ လူဖြစ်၍ နားမလည်ပါ၊ အရှင့်ဆရာကို အရှင်ပြန်၍ကြည့်တော်မူပါ- ဟု လျှောက်ပါသည်။ ထိုအခါ ဦးလက္ခဏရှိပါသည်။(        ) သည် ဘာစကားကိုမျှ မပြောပါ-ဟု အစစ်ခံထွက်ဆိုချက်ရှိပါသည်။

ထိုအစစ်ခံချက်အရ အကယ်၍(        )သည် မိမိနှင့် ဒွိသန္တကပြုထားသည်ဖြစ်ပါက ဒွိသန္တကပြုလုပ်ပြီးဖြစ်ကြောင်း ပွင့်လင်းစွာပြောဆိုသင့်သည်။ မပြောခဲ့ချေ။

၅။ တတိယသက်သေ ပုခန်းဂိုဏ်းထောက် ဆရာတော် ဘုရားကြီး အစစ်ခံချက်တွင်-

စာတမ်းစာချုပ် အသိသက်သေမရှိပါ။ နှစ်ယောက်ချင်း ဒွိသန္တက ပြုပါသည်-ဟု(        )က လျှောက်ထားဘူးကြောင်း ထွက်ဆိုသွားပေသည်။

ယခုဆရာတော် သံဃာတော်များ၏ ရှေ့မှောက်တွင်ကား စာတမ်း သက်သေအစုံအလင်နှင့် ဒွိသန္တကပြုလုပ်ပါသည်- ဟု(        )က ထွက်ဆိုပြန်သည်။

၆။ ထို့ကြောင့်(        )၏ လျှောက်လဲထွက်ဆို ထုချေချက်သည်-
"ကေစ္စသ ဟိ သမ္မုခါကထာ ပရမ္မုခါကထာယ နသမေတိ"— စသော သဂါထာဝဂ္ဂ- ကောသလသံယုတ်အဋ္ဌကထာ၊ ဥဒါန်း အဋ္ဌကထာပါဠိအရ- ရှေ့နောက်၊ မျက်မှောက်မျက်ကွယ် မညီညွတ် ရကား-

"ဥဒကစိပ္ပန္ဒနေဝ ဟိ မစ္ဆော ခုဒ္ဒကော မဟန္တောတိ ပညာယတိ"

ဥဒါန်းအဋ္ဌကထာနှင့်အညီ "ရေပွက်၏ အဟုန်ကိုမြင်သဖြင့် ရေဝယ် ကျက်စားသော ငါး၏အကြီးအငယ် ပမာဏကို ဆ၍ သိရသကဲ့သို့"အဝိဘူတ ကထာ- လွန်စွာထင်ရှားသည်- ဟု ဝိနည်းမိုရ် ခံသမာဓိတို့ မှတ်ယူရန်ရှိချေ စော့သည်။

၇။ ထို့ပြင် ဆရာတော် သံဃာတော်ဘို့က ချခေါ်စေလွှတ်လိုက်သော ဦးပဥ္စင်းနှစ်ပါးကိုမူကား –

(က) စာချစရာရှိသဖြင့် မလာနိုင်ကြောင်း ပြောလွှတ်လိုက်သည်။

(ခ) နောက်တပည့်တော်( )အပေါ်၌ စစ်မေးရန်မရှိ၍ မလာနိုင်ကြောင်း ထုချေလွှာတင်သွင်းသည်။

(ဂ) ၎င်းနောက် သံဃာ့မျက်မှောက်ရောက်သောအခါ အာဂန္တုရှိသောကြောင့် မလာပါ–ဟု ဆရာတော်များကို လျှောက်ထားပြန်သည်။

၈။ ဤသို့ ဆရာတော် သံဃာတော်များ ရှေ့မှောက်သို့ မလာမရောက်ခြင်းကိုပင် သုံးမျိုး သုံးစား လိမ်ယည် လှည့်စား၍ ( )၏ လျှောက်ထားခြင်းသည် ကောင်းကင်ဝယ် နေဝန်း လဝန်းပမာ လွန်စွာထင်ရှားရကား–

"ဝေရူပေါ ပုဂ္ဂလော ဂူထသဒိသတ္တာ ဂူထဘာဏီတိ ဝုစ္စတိ"

ဟူသော ပုဂ္ဂလပညတ်အဋ္ဌကထာ လာသည်နှင့်အညီ မစင်ဘင်ပုပ်ပမာ လွန်စွာရွံရှာထိုက်သော စကားရှိသောကြောင့်လည်းကောင်း,

စုဒိတကေန ဒွိသု ဓမ္မေသု ပဋိဋ္ဌာတဗ္ဗံ၊ သစ္စေစ အကုပ္ပေစ–

ဟူသော ပရိဝါပါဠိတော်–

သစ္စေစ အကုပ္ပေစာတိ သစ္စေပတိဋ္ဌာတဗ္ဗံ–

ဟူသော ပရိဝါ အဋ္ဌကထာတို့၌ လာသော စုဒိတကအင်္ဂါ လက္ခဏာတို့တွင် ရှေ့နောက်စကား ယွင်းဖောက်ပြား၍သစ္စာအင်္ဂါပျက်ပြားသောကြောင့်လည်းကောင်း– သက်သေစုံရာမတင်ပြနိုင်သော( )၏ လျှောက်လဲထွက်ဆိုထုချေချက်ကို အလျဉ်းပင် အရေးမယူထိုက်ချေ။

၉။ စုဒိဘက( )က ဒါယကာ ( ) သေဆုံးသည်ဖြစ်၍ သက်သေမအင်ပြနိုင်ကြောင်း ထွက်ဆိုပြန်ရာ၊ ဒါယကာ( ) သည် မသေဆုံးမီ ပြောကြားခဲ့သောစကားကို သိက္ခာကာမ လဇ္ဇီပေသသ– ဂန္ထုရဇဟုသုတ သစ္စဝါဒီ ဖြစ်တော်မူသော ( ) ကျောင်းဘုန်းကြီး၏ ထွက်ချက်တွင် ပျံလွန်တော်မူသော ဘုန်းကြီး( )က ( )အား စာချပ်စာတမ်း

အသီသက်သေမရှိ၊ မြို့သို့သွားခါနီးမှာ "အလိုရှိရာယူသွား"ဟု
ပြောဘူးပါသည်-

ဟူသော စကားနှင့် ဆက်စပ်ပြီး စဉ်းစားလိုက်လျှင် -

"အလိုရှိရာယူသွား"ဟု ဆိုခါမျှဖြင့် ဒွိသန္တက သမာနပရိက္ခာရ ကော ဘာဝ ဖြစ်တော့သည်-ဟု ပါဠိအဋ္ဌကထာ,ဋီကာတို့၌ မလာရှိချေ။

ထို့ကြောင့် ဒကာ( )စကားနှင့်စုဒိတက( )၏လျှောက် လဲထွက်ဆိုချက် စကားသည် စကြာဝဠာကံတိုင်း တဘက်နှင့်တဘက် ဘဝင် အဝိစိ မထိမစပ်သကဲ့သို့ ရှိချေသည်။

၁၀။ ဒွိသန္တကပြုစဉ် သိရှိသူသက်သေမသွင်းနိုင်ခဲ့သော်-"၁၂၆၀- ခု တပေါင်းလတွင် ဒွိသန္တကပြုသည်"ဟူသော စာတမ်းအရ ကာလနှင့် ၁၂၆၂ ခုနှစ် ဘုန်းကြီး ပျံလွန်တော်မူရာ ကာလ သည် နှစ်နှစ်၊ သုံးနှစ်ကွာခြားသေးသည် ဖြစ်၍ ပျံတော်မမူ မီအတွင်း တဆင့်စကား ပြော၍ထားသူ သက်သေများတင် သွင်းရမည်- သက်သေယောင်းသော်လည်း တဦးတယောက် မျှ မတင်သွင်းနိုင်ချေ။

အကယ်၍ ဒွိသန္တကပြုထားသည်မှန်ပါက နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ နီးစပ်သူ ရင်းလူ ရဟန်း တဦးဦးကိုဖြစ်စေ၊ အမှတ်မရှိ တစုံတယောက်ကို ဖြစ်စေ၊ မိမိနှင့် ဒွိသန္တက ပြုထားကြောင်းကို ပြောဆိုမိရာ၏။

၁၁။ ဤသို့ အသီးသီး အနည်းနည်းအဖုံဖုံ အကုန်အစင် ဆင်ခြင်ညှိ နှိုင်း၍ယုတ္တိယုတ္တာ ဘာတခုမျှ မရှိသောကြောင့်လည်းကောင်း။

သံဃိကံ ပုဂ္ဂလိက ပရိဘောဂေန ပရိဘုဥ္ဇတိ။ ဣမေဟိ
ခေါ ဥပါလိ ပဥ္စဟိ ဝေဟိ သမန္နာဂတော အာဝါသိကော
ဘိက္ခု ယထာဘတံ နိက္ခိတ္တော။ ဧဝံ နိရယေ-

ဟူသော ပရိဝါပါဠိတော် ဥပါလိပဉ္စာ အာဝါသိကဝဂ်၌ လာရှိသည်နှင့် အညီ ပုဂ္ဂလိကပစ္စည်းကို သံဃိကအဖြစ် သုံးဆောင်မိက အပြစ်မရှိ၊ သံဃိက ပစ္စည်းကို ပုဂ္ဂလိကအဖြစ်သုံးဆောင်မိပါက နိရယဂတိအပြစ်ရှိသောကြောင့် ကျေးလို( )တင်ပြသော သက်သေတို့ထွက်ချက်အရ အထက်အဆိုပါ ( )ကျောင်း ပျံလွန်တော်မူသော ဘုန်းကြီး( )၏ ဂရုဘဏ်၊ လဟုဘဏ် ကျောင်းအာရာမ်ပစ္စည်းများသည် သံဃိကဖြစ်စေ။

သံဃိကေ ဂဏသန္တကေစ အပွက်နာမနတ္ထိ၊ သဗ္ဗတ္ထ သံယမေဝ ကာတဗ္ဗော-ဟု ဝိနယာ လင်္ကာရဋီကာ လာသည်နှင့်အညီ သံဃိကဂဏိက ပစ္စည်းတို့၌ နည်းသည်မရှိ၊ အလုံးစုံ စောင့်စည်းသင့် စောင့်စည်းထိုက်သော ကြောင့် (       ) ယူမိသော ပစ္စည်းများကို ရှာဦး မြောက်ကျောင်းသို့ ပြန်ပို့စေ၊ သို့မဟုတ် သံဃိက အဖြစ်ဖြင့် ထားစေ။

(       )သည်လည်း ပစ္စည်းဘဏ္ဍာ ဥစ္စာများပြားခြင်းသည် မဟာသာဝဇ္ဇ ပစ္စယတဏှာ ပွားကြောင်းသာ-ဟု အာရုံပြု၍ ဂန္ထဓူရ ဝိပဿနာဓူရ တရား ၂-ပါးကို ပွားများကျိုးကုတ် နေထိုင်စေ။

ဆရာတော်ဘုရားကြီး၏ လွှဲချက်အရ

လက်ထောက် စာချသံဃာတော်များ

ပခုက္ကူမြို့ ကိုးဂိုဏ်းချုပ် ပထမ ရေစကြို ဆရာတော်ဘုရားကြီး၏ အမိန့်တော်အရ ၎င်းတိုက် သာသနာလင်္ကာရကျောင်း စာချ ဘုန်းကြီး ဦးဇဝန ရေးသားစီရင်သည်။ (သာသနာလင်္ကာရကျောင်း စာချဘုန်းကြီး ဦးဇဝန ဟူသည် နောင်အခါ၌ ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော် ဘုရားကြီး ဖြစ်လာသည်။)

## ၆။ ပခုက္ကူမြို့ ပေါင်လောင်ရှင်ရပ် မင်းကျောင်းတိုက်အမှု

၁။ တရားလို။ ။ (       )ဆရာတော်ကြီး

၂။ တရားခံ ။(၁) ကျောင်းဘုန်းကြီး(       )

(၂) (       ) (       )တိုက်(ခေတ္တ)အခင်း ဖြစ်ကျောင်း။

(၃) (       ) (       )တိုက်(ခေတ္တ)အခင်း ဖြစ်ကျောင်း။

၃။ အမှုအမည် (       )ကျောင်းတိုက် အရာမ်အမှု။

၎င်းကျောင်းအမှုအတွက် ဟင်္သာတမြို့ တရုတ်ထော် ဆရာတော်ကြီး က တရားမစွဲသေးပဲ သံဃာတော်များအား အစည်းအဝေးပင့်ဖိတ်၍ ဖောင် တော်ဦးကျောင်းမှာ အစည်းအဝေး ပြုလုပ်သည်။ အမှုသည် နှစ်ဘက်သက် သေဘို့ စုံညီစွာရောက်ကြ၊ ပြောဆိုအစစ်ခံ ရှင်းလင်းကြသည်။

(        )ဆရာတော်ဘုရားကြီးက ပံ့လွှန်တော်မူသော(        )နှင့် သူသည် ဒွိသန္တကဖြစ်ကြောင်း၊ စာတမ်း၊ စာချုပ်၊ ရဟန်းသက်သေ၊ လူသက်သေတို့ အခိုင်အလုံ တင်ပြသည်။

တရားခံ သုံးဦးတို့က (        ) ပံ့လွှန်တော်မူခါနီးမှာ တောင်းလို့ ရလိုက်ပါသည်-ဟု လွှက်ဆိုသည်။ (ဝ.ကြိမ် တရားဆိုင်ပြီး၏။ အမှုကား ခုပြီးသေး။)

(        )ဆရာတော်ကြီးက ပခုက္ကူအရှေ့တိုက် ဆရာတော်ကြီးထံ တရားစွဲသည်။

အရှေ့တိုက်သစ် ဆရာတော်ကြီးက ရက်ချိန်းပေး၍ အမှုသည် နှစ်ဘက်သက်သေတို့ကို သမ္မန်ချခေါ်ရာ အားလုံး အစည်းအဝေးစုံညီစွာရောက်လာကြပြီးမှ "တပည့်တော်တို့ ဒီနေ့ တရားမဆိုင်နိုင်ပါ၊ သမ္မန်ချနောက်ကျပါသည်" ဟု ဆို၍ တရားခံသုံးဦးတို့က ကန့်ကွက်သည်။

"သမ္မန်ချနောက်ကျ၍ ယနေ့ မင်းတို့ တရားမဆိုင်နိုင်လျှင် တရားလိုဘက်ကို ယနေ့စစ်မည်။ မင်းတို့ကို ရက်ချိန်းပေး၍ နောက်မှစစ်မည်။ မင်းတို့ နားထောင်နေကြ။ သို့မဟုတ်လျှင် မင်းတို့မျက်ကွယ်မှာ စစ်ဆေးလိမ့်မည်" ဟု အရှေ့တိုက်သစ် ဆရာတော်က အမိန့်ရှိလိုက်မှ တရားခံသုံးပါးတို့ နားထောင်နေကြသည်။ တရုတ်ထော်ဆရာတော်ကြီးက ၁၂၆ဂ-ခုနှစ် တန်ခူးလကွယ်နေ့ မင်းကျောင်းဆရာတော်ကြီးနှင့် ဦးဥတ္တမ (တရုတ်ထော် ဆရာတော်)တို့ ဒွိသန္တက ပြုလုပ်ကြသော စာတမ်းကို တင်ပြ၍ ဒကာ(        ) ကို သက်သေသွင်းသည်။

၁၂၇ဂ-ခုနှစ် ပြာသိုလဆန်း ၉-ရက်နေ့(        ) ဆရာတော်ကြီးနှင့် (        ) တို့ ဒုတိယအကြိမ် ဒွိသန္တက ပြုလုပ်ကြသော စာတမ်းကို တင်ပြ၍ ဒကာ(        )ကို သက်သေသွင်းသည်။ ဖော်ပြပါ သက်သေများဖြစ်သော (        )(        )တို့ကလည်း သိရှိကြောင်း သက်သေခံကြသည်။

(        )ဆရာတော်ကြီး အဆိုသွင်းချက်အရ-

၁။ (        )ဆရာတော်

၂။ (        ) ဘုန်းကြီး (        )

၃။ (        )ကျောင်းဘုန်းကြီး (        )တို့ကလည်း

(        )ဆရာတော်ကြီးနှင့် (        )တို့ ဒွိသန္တက ဖြစ်ကြောင်း သိရှိကြပါသည်-ဟု ထောက်ခံကြပါသည်။

ထိုအခါကျမှ တရားခံ သုံးပါးတို့က "တပည့်တော်တို့ကလည်း ထုချေလွှာ တင်ပါရစေ" ဟု ခွင့်တောင်းသည်။

"တင်တော့"-ဟု ဆရာတော်က ခွင့်ပေးသဖြင့် အောက်ပါ ထုချေလွှာကို တင်ကြသည်။

အရှေ့တိုက်သစ် ဆရာတော်ထံ တင်သွင်းရန် ထုချေလွှာ

စာလွှာ တင်သွင်းပါသည်ဘုရား—

( )ရပ်၊ ( )ကျောင်းတိုက်ရှိ ကျောင်းနှင့် ကျောင်းအရာမ်မြေကို ပိုင်ဆိုင်သူ ဆရာတော် ( )က ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့် ချီးမြှင့် ပေးစွန့်ခဲ့သော ပစ္စည်းများ ဖြစ်ပါ၍ ဘုရားတပည့်တော်များသာ လက်ရှိ ပိုင်ဆိုင်ပါသည် ဘုရား—

၁။ ( ) ( ) ကျောင်းဘုန်းကြီး
၂။ ( ) ( ) ကျောင်း ခေတ္တ
၃။ ( ) ( ) ကျောင်း ခေတ္တ

ဤ ထုချေလွှာသည်ပင်လျှင်တပည့်တော်များ၏အစစ်ခံချက်ပါဘုရား။ အထူးစစ်စရာ မလိုတော့ပါဘုရား-ဟု လျှောက်ထားကြသည်။

အမိန့်တော်ရ ရှေ့နေနှင့် လာကြသဖြင့် ပြန်လှန်ပြီး မေးခွန်းထုတ်ဖို့ရန် ဆရာတော်က ကြိုတင်ခွင့်ပြုထားပါသည်။

"ဤအမှုကို ဆရာတော်ဘုရားကြီး မစီရင်ပါနှင့်"ဟု ၂-တရားခံက ကန့်ကွက်၍ "ထင်မြင်ချက်နှင့် အထက်ဆင့်ပို့"ဟူသော သာသနာပိုင်ဥပဒေအရ၊ ပခုက္ကူမြို့၊ အရှေ့တိုက်သစ် ဆရာတော်က အောက်ဖော်ပြပါ ထင်မြင်ချက်နှင့် အမှုတွဲပါ သာသနာပိုင် ဆရာတော်ဘုရားကြီးထံသို့ တင်ပို့လိုက်သည်။ (ဒုတိယ တရားဆိုင်ပြီး၏။ အမှုကား မပြီးသေး။)

## ထင်မြင်ချက် စာလွှာပါဘုရား

ပခုက္ကူမြို့၊ အရှေ့တိုက်သစ်၊ ရှင်ဇဝန ခြေတော်စုံကို ဦးခိုက်၍ ရိုသေလေးမြတ်စွာ လျှောက်ထားပါသည်။ မဟာသံဃိဿရ မဟာသံဃရာဇာ ဟိုက်ခေါင်တင် ကျေးဇူးတော်ရှင် သာသနာပိုင်ဆရာတော်ဘုရားကြီး ဘုရား။

"ဤအမှုကို ဆရာတော် မစီရင်ပါနှင့်"ဟု ၂-တရားခံက ကန့်ကွက်၍ "ထင်မြင်ချက်နှင့် အထက်ဆင့်ပို့" ဟူသော ဥပဒေအရ အထက်သို့ ပို့ဆက်လိုက်ရပါသည်ဘုရား။

ဤအမှုမှာ တရားလို တရုတ်ထော်ဆရာတော်ကြီးက ဒွိသန္တက စာတမ်းနှင့် လူသက်သေ၊ ရဟန်းသက်သေ၊ ထောက်ခံသက်သေတို့ကို ပြဆိုခိုင်လုံပါသဖြင့်(      )ဆရာတော်ကြီးနှင့် ပံ့လွှန်တော်မူသော(      )တို့ ဒွိသန္တက ဧကန်စင်စစ် ဖြစ်ကြသည်မှာ လွန်စွာပင် ထင်ရှားလှပါသည်။

ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသွိ ကာလကံ တေ ဂူဘာရောသာမိ-ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာ (ဆဋ္ဌ/၄၁၅) အရ တရားလို တရုပ်ထော် ဆရာတော်ကြီးက အခင်းဖြစ် ကျောင်းဝိုင်း မြေကို အပိုင်ရယူထိုက်ပါသည်၊

တရားခံ (၃) ဦးတို့မှာ (      ) ပံ့လွှန်တော်မူခါနီးမှာ "တောင်းလိုက်လို့ရပါသည်"ဟု ပထမအကြိမ် တရားဆိုင်ရာတွင် ထွက်ဆိုအစစ်ခံကြပါသည်။

"(      )က ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့် ချီးမြှင့်ပေးစွန့်ခဲ့သော ပစ္စည်းများ ဖြစ်ပါ၍ တပည့်တော်များ လက်ရှိပိုင်ဆိုင်ပါသည်"ဟု ဒုတိယအကြိမ် တရားဆိုင်ရာတွင် ထုချေလွှာ သွင်းကြပါသည်။

ဤထုချေလွှာ၌ "ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့် ချီ မြှင့်ပေးစွန့်ခဲ့သော" ဟူသော စကားမှာ အလွန်ပင် မှားယွင်းနေပါသည်။ သို့သော် မတတ်ရှာကြသဖြင့် ခွင့်လွှတ် သီးခံရပေမည်။ ပထမအကြိမ်တမျိုး၊ ဒုတိယအကြိမ်တမျိုးဖြစ်၍ နေသည်မှာ အလွန်အရေးကြီးလှပါသည်။

တရားခံတို့၏ "တောင်းယူ လိုက်လို့" ဟူသော သဂ္ဂဟိတ အဆို၊ ဝိဿာသဂ္ဂါဟ အဆိုတို့မှာ- ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ- ဒွိသန္တက အဆိုက ခိုင်မာလုံလောက် နေပါသဖြင့် တရုတ်ထော်ဆရာတော်ကြီးက ပိုင်ဆိုင်ရယူထိုက်ပါသည်- သို့ဖြစ်၍-

**အမိန့်**

အခင်းဖြစ် မင်းကျောင်းတိုက် အရာမ်မြေ အားလုံးကို တရားလို (      )ပိုင်စေ။

(      )၏ ဒွိသန္တကပိုင် ပစ္စည်းများကို မိမိတို့နှင့် သက်ဆိုင်သည့်ထင်လျှင် တရားခံ (၃)ပါးတို့က ယူ၍ တရားခံ (၃)ပါးတို့ အခင်းဖြစ်

မင်းကျောင်းတိုက်မှ ထွက်သွားစေ -ဟု စီရင်ဆုံးဖြတ်ချက် ချမှ ဓမ္မိက ဝိနိစ္ဆယ (ဖြတ်ထုံး) ဖြစ်မည်-ဟု တပည့်တော်ထင်မြင်ချက် ရှိပါကြောင်း ဦးခေါင်းညွတ်ကာ ခြေတော်စုံကို ဦးခိုက်၍ လျှောက်ထားပါသည်ဘုရား။

(ရှင်ဇဝန)
အရှေ့ကျောင်းတိုက်ဆရာတော်
ပခုက္ကူမြို့။

အမှုတွဲနှင့် အထက်တင်ပြချက် လျှောက်လွှာကို တင်ပို့ပြီးနောက် ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်၏ လုပ်ငန်းပြီး၏။ (အမှုကား- မပြီးသေး)။

၎င်းအမှုကို ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော်က သာသနာပိုင် ထံ တင်သည်။ သာသနာပိုင် ဆရာတော်က မြင်းခြံဆရာတော်ကြီး ၂ ပါး ထံသို့ လွှဲလိုက်သည်။

မြင်းခြံဆရာတော်ကြီး ၂-ပါးက စီရင်ချက်ချပြီးလျှင် မန္တလေးသို့ တင်သည်။ မန္တလေးမြို့ သုဓမ္မာသာသနာပိုင် ဆရာတော်တို့က အတည်ပြုပြီး လျှင် ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ထံသို့ ပေးပို့လိုက်သည်။

ပခုက္ကူအရှေ့တိုက်သစ်ဆရာတော်က အမှုသည် ၂ ဘက်ကို ဆင့်ခေါ်၍ အထက်မှ ပေးပို့လိုက်သော ဆုံးဖြတ်ချက် ဒီဂရီဖတ်ပြ၍ စီရင်ချက် အဆုံး အဖြတ်ကို နိဂုံးသတ်လိုက်သည်။

တရားခံ (၃)ပါးတို့ ရှုံးကြသည်။ တထုံးပြီး၏။ (အမှုကား- မပြီး သေးပါ)။

တရားရှုံး- ၃ ပါးတို့က မထွက်ပဲ ခုခံနေပြန်သဖြင့် ပခုက္ကူစက်ရှင် ရုံးမှာ စွဲရပြန်သည်။ ၎င်းစက်ရှင်ရုံးမှ အကြိမ်များစွာ တရားဆိုင်ပြီးနောက် ၃-နှစ်လောက်ကြာမှ ပခုက္ကူစက်ရှင်ရုံးကလည်း သာသနာဘက် စီရင်ချက် အတိုင်း တည်စေသည်။ တရားခံ ၃-ပါးတို့ ထွက်သွားကြစေ-ဟု စီရင်ချက် ချလိုက်ပြန်သည်။ တထုံးပြီး ပြန်ပြီ။ (အမှုကား- မပြီးသေး။)

တရားရှုံး ၃- ပါးတို့က ရန်ကုန်မြို့ ဟိုက်ကုတ်မှာ အယူခံ ဝင်ပြန် သည်။ ဟိုက်ကုတ်က မြင်းခြံဆရာတော်တို့၏ စီရင်ချက်မှာ ... ကော် ခေါင်း မကပ်၊ ရေစစ္စလို့မလုပ် တဘက်သတ် စီရင်ချက်[illegible]

ထိုက်သည်။ ပခုက္ကူစက်ရှင်ရုံးက စီရင်ချက်ကို ပယ်ဖျက်လိုက်သည်- ဟူ၍ စီရင်ချက်ချသည်။

၎င်းဟိုက်ကုတ် စီရင်ချက်မှာ– သာသနာဘက် စီရင်ချက်ကို ပျက်စေ- ဟူ၍ မပါ။ ပျက်ပျယ်ထိုက်သည်- ဟူ၍သာ ပါရှိသည်။ "နည်သူပိုင်စေ" ဟု စီရင်ချက်မှာမပါ-ဟု တဆင့်ကြားလိုက်၏၊ ဆရာတော်ထံသို့ တိုက်ရိုက်စာ မလာပေ။

(၎င်းအမှုဖြစ်သော ကျောင်းမှာ ဂျပန်လက်ထက်က မီးလောင်သွားသည်။ ယခုမည်သူမျှ နေသူမရှိ၊ သစ်ပင် ချုံနွယ်တို့ဖြင့် အုပ်ဖုံးလျက် နေချေပြီ။)

## ၇။ (          )မြို့၊ (          ) အမှု

### ပခုက္ကူ အရှေ့တိုက်သစ်ဆရာတော်နှင့် အောက်စာရင်းပါ ဆရာတော်–သံဃာတော်တို့၏ စီရင်ဆုံးဖြတ်ချက်

နေ့စွဲ။ ၁၃၀၃-ခု၊ သီတင်းကျွတ်လဆုတ် ၈-ရက်။

၁။ တရားလို စောဒက။ ။(          )၊ (          ) ရွာ၊ (          ) မြို့၊ (အိမ်ထောင်နဲ့)

၂။ တရားခံ စုဒိတက။ ။(          )၊ (          ) ကျောင်း၊ (          ) ရွာ၊ ငါ့သရောက်မြို့။

၃။ အမှု အမည်။ ။အပတ္တာဝိကရဏ်းမှု။

၄။ ဝတ္ထု သည်မ။ ။(          ) (          )ရွာ၊(          )မြို့။ (အိမ်ထောင်နဲ့)

ဤအမှုမှာ တရားလို စောဒက ဝတ္ထုသည်မက(          ) သည် တပည့်ဘော်မ အား မတရားပြုကျင့်ပါသည်–ဟု တတ်အပ်သေချာ ယုတ္တိ ယုတ္တာနှင့် စွဲဆိုလျှောက်ထား အစစ်ခံသည်။

တရားခံ စုဒိတက (          )ကလည်း ၎င်း(          )အား မတရား ပြု၍ မကျင့် ရပါကြောင်းနှင့် ယုတ္တိများစွာနှင့် ထုချေသည်။

ကျယ်ကျယ်ပြန့်ပြန့်၊ မဟုတ်သည်ဘက် အားပြိုင်နေသည်။

## ကောက်ချက်ထုတ်

၁။ "ပါရာဇိကစ္ဆာယာ စ ဒိဿတိ၊ တေနာပိ
ပါရာဇိ ကောသီတိ နငတ္တဗ္ဗော၊ ဒုလ္လဘော ဟိ
ဗုဒ္ဓုပ္ပာဒေါ၊ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ"—
ဟူသော ပထမပါရာဇိကအဖွင့် ပါရာဇိကဏ် အဋ္ဌကထာ၊ (ဆဋ္ဌ-၂၀၂-၃) အရ စုဒိတက ( ) အပေါ်၌ ပါရာဇိက အရိပ်အရောင် ထင်စေကာမူ အထင်နှင့် မဆုံးဖြတ်နိုင်။

၂။ သက်ဝင် ယုံကြည် ခံတည်လောက်သော စကားရှိသော သောတာပန် အရိယာ သာဝိကာမကဲ စွဲဆိုသော အရာဖြစ်စေကာမူ၊ တရားခံ စုဒိတက-က ဝန်ခံမှသာ ဆုံဖြတ်ရမည်-ဟု ပါရာဇိက ပါဠိတော် အနိယတ သိက္ခာပုဒ်မှာ လာရှိချေသည်။ ဝတ္ထုသည်မ၏ စွဲဆို အစစ်ခံချက် အရနှင့် ဆုံးဖြတ်နိုင်သော အရာမဟုတ်ချေ။

"ပဋိညာယ ကာရေတဗ္ဗော"— ဟူသော စောဒနာကဏ္ဍ ပရိဝါ ပါဠိတော်နှင့်အညီ စုဒိတက ပုဂ္ဂိုလ်က ဝန်ခံမှသာလျှင် ဆုံးဖြတ်ရချိမ့်မည်။

ဤအမှုမှာ စုဒိတက-က ဝန်မခံသဖြင့် "အသုဒ္ဓ" မဆုံးဖြတ်နိုင်။

၃။ ၁၂၆၂-ခု၊ မန္တလေးမြို့၊ တောင်ပြင် ( ) တိုက်၌ ရဟန်းနှင့် မိန်းမ ထင်လျက်မိသည်ကို ရဟန်းက ဦးရုပဝေသနသာ ဝန်ခံသဖြင့် "အသုဒ္ဓ"-ဟု မဆုံးဖြတ်နိုင်ပဲ ရပ်စဲ၍ ထားလိုက်ရသော ကျီဝန် ဆရာတော်ကြီး, မှိုင်းခိုင် ဆရာတော်ကြီး, ဆရာတော် ဦးရန်ကုန်တို့ စီရင်ထုံး။

၄။ ၁၂၆၃-ခုနှစ်၊ မန္တလေးမြို့ ( )တိုက်၊( ) နှင့် ရွာဟိုင်းရပ်နေ ( )တို့ အမှုမှာ—

"ကိုယ်ဝန်ကို လူမသိအောင် တော်ရာမှာ သွား၍ ဖွားမြင်ပါ၊ ငွေတရာ (၁၀၀ိ/-) ပေးလိုက်သည်- ဟူသော စာကို ( ) က တင်ပြ အစစ်ခံရာ—

(က) စာကိုလည်း တပည့်တော်ပေးပါသည်။
(ခ) တပည့်တော် ပေးထားသော စာလည်း မှန်ပါသည်။
(ဂ) ငွေတရာ (၁၀၀ိ/-) လည်း ပေးရပါသည်- ဟု

(　　　)က ဝန်ခံသည်။ သို့သော် 'မေထုန သေဝန' အမှုကိုတော့ မပြုရပါ–ဟု (　　　)က ငြင်းပယ်နေသဖြင့် "နေစသုဒ္ဓ/နာသုဒ္ဓ" ဆုံးဖြတ်ကြရသော မိုင်းခိုင်ဆရာတော်ကြီး, တောင်ခွင်ဆရာတော်ကြီးတို့၏ စီရင်ထုံး။

ဤသို့ ကျမ်းဂန် အရ လည်းကောင်း, စီရင်ထုံးများ အရလည်း ကောင်း, (　　　)ကို "အသုဒ္ဓ"– ဟု စီရင်ဆုံးဖြတ်ခွင့် မထိုက်ချေ။ သို့ဖြစ်၍–

**အမိန့်**

ငါ့သရောက်မြို့၊ (　　　) ကျောင်း၊ (　　　) မှာ သုဒ္ဓ ဖြစ်စေ။

သမဂ္ဂဂိုဏ်း သံဃာတော်ဘို့သည်လည်း (　　　)နှင့် အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ သံဝါသသုံးဝ ဆက်ဆံ၍ ဂန္ထဓုရ-ဝိပဿနာဓုရ- တရား ၂-ပါးကို ပွားများကျိုးကုတ် အားထုတ်နေထိုင်ကြစေ။

**ဆုံးဖြတ်သော ဆရာတော်တို့၏ လက်မှတ်**

၁။ ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော်။
၂။ ငါ့သရောက်မြို့ ကန်တော်ကုန်း ဆရာတော် ဦးသာဂရ။
၃။ ငါ့သရောင်မြို့ ရွှေမြင်တင်ကျောင်း ဆရာတော် ဦးအရိယ။
၄။ ငါ့သရောက်မြို့ ဆည်ရွာ သရက်ပင်ကျောင်း ဆရာတော်– ဦးကလျာဏ– စသော ဆရာတော်– သံဃာတော် အပါး ၂၀ ကျော်။

**၆။ (　　　) ရွာ၊ (　　　) အမှု**

**ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော် နှင့် တိုက်အုပ်စာချဆရာတော်တို့၏စီရင်ချက်**

နေ့စွဲ၊ ၁၃၀၉–ခု တပို့တွဲလဆန်း ၄–ရက်

၁။ တရားလိုစောဒက။ ။(၁) (　　)
(၂) (　　)
(၃) (　　)
} (　　　)ရွာ၊ (　　　) ကျောင်း။

၂။ တရားခံစုဒိတက။ ။(        ) (        ) ရွာ၊
(        )ကျောင်းသစ်ဘုန်းကြီး။

၃၊ အမှုအမည်။ ။ပထမပါရာဇိကအမှု၊

၄။ ဝတ္ထုသည်မ။ ။သုံးယောက်(အမည်မပါ)

သက်သေများ– (၁) (        )
(၂) (        )
(၃) (        )
(၄) (        )
(၅) (        )

**အမှာ**။ ။ဤအမှုမှာ စုဒိတက စောဒကတို့က (        ) ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး(        ) နာယကဆရာတော်တို့၏ အဖွဲ့ဝင်များဖြစ်ကြ၍ ၎င်းအဖွဲ့ဝင် ဆရာတော် သံဃာတော်တို့ထံ စွဲချက်လျှောက်လွှာတင်ကြသည်။

အဖွဲ့ဝင်ဆရာတော် သံဃာတော်တို့က အမှုကို လက်ခံ၍ ဩဝါဒါစရိယဆရာတော်– နာယကဆရာတော်တို့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်–ဟု နှစ်ဘက်ပဋိညာဉ်ပေး လက်မှတ်ရေးထိုးကြသည်။

ပဋိညာဉ် ဝန်ခံချက် လက်မှတ်ရေးထိုးကြပြီးလျှင် ဆရာတော်(        ) ဆရာတော်(        )နှင့် ဆရာတော်(        )တို့သည် အဖွဲ့ဝင်သံဃာတော် ဆရာတော်တို့၏ သဘောတူချက်အရ–

စုဒိတက, စောဒက, ဝတ္ထုသည်မ သက်သေတို့ကို ခေါ်ယူစစ်ဆေး၍ စစ်ချက်စစ်တမ်း ယူကြသည်။ စစ်ချက်စစ်တမ်း ပြည့်စုံအောင် ယူကြပြီးလျှင် ဩဝါဒါစရိယဆရာတော် နာယကဆရာတော်တို့ထံ တင်ပို့ကြသည်။

၎င်းနောက် ရက်အနည်းငယ်ကြာသောအခါ -

**တပည့်တော်၏ အမှုကို ပဒက္ကူတိုက်ကြီးသုံးတိုက်က ဆရာတော်သုံးပါးနှင့် အရှင်ဘုရားတို့ ညှိနှိုင်းတိုင်ပင်၍ စီရင် ဆုံးဖြတ်ကြစေလိုကြောင်း** ဖြင့် တရားခံ စုဒိတကက စာလွှာတင်သွင်းသည်။

ထိုအခါ အဖွဲ့ဝင် ဆရာတော် သံဃာတော်တို့က ''ပဋိညာဉ်ဖောက်သည်၊ သစ္စာဖောက်သည်'' ဆို၍ အမှုကို မဆုံးဖြတ်ပဲ ကြဉ်စာထုတ်လိုက်ကြသည်။

စုဒိတကသည် "သစ္စအင်္ဂါပျက်သည်" ဟု ပါဠိကိုးကား၍ နောက်ထပ်တကြိမ် ကြဉ်စာထုတ်ကြပြန်သည်။

အဖွဲ့ဝင် ဆရာတော်တို့က ကြဉ်စာထုတ်လိုက်ကြသဖြင့် ကာလအတော်ကြာသောအခါ၊ စုဒိတက တရားခံက စာလွှာတစောင်၊ ဒကာဒကာမများက တစောင်၊ "၎င်းအမှုကို အဖြူအမဲ ကွဲပြားအောင် စီရင်ဆုံးဖြတ်ချက်ချပေးတော်မူပါမည့်အကြောင်း" ဆရာတော်ထံ လျှောက်လွှာ တင်သွင်းလာကြသည်။

ကြဉ်စာထုတ်သည့်အချိန်မှစ၍ နယ်မြေရှိသံဃာထု လူထုမှာ ဟိုတစုဒီတစု၊ စိတ်ချမ်းသာမှုမရပဲ အမျိုးမျိုးဝါဒကွဲလျက် မိမိသန်ရာဘက်ဆီသို့ ပြောဆိုနေကြရာ၊ "ဒီအမှု ငါလက်မခံလျှင် ပိုဆိုးတော့မည်"ဟု စိတ်ဝယ်ကြံဆ၊ တိုက်တွင်းရှိ စာချများနှင့် တိုင်ပင်ပြီး လက်ခံလိုက်သည်။

ထိုအခါ "အရင်းစစ်၊ အမြစ်မြေက"ဆိုသလို မူလစစ်ချက် စစ်တမ်းသည်သာလျှင် အရင်းအမြစ်အကျဆုံး သဘာဝအကျဆုံးဖြစ်၍ မူလစစ်ချက်စစ်တမ်းကိုသုံးသပ်ဆင်ခြင် ဆုံးဖြတ်နိုင်ရန် အမှုတွဲကို ကူးယူစေခဲ့သည်။ မူလအဖွဲ့ဝင် ဆရာတော် သံဃာတော်တို့၏ အကြံဉာဏ်ကိုလည်း အတတ်နိုင်ဆုံးရယူစေခဲ့သည်။

## ကောက်ချက်ထုတ်

၁။ ပခုက္ကူတိုက်ကြီး(၃)တိုက်က ဆရာတော်ကြီးသုံးပါးနှင့် အရှင်ဘုရားကြီးတို့ ညှိနှိုင်းတိုင်ပင်၍ စီရင် ဆုံးဖြတ်စေလိုပါသည်- ဟူသောစာသည် ပဋိညာဉ်ဖောက်သော စာမဟုတ်၊ သစ္စာဖောက်သောစာမဟုတ်၊ တရားသူကြီး ဖြည့်စွက်လို၍ တောင်းပန်သောစာဖြစ်သည်။

စစ်ဆေးသောအခါ၌ ရှေ့တမျိုး နောက်တမျိုး ပြောခြင်း,မမှန်မကန်ထွက်ဆိုခြင်း- များသည်သာလျှင် စုဒိတက၏ သစ္စအင်္ဂါပျက်သည်- ဟုဆိုရသည်။

၂။ (၁)သက်သေ ( )၏ ပထမထွက်ချက်အရ အမှုသည်တို့ဝန်ခံပါလျှင် ကာယသံသဂ္ဂထက် ပို၍ မဆုံးဖြတ်နိုင်။

ဒုတိယထွက်ချက်မှာ- ( ) ကို့ထံ တိုင်တန်းစာများသည် လုပ်ကြံ၍ တိုင်တန်းခြင်း ဖြစ်ပါသည်။ ( )နှင့် ပတ်သက်၍ ကပည့်တော်အာမျှမသိပါ ဟု ထွက်ဆိုပြန်သည်။

၎င်း(　　)သည် ပထမထွက်ဆိုချက်နှင့် ဒုတိယ ထွက်ချက် တမျိုးစီ ထွက်၍နေသဖြင့် နှစ်ခွစကားပြောကြား ထွက်ဆိုသော သက်သေဖြစ်၍သဒ္ဒေယျဝါစာ သက်သေမဟုတ်နိုင်။

၃။ (၂)သက်သေ(　　)၏ ပထမထွက်ချက်မှာ အမှုသည်တို့ ဝန်ခံလျှင် ဝန်ခံချက်ဖြင့် ဆုံးဖြတ်သင့်သည်။ ယခုမှာ ဝန်မခံသဖြင့် မဆုံးဖြတ်နိုင်။

ဒုတိယထွက်ချက်မှာ ယောကျ်ားယောင် ဆောင်၍ လာသည်ကို မမြင်ဘူးပါ-ဟု ထွက်ဆိုပြန်သဖြင့် နှစ်ခွစကား ထွက် ဆို သော သက်သေပင်ဖြစ်၍ သဒ္ဒေယျဝါစာသက်သေ မဟုတ်နိုင်။

၄။ (၃) သက်သေ(　　)၏ ပထမထွက်ချက်မှာ "ရဟောနိသဇ္ဇ ကာယသံသဂ္ဂ"အထိ ထွက်ဆိုလျက်ရှိသည်။

ဒုတိယထွက်ချက်မှာ"ငွေပေးမည်၊ ဆန်ပေးမည်၊ ဒီကိစ္စအတွက် ဆော်သာဆော်၊ မင်းကို လက်ဖျားနှင့်မထိစေရဘူး"ဟု ခိုင်းလို့ထွက်ဆိုရပါသည်။(　　)နှင့်ပတ်သက်လို့ လုံးဝမသိရပါ-ဟု ထွက်ဆိုသည်။

ဤ ၃-သက်သေ(　　)သည်လည်း ရှေ့နောက် မညီမညွတ် နှစ်ခွ ပြောကြားသော သူပင် ဖြစ်၍ သဒ္ဒေယျဝါစာ သက်သေ မဟုတ်နိုင်။

၅။ (၄)သက်သေ (　　)သည် ပထမ သုတစေ ဒနာသည်။ နောက် ဒိဋ္ဌမြင်ပါသည်-ဟု ဆိုပြန်သည်။ သုတ ဒိဋ္ဌ ရှေ့နောက်မညီ။သို့သော်လည်း သူ၏ဒိဋ္ဌမှာ "ရဟောနိသဇ္ဇ"သာဖြစ်သည်။

၆။ (၅)သက်သေ (　　)၏ ပထမထွက်ချက်မှာ- ဘုန်းကြီးမှာသော နေ့ မလာနိုင်ပါ။ နောက်နေ့ညမှ လာခဲ့ပါမည်- ဆိုသော စာပေးစာယူပြုမှုကို ထွက်ဆိုသည်။

ဒုတိယထွက်ချက်မှာ- ဘုန်းကြီး(　　)နှင့် ပထမ ဝတ္ထုသည်မကို ကုဋီပေါက်မှ ဆင်းလာသည်ကို မြင်ပါသည်-ဟု ထွက်ဆိုသည်။

တတိယထွက်ချက်မှာ-ဘုန်းကြီး(　　)နှင့် ပထမဝတ္ထုသည်မတို့ ကျောင်းပေါ် ကုဘင်ပေါ်မှာ အိပ်နေသည်ကို မြင်ပါသည်။ မီးထွန်းထားပါသည်-ဟု ထွက်ဆိုသည်။

ဤထွက်ချက်၌ ဖြတ်ထုံးတခုကို စဉ်းစားရပေလိမ့်မည်။

မြန်မာဘုရင် မင်းတုန်းမင်းတရားကြီးလက်ထက် သုဓမ္မာသို့ ရောက်လာသောအမှုတခုမှာ- ဘုန်းကြီးနှင့် မာတုဂါမတို့ မှားယွင်း၍ နေသည်ကို မြင်ပါသည်–ဟု သက်သေက ထွက်ဆိုသည်။

ဘယ်နေရာမှာလဲ–ဟု သုဓမ္မာဆရာတော်ကြီးက မေးသည်။
အခန်းထဲမှာ–ဟု ထွက်ဆိုသည်။
ဘယ်အချိန်လဲ မေးသည်။
ည–အချိန်- ဟု ထွက်ဆိုသည်။
အခန်းထဲမှာ ညအချိန် ဘယ်လိုမြင်နိုင်သလဲ- မေးသည်။

မီးထွန်းထားလို့ မြင်ပါသည်–ဟု ထွက်ဆိုသည်ကို သုဓမ္မာဆရာတော်ကြီးများက ပယ်ချလိုက်သောထုံးကို ထည့်သွင်းစဉ်းစားသင့်သည်။

၇။ တရားခံ စုဒိတက ရှင်(        )၏ ပထမ,ဒုတိယ,တတိယ ထွက်ချက်တို့၌ ဝဏ္ဏသုည်မတို့နှင့် လွဘ်ကင်းကြောင်းကိုသာ တသံထည်း ထွက်ဆိုသည်၊ ဝန်ခံချက်မပါချေ။

ဝဏ္ဏသုည်မတို့၏ ထွက်ချက်မှာလည်း အရှင်းသားပါ၊ ငြိစွမ်းလွန်ကျူးသော အချက်အလက် တခုမှ မတွေ့ရ၊ ဝန်ခံချက်မပါ။

မေထုနသေဝနာဒီနိ အာရောပေတွာ သာဥပါသိကာ ဝဒေယျ၊ ပဋိဇာနမာနော တေန သောဘိက္ခု ကာရေတဗ္ဗော၊ ဧဝရူပါယပိ ဥပါသိကာယ ဝစနံမတ္တေန – နကာတဗ္ဗောတိအတ္ထော၊ ကသ္မာ၊ ဥဘယာဒိဋ္ဌနာမ တထာပိဟောတိ၊ အညထာပိဟောတိတိ။ ၊

ပါရာဇိကကဏ်အဋ္ဌကထာ(ဆဋ္ဌ/        ) ။

ဤပါဠိဖြင့် သဒ္ဓေယျဝါစာ အရိယာ ဥပါသိကာမက မေထုနသေဝန စသည်သို့တင်၍ ပြောဆိုစေကာမူ စုဒိတက ကန့်မှ သုံးဖြတ်ရသည်။ အဘယ့်ကြောင့် ဆိုသော် မြင်အပ်သော အာရုံမည်သည် "မြင်သည့် အတိုင်းလည်း ဟုတ်တတ်၏။ မဟုတ်ပဲလည်း ဖြစ်တတ်သောကြောင့်တည်း"ဟု ပြ၏။

ဤအမှုမှာ စောဒကတို့က သဒ္ဓေယျံ၈ါစာ မဟုတ်ကြ၊ နှစ်ခွ စကား ဖြစ်နေကြ၍ အမှုသည်တို့ကလည်း တဦးမျှ ဝန်မခံကြချေ။ (စဉ်းစားရန်တချက်)။

၈။ ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌံ န သန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓ ပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ၊ ကာတဗ္ဗော တေနူဥပေါသထော။
(ပရိဝါပါဠိတော်၊ ဆဋ္ဌ–၂၈၂)။

ဤပါဠိတော်ဖြင့် မြင်အပ်သော အာရုံသည် စောဒက၏ ''မြင်၏''–ဟူသောစကားနှင့် ညီညွတ်နှီးနှော စေကာမူ မြင်ခြင်းကို စွဲ၍ ပါရာဇိက အန္တိမသို့ ရောက်မည်မဟုတ်။ အသုဒ္ဓပရိသင်္ကိတဖြစ်၍ စုဒိတက(တရားခံ) ပုဂ္ဂိုလ်ကဝန်ခံမှ ဆုံးဖြတ်ရသည်။ ထိုစုဒိတက (တရားခံ) ပုဂ္ဂိုလ်နှင့်အတူ ဥပုသ်ပြုကောင်းသည် – ဟု ပြ၏။

ထိုပါဠိတော်၌ အာမိသ သမ္ဘောဂထက် အရေးကြီးသော ဓမ္မသမ္ဘောဂ သံဝါသတို့ကို ''တေနုပေါသထော''ပုဒ်ဖြင့် ပြသည်။

၉။ ဤအမှုမှာ ဖော်ပြပါ ပါဠိတော်ကြီးကို မလွန်ဆန်နိုင်။ ထို့ပြင် အမှုသည်တို့ ဝန်မခံကြသဖြင့် ''ပဋိညာယ ကာရေတဗ္ဗော'' ဟူသော ပါဠိတော်ကြီးကိုလည်း လျစ်လျူရှု ပစ်ပယ်ထားလို့ မဖြစ်နိုင်ချေ။

ထို့ကြောင့် ဤအမှုကို အစ–အလယ်–အဆုံး သုံးပါးလုံးကို အကြိမ်ကြိမ် စဉ်းစား နှိုင်းချိန်လိုက်သည်ရှိသော် ''သုဒ္ဓ''ဆုံးဖြတ်မှ ယထာဘူတ ဓမ္မိက ဝိနိစ္ဆယ (ဖြတ်ထုံး) ဖြစ်ပေမည်။ သို့ဖြစ်၍–

**အမိန့်**

( ) ကျောင်းသစ် ဘုန်းကြီး ( )မှာ ''သုဒ္ဓ'' ဖြစ်စေ။

မဟာအဋ္ဌကထာ– ကုရုန္ဒီ အဋ္ဌကထာ စသော အဋ္ဌကထာကြီး– ၈–စောင်တို့၌ သော်သည်း အသီးသီး အယူအဆမတူကြပဲ ဝါဒကွဲ အချက်အလက်တွေ များစွာတွေ့မြင်ရသဖြင့် တဦးနှင့်တဦး, တပါးနှင့်တပါး အယူအဆ မတူကြပဲ ဝါဒကွဲမျှဖြင့် အကြည်ညိုပျက်စရာ မဟုတ်ချေ။ သံသယ ရှိသူကိုလည်း မရှိပါနှင့်–ဟုပြောလို့မရှယ်၊ သံသယမရှိသူကိုလည်း ရှိရမည်–

ဟု ဆွဲသွင်းဖို့မလို၊ လူဒကာ–ဒကာမတို့မှာလည်း ဘုန်းကြီးအမှု(သံဃာ့အမှု) ငါတို့နှင့်မဆိုင်–ဟု သဘောထား၍ အသာနေကြရမည်။ မည်သည့်သံဃာကို မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထိပါးပုတ်ခတ်ခြင်း မပြောမဆိုရ။

## သံဃာတော်အရှင်မြတ်တို့ကလည်း

၁။ ပါရာဇိကံ အာပန္နောစ ဘိက္ခုလိင်ေ ဌိတော ယာဝ နပဋိဇာနာတိ၊ တာဝအတ္တေဝ တဿဘိက္ခုဘာဝေါ၊ န သော အနုပသမ္ပန္နသင်္ချံ ဂစ္ဆတိ။ ။ပထမ ပါရာဇိက သာရတ္ထဋီကာ (ဆဋ္ဌ/၁၀၄) ဒုတွဲ။

၂။ သစေ ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ။ တဥ္ဆ မုဉ္စိတွာ ဂဏော ပူရတိ၊ သုပသမ္ပန္နော။ ဦနဝီသတိ သိက္ခာပုဒ် ပါစိတ် အဋ္ဌကထာ (ဆဋ္ဌ/၁၃၆)ပါဠိ။

၃။ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗောတိ ဝုတ္တဋ္ဌာနေ ယထာ အဘိက္ခုနာ ကမ္မဝါစာယ သာဝိတာယပိ ကမ္မံရုဟတိ၊ ကမ္မဝိပတ္တိယာ အသမ္ဘဝတော။ ။ ပထမ ပါရာဇိကာ အဖွင့် ဝဇိရဗုဒ္ဓိဋီကာ (ဆဋ္ဌ/၁၀၉)။

ဤ– ၁– ၂– ၃– လာ အဋ္ဌကထာ, ဋီကာ စကားရပ်တို့ဖြင့် သီလကုန်ခမ်း ဒုဿီလရဟန်းနှင့် ရဟန်း မဖြစ်မှန်းမသိ၊ ရဟန်းဖြစ်ပဲနေသောသူနှင့် ပေါင်းသင်း ဆက်ဆံ ကံကြီးကံငယ်ပြုသော်လည်း ဘာအပြစ်မှ မဖြစ်နိုင်သည်ကို ပြသည်။

သို့ဖြစ်၍ အထက်ပါ သုဒ္ဓ ဖြတ်စာရပြီးသော (          ) နှင့် ကုံ့ကုန့်စ္စ သံသယကင်းရှင်းစွာ နေထိုင် ကျင့်သုံးနိုင်ကြစေ၊ မပေါင်း တချို့၊ ပေါင်းတချို့နှင့် ဖြစ်နေကြပါလျှင် ကျေးရွာနယ်ပယ် အပါယ်လားကြောင်း လောကမကောင်း၊ သံသရာမကောင်း အပေါင်းများစွာ အလွန်နစ်နာမည်ကို ထောက်ထားလျက်–

> ပိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
> သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ။ ။

ဟူသော ဘုရားသခင်၏ အဆုံးအမတော်ကို လက်ခံကျင့်သုံးကြမှသာ လျှင် ခုရော နောင်ပါ ချမ်းသာ အေးမြ အလုံးစုံ ဘေးမခအောင်–

သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ
အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ–

ဟူသော ပါဠိတော်အတိုင်း ဥမကွဲ– သိုက်မပျက် နှစ်သက်ရွှင်ပြ– ရှင်၍ ) နှင့် အာမိသ သမ္ဘောဂ– ဓမ္မသမ္ဘောဂ, သံဝါသ လုံးဝ ဆက်ဆံ၍ ဂန္ထဓုရ, ဝိပဿနာဓုရ တရားနှစ်ပါးကို ပွားများ ကျိုးကုတ် အားထုတ် နေထိုင်တော်မူကြရန် အထူးလျှောက်ထား အပ်ပါသည်။

အရှေ့တိုက်သစ်ဆရာတော်နှင့်
တိုက်တွင်းရှိ စာချဘုန်းကြီးများ
ပခုက္ကူမြို့။

## ၆။ ပေါက်မြို့ ညောင်ပင်ကျောင်းအမှု

နေ့စွဲ။ ၁၃၀၂–ခု၊ ဝါခေါင်လဆန်း ၁၂–ရက်။

၁။ တရားလို စောဒက။ ။နယ်ပိုင်ဝန်ထောက်နှင့် ဒကာ,– ဒကာမများ
၂။ တရားခံ စုဒိတက။ ။( ) ဂိုဏ်းထောက် ဆရာတော်–
(ကြဉ်စာထုတ်သူ)
၃။ အ မှု အ မည် ။ ။ဝိဝါဒါ ဓိကရဏ်းမှု။

## ပဋိညာဉ် လက်မှတ်ထိုး

ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ကြီးနှင့် အလည်တိုက် ဆရာတော် ၂–ပါးတို့ထံ အောက်ပါ သုံးပါးတို့က အောက်ပါအတိုင်း ပဋိညာဉ် လက်မှတ် ကိုယ်တိုင်ရေးထိုးကြသည်။

ပေါက်မြို့ ညောင်ပင် ကျောင်းအမှုနှင့် ကြဉ်စာထုတ်မှု အတွက် ဆရာတော်ကြီးသုံးပါးတို့ ပြောဆိုဆုံးမ အမိန့်ချသည့်အတိုင်း ပြီးပြတ်ပြေငြိမ်း နိုင်ကြပါကြောင်း ဝန်ခံချက်မရှိ၊ ပဋိညာဉ် ပေးကြပါသည်ဘုရား။

## ကိုယ်တိုင် လက်မှတ် ထိုးကြသူများ

၁။ ( ) ( ) ကျောင်းတိုက်၊ ပဌမနေသူ။
၂။ ( ) ( ) ကျောင်းတိုက်၊ ဒုတိယနေသူ။
၃။ ( ) ( ) ဂိုဏ်းထောက် ဆရာတော်–
(ကြဉ်စာထုတ်သူ)

ဤအမှုမှာ ပေါက်မြို့ ( ) အရာမ်မြေကို အစွဲပြု၍ (ရှင် )နှင့် (ရှင် )တို့ ဖြစ်ပွားသော အမှုဖြစ်သည်။

ယင်းမာပင် ဂိုဏ်းသံဃာ (၁၃)ပါးက–

(ရှင် )မှာ အမွေစား သုံးဦးရှိသည့်အနက် တဦးကသာ လှူသဖြင့် အလှူမမြောက်။

(ရှင် ) အား အမွေစား သုံးဦးလုံးက လှူသောကြောင့် အလှူမြောက်သည်-ဟု ဆုံးဖြတ်ကြသည်၊ ယင်းဆုံးဖြတ်ချက်ကို မကြေနပ်သောကြောင့် ( ) ဂိုဏ်းထောက် ဆရာတော် ( ) က ၎င်း( ) ဂိုဏ်း သံဃာ (၁၃)ပါးကို ကြည်စာထုတ်ခြင်း ဖြစ်သည်။

ယင်းသို့ ကြဉ်စာထုတ်လိုက်ခြင်းကြောင့် သံဃာကွဲခြင်း လူကွဲခြင်း ဖြစ်တော့မည့် အခြေအနေ ဆိုက်ရောက်နေသောကြောင့် ပေါက်မြို့ နယ်ပိုင်ဝန်ထောက် အပါအဝင် ဒကာ,- ဒကာမများက ပခုက္ကူမြို့ ဆရာတော်ကြီး ၃-ပါးထံ စွဲဆိုလျှောက်ထားသော အမှုဖြစ်သည်။

## ကောက်ချက်ထုတ်

၁။ ဤအမှု၌ အသီးသီး တင်သွင်းကြသော အဆိုလွှာတို့ကို လက္ခံစစ်ဆေး သုံးသပ်ဝေဖန်လိုက်သည် ရှိသော်–

အစဉ် အဆက် အထက်ထက်က အကြိမ်ကြိမ် အမှု အခင်း ဖြစ်ပွားခဲ့သော ကျောင်းဝိုင်း ဖြစ်၍ အလွန်ပင် ရှုပ်ထွေးလှသော ကျောင်းဝိုင်း အမှုဖြစ်သည်။

ဤကျောင်းပိုင်း အတွင်း၌ နေကြသော(ရှင် )နှင့် (ရှင် )တို့မှာလည်း မသင့် မတင့် ဖြစ်ကြလျက် နေထိုင်ကြခြင်းသည် လောကမမွေ နေရာမကျ၊ အကုသိုလ်ဓမ္မ ဖြစ်ပွားကြမည်သာ ဖြစ်၍ အကုသိုလ်ဓမ္မ မဖြစ်ပွားပဲ ကုသိုလ်ဓမ္မ ဖြစ်ပွားလျက် အားလုံး ရဟန်းရှင်လူ-နယ်သူနယ်သား မကွဲပြားရအောင် ဤအခင်း ဖြစ်ရာ ညောင်ပင်ကျောင်းတိုက်မှ ဝါကျွတ်လျှင် ကျွတ်ခြင်း နှစ်ပါးလုံး ထွက်ခွါ ရှောင် ရှား သင့်လျော်ရာ နေထိုင်ကြမှအဆင်ပြေမည်။

၂။ တရားဆုံးဖြတ်သော သံဃာ ၁၃ ပါးနှင့်(ရှင် )ကို ကြဥ်စာ ထုတ်သော ( )ဂိုဏ်းထောက်ဆရာတော်သည်လည်း မိမိယူဆ ချက် ထင်မြင်ချက်အရ၊ ကြဥ်စာထုတ်ခြင်းဖြစ်၍ ဝိနည်းဓမ္မကံ ကြောင်းအရ "ယထာဘူတ ဖြစ်လောက်ပြီ" ဟု- ယူဆပြီးလျှင် ဝိနိစ္ဆယ (ဖြတ်ထုံး)ပြုလုပ်ကြခြင်း ဖြစ်ခြင်းကြောင့် "ကူဋဝိနိစ္ဆယ" ဟု- မဆိုနိုင်။

၃။ အကယ်၍ ကူဋဝိနိစ္ဆယ(ဖြတ်ထုံး)ဖြစ်စေကာမူ—

မူရနိက္ခေပ ဝသေနေဝ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။

ဟူသော ပါရာဇိကဏ် အဋ္ဌကထာ (ဆဋ္ဌ/ )အရ- မူရနိက္ခေပ မရှိသေးသောကြောင့် တရားစီရင်သော သံဃာ ၁၃ ပါးတို့အပေါ် ၌ သံသယမရှိထိုက်ပေ။

၄။ (ရှင် )မှာလည်း သက်သက်လိမ်လိုသောသဘောဖြင့် တရား ဆင်သည်မဟုတ်၊ "သက်ဆိုင်သည်" ဟု- သဘောရ၍ ရိုးရိုးပြောဆို သည်ဖြစ်ခြင်းကြောင့် လည်းကောင်း, မူရနိက္ခေပ မရှိသေးသော ကြောင့် လည်းကောင်း- (ရှင် )ကို ကြဥ်စာမထုတ်လိုက်။ သို့ဖြစ်၍—

**အမိန့်**

(က) (ရှင် ) နှင့် (ရှင် )တို့ ညောင်ပင်ကျောင်းဝိုင်း အတွင်းမှ ဝါကျွတ်လျှင် ထွက်သွားကြစေ။

(ခ) ပေါက်မြို့ပေါ်နှင့် မြို့နယ်ရှိ သံဃာတော်တို့သည်လည်း နေကြမြဲ သဘောအတိုင်း သမဂ္ဂသမ္မောဒ ဧဝိဝဒ မာန ဖြစ်ကြ၍ အာမိသ သမ္ဘောဂ ဓမ္မသမ္ဘောဂ- သံဝါသသုံးဝ ဆက်ခံကြလျက် ဂန္ထဓုရ, ဝိပဿနာဓုရ တရား ၂-ပါးကို ပွားများကြီးကုတ် အားထုတ်နိုင်ကြစေ။

၁။ ရှင်ဇဝန - ပခုက္ကူမြို့အရှေ့တိုက်ဆရာတော်

၂။ ရှင်ပညာ - ပခုက္ကူမြို့အလည်တိုက်ဆရာတော်

၃။ ရှင်သုန္ဒရ - ( ။ )

## ၁၀။ ပခုက္ကူမြို့ (            ) ကျောင်း
## (ဦး          )အကြောင်း

မောင်(          )သည် ယောအကွင်းမှာ ကျောင်းထိုင်နေရာ- ယော အတွင်းရှိ သံဃာတော်တို့က –

''(ဦး          )သည် မိန်းမမှုဖြစ်၍ ပခုက္ကူသံဃာတော်တို့က မပေါင်းသဖြင့် ငါတို့ယောအတွင်း လာနေခြင်းဖြစ်သည်။ ငါတို့လည်း မပေါင်းနိုင်''ဟု- ဖြစ်နေကြပါသည်။ ဆရာတော်ကြီးက နေနိုင်အောင် ထောက်ခံစာ ရေးပေးပါ-ဟု သက်တော် (၈၀)ကျော်(             )ဆရာတော်ကြီးက မောင်(          )နှင့် အတူသာ၍ အရှေ့တိုက်သစ်ဆရာတော်ကြီးထံလျှောက်ထားသည်။

### အရှေ့တိုက်သစ်ဆရာတော်ကမေး၍(ဦး          )၏ ထွက်ချက်

မေး။ ။မင်းပခုက္ကူမှာ ဘာဖြစ်ဖူးသလဲ။
ဖြေ၊ ။ဇာတ်ရုံကြီးနားက အင်္ဂလိပ်သင်းချိုင်းလမ်း, မကျည်းတန်းရပ် (          ၊          ) တို့၏ အိမ်မှာ အသက်(၃၀) ခန့်ရှိ မကွေးမြို့က(          )နှင့်ညအချိန် ၂ ယောက်တည်း အတူနေကြရာ ရာဇဝတ်အုပ် လိုင်စကေးနှင့် ပုလိပ်(          ) တို့ ဖမ်း၍ မိသွားပါသည်။
မေး။ ။မကွေးမြို့မှ (          )သည် ဘယ်လို ဟာမလဲ။
ဖြေ။ ။အချောင် မ,ပါဘုရား။
မေး။ ။အခြား ဘယ်လူ သိသေး သလဲ။
ဖြေ။ ။တပည့်တော်၏ ရဟန်းဒကာ(          )လည်း သိသွားပါသည်။
မေး။ ။အချောင်မနှင့် ဘယ်လိုနေကြသလဲ။
ဖြေ။ ။စောင်ခြုံ၍ နေပါသည်။ သင်းပိုင် ပါပါသည်။ ဧကသီမှာ အိပ်ပေါ်က ဘောင်းထဲမှာ ထားပါသည်။
မေး။ ။ဒီလို မင်းတို့နှစ်ယောက် နေတုန်းကို မိသွားသလား။
ဖြေ။ ။မှန်ပါဘုရား။

မေး။ ။ဘယ်အချိန်လဲ။
ဖြေ။ ။သန်းခေါင်ကျော် လင်းအားကြီး အချိန်ပါဘုရား။
မေး။ ။အနီးအနားမှာ အိမ်ရှင်များ မရှိကြဖူးလား။
ဖြေ။ ။မရှိပါ၊ သူတို့က တခြားနေပါသည်။

ထွက်ချက်ပြီး၏။

"တပည့်တော်က ထောက်ခံစာရေးဖို့ အခွင့်မဆိုက်တော့ပါဘုရား" ဟု- အရှေ့တိုက်သစ် ဆရာတော်ကြီးက ( ) ဆရာတော်ကြီးအား လျှောက်ထားသည်။

"ထောက်ခံစာပေးနိုင်အောင် ကြံဖန်၍ ပေးပါဦး" ဟု ( ) ဆရာတော်ကြီးက ထပ်မံပြီး ပြောဆိုနေပြန်သဖြင့် မထေရ်ကြီးကို လေးစားသောအားဖြင့် "ညှော်သည်အိမ်ခွာ" ဆိုသလို အောက်ပါ ထောက်ခံစာကို ရေးပေးလိုက်သည် –

## အရှေ့တိုက်သစ်ဆရာတော်ကြီး၏ ထောက်ခံစာ

(ဦး )သည် ( )မြောက်ကျောင်းမှာ နေစဉ် မည်သည့်အမှုနှင့်မျှ ဆရာတော်ထံ တရားစွဲဆိုခြင်း မခံရဘူး။ အခြားသံဃာတို့ကလည်း စစ်ဆေးပြုလုပ်ရသည်- ဟု မရှိဘူး- မကြားဘူးကြောင်း ဆရာတော်က ထောက်ခံပါသည်

အရှေ့တိုက်သစ်ဆရာတော်
ပခုက္ကူမြို့

(၎င်း ဦး သည် မရှိတော့ပြီ)

## ၁၁။ အဓိကရုဏ်းငြိမ်းစေရန် လျှောက်ထားနည်း

ပေါက်မြို့နယ်( ) ဆရာတော်ဘုရားကြီးနှင့် ( ) ဆရာတော်ကြီးများထံ ဆက်ကပ်ရန် စာလွှာပါဘုရား။

နေ့စွဲ ၁၃၀၂-ခု၊ တပေါင်းလ ၁၀-ရက်။

ဆရာတော်ကြီးနှစ်ပါး၏ ဂုဏ်တော် ကျေးဇူးတော်ကို ဦးထိပ်- ခြေတော်စုံကို ဦးခိုက်လျက် လျှောက်ထားလိုက်ပါသည်ဘုရား။

မဟာအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ၊ မဟာပစ္စရိအဋ္ဌကထာ၊ စူဠပစ္စရိအဋ္ဌကထာ၊ အန္ဓကအဋ္ဌကထာ၊ သင်္ခေပအဋ္ဌကထာကြီးတို့၌ သော်လည်း အသီးသီး အယူအဆမတူကြပဲ ဝါဒကွဲသော အချက်အလက်တွေကို အများကြီးတွေ့မြင်ရသဖြင့် တဦးနှင့်တဦး တပါးနှင့်တပါး အယူအဆမတူကြပဲ ဝါဒကွဲသည်အတွက် အကြည်ညိုပျက်စရာမဟုတ်ပါ။

ဘော်တော်စဉ် (မကြာသေးသောအချိန်) က ရဟန်းငယ်တပါး ပထမမှုကိစ္စအတွက် ဆရာတော်ကြီး ၂-ပါး တပါးနှင့်တပါး အယူအဆ မတူကြပဲ ကွဲလွဲချက် ရှိနေကြကြောင်းကို ကြားသိရပါသည်ဘုရား။

ယင်း ကွဲလွဲချက်ကြောင့် တပါးနှင့်တပါး အကြည်ညိုပျက်စရာ မဟုတ်ပါဘုရား။ ဖော်ပြပါ အဋ္ဌကထာ ဆရာကြီးများ၏ ဖြစ်ပျက်နေပုံ သဘောကို နှလုံးပိုက်သင့်ပါသည်ဘုရား။

ရဟန်း၊ ရှင်လူ နယ်သူ-နယ်သားတို့ကလည်း အကြည်ညို မပျက်ကြပါ။ စေ့စပ်ညီညွတ်တော်မူကြမည်ကို အထူးမျှော်လင့်တောင့်တလျက် နေကြပါသည်ဘုရား။

ငါတို့လက်ထက်တွင် ကွဲပြားသည်ကို ငါတို့လက်ထက်တွင်ပင် စေ့စပ်ညီညွတ်အောင် ပြုလုပ်ခဲ့မည်-ဟူသော စိတ်တော်ကို အသီးသီး ထူထောင်တော်မူကြပြီးလျှင် နောက်က ပြီးခဲ့သမျှကို မှားသည်၊မှန်သည်မပြု၊ လွှစ်လျူရှုတော်မူကြလျက် ခန္တီ မေတ္တာတရား လက်ကိုင်ထားတော်မူကြ၍ ရဟန်း ရှင်လူ နယ်သူ-နယ်သား ငယ်ရွယ်သူအများတို့အား သနားရှေ့ရှုထောက်ထားတော်မူကြပြီး ကွဲပြားခြင်းကို စေ့စပ်ညီညွတ်အောင် ဆောင်ရွက်တော်မူကြပါမည့်အကြောင်း ဆရာတော် ၂-ပါး၏ ကျေးဇူးတော် ဂုဏ်တော်ကို ဖူးစိုက် ခြေတော်စုံကို ဦးခိုက်၍ လျှောက်ထားလိုက်ပါသည်ဘုရား။

(ရှင်ဇဝန)
အရှေ့တိုက်သစ်ဆရာတော်
ပခုက္ကူမြို့။

## ၁၂။ မတ သန္တက ဝိနိစ္ဆယ (ဖြတ်ထုံး)

(  )ပိုင်၊ (  )ရွာ၊ (  )ဘုန်းကြီး ဦးကောသလ္လက လယ်မြေ၊ ယာမြေ၊ ရွှေ-ငွေ စသော မတသန္တက အကပ္ပိယ ဘဏ္ဍာများ ကို မည်သို့ဖြစ်သင့်ပါသနည်း။ မည်သို့ ကျင့်သင့်ပါသနည်း-ဟု လျှောက် ထားသဖြင့် ပခုက္ကူမြို့၊ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး ရေးသား သော မတသန္တကဝိနိစ္ဆယ(ဖြတ်ထုံး)။

တတ္ထ တိစီဝရ ပတ္တ အဝသေသ လဟုဘဏ္ဍ ဂရုဘဏ္ဍ ဝသေန အာမိသ ဒါယဇ္ဇံ တိဝိဓံ ဟောတိ၊ တေသု တိစီဝရ ပတ္တံ ဂိလာနုပဋ္ဌာကဿ ဘာဂေါ ဟောတိ၊ အဝသေသ လဟု ဘဏ္ဍံ သမ္မုခီဘူတဿ သံဃဿ၊ ပဉ္စဝီသတိ ဝိဓ ဂရုဘဏ္ဍံ စာတုဒ္ဒိသ သံဃဿ။ ကုလမိနာ ကုလတော တိဝိဓေဘဏ္ဍတော အညံဘိက္ခုဘဏ္ဍ နာမနတ္ထိ။ ဣမေဟိ တိဝိဓေဟိ ပုဂ္ဂလေဟိ အညော ဒါယာဒေါ နာမ နတ္ထီတိဒဿေတိ။ ။

စတုပစ္စယ ဘာဇနိယ ဝိနိစ္ဆယကထာ- ဝိနိယာလင်္ကာရ ဋီကာပါဠ်(ဆဋ္ဌ/၃၈)။

ဤပါဠ်ဖြင့် ဒွိသန္တက ဝိဿာသဂ္ဂါဟ ပရဒိန္နမှလွတ်သော ရဟန်း၏ အမွေသည်—

(၁) သင်္ကန်း သပိတ်အမွေ။
(၂) ကြွင်းသော လဟုဘဏ်အမွေ။
(၃) ဂရုဘဏ်အမွေဟု ၃- မျိုးရှိကြောင်းကိုပြ၏။

ထို့ပြင် ဤအမွေ ၃-မျိုးမှတပါး ရဟန်း၏ အမွေမည်သည် မရှိ-ဟူသည်း ပြ၏။

ထို့ပြင် —

(၁) သင်္ကန်း, သပိတ်အမွေကို ဂိလာနုပဋ္ဌာကအား ပေးထိုက် သည်။
(၂) ကြွင်းသော လဟုဘဏ်ပစ္စည်းကို သမ္မုခီဘူတ သံဃာအား ပေးထိုက်သည်။

(၃) ဂရုဘာဏ်ပစ္စည်းကိုကား စာတုဒ္ဒိသ သံဃာ ရတိုက် သည်။

ဤအခံမွေ့ခံ ၃-ဦးမှတပါး အခြား အမွေခံမရှိကြောင်းကို ပြ၏။

လယ်မြေ, ယာမြေ, ရွှေငွေ စသော အကပ္ပိယ ဘဏ္ဍာများသည်- "ဘိက္ခုသ ဘိက္ခုဝေ ကာလကတေ သံဃဿာ မိ"စသော ဝိနည်းမဟာ ဝါ ပါဠိတော်အရ မတသန္တက သံဃိကဖြစ်သည်။ သို့သော်လည်း သုံးဆောင် ထိုက်သော "သံဃိက အကပ္ပိယဘဏ္ဍာ"ဟု မှတ်ပါ။

နံပါတ် ၂- အမွေ့,နံပါတ် ၃-အမွေ့ထဲသို့ သွင်းယူရမည်။ နံပါတ် ၂ အမွေခံဖြစ်သော သမ္မုခီဘူတ သံဃာက ရူပိယသိက္ခာပုဒ်၌ လာသော နည်းဖြင့် စွန့်ရမည်၊ (ဝိနယာလင်္ကာရ ဋီကာနည်းပြီး၏။)

မတကဿ ဟိရညာဒိ အကပ္ပိယဘဏ္ဍံ ဟောတိ၊ ဥဂ္ဂဏှိတံ စေတံ ဟောတိ၊ ဥဂ္ဂဟိတေ ဖုတ္တ နယေန ပဋိပဇ္ဇိတဗ္ဗံ။ ဓမ္မေန ဥပ္ပန္နံ စေ၊ အကပ္ပိယကာရကော အာစိက္ခိတဗ္ဗော။ ပဇ္ဇရဗုဒ္ဓိ ဋီကာပါဠိ (ဆဋ္ဌ/ )။

**အနက်။** ။မတကဿ၊ သေသောရဟန်းအား။ ဟိရညာဒိအကပ္ပိယ ဘဏ္ဍံ၊ ရွှေ-ငွေ အစရှိသော အကပ္ပိယ ဘဏ္ဍာသည်။ ဟောတိ၊ ရှိသည်ဖြစ်အံ့။ တံ၊ ထိုရွှေငွေအစရှိသော အကပ္ပိယ ဘဏ္ဍာကို။ ဥဂ္ဂဟိတံ၊ ခံအပ် ကိုင်အပ်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့၊ ဥဂ္ဂဟိတေ၊ ဥဂ္ဂဟိတသိက္ခာပုဒ်၌။ ဝါ။ ရူပိယသိက္ခာပုဒ်၌။ဝုတ္တနယေန။ဘုရားသခင်ဟောတော်မူအပ် သောနည်းဖြင့်။ ဝါ။ နည်းအတိုင်း။ ဝါ။ နည်းနှင့် အညီ။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ကြံကြိုးကုတ် အားထုတ် လိုက်နာအပ်၏။ ဓမ္မေန၊ တရားသဖြင့်။ စေဥပ္ပန္နံ။ အကယ်၍ဖြစ်ငြားအံ့။ ကပ္ပိယကာရကော။ကို။ အာစိက္ခိတဗ္ဗော၊ ပြောကြားအပ်၏။

ဤဝဇီရဗုဒ္ဓိ ဋီကာပါဠိဖြင့် သေသောရဟန်း၏ ခံအပ်၊ ကိုင်အပ်သော အကပ္ပိယ ဘဏ္ဍာဖြစ်အံ့၊ ရူပိယသိက္ခာပုဒ်၌ လာသော နည်းအတိုင်း ကျင့်အပ်၏။

တရားသဖြင့်ရသော အကပ္ပိယ ဘဏ္ဍာဖြစ်အံ့။ ကပ္ပိယ ကာရကကို ပြောကြားအပ်၏-ဟု ပြ၏။

ဝဇီရဗုဒ္ဓိဋီကာနည်းပြီး၏။

သစေပိ အာဝါသေ မရတိ၊ တဿ ပတ္တ စီဝရမတ္တ မေဝ၊ ဥပဇ္ဈကဿ ဂစ္ဆတိ။ သစေပိ အဝသေသံ ကပ္ပိယ ဘဏ္ဍံ ဝါ အကပ္ပိယ ဘဏ္ဍံ ဝါ သမဏာနံ အနုရူပံ ဝါ အနနု ရူပံ ဝါ ဝေဘင်္ဂိကံ ဝါ အဝေဘင်္ဂိကံ ဝါ၊ နိဿဂ္ဂိယံ ဝါ အနိဿဂ္ဂိ ယံ ဝါ၊ သဗ္ဗန္တံ သံဃသန္တကမေဝ ဟောတိ၊ ယထာ ဓမ္မေန ပဋိပဇ္ဇိတဗ္ဗံ။ (ဝိနယဂုဠှတ္ထ ဒီပနီပါဠိ။)

ဤပါဠိဖြင့် ဒွိသန္တက ဝိဿာသဂ္ဂါဟ ပရိဒိန္နမှ လွတ်သော သေသော ရဟန်း၏ အပ်၊ မအပ်သော ဘဏ္ဍာဟူသမျှသည် သံဃိကချည်းသာ ဖြစ်၏။ ယထာဓမ္မ ကျင့်အပ်၏ ဟု ပြ၏။ ဝိနယဂုဠှတ္ထ ဒီပနီနည်း ပြီး၏။

ဤဝိနယာလင်္ကာရဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာ၊ ဝိနယဂုဠှတ္ထဒီပနီတို့ စုစည်း အဓိပ္ပာယ်အတိုချုပ်ကား—

လယ်မြေ၊ ယာမြေ၊ ရွှေ၊ ငွေ စသော မတသန္တက ကပ္ပိယဘဏ္ဍာများ သည် သမ္မုခီဘူတ သံဃာက ယထာဓမ္မ ကျနအောင် စွန့်အပ်၊ ကျင့်အပ်၏။ တရားသဖြင့်သာ အထက်အဆိုပါ ပစ္စည်းများကို ကပ္ပိယကာရကအား ပြော ကြားအပ်၏၊ ကိုယ်တိုင် ကိုင်တွယ်၍ မသုံးဆောင်ကောင်း-ဟု ပြ၏။ စုစည်း အဓိပ္ပာယ် ပြီး၏။

သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံဝဋ္ဋတိ-ဟု သံဃာကို ပန်ကြား၍ စေတီယကိစ္စကို ပြုခြင်းငှာ အပ်ကြောင်းကို ပရိဝါ အဋ္ဌကထာ၌ လာရှိရကား သေသောရဟန်း၏ ဆန္ဒနာရဟ မတသန္တက သံဃိကာ အကပ္ပိယ ဘဏ္ဍာကို သံဃာအား ပန်ကြား၍ သေသွားသောရဟန်း၏ [illegible] ရဟန်း သံဃာများအား ကျွေးမွေး လှူဒါန်းခြင်းကိစ္စမှ [illegible] အသုံးပြုခြင်းငှာ သင့်လျော်၏။ အသုံးပြုကောင်း၏။ ဥပမာ ကျောင်း၊ လောင်တိုက် စသည်တို့အတွက် အသုံးပြုနိုင်သည်-ဟု ဆိုလို [illegible] သော် ကျမ်းဂန်တိုက်ရိုက်မရှိ။ ပြီး၏။

အရှေ့တိုက်သစ်ဆရာတော်

[illegible]

## ၁၃။ ဂတိကဝတ်ဖြင့် အဖြေရှာနည်း

မြို့၊ နေရပ်၊ အမည်မဖော်လိုသူက လျှောက်ထားပါသည်၊

ဆရာတော်ကြီးဘုရား—

မည်သည့်ဘုန်းကြီးသည် ကုလားတယောက် စီးပွားပျက်ပြားအောင် သူ့ယ်ဝိုက်သောနည်းဖြင့်ဆောင်ရွက်လုပ်ကိုင်စိမံသဖြင့် ၎င်းကုလားမှာ စီးပွားပျက်ရရှာပါသည်။ သို့အတွက် သံဃာများက ၎င်းဘုန်းကြီးကို ကုက္ကုစ္စ သံသယ ရှိနေကြပါသည်။ ၎င်းကိစ္စကို အဆင်ပြေအောင် မည်ကဲ့သို့ ဆုံးဖြတ်သင့်ကြောင်းကို မိန့်ကြားစာတစောင် မ,စတော်မူပါ ဆရာတော်ကြီးဘုရား။

၎င်းဆုံးဖြတ်ချက်အမိန့်စာကို ့ဝိနည်းစာဝါ ချုပ်စဉ် ရေးခိုင်းတော်မူပါ ဘုရား။

ဖော်ပြပါစာသည် စာတိုက်မှ ရောက်လာသဖြင့် ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်က ပြန်စာရေး ဆုံးဖြတ်ချက်ပေးလိုက်သည်။

### ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၏ ဆုံးဖြတ်ချက် ပြန်ကြားစာ

နေ့စွဲ—၁၃၀၄—ခု၊ ဝါဆိုလဆန်း ၈-ရက်။

သူကြီး၊ မြို့ဝန်၊ စစ်ကဲ၊ နာခံ အရာရှိတို့ကို ရဟန်းက စာသွင်း၍ အရာကျသည့်အမှုကို တစုံတရာ သိက္ခာပုဒ်ဖြင့် မဆုံးဖြတ်နိုင်-ဟု လုံးထော် ဆရာတော်က ပကိဏ္ဏက ဝိသဇ္ဇနာ ဒုတိယအုပ်၊ စာမျက်နှာ နံပါတ် ၂၈၂-၌ ပါရှိသည်ကို တွေ့မြင်ရသည်။ (တရပ်)

ကုလားအကျိုး ပျက်စီးအောင်ပြုလုပ်သောဘုန်းကြီး၏ စိတ်စေတနာ လုပ်ပုံ အချင်းအရာတို့ကို မစစ်မဆေး မမေးမမြန်းပဲနှင့် အဝေးမှ နေ၍ ဝိနိစ္ဆယချဖို့ရန်မလွယ်ကူပေ။ (တရပ်)

ထို့ကြောင့် ၎င်းဘုန်းကြီးကို မည်သို့ ဆုံးဖြတ်သင့်သည်-ဟု ဆရာတော်က တင်မြင်ချက်မပေးနိုင်။

၎င်းဘုန်းကြီးမှာ သူ့ဝန်သူထမ်း၊ သူ့လမ်းသူသွား၊ သူ့အမှားကို သူပင်ခံလိမ့်မည်-ဟု သံဃာက လျစ်လျူရှု၍ မနေသင့်၏။

ဆုံးဖြတ်ချက်ပေးလျှင် လိုသူ မလိုသူ နှစ်မျိုးတို့ ကွဲကုန်ကြပေမည်။

အကယ်၍ သံဃာညီညွတ်လျှင် အောက်ပါ ဂတိကဝတ် စာတမ်း ရေးသား၍ ဂတိကဝတ်ပြုရန်၊ မညီညွတ်လျှင် မပြုလုပ်ပါနှင့်။

## ကတိကဝတ်စာတမ်း

ကုလားကို အကျိုးပျက်စီးအောင် ပြုလုပ်မှုနှင့်ပတ်သက်၍ ၎င်းဘုန်းကြီးမှာ ကြီးလေးသော အပြစ် ဖြစ်ထိုက်သော်လည်း ငါတို့ဝိနိစ္ဆယျမချလို၊ ဝိနယကုက္ကုစ္စ သံသယရှိကြသည့်အတွက် ၎င်းဘုန်းကြီးနှင့် အာမိသမ္ဘောဂ-ဓမ္မသမ္ဘောဂ-သံဝါသမပြုကြပဲ ရပ်စဲ၍ ထားကြစတမ်း–ဟု ကတိကဝတ်ပြုကြရမည်။

ဤကတိကဝတ်စာတမ်းကို သံဃာ့အစည်းအဝေးမှာ သုံးခေါက်တိတိ ဖတ်ကြားရမည်။ (ကိုယ်တိုင်လက်မှတ်ထိုးကြစေ။)

၎င်းဘုန်းကြီးက သံဃာ့ထံ အစစ်အဆေး အဆုံးအဖြတ်ခံ၍ သုဒ္ဓဝိနိစ္ဆယ ရရှိသောအခါမှ ကတိကဝတ်စာတမ်းကို ပြန်၍ ရုပ်သိမ်းရန်၊ သုဒ္ဓဝိနိစ္ဆယျ မရသမျှ ကာလပတ်လုံး၊ မရုပ်သိမ်းပဲ ထားရန်ဖြစ်သည်။

အရှေ့တိုက်သစ်ဆရာတော်

ပခုက္ကူမြို့

**ဆရာတော်ဘုရားကြီးကိုယ်တိုင်လက်တွေ့ဆုံးဖြတ်ခဲ့သော**

**အမှုတွဲများပြီး၏။**

# ၂။ သိက္ခာပုဒ်များ၌ အထူး မှတ်သားဖွယ်များ

## ပါရာဇိကကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်း မှတ်ချက်

### သာမဏေများ ဝိနည်းသင်ကောင်း, မသင်ကောင်း

၁။ တိဿောသာ ဏေရော ဝ ဟုတွာ ထပေတွာ
ဝိနယပိဋကံ သဗ္ဗံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိ သဒ္ဓိံ အဋ္ဌကထာယ။
(ပါရာဇိကဏ် အဋ္ဌကထာပါဠိ ဆဋ္ဌ/၃၂)။

ဤပါဠိဖြင့် မောဂ္ဂလိပုတ္တ တိဿသာမဏေသည် ဝိနည်းပိဋကတ်ကို ချန်ထား၍ ကျန်ပိဋကတ်များကို သင်ယူသည်-ဟု ပြ၏။

၂။ သာမဏေရာနံ ဝိနယပရိယာပုဏနံ ဝာရိတ္တံ နဟောတီတိ။

ထပေတွာ ဝိနယပိဋကံ အဝသေသံ ဗုဒ္ဓဝစနံ
ဥဂ္ဂဏှာပေသီတိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။

(သာရတ္ထဋီကာ ဆဋ္ဌ/၁၂၃-လာ ဂဏ္ဌိပုဒ်စကား။)

ဤပါဠိဖြင့် အလေ့အကျင့်မဟုတ်လို့သာ ဝိနယပိဋကတ်ကို ချန်ထားခြင်း ဖြစ်သည်။ မသင်ကောင်းလို့ မဟုတ်-ဟု အဓိပ္ပာယ်ရသည်။

၃။ သကလဝိနယာစာရ ပဋိပတ္တိ ဥပသမ္ပန္နာနမေဝ
ဝိဟိတာတိ တပ္ပရိယာ ပုဏနမပိ တေသညေဝ
အနုရူပန္တိအာဟ ထပေတွာ ဝိနယပိဋကန္တိ။
(ဝိမတိဋီကာ ဆဋ္ဌ/၂၀)။

ဤပါဠိဖြင့် ဝိနည်းအကျင့်ကို ရဟန်းတို့အတွက်သာ စီရင်အပ်သည် ဖြစ်၍ ဝိနည်းကို သင်ယူမှုသည်လည်း ရဟန်းတို့အားသာ သင့်လျော်သောကြောင့် "ထပေတွာ ဝိနယပိဋကံ" - ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုခြင်း ဖြစ်သည်။ သာမဏေများ ဝိနည်းသင်ကောင်းလို့ မဟုတ်-ဟု ပြ၏။ သို့ဖြစ်၍ သာမဏေများ ဝိနည်းသင်ကောင်းသည်-ဟု မှတ်ရသည်။

## ပရပုတ္တ ဓမ္မာနုဂ္ဂဟသည် သာသနာ ဒါယာဒ ဖြစ်,မဖြစ်

"အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ"-ဟူ၍သာလျှင် အရှင်မောဂ္ဂလိပုတ္တ တိဿ မထေရ် ဟောတော်မူခြင်းဖြစ်သည်။ "ပရေသံ" သဒ္ဒါမပါ ရှိချေ။ ထို့ပြင် အားကိုးရမည့် ဝိနည်းဋီကာကြီး သုံးဆောင်ကလည်း မည်သို့မျှ ဖွင့်မပြချေ။

### အာစရိယပ္ပရံပရာ

သားတော် မဟိန္ဒသည် ရှင်ရဟန်း ပြုခဲ့သော် မဟိန္ဒလည်း အရဟတ္တဖိုလ်သို့ ရောက်နိုင်သောအကျိုး, သာသနာတော်လည်း ကြီးပွား တိုးတက်မည်ကို မြင်ခြင်းကြောင့် "အတ္တနော ဩရသံ ပုတ္တံပဗ္ဗာဇေတိ"-ဟု သာလျှင် ဟောတော်မူခြင်း ဖြစ်သည်။

အကယ်၍ "ပရေသံ ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ" - ဟူ၍ ဟောတော်မူခဲ့သော် သီရိဓမ္မာသောက မင်းကြီးသည် (မင်းဟူသော တန်ခိုး အရှိန်အဝါဖြင့် ပရပုတ္တ (သူတပါးသားသမီး) ပေါင်း၊ သိန်းသောင်း ကုဋေကို ရှင်ရဟန်းပြုစေ၍၊ ရဟန်းဒကာ, ရဟန်းအမ ပြုလုပ်ရာ၏။ မိမိ၏ သားသမီးများကိုကား မပြုစေတန်ရာ၊ သို့ဖြစ်၍ "ပရေသံ" သဒ္ဒါကိုထည့်၍ မဟောခြင်း ဖြစ်သည်-ဟု ဆရာအဆက်ဆက် ဆုံးဖြတ်ကြသည်။ ငါတို့လည်း နှစ်ချိုက်သည်။

သို့ဖြစ်၍ ပရေသံ သဒ္ဒါထည့်၍ မဟောသော်လည်း ပရပုတ္တ ဓမ္မာနုဂ္ဂဟသည် (ဝါ) သူတပါး သားသမီးကို ရှင်,ရဟန်း ပြုပေးခြင်းသည် သာသနဒါယာဒ (သာသနာ့အမွေ)ကို ခံယူထိုက်သည်-ဟု ကျေးဇူးရှင် ဆရာတော် ဘုရားကြီး အမိန့်ရှိတော်မူ၏။

### လုံးတော် ဆရာတော်ဝါဒ

ယေသံ သာသနေ ပဗ္ဗဇိတာ ပုတ္တဓီတရော နသန္တိ၊
နတေသာသနေ ကတ္တဗ္ဗကိစ္စံ အတ္တနော ဘာရံ
ကတ္វာ ဝဟန္တီတိ ဣမမတ္ထံ သန္ဓာယ ထေရော
ဝေမာလ နခေါမဟာရာဇ (လ) ဟောတီတိ"
(သာရတ္ထဋီကာ ဆ/၁၃၄)။

ဤဋီကာ စကားအရ ပရပုတ္တကိုပင် ဖြစ်စေ၊ သာသနာတော်၌ ရှင်ရဟန်း ပြုစေသော ဒကာ, ဒကာမတို့မှာ သာသနာတော်၌ ပြုသင့် ပြုထိုက်သော ကိစ္စတာဝန်ကို မိမိနှင့် စပ်လျဉ်းသည်ကို ပြု၍ (မိမိတာဝန်ပဲ-ဟု သက်ဝင်ယုံကြည်၍) ဆောင်ရွက်ခြင်းကြောင့် ပရပုတ္တ ဓမ္မာနုဂ္ဂဟသည် သာသန ဒါယာဒ ဖြစ်သည်-ဟု လုံးတော် ဆရာတော် မိန့်တော်မူ၏။ (အာစရိယ ဝါဒနှင့် အတူပင်တည်း။)

## သာသန် ဒါယဇ္ဇပုဒ် စိစစ်ချက်

''ဒါတဗ္ဗန္တိဒါယံ၊ မိဖဟိုက သားသမီးတို့အား စင်စစ်ပေးခြင်းငှာ ထိုက်သော အမွေအနှစ် ပစ္စည်းဥစ္စာရ၏။

ဒါယံအာဒ ဒါတီတိ ဒါယာဒေါ၊ အမွေဥစ္စာနှစ်ကို ခံယူထိုက်သော သားသမီးများ ရ၏။

ဒါယာဒဿဘာဝေါ ဒါယဇ္ဇံ၊ အမွေအနှစ်ပင်ရ၏။ (ဖြစ်ပေါ်မှာ ဘောဆင့်လား ဂုဏ်သာ ထိုပုဒ်အရတည်း။)

သာသနဿ ဒါယဇ္ဇံ၊ သာသနဒါယဇ္ဇံ-ဟုပြု။

သာသနဿ၊ သာသနာတော်၏။ ဒါယဇ္ဇံ၊ အမွေအနှစ်တည်း။ သာသနဒါယဇ္ဇံ။ သာသနာတော်၏ အမွေအနှစ်၊ ရဟန်းခံခြင်း၊ ရှင်ပြုခြင်း အမှုတည်း။ ဗုဒ္ဓဒါယဇ္ဇ- ဟုလည်း ခေါ်ရ၏။ ဘုရား အမွေခံ ဆိုလိုသည်။ (သဒ္ဒါရေး စိစစ်ချက်တည်း။)

## သာသနဒါယာဒ ပုဒ်ကို ဋီကာကြီးတို့ စိစစ်ချက်

သာသန ဒါယာဒေါ ဟောမိ နဟောမီတိ
သာသနဿ ဉာတကော အဗ္ဘန္တရောဟောမိ
နဟောမီတိ အတ္ထော။ ။(သာရတ္ထ၊ ဆဋ္ဌ/၁၃၄)။

ဤပါဠိဖြင့် သာသနဒါယာဒ-ဟူသည် သာသနာတော်နှင့် ဆွေမျိုးတော်စပ်သော သူတည်း။ သာသနာတော်၏ အတွင်းသူ အတွင်းသားတည်း- ဟု ပြ၏။

သာသနဿ ဒါယာဒေါတိ သာသနဿ
အဗ္ဘန္တရော ဉာတကော ဟောမိ နဟောမီတိ အတ္ထော။
(ဝိမတိ-ပ/၂၉)။ (သာရတ္ထဋီကာနှင့် အဓိပ္ပာယ်-တူလာသည်။)

သေက္ခာ ဝ ပရမတ္ထံတော ဒါယာဒါ၊
တထာပိ ထေရော မဟိန္ဒကုမာရဿ ပဗ္ဗဇ္ဇတ္ထံ
ဧကေန ပရိယာယေန လောကစိမ္မ သိဒ္ဓေန
ဝေမာဟ ယောကောစိ မဟာရာဇ။ ပ။
သြရသံ ပုတ္တန္တိ။ပ။ သြရသောပုတ္တော မာတာပိတူဟိ
ပဗ္ဗဇိတော စေ၊ အတ္တတော တေ သယံ ပဗ္ဗဇိတာဝိယ ဟောန္တိ။
(ဝဇိရဗုဒ္ဓိ ဋီကာ ပ/၂၆-၂၇)။

ဤဋီကာပါဌ်ဖြင့် သေက္ခပုဂ္ဂိုလ်များ သာလျှင် သာသနဒါယာဒ (သာသနာ့အမွေ)ခံထိုက်ကုန်၏။ သို့သော်လည်း သြရသပုတ္တကို မိဘတို့က ရှင်ရဟန်းပြုစေခြင်းအားဖြင့် အနက်သဘောထားဖြင့် မိဖ ၂-ပါးတို့သည် မိမိတို့ ကိုယ်တိုင် ရှင်ရဟန်း ပြုကြရကုန်သကဲ့သို့ သာသနာ့ အမွေကို ခံထိုက်ကုန်သည်-ဟု ပြ၏။ (သက်နှံမဝတ်နိုင်သော မိခင်များ အထူးဝမ်းသာဖို့ ကောင်းလှသည်။)

## စေတနာနှင့် ကံတူပုံ၊ ထူးပုံ

သီရိဓမ္မာသောက မင်းကြီးသည် ရဟန်းတော်များ အဓိကရဏ်းဖြစ်ပြီး ဥပုသ်မပြုပဲ နေကြစဉ် အဓိကရဏ်းကို ငြိမ်းစေ၍ ဥပုသ်ပြုစေလော"-ဟု အမတ်ကို စေခိုင်းလိုက်ရာ ထိုအမတ်က ဥပုသ်မပြုသော ရဟန်းများစွာကို သတ်၍အဓိကရဏ်းကို ငြိမ်းစေလိုက်သည် ရဟန်းများကို သတ်မှုအတွက် မိမိမှာ အပြစ်ရှိ, မရှိ မင်းကြီးအား သံသယဖြစ်၍ နေလေသည်။

ထိုမင်းကြီး၏ သံသယကို အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်က "ဒကာတော်မင်းကြီးမှာ သေစေလိုသော စေတနာမရှိလျှင် အပြစ်မရှိ-ကံမထိုက်"-ဟု

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ-ပါဠိတော်ကို သာဓကပြုလျက် ဖြေရှင်းပေးခဲ့ဘူးသည်။

ထိုပါဠိတော်၌ စေတနာနှင့် ကံသည် မည်သို့တူပါသနည်း၊ ထူးပါသနည်း-ဟု စဉ်းစားဘွယ်ရှိသည်။

**တူပုံကား။** ။စေတနာနှင့် ကံသည် တရားကိုယ် အရ ကောက်သော် စေတနာ စေတသိတ် တမျိုးတည်း ဖြစ်၍ တရားကိုယ်အားဖြင့် တူကြသည်။

**ထူးပုံကား**။ ။၎င်း နှစ်ပါး သည် အခိုက်အတန့် ကာလအားဖြင့် ထူးကြသည်။

ပဋိဝိဓာ သမင်္ဂိတာ အာယူဟန သမင်္ဂိတာ၊
စေတနာသမင်္ဂိတာ၊ ကမ္မသမင်္ဂိတာ- ဝိပါက
သမင်္ဂိတာ၊ ဥပဋ္ဌာနသမင်္ဂိတာတိ။
(ဉာဏဝိဘင်းအဖွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠိ။)

၁။ ဤပါဠိ၌ တခုသောကုသိုလ်-အကုသိုလ်ကို ပြုလုပ်ရာ၌ ရှေးအဖို့ အားထုတ်ခြင်းသည် အာယူဟနသမင်္ဂိတာမည်၏။
၂။ ကုသိုလ်- အကုသိုလ် ပြုဆဲ၊ ပြုတုန်း အဆုံးသတ် ဖြစ်သော စေတနာသည် စေတနာ သမင်္ဂိတာမည်၏။
၃။ ပြုပြီးသည့်မှစ၍ အကျိုးပေးသည့် တိုင်အောင် ကမ္မသမင်္ဂိတာ မည်၏။
၄။ အကျိုးပေးတုန်း ပေးဆဲကာလသည် ဝိပါကသမဂိတာမည်၏။
၅။ ထိုမိမိပြုခဲ့သောကုသိုလ်- အကုသိုလ်များကို သေခါနီးကာလ၌ နိမိတ်ထင်လာခြင်းသည် ဥပဋ္ဌာနသမင်္ဂိတာမည်၏။

ဤ၌ စေတနာသမင်္ဂိတာ- ကမ္မသမင်္ဂိတာ- ဟု တမျိုးစီလာသောကြောင့် စေတနာနှင့် ကံသည် တရားကိုယ်အားဖြင့် တူသော်လည်း အခိုက်အတန့် ကာလအားဖြင့် ထူးခြားသည်-ဟု ကျေးဇူးရှင်ဆရာတော် ဘုရားကြီး ဆုံးဖြတ်တော်မူ၏။

## ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ပုံ အကျဉ်းချုပ်

၁။ ပစ္စန္တိက မထေရ်ကို ကသ္မီရဂန္ဓာရ တိုင်းသို့ စေလွှတ်သည်။ (ကုလ္လိယပြည် အနောက်မြောက်ယဲမှာ ကပ်ဆမီးရားနယ်-ဟု မြေပုံ၌ တွေ့ရှိရ။)
၂။ မဟာဒေဝ မထေရ်ကို မဟိံသကတိုင်း အပြင်သို့ စေလွှတ်သည်။ မဟိံသက မဏ္ဍလန္တိ အန္ဓကရဋ္ဌံ ဝဒန္တိ။ (သာရတ္ထ ဋီကာ- ပ- ၁၅၀)။ ဝဇိရ ဗုဒ္ဓိ ဋီကာ၌လည်း ထိုအတူ လာရှိသည်) (ကုလ္လိပပြည်၏ အနောက်တောင် အာရေဗျပင်လယ်၏ အရှေ့

ဘက်၌ မပဟိံသကတိုင်း — ဟု ခေါ်ကြောင်းကို မြေပုံ၌ တွေ့ရ၏။)

၃။ ရက္ခိတမထေရ်ကို ဝနဝါသီတိုင်းသို့ စေလွှတ်သည်။

"ဝနဝါသီရဋ္ဌံ သီရိခေတ္တနဂရေ"-ဟူသော သာသနာဝံသ ပဒီပိကာကျမ်း၌ ဆိုသောကြောင့် ဝနဝါသီတိုင်း- ဟူသည် သရေခေတ္တရာခေါ် ပြည်မြို့- ဟုယူဆကြသည်၊ သို့ရာတွင် မြေပုံ၌ကား ဣန္ဒိယအနောက်တောင် အာရေဗျပင်လယ်၏ အရှေ့ဘက်၌ တွေ့ရှိရသည်။ အထောက် သာကေ မရှိချေ။ (မြေပုံမှာ တွေ့ရုံနှင့် မှန်သည်-ဟု အတည်တကျ မယူဆနိုင်)။

၄။ ယောနကဓမ္မရက္ခိတ မထေရ်ကို အပရန္တတိုင်းသို့စေလွှတ်သည်။

အပရန္တတိုင်းကို သုနာပရန္တတိုင်း— ဟု ခေါ်သည်။ မြန်မာပြည် လယ်ကိုင်းကျောင်းတော်ရာဌာန-ဟု ကျောက်စာ ရာဇဝင် သမိုင်းများ၌ အခိုင်အမာရှိ၏။

ဣန္ဒိယပြည် အနောက်ပိုင်း အာရေဗျပင်လယ်၏ အရှေ့၌ "အပရန္တတိုင်း"—ဟု မြေပုံမှာ တွေ့ရှိရ၏။

(အကိုး အကားသာဓက အခိုင်အလုံးမရှိပဲ မြေပုံမှာ တွေ့ရုံနှင့် အပရန္တတိုင်း-ဟူသည် ဣန္ဒိယပြည် အနောက်ပိုင်း အရေဗျပင်လယ်၏ အရှေ့ဘက်မှာရှိသည်။ တို့မြန်မာပြည်က- သုနာပရန္တတိုင်း မဟုတ်ဘူး-ဟု တသစ်ချ ယူဆရန်မလို။)

၅။ မဟာဓမ္မရက္ခိတ မထေရ်ကို မဟာရဋ္ဌသို့ စေလွှတ်သည်။

ဣန္ဒိယပြည် အနောက်ပိုင်းမှာ မဟာရဋ္ဌတိုင်း— ဟု မြေပုံ၌ တွေ့ရှိသည်။

၆။ မဟာရက္ခိတ မထေရ်ကို ယောနက လောကသို့ စေလွှတ်သည်။

ယောနက လောက-ဟူသည် ပန်းသေးပြည်—ဟု နိဿယ ဆရာတော်ကြီး အသီးသီး မြန်မာပြန်ဆိုကြသည်။

ဣန္ဒိယပြည် အနောက်မြောက်ပိုင်းမှာ "ယောနကတိုင်း"- ဟု မြေပုံ၌ တွေ့ရှိရ၏။ (မြေပုံမှာ တွေ့ရှိရရုံနှင့် ဆရာတော်ကြီး များ၏ အနက်ကို မပယ်သင့်။)

၇။ မဇ္ဈိမ မထေရ်ကို ဟိမဝန္တာအရပ်သို့ စေလွှတ်သည်။

ပဉ္စ ပိစ ထေရာ ပဉ္စရဋ္ဌာနိ ပသာဒေသုံ။ ။(ပါရာဇိကာဏ် အဋ္ဌကထာ ဆဋ္ဌ/၅၁)။ ပဉ္စရဋ္ဌာနီတိ ပဉ္စ [illegible]ရဋ္ဌာနိ။ ။

(သာရတ္ထဋီကာ–ဆဋ္ဌ/၁၅၃၊ ဝိမတိ၊ ဝဇီရတို့၌လည်း ထိုအတူ လာသည်။) စိန်တိုင်း ငါးရပ်ဆိုလိုသည်၊ ၎င်းစိန်တိုင်း ငါးရပ်–ဟူသည် ယခုကာလ တရုပ်ပြည်ကြီးဖြစ်သည်။

၈။ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရ မထေရ်တို့ကို သုဝဏ္ဏဘုမ္မိသို့ စေလွှတ်သည်။

သုဝဏ္ဏဘုမ္မိ– ဟူသည် အခုကာလ သထုံ– ယိုးဒယားတည်း–ဟု ဂဏ္ဍိ၌ အမှာရှိသည်။ ရာဇဝင်၌ကား သထုံမြို့တည်း–ဟု အတိအကျ ဆိုထားသည်။)

၉။ အရှင်မဟာမဟိန္ဒ မထေရ်ကို သီဟိုဠ်ကျွန်းသို့ စေလွှတ်သည်။

**အမှာ။** ။ကိုးတိုင်း ကိုးဌာန စေလွှတ်ရာ၌ ခေါင်းဆောင်ပုဂ္ဂိုလ်၏ အမည်ကိုသာ ဖော်ပြထားသည်။ အမှန်မှာ နောက်ပါသံဃာ ၄–ပါးစီ အနည်းဆုံး ပါရှိကြသည်။ ကံဆောင်ရန်အတွက် ပစ္စန္တရာဇ်အရပ် ဖြစ်၍ ၅– ပါး ရှိလျှင် ကံဆောင်ကိစ္စ ပြီးနိုင်သော ကြောင့်တည်း။

ထိုပြင် ကိုးတိုင်း ကိုးဌာနတို့တွင် အပရန္တတိုင်း လယ်ကိုင်းကျောင်းတော်ရာမှာ မဟာပုဏ္ဏရဟန္တာနှင့် မန်းစက်တော်ရာမှာ သစ္စဗန္ဓရဟန္တာတို့က စ၍ သာသနာတည်ခဲ့လေသည်။ ၎င်းအဆက်သည် သာသနာတော် ၂၃၅–နှစ် ယောနကဓမ္မရက္ခိတ မထေရ် သာသနာပြု ကြွလာသောအခါ အဆက်အနွယ် မပြတ်သေးပေ။ အဘယ့်ကြောင့် ဆိုသော်။ "အင်္ဂုတ္တရန္ဒော ပမေ နေတ္ထ၊ ပသာဒေတိ ဇနေ ဗဟူ"–ဟူသော ပါရာဇိကဏ် အဋ္ဌကထာ (ဆဋ္ဌ/၅၀) ပါဠိအရ အင်္ဂုခန္ဓော ပမသုတ်သည် လူနှင့်မဆိုင်၊ အနေအထိုင် မကောင်းသော ရဟန်းတော်များနှင့်ဆိုင်သည်။ ၎င်းသုတ်ကို ဟောတော်မူသည်ကို ထောက်သဖြင့် သေးသေးသိမ်သိမ် မှေးမှေးမှိန်မှိန် မကျသေး ကြောင်း သိရသည်။

## သီဟိုဠ်ကျွန်းအတွက် ဘုရားသခင်၏ အဓိဋ္ဌာန် ၄ ပါး

ထေရော "ဂန္တဗ္ဗံ မဟာရာဇ မဟာဗောဓိနာ လင်္ကာဒီပန္တိ"
ဝတွာ ဘဂဝတော မဟာပဉ္စ အဓိဋ္ဌာနာနိ ကထေသိ၊
ကတမာနိ ပဉ္စ၊ ဘဂဝါ ကိရ (လ) ကူဒံပဉ္စမ မဓိဋ္ဌာနန္တိ။
(ပါရာဇိကဏ် အဋ္ဌကထာ– ဆဋ္ဌ/၆၈–၆၉)။

ဘုရားသခင်သည် ပရိနိဗ္ဗာန် စံခါနီး၌ သီဟိုဠ်ကျွန်းအတွက် အမိန့်တော် ငါးပါးကို ထားတော်မူခဲ့သည်။

၁။ တတိယသင်္ဂါယနာတင် သီရိမေ္ဗာသောကမင်းကြီးသည် မဟာဗောဓိမှ တောင်ဘက်အကိုင်းကို အပင့်လာသော အခါ တံစုံ တခုဖြင့် မဖြတ်ရပဲ သူ့အလိုလိုပြတ်ပြီး ရွှေဖျဥ်းအိုး၌ တည်ပါစေသတည်း။

၂။ ရွှေဖျဥ်းအိုး၌ တည်ပြီးလျှင် ရွှေဖျဥ်းအိုးနှင့်တကွဆီးနှင်းတိမ်တိုက်သို့ ဝင်၍ တည်ပါစေသတည်း။

၃။ ခုနစ်ရက်မြောက်သောနေ့တွင် ဆီးနှင်းတိမ်တိုက်မှ ဆင်းက်ဆင်း၍ ရွှေဖျဥ်းအိုး၌ တည်လျက် အရွက်အသီးတို့မှ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်ပါစေသတည်း။

၄။ လက်ျာညှပ်ရိုးတော်သည် ထူပါရုံ စေတီတည်သောနေ့၌ တန်ခိုး အစုံအစုံကို ပြပါစေသတည်း။

၅။ ငါဘုရား၏ တစိတ်မျှလောက်သော ဓာတ်တော်တို့သည် သီဟိုဠ် ကျွန်း၌ပင် မဟာစေတီတည်သောအခါ၌ ဘုရားသခင်၏ရုပ်ပုံ တော်ကို ဖန်ဆင်းလျက် ကောင်းကင်သို့ တက်ပြီးလျှင် တန်ခိုးအစုံ အစုံကို ပြကြပါစေကုန်သတည်း။ ဤကား– အဋ္ဌကထာလာ အမိန့်ငါးမျိုးတည်း။

(သာရတ္ထဋီကာ၌ မဟာဝင်လာ အစီအစဉ်ကို ပြလျက် အဋ္ဌကထာ လာ အစဉ်ကို ရှေ့နောက်ညီ–ဟု ယ်ထားသည်၊ အနှစ်သာရ မဟုတ် သဖြင့် ရှုတ်ထွေးမည် စိုးသောကြောင့် မရေးတော့ပြီ။)

### ဝိနည်းလေးပါး မှတ်ဖွယ်

တသ္မိံ ပန သိက္ခာပဒေစ သိက္ခာပဒဝိဘင်္ဂေစ
သကလေစ ဝိနယဝိနိစ္ဆယေ ကောသလ္လံ
ပတ္ထယန္တေန စတုဗ္ဗိဓော ဝိနယော ဇာနိတဗ္ဗော။
စတုဗ္ဗိဓံ ဟိ ဝိနယံ၊ မဟာထေရာ မဟိဒ္ဓိကာ။
နီဟရိတွာ ပကာသေသုံ၊ ဓမ္မသင်္ဂါဟကာ ပုရာ။
ကတမံ စတုဗ္ဗိဓံ ... သုတ္တံ၊ သုတ္တာနုလောမံ၊
အာစရိယဝါဒံ၊ အတ္တနောမတိံ။

(ပါရာဇိကကဏ် အဋ္ဌကထာ ဆဋ္ဌ/၁၉၅-၆)။
ဤပါဠိဖြင့် ဝိနည်းလေးပါး–ဟူသည်–

၁– သုတ္တ၊ ၂–သုတ္တာနုလောမ၊ ၃–အာစရိယဝါဒ၊ ၄– အတ္တနောမတိတည်း–ဟု ပြသည်။ ထိုတွင်

၂။ မဟာပဒေသ လေးပါးကို သုတ္တာနုလောမ ခေါ်သည်။

၃။ အဋ္ဌကထာကို အာစရိယဝါဒ ခေါ်သည်။

၄။ မိမိ၏ အယူအဆ အတွေးအခေါ်ကို အတ္တနောမတိ ခေါ်သည်။

**တနည်း။** ။အဋ္ဌကထာ၌ လာသော ထေရဝါဒ အားလုံးကို အတ္တနောမတိ ခေါ်သည်။

## မဟာပဒေသ နှစ်မျိုးအထူး

ဆိုခဲ့သော ဝိနည်း ၄–ပါးတို့တွင် ၂– နံပါတ် သုတ္တာနုလောမ ခေါ် မဟာပဒေသသည်–

၁။ ဝိနည်း မဟာပဒေသ– ၄–ပါးနှင့်

၂။ သုတ္တန်မဟာပဒေသ– ၄–ပါး–ဟု နှစ်မျိုးရှိပြန်သည်။ ထိုတွင် ဝိနည်း မဟာပဒေသ ၄–ပါးမှာ ဝိနည်းမဟာဝါ ပါဠိတော်နှင့် ပါရာဇိကကဏ် အဋ္ဌကထာတို့၌–

တသ္မိံ ဘိက္ခဝေ မယာ ဣဒံ န ကပ္ပတီတိ အပ္ပဋိက္ခိတ္တံ– အစရှိသည်ဖြင့် လာရှိပေသည်။

## သုတ္တန် မဟာပဒေသ ၄–ပါးမှာ–

စတ္တာရောမေ ဘိက္ခဝေ မဟာပဒေသေ ဒေသေဿာမိ– အစ ရှိသည်ဖြင့်–

(၁) ဗုဒ္ဓါပဒေသ မဟာပဒေသ

(၂) သံဃာပဒေသ မဟာပဒေသ

(၃) သမ္ဗဟုလာ မဟာထေရာ ပဒေသ မဟာပဒေသ။

(၄) ဧကမဟာထေရာ ပဒေသမဟာပဒေသ–ဟု သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူပေသည်။

## ဝိနည်းဓိုရ်ပြည့်စုံရမည့် လက္ခဏာ ၃-ပါး

တီဏိ ဟိ ဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ။
ကတမာနိ တီဏိ—
၁။ သုတ္တဉ္စဿ သွာဂတံ ဟောတိ-သုပ္ပဝတ္တိ သုဝိနိစ္ဆိတံ
သုတ္တတော အနုဗျဉ္ဇနတောတိ ဣဒမေကံ လက္ခဏံ။
၂။ ဝိနယေ ခေါ ပန ဌိတော ဟောတိ
အသံဟိရောတိ ဣဒံ ဒုတိယံ။
၃။ အာစရိယ ပရမ္ပရာ ခေါ ပနဿ သုဂ္ဂဟိတာ ဟောတိ
သုမနသိ ကတာ သူပ ဓာရိတာတိ ဣဒံ တတိယံ။
(ပါရာဇိကဏ် အဋ္ဌကထာပါဠိ ဆဋ္ဌ/၁၉၄)။
ဤ၃ပါးဖြင့် ဝိနည်းဓိုရ်ပြည့်စုံရမည့် လက္ခဏာကို ပြ၏။

**ကိုဘွင်—** ၁။ ဝိနည်းပိဋကတ်၌ အနက်အဓိပ္ပာယ် အဆုံးအဖြတ်ကို သံသယ မရှိ သိရှိပြီး နှုတ်တက်အာဂုံရအောင် ဆောင်ထားနိုင်ခြင်း။
၂။ ဝိနည်း၌ လဇ္ဇီအဖြစ်ဖြင့် တွန့်တို ဆုတ်နစ်ခြင်း မရှိ၊ တည်ရှိ ရခြင်း။
၃။ ဆရာစဉ်ဆက်ကို သိရှိရခြင်း။ (အရှင်ဥပါလိမှ- မိမိဆရာထိ အောင်၊ မိမိဆရာမှ အရှင်ဥပါလိ မထေရ်တိုင်အောင် သိရှိရ မည်။ အားလုံး မသိနိုင်ခဲ့သော် ၃-ဆက် ၃-ဆက်တိုင်အောင် သိရှိရမည်-ဟု ဆိုလိုသည်။)

## ခြောက်ဌာန၌ မှတ်ဖွယ်

ဆိုအပ်ခဲ့သော လက္ခဏာသုံးပါးနှင့် ပြည့်စုံသော ဝိနည်းဓိုရ်သည် သံသယအစည်းအဝေးသို့ တရားလို တရားခံတို့က အမှုတွဲ တင်လာသည်ရှိသော် ချက်ချင်း မဆုံးဖြတ်သေးပဲ အောက်ပါ ခြောက်ဌာနကို စဉ်းစား နှိုင်းချိန်ရမည်။ ၎င်းတို့မှာ—

၁။ ဝတ္ထုကို ကြည့်ရမည်။ (သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်း။)
၂။ မာတိကာကို ကြည့်ရမည်။ (သိက္ခာပုဒ်အကျဉ်း။)
၃။ ပဒဘာဇနီကို ကြည့်ရမည်။ (သိက္ခာပုဒ်အကျယ်။)

၄။ တိက်အပိုင်းအားကို ကြည့်ရမည်။ (တိကသံဃာဒိသ်စသည်။)
၅။ အန္တရာပတ္တိဝါရကို ကြည့်ရမည်။ (သိက္ခာပုဒ်တို့၏ အကြား၌ သင့်သော အာပတ်။)
၆။ အနာပတ္တိဝါရကို ကြည့်ရမည်။ (သာယာမှု မရှိလျှင် အာပတ် မသင့်။)
ဤခြောက်ပါးတို့ ဖြစ်သည်။

ယော ဟိ ဘိက္ခု ဧတုမ္ဗိ ဝိနယကောဝိဒေါ
တိလက္ခဏာ သံမ္ပန္နော ကူလေ့နိ ဆ ဌာနာနိ
ဩလောကေတွာ အဓိကရဏံ ဝူပသမေဿတိ။
တဿ ဝိနိစ္ဆယော အပ္ပဋိဝတ္တိယော၊ ဗုဒ္ဓေန သဒ္ဓိံ
နိသီဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ။
(ပါရာဇိကကဏ် အဋ္ဌကထာ ဆဋ္ဌ/၂၀၂)။

ဤပါဌ်ဖြင့် ဝိနည်းလေးပါးကို သိ၍ လက္ခဏာ သုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤခြောက်ဌာနကို ကြည့်၍ ဆုံးဖြတ်သည်ရှိသော် ဘုရားကိုယ်တော်တိုင် ဆုံးဖြတ်ဘိသကဲ့သို့ ငြင်းသူမျှ လှုပ်မချောက်ခြားနိုင်တော့ချေ-ဟု ပြ၏။

## ဝိနည်းဓိုရ်၏ အခြားလုပ်ငန်းများ

ဟန္ဒေဝံ ဝိနိစ္ဆယကုသလံ ဘိက္ခုံ ယေကောစိ ကတသိက္ခာပဒ
ဝီတိက္ကမော ဘိက္ခု ဥပသင်္ကမိတွာ အတ္တနော ကုက္ကုစ္စံ
ပုစ္ဆေယျ။ (လ) အဝိနဿာပါန မနသိကတွာ ဝီတိက္ကမော
ပန သချိမာ ဝီတ္တလဟုကာ။ (ပါ-ပ-အဋ္ဌကထာ-၂၀၂)။

ဤပါဌ်ဖြင့် သိက္ခာပုဒ် လွန်ကျူးမိသော ရဟန်းတပါးပါးက ဝိနည်းဓိုရ်ထံ မည်သည့်အာပတ်သင့်ပါသနည်း-ဟု လာမေးခဲ့သော် အာပတ် မသင့်လျှင် မသင့်ဘူး-ဟု ပြောရမည်။

အာပတ်သင့်ပြန်လျှင်လည်း ဒေသနာဂါမိအာပတ် ဖြစ်အံ့၊ "ဒေသနာဂါမိ အာပတ်ဖြစ်သည်၊ ဒေသနာကြားလော့"၊ ဝုဋ္ဌာနဂါမိအာပတ် ဖြစ်အံ့၊ "ဝုဋ္ဌာနဂါမိ အာပတ်ဖြစ်သည်။ ပရိဝါသ်မာနတ် ဆောက်တည်လော့"-ဟု ပြောရမည်။ "ပါရာဇိကကျပြီ"-ဟု ထင်မြင်ခဲ့သော် "ပါရာဇိကကျပြီ"-ဟု

ချက်ခြင်း အဆုံးအဖြတ် မပေးရသေးချေ။ အကြောင်းကား ပထမပါရာဇိက စတုတ္ထပါရာဇိက အာပတ်များ သင့်လျှင် ထင်ရှားစွာ သိနိုင်သည်။ ဒုတိယ, တတိယ ပါရာဇိကအာပတ်တို့ကား သိမ်မွေ့လှသဖြင့် လွယ်ကူစွာ မသိနိုင်သောကြောင့်တည်း-ဟု ပြသည်။

တေ သုခုမေနေဝ အာပဇ္ဇတိ၊ သုခုမေနေ ဝုဋ္ဌာတိ၊
တသ္မာ ဝိသေသေန တံ ဥတ္တုကံ ကုက္ကုစ္စံ ပုစ္ဆိယမာနော
“အာပတ္တိ”တိ အဝတွာ သစဿ အာစရိယော ဓရတိ၊
တတော တေန သော ဘိက္ခု အမှာကံ အာစရိယံ
ပုစ္ဆာတိ ပေသေတဗ္ဗော။
(ပါရာဇိကဏ် အဋ္ဌကထာ- ဆဋ္ဌ/၂၀၂)။

ဤပါဠိဖြင့် ထိုပါရာဇိက အရိပ်အရောင် ထင်နေသော ပုဂ္ဂိုလ်သည် မိမိ၏ သံသယ ကုက္ကုစ္စကို မပယ်ရှားနိုင်သဖြင့် မေးလာခဲ့သော် “ပါရာဇိက ကျပြီ”-ဟု မပြောဆိုသေးပဲ မိမိမှာ ကျေးဇူးရှင် ဆရာသခင် အသက်ထင်ရှား ရှိသေးခဲ့သော် “ငါတို့ဆရာထံ သွား၍ လျှောက်ထား ပါလေ-” ဟု စေလွှတ်လိုက်ရမည်-ဟု ပြ၏။

သစေ သော ပုန အာဂန္တွာ “တုမှာကံ အာစရိယော
သုတ္တတော နယတော ဩလောကေတွာ
‘သတေကိစ္ဆော’တိ မံ အာဟာ”တိ ဝဒတိ။
တတော အနေန သော “သာဓု သုဋ္ဌု ယံ
အာစရိယော ဘဏတိ၊ တံ ကရောဟီ”တိ ဝတ္တဗ္ဗော။
(ပါရာဇိကဏ် အဋ္ဌကထာ ဆဋ္ဌ/၂၀၂)။

ဤပါဠိဖြင့် ယင်းသံသယရှိသော ရဟန်းသည် အရှင်ဘုရားတို့၏ ဆရာတော်ဘုရားက တပည့်တော်မှာ သင့်သော အာပတ်သည် ပါဠိအဋ္ဌကထာနည်းမျိုးစုံဖြင့် ကြည့်ရှုဆင်ခြင် သုံးသပ်၍ “ကုစားရ၍ ရကောင်းသော အာပတ်”-ဟု ပြောကြားကြောင်းကို ပြန်လည်လျှောက်ထားလာခဲ့သော် “ကောင်း-ပါပြီ ကောင်းပြီ၊ ဆရာတော်ဘုရားကြီး အမိန့်ရှိလိုက်သည့်အတိုင်း လိုက်နာကျင့်သုံးပေလော့”-ဟု ပြောလိုက်ရမည်-ဟု ပြ၏။

အထ ပနဿ အာစရိယော နတ္ထိ၊ သဒ္ဓိံ ဥဂ္ဂဟိတတ္ထေရော၊
ပန အတ္ထိ၊ တဿ သန္တိကံ ပေသေတဗ္ဗော၊
“အမှေဟိ သဟ ဥဂ္ဂဟိတတ္ထေရော–
ဂဏပါမောက္ခော၊ တံ ဂန္တွာ ပုစ္ဆာ”တိ။
တေနာပိ “သတေကိစ္ဆော” တိ ဝိနိစ္ဆိတေ–
“သာဓု သုဋ္ဌု တဿေဝ၊ ဝစနံ ကရောဟိ” ဝတ္တဗ္ဗော။
(ပါရာဇိကကဏ် အဋ္ဌကထာ ဆ/၂၀၂)။

ဤပါဌ်ဖြင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်မှာ မိမိ၏ကျေးဇူးရှင် ဆရာသခမ်းမရှိ၍၊ အတူစာသင်ဖက်ရှိခဲ့သော် “ငါ့ကိုနှင့် အတူ စာသင်ဖက်ပုဂ္ဂိုလ်သည် ဂဏပါမောက္ခ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်ထံသွား၍ မေးစမ်းပါဦး”–ဟု လွှတ်လိုက်ရမည်။

ထိုသူငယ်ချင်း စာသင်ဖက် ပုဂ္ဂိုလ်ကလည်း “ငါ့ရှင် အာပတ်သည် ကုစားလို့ ရကောင်းသော အာပတ် ဖြစ်သည်”–ဟု ဆုံးဖြတ်ခဲ့သော်– “ကောင်းပြီ–ငါ့ရှင် သူ၏စကားကို နားထောင်ပေတော့”–ဟု ပြောဆိုသင့်ကြောင်း ပြ၏။

အထ သဒ္ဓိံ ဥဂ္ဂဟိတတ္ထေရောပိ နတ္ထိ၊ အန္တေဝါသိကော
ပဏ္ဍိတော အတ္ထိ၊ တဿ သန္တိကံ ပေသေတဗ္ဗော၊
အသုက ဒဟရံ ဂန္တွာ ပုစ္ဆာ”တိ။
တေနာပိ “သတေကိစ္ဆောတိ ဝိနိစ္ဆိတေ သာဓု
သုဋ္ဌု တဿ ဝစနံ ကရောဟီ” တိ ဝတ္တဗ္ဗော။
(ပါရာဇိကကဏ် အဋ္ဌကထာ ဆ/၂၀၂)။

ဤပါဌ်ဖြင့် ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်မှာ–ဆရာလည်းမရှိ၊ ဆရာတူ တပည့်လည်း မရှိ၊ အဆုံးအဖြတ်ပေးနိုင်သော တပည့်ရင်းရှိခဲ့သော် ထိုတပည့်ထံသို့ စေလွှတ်လိုက်ရမည်၊ ထိုတပည့်ကလည်း ရှေးနည်းတူ “ကုစားကောင်းသော အာပတ်”–ဟုဆုံးဖြတ်ခဲ့သော် ထိုတပည့်၏စကားကို လိုက်နာကျင့်သုံးရမည်–ဟု ပြောသင့်ကြောင်းကို ပြသည်။

အထ ဒဟရဿာပိ ပါရာဇိကစ္ဆာယာဝ ဥပဋ္ဌာတိ၊
တေနာပိ “ပါရာဇိကောသိ”တိ နဝတ္တဗ္ဗော။

ဒုတ္တလော ဟိ ဗုဒ္ဓုပ္ပာဒေါ၊ တတော
ဒုလ္လဘတရာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ။
(ပါရာဇိကကဏ် အဋ္ဌကထာ ဆ/၂၀၂-၃)။

ဤပါဠိဖြင့် ပညာရှိ တပည့်ရဟန်းငယ်မှာလည်း ပါရာဇိက အရိပ်အရောင် ထင်ခဲ့သော် "ငါ့ရှင် သင်သည် ပါရာဇိက ကျပြီ"-ဟု မပြောဆိုထိုက်သေးပါ။ အကြောင်းကား ဗုဒ္ဓုပ္ပါဒ နဝမ ခဏသည် အလွန်ရခဲသည်။ ထိုထက် ရှင်သာမဏေ အဖြစ် ရှင်ရဟန်းအဖြစ်က ပို၍ ရခဲသောကြောင့်တည်း-ဟု ပြသည်။

ဓဝံ ပန ဝတ္တဗ္ဗော "ဝိစိတ္တံ ဩကာသံ သမ္မဇ္ဇိတွာ
ဒိဝါ ဝိဟာရံ နိသီဒိတွာ သီလာနိ သောဓေတွာ
ဒွတ္တိံသာကာရံ တာဝ မနသိ ကရောဟီ"တိ။
(ပါရာဇိကကဏ် အဋ္ဌကထာ- ဆဋ္ဌ/၂၀၃)။

ဤပါဠိဖြင့် ပါရာဇိက အရိပ်အရောင် ထင်ခဲ့သော် "ပါရာဇိကကျပြီ"-ဟု မဆုံးဖြတ်ပဲ ကောစာ ကျင့်ခိုင်းရမည်-ဟု ပြ၏။

## ကောစာ (တပါးတည်း) နေရန် အဆုံးအဖြတ်ရေးနည်း

အမှုမှာ ပါရာဇိကဓ္ဌာယာ များစွာပေါ်ထွက်လျက် ပဋိညာဉ်မပေးပဲ နေခဲ့သော "အသုဒ္ဓ" ဖြစ်စေ မရေးရ၊ ကောစာနေစေရန် အခွင့်ဆိုက်သည်၊ စာတန်းဆုံးဖြတ်ချက် ရေးပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

နေ့စွဲ၊ ၁၃၀၈-ခု၊ နတ္တော်လဆုတ် ၁၂-ရက်။
၁။ တရားလို စောဒက၊ ဦးနာဂ .... မြို့၊ .... ရွာ၊ .... ကျောင်း။
၂။ တရားခံ စုဒိတက ၊ ဦးတိဿ .... မြို့၊ .... ရွာ၊ .... ကျောင်း။
၃။ ဝတ္ထုသည်မ ၊ မိမည်သူ .... မြို့၊ ....ရွာ၊ဈေးသည်(အပျို)။
၄။ အမှုအမည် ။ ပထမ ပါရာဇိက အမှု။

ဤအမှု၌ ပါရာဇိကဓ္ဌာယာ- များစွာ ပေါ်ထွက် နေသော်လည်း "ပဋိညာဏ ကာရေတဗ္ဗော" ပါဠိတော်ကြီးကို မလွန်ဆန်နိုင်သောကြောင့် "အသုဒ္ဓ" ဆုံးဖြတ်လို့ မဖြစ်ချေ။

**သို့အတွက်**

“ဝိဝိတ္တံ ဩကာသံ သမ္မဇ္ဇိတွာ ဒိဝါ ဝိဟာရံ နိသီဒိတွာ
သီလာနိ သောဓေတွာ ဒွတ္တိံသာကာရံ တာဝ မနသိကရောဟိ”–
ဟူသော ပါရာဇိကဏ် အဋ္ဌကထာအရ “ငါ့ရှင်သည် ဆိပ်ငြိမ်ရာ အရပ်၌ သေနာသနဝတ် စသည်ကို ပြုလျက် မိမိနှင့် သင့်လျော်သော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍” ကေစာ (တပါးတည်း)နေစေ။

## စည်းဝေးရာပါ သံဃာတော်တို့ ကိုယ်တိုင် လက်မှတ်များ

၁။ ဦးဒတ္တ .... မြို့၊ .... ရွာ၊ .... ကျောင်း ဆရာတော်ဘုရားကြီး
၂။ ဦးဗုဒ္ဓ .... မြို့၊ .... ရွာ၊ .... ကျောင်း ဆရာတော်ဘုရားကြီး
၃။ ဦးမေဓာ .... မြို့၊ — ရွာ၊ .... ကျောင်း ဆရာတော်ဘုရားကြီး

(ထင်ရှားသော ဆရာတော်ဘုရားကြီးများကို ကိုယ်တိုင် လက်မှတ်ထိုးခိုင်းပါ။)

**မှတ်ချက်။** ။ကေစာ-တနှစ်နေစေ– နှစ်နှစ်နေစေ– စသည်ဖြင့် အမိန့်စာ၌ မပါရချေ။ ကျမ်းဂန်မရှိ၊ နှုတ်မိန့်ပေးရုံသာတော်သည်။

## ကမ္မပတ္တ သရုပ်ရေတွက်ပုံ

ကမ္မပတ္တာတိ ကမ္မာရဟာ ပါရာဇိကံ အနာပန္နာ အနုက္ခိတ္တာစ။
(သာရတ္ထဋီကာ- ဆဋ္ဌ/၅၅-ဒုအုပ်။)

ဤ၌ ကမ္မပတ္တရဟန်းသည် ကံထိုက်သော ရဟန်းတည်း။ ၄ပါး-ပြုရမည့်ကံ၌ ရဟန်းလေးပါးသည် ကမ္မပတ္တရဟန်း။ ၅-ပါးပြုရမည့် ပဉ္စဝဂ်ကံ၌-ရဟန်း ၅- ပါးသည် ကမ္မပတ္တ ရဟန်းဖြစ်သည်။ ထိုကမ္မပတ္တရဟန်းသည်–

၁။ ပါရာဇိက မကျသေးသော ပုဂ္ဂိုလ်
၂။ ဥက္ခိတ္တက မဟုတ်သော ပုဂ္ဂိုလ်–ဟူ နှစ်မျိုးရှိကြောင်းကိုပြသည်

## သမဂ္ဂရေတွက်ပုံ

သမဂ္ဂေန သံဃေနာတိ (လ) ယာဝ တတိယကာ ဘိက္ခူ
ကမ္မပတ္တာ၊ တေသံ အာဂတတ္တာ ဆန္ဒာရဟာနံ
ဆန္ဒဿ အာဟဋတ္တာ သမ္မုခီဘူတာနဉ္စ အပ္ပဋိက္ကောသနတော
ကောဿံ ဟာနေ့ သမဂ္ဂတာဝ ဥပပဝေပေ။
(ပါရာဇိကဏ် အဋ္ဌကထာ- ဆဋ္ဌ/၂၀၇-ပ-အုပ်။)

ဤ၌ သမဂ္ဂအရ သမဂ္ဂဘာဝကို ယူရမည်။ ထိုသမဂ္ဂဘာဝ (ညီညွတ်သည်၏အဖြစ်)ဟူသော သမဂ္ဂသည်–

၁။ ကမ္မပတ္တ ရဟန်းတို့၏ နှစ်တောင်ထွာ ဟတ္ထပါသ် အတွင်းသို့ ရောက်လာခြင်း။

၂။ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ယူခြင်း။

၃။ မျက်မှောက် သံဃာဘို့က မတားမြစ်ခြင်းအားဖြင့် သုံးပါးရှိကြောင်းကို ပြသည်။

## ဉတ်ကို စတုတ္ထခေါ်ရကြောင်း

ဉတ္တိစတုတ္ထေနာတိ ဧတ္ထ ကိဉ္စာပိ ဉတ္တိ သဗ္ဗပဌမံ ဝုစ္စတိ၊
တိဿန္နံ ပန အနုဿာဝနံ အတ္ထဗျဉ္ဇန ဘေဒါဘာဝတော
အတ္ထဗျဉ္ဇန ဘိန္နာ ဉတ္တိ တာသံ စတုတ္ထာတိ ကတွာ
"ဉတ္တိစတုတ္ထန္တိ" ဝုစ္စတိ။
သာရတ္ထဋီကာ (ဆဋ္ဌ/၅၅-ဒု-အုပ်)။

ဤဉတ္တိစတုတ္ထ ကမ္မဝါစာ၌ဉတ်ကိုအစဆုံး ရွတ်ဆိုရသည် မှန်သော်လည်း ကမ္မဝါစာသုံးမျိုးသည် အနက်သဒ္ဒါအားဖြင့် ကွဲပြားမှုမရှိသောကြောင့် အနက်သဒ္ဒါအားဖြင့် ကွဲပြားမှုမရှိသောကြောင့် အနက်သဒ္ဒါအားဖြင့် ကွဲပြားမှုရှိသော ဉတ်ကိုလေးကြိမ်မြောက်ထား၍ "ဉတ္တိစတုတ္ထ ကမ္မဝါစာ"-ဟု ဆိုခြင်းဖြစ်သည်။

## အကုပ္ပ၌ မှတ်ဖွယ်

အကုပ္ပေနာတိ ဝတ္ထုဉတ္တိ, အနုဿာဝန, သီမာ,
ပရိသသမ္ပတ္တိ သမ္ပန္နတ္တာ အကောပေတဗ္ဗတံ
အပ္ပဋိက္ကောသိ တဗ္ဗဘာဝ ဉ္စ ဥပဂတေန။
(ပါရာဇိကဏ် အဋ္ဌကထာ ဆဋ္ဌ/၂၀၈-ပ-အုပ်။)

ဆောင်ပုဒ်) ၁။ ဝတ္ထုဉတ်မှ၊ သာဝန၊ သီမာ-ပရိသတ်။
၂။ သမ္ပတ္တိဂုဏ်၊ ငါးအင်စုံ၊ မှတ်ကုံ အကုပ္ပတ်။
ဟူသည်နှင့်အညီ–

–၁။ ဝတ္ထုသမ္ပတ္တိ။ –၂။ ဉတ္တိသမ္ပတ္တိ
–၃။ အနုဿာဝနသမ္ပတ္တိ။ –၄။ သီမာသမ္ပတ္တိ၊
–၅။ ပရိသသမ္ပတ္တိ–ဟု ဖအကုပ္ပအင်္ဂါ ၅-ပါးနှင့်-

ဥပဥ္စဂ်-ဟု ခေါ်သည်။ (ဥတ္တရိဘူတော ပဥ္စင်္ဂေါ ပဥ္စင်္ဂေါတိ၊ ဝတ္တဗ္ဗေ ဝေါဟာရဝသေန ဥပဥ္စင်းတိ ဝုစ္စတိ။)

## သိက္ခာတင် သိက္ခာချ၌ မှတ်ဖွယ်

ရဟန်းခံခြင်း ခေါ် သိက္ခာတင်ရာ၌ ဖော်ပြပါ (ဉတ္တိ,သမ္ပတ္တိ- စသော သမ္ပတ္တိ ငါးပါးနှင့် ပြည့်စုံမှ ရဟန်းဖြစ်သည်။

သိက္ခာချရာ၌ကား- အင်္ဂါ ၆- ပါးနှင့် ပြည့်စုံမှ သိက္ခာကျသည်၊ လူဖြစ်သည်။ ထိုခြောက်ပါးတို့ကား-

၁။ ယခုပင် လူထွက်လိုသော စိတ်ရှိခြင်း။
၂။ ဗုဒ္ဓံပစ္စက္ခာမိ- စသော ခေတ်ပုဒ်တို့တွင် တပုဒ်ပုဒ်ဖြင့် ချမိခြင်း (ဆိုမိခြင်း။)
၃။ ပစ္စုပ္ပန်ကာလဟော ဝိဘတ်ဖြင့်ဆိုခြင်း။
၄။ ပယောဂ (နှုတ်မြွက်၍) ဆိုမိခြင်း။
၅။ သိက္ခာချလျှင် ချက်ခြင်း "ဤသူသည် သိက္ခာချသည်"- ဟု သိရှိခြင်း။
၆။ သိက္ခာချရာ (နားထောင်သူ) ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်ခြင်း။
ငှင်းခြောက်ပါးတို့ ဖြစ်ကြသည်။

**ဆောင်ပုဒ်။ ။ ၁။ သိက္ခာတင်ကား ငါးဂ်၊ ချတော့ ဆဠင်္ဂါ။**
**၂။ စိတ်ခေတ်ကာလ၊ ပယောဂ၊ ဇာနပုဂ္ဂလာ။**
(အကျယ်ကို နောက်၌ တွေ့ရလတံ့။)

## သိက္ခာချပေးနည်း၌ အထူးမှတ်ဖွယ်

အခြားရဟန်းတော် တပါးပါးက "သိက္ခာချပေးစမ်းပါ"- ဟု ပြောလာခဲ့သော် "ငါသည် သိက္ခာတင်၍သာပေးသည်၊ သိက္ခာချ၍မပေး"- ဟု ပယ်လိုက်ရမည်။

ပယ်လို့မရလျှင် တရားဟော လွှတ်လိုက်ပါ။ တရားဟော၍ မရလျှင် "သင်၏ဆရာ မိဖတို့က တပည့်တော်ကို အပြစ်တင်လိမ့်မည်"-ဟု တင်ပြီး ပယ်လိုက်ပါ။

ပယ်လို့မရခဲ့သော် ပရိဝတ်မာနတ် ဆောက်တည်ခိုင်းပါ။ "ပရိဝါသ် မာနက်သည်း ဆောက်တည်၍ ပြီးပါပြီ။ (သို့မဟုတ် ဆောက်တည်ရန် မလို

တော့ပါ''- ဟု ဆိုပြန်သော် ဒေသနာအကြား ခိုင်းခြင်း''- စသည်ဖြင့် အချိန်ကြာအောင် နည်းအမျိုးမျိုး ရှာကြံ၍ ပြောဆိုလုပ်ခိုင်းနေပါ။ မည်သည့်နည်းနှင့်မျှ ရှောင်လွှဲလို့မရတော့မှ သိက္ခာချပေးပါလေ။

**သိက္ခာချပုံ။** ။''သာမဏေရောတိမံ ဓာရေဟိ''-ဟု သုံးခေါက်ဆိုခိုင်းပါ- အနက်လည်း ဆိုခိုင်းပါ။

(သိက္ခာချနည်းပြီး၏။)

## အာပတ္တိသမုဋ္ဌာပကစိတ်- ၃၂-ပါး

ဒွတ္တိံသာ ဟိ အာပတ္တိ သမုဋ္ဌာပက စိတ္တာနိ-

၁။ အဋ္ဌကာမာဝစရ ကုသလာနိ- ၈-ပါး
၂။ ဒွါဒသ အကုသလာနိ- ၁၂-ပါး
၃။ ကာမကြိယာ- ၁၀-ပါး
၄။ အဘိညာဉ်- ၂- ပါး ပေါင်း- ၃၂ ပါးတည်း။

ဒသကာမာဝစရကြိယာ စိတ္တာနီတိ ဟသိတုပ္ပာဒ,
ဝေါဋ္ဌဗ္ဗနေဟိ, သဒ္ဓိံအဋ္ဌ မဟာကြိယာ စိတ္တာနိ။
(သာရတ္ထဋီကာ-ဒု-၉၈)။

ဤဋီကာပါဌ်ဖြင့် ကာမကြိယာစိတ် ၁၀-ပါး- ဟူသည် ဥဒ္ဒါရ ဝဇ္ဇန်းကြဉ် ကာမကြိယာစိတ် ၁၀-ပါးတည်း-ဟု ပြ၏။

## အဘိညာဉ်စိတ် အာပတ်ကို ဖြစ်စေနိုင်

ဒွိန္နံအဘိညာစိတ္တာနံ အာပတ္တိ သမုဋ္ဌာပကတ္တံ ပညတ္တိံ
အဇာနန္တဿ ဣဒ္ဓိဝိကုဗ္ဗနာဒီသု ဒဋ္ဌဗ္ဗံ။
(သာရတ္ထ ဒု-ဆဋ္ဌ/၉၈)။

**အဓိပ္ပာယ်ကား-**

ဝိနည်းပညတ်တော်ကို မသိသော စျာန်ရ ပုဂ္ဂိုလ်များအား တန်ခိုးပြသောအခါ၌ အဘိညာဉ်စိတ် သည် အာပတ်ကို ဖြစ်စေနိုင်သည်-ဟု ပြ၏။

ဝေါဋ္ဌဗ္ဗန် ကာမာဝစရကြိယာ ၁ ပါး ဝိညာဉ်ကိုပြ ၁ မှဋ္ဌာပေတ္တိ-ဟူသော သဘြုပ်ပါဌ်သည် ဤအဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်ပေသည်။

## သာမန္တအာပတ်

ပဌမပါရာဇိကာယ ဟိ ဒုက္ကဋမေဝ သာမန္တံ၊
ကာလတရေသံ တိဏ္ဏံ ထုလ္လစ္စယံ။
(ပဌမ ပါရာဇိကအဋ္ဌကထာ-၂၄၃)။

(ရှေးဆရာတော် ဘုရားကြီးများ၏ စကားသည်ကား-
"တတ္ထပန ပါစိတ္တိယ ဝတ္ထုစ ဒုက္ကဋဝတ္ထုစ ဒုက္ကဋဌာနေ
ဌိတံ တိဋ္ဌတိ၊ ကာယ အဝယာရသ သဟာပယောဂတ္တာတိ"-
ဟူသော ၂၇၁-အဋ္ဌကထာ စကားကို ယောက်၍ ယောဘုယျသာ-
ဟု မှတ်ရမည်။)

ဤအဋ္ဌကထာပါဌ်ကို ရည်ရွယ်၍ ရှေးဆရာတော်ဘုရားကြီးတို့သည်-
ပဌမ ပါရာဇိကရှေးဒုက္ကဋ်ပြေး။
ဒုတိယ- တတိယ- စတုတ္ထ ပါရာဇိကရှေးထုလ္လစ္စည်းပြေးသည်- ဟု
ဆိုကြကုန်၏။

ပါရာဇိကအာပတ်၏ အနီးအနားကပ်လျက် သင့်သော အာပတ်မျိုး
ကို သာမန္တအာပတ်ခေါ်သည်၊ ဒုက္ကဋ်နှင့် ထုလ္လစ္စည်းပင်ဖြစ်သည်။

## ဒုတိယပါရာဇိက သိက္ခာပုဒ်၌ မှတ်ဖွယ်
## ဝါကျွတ်အဆုံးအဖြတ်

ဝဿံ ဝုတ္ထာတိ ပုရိမိကာယ ဥပဂတာ
မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒ-
ဒိဝသတော ပဋ္ဌာယ "ဝုတ္ထဝဿာ"တိ ဝုစ္စန္တိ။
ဧဝံ ဝဿံ ဝုတ္ထာ ဟုတွာ။
(ဒုတိယ ပါရာဇိက အဋ္ဌကထာ-၂၀၉)။

ဤအဋ္ဌကထာအလို သီတင်းကျွတ်လပြည့်ကျော် ၁ - ရက် နေ့မှ
ဝါကျွတ်သည်-ဟု ဆိုလိုသည်။

"အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ တီဟိ
ဌာနေဟိ ပဝါရေတုန္တိ ပဋ္ဌဝဿာနံ ပဝါရဏာယ
အနုညာပာဟ္တာ (လ) "ဝုဋ္ဌဝဿာတိ ကုစ္စေဝ ဝုစ္စန္တိ။
(သာရတ္ထဋီကာ-ဒု-၁၁၆)။

ဤဋီကာအလို ပရိယာယ်အားဖြင့် သီတင်းကျွတ်လပြည့် နေ့မှာ ဝါကျွတ်သည်။ မုချအားဖြင့် လပြည့်ကျော် ၁ ရက်နေ့မှာ ဝါကျွတ်သည်။

ပဝါရဏာဒိဝသဿ အာရဉ္ဇကုက္ကမန သမနန္တရမေဝ
“ဝုဋ္ဌဝဿာ” တိဝုစ္စတိ၊ ဥက္ကံသနယေန “ပါဋိပဒ
ဒိဝသတော ပဋ္ဌာယာ” တိဝုတ္တံ၊ တေနေဝ
“မဟာပဝါရဏာယ ပဝါရိတာ” တိဝုတ္တံ။
အညထာ အန္တရာယေန အပဝါရိတာ “ဝုတ္ထဝဿာ”
တိနဝုစ္စန္တီတိ အာပဇ္ဇတိ။ (ဝဇိရဗုဒ္ဓိ ဋီကာ-ပ-၁၂၀)။

ဤဋီကာအလိုကား “ပါဋိပဒဒိဝသတော ပဋ္ဌာယ”-ဟု အဋ္ဌကထာ ဆိုခြင်းသည် ဥက္ကံသနည်း (အလွန်အကဲ)ဆိုထားခြင်းဖြစ်သည်။ အမှန်အား ဖြင့် လပြည့်နေ့မှာ ဝါကျွတ်သည်။ အကြောင်းကား အာရုံတက်သည်နှင့် တပြိုင်နက် ပဝါရဏာပြုကောင်းသောကြောင့်တည်း။ “မဟာပဝါရဏာယ ပဝါရိတာ”ဟူသော စကားကို ထောက်ပါ-ဟု ဆိုထားပေသည်။

၁။ ပဿံဝုတ္ထာတီပဒဿ အဋ္ဌကထာယံ
“ပုရိမိကာယ ဥပဂတာ မဟာပဝါရဏာယ
ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ ‘ဝုဋ္ဌဝဿာ’
တိဝုစ္စန္တိ”တိ ဝုတ္တတ္တာ မဟာပဝါရဏာ ဒိဝသေ
ပဝါရေတွာ ဝါ အပ္ပဝါရေတွာ ဝါ အညတ္ထ ဂစ္ဆန္တေဟိ
သတ္တာဟ ကရဏီယ နိမိတ္တေ သတိ ဧဝ ဂန္တဗ္ဗံ၊ နာသတိ။
ဟ္ပာဘရထာ ဝဿစ္ဆေဒေါ ဒုက္ကဋဉ္စ ဟောတီတိ ဝေဒိတဗ္ဗံ။
(ဝိမတိဋီကာ- ပ-၁၆၃-၄)။

ဤဋီကာအလို သီတင်းကျွတ်လပြည့်နေ့ပဝါရဏာပြု၍ လပြည့်ကျော် တရက်နေ့မှ ဝါကျွတ်သည်။

လပြည့်နေ့၌ ဝါပန်၍ ရနိုင်သော အကြောင်းရှိမှသာလျှင် ဝါပန်၍ [illegible]ိုးသွားကောင်းသည်။ အကြောင်းမဲ့ [illegible]ိုးသွားခဲ့သော် ဝါလည်းကျိုး သည်။ ဝဿစ္ဆေဒ ဒုက္ကဋ အာပတ်လည်း သင့်သည်-ဟု ဆို၏။

၂။ “အနုဂ္ဂဟာနုဂ္ဂဟမ္ပိ [illegible]
ကာလိကံ အဓိဋ္ဌာတိ”ဟု [illegible] (လ) သန္ဓာယဝုတ္တံ။

၃။ ပရိဝါရေစ "ကထိနဿ အတ္ထာရမာသော ဇာနိတဗ္ဗော" တိဝတွာ (လ) ပဝါရဏာ ဒိဝသဿ အစုတ္တတ္တာ။ (ဝိမတိဋီကာ-ပ-၁၆၄)။

ဤဋီကာပါဌ်တို့ အဓိပ္ပာယ်ကား- ဘုရားသခင်သည် ပုရိမဝါကျွတ်သော ရဟန်းတို့အား သာလျှင် ကထိန်ကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ (ဝါမကျွတ်သေးလျှင် ကထိန်မခင်းကောင်း-ဟု အဓိပ္ပာယ်ရသည်။) လပြည့်ပဝါရဏာနေ့၌လည်း ကထိန်မခင်းထိုက်ချေ။ ထို့ကြောင့် လပြည့်ကျော် တရက်နေ့၌သာလျှင် ဝါကျွတ်သည်-ဟု ဆိုလိုသည်၊

**လိုရင်းအတိုချုပ်သော်ကား-**

၁။ ဝဇီရဗုဒ္ဓိ ဋီကာအလို သီတင်းကျွတ်လပြည့်နေ့မှာ ဝါကျွတ်သည်။
၂။ သာရတ္ထဋီကာအလို- မုချအားဖြင့် လပြည့်ကျော် တရက်နေ့မှာ ဝါကျွတ်သည်။ ပရိယာယ်အားဖြင့် လပြည့်နေ့မှာ ဝါကျွတ်သည်။
၃။ ဝိမတိဋီကာအလို လပြည့်ကျော် တရက်နေ့မှာ ဝါကျွတ်သည်။ လပြည့်နေ့၌ ပဝါရဏာပြုပြီး၍ ခရီးသွားလိုခဲ့သော် ဝါပန်ပြီးမှ သွားရသည်။

## ပါဒ အဆုံးအဖြတ်

ပဉ္စမာသကော ပါဒေါ။ (ပါရာဇိကဏ်ပါဠိတော်) ဤပါဠိတော်အရ ငါးပဲကို တမတ်ခေါ်ကြောင်း သိရသည်။ ငွေတမက်-ရွှေတမတ်- ဟု မကွဲပြားပေ။

ပဉ္စမာသကော ပါဒေါတိ ဟဒါ ရာဇဂဟေ
ဝီသတိမာသကော ကဟာပဏော ဟောတိ၊
တသ္မာ ပဉ္စမာသကော ပါဒေါ။
ဧတေန လက္ခဏေန သဗ္ဗဇန ပဒေသု ကဟာပဏဿ
စတုတ္ထော ဘာဂေါ "ပါဒေါ"တိ ဝေဒိတဗ္ဗော။
(ပါရာဇိကဏ် အဋ္ဌကထာ-ဒု-၂၅၀)။

ဤအဋ္ဌကထာ အရလည်း ဟကျပ်၏လေးပုံတပုံကို တမတ်ခေါ်သည်။ ငွေတမတ်၊ ရွှေတမတ်-ဟု မကွဲပြားသေးပါ။

တတ္ထ ရဇတမယော သုဝဏ္ဏမယော တမ္ဗမယော စ
ကဟာပဏော ဟောတိ။ (ဝဇီရဗုဒ္ဓိဋီကာ-ပ-၁၂၄)။

ဤဋီကာအလို တကျပ်-ဟူသည် ရုံခါ ငွေ-ရွှေဖြင့် ပြုလုပ်ထားသည်လည်း ရှိသည်။ ရုံခါ ကြေးဖြင့် ပြုလုပ်ထားသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ကျပ်၏လေးပုံတပုံသည်သာလျှင် ပါဒ (တမတ်)မည်၏-ဟုဆိုသည်။ ဤနေရာ၌ ရွှေ၊ ငွေ၊ ကြေး-ဟု ကွဲပြားအောင် မဆိုပေ။

## ရွှေစင်တမတ် ငွေ ငါးကျပ်

ပေါရာဏ သတ္ထာနုရူပံ ဥပ္ပာဒိတော ဝီသတိ မာသပ္ပမာဏ
ဥတ္တမ, သုဝဏ္ဏဂ္ဃနကော လက္ခဏ သမ္ပန္နော
နီလ ကဟာပဏောတိ ဝေဒိတဗ္ဗော။
(ဝိမတိဋီကာ-ပ-၁၆၉)။

ဤဋီကာအရ ရွှေတကျပ်ကို နီလကဟာပဏခေါ်သည်။ ထိုနီလကဟာပဏ မည်သော ရွှေတကျပ်၏ လေးပုံတပုံကို ပါဒ (တမတ်)ခေါ်သည်-ဟု ဆိုလိုသည်။ ထို့ကြောင့် ဤဋီကာအလို ရွှေတမတ်သား, တမတ်သား ထိုက်တန်သော ပစ္စည်းကို ခိုးယူလျှင် ပါရာဇိကျသည်- ဟု အဓိပ္ပာယ်ရရှိသည်။ ရှေးဆရာတော် ဘုရားကြီးတို့ကလည်း၊ ''ရွှေစင်တမတ်ငွေငါးကျပ်'' ဆိုရိုးပြုခဲ့ကြကုန်၏။

## ရွှေစင်တမတ် ငွေပေါက်စျေးယူ

သို့ရာတွင် ရွှေစင်တမတ် ငွေငါးကျပ် ဆိုရာတွင်လည်း နှစ်ဆယ်စျေးကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ ရွှေစျေးသည် နှစ်ဆယ်စျေး ပုံသေမဟုတ်၊ သုံးဆယ်စျေ၊ လေးဆယ်စျေးလည်း ဖြစ်တတ်သေးသဖြင့်-

''ရွှေစင်တမတ်၊ ငွေပေါက်စျေး''-ဟု ဆိုမှ ပိုပြီး အဆင်ပြေမည်။

## ဝိမတိစကား စဉ်းစားစရာ

မှန်ပေသည်- ပါဠိတော်၌လည်း''ဆန်တဆုပ်၊ ငါတဆုပ်၊ နှမ်းတဆုပ်၊ ခိုးရာ၌သုံး ပါရာဇိကအာပတ်သင့်သည်-ဟု ဘုရားသခင် ကိုယ်တော်တိုင် ချီးကျူးခဲ့သည်''ကို ပေါက်ချင် ဝိမတိဋီကာ၀ါဒသင့်၏-ဟု ဆိုဖွယ်ရှိခဲ့ယဉ်း လှပေသည်။

## မိုးတားဆရာတော်ဝါဒ

ဝိနည်းဒေသနာတော်၌ ပါရာဇိကအရာလောက် အရေးကြီးသည့်ကိစ္စ မရှိချေ။ ထိုကြောင့် သူများအတွက်ဆိုလျှင် "ရွှေစင်တမတ် ငွေငါးကျပ်" ဖြင့် ဆုံးဖြတ်သင့်သည်။

မိမိအတွက်ဆိုလျှင် "ပိုက်ဆံတမတ်-ရွှေပေါက်စျေး" ဖြင့် ဆုံးဖြတ်ရမည်-ဟု မန္တလေးမြို့ တောင်ပြင် မိုးတားဆရာတော်ဘုရားကြီးအမိန့်ရှိတော်မူ ဘူးသည်။

(ဤ၌ ရွှေပေါက်စျေးဟူသည် ပိုက်ဆံတမတ် ထိုက်တန်သော ရွှေကို ဆိုလိုသည်။)

## ခိုးခြင်း ၂၅ ပါးရေတွက်ပုံ

၁။ နာနာဘဏ္ဍ ပဉ္စက
၂။ ဧကဘဏ္ဍ ပဉ္စက
၃။ သာဟတ္ထိက ပဉ္စက
၄။ ပုဗ္ဗပယောဂ ပဉ္စက
၅။ ထေယျာဝဟာရ ပဉ္စကအားဖြင့် (၅×၅) ၂၅ ပါးဖြစ်သည်။

(၁) ထိုတွင် နာနာဘဏ္ဍပဉ္စက၌-
(က) အာဒိယေယျ ခိုးခြင်း
(ခ) ဟရေယျခိုးခြင်း
(ဂ) အဝဟရေယျ ခိုးခြင်း
(ဃ) ဣရိယာပထံ ဝိကောပေယျ ခိုးခြင်း
(င) ဌာနာ စာဝေယျ ခိုးခြင်းဟူ၍ ငါးပါးတည်း။

(၂) ဧကဘဏ္ဍပဉ္စက၌လည်း ထို့အတူ အာဒိယေယျ စသော အားဖြင့် ၅-ပါးပင်ရှိသည်။

(၃) သာဟတ္ထိကပဉ္စက၌-
(က) သာဟတ္ထိက ခိုးခြင်း
(ခ) အာဏတ္တိက ခိုးခြင်း

(ဂ) နိဿဂ္ဂိယ ခိုးခြင်း
(ဃ) အတ္ထသာဓက ခိုးခြင်း
(င) ဓုရနိက္ခေပ- ခိုးခြင်းဟူ၍ ငါးပါးတည်း။

(၄) ပုဗ္ဗပယောဂပဥ္စကၠ-

(က) ပုဗ္ဗ ပယောဂ- ခိုးခြင်း
(ခ) သဟ ပယောဂ- ခိုးခြင်း
(ဂ) သံဝိဒါဝဟာရ- ခိုးခြင်း
(ဃ) သင်္ကေတ ကမ္မ- ခိုးခြင်းဟူ၍ ငါးပါးတည်း။

(၅) ထေယျာဝဟာရ ပဥ္စကၠ-

(က) ထေယျာဝဟာရ- ခိုးခြင်း
(ခ) ပသယှာဝဟာရ- ခိုးခြင်း
(ဂ) ပရိကပ္ပာဝဟာရ- ခိုးခြင်း
(ဃ) ပဋိစ္ဆန္နာဝဟာရ- ခိုးခြင်း
(င) ကုသာဝဟာရ- ခိုးခြင်းဟူ၍ ငါးပါးတည်း။

ဤသို့ ခိုးခြင်း ၂၅- ပါးဖြစ်သတည်း။

## ဝိနည်းမိုရ်၏ ဆင်ခြင်တုံတရား ၅-ပါး

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဃံ့ ပရိဘောဂ ပဥ္စမံ။
တုလယိတွာပဥ္စဋ္ဌာနနိ။ ဓာရေယျတ္ထံ ဝိစက္ခဏော။
(ပါရာဇိကကဏ်အဋ္ဌကထာ ၂၆၅- လာ ပေါရာဏဂါထာ)

အနုဝိဇ္ဇက ပုဂ္ဂိုလ် ဝိနည်းမိုရ်သည် ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဖြင့် စွဲဆိုလာခဲ့သော် ဖော်ပြပါ အချက်များကို ဆင်ခြင်စဉ်းစား သတိထားပြီး အဆုံးအဖြတ်ပေးရမည်။ ထိုတွင်—

၁။ **ဝတ္ထု**- ခိုးယူသော ပစ္စည်းဥစ္စာ၏ အကြောင်းကိုသိအောင် ဆင်ခြင် သုံးသပ်လေ့လာရမည်။
(ဥပမာ)၁။ ခိုးယူသောပစ္စည်းသည် ပိုင်ရှင် ရှိမရှိ။

၂။ ပိုင်ရှင်ရှိခဲ့သော် အာလယရှိမရှိ။ အာလယရှိစဉ် ခိုးယူခဲ့သော် ပစ္စည်းတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်။ အာလယမရှိခဲ့သော် ပါရာဇိက အာပတ်ဖြင့် မဆုံးဖြတ်ရချေ။ သို့သော် ပစ္စည်းရှင်များက ပြန်တောင်းလျှင် ပစ္စည်းကိုပြန်ပေးရမည်။

၂။ **ကာလဥ္စ–** ပစ္စည်းခိုးရာ အခါကာလကိုလည်း သိရမည်။ မှန်ပေသည်– ပစ္စည်းသည် ရံခါ အဖိုးမတန်၊ ရံခါ အဖိုးတန်သည်။ အဖိုးတန်သောကာလ၌ ခိုးမိခဲ့လျှင် ထိုခိုးမိရာအချိန်အခါဖြင့် ဆုံးဖြတ်ရမည်။

၃။ **ဒေသဥ္စ–** ခိုးယူခဲ့ရာအရပ်ကိုလည်း ဆင်ခြင်ရည်။ ပစ္စည်းတန်ဖိုးသည် ထုတ်လုပ်ရာအရပ်၌ အဖိုးမတန်သော်လည်း အခြားဒေသ၌ကား အဖိုးများစွာတန်ပေသည်။ ထိုကြောင့် မည်သည့်အရပ်၌ ခိုးမိသည်ကိုလည်း သိအောင်အားထုတ်ရမည်။ (သီဟိုဠ်ကျွန်းမှာ အုန်းမှုတ်ခွက်တခုဖြင့် ပါရာဇိက ဆုံးဖြတ်သော သာဓကများလည်း ရှိသည်။)

၄။ **အဂ္ဃံ–** ပစ္စည်းတန်ဖိုးကိုသိအောင်ဆင်ခြင်ရမည်။ ပစ္စည်းအသစ်သည် အဖိုးတန်သည်။ နောင်သောအခါ၌ တန်ဖိုးယုတ်လျော့သည်။ ထိုကြောင့် မူလတန်ဖိုးဖြင့် မဆုံးဖြတ်ရချေ။

၅။ **ပရိဘောဂံ–** ခိုးယူသော ပစ္စည်းကို အသုံးပြုဖူးသည်။ မပြုဖူးသည်ကိုလည်း သိအောင် ဆင်ခြင်ရမည်။ အသုံးပြုဖူးခဲ့သော် မူလတန်ဖိုး ယုတ်လျော့သည်။

(ဥပမာ) တမတ်တန်သော ပဲခွပ်ကို ဆုံးဖြတ်ရာ၌ ဤပဲခွင်ဖြင့် တံပူဖြတ်ခြင်း၊ ဆုံးရည်ခေါက်ကိုဖြတ်ခြင်း၊ သပိတ်ဖုတ်ရန်အတွက် ထင်းခွဲခြင်း (သို့) တကြိမ်ပွတ်တိုက်၍ မကျောက်ပြားပေါ်ဝင်ပြီး သွေးမိခြင်း စသည်ကို ပြုလုပ်ခဲ့သော် မူလတန်ဖိုးဖြင့် မဆုံးဖြတ်ရချေ။ (ပါရာဇိကအာပတ်ဖြင့်မဆုံးဖြတ်ရ–ဟု ဆိုလိုသည်)။

## ဒုက္ကဋ် ၈–မျိုး သတိပြုရန်

၁။ အဌဝိမံ ဟောဟံ ဒုက္ကဋ္ဌနာမ ကူမသိမ့် ဌာနေ
သမောမာနေတွာ ထေရေဟိဒဿိတံ။

(၁) ပုဗ္ဗပယောဂ ဒုက္ကဋ်,
(၂) သဟပယောဂဒုက္ကဋ်,
(၃) အနာမာသ ဒုက္ကဋ်,
(၄) ဒုရူပစိဏ္ဏဒုက္ကဋ်,
(၅) ဝိနယဒုက္ကဋ်,
(၆) ဉာတဒုက္ကဋ်,
(၇) ဉတ္တိဒုက္ကဋ်,
(၈) ပဋိဿဝဒုက္ကဋ်တို့။

(ပါရာဇိကဏ် အဋ္ဌကထာ- ၂၇၁)။

၂။ ပုဗ္ဗသဟ, ပယောဂေ၊ နာမာသ, ဒုရူပစိဏ္ဏေ။
ဝိနယေ စေဝ ဉာတေစ၊ ဉတ္တိယာစ ပဋိဿဝေ။
အဋ္ဌေတေ ဒုက္ကဋာ ဝုတ္တာ၊ ဝိနယေ ဝိနယညုနာ။
(သာရတ္ထ-ဋီ-ဒု-၁၃၃)၊

**(ဆောင်) ပုဗ္ဗသဟ၊ နာမာသ၊ ဒုရူဝိနယာ။**
**ဉာတဉတ္တိ၊ ပဋိဿိ၊ မှတ်ဘိဒုက်ရှစ်ဖြာ။**

၁။ ဤ ဒုက္ကဋ်မှ ရှစ်ပါးတို့တွင် "ထေယျစိတ္တော ဒုတိယံ ဝါ။ (လ) အာပတ္တိ ဒုက္ကဋဿ"၌ လာသော ဒုက္ကဋ်သည် ပုဗ္ဗပယောဂ ဒုက္ကဋ် မည်၏။

၂။ "တတ္ထ ဇာတကံ ကဋ္ဌံ ဝါ (လ) အာပတ္တိဒုက္ကဋဿ"၌ လာသော ဒုက္ကဋ်သည်သဟပယောဂ ဒုက္ကဋ် မည်၏။

၃။ ရတနာ ၁၀-ပါး၊ စပါး ၇-မျိုး၊ လက်နက်မျိုး၊ မိန်းမရုပ်-စသည်ကို ကိုင်တွယ်သုံးသပ်ခြင်းသည် အနာမာသ ဒုက္ကဋ်မည်၏။

**(ဆောင်) မရုပ်တန်ဆာ၊ ရတနာ၊ အစာ စပါးသတ်။**
**လက်နက်ကြိယာ၊ စည်ဘဏ္ဍာ အနာမာသမှတ်။**

၄။ ငှက်ပျောသီး၊ အုန်းသီး စသည်တို့ကို မကိုင်ကောင်းဖူး- ဟု တားမြစ်ထားပါလျက် ကိုင်တွယ်သုံးသပ်ခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ်သည် ဒုရူပစိဏ္ဏဒုက္ကဋ် မည်၏။

## ပဒုက္ကူ ဆွမ်းစားကျောင်းဘုန်းကြီး

ဤ အနာမာသ ဒုက္ကဋ်နှင့် ဒုရူပစိဏ္ဏဒုက္ကဋ်တို့ကား သင်္ဂြိုဟ်သင့်၏။ [illegible] ကြီး ကျောင်းထိုင်သင့်သည်။ [illegible] ပါ။ ကျော်ဖူး [illegible] ကြီးက-

"ဟေ့-မောင်ဖေ၊ မာတုကာမရုပ်ပုံမပါတဲ့ သတင်းစာ ရှာပြီး ယူခဲ့စမ်း"-ဟု ပြောသံကြားခဲ့ဖူးသည်။ ငယ်စဉ်က သဘောပေါက် နားလည်မှု မရှိခဲ့ပါ။ ကြီးလာသောအခါမှ "အော်....ဤ အနာမသဒ္ဒကင့် လွတ်အောင် ရှောင်တာပါလား"—ဟု သဘောပေါက်သည်။ (နည်းယူဖွယ်)။

ထို့ပြင် ဒုတိယကမ္ဘာစစ်အတွင်း (ဂျပန်ခေတ်) က ဖြစ်သည်။ ဆွမ်းစားကျောင်းမှာ ဝေယျာဝစ္စ လုပ်ကိုင်နေသော(စန္ဒရ မည်သော)ဦးပဉ္ဇင်းက ဆန်အိတ်နှင့် ဆီပုံးများကို နေရာမှပြောင်းရွှေ့လိုက်သဖြင့် ဆွမ်းစားကျောင်း ဘုန်းကြီး ဦးဥတ္တမက ထိုပစ္စည်းများကို အသုံးမပြုတော့ပဲ စွန့်ပစ်လိုက်ပြီး အခြားတနေရာမှာ သုံးကြောင်း သိခဲ့ရသည်။ (နည်းယူဖွယ်)။

မှန်ပေသည်။ ပခုက္ကူ ကျောင်းတိုက်ကြီးမှာ ဆွမ်းစားကျောင်း ဘုန်းကြီးကား အလွန်ပင် အရေးကြီးလှပေသည်။ တိုက်ပိုင် ဦးစီး ဆရာတော်ဘုရားကြီးနှင့်တကွ တိုက်အုပ်ဆရာတော်၊ စာချ ဆရာတော်များသည် ဆွမ်းစားကျောင်းဘုန်းကြီးပေးသမျှ ဝတ်ကြရသည်။ ကျွေးသမျှ စားကြရသည်။ ထို့ကြောင့် ပခုက္ကူ ဆွမ်းစားကျောင်း ဘုန်းကြီးသည်—

၁။ ဝိနည်းကျင့်ထုံးကို နားလည်ရသည်။

၂။ ဝိနည်းကို လေးစားရသည်။

၃။ ကျောင်းတိုက်၏ စည်းကမ်းဥပဒေကို အထူး လေးစားရသည်။

၄။ သံဃာများအား ဝိနည်းနှင့်အညီ ပြုစု ကျွေးမွေးတတ်ရသည်။

၅။ သံဃိက ပစ္စည်း၊ ပုဂ္ဂလိက ပစ္စည်းကို ခွဲခြားပြီး မပျက်စီးအောင် ထိန်းသိမ်းတတ်ရသည်။

၆။ စာချတုန်းကြီးများအား စိတ်ချမ်းသာအောင် ကျွေးမွေး ပြုစုတတ်ရသည်။

၇။ ဧည့်သည်၊ အာဂန္တုများကို အဆင်ပြေအောင် ပြုစုတတ်ရသည်။ (အကျယ်ကို " ပခုက္ကူနည်းဆိုတာဘာလဲ " ကျမ်းမှာ ရှုပါ။)

၈။ ဆွမ်းခံကြွစဉ် သပိတ်၌ မြူမှုန်ကျသည်ရှိသော် အကပ်မခံ ပူ၍လည်းကောင်း၊ မဆေးကြောမူ၍ လ...းကောင်း၊ ဆွမ်းခံခြင်း ကြောင့်သင့်သော အာပတ်သည် ဝိနယဒုက္ကဋ် မည်၏။

၆။ (၁) သုတ္တာ န ဝဒန္တိ အာပတ္တိ ဒုက္ကဋ္ဌဿာတိ တွဒံ၊
ဉာတဒုက္ကဋံ့နာမ။ (ပါရာဇိကဏ် အဋ္ဌကထာ-၂၇၂)။
(၂) သံဃဘေဒါယ ပရက္ကမတီတိ သုတ္တာ တံနိဝါရိ
ဏတ္ထာယ၊ ဉာတေ အဝတ္တေ အဝဒန္တဿ ဉာတဒုက္ကဋံ။
(သာရတ္ထဒီ-ဒု-၁၃၃။)

သံဃာကွဲပြားအောင် ပြုလုပ်နေကြောင်း ကြားပါလျက် တားမြစ်သောစကားကို မပြောဆိုသော ရဟန်းအား သင့်သော ဒုက္ကဋ်သည် ဉာတဒုက္ကဋ် မည်၏။

၇။ သမနုဘာသနသိက္ခာပုဒ် ၁၁-ပါးတို့၌ သင့်သော ဒုက္ကဋ်သည် ဉတ္တိဒုက္ကဋ် မည်၏။

**သမနုဘာသန သိက္ခာပုဒ် ၁၁-ပါး**

ကောဒသ သမနုဘာသနာ နာမ ဘိက္ခုပါတိမောက္ခေ
စတ္တာရော ယာဝတတိယကာ သံဃာဒိသေသာ အရိဋ္ဌ
သိက္ခာပဒန္တိပဉ္စ၊ ဘိက္ခုနီပါတိမောက္ခေ ဧကံ ယာဝတတိယကံ
ပါရာဇိကံ စတ္တာရော သံဃာဒိသေသာ စဏ္ဍကာဠီ သိက္ခာ
ပဒန္တိ့ဆ။ (သာရတ္ထ ဒု-၁၃၃၊ ဝိမတိဒီ ပ-၁၇၆။)

ဖော်ပြပါ ဋီကာတို့အရ ယာဝတတိယ သံဃာဒိသိသ် ၄-ပါး၊ အရိဋ္ဌသိက္ခာပုဒ် ၁-ပါး ပေါင်း ၅-ပါး၊ ဘိက္ခုနီပါတိမောက်၌ ယာဝတတိယ ကပါရာဇိက ၁-ပါး၊ သံဃာဒိသိသ် ၄-ပါး၊ စဏ္ဍကာဠီ သိက္ခာပုဒ်ပေါင်း ၆-ပါးအားဖြင့် ပေါင်း ၁၁-ပါး။

၈။ (၁) တဿ ဘိက္ခဝေ ဘိက္ခုနော ပုရိမိကာစ နပညာယတိ
ပဋိဿဝေ အာပတ္တိ ဒုက္ကဋဿ ... ဉာဒ် ပဋိဿဝ
ဒုက္ကဋံနာမ။ (အဋ္ဌကထာ-၂၇၂)။

(၂) ဝသ္သဝါသာဒိ* ပဋိသံယုတ္တာ နသမ္မါဒေသနတ္ထာယ
ပဋိသံဝနိမိတ္တံ ဒုက္ကဋံ ပဋိသံဝဒုက္ကဋံ။
(သာရတ္ထ ဋီ-ဒု-၁၃၃။)

ဤ အဋ္ဌကထာ ဋီကာတို့အရ ဝါဆိုပြီး၍ ဝါကျိုးဝါပြတ်ခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် ပဋိသံဝဒုက္ကဋ် မည်၏။

## ဂိဝါနှင့် ဘတ္တုဒ္ဒေသျ တူပုံ၊ ထူးပုံ

(၁) ဂိဝါယေဝ ဟောတိ၊ န ပါရာဇိကံ၊အနာဏတ္တိယာ ဂဟိတတ္တာ။ (ဘိက္ခုနီ ပဌမ သံဃာဒိသိသ် အဖွင့် သာရတ္ထဋီကာ တ-၁၁၆)။

**အနက်**။ ။အနာဏတ္တိယာ- ဒဏ်တပ်ပါ- ဟု မစေခိုင်းပဲ၊၊ ဂဟိတတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ ဂိဝါယေဝ၊ ဘဏ္ဍာစားသည် သာလျှင်။ ဟောတိ၊ ၏။ ပါရာဇိကံ၊ သည်။ နဟောတိ၊ မဖြစ်။

**အဓိပ္ပာယ်ကား**....ဤဋီကာပါဌ်အရ ဂိဝါဟူသည် ပစ္စည်းအစားသာ ပြန်ပေးရသည်။ ပါရာဇိကမကျ-ဟု ဆိုလိုသည်။

(၂) ဂိဝါယေဝါတိ အာဏတ္တိယာ အဘာဝတော (ဋင်းအဖွင့် ဝိမတိဋီကာ-၇၁)။

**အနက်**။ ။ဂိဝါယေဝါတိ-ဟူသည်ကား အာဏတ္တိယာ၊ ဒဏ်တပ်ပါ- ဟု စေခိုင်းခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်၊ (ဂိဝါယေဝ၊ အစားသာလျှင် ဟောတိ၊ ၏။ ပါရာဇိကံ၊ သည်။ နဟောတိ၊ မဖြစ်။)ပစ္စည်းကိုသာ အစားပြန်ပေးရမည်။ ပါရာဇိကမကျ ဟု ဆိုလိုသည်။

(၃) ဘဏ္ဍဒေယျံနာမ ယံပရဿ နဋ္ဌံ၊ တဿ မူလံဝါ ဘဏ္ဍံ ဝါဟဗ္ဗန္တိအတ္ထော။ နေဝစေဒေတိ။ သာမိ ကဿ ဓုရနိက္ခေပေ ပါရာဇိကံ။ (ပါရာဇိကဏ် အဋ္ဌကထာ၊ ဒုတိယ ပါရာဇိက အဖွင့်-၂၇၈)။

**အဓိပ္ပာယ်ကား**.... ဘဏ္ဍာဒေယျဟူသည် မိမိအတွက်ကြောင့် ပျက်စီးဆုံးရှုံးသော ပစ္စည်းတန်ဖိုးကိုဖြစ်စေ၊ ထိုပစ္စည်းမျိုးကိုဖြစ်စေ၊ ပြန်ပေးရသည်။ ပြန်မပေးခဲ့သော် ပစ္စည်းရှင်၏ ဓုရနိက္ခေပဖြင့် ပါရာဇိကကျသည်- ဟု ဆိုလိုသည်။

**ထူးပုံ**.... ဆိုခဲ့ပြီး အဋ္ဌကထာ ဋီကာတို့အလို ဂီဝါကား ပစ္စည်းကို ပြန်၍ပေးရသည်။ ပါရာဇိကမကျ။(ပေါ့သည်။) ဘဏ္ဍာဒေယျကား ပစ္စည်းကို ပြန်ပေးရမည်။ ပြန်မပေးခဲ့သော် ပါရာဇိကကျသည်၊ (လေးသည်)-ဟု ဆိုလိုသည်။

၄။ တဿေဝ ဂီဝါ ဒေဟီတိ ဝုတ္တေ အဒေန္တော ဓုရနိက္ခေပေ
ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။

(မဟာဝဂ္ဂါဝစရကန္ခက အဋ္ဌကထာ ဆ/၄၁၃)။

**တူပုံ**.... ဂီဝါအရလည်း အပွကအားဖြင့် ပစ္စည်းအစား ပြန်မပေးခဲ့သော် ပစ္စည်းရှင်၏ ဓုရနိက္ခေပ ပစ္စည်းကန်ဖိုးအလျောက် ဆုံးဖြတ်ရမည်-ဟု ဆိုထားသောကြောင့် ပါရာဇိက ကျနိုင်သည်–ဟု ဆိုလိုသည်။

သို့အတွက် ဂီဝါနှင့်ဘဏ္ဍာဒေယျ တူသည်–ဟုဆိုရမည်။

## ဝိဿာသဂ္ဂါဟ အဆုံးအဖြတ်

အနုပဿေသ ပရိယာ ဒါနဝသေန စေတာနိ ပဉ္စင်္ဂါနိ ဝုတ္တာနိ။
ဝိဿာသဂ္ဂါဟောပန တီဟင်္ဂေဟိ ရုဟတိ-

(၁) သန္ဒိဋ္ဌော ဇီဝတိ ဂဟိတေ အတ္တမနော။
(၂) သမ္ဘတ္တော ဇီဝတိ ဂဟိတေ အတ္တမနော။
(၃) အာလပိတော ဇီဝတိ ဂဟိတေ အတ္တမနောတိ။

(ဒုပါရာဇိကဏ်အဋ္ဌကထာ-ပ-၃၂၄)။

**အဓိပ္ပါယ်ကား**-ဝိဿာသဂ္ဂါဟအရ [illegible] သိမ်းကြုံး၍ [illegible] ဝိဿာသဂ္ဂါဟ ရောက်ပေသည်။

## အင်္ဂါ သုံးပါး ဟူသော်ကား

၁။ **သန္နိဋ္ဌ**-အကြွမ်းမဝင် မြင်ဖူးခါမျှဖြစ်ခြင်း။
၂။ **ဇီဝတိ**—ပစ္စည်းရှင်သည် အသက်ရှင်ဆဲဖြစ်ခြင်း။
၃။ **ဂဟိတေ အတ္တမန**-ပစ္စည်းကိုယူခဲ့သော် ပစ္စည်းရှင် နှစ်သက်ခြင်း။

ဤသုံးပါးနှင့် ပြည့်စုံလျှင်လည်း ဝိဿာသဂ္ဂါဟ မြောက်သည်-ဟု ဆိုလိုသည်။

**တနည်း၊** ၁။ **သမ္ဘတ္တ**—အလွန်အကြွမ်းဝင်ခြင်း။

၂။ **ဇီဝတိ**—ပစ္စည်းရှင်သည် အသက်ရှင်ဆဲဖြစ်ခြင်း။

၃။ **ဂဟိတေ အတ္တမန**— ပစ္စည်းကို ယူခဲ့သော် ပစ္စည်းရှင်က နှစ်သက်ခြင်း။

ဤသုံးပါးနှင့် ပြည့်စုံလျှင်လည်း ဝိဿာသဂ္ဂါဟ မြောက်သည်။

**တနည်း။** ၁။ **အာလပိတ**-ငါ့ပစ္စည်းကို အလိုရှိလျှင် ယူလော့-ဟု ပြောဆိုဖူးခြင်း။

၂။ **ဇီဝတိ**-ပစ္စည်းရှင် အသက်ရှင်ဆဲ ဖြစ်ခြင်း။

၃။ **ဂဟိတေ အတ္တမန**-ပစ္စည်းကိုယူလျှင် ပစ္စည်းရှင်က နှစ်သက်ခြင်း။

ဤသုံးပါးနှင့် ပြည့်စုံလျှင်လည်း ဝိဿာသဂ္ဂါဟ မြောက်သည်။

**မှတ်ချက်။** ၊ဝိဿာသဂ္ဂါဟယူနည်း-သုံးမျိုးလုံး၌ပင် ဇီဝတိပုဒ် ပါရှိသောကြောင့် ပစ္စည်းရှင် အသက်ရှင်နေဆဲသာလျှင် ဝိဿာသဂ္ဂါဟ နည်းဖြင့် ယူလို့ရသည်။ သေဆုံးပြီးမှ ယူလျှင် ဝိဿာသဂ္ဂါဟ မမြောက်နိုင်။

## သန္နိဋ္ဌ စသော သုံးမျိုး အထူး

၁။ အကြွမ်းမဝင် မြင်ဘူးခါမျှဖြစ်သော အဆွေခင်ပွန်းသည် သန္နိဋ္ဌ မည်၏။

၂။ အကြွမ်းတဝင် ခင်မင်စုံမက် အတူ စားသောက်ဖက် ဖြစ်သော အဆွေခင်ပွန်းသည် သမ္ဘတ္တ မည်၏။

၃။ ငါ၏ ပစ္စည်းကို "အလိုရှိလျှင် ယူတော့"ဟု ပြောဆိုဖူးသော
အဆွေ ခင်ပွန်းသည် အာလပိတ မည်၏။

## ဂဟိတေ အတ္တမနဋ္ဌ မှတ်ဖွယ်

ဂဟိတေ အတ္တမနောတိ ဂဟိတေ တုဋ္ဌစိတ္တော ဟောတိ။
ဧဝရူပဿ သန္တကံ "ဂဟိတေ မေ အတ္တမနော
ဘဝိဿတီ"တိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ။
(ပါရာဇိကဏ် အဋ္ဌကထာ ပ-၃၂၇)။

**အဓိပ္ပါယ်ကား**—ဤဂဟိတေ အတ္တမန အင်္ဂါ သည်လည်း ဝိဿာသဂ္ဂါဟယူနည်းသုံးမျိုးလုံး ပါရှိသော်လည်း ဥပလက္ခဏာ နည်းမျှသာ မှတ်ယူရမည်။ မှန်ပေသည်။ ယူသည့်အတွက် နှစ်သက်မှုရှိခြင်းသည်လိုရင်းမဟုတ်ချေ။ မိမိစိတ်ကယူလျှင် နှစ်သက်လိမ့်မည်-ဟု သိမှသာလျှင် ပဓာန ဖြစ်ပေသည်။ ထို့ကြောင့် "ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ"ဟုဆိုခြင်းဖြစ်သည်-ဟူလို။

## မျက်မှောက် ဝိဿာသဂ္ဂါဟ ယူရာဌ်မှတ်ဖွယ်

ယော ပန နဇီဝတိ၊ န စ ဂဟိတေ အတ္တမနော ဟောတိ။
တဿ သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိ ပုန ဒါတဗ္ဗံ။
(ပါရာဇိကဏ် အဋ္ဌကထာ—ပ-၃၂၇)။

**အဓိပ္ပါယ်ကား**— သေပြီး ကာလကြာမှ မနှစ်သက်မှန်း သိခဲ့လျှင် ဝိဿာသဂ္ဂါဟဖြင့် ယူထားသော်လည်းပြန်ပေးရမည်-ဟုဆိုလိုသည်။

ဥဒ္ဒမာနေန စ မတကမနံ့တာဝ ယေ တဿ မနေ
ဣဿမျာ ဂဟဋ္ဌာ ဝါ ပဗ္ဗဇိတာ ဝါ၊ တေသံ ဒါတဗ္ဗံ။
(ယခင်အဋ္ဌကထာ-၃၂၇)။

**အဓိပ္ပါယ်ကား**—သေသူ၏ ပစ္စည်းကို ပြန်ပေးသောသူများသည်လည်း သေသူ၏ ပစ္စည်းကို ပိုင်ဆိုင်သူ လူအားလည်းကောင်း (သို့) ရဟန်းအား လည်းကောင်း ပြန်ပေးရမည်။ အခြားသူများ မပေးရ-ဟု ဆိုလိုသည်။

အမဟာသာ (အနုပုဋ္ဌနေသော) သူ၏ ဟဿော ဒါတဗ္ဗံ။
(ယခင် အဋ္ဌကထာ-၃၂၇)။

**အဓိပ္ပါယ်ကား**—မသေသေသူက "မနှစ်သက်ဖူး ဆိုလျှင်" ထို ပစ္စည်းရှင်အားပင် ပြန်ပေးရမည်—ဟုဆိုလို၏။

(ဆင္ဌမူ၌"အနတ္တမနသံ"ဟုရှိသည်။ "ယော ပန န ဇိဝတိ" ဟူသော အတိတ်ဝါကျကိုထောက်လျှင်"အမတဿ"မှ မှန်မည်။ အဓိပ္ပါယ် လည်း မပျက်ပေ။)

ယော ပန ပထမံ ယေ၀"သုဋ္ဌုကတံ တယာ မမ သန္တကံ
ဂဏှန္တေန"တိ ၀စီဘေဒေန၀ါ စိတ္တုပ္ပါဒမတ္တေန၀ါ
အနုမောဒိတွာ ပစ္ဆာ ကေနစိကာရဏေန ကုပိတော။
ပစ္ဆာဟရာပေတုံ နလဘတိ။

**အဓိပ္ပါယ်ကား**—မိမိပစ္စည်းကို ယူသောအခါ ကိုယ်နှုတ်စိတ်ဖြင့် ရှေးဦးစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်။ နောက်အခါမှ ပြန်တောင်းခဲ့သော် ပြန်ပေးရန်မလို—ဟု ပြ၏။

ယော ပိ အဒါတုကာမော၊ စိတ္တေန ပန အဓိဝါသေတိ၊
န ကိဉ္စိ ၀ဒတိ။ သော ပုန ပစ္ဆာဟရာပေတုံ နလဘတိ။(ယခင်
အဋ္ဌကထာပါဠိ)။

**အဓိပ္ပါယ်ကား**—ပေးတော့မပေးခြင်ဖူး၊ ဒါပေမဲ့ စိတ်က သည်းခံ နေတယ်"နှုတ်ကလည်း တားမြစ်ပြောဆိုခြင်း မရှိဖူး" ဆိုလျှင်လည်း ပြန် ပေးဖို့မလို—ဟုဆိုလိုသည်။(ဤကား မျက်မှောက်ယူရာ၌မှတ်ဖွယ်တည်း။)

## မျက်ကွယ်၌ ဝိဿာသဂ္ဂါဟ ယူပုံ

ယော ပန"မယာ တုမှာကံ သန္တကံ ဂဟိတံ၀ါ ပရိဘုတ္တံ၀ါ"
ကိဝုတ္တေ "ဂဟိတံ၀ါ ဟောတု၊ပရိဘုတ္တံ၀ါ၊ မယာ ပန တံ
"ကေနစိဒေ၀ ကရဏီယေန ဌပိတံ၊ ပါကတိကံကာတုံ
၀ဋ္ဋတီ" တိ၀ဒတိ၊ အယံပစ္ဆာ ဟရာပေတုံလဘတိ။
(ယခင်အဋ္ဌကထာပါဠိ ၃၂၇)။

**အဓိပ္ပါယ်ကား**— ငါသည် သင့်ပစ္စည်းကို သင့်မျက်ကွယ်မှာယူ၍ အသုံးပြုပြီးပြီ—ဟု ပြောသောအခါ"ယူပြီးသည်ဖြစ်စေ၊ သုံးပြီးသည်ဖြစ်စေ၊ ငါသည် ကိစ္စတခုအတွက် အသုံးပြုရန် ထားခြင်း ဖြစ်သည်။ ပြန်ပြီးပေးမှ ဖြစ်မည်—ဟု ပြောဆိုလျှင် ထိုပစ္စည်းကို ပြန်ပြီးပေးရမည်—ဟု ဆိုလိုသည်။

**အတိုချုပ်သော်**–မျက်ကွယ်ယူရာ၌ ကျေနပ်မှုမရှိလျှင် ပြန်ပေးရမည်။ **မျက်မှောက်** ယူရာ၌ကား ကျေနပ်မှု မရှိသော်လည်း ပြန်ပေးရန်မလို–ဟု မှတ်ရမည်။

## "ဝိဿာသဂ္ဂါဟ ယူနည်း"

"မည်သည့် ဆရာတော်ကြီးပိုင် ဂရုဘဏ် လဟုဘဏ် ကျောင်းအရာမ် ပစ္စည်းအားလုံးကို ဝိဿာသဂ္ဂါဟဖြင့် ငါယူပါ၏" ဟု နှုတ်မြွက်၍ သုံးကြိမ် ဆိုရမည်၏။

၎င်း ဝိဿာသဂ္ဂါဟယူနည်းမှာ စာချုပ်ရန် မလိုသော်လည်း စာချုပ် ရေးထားလျှင် ပိုကောင်းသဖြင့် စာချုပ်ရေးနည်းကို ဆိုဦးအံ့။

## ဝိဿာသဂ္ဂါဟ စာချုပ်နည်း (နမူနာ)

နေ့စွဲ–၁၃၀၄–ခု ပြာသိုလပြည့်ကျော် ၁၅–ရက်။

တပည့်တော် (ဦးဗုဒ္ဓ)သည် (ဦးတိဿ) ပိုင်ဆိုင်သော ဂရုဘဏ်၊ လဟုဘဏ် ကျောင်းအရာမ်ပစ္စည်းအားလုံးကို ဝိဿာသဂ္ဂါဟဖြင့် ယူပါ၏။ (နှုတ်ဖြင့်သုံးကြိမ်ဆိုပါ)။

ထိုဝိဿာသဂ္ဂါဟဖြင့် ယူခြင်းကို အောက်ပါအသိသက်သေ များတို့ ကိုယ်တိုင် လက်မှတ်ထိုးကြပါသည်။

၁။ မူလ ပစ္စည်းပိုင်ရှင်(ဦးဗုဒ္ဓ)မည်သည့် မြို့၊ရွာ၊ကျောင်း။

၂။ ဝိဿာသဂ္ဂါဟဖြင့်ယူသူ(ဦးကိဿ)မည်သည့် မြို့၊ရွာ၊ကျောင်း။

### အသိသက်သေများ

| | | |
|---|---|---|
| ၁။ ဦးနာဂ–မည်သည့် | မြို့၊ ရွာ၊ ကျောင်း။ | |
| ၂။ ဦးဒတ္တ | ။ | မြို့၊ ရွာ၊ ကျောင်း။ |
| ၃။ ဦးမည်သူ | ။ | မြို့၊ ရွာ။ သျှကြီးမင်း။ |
| ၄။ ဦးမည်သူ | ။ | မြို့၊ ရွာ၊ ကျောင်းဒကာကြီး။ |

## ဘုန်းကြီးများ သိုက်တူးကောင်း၊ မတူးကောင်း

ပေတ ပရိဂ္ဂဟေတိတ္တော ပန ပေတ္တိဝိသယေ ဥပပန္နာပိ
ကာလံကတွာ တသ္မိံယေဝ အတ္တဘာဝေ နိဗ္ဗတ္တာပိ
စာတုမဟာရာဇာဇ်ကာဒယော ဒေဝါပိ သဗ္ဗေ "ပေတာ"
တွေဝသင်္ချံ ဂတာ။ တေသံ ပရိဂ္ဂဟေ အနာပတ္တိ။
(ပါရာဇိကဏ်အဋ္ဌကထာပါဠိ ပ-၃၂၇)။

**အဓိပ္ပါယ်ကား**—သိုက်သည် နတ်သိုက်၊ သကြားသိုက်၊ ဗုဒ္ဓသိုက် စသည်ဖြင့် အမျိုးမျိုးရှိသည်၊ ဤပါဠိဖြင့် နတ်သိုက်ကိုတူးရာ၌ အာပတ်မသင့်—ဟု ပြ၏။

သစေပိ ဟိ သက္ကော ဒေဝရာဇာ အာပဏံ ပသာရေတွာ
နိသိန္နော ဟောတိ။
ဒိဗ္ဗစက္ခုကော စ ဘိက္ခု တံ ဥတ္တွာ အတ္တနော စီဝရတ္ထာယ
သတဟာသဂ္ဃနကမ္ပိ သာဋကံ တဿ "မာဂဏှ
မာဂဏှာ" တိဒေန္တဿပိ ဂဟေတွာ ဂစ္ဆတိ၊ ဝဋ္ဋတိ။

**အဓိပ္ပါယ်ကား....** သိကြားက မိမိပိုင် ပစ္စည်း များကို ဈေးခင်းရောင်းနေစဉ် ဒိဗ္ဗစက္ခု ရဟန်းတော်တပါးက အဖိုးတသိန်း ထိုက်တန်သော အဝတ်အထည်တခုကို သင်္ကန်းချုပ်ရန်အတွက် ယူသွားသော် အပြစ်မရှိ—ဟု ပြ၏။

**မှတ်ချက်။** ။နတ်သိကြားတို့ မပိုင်ဆိုင် (ကိုယ်ပိုင်မဟုတ်) သော စောင့်ရုံသာ စောင့်နေရသော ဗုဒ္ဓသန္တက ပစ္စည်းများကိုကား မယူကောင်း။ ထို့ကြောင့် ဗုဒ္ဓသိုက်ကို မတူးကောင်း-ဟု ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မှာမိန့်ရှိဖူးသည်။

ဒေဝတာ ပန ဥဒ္ဒိဿ ဗလိကမ္မံ ကရောန္တေဟိ ရုက္ခာဒိသု
လဂ္ဂိတသာဋကေ ဝတ္တဗ္ဗမေဝ နတ္ထိ။
(ယခင် အဋ္ဌကထာ-၃၂၇)။

**အဓိပ္ပာယ်ကား....** နတ်တင် (နတ်ကိုး) ထားသော ပစ္စည်းကိုယူရာ၌ အပြစ်မရှိကြောင်းကို ပြဆိုသည်။ (ပါရာဇိကမကျ)။

ရက္ခာဒိသု လဂ္ဂိတ သာဋကေ ဝတ္တဗ္ဗမေဝ နတ္ထီတိ
မနုဿေဟိ ပရိဂ္ဂဟိတံ သန္တာယဂုတ္တံ၊ သစေ ပန တံ
အာရက္ခကေဟိ ပရိဂ္ဂဟိတံ ဟောတိ၊
ဂဟေတုံ န ဝဋ္ဋတိ။ (သရတ္ထ-ဒု-၁၅၉)။

**အဓိပ္ပာယ်ကား**.... ပရိဂ္ဂဟိတ ပစ္စည်းဖြစ်ခဲ့သော် အာပတ်သင့်သည်။ မယူကောင်း-ဟု ဆိုလိုသည်။

**အထူးမှတ်ရန်**။ ။ဆိုခဲ့ပြီး အဋ္ဌကထာ,ဋီကာတို့အလို "အပြစ်မရှိဖူး၊ အပြစ်ရှိသည်"ဟု ဖွင့်ဆိုကြခြင်းသည် ပါရာဇိက အာပတ်အတွက်သာ ဖြစ်သည်။ ပေတ ပရိဂ္ဂဟိတ ယက္ခ ပရိဂ္ဂဟိတ ဖြစ်ခဲ့သော် ထုလ္လစဉ်း အာပတ်သင့်ကြောင်း ပါဠိတော်၌ တိုက်ရိုက် ဟောထားခြင်းကြောင့် သိုက်တူးသော ဘုန်းကြီးအား ထုလ္လစဉ်း အာပတ်သင့်သည်-ဟု မှတ်ရမည်။

## ဂေါပက ဒါန၌ မှတ်ဖွယ်

အနာပတ္တိ ဘိက္ခဝေ ဂေါပကဿ ဒါနေ။ (ပါရာဇိကဏ် ပါဠိတော် ဒုတိယပါရာဇိက)။

**အနက်**။ ။ဘိက္ခဝေ၊ တို့။ ဂေါပကဿ၊ စောင့်ရှောက်သော ပုဂ္ဂိုလ်၏။ ဒါနေ၊ ပေးရာ၌။ ဝါ၊ ရှိသော်။ ဝါ။ ကြောင့်။ အနာပတ္တိ၊ အာပတ်မသင့်။

ယခုကာလ မီးရထား, မီးသင်္ဘောစီးရာ၌ အခလည်းမယူ။ လက်မှတ်လည်း မပေးပဲ အခမဲ့စီးသွားတော်မူပါ-ဟု လက်မှတ်ရောင်းသူက (သို့) အထက်တာဝန်ရှိပုဂ္ဂိုလ် တဦးဦးက လျှောက်ထားသဖြင့် စီးသွားသည်ကို မြင်ဖူး၊ တွေ့ဖူး၏။ ထိုပြင် ကူးတို့ပို့သူက ကူးတို့ခ မယူပဲ အခမဲ့စီးသွားသော ရဟန်းတော်များသည် အပြစ်မှလွတ်ပါမည်လော-ဟု လျှောက်ထားဖူးသည်။

ဖော်ပြပါ အခမဲ့စီးသွားသော ရဟန်းတော်များ၏ အပြစ်ရှိ-မရှိမှာ ပြဆိုခဲ့ပြီး ပါဠိတော်ဖြင့် ဆုံးဖြတ်သင့်ပေသည်။

**မှန်၏** ။ဖော်ပြပါ ပါဠိတော်၌ ဂေါပကအရ စောင့်ရှောက်ရုံမျှ မှုသာရှိ၍ အခွင့်အရေးပိုင်သူ ဖြစ်ခဲ့သော် အနာပတ္တိ ဖြစ်ပေမည်။ အခွင့်အရေး

ပိုင်သူ ဟုတ်,မဟုတ် သေချာစွာ စစ်ဆေးပြီးမှ စီးရမည်၊ သံသယရှိခဲ့သော် မစီးပါနဲ့။

## သံဃာဒိသိသ်၌ မှတ်ဖွယ်များ

စေစ္စာတိ မောစနဿာဒ စေတနာ၀သေန စေတေတွာ ပကပ္ပေတွာ။ (အဋ္ဌကထာ -ဒု-၁၀၆)။

ဤအဋ္ဌကထာပါဠိဖြင့်–

၁။ သုက်လွှတ်ခြင်း၌ သာယာသောစိတ်ရှိခြင်း။

၂။ နိမိတ်၌ လှုပ်ရှားခြင်း။

၃။ သုက်လွှတ်ခြင်း–ဤအင်္ဂါ သုံးပါးနှင့်ပြည့်စုံခဲ့သော် သုက္ကဝိဿဋ္ဌိ သံဃာဒိသ် အာပတ်သင့်သည်–ဟု ပြ၏။

**(ဆောင်) သာယာစိတ်နှင့် နိမိတ်၌မှု၊ လှုပ်လှုပ်ရှားရှား၊ လွှတ်မှုသံဃာဒိသ်။ ။**

## တကိုယ်လုံး၌ တည်သော ရုပ်ဝတ္ထုများ

ကေသ, လောမ, နခ, ဒန္တာနဉ္စ မံသ, ဝိနိမုတ္တဋ္ဌာနံ, ဥစ္စာရ, ပဿာဝ, ခေဠ, သိင်္ဃာဏိကာ, ထဒ္ဒသုက္ခစမ္မာနိစ ဝဇ္ဇေတွာ အဝသေသော ဆဝိ, မံသ, လောဟိကာနုဂတော သဗ္ဗောပိ ကာယောကာယပ္ပသာဒ,ဘာဝ, ဇီဝိတိန္ဒြိယာဗဒ္ဓပိတ္တာနံ သမ္ဘဝဿစဋ္ဌာနမေဝ။ (ပါ–အဋ္ဌကထာ–ဒု၁၀၇)။

## ဤအဋ္ဌကထာပါဠိဖြင့်–

၁။ ကုဋ္ဌိဘာဝ ပုမ္ဘာဘာဝရုပ်

၂။ ကာယပသာဒရုပ်

၃။ သံသရဏာသွေး

၄။ ရုပ်ဇီဝိတ

၅။ အဗဒ္ဓသီးခြေ

၆။ သုက်သွေး– အားဖြင့် ၆ ပါးသော ရုပ်များသည် ခန္ဓာကိုယ် တခုလုံး၌ တည်နေသည်-ဟု ပြ၏။

(ဆောင်) ၁။ ဘော,ပသာဒ၊ လောဟိတ၊ ဇီဝသည်းချေသုက်။
၂။ ကိုယ်လုံးနှံ့ပြား တည်နေရာ ကျမ်းလာမှန် မယုတ်။

## သံဃာဒိသေသပုဒ်ဝနေတ္တအဓိပ္ပာယ်

ဝစနတ္ထော ပနေတ္ထ သံဃော အာဒိမှိ စေဝ သေသေ စ
ဣစ္ဆိတဗ္ဗော အဿတိ သံဃာဒိသေသော။
ကိံ ဝုတ္တံ ဟောတိ ဣမံ အာပတ္တိံ အာပဇ္ဇိတွာ
ဝုဋ္ဌာတုကာမဿ
ယံ တံ အာပတ္တိဝုဋ္ဌာနံ၊ တဿ အာဒိမှိ စေဝ
ပရိဝါသဒါနတ္ထာယ
အာဒိတော သေသေ စ မဇ္ဈေ မာနတ္တဒါနတ္ထာယ,
မူလာယ ပဋိကဿနေန ဝါ သဟမာနတ္တ ဒါနတ္ထာယ
အဝသာနေ
အဗ္ဘာနတ္ထာယ သံဃော ဣစ္ဆိတဗ္ဗော၊ န ဟေတ္ထ ဧကေမ္ပိ
ကမ္မံ ဝိနာ သံဃေန
သက္ကာ ကာတုန္တိ သံဃော အာဒိမှိစေဝ သေသေစ
ဣစ္ဆိတဗ္ဗော အဿာတိ
သံဃာဒိသေသောတိ။ (ပါ- အဋ္ဌကထာ-ဒု-၁၀၉)။

**အဓိပ္ပာယ်ကား....** အစ, အလယ်, အဆုံး-သုံးပါးလုံး၌ သံဃာကို အလိုရှိအပ်သောကြောင့် သံဃာဒိသိသ်မည်၏။

**မှန်၏။** သံဃာဒိသိသ် အာပတ်သင့်ခဲ့သော် ဒေသနာကြားရုံဖြင့် အာပတ်မှ မထနိုင်၊ အာပတ်မှ စင်ကြယ်ထမြောက်လိုသော ရဟန်းသည် ရှေးဦးစွာသံဃာဖြင့် ပရိဝါသ်ပေးရမည်။ အလယ်၌လည်း သံဃာဖြင့် မာနတ်ပေးရသည်။ အဆုံး၌လည်း သံဃာဖြင့်ပင်အဗ္ဘာန် သွင်း, အဗ္ဘာန်ယူက်ရသည်။ ထို့ကြောင့် ပရိဝါသ်ပေးခြင်းအစ,မာနတ်ဆောက်တည်ခြင်းအလယ်, အဗ္ဘာန်သွင်း,ယူက်ခြင်းအဆုံးဟူ၍သံဃာမပါလျှင်မဖြစ်၊သံဃာပါမှဖြစ်သော

ကြောင့်"သံဃောအာမှိစေဝ သေသေစ ဣတ္ထိတဗ္ဗော အဿာတိ သံဃာဒိ သော"-ဟူသော ဝစနတ္ထနှင့်အညီ သံဃာဒိသိသ်မည်၏-ဟူလို။

## လဇ္ဇီသူမှန်ခေါ်နိုင်ကြောင်း

ယင်းသံဃာဒိသိသ်အာပတ်ကို ဒေသနာကြား, အာဝီကရဏပြုထားလျှင် အာပတ်ကို ညင့်ဖုံးလွှမ်းခြင်း မရှိတော့ချေ။ ထိုပုဂ္ဂိုလ်မျိုးကို အာပတ္တိပရိဂူဟန (အာပတ်ကို ဖုံးကွယ်ထားခြင်း) အလဇ္ဇီဒုဿီလသူယုတ်မာသဘောမှ ကင်းစင်သောကြောင့် လဇ္ဇီသူမွန်,သူမြတ်-ဟုခေါ်ဆိုထိုက်ပေသည်။သို့သော် သံဃာဒိသိသ်မှကား ကင်းစင်ပပျောက်မသွားသေးချေ။ ပရိဝတ်,မာနတ် ဆောက်တည်ပြီး၍ အဗ္ဘာန်ထွက်ပြီးမှ သံဃာဒိသိသ်မှ စင်ကြယ်ပြီး သုဒ္ဓ ပုဂ္ဂိုလ်စင်စစ်ဖြစ်ပေမည်။

## တရားအားထုတ်လျှင် ရနိုင်သောအကျိုး

အာပတ်ကိုဒေသနာကြား အာဝီကရဏပြုထားသဖြင့် လဇ္ဇီသူမွန်-ဟု ခေါ်ဆိုရသော (ပရိဝတ်မာနတ် မဆောက်တည်ရသေးသဖြင့် အာပတ်မှ မစင်ကြယ်သေးသော) အသုဒ္ဓဖြစ်သော ပုဂ္ဂိုလ်သည် တရားအားထုတ်လျှင် ပညတ္တိဝီတိက္ကမန္တရာယ် တားမြစ်ထားသောကြောင့် ဈာန်မဂ်ဖိုလ်ကို မရနိုင်။ ကာမကုသိုလ်တရားများကို အားထုတ်ခဲ့သော် နတ်ရွာသုဂတိဘဝ သမ္ပတ္တိကိုကား ရနိုင်ပေသည်။ (အကျယ်သည် နောက်၌ ထင်ရှားလတ္တံ့)။

**(ဆောင်) ကုံ ကိလေသ၊ ဝိပါက၊ ဝါဒတိက္ကမာ။**
**နတ်ရွာနိဗ္ဗာန်၊ မဂ်ဖိုလ်ဈာန်၊ ငါးတန်အန္တရာ။**

## ဒုတိယသံဃာသိသ်၌ မှတ်ဖွယ်

တတ္ထ သာရတ္တောတိ ကာယသံသဂ္ဂရာဂေန သုဋ္ဌု ရတ္တော။
အပေက္ခဝါတိ ကာယသံသဂ္ဂါပေက္ခာယ အပေက္ခဝါ။
ပဋိဗဒ္ဓစိတ္တောတိ ကာယသံသဂ္ဂရာဂေနေဝ တသ္မိံ
ပဋိဗဒ္ဓစိတ္တော။ (ပါ-အဋ္ဌကထာ-ဒု-၁၂၀။)

**အဓိပ္ပာယ်ကား**.... မာတုဂါမ၏ ခန္ဓာကိုယ်ကို ကာယသံသဂ္ဂရာဂစိတ်ဖြင့် ကိုင်တွယ်သုံးသပ်လျှင် သံဃာဒိသိသ်အာပတ်သင့်၏-ဆိုလိုသည်။

## မိန်းမကို ကိုင်ကောင်းသောနည်းမရှိ

မာတုဂါမကို ကာယသံသဂ္ဂရာဂစိတ်ဖြင့် ကိုင်လျှင် ထုလ္လစ္စည်း ဒုက္ကဋ်မှ ထိုက်သလိုသင့်သည် လွတ်သည်မရှိ၊ မွေးခါစမိန်းကလေးကိုပင် မကိုင်ကောင်းပါ။ အသူးရှောင်ကြဉ်သင့်သည်။ ထို့ပြင် မာတုဂါမ ခန္ဓာကိုယ်သာ မဟုတ်၊ မာတုဂါမအရုပ်,ဓာတ်ပုံ,အဝတ်အထည်များ ရတနာများကိုလည်း မကိုင်ကောင်းကြောင်းကို ပါရာဇိကကဏ္ဍ၌ ရေးခဲ့ပြီးဖြစ်သည်။ (ပြန်ကြည့်ပါ)

**(ဆောင်) သာယာစိတ္တနှင့်၊ ဠတ္တိကာယ၊ တစစ ထိက သံဃာဒိသ်**

## အင်္ဂါလေးပါးစုံမှ အာပတ်သင့်

ဣတ္ထီ စ ဟောတိ၊ ဣတ္ထိသညီ၊ သာရတ္တော စ၊ ဘိက္ခု စ နံ ဣတ္ထိယာ ကာယေန ကာယံ အာမသတိ။ (ပါရာဇိကဏ်ပါဠိတော်)။

ဤပါဠိတော်အရ ကာယသံသဂ္ဂသံဃာဒိသိသ်အာပတ်သည်-

၁။ မာတုဂါမဖြစ်ခြင်း။

၂။ မာတုဂါမ အမှတ်သညာရှိခြင်း။

၃။ ကာယသံသဂ္ဂရာဂစိတ်ရှိခြင်း။

၄။ ရဟန်း၏ကိုယ်ဖြင့် မာတုဂါမ၏ကိုယ်ကို ကိုင်မိခြင်း-

ဟု အင်္ဂါလေးပါးနှင့် ပြည့်စုံမှသာလျှင် သင့်နိုင်သည်။ တပါးပါး ချွတ်ယွင်းခဲ့သော် သံဃာဒိသိသ်အာပတ်မသင့်နိုင်။ ထိုသံဃာဒိသိသ်အာပတ် မသင့်သော်လည်း အခြားအာပတ်များသင့်မည်သာဖြစ်၍ မာတုဂါမနှင့်လျှင် အဆိပ်ပြင်းထန်သော မြွေပွေး, မြွေဟောက်ပမာ ဝေးနိုင်သမျှ ဝေးအောင် ရှောင်ကြဉ်ပါလေ။

---

## တတိယသံဃာဒိသိသ်၌ မှတ်ဖွယ်

သာရတ္တောတိ ဒုဋ္ဌုလ္လဝါစဿာဒ ရာဂေန သာရတ္တော။
အပက္ခေဝါ ပဋိဗဒ္ဓစိတ္တောတိ ဝုတ္တနယမေဝ။
(ပါ-ဒု- အဋ္ဌကထာ- ၁၃၃)။

**အဓိပ္ပာယ်ကား**.... ရုန့်ရင်း ကြမ်းတမ်းသောစကားကို ပြောဆိုမှု၌ သာယာသောစိတ်ဖြင့် ပြောဆိုခဲ့သော် ဒုဋ္ဌုလ္လ ဝါစာသံဃာဒိသိသ်သင့်၏- ဟု ဆိုလိုသည်။

ဒေဟိ မေတိ ယာစနာယ ပိ တွေကေနေဝ သိသံနတိ။
မေထုနံ ဓမ္မံ ဒေဟီတိ ဝေ မေထုန ဓမ္မေန ဃဋ္ဋိတေဝေ
သံဃာဒိသေသော။
(ပါ-ဒု- အဋ္ဌကထာ-၁၃၄)

**အဓိပ္ပာယ်ကား....** "ပေးစမ်းပါ"ဟု သာမညတောင်းရုံဖြင့် သံဃာဒိသိသ်အာပတ် မသင့်သေးပါ။ "မေထုံပေးစမ်းပါ"ဟု မေထုံနှင့် စပ်ယှဉ်သောစကားကိုပြောဆိုသာယာမှသာလျှင် သံဃာဒိသိသ်အာပတ် သင့်သည်၊

## မန္တလေးက ဦးတေဇောဖြစ်ပုံ

ဦးတေဇောသည် အဘယ်ဝတ္ထုကို မေထုံခေါ်မှန်းမသိသဖြင့် ဦးပုညအားမေးရာ၊ ဦးပုညက ယာဂုကို မေထုံခေါ်ကြောင်း နောက်ပြောင်ပြောဆိုလိုက်၏။ ထိုစကားကို အဟုတ်ထင်ပြီး နေမကောင်းသောအခါ ရှမ်းစုရပ်ဆွမ်းခံအိမ်သွား၍ မေထုံအလှူခံလေသည်။

အရှင်ဘုရား- မေထုံကို အလှူမခံကောင်းပါ-ဟု ဆွမ်းခံအိမ်ဒါယိကာမကြီးက လျှောက်ထားလျှင် "ဒါယိကာမကြီး— ဦးဇင်းနေမကောင်းလို့ပါ၊ ဟောဒီချိုင့်အသေးကလေးနှင့် ဝလုံးလောက်ရလျှင် တော်ပါပြီ"-ဟု အတင်းအဓမ္မ အလှူခံပြန်သည်။ ထိုအခါမှ ဦးတေဇော လိုခြင်သောမေထုံသည် (ဟိုဟာဟောတ်ကြောင်း) ရိပ်မိတော့သည်။ ဤကား ငါတို့ငယ်စဉ်က မန္တလေးမှာ တွေ့ရှိသော ဦးတေဇောအကြောင်းတည်း-ဟု ဝိနည်းစာဝါချပို့စဉ်က ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမိန့်ဖူး၏။ ဤဦး ဦးတေဇောအား ဒုဋ္ဌုလ္လဝါစဿာဒ ရာဂ မရှိသောကြောင့် သံဃာဒိသိသ်အာပတ် မသင့်ချေ။

## မာတုဂါမ အဆုံးအဖြတ်

ယာ ပဏ္ဍိတာ သာတ္ထက နိရတ္ထက ကထံ အသဒ္ဓမ္မ
သဒ္ဓမ္မ ပဋိသံယုတ္တကထဥ္စ ဇာနိတုံ ပဋိဗလာ၊
အယံက္လာအေမိပေ့ပာ။ ယာ ပနမဟလ္လိကာပိ ဗာလာဠေ မူဂါ၊
အယံ က္လာခဲ အနမိပေ့တာတိ ဒဿေတိ၊
(ပါဒု-အဋ္ဌကထာ-၁၃၃)။

**အဓိပ္ပာယ်ကား....** ပဏ္ဍိတ, ပဋိဗလ မာတုဂါမဟူသည်-

၁။ အကျိုးရှိ အကျိုးမဲ့ကို သိနိုင်သောမိန်းမနှင့်

၂။ အသဒ္ဓမ္မပဋိသံယုတ္တစကား- သဒ္ဓမ္မပဋိသံယုတ္တစကားကို သိနိုင်သော မိန်းမမျိုးတည်း။

ဤမာတုဂါမမျိုးကို ပြောဆိုမှု အာပတ်သင့်နိုင်သည်။ ဋ္ဌေမှုဂမိန်းမမျိုးကိုကား အသက်ကြီးသော်လည်း ဋ္ဌေမှုဂဖြစ်သောကြောင့် ဤနေရာ၌ မယူရချေ။

ဣမေဟိ တီဟိ ဃဋ္ဋိတေယေဝ သံဃာဒိသေသောတိ-
သိခရဏီတိအာဒီဟိ တီဟိယေဝ၊ ဒေဟိအဝဏ္ဏဘာဏနေ
ဃဋ္ဋိတေ ယေဝ သံဃာဒိသေသော ပဿာဝမဂ္ဂဿ
နိယတ ဝစနတ္တာ အစ္စောဠာရိကတ္တာစ။
(သာရတ္ထဋီ-ဒု-၃၂၂)။

**အာပ္ပာယ် ကား ....** သိခရဏီ စသော သုံးပုဒ်တို့က ပဿာဝမဂ်ကို အမြဲဟောသောကြောင့် လည်းကောင်း၊ အလွန်ရုန်းရင်း ကြမ်းတမ်းသော ကြောင့် လည်းကောင်း ယင်းသုံးပုဒ်တို့နှင့် ငြ်ပြီး ပြောဆိုမှ သာလျှင် သံဃာဒိသိသ် အာပတ်သင့်နိုင်သည်။

## ဝါဒသုံးမျိုးကွဲပြား

အနိမိတ္တာသီတိ အာဒီဟိ ပန အဌဟိ ပဒေဟိ ဃဋ္ဋိတေ
ကေဝလံ အဝဏ္ဏ ဘာဏနမေဝ သမ္ပဇ္ဇတီ။ နသံဃာဒိသေသော။
ဟသ္မာ တာနိ ထုလ္လစ္စယဝတ္ထူနိ တိအာပရေ။
ပရိဗ္ဗာဇိကာ ဝတ္ထုသ္မိံ ဝိယ ထုလ္လစ္စယ မေ ဝေတ္ထ
ယုတ္တတရံ ဒိဿတိ။ (သာရတ္ထ-ဒု-၃၂၃)။

**အဓိပ္ပာယ်ကား....** အနိမိတ္တာသိ စသော ရှစ်ပုဒ်တို့သည် ထုလ္လစ္စယ ဝတ္ထုတို့ မည်ကုန်၏။ အကြောင်းကား- ယင်းပုဒ်တို့ဖြင့် စပ်၍ ပြောဆိုခဲ့သော် အဝဏ္ဏသာမြောက်၍ သံဃာဒိသိသ်အာပတ် မသင့်သောကြောင့် တည်း။ (ကေစိဝါဒ)။

**တနည်း**။ ။ယင်းပုဒ်တို့သည် ဆဲရေးခြင်းမျှသာ ဖြစ်သောကြောင့် ဒုက္ကဋ ဝတ္ထုမည်ကုန်၏။ (အပရေအယူ)။

**တနည်း**။ ။ယင်းပုဒ်တို့သည် ပရိဗ္ဗာဇက ဝတ္ထုမှာကဲ့သို့ ထုလ္လစ္စည်းသာ ဖြစ်ထိုက်ပေသည်။ (သမာနအယူ)။

## မဂ်နှင့်စပ်၍ ပြောမှု အာပတ်သင့်

တဝ ဝစ္စမဂ္ဂေါ စ ပဿာဝ မဂ္ဂေါ စ ကြဒိသော၊
တေန နာမ က္လဒိသေန ကုတ္တိလက္ခဏေန
သုဘာလက္ခဏေန သမန္နာ ဂတာ သီတိ ဝဒတိ၊
သီသံဧတိ၊ သံဃာဒိသေသော။ (ပါ-ဒု-အဋ္ဌကထာ- ၁၃၃)။

**အဓိပ္ပာယ်ကား**.... ဝစ္စမဂ်, ပဿာဝ မဂ်နှင့်စပ်သော စကားကို ပြောဆို သာယာခဲ့သော် သံဃာဒိသိသ် အာပတ်သင့်သည်-ဟု ဆိုလို၏။

ဤသိက္ခာပုဒ်၌ လိုရင်းချုပ်သော်-

၁။ လူမိန်းမ- ဖြစ်ခြင်း
၂။ လူမိန်းမ-ဟု အမှတ်ရှိခြင်း
၃။ ဒုဋ္ဌုလ္လဝါစဿာဒရာဂရှိခြင်း
၄။ ထိုရာဂဖြင့် ပျက်ချယ်ပြောဆိုခြင်း
၅။ ပြောဆဲခဏ၌ သိခြင်း။

ဤအင်္ဂါ ၅ ပါးနှင့်ပြည့်စုံမှ သံဃာဒိသိသ် အာပတ်သင့်သည်။

**(ဆောင်) သာယာစိတ်နှင့်၊ ဇုတ္တိကိုတုံ၊ မေထုံစကား, မဂ်စကား၊ ပြောကြွာ သံဃာဒိသ်**။

---

## စတုတ္ထသံဃာဒိသိသ်၌ မှတ်ဖွယ် သိက္ခာပုဒ် ၂-မျိုး အထူး

ဒုဋ္ဌုလ္လဝါစာသိက္ခာပဒေ ကိဥ္စာပိ မေထုနယာစနံအာဂတံ၊
တထာပိ တံ ဒုဋ္ဌုလ္လဝါစာဿာဒရာဂဝသေနဝုတ္တံ။
ဣဓ ပန အတ္တနော မေထုနဿာဒရာဂဝသေနာတိ အယံ
ဝိသေသော။ (သာရတ္ထ-ဒု-၃၂၅)။

**အဓိပ္ပာယ်ကား**....ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်မှာလည်း မေထုံကို အလှူခံမှု ပါသည်။ ဤအတ္တကာမ (စတုတ္ထ) သိက္ခာပုဒ်၌လည်း မေထုံကို အလှူခံမှု ပါသည်။ ထိုကြောင့် ဤသိက္ခာပုဒ် ၂-မျိုး၏ အထူးပြလို၍ ဖော်ပြပါ စကားကို ဋီကာမိန့်ဆိုခြင်းဖြစ်ပေ၏။

**အထူးကား**....ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစဿာဒရာဂ၏ အစွမ်းအားဖြင့် ဟောခြင်းဖြစ်သည်။

ဤအတ္တကာမသိက္ခာပုဒ်၌ကား မေထုနဿာဒရာဂ၏ အစွမ်းအားဖြင့် ဟောခြင်းဖြစ်သည်။

**အင်္ဂါ** ၅-ပါး၊ ၁။ လူမိန်းမ ဖြစ်ခြင်း

၂။ လူမိန်းမ-ဟု အမှတ်သညာရှိခြင်း

၃။ အတ္တကာမပါရိစရိယရာဂရှိခြင်း

၄။ ထိုရာဂဖြင့် ချီးမွမ်းပြောဆိုခြင်း

ဟူ၍ အင်္ဂါ ၅-ပါးစုံမှ အာပတ်သင့်သည်။

**(ဆောင်) သာယာစိတ်နှင့်၊ ဣတ္ထိကိုတုံ၊ မေထုံအလှူ၊ ချီးမွမ်းမှု၊ မှတ်ယူ သံဃာဒိသ်။**

---

**''ပဥ္စမသံဃာဒိသိသ်၌ မှတ်ဖွယ်**
**ထိမ်းမြားမင်္ဂလာ အခေါ်အဝေါ်**

အာဝါဟာဒီသု အာဝါဟောတိ ဒါရကဿ ပရကုလတော ဒါရိကာယ အာဟရဏံ။
ဝိဝါဟောတိ အတ္တနော ဒါရိကာယ ပရကုလပေသနံ။
ဝါရေယျန္တိ ''ဒေထ နော ဒါရကဿ ဒါရိက''န္တိ ယာစနံ
ဒိဝသ,နက္ခတ္တ,မုဟုတ္တ,ပရိစ္ဆေဒကရဏံဝါ။
(ပါ- -အဋ္ဌကထာ ၁၃၄)။
အာဝါဟနှ အာဝါဟော ပဏ္ဍုပလာသာဂေဝန ဒါရိကာယ
ဂဏှာ...။ ကာယာဒါ... ဝိဝါဟော ... ''ဒါရက ဿာ''
ဘိအာဒိ။ (သာရတ္ထ-ဒု ၃၂၆)

**အဓိပ္ပာယ်ကား....** သတို့သားအတွက်တပါးသောအမျိုး(အိမ်)မှသတို့သမီးကို ဆောင်ယူခြင်းသည် အာဝါဟမင်္ဂလာမည်၏။ (သတို့သားဘက်မှ အာဝဟမင်္ဂလာခေါ်သည်။)

မိမိ၏သတို့သမီးကို တပါးသောအမျိုး (အိမ်) သို့ စေလွှတ်ခြင်းသည် ဝိဝါဟမင်္ဂလာမည်၏။ (သတို့သမီးဘက်မှ ဝိဝါဟမင်္ဂလာခေါ်သည်။)

''သင့်သမီးကို ငါ့သားအားပေးပါ''ဟု တောင်းခြင်းသည် (ဝါ) စေ့စပ်ကြောင်းလမ်းခြင်းသည် ဝါရေယျမင်္ဂလာမည်၏။

**(တနည်း)** မင်္ဂလာဆောင်ရန်အတွက် နေ့ရက်အချိန်အခါရွေးချယ်ခြင်းသည် ဝါရေယျမင်္ဂလာမည်၏။(စေ့စပ်ကြောင်းလမ်းခြင်း၊ ရက်ရွေးခြင်း ဝါရေယျမင်္ဂလာကို ရှေးဦးစွာပြုလုပ်ရသည်။ ထိမ်းမြားမင်္ဂလာပြုလုပ်ခြင်း အာဝါဟ ဝိဝါဟမင်္ဂလာကို နောက်မှပြုလုပ်ရသည်။)

## အဗ္ဘုတအသုံးအဖြစ်

**''ဘုန်းကြီးများ အလောင်းအစား မလုပ်ကောင်း''**

အဗ္ဘုတမကံသုတိ ယဒိ ကရိဿတိ တွံ၊ တွေကံ ဇိတော၊
ယဒိ နကရိဿတိ၊ ဒဿံ တွေ့ကန္တိ အဗ္ဘုတ ကံသု။
ဘိက္ခုနံ ပန အဗ္ဘုတံ ကာတုံ န ဝဋ္ဋတိ၊ ယော ကရောတိ၊
ပရာဇိတေန ဒါတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ။
(ပါ-ဒု-အဋ္ဌကထာ-၁၄၀)။
အဗ္ဘုတံ ကာတုံ န ဝဋ္ဋတီတိ ဣမိနာ ဒုက္ကဋံ ဟောတီတိ ဒီပေတိ။
ပရာဇိတေန ဒါတဗ္ဗန္တိ ပုတ္တတ္တာ အဒေန္တော–
ဓုရနိက္ခေပေန ကာရေတဗ္ဗော။ (သာရတ္ထ-ဒ-၃၂၆)။

**အဓိပ္ပာယ်....** ဘုန်းကြီးများ အလောင်းအစား ပြုလုပ်လျှင် ရှုံးရှုံး နိုင်နိုင် ဒုက္ကဋ် အာပတ်သင့်သည်။

ရှုံး၍ ပြန်မပေးလျှင် ဓုရနိက္ခေပဖြင့် ဆုံးဖြတ်ရမည်–ဟု ဆိုလိုသည်။ (ဝိမတိ၌လည်း ထိုနည်းတူလာရှိသည်။)

**ဉတ္တိစတုတ္ထရဟန်းကိုသာ ယူရခြင်း**

ကိစ္စာပိ ဟောတိ ဘိက္ခု ဥပသမ္ပန္နာ စေဝ သာရဏာပနေနုပ သမ္ပန္နာ ၈။
သဥ္စရိတ္တာဒိ ပဏ္ဏတ္တိဝဇ္ဇ အာပတ္တိ အာပဇ္ဇန္တိ၊ တေသံ ပန

န သဗ္ဗကာလိကတ္တာ တေ ဝဇ္ဇေတွာ (လ) အဘဗ္ဗာဘာဝတော။
(သာရတ္ထ-ဒု-၃၂၆)။

**အဓိပ္ပာယ်**.... ပေါဟိကန္တုရဟန်း, သရဏာဂမနုပ ရဟန်းတို့သည် သဉ္စရိတ္တအာပတ်မျိုးကို သင့်နိုင်ကြကုန်၏။ သို့သော်လည်း ၎င်းရဟန်းတို့က အခါပ်သိမ်း အမြဲမရှိကြသောကြောင့် ၎င်းတို့ကို မယူပဲ အမြဲရှိသော ဥတ္တိစတုတ္ထ ရဟန်းကိုသာလျှင် ယူခြင်းဖြစ်သည်။ ထို ပေါဟိကန္တုရဟန်း သရဏာဂမနုပ ရဟန်းတို့က သဉ္စရိတ္တ စသော အာပတ်မျိုး မသင့်နိုင်သောကြောင့် မယူခြင်း မဟုတ်ချေ။ ၎င်းတို့လည်း သင့်နိုင်သာလျှင်တည်း။

## သာရတ္ထအလို မနောဒွါရ၌ အာပတ်သင့်နိုင်ခြင်း

ခိဏာသဝါပိ တိ အပ္ပဿုတာ ကိဥ္စာပိ လောကဇ္ဇံ နာပဇ္ဇန္တိ။
ပဏ္ဏတ္တိယံ ပန အကောဝိဒတ္တာ ဝိဟာရကာရ ကုဋိကာရံ
သဟာဂါရံ သဟသေယျန္တိ ဧဝရူပါ ကာယဒွါရေ
အာပတ္တိယော အာပဇ္ဇန္တိ။
သဉ္စရိတ္တံ, ပဒသောဓမ္မ ဥတ္တရိဆပ္ပဉ္စဝါစံ, ဘူတာရောစ နန္တိ
ဧဝရူပါ ဝစီဒွါရေ အာပတ္တိယော အာပဇ္ဇန္တိ။
ဥပနိက္ခိတ္တ သာဒိယန ဝသေန မနောဒွါရေ

ရူပိယပဋိဂ္ဂဟဏာပတ္တိံ အာပဇ္ဇန္တိ။ (သာရတ္ထ- ဒု- ၃၂၆-၇)။
**အဓိပ္ပာယ်**....အပ္ပဿုတ ရဟန္တာများသည် လောကဝဇ္ဇ အာပတ်မသင့်နိုင်။ ညတ်တော်ကို နားမလည်ခြင်းကြောင့် ပဏ္ဏတ္တိဝဇ္ဇ အာပတ်တို့ကား- ရောက်နိုင်, သင့်နိုင်ကြသည်။ ထိုကြောင့် ဝိဟာရကာရ-စသော အာပတ်များသို့ ကာယဒွါရ၌ သင့်နိုင်, ရောက်နိုင်ကြသည်။

သဉ္စရိတ္တ, ပဒသောဓမ္မ-စသော အာပတ်များသို့ ဝစီဒွါရ၌ သင့်နိုင်, ရောက်နိုင်ကြသည်။

အနီး၌ ချထားအပ်သော ရွှေ-ငွေကို သာယာသည်၏ အစွမ်းအား ဖြင့် ရူပိယ ပဋိဂ္ဂဟဏ အာပတ်သို့ ရောက်နိုင်ကြသည်။ (ဤသာရတ္ထဋီကာ အလို မနောဒွါရ၌ အာပတ်သင့်သည်-ဟု ဆိုလို၏။ သာရတ္ထဋီကာ၏ တပည့် ရင်းဖြစ်သော ကင်္ခါဋီကာသစ် အရကောက် [illegible] ပုဒ်ကို ရည်၍ 'မနောဒွါရေ အာပတ္တိနာမ [illegible]' ဟူသော ကင်္ခါအဋ္ဌကထာ

စကားကို ယေဘုယျစကားသာ ဖြစ်သည်- ဟု သူ့ဆရာ သဘောအတိုင်း မနောဒွါရ၌ အာပတ်သင့်နိုင်ကြောင်း ဖွင့်ဆိုထားပေသည်။

## မနောဒွါရ၌ အာပတ်မသင့်နိုင်

ထိုသို့ ဖွင့်ဆိုထားသော်လည်း ဥပနိက္ခိတ္တသိက္ခာပုဒ်ကား ခေါင်းရမ်းခြင်း, နှုတ်ဖြင့်ပယ်ခြင်း-ဟု ဆိုအပ်သော လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ခြင်းကြောင့် ကာယဒွါရ, ဝစီဒွါရ၌ သင့်သော အကြိယ သမုဋ္ဌာန်ရှိသော အာပတ်ဖြစ်ပေသည်။ ထို့ကြောင့်"မနောဒွါရေ အာပတ္တိနာမနတ္ထိ"-ဟူသော စကားသည် ယေဘူယျမဟုတ်၊ မုချ နိတတ္ထ စကားတည်း။ "မနောဒွါရ၌ ဘယ်တော့မှ အာပတ်မသင့်နိုင်ကြောင်း" တထစ်ကြ မှတ်ရမည်-ဟု ငါတို့ ဓမ္မာစရိယ ဖြစ်တော်မူသော ယုတ္တိ, မုတ္တိ, ဝါဒီ အရှင်စန္ဒမဟာထေရ် အမိန့်ရှိ ဖူးသည်။

## ဘုန်းကြီးများ အောင်သွယ်မလုပ်ကောင်း

> သဉ္စရိတ္တံ သမာပဇ္ဇေယျာတိ၊ သဉ္စရဏဘာဝံ သမာပဇ္ဇေယျ။
> ယသ္မာ ပန တံ သမာပဇ္ဇန္တေန (လ)၊ တေနေဝဿ
> ပဒဘာဇနေ ပုရိသဿ မတိံ ဣတ္ထိယာ အာရောစေတိ၊
> ဣတ္ထိယာ မတိံ ပုရိသဿ အာရောစေတီ" တိဝုတ္တံ။
> (ပါ-ဒု-အဋ္ဌကထာ-၁၄၀)။

**အဝိပ္ပာယ်**…ယောကျ်ား၏အလိုကို မိန်းမအား ပြောကြားခြင်း မိန်းမ၏ အလိုကို ယောကျ်ားအား ပြောကြားခြင်းသည် အောင်သွယ် လုပ်သည် မည်၏။ ထိုအောင်သွယ်လုပ်မှုကို မပြုကောင်း၊ ပြုလုပ်ခဲ့သော် သဉ္စရိတ္တ သံဃာဒိသိသ် အာပတ်သင့်သည်။

## စာပေစာယူ လုပ်ရာ၌ အာပတ်မသင့်

> ဟိကျ်ုံ အဇာနန္တဿ အက္ခရေနာ အမိပ္ပာယ် ပဏ္ဏော
> လိခိတွာ ဒိန္နံ ဟရန္တဿပိ အာပတ္တိ ဟောတိ၊
> ဣမဿ သိက္ခာပဒဿ အစိတ္တကတ္တာတိ န စ ဂဟေတဗ္ဗံ။
> ပါဠိယံ ပန "အာရောစေတီ" တိဝုတ္တတ္တာ အဋ္ဌကထာယံ စ

တတ္ထ တတ္ထ အာရောစနသော ဒဿိတတ္တာ ကာယေနဝါ
ဝါစာယဝါ အာရောစေန္တဿေဝ အာပတ္တိ ဟောတီတိ
ဂဟေတဗ္ဗံ။ (သာရတ္ထ-ဒု-၃၃၀)။

**အနက်**။ ။ဘိက္ခု၊ ရဟန်းကို။ အဇာနာပေတွာ၊ မသိစေမူ၍။ ဝါ၊ အောင်သွယ်စာမှန်း အသိမပေးမူ၍။ ဝါ၊ သမီးရီးစား စာမှန်း အသိမပေးမူ၍။ အတ္တနော၊ မိမိ၏။ (ဝါ၊ သတို့သား၏။ ဝါ၊ သတို့သမီး၏။) အဓိပ္ပါယံ၊ အလိုဆန္ဒကို။ ပဏ္ဏေ၊ စာရွက်ပေါ်၌။ လိခိတွာ၊ ရေး၍။ ဒိန္နံ၊ ပေးအပ်သော သမီးရီးစားစာကို။ ဟရန္တဿပိ၊ ဆောင်ယူသွားသော ရဟန်းအားလည်း။ အာပတ္တိ၊ သဉ္စရိတ္တ သံဃာဒိသိသ် အာပတ်သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကြောင့်။ အာပတ္တိ၊ သည်၊ ဟောတိ၊ နည်း။ ဣတိအယံပုစ္ဆာ၊ အမေးတည်း။

ဣမဿသိက္ခာပဒဿ။ ဤသဉ္စရိတ္တသိက္ခာပုဒ်၏။ ဝါ၊ သည်။ အစိတ္တကတ္တာ၊ အစိတ္တက သိက္ခာပုဒ်ဖြစ်သောကြောင့်။ ဝါ၊ စိတ်မရှိသော်လည်း၊ အာပတ်သင့်နိုင်သောကြောင့်။ အပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဣတိအယံ ဝိဿဇ္ဇနာ၊ အဖြေတည်း။ ဣတိ ဣဒံ ဒွတ္တံဇာတံ၊ ကို။ နဂဟေတဗ္ဗံ၊ မယူဆအပ်။ (အာပတ်မသင့်ဟု ဆိုလို၏။ ) ပန၊ စဉ်စစ်သော်ကား၊ ဝါ၊ ယူရမည့် အနက်ကား-

**တနည်းကား**။ ။ပန၊ ရေးဝါကျ၌ အပြင်တင်ရန်၊ စုဒ်အကျန်ကို၊ ပယ်လှကော်ချ၊ အကြောင်းပြလျက်၊ ဝါကျပ မှာဖန် အားထုတ်ပြန့်အံ့။ ပါဠိယံ၊ ပါဠိတော်၌၊ အာရောစေတီတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဝစီဝိညတ္တိကြိယာဖြင့် ဟောခဲ့သောကြောင့် လည်းကောင်း။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌လည်း။ တတ္ထတတ္ထ-ထေ ဒသုတေသု၌နေသု၊ ထိုထို၌နတို့၌။ အာရောစနသေဝ၊ ပြောကြားခြင်းကိုသာလျှင်။ ဝါ၊ ဝစီဝိညတ္တိ ဝါစက ကြိယာကိုသာလျှင်။ ဒဿိတတ္တာ၊ ဖွင့်ပြအပ်သည်အဖြစ်ကြောင့် လည်းကောင်း။ ကာယေနဝါ၊ လက်ဟုတ်ချိန်း ခေါင်းငြိမ့်ပြခြင်း စသော ကာယဝိညတ်ဖြင့်လည်းကောင်း၊ ဝါစာယဝါ၊ ဝစီဝိညတ်ဖြင့် လည်းကောင်း၊ အာရောစေန္တဿေဝ၊ အောင်သွယ်စကား ပြောကြားသော ရဟန်းအားသာလျှင်။ အာပတ္တိ၊ သည်။ ဟောတိ၊ ဖြစ်၏။

(ကာယေနဝါ၊ ဖြင့် လည်းကောင်း၊ ဝါစာယဝါ ဖြင့်လည်းကောင်း၊ အနာရောစေန္တဿ၊ မပြောကြားသောရဟန်းအား။ အနာပတ္တိ၊ အာပတ် မသင့်)။ ဣတိက္လဒ္ဓံ အတ္ထဇာတံ၊ ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

**အဓိပ္ပာယ်ကား**....ရဟန်းသည် ရိုးစားစာမှန်း မသိသော်လည်း စာ ပေးစာယူ ပြုလုပ်ပေးလျှင် အာပတ်သင့်သည်။ အကြောင်းကား.... ဤသဉ္စ ရိတ္တသိက္ခာပုဒ်က အစိတ္တကသိက္ခာပုဒ်ဖြစ်သောကြောင့်တည်း။ (ဤဝါဒ မသင့်။)

မှန်ပေသည်။ ကာယဝိညတ်၊ ဝစီဝိညတ်ပါမှသာလျှင် အာပတ်သင့် နိုင်သည်။ အကြောင်းကား.... ပါဠိတော်၌ အာရောစန ကြိယာဖြင့် ဟော ခဲ့ခြင်း၊အဋ္ဌကထာ၌လည်း ထိုသို့ အောင်သွယ်လုပ်ငန်းဟူသမျှ၌ အာရောစန ကြိယာပုဒ်ဖြင့်သာလျှင် ဖွင့်ဆိုခဲ့ခြင်း ကြောင့်တည်း။ ထို့ကြောင့် စာပေး စာယူလုပ်ပြီး အောင်သွယ်မိခဲ့သော်အာပတ်မသင့်-ဟုမှတ်ပါ-ဟုဆိုလိုသည်။

**မှတ်ချက်**။ ။ဤ၌''အဇာနာပေတွာ''ပုဒ်ဖြင့် မသိသဖြင့်ဆောင်ရွက် မိခဲ့သော် အာပတ်မသင့်-ဟု ပြခြင်းဖြစ်သည်။ သိပါလျက် ဆောင်ရွက်ပါမူ အာပတ်သင့်သည်-ဟု ဆိုလိုသည်၊

## ဝဇီရဗုဒ္ဓိလာ အာစရိယ ဝါဒ

လေခံ နေတွာ ပဋိလေခံ အာရောစိတဿာပိ သဉ္စရိတ္တံ နတ္ထိ။
သဉ္စရိတ္တဘာဝ မဇာနန္တဿာတိဝဒန္တိ၊ ဝိမံသိတွာ ဂဟေတဗ္ဗံ၊
(ဝဇီရဗုဒ္ဓိဋီကာ ၁၉၁)။

**အဓိပ္ပာယ်ကား**....သဉ္စရိတ္တ အဖြစ်ကို မသိသော ရဟန်းအား စာ၌ ပါရှိသော အကြောင်းအရာကို အစုံအလင် ပြောကြားသော်လည်း အာပတ် မသင့်-ဟု ဆရာတို့ပြောဆိုကုန်၏။ ထိုဆရာတို့ စကားကို ဆင်ခြင်ကြပါ-ဟု ဆိုလိုသည်။

**မှတ်ချက်**။ ။အာရောစန ကြိယာပါရှိသောကြောင့်သဉ္စရိတ္တ အဖြစ်ကို မသိသော်လည်း အာပတ်သင့်မည်မှာ သေချာပေသည်။ထို့ကြောင့် ''သဉ္စရိတ္တံနတ္ထိ''ဟု ဆိုသော အာစရိယဝါဒကို''ဝိမံသိတွာ ဂဟေတဗ္ဗံ''ဟု ဝဇီရဗုဒ္ဓိဋီကာဆရာဆိုခြင်းဖြစ်သည်။

## အနာစာရ ဒုက္ကဋ် အာပတ်သင့်ပုံ

ဘုန်းကြီး၏ နှမ (သမီး)ကို လာဘောင်းသူအား ပေးလိုက်ရာ၌ ဤသဥ္စရိတ္တ အာပတ်မသင့်၊ အနာစာရ ဒုက္ကဋ် အာပတ်သာသင့်သည်။ မိမိက သဘောမတူ၍ ကန့်ကွက် လိုက်သော် လည်းကောင်း၊ သဘောတူ၍ အသ ငြိမ်နေ လိုက်သော် လည်းကောင်း မည်သည့် အာပတ်မှ မသင့် တော့ပေ။ (အထူးမှတ်ဖွယ် ။

## ဘိလူးမ ပြိတ္တာမကို အောင်သွယ်ပေး ထုလ္လစ္စည်း

ယသ္မာ ပန ကာယသံသဂ္ဂေ ယက္ခိယာ ထုလ္လစ္စယံ ဝုတ္တံ။
တသ္မာဒုဋ္ဌုလ္လာဒီသုပိ ယက္ခိ ပေတိယော ထုလ္လစ္စယ ဝတ္ထု
မေဝ ါတိဝေဒိတဗ္ဗာ။
အဋ္ဌကထာသု ပန ဧတံ န ဝိစာရိတံ၊
(ပါ-ဒု-အဋ္ဌကထာ-၁၄၇)။
ဒုဋ္ဌုလ္လာ ဒိသုပိဟိ အာဒိသဒ္ဒေန သဉ္စရိတ္တမ္ပိ သင်္ဂဟာတိ။

**အဓိပ္ပါယ်ကား**....ကာယသံသဂ္ဂသိက္ခာပုဒ်၌ ဘီလူးမနှင့် ကာယသံသဂ္ဂ အမှု သာယာခဲ့သော် ထုလ္လစ္စည်း အာပတ်သင့်သကဲ့သို့ ဤသိက္ခာပုဒ်၌လည်း ဘီလူးမနှင့် ဘီလူး အထီး ပြိတ္တာမနှင့် ပြိတ္တာအထီး အောင်သွယ်ပေးခဲ့သော် ထုလ္လစ္စည်း အာပတ်သင့်သည်-ဟု ဆိုလိုသည်။

အင်္ဂါ (၅) ပါး-
၁။ လူဇာတ်ရှိခြင်း
၂။ ပယ်မြစ်မှုမရှိခြင်း
၃။ စကားကို လက်ခံထားခြင်း
၄။ စုံစမ်းခြင်း
၅။ အကြောင်းပြန်ကြားခြင်း-

အားဖြင့် အင်္ဂါ(၅)ပါးတည်း။
(သာရတ္ထဒီ-၃-၃၃၀)။

(ဆောင်) မိန်းမယောက်ျား၊ နှစ်ဦးသား၊ တို၊ မယားလင်ဖြစ်၊ အောင်သွယ်လစ် ဝွန်းညစ်သံဃာဒိ၊

## ၆။ ကုဋိကာရ သိက္ခာပုဒ်၌ မှတ်ဖွယ်

### ပစ္စည်းလေးပါး ရှာမှီးပုံ

သာဒိုသု ပစ္စယေသု သဗ္ဗေန သဗ္ဗံ နဝဋ္ဋတိ။ (လ)
ပဂေဝပရိဂထာဒီနိ။ (ပါ-ဒု-အဋ္ဌကထာ-၁၅၀-၁။

အဓိပ္ပါယ်ကား– သင်္ကန်းပစ္စည်း၊ ဆွမ်းပစ္စည်းတို့၌ ဝစီဝိညတ်ပရိယာယ် ဩဘာ, နိမိတ်–လေးပါးလုံး မအပ်ချေ။ ထိုကြောင့် ဆွမ်းဖိတ်၍ မစားကောင်း၊ သင်္ကန်းကို အလှူမခံကောင်း–ဟုမှတ်။

ကျောင်းပစ္စည်း၌ကား ဝိညတ်တမျိုးသာ မအပ်သည်။ကျန်ပရိယာယ် ဩဘာ နိမိတ်သုံးပါးအပ်သည်၊

ဆေးပစ္စည်း၌ကား လေးမျိုးလုံးအပ်သည်။ ဤကား အကျဉ်းတည်း။

### ပရိကထာ အဓိပ္ပါယ်

တတ္ထ ဥပေါသထာဂါရံဝါ ဘောဇနသာလံဝါ အညံဝါ
ယံကိဉ္စိ သေနာသနံ ဣစ္ဆတော–
"ကုမသိံဝတ ဩကာသေ ဧဝရူပံ သေနာသနံ။
ကာတုံဝဋ္ဋတီ" "တိဝါ" "ယုတ္တ" န္တိဝါ။
အနုရူပန္တိဝါတိ အာဒိနာ နယေန။
ဝစန်ပရိကထာနာမ။ (ပါ-ဒု-အဋ္ဌကထာ-၁၅၁)။

**အဓိပ္ပါယ်ကား**....ဥပုသ်သိမ်ကို ဖြစ်စေ, (သို့) ဆွမ်းစား ကျောင်းကို ဖြစ်စေ, (သို့)အခြားသင့်လျော်သော ကျောင်း အဆောက်အအုံတို ဖြစ်စေ, အလိုရှိသောရဟန်း၏ ':ဤအရပ်၌ ဒီလို နှစ်ထပ်ကျောင်းကြီး ဆောက်သင့်သည်။ ဤအရပ်၌ကား ဒီလိုအုတ်တိုက်ကြီး ဆောက်လုပ်လျှင် လျောက်ပတ်ပေသည်။ ဤအရပ်၌ကား ဒီလို နှစ်ထပ်ကျောင်းကြီး ဆောက်လုပ်လျှင် သင့်လျော်ပေသည်'' စသည်ဖြင့် ဒါယကာ, ဒါယကာမတွေ ကြားအောင် ပြောဆိုခြင်းသည် ပရိကထာ မည်၏။

**တနည်း။** ။ပရိကထာနာမ ပရိယာယေန ကထနံ ဘိက္ခု
သံဃဿ သေနာသနံ သမ္ပာဓန္တိ အာဒိဝစနံ။
(သာရတ္ထ-ဒု-၃၃၂)။

**အဝိပ္ပါယ်ကား**....''ရဟန်းတော်များနေသော ကျောင်းကား ကျဉ်းမြောင်းလှသည်''စသည်ဖြင့် ဒါယကာများကြားအောင် ပြောဆိုခြင်းသည် ပရိကထာမည်၏။ (ပရိယာယ်နှင့် ပရိကထာအတူပင်)။

## ဩဘာ အဝိပ္ပါယ်

ဥပါသကာ တုမှေ ကုဟိံ ဝသထာတိပါသာဒေ ဘန္တေတိ။
''ကိံ ဘိက္ခူနံ ပန ဥပါသကာ ပါသာဒေါ န ဝဋ္ဋတီ''တိ။
ဧဝမာဒိဝစနံ ဩဘာသောနာမ။
(ပါ-ဒု-အဋ္ဌကထာ-၁၅၁)

**အဝိပ္ပါယ်ကား**....ဒါယကာများ–မင်းတို့ ဘယ်မှာနေကြသနည်း?

အရှင်ဘုရား–တပည့်တော်တို့သည် ပြာသာဒ်ပေါ်မှာ နေကြပါသည်ဘုရား-ဟု လျှောက်ထားလိုက်သော်–

''အို... ဒီလိုဆိုလျှင် အဲဒီပြာသာဒ်သည် ရဟန်းများမှာ မအင်ဖူးလား'' စသည်ဖြင့် ဒါယကာများအား ''ရေလာမြောင်းပေး'' ပြောဆိုခြင်းသည် ဩဘာမည်၏။

ဖြောင့်ဖြောင့် (တိုက်ရိုက်) မပြောပဲ သွယ်ဝိုက်၍ ပြောဆိုခြင်းသည် ဩဘာမည်၏-ဆိုလိုသည်။ (သာရတ္ထဋီ-ဒု-၃၃၂)။

## နိမိတ္တ ကမ္မ အဝိပ္ပာယ်

မနုဿေ ဒိသွာ ရဇ္ဇုံ ပသာရေတိ၊ ခိလေ အာကောဋ္ဌာပေတိ၊ ကိံ ဣဒံ ဘန္တေ တိဝုတ္တေ ဣဓအာဝါသံကရိဿာမာတိ
ဧဝမာဒိကရဏံ ပန နိမိတ္တကမ္မံနာမ။
(ပါ-ဒု-အဋ္ဌကထာ-၁၅၁)။

**အဝိပ္ပာယ်ကား**.... ဒါယကာကို မြင်သောအခါ ကြိုးထုံးကို ဖြေ၍ ဆွဲဆန့်နေကြသည်၊ ငုတ်များကို ရိုက်နှက်နေကြသည်။

''အရှင်သုရားတို့ ဘာလုပ်ကြသနည်း''-ဟု လျှောက်ထားသောအခါ ''ငါတို့ ဒီနေရာ၌ ကျောင်းဆောက်မည်'' အစရှိသည်ဖြင့် ပြုလုပ်နေကြခြင်းသည် နိမိတ္တကမ္မမည်၏။

**တနည်း။** ။နိမိတ္တကမ္မံနာမ ပစ္စယေ ဥဒ္ဒိဿ ယထာအဓိပ္ပါယော ဝိညာယတိ။ ဧဝံနိမိတ္တကမ္မံ၊ သေနာသနတ္ထံ ဘူမိပရိကမ္မာဒိနိ ကရောန္တဿ "ကိံ ဘန္တေကရောသိ- ကော ကာရာပေတိ" တိ ဒုဂ္ဂတ နဂောစိဘိ အာဒိဝါစနံ။ (သာရတ္ထ-ဒု-၃၃၂)။

**အဓိပ္ပာယ်။** မိမိလိုချင်သော ပစ္စည်းတခုခုကို ရည်ရွယ်၍ ဒါယကာများကို သိနိုင်လောက်အောင် အမှတ်နိမိတ်ပြခြင်းသည် နိမိတ္တကမ္မမည်၏။ မှန်၏။ ကျောင်းဆောက်ရန်အတွက် ' ဘူမိပရိကမ္မ" စသည်ကိုပြုလုပ်နေသော ရဟန်း၏ "အရှင်ဘုရား ဘာလုပ်နေသနည်း၊ ဒီကိစ္စကို မည်သူ ်င်းပါသနည်း"-ဟု လျှောက်သားသည့်ရှိသော် "ဒါယကာ မည်သူမျှမခိုင်းပါ" စသည်ဖြင့် ပြောဆိုခြင်းသည် နိမိတ္တကမ္မ မည်၏။

## ရောဂါပျောက်လျှင် ဆေးကိုသုံးကောင်း မသုံးကောင်း

ယထာ ဥပ္ပန္နံ ပန ဘေသဇ္ဇံ ရောဂေ ဝူပသန္တေ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ နဝဋ္ဋတိ။ တတ္ထဝိနယဓရာ "ဘဂဝတာ ရောဂသီသေန ပရိဘောဂဿ ဒွါရံ ဒိန္နံ။ တသ္မာ အရောဂ ကာလေပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ အာပတ္တိ နာဟောတိ" တိ ဒန္တိ။ (သာရတ္ထ-ဒု၃၃၂)။

နေထိုင်မကောင်း ၍ အလှူခံထားသော ဆေးပစ္စည်းကို နေထိုင်ကောင်းသောအခါ ထိုဆေးပစ္စည်း သုံးဆောင်ကောင်းပါမည်လော-ဟု မေးကြ၏။

**ဝိနည်းဆောင်အဖြေ။** ။ဆေးပစ္စည်းကို ရောဂါကို အဦးထားပြီး ခွင့်ပြုခဲ့ခြင်းကြောင့် ရောဂါပျောက်သောအခါ၌လည်း သုံးဆောင်ကောင်း၏။ အာပတ်မသင့်-ဟု ဝိနည်းဆောင်တို့က ဖြေဆိုကြကုန်၏။

## သုတ္တန်ဆောင်တို့အဖြေ

သုတ္တန္တိကာ ပန ကိဉ္စာပိ အာပတ္တိ န ဟောတိ၊ အာဇီဝံ ပန ကောပေတိ။ တသ္မာ သလ္လေခ ပဋိပတ္တိယံ ဌိတဿ န ဝဋ္ဋတိ၊ သလ္လေခံ ကောပေတီတိ ဝဒန္တိ။ (သာရတ္ထ-ဒု-၃၃၂)

**အဓိပ္ပာယ်ကား** .... သုတ္တန်ဆောင်တို့ကား အာပတ်မသင့်သော်လည်း အာဇီဝပါရိသုဒ္ဓိကို ပျက်စီးစေနိုင်သောကြောင့် သလ္လေခ ပဋိပတ် အားထုတ်သော ရဟန်းတော်အား အရှင်း မသုံးဆောင်သင့်၊ သုံးဆောင်ခဲ့သော် သလ္လေခပဋိပတ်ပျက်သည်-ဟုဆိုကြကုန်၏။

## ကျောင်းသစ် သယ်ယူရန် လှည်းနွား မခေါ်ကောင်း

ဂေါဏံ ပန အညာတက အပ္ပဝါရိတဋ္ဌာနတော အာဟာရာပေတုံ န ဝဋ္ဋတိ။
အာဟာရာပေန္တဿ ဒုက္ကဋံ၊ ဉာတိ ပဝါရိတ ဋ္ဌာနတောပိ မူလစ္ဆေဇ္ဇာယ ယာစိတုံ န ဝဋ္ဋတိ၊ တာဝကာလိက နယေန သဗ္ဗတ္ထ ဝဋ္ဋတိ၊
"သကဋံ ဒေထာ" တိ အညာတက အပ္ပဝါရိတေ ဝတ္တုံ န ဝဋ္ဋတိ။
ဝိညတ္တိယေဝ ဟောတိ၊ ဒုက္ကဋံ အာပဇ္ဇတိ။ ဉာတိ ပဝါရိတ ဋ္ဌာနေ ပန ဝဋ္ဋတိ။ (ပါ-ဒု-အဋ္ဌကထာ-၁၅၀)။

**အဓိပ္ပာယ်ကား** .... ကျောင်းသစ်များ သယ်ရန် အတွက် ဘုန်းကြီးက နွားလှည်း များကိုခေါ်ခိုင်း တတ်ကြသည်။ ဉာတိပဝါရိတ ဒါယကာများ ထံ၌သာ တောင်းကောင်း၊ ခေါ်ကောင်းသည်၊ မဟုတ်လျှင် မခေါ်ကောင်း၊ မတောင်းကောင်းပါ။

ဉာတိပဝါရိတဖြစ်သော်လည်း အပြတ်မတောင်းကောင်း၊ ခဏတဖြုတ် ငှားကောင်း၊ တောင်းကောင်းသည်။

## သုဂတ ဝိဒတ္ထိ အဆုံးအဖြတ်

သုဂတ ဝိဒတ္ထိယာတိ သုဂတဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿ
ပုရိသဿ တိဿော ဝိဒတ္ထိယော။
ဝဍ္ဎကီဟတ္ထေန ဒိယဍ္ဎဟတ္ထော ဟောတိ။
(ပါ-ဒု-အဋ္ဌကထာ-၁၅၃-၄)။

ပမာဏယုတ္တာတိ ပကတိ ဝိဒတ္ထိယာ နဝ ဝိဒတ္ထိပမာဏော။
(ကင်္ခါဋီသစ်-၂၃၈)။

**အဝိပ္ပာယ်ကား**...ယခုကာလ အား အလယ်အလတ်ရှိသောယောကျ်ားသုံးထွာသည် သုဂတ ဝိဒတ္ထိ(မြတ်စွာဘုရား၏တထွာ)မည်၏။

မဇ္ဈိမပုရိသ သုံးထွာသည် လက်သမားတောင်အားဖြင့် တတောင့်တထွာရှိသည်။ (မဇ္ဈိမပုရိသ သုံးထွာနှင့် လက်သမားတတောင် တူသည်–ဟု ဆိုလိုသည်)။ ယခု လူတို့ ပကတိပုရိသတောင်အားဖြင့် သုံးတောင်ရှိသည်။ **(ဆောင်) ရှင်စောတထွာ ယေး မွား၊ ရှိ နှာထက် ကိုး။**

---

**ပထမ ဒုဋ္ဌဒေါသ သိက္ခာ ပုဒ်၌ မုတ်ဖွယ်
ရှေးဦးစွာ ပဋိညာဉ် တောင်းရပုံ**

စုတ္တပ္ပဘေဒါသုပန ဣမာသု စောဒနာသု ယာယကာယစိ
စောဒနာယ ဝဒေန သံဃမဇ္ဈေဩသာရေ ဝ်ထွာသို့ စုဒိတက
စောဒကာ ပဋ္ဌာတ္ဗာ။

"တုမှေ အမှာကံ ဝိနိစ္ဆယေန တုဋ္ဌာ ဘဝိဿထာ"တိ။
သစေ "ဘဝိဿာမာ" တိဒန္တိ၊ သံဃေန တံ အဓိကရဏံ
သမ္ပဋိစ္ဆိတဗ္ဗံ။(ပ-ဒု-အဋ္ဌကထာ–၁၇၅)

**အဓိပ္ပာယ်ကား**... အကြောင်းဝခုခု ဟာပြု၍ သံဃာသို့စွဲချက်တင်လာခဲ့သော် တရားလို၊ တရားခံတို့ကို "သင်တို့သည် ငါတို့၏ အဆုံးအဖြတ်ကို လက်ခံ ကျေနပ်နိုင်ကြပါမည်လော" ဟု ရှေးဦးစွာ ပဋိညာဉ် တောင်းရမည်။ "ကျေနပ်နိုင်ပါသည်" ဟု ပန်ခံဝန်ချက်ယူမှ ထိုအမှုကို ဆုံးဖြတ်ရမည်–ဟု ဆိုလိုသည်။

**ပဋိညာဉ်လွှာ ရေးပုံ**

မျက်မှောက် ပဋိညာဉ် ဝန်ခံချက်–

နေ့စွဲ–၁၀၃၄–ခု တပို့တွဲလဆန်း ၅–ရက်

တုမှေ အမှာကံ ဝိနိစ္ဆယေန တုဋ္ဌာ ဘဝိဿထာတိ စေ။
"ဘဝိဿာမာ" တိ ဝဒန္တိ၊ သံဃေန တံ အဓိကရဏံ
သမ္ပဋိစ္ဆိတဗ္ဗံ၊

တူသော(ပါ၊ ဒု-အဋ္ဌကထာ–၁၇၅) ယာဒုဋ္ဌဒေါသသိက္ခာပုဒ် ထုတ်ပြအပ်သည်နှင့်အညီ–ဆရာတော် သံဃာတော်တို့၏ စီရင် ဆုံးဖြတ်ချက်

အတိုင်း တပည့်တော်တို့ နှစ်ဖက်စလုံးမှ နှစ်သက်လိုက်နာ ငြိမ်းပြတ် ပြေငြိမ်းကြပါမည့်အကြောင်း အောက်တွင် ပဋိညာဉ် လက်မှတ်ကို ကိုယ်တိုင်ရေးထိုးကြပါသည်။

၁။ တရားလို စောဒက – ဦးတိဿ–မည်သည့် မြို့–ရွာ–ကျောင်း။
၂။ တရားခံ စုဒိတက – ဦးနာဂ–မည်သည့် မြို့–ရွာ–ကျောင်း။

## ဝိနည်းဓိုရ်များ သတိပြုရန်မှတ်ဖွယ်

ပစ္စည်းမှု ဖြစ်စေ၊ သိက္ခာပုဒ်မှု ဖြစ်စေ–တခုခုဖြင့် တရားစွဲဆိုလာခဲ့သော် ရုတ်တရက်ချက်ခြင်း လက်မခံသေးပဲ တရား ဟောပြော ပယ်ချလိုက်ရမည်။ နောက်အကြိမ်ကြိမ် စွဲဆိုလာပြန်လျှင် အမှုသည် နှစ်ဖက်တို့ထံ ဖော်ပြပါ ပဋိညာဉ်မျိုးကို ရရှိသောအခါမှ လက်မှတ် ထိုးခိုင်းပြီး အမှုကို လက်ခံရမည်။

## ပဋိညာဉ်မပေးလျှင် မဆုံးဖြတ်ကောင်း

အထ ပန "ဝိနိစ္ဆိနထ တာဝ ဘန္တေ၊ သစေ အမှာကံ
ခမိဿတိ၊ ဂဏှိဿာမ"တိ ဝဒန္တိ၊
"စေတိယံ တာဝ ဝန္ဒထာ" တိအာဒိနိ ဝတွာ ဒီဃသုတ္တံ
ကတွာ ဝိဿဇ္ဇိတဗ္ဗံ။(ပါ–ဒု–အဋ္ဌကထာ–၁၇၅)။

**အဓိပ္ပာယ်ကား**.... အချို့ တရားလို တရားခံများသည် ပဋိညာဉ် အတိအကျ မပေးသေးပဲ "အရှင်ဘုရားများ ရှေးဦးစွာ ဆုံးဖြတ်ကြပါဦး၊ တပည့်တော်တို့ နှစ်ဖက် သဘောတူကြလျှင် လက်ခံပါမည်" ဟု လျှောက်ထားခဲ့သော်–

"ကိုင်း–ငါရှင်တို့ စေတီတော်ကို ရှိခိုးပါဦး၊ တံမြက်စည်းလှဲပါဦး" စသည်ဖြင့် တရားရှည်ရှည်ဟော၍ ပြန်လွှတ်လိုက်ရမည်။ အမှုကို လက်မခံရပါ။ ဝိနည်းဓိုရ်များ အထူးသတိပြုရမည့်အချက်ပင်တည်း။

## အသုဒ္ဓဖြတ်စာရေးရန် မလို

ယခုအခါ သာသနာတော်၌ ပါရာဇိကအမှုများမှာ "သုဒ္ဓဆုံးဖြတ်စာ" ရေးသင့်လျှင် ရေးရသည်။

"နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်စာ"ကို မရေးမျှော်သာ(ဆ) တတ်သာ မျှ ရေးရသည်။

အသုဒ္ဓ ဆုံးဖြတ်စာကို လုံးလုံးမရေးရပါ။ မရေးကြပါနှင့်၊ အဘယ်ကြောင့်ဆိုသော်–

၁။ တရားခံ သုဒိတက အမှုသည်က ဖြောင့်ချက်ပေး (ဝန်ခံ) လျှင် သူ့ဖာသာသူ လူထွက်သွားလိမ့်မည်။ အသုဒ္ဓ စီရင်ချက်ရေးရန် မလိုတော့ပြီ။

၂။ တရားခံ စုဒိတက အမှုသည်က ဖြောင့်ချက်မပေး (ဝန်မခံ)ပဲ နေပြန်လျှင်လည်း "ပဋိညာယ ကာရေတဗ္ဗော" ဟူသော ပါဠိတော်ကို မလွန်ဆန်နိုင်သောကြောင့် "အသုဒ္ဓဖြတ်စာ" မရေးထိုက်ချေ။ ရေးမည်ဆိုလျှင် "နေဝသုဒ္ဓ၊ နာသုဒ္ဓဖြတ်စာ" သာ ရေးဖို့ အခွင့်ဆိုက်ပေသည်။ သို့မဟုတ် အပေါင်းအသင်းဆက်ဆံခြင်းမှ ခေတ္တ ရပ်စဲထားသင့်သည်။

## ပေါင်းသင်းဆက်ဆံခြင်းမှ ရပ်စဲခြင်း စာလွှာရေးပုံ
## သမ္ဘောဂ သံဝါသမေတ္တာရပ်ခံလွှာ

နေ့စွဲ–၁၃၀၄–ခု၊ တပို့တွဲလဆန်း ၆–ရက်နေ့။

၁။ တရားလို စောဒက.... ဦးသုမန မည်သည့်မြို့၊ ရွာ၊ ကျောင်း။
၂။ တရားခံ စုဒိတက .... ဦးသုဘောဂ၊မည်သည့်မြို့၊ရွာ၊ကျောင်း။
၃။ ဝတ္ထုသည်မ .... မညွန့်၊ မည်သည့် မြို့၊ ရွာ။
၄။ အမှုအမည် .... ပထမ ပါရာဇိကအမှု။

ဤအမှု၌ တရားလို စောဒက ရှင်သုမနက "ဒိဋ္ဌစောဒနာ" ဖြင့် တပ်အပ်သေချာ မြင်ပါသည်-ဟု ထွက်ဆို အစစ်ခံသည်။

ဝတ္ထုသည်မ မညွန့်ကလည်း "ဦးသုဘောဂနှင့် ရသောကိုယ်ဝန်" ပါ-ဟု အစစ်ခံ၍ ဦးသုဘောဂက ပေးသောစာကို သက်သေအဖြစ် တင်ပြ ထွက်ဆိုသည်။

ဤကဲ့သို့ စောဒကဘက်မှ ခိုင်လုံသေချာနေသဖြင့် "သုဒ္ဓဆုံးဖြတ်ရန်" လွန်စွာခဲယဉ်းလှပေသည်။

တရားခံ စုဒိတက ရှင်သုဘောဂကလည်း ဝန်မခံသဖြင့် "ပဋိညာယ ကာရေတဗ္ဗော"–ဟူသော ပါဠိတော်ကို မလွန်ဆန်နိုင်သဖြင့် "အသုဒ္ဓ ဆုံးဖြတ်ရန်"လည်း အလွန်ပင်ခက်၍ နေပေသည်။

ဤသို့ "သုဒ္ဓိဘက်၊ အသုဒ္ဓဘက်" တဘက်ဘက် မထင်ရှားသေးသမျှ ကာလအတွင်းမှာ စုဒိတက ရှင်သုဘောဂနှင့် သံဃာတို့ကို ခေတ္တ ရပ်စဲထားကြရန် အားလုံးသဘောတူ ဆုံးဖြတ်(ပြဋ္ဌာန်း)ကြသည်။ (သပိတ်မှောက်သည်မဟုတ်။)

လက်မှတ်
မည်သည့်ဂိုဏ်းသံဃာတော်များ။

**မှတ်ချက်။** ။သံဃာညီညွတ်မှ ပြုလုပ်ရသည်။ မညီညွတ် လျှင် မပြုလုပ်ရချေ။ သံဃာကွဲတတ်သည်။

## နေ၀သုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်စာရေးနည်း

ဧ၀ံ လဇ္ဇီနာ စောဒိယမာနော အလဇ္ဇီ ဗဟူသုပိ ၀တ္ထူသု ဥပ္ပန္နေသု ပဋိညံ နဒေတိ၊ သောနေ၀ သုဒ္ဓေါတိ ၀တ္တဗ္ဗော၊ န အသုဒ္ဓေါတိ၊ ဇီ၀ံ မတကောနာမ အာမက ပူတိကော နာမစေသ။ (ပါ–ဒု–အဋ္ဌကထာ–၁၇၆)။

**အဓိပ္ပာယ်** .... အကြောင်း ယုတ္တိ အခိုင်အလုံများစွာ ပြောဆိုပါလျက် "ဟုတ်ပါသည်၊ မှန်ပါသည်"-ဟု ၀န်မခံသော အလဇ္ဇီဒုဿီလကို "သုဒ္ဓ" ဟူ၍လည်း မဆုံးဖြတ် နိုင်၊ "အသုဒ္ဓ" ဟူ၍လည်း မဆုံးဖြတ်နိုင်။ ထိုပုဂ္ဂိုလ်မျိုးကို "မသေမီက ပုပ်နေသူ"-ဟု ခေါ်ဆိုထိုက်ကြောင်း ဖွင့်ဆိုပေသည်။

**ကေစိအယူ။** ။"ပဋိညာယ ကာရေတဗ္ဗော" ဟူသော ပါဠိတော်သည် လဇ္ဇီပုဂ္ဂိုလ်တို့အတွက် ဖြစ်သည်။ အလဇ္ဇီပုဂ္ဂိုလ်များကား ဘယ်တော့မှ ၀န်ခံမည်မဟုတ်ချေ။ ထို့ကြောင့် အလဇ္ဇီပုဂ္ဂိုလ်ဖြစ်ခဲ့သော် "ပဋိညာယ ကာရေတဗ္ဗော"ဟူသော ပါဠိတော်ကို ဂရုမစိုက်မူ၍ ဇွတ်အတင်း "အသုဒ္ဓ" ဆုံးဖြတ်ချက်ချနိုင်သည်ဟု အချို့ပုဂ္ဂိုလ်တို့ ယူဆကြကုန်၏။ ဤအဋ္ဌကထာ စကားနှင့် ဆန့်ကျင်သောကြောင့် မသင့် စုံးစုံးတည်း။

## အစိုးရက ကူညီသင့်သည်

ဤကဲ့သို့ အမှုမှန်ကို အမှန်အတိုင်းဖြစ်အောင် မဆုံးဖြတ်နိုင်ပဲ အခက်အခဲနှင့် ကြုံနေခဲ့သော် သက်ဆိုင်ရာ အာဏာပိုင်(အစိုးရ)အဖွဲ့က ဝင်ရောက်ပြီး ကူညီဆောင်ရွက်သင့်သည်၊ သံဃာအဖွဲ့(ဝိနည်းဓိုရ်) များကလည်း မိမိတို့၏ ခက်ခဲမှုကို အကြောင်းကြား၍ အကူအညီတောင်းသင့်သည်။ အာဏာပိုင်အစိုးရအနေဖြင့် အမှုအမှန်အတိုင်းဖြစ်ရန် သာသနာတော်သန့်ရှင်းရေးကို ရှေးရှု၍ ပြေလည်အောင် ဆောင်ရွက်ပေးသင့်သည်။ ဤသို့ ဆောင်ရွက်ခြင်းသည်လည်း ရှေးက သာသနာပြုမင်းတို့၏ လုပ်ထုံးလုပ်နည်း ဖြစ်ခြင်းကြောင့် လုပ်သင့်လုပ်ထိုက်သော သာသနာပြုလုပ်ငန်းကြီးဖြစ်ပေကြောင်း။

## နေဝသုဒ္ဓ၊ နာသုဒ္ဓ ဖြတ်စာ(စီရင်ချက်)

၁။ တရားလိုစောဒက .... ဦးသုမန မည်သည့် မြို့၊ ရွာ၊ ကျောင်း။

၂။ တရားခံ စုဒိတက .... ဦးသုဘောဂ ။ ။ ။

၃။ မည္ထုန် .... ။ ။ (အပျို)

၄။ အမှုအမည် .... အာပတ္တာ ဓိကရုဏ်းမှု။

ဤအမှု၌ စောဒကနှင့် ပတ္ထုသည်မတို့က ခိုင်မြဲ လုံလောက်စွာ အကြောင်းယုတ္တိ သက်သေသာဓကပြ၍ မစောဒနာကြ, စွပ်စွဲကြသည်။

ဟုတ်ဖို့အကြောင်းလည်း များစွာ သက်ရောက်လျက်ခနသောကြောင့် "သုဒ္ဓ" ဟူ၍ မဆုံးဖြတ်နိုင်။

တရားခံ စုဒိတက ရှင်သုဘောဂကလည်း ဖြောင့်ချက်မပေး၊ ဝန်မခံပဲ နေသောကြောင့် "ပဋိညာယ ကာရေတဗ္ဗော"-ဟူသော ပါဠိတော်ကို မလွန်ဆန်နိုင်သဖြင့် "အသုဒ္ဓ"-ဟူ၍လည်း မဆုံးဖြတ်နိုင်ရကား....

ဗဟူသုပိ ဝတ္ထုသု ဥပ္ပန္နေသု ပဋိညာံနဒေတိ၊ သောနေဝ "သုဒ္ဓေါ"တိဝတ္တဗ္ဗော၊

န"အသုဒ္ဓေါ"တိ-ဟူသော (ပါ၊ဒ၊အဋ္ဌကထာ-၂၇၆)အရ

## အမိန့်

စုဒိတကရှင်သုဘောဂမှာ''နေ့ဝသုဒ္ဓ နာသုဒ္ဓ''ဖြစ်စေ-ဟု ရေးရမည်။

**မှတ်ချက်။** ။ဤဆုံးဖြတ်ချက်အချခံရသော ပုဂ္ဂိုလ်နှင့် ပေါင်းလို သော သံဃာ များ ပေါင်း ကြ၏။ အချို့ကလည်း မပေါင်းကြချေ။ ကျမ်းဂန်အထူးမလာ။

## ''ဂါမ-စသည်မည်ပုံ''

တတ္ထ စ အပါကာရ,ပရိက္ခေပေါ သာပဏော နိဂမော၊ သပါကာရာပဏံ နဂရံ၊ တံတံ ဝိပရိတော ဂါမောတိ ဣမေသံ တိဏ္ဏံဝိဘင်္ဂသဒ္ဒေ။ (ကင်္ခါဋီ-၂၁၅)

(ဆောင်) ၁။ မြို့ရိုးမစုံ၊ ဈေးသာစုံ၊ နိဂုံးအမည်ပေး။ (နိဂမ)။
၂။ မြို့ရိုးမကာ၊ ဈေးမပါ၊ ရွာသာအမည်ပေး။ (ဂါမ)။
၃။ မြို့ရိုးလည်းပြု၊ ဈေးလည်းပြု၊ မြို့-ဟုအမည်ပေး။ (နဂရ)။
၄။ မင်းတပါးပိုင်၊ တနိုင်ငံတွင်း တည်ခြင်းအမှု၊ အစုပြုလုပ်၊ ခရိုင်ချုပ်၊ ဇနပုဒ်အမည်ပေး။ (ဇနပဒ)။
၅။ မင်းတပါးပိုင်၊ နိုင်ငံအားလုံး သိမ်းကြုံးကျယ်လှိုင်း၊ နယ်အပိုင်း၊ တိုင်း-ဟု အမည်ပေး။ (ရဋ္ဌ)။

## သစ်ပင်စိုက်နည်း

တတ္ထ ပန အကပ္ပိယဝေါဟာရော ကပ္ပိယဝေါဟာရော၊ ပရိယာယော သြဘာသော နိမိတ္တကမ္မန္တိ ဣမာနိ ပဉ္စဇာနိတဗ္ဗာနိ။ (ပါ-ဒု-အဋ္ဌကထာ-၂၀၀)။

**အဓိပ္ပာယ်**.... ဘုန်းကြီးများ သစ်ပင်စိုက်ရာ၌ မအပ်သော ဝေါဟာရ သုံးစွဲနည်းဖြင့် သစ်ပင်စိုက်ခြင်းစသည်ဖြင့် ငါးမျိုးရှိကြောင်းကို ပြ၏။

### ၁။ အကပ္ပိယဝေါဟာရ

တတ္ထ အကပ္ပိယ ဝေါဟာရောနာမ အလ္လဟရိတာနံ ကောဋ္ဋနံ ကောဋ္ဋာပနံ၊ အာဝါဋဿ ခဏနံ ခဏာပနံ၊ မာလာဝစ္ဆဿ ရောပနံ ရောပါပနံ၊ အာဠိယာ ဗန္ဓနံ

ဗန္ဓာပနံ၊ ဥဒကာယ သေစနံ သေစာပနံ၊ မာတိကာယ
သမ္မုခကရဏံ ကပ္ပိယ ဥဒကသိဉ္စနံ၊ ဟတ္ထ,မုခ,ပါဒ,
ဓောဝန နှာနောဒကသိဉ္စနန္တိ။ (ပါ-ဒု-အဋ္ဌကထာ-၂၀၀)။

**အဓိပ္ပာယ်**....ကိုယ်တိုင်ငုတ်ရိုက်ခြင်း။ သူတပါးကို အရိုက်ခိုင်းခြင်း၊ ကိုယ်တိုင်တွင်းတူးခြင်း သူတပါးကို ခိုင်းခြင်း–စသည်ဖြင့် လုပ်ခြင်းသည် (ဝါ) မြေကြီးတူးစမ်း-ဆွစမ်း-သင်ပင်စိုက်စမ်း-ရေလောင်းစမ်း- စသည်ဖြင့် စိုက်ပျိုးလုပ်ကိုင်ခြင်းသည် အကပ္ပိယဝေါဟာရမည်၏။ ရဟန်းများမပြုလုပ်ကောင်း။

## ၂။ ကပ္ပိယဝေါဟာရ

ကပ္ပိယဝေါဟာရောနာမ''ဣမံ ရုက္ခံ ဇာန၊ ဣမံ အာဝါဋံ ဇာန၊ ဣမံ မာလာဝစ္ဆံဇာန၊ ဧတ္ထ ဥဒကံ ဇာနာ'' တိ ဝစနံ သုက္ခမာတိကာယ ဥဇုကရဏဉ္စ။
(ပါ-ဒု-အဋ္ဌကထာ-၂၀၀)

**အဓိပ္ပာယ်**....သစ်ပင်သိစမ်း၊ ကျင်းသိစမ်း၊ ပန်းပင်သိစမ်း၊ ရေသိစမ်း စသည်ကို ပြောဆိုခြင်းသည်လည်းကောင်း၊ ခြောက်သွေ့နေသောရေမြောင်းငယ်ကို ဖြောင့်အောင်ပြုစမ်းပါ-ဟု ပြောဆိုခြင်းသည်လည်းကောင်း ကပ္ပိယဝေါဟာရမည်၏။ ဤနည်းကို ရဟန်းများ ပြုလုပ်ကောင်းသည်။

## ၃။ ပရိယာယ်ပြုနည်း

ပရိယာယောနာမ''ပဏ္ဍိတေန နာမ မာလာဝစ္ဆာဒယော ရောပါပေတဗ္ဗာ နစိရဿေဝ ဥပကာရာယ သံဝတ္တန္တီ'',
တိအာဒိဝစနံ။ (ယခင်အဋ္ဌကထာ)။

**အဓိပ္ပာယ်**....''ပညာရှိသည် သစ်ပင်စသည်ကို သိရှိသော်မကြာမီပင်ကျေးဇူးများလတံ့'' (ဒီလိုဒေသမှာ စိုက်ပျိုးရေးနားလည်သူများ နေထိုင်ပြီး အသီးအပင် အမျိုးမျိုးစိုက်ပျိုးမည်ဆိုလျှင် စီးပွားရေးအလွန်ကောင်းမှာပဲ'') စသည်ကို ပြောဆိုခြင်းသည် ပရိယာယ်မည်၏။ ဤနည်းကိုလည်း ရဟန်းများပြုလုပ်ကောင်း၏။

## ဩဘာသပြုနည်း

ဩဘာသောနာမ ကုဒါလခဏိတ္တာဒီနိ စ မာလာဝစ္ဆေစ
ဂဟေတွာ ဌာနံ၊ ဧဝံ ဌိတံ ဟိ သာမဏေရာဒယော
ဒိသွာ''ထေရောကာရာပေတုကာမော''တိဂန္တွာကရောန္တိ။
(ပါ-ဒ-အဋ္ဌကထာ-၂၀၀)။

**အဓိပ္ပာယ်**....ပေါက်တူး-တူရွင်း စသည်ကိုလည်းကောင်း သစ်ပင်ငယ်ကလေးများကိုလည်းကောင်း ကိုင်လျက်ရပ်နေခြင်းသည် ဩဘာသမည်၏။ ဤနည်းကိုလည်း ရဟန်းများ ပြုကောင်းသည်။ (ပေါက်တူး-တူရွင်းများနှင့် သစ်ပင်ငယ်များကို ကိုင်ပြီးရပ်နေခဲ့သော် သာမဏေများသည် ''ငါတို့ဆရာဥပဇ္ဈယ်သည် သစ်ပင်ငယ်များကို စိုက်စေလိုဟန်တူ၏''-ဟု အောက်မေ့၍ စိုက်ပျိုးပေးကြကုန်၏။ ဤရည်ရွယ်ချက်ဖြင့် ရပ်နေခြင်းဖြစ်သည်။)

## ၅။ နိမိတ္တကမ္မပြုနည်း

နိမိတ္တကမ္မံနာမ ကုဒါလ ခဏိတ္တိ ဝါသိ ဖရသု
ဥဒကဘာဇနာနိ အာဟရိတွာ သမီပေ ဌပနံ။
(ပါ-ဒု-အဋ္ဌကထာ-၂၀၀)။

**အဓိပ္ပာယ်**....ပေါက်တူး-တူးရွင်း စသည်တို့ကို ယူဆောင်၍ လူ-သာမဏေတို့၏ အနီး၌ ချထားခြင်းသည် နိမိတ္တကမ္မမည်၏။ ဤနည်းကိုလည်း ရဟန်းများ ပြုလုပ်ကောင်းသည်။

### သစ်ပင်စိုက်ခြင်းအပြား

၁။ ကုလ သင်္ဂဟတ္ထစိုက်ခြင်း-(ဒါယကာ-ဒါယိကာမတို့အား ပေးကမ်းဖို့ရန်စိုက်ခြင်း။)
၂။ ဖလပရိဘောဂတ္ထစိုက်ခြင်း - (အသီး အရွက် စားလို၍ စိုက်ခြင်း။)
၃။ အာရာမတ္ထစိုက်ခြင်း- (မွေ့လျော်ဖွယ်ရာဖြစ်ဖို့ရန် အလှအပစိုက်ပျိုးခြင်း။)
၄။ ဝနတ္ထစိုက်ခြင်း (သစ်တောဖြစ်ဖို့ရန် စိုက်ခြင်း။)
၅။ ဆာယတ္ထစိုက်ခြင်း (အရိပ်အလို့ငှာစိုက်ခြင်း။)

(တနည်း) ဝတတ္တစိုက်ခြင်း- (ခြံစည်းရိုးအလို့ငှာစိုက်ခြင်း) ဟူ၍ ငါးပါးရှိသည်။

ထိုထွင်- (၁) ကုသသင်္ဂဟတ္ထ စိုက်နည်းမှာ အကပ္ပိယဝေါဟာရ, ကပ္ပိယဝေါဟာရစသော ငါးမျိုးလုံးမအပ်။

## ဖလပရိဘောဂတ္တ

(၂) ဖလပရိဘောဂတ္တစိုက်နည်းမှာ-အကပ္ပိယ ဝေါဟာရ-ကပ္ပိယ ဝေါဟာရ-နှစ်မျိုးမအပ်။ ဤပရိယာယ် ဩဘာနိမိတ်သုံးပါးအပ်သည်။

## (မဟာပစ္စရိဝါဒ)

မဟာပစ္စရိ အဋ္ဌကထာအလို အကပ္ပိယ ဝေါဟာရတမျိုးသာ မအပ် သည်။ ကျန်လေးမျိုးအပ်သည်-ဟု မိန့်ဆိုသည်။

(၃) အရာမတ္ထ, ဝနတ္ထ, ဆာယတ္ထ သုံးမျိုးတို့၌လည်း အကပ္ပိယ ဝေါဟာရ တမျိုးသာမအပ်။ ကျန်လေးမျိုးအပ်သည်။

သို့ဖြစ်၍ ဖလပရိဘောဂတ္ထ၊ အာရာမတ္ထ၊ ဆာယတ္တ အကျိုးငှာ ကပ္ပိယ ဝေါဟာရဖြင့် စိုက်မိအောင် သတိထား၍ ပြုလုပ်ကြကုန်ရာသည်။

## ရဟန်းများ ပန်းမကုံးကောင်း

ဂန္ထနာဒိသု သဗ္ဗာပိ ပုပ္ဖဝိကတိယော ဝေဒိတဗ္ဗာ-
ဂန္ထိမံ, ဂေါပ္ဖိမံ၊ ဝေဓိမံ, ဝေဌိမံ, ပူရိမံ, ဝါယိမန္တိ။
(ပါ-ဒု-အဋ္ဌကထာ-၂၀၂)။

## ပန်းကုံးသည်

၁။ ဂန္ထိမ ပန်းကုံး
၂။ ဂေါပ္ဖိမ ပန်းကုံး
၃။ ဝေဓိမ ပန်းကုံး
၄။ ဝေဌိမ ပန်းကုံး
၅။ ပူရိမ ပန်းကုံး
၆။ ဝါယိမ ပန်းကုံး-ဟူ၍ ၆-မျိုးရှိသည်။

**(ဆောင်)။ ဂန္ထိ ဂေါပ္ဖိ။ ဝေဓိဝေဌိ၊ ပူရိဝါယိမ။**
**ပန်းကုံးခြောက်ဖြာ၊ မအပ်ပါ၊ ကျမ်းလာမှတ်သားကြ၊**

**ဆိုတွင်–** ၁။ "ဂန္ထေတွာကတံ ဂန္ထိမံ"–ဟု ဝစနတ္ထ ပြု၍ ညှာတန့်ခြင်း ရှက်လိန်၍ သီကုံးအပ်သော ပန်းကုံးသည် ဂန္ထိမ ပန်းကုံး မည်၏။

၂။ "ဂေါပ္ဖေတွာ ကတံဂေါပ္ဖိမံ"– ဟု ပြု၍ ဝါးချမ်းစိတ်ဖြင့် လည်းကောင်း၊ ကြိုးဖြင့်လည်းကောင်း ညှာတန့်ကို ညှပ်၍ ပြုအပ်သော ပန်းကုံးသည် ဂေါပ္ဖိမ ပန်းကုံးမည်၏။

၃။ "ဝိဇ္ဈိတွာကတံ ဝေဓိမံ" ဝစနတ္ထပြု၍ ထန်းစစ်ကျောဖြင့် လည်းကောင်း၊ အပ်ချည်ဖြင့်လည်းကောင်း၊ သီကုံးအပ်သော ပန်းကုံးသည် ဝေဓိမ ပန်းကုံးမည်၏။

၄။ "ဝေဌေတွာ ကတံဝေဌိမံ"–ဟု ဝစနတ္ထပြု၍ ပန်းပွင့်တို့ကို စုပြီး ကြိုးစသည်တို့ဖြင့် သီကုံးအပ်သော ပန်းကုံးသည် ဝေဌိမ ပန်းကုံးမည်၏။

၅။ "ပူရေတွာ ကတံ ပူရိမံ"–ဟု ဝစနတ္ထပြု၍ ရှေ့ပန်းကုံး အစနှင့် နောက် ပန်းကုံးအဆုံး ထပ်မိအောင် သီကုံးခြင်း သည် ပူရိမ ပန်းကုံးမည်၏။

**ဥပမာ** — စေတီ- ဗောဓိစသည်တို့ကို ပန်းကုံးဖြင့် ရစ်ပတ်ပူဇော်ရာ၌ ရှေ့ပန်းကုံး အစနှင့် ထပ်မိအောင် နောက်ပန်းကုံးကို ပြုလုပ် ခြင်းမျိုးတည်း။ (ဤ၌ မထပ်မိခင်=မစပ်မိခင် အခြားရတန်း တပါးကို ပေးလိုက်လျှင် အပ်သည်။)

၆။ "ဝါယိတွာ ကတံ ဝါယိမံ"–ဟု ဝစနတ္ထပြု၍ ပန်းကွန်ရွက်၊ ပန်းကွက်, ပန်းပုဆိုးယက်၍ ပြုလုပ်ခြင်းသည် ဝါယိမပန်းကုံး မည်၏။

ဤပန်းကုံး ၆-မျိုးလုံး မအပ်။ မပြုလုပ်ကောင်း၊ "ဤသို့ လုပ်လျှင် **ကောင်း၏**။ ပင့်တယ်၏။ လှ၏–" စသော ကပ္ပိယ ဝေါဟာရဖြင့် ခိုင်းလျှင် ကား အပ်သည်။ ကိုယ်တိုင်မလုပ်ကောင်း။

## ပဗ္ဗာဇနိယ ကမ္မဝါစာ၌ မှတ်ဖွယ်

တခါတုန်း မြို့ – ရွာ – တို့၌ ကပ် ဝေဒနာ ဆိုက်ရောက်သဖြင့် **အစိမ်း**၊ သားရဲ၊ ကမ္ဗူ၊ မြေဘုတ်တို့ကို ကမ္မဝါ ဖတ်ရွတ်၍ နှင်ထုတ်သော ကမ္မဝါစာကို ပဗ္ဗာဇနိယ ကမ္မဝါစာ ခေါ်ဘည်။

**ရေစကြိုကမ္မဝါစာ။** ။ပခုက္ကူမြို့ ပထမ ရေစကြိုဆရာတော်ဘုရားကြီးကား တစ္ဆေ၊ မြေဘုတ်တို့ကို နှင်ထုတ်သည်နှင့် လိုက်လျောအောင် ပဗ္ဗာဇနိယ ကမ္မဝါစာကို အသစ်ရေးသား၍ အသုံးပြုတော်မူ၏။

ပခုက္ကူနိကာယဝင် သံဃာအစဉ်အဆက်တို့ ရေစကြိုကမ္မဝါစာဖြင့် အစိမ်း၊ သားရဲ၊ တစ္ဆေ၊ မြေဘုတ်တို့ကို နှင်ထုတ်ကြသည်။ (ညှိကျမ်းဆရာ စီစဉ်သော ၆၅-ခကာ်း ကမ္မဝါစာ၌ ပါရှိသည်။)

**လယ်တီကမ္မဝါစာ၊** ။ပထမ • လယ်တီဆရာတော် ဘုရားကြီးသည် လည်း ပဗ္ဗာဇနိယကမ္မဝါစာ အသစ်ရေးသားတော်မူခဲ့သည်။ လယ်တီဆရာတော်ကြီး၏တပည့် အစဉ်အဆက် အသုံးပြုကြသည်။

**ဦးပခန်းကြီးနည်း။** ။ဦးပခန်းကြီးခေါ် ပခုက္ကူမြို့ မန္တလေးတိုက် ဆရာတော်ဘုရားကြီးကား ပါရာဇိကကဏ် ပါဠိတော် ကုလဒူသက သိက္ခာပုဒ်လာ ပဗ္ဗာဇနိယ ကမ္မဝါစာကို အသုံးပြုတော်မူ၏။

**အသုံးပြုနည်း။** ။ကပ်ပေဒနာ ဆိုက်ရောက်သော မြို့- ရွာ- တွင်းဝယ် တနေရာ၌ သံဃာ ၄-ပါးအောက် မယုတ် စည်းဝေးစေပြီးလျှင် ကမ္မဝါဖတ်ရွတ်ခါနီး၌ "ဤမြို့ (ရွာ) ကို မူလအမည်ဟောင်းကို ဖြောက်၍ ကီဋာဂိရိ-ဟု မှည့်ပါ၏။ ကီဋာဂိရိ-ဟု မှတ်တော်မူကြပါ။

ဤမြို့- (ရွာ) တွင်း၌ ရှိသော တစ္ဆေ၊ သားရဲ၊ မြေဘုတ်စသော နှိပ်စက်တတ်စွာ သတ္တဝါတို့၏ (အမည်ဟောင်းကို ဖြောက်၍) အဿဇိ ပုနဗ္ဗသုက-ဟု မှည့်ပါ၏။ အဿဇိ ပုနဗ္ဗသုက မှတ်တော်မူကြပါကုန်- ဟု အမည်ပြောင်းလဲပြီးလျှင် ပါဠိတော်လာ ကမ္မဝါစာကိုပင် အသုံးပြုတော်မူ၏။ (ပါရာဇိကကဏ် ပါဠိတော်၌ လာရှိသည့်အတိုင်း ဖတ်တော်မူကြပါ။)

**ငါတို့နည်း။** ။ငါတို့ကား ရေစကြိုဆရာတော်ဘုရားကြီး ကမ္မဝါစာအဆင်သင့် အလွယ်တကူရှိလျှင်လည်း ၎င်းကမ္မဝါစာကို ဖတ်ရွတ်သည်။ (မရှိခဲ့သော်-)

ဘုရားသခင်၏ ရွှေနှုတ်တော်ယွက်ဖြစ်သော ... ကမ္မဝါစာနှင့် သိမ်နှုတ် ကမ္မဝါစာနှစ်စောင်ကို အသုံးပြုသည်။

၎င်း ကမ္ဗဝါ သုံးမျိုးတို့၌ တစ္ဆေ၊ မြေဘုတ် တို့ကို နှင်ထုတ်သော အခိပ္ပာယ်မပါသော်လည်း ဘုရား၏ တရားတော်ဖြစ်၍ "သဗ္ဗသမ္ပတ္တိသာဓကံ" ဟူသည်နှင့်အညီ မိမိတို့လိုသလို အကျိုးပြီးစေနိုင်သည်–ဟု ယုံကြည်စွာဖြင့် ပြုလုပ်ခဲ့သော် ကိုယ်တိုင်ရေးသည်ထက် ပိုပြီး တန်ခိုးထက်မြက်ပေလိမ့်မည်–ဟု ကျေးဇူးရှင်ကြီး မိန့်တော်မူ၏။

## ဘုန်းကြီးပင့်ရာ၌ မှတ်ဖွယ်

"ဘိက္ခူ သန္နိပါတေထ၊ ဒါနံ ဒဿာမ၊ ဓမ္မံ သောဿာမာ" တိဝါ ဤဒိသေသု သာသနေသု ကုက္ကုစ္စံ နကာတဗ္ဗံ။ ကပ္ပိယသာသနာနိ ဟေတာနိ။ နဂိဟီနံ ဂိဟိကမ္မ ပဋိသံယုတ္တာနိ။ (ပါ-ဒု-အဋ္ဌကထာ ၂၀၇)။

**အနက်**။ ။ဘိက္ခူ၊ တို့ကို။ သန္နိပါတေထ၊ စည်းဝေးကြပါကုန်လော့။ ဒါနံ။ အလှူကို။ ဒဿာမ၊ လှူပါကုန်အံ့။ ဓမ္မံ၊ ကို။ သောဿာမ၊ နာယူကြပါကုန်အံ့။ဣတိဝါ၊ ဤသို့လည်းကောင်း။

**တနည်း**။ ။ဘဒ္ဒန္တေ၊ ဘုရား၊ မယံ၊ အကျွန်ုပ်တို့သည်၊ ယသ္မာ၊ ကြောင့်။ (ထည့်) ဒါနံ၊ ကို။ ဒဿာမ၊ ကုန်၏။ ဓမ္မံ၊ ကို။ သောဿာမ၊ နာကုန်အံ့၊ တသ္မာ၊ ကြောင့်။ ဘိက္ခူ၊ တို့ကို၊ သန္နိပါတေထ၊ စည်းဝေးစေကြပါကုန်လော့။ ဣတိဝါ၊ လည်းကောင်း။ ဣတိ၊ သို့။ (ထည့်) ဝုတ္တေသု၊ ဒါယကာတို့က လျှောက်ထားအပ်ကုန်သည်ရှိသော်။ ဝါ၊ ကုန်သော။ ဤဒိသေသု၊ ကုန်သော၊ သာသနေသု၊ သတင်းစကားတို့၌၊ ကုက္ကုစ္စံ၊ ကို။ နကာတဗ္ဗံ၊ မပြုအပ်။ (ပြုဖို့မလို)။

တောနိ၊ ဤဆိုအပ်ခဲ့ပြီးကုန်သော။ သာသနာနိ၊ သဘင်းစကားတို့ သည်ကား။ ကပ္ပိယသာသနာနိ၊ အပ်သော သတင်းစကားတို့ မည်ကုန်၏။ ဂိဟီနံ၊ လူဘို့၏၊ ဂိဟိကမ္မ ပဋိသံယုတ္တာနိ၊ လူမှုရေးနှင့် စပ်ကုန်သည်။ န(ဟောန္တိ)၊ မဖြစ်ကြကုန်။

**အဓိပ္ပာယ်** .... ယခုကာလ အလှူ–မင်္ဂလာ (သာရေး–နာရေး) စသည်တို့၌ ဒါယကာ–ဒါယိကာမတို့၏ လျှောက်ထားချက်အရ ကျောင်းထိုင်ဘုန်းကြီးက အလှူ–မင်္ဂလာ (သာရေး–နာရေး) အတွက် ဘုန်းကြီးပင့်၍ ပေးကြရခြင်းသည် ဂိဟိကမ္မပဋိသံယုတ္တ မဟုတ်သောကြောင့် အပြစ်မရှိ။ ပင့်ကောင်းသည်–ဟု မှတ်ပါ။ (ဘုန်းကြီးပင့်စာရေးနည်းနောက်၌ တွေ့ယပ္ပံ့။)

## သက်န်းသုံးဆောင်နည်း ၅-မျိုး၊ (တနည်း)၆-မျိုး

အမြဲကိုယ်နှင့်မကွာ အသုံးပြုနေရသော သင်္ကန်းကို ဝတ်ရုံရာ၌ အသုံးပြုနည်း ၅-မျိုးရှိသည်။ ၎င်းတို့ကား—

၁။ ပံသုကူဓုတင်၊ တိစီဝရိတ် ဓုတင် ဆောင်၍ သုံးဆောင်နည်း။
၂။ ဓုတင်တိစီဝရိတ်ဆောင်ပြီး သုံးဆောင်နည်း။
၃။ ဝိနည်း တိစီဝရိတ်ဆောင်ပြီး သုံးဆောင်နည်း။
၄။ တိစီဝရိတ် မဆောင်ပဲ ဝိကပ္ပနာပြု၍ သုံးဆောင်နည်း။
၅၊ တိစီဝရိတ် မဆောင်ပဲ ပရိက္ခရာ စောဠတင်၍ သုံးဆောင်သော နည်းတို့တည်း။

**မှတ်ချက်။** ။ကျေးဇူးရှင်ကြီး၏ ဝိနည်းမှတ်ချက်၌ ၆-မျိုး-ဟု တွေ့ရှိရသည်။ သို့ရာတွင် ဝိနည်းတိစီဝရိတ်ဆောင်နည်းမှ ၂-မျိုးခွဲထွက်လာခြင်းဖြစ်၍ ၅-မျိုး-ဟု ရေးလိုက်သည်၊ ထိုတွင်—

### (၁) ပံသုကူဓုတင် တိစီဝရိတ် ဓုတင်ဆောင်၍ သုံးဆောင်နည်း

ဤသုံးဆောင်နည်း၌ သင်္ကန်းသုံးထည်မှာ—
ပံ့သုကူသင်္ကန်း ဖြစ်စေရမည်။

တိစီဝရံ အဓိဋ္ဌာတုန္တိ နာမံ ဝတွာ အဓိဋ္ဌာတုံ။ (လ)။
တသ္မာ တိစီဝရာဒီနိ အဓိဋ္ဌဟန္တေန "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"
တိ အာဒိနာ နာမံ ဝတွာ အဓိဋ္ဌာတဗ္ဗံ။(သာရတ္ထ ၃-၃၇၇)။

**အစီပွာယ်** .... "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊ ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊ ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"—ဟု အသီးသီး အဓိဋ္ဌာန်ကြီးတင်ရမည်။

ဆက်လက်၍ "ဂဟပတိ စီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ"-ဟု ပံ့သုကူဓုတင် ဆောက်တည်မည်။
ဂဏ္ဌိ အလို "ဣမံ စီဝရံ သံဃာဋိံ အဓိဋ္ဌာမိ"-ဟု ဆိုပါ။
ထိုကြောင့် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိတိ ဧတ္ထ ဣမံ စီဝရံ သံဃာဋိံ အဓိဋ္ဌာမိတိ ဧဝမ္ပိ ဝတ္တုံ ဝဋ္ဋတီ"တိ ဂဏ္ဌိပဒေသု ဝုတ္တံ။
(သာရတ္ထ-၃-၃၇၇)၌မိန့်သည်။

## (၂) ဓူတင်တိစီဝရိတ်ဆောင်နည်း

ဤဒုတိယနည်း၌ ပံ့သုကူသက်န်းမဟုတ်ချေ။ ဒါယကာ, ဒါယိကာမ တို့ လက်ရောက် လှူဒါန်းသော တိစီဝရိတ်သင်္ကန်းဖြစ်သည်။ ထိုသင်္ကန်း သုံးထည်ကို အမှတ် (၁) ၌ ဆိုခဲ့သည့် နည်းအတိုင်း အသီး အသီး အဓိဋ္ဌာန်ကြီးတင်ပါ။ ပြီးလျှင် "ဧတေဟဏ္ဍက စီဝရံ ပဋိက္ခိပါမိ၊ ဓုတစီဝရိကင်္ဂံ သမာဒိယာမိ"-ဟု ဓူတင် တိစီဝရိတ် ဆောက်တည်ပါ။

**မှတ်ချက်။** ။ဤဆိုခဲ့ပြီး နှစ်နည်း၌ သင်္ကန်းသုံးထည်ထက် အပိုမထားရ၊ ပိုလာလျှင် စွန့်ပစ်ရသည်။

## (၃) ဝိနည်းတိစီဝရိတ်ဆောင်၍ သုံးဆောင်နည်း

ဤနည်း၌–

(က) သင်္ကန်း သုံးထည်ကို အဓိဋ္ဌာန်ကြီးတင်၍ ကျန်အထည်များကို ဝိကပ္ပနာပြုထားခြင်း။

(ခ) သင်္ကန်း သုံးထည်ကို အဓိဋ္ဌာန်ကြီးတင်၍ ကျန်အထည်များကို ပရိက္ခာရ စောဠ တင်ထားခြင်း–ဟူ၍ ၂–မျိုးရှိသည်။

**ထိုတွင်**–(က) ဒါယကာ, ဒါယိကာမတို့ လက်ရောက်လှူဒါန်းသော သင်္ကန်း သုံးထည်ကို အသီးသီး အဓိဋ္ဌာန်ကြီးတင်၍ ကျန်အထည်များ ကို အခြားရဟန်းတပါးနှင့် ဝိကပ္ပနာပြုထားရသည်။

**မှတ်ချက်။** ။အကယ်၍ ရှေးတုန်းက ပရိက္ခာရစောဠဖြင့် အဓိဋ္ဌာန်တင် ထားသော သင်္ကန်း၊ အဝတ်အထည်များ ရှိပါက–

"ဣမံ ပရိက္ခာရစောဠံ ပစ္စုဒ္ဓရာမိ"–ဟူ၍ လည်းကောင်း,။

အများဖြစ်အံ့ "ဣမာနိ ပရိက္ခရ စောဠာနိ ပစ္စုဒ္ဓရာမိ"– ဟူ၍ လည်းကောင်း, အဓိဋ္ဌာန်ချရသည်။

ဟဘ္ဘာ၁ါသ်မှ အပြင်ဘက် ဖြစ်အံ့။

"တေံ ပရိက္ခာရစောဠံ ပစ္စုဒ္ဓရာမိ၊ တောနိ ပရိက္ခာရ စောဠာနိ ပစ္စုဒ္ဓရာမိ"–ဟု

အနည်းအများကိုက်၍ ဆိုပါလေ။ (တယည်တည်း ဖြစ်အံ့၊ ဣမံ၊ တေံ–ဟု ဆိုရမည်။ နှစ်ထည်မှစ၍ "ဣမာနိ၊ တောနိ"-ဟု ဆိုရမည်။)

## ဟတ္ထပါသ အဆုံးအဖြတ်

ဟတ္ထပါသေတိ ဧတ္ထ ဒွါဒသဟတ္ထံ သန္ဓာယ ဝုတ္တံ၊
တသ္မာ ဒွါဒသဟတ္ထဗ္ဘန္တရေ ဌိတံ "ဧကမန္တံ" ဝတွာ အဓိဋ္ဌာတဗ္ဗံ၊
တတော ပရံ "ဧတံ" န္တိ ဝတွာ အဓိဋ္ဌာတဗ္ဗန္တိ ကေစိ ဝဒန္တိ။
ဂဏ္ဌိပဒေသု ပနေတ္ထ န ကိဉ္စိ ဝုတ္တံ။ ပါဠိယံ အဋ္ဌကထာယဉ္စ
သဗ္ဗတ္ထ ဟတ္ထပါသော ဝတိ အနုတ္တေယျ ဟတ္ထော ဝုတ္တတိ၊
တသ္မာ ဧတ္ထ ဝိသေသဝိကပ္ပနာယ ကာရဏံ ဂဝေသိတဗ္ဗံ။
(သာရတ္ထ-၃-၃၈၈)။

**အဓိပ္ပာယ်....** ဤနေရာ၌ ကေစိတို့အလို ၁၂- တောင်ကို ဟတ္ထပါသ် ခေါ်
သည်၊ ပါဠိတော် အဋ္ဌကထာတို့အလို ၂- တောင် တထွာကို
ဟတ္ထပါသ်ခေါ်သည်။ ဂဏ္ဌိကြီး သုံးဆောင်တို့ကား မည်သည့်
မျှ အထူးမဆိုကုန်။

## ဝိကပ္ပနာပြုပုံ

၁။ ဝိကပ္ပနေ ပန ဒွေဝိကပ္ပနာ သမ္မုခါ ဝိကပ္ပ နာစ
ပရမ္မုခါ ဝိကပ္ပနာစ၊ ကထံ သမ္မုခါ ဝိကပ္ပနာ ဟောတီတိ"
(လ) အယမေကာ သမ္မုခါ ဝိကပ္ပနာ။ (ပါ-ဒု-အဋ္ဌကထာ-
၂၃၀)။

၂။ ဝိကပ္ပနာသည် သမ္မုခါ ဝိကပ္ပနာ- ပရမ္မုခါ ဝိကပ္ပနာ- ဟု
နှစ်မျိုးရှိသည်။ ထိုတွင် ယခုဆိုလတန့်သည်ကား သမ္မုခါ ဝိကပ္ပနာတည်း။
သင်္ကန်းသုံးထည်မှ တပါး ကျန်သင်္ကန်း အဝတ်အထည်- ဟူသမျှကို
ဝိကပ္ပနာပြု၍ ထားရသည်။ ပြုပုံကား-

တထည်ဖြစ်အံ့- ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။
အများဖြစ်အံ့- ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။
ဟတ္ထပါသ်မှအပ ဖြစ်အံ့- ဧတံ စီဝရံ တုယှံ ဝိကပ္ပေမိ။
အများဖြစ်အံ့- ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ - ဟု
ပြုရသည်။

**မှတ်ချက်။** ။ဝိကပ္ပနာပြုရာ၌ "စီဝရ"- ဟူသော သာဂပုဒ် အမည်ဖြင့်
ပြုရသည်။

သံဃာ၌ ဉတ္တိရသင်-ဟူသော ဝိသေသ အမည်ဖြင့် မပြုကောင်း၊ အကယ်၍ မိမိ၏ ဝိသေသ အမည်ဖြင့် ဝိကပ္ပနာ ပြုခဲ့အံ့-အတိရိတ် သက်န်း ဖြစ်သွား၍ မသုံးဆောင်ကောင်းချေ။

ထို့ကြောင့်-

> ဝိကပ္ပေန္တေန ပန "ဣမံ သဃာဋိံ" န္တိအာဒိနာ တသ္သ တသ္သ စီဝရဿ နာမံ အဂ္ဂဟေတွာဝ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" တိ ဝိကပ္ပေတဗ္ဗံ။
> တိစီဝရံဝါဟောတု အညံဝါ၊ ယဒိ တံ တံ နာမံ ဂဟေတွာ ဝိကပ္ပေတိ၊ အဝိကပ္ပိတံ ဟောတိ၊ အတိရေက စီဝရဋ္ဌာနေယေဝ တိဋ္ဌတိ။ (သာရတ္ထ-ဒု-၃၇၇) ၌ အမိန့်ရှိပေသည်။

## ဝိကပ္ပနာ ပြုရကျိုး

> ဧတ္တာဝတာ နိဓေတုံ ဝဋ္ဋတိ၊ပရိဘုဉ္ဇိတုံ ပန ဝိဿဇ္ဇေတုံဝါ အဓိဋ္ဌာတုံဝါ နဝဋ္ဋတိ။ (ပါ-ဒု-အဋ္ဌကထာ-၂၃၀)

**အဓိပ္ပါယ်**....ဝိကပ္ပနာ ပြုပြီးသော ပစ္စည်း များကို သိုးမှီး သိမ်းဆည်းရုံး အကျိုးရှိသည်။

၁။ သုံးဆောင်ခြင်း။

၂။ စွန့်လွှတ်ခြင်း။

၃။ အဓိဋ္ဌာန်တင်ခြင်း-

ဟူသော လုပ်ငန်းမျိုးကို ဆက်ပြီး မပြုနိုင်ပါ။ထို့ကြောင့် ဝိကပ္ပနာ ပြုပြီးလျှင် ဝိကပ္ပနာပြန်ရသည်။

## ဝိကပ္ပနာ ပြန်နည်း

> "မယှံသန္တကံ မယှံသန္တကာနိ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ။ ယထာပစ္စယံဝါ ကရောဟီ"တိ ဧဝံ ပန ဒုတိယော ပစ္စုဒ္ဓါရော နာမ ဟောတိ။တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ။ (ပါ-ဒု-အဋ္ဌကထာ-၂၃၀)

**အဓိပ္ပာယ်**....ဝိကပ္ပနာ အပြုခံရသော ဝိနည်းခိုရ် ပုဂ္ဂိုလ်က ဝိကပ္ပနာ ပြန်ရသည်။ (ပစ္စုဒ္ဓိုရ်ပြုသည်-ဟုလည်း ခေါ်နိုင်သည်။)

**ပြန်ပုံကား**....တထည်ဖြစ်အံ့။ "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"ဟု ဆိုပါ။

**အများဖြစ်အံ့**...."မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"ဆိုပါ။

ဝိကပ္ပနာပြန်ပြီးလျှင်ကား ယခင်ဆိုခဲ့သော သုံးဆောင်ခြင်း စသော လုပ်ငန်း-၃-မျိုးကို ပြုလုပ်နိုင်ပေ၏။

## သမ္မုခါ ဝိကပ္ပနာပြုနည်း တမျိုး

အပရောပိ နယော၊ တဿေဝ စီဝရာနံ (လ)၊ တေသနိ စီဝရာနိတိ ဝါ ဝတွာ ပဉ္စသု သဟဓမ္မိကေသု အညတရဿ (လ)တိဿဿ ဘိက္ခုနော ဝိကပ္ပေမိတိ(လ)- အယံ အပရာပိ သမ္မုခါ ဝိကပ္ပနာ။
(ပါ-ဒု-အဋ္ဌကထာ-၂၃၀)

**အဓိပ္ပာယ်**....သမ္မုခါ ဝိကပ္ပနာ တမျိုးရှိသေးသည်။ သီတင်းသုံးဘော် ငါးဦးတွင် တဦးဦး၏ အမည်ကိုဖော်၍ "ဣမံ စီဝရံ ဣမာနိစီဝရာနိ (တိဿဿ) ဘိက္ခုနော ဝိကပ္ပေမိ"ဟု အနည်းအများ လိုက်၍ဆိုပါ။

ဝိကပ္ပနာ ပြန်သောအခါ၌လည်း—

(တိဿဿ)ဘိက္ခုနော သန္တကံပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေတိ ဝါ ယတာပစ္စယံ ဝါ ကရေ်ာဟိ"ဟုဆိုပါလေ။
သမ္မုခါ ဝိကပ္ပနာ ပြုနည်းပြီး၏။

## ပရမ္မုခါ ဝိကပ္ပနာ ပြုနည်း

ကထံ ပရမ္မုခါ ဝိကပ္ပနာ ဟောတီတိ"စီဝရာနံ တထေဝ ဧကဗဟုဘာဝံ သန္နိဟိတာ သန္နိဟိတဘာဝဉ္စ ဉတွာ- ဣမံ စီဝရံ ဣမာနိ စီဝရာနိတိ ဝါ။ တေ စီဝရံ တိ ဝါ တေသနိ စီဝရာနိတိ ဝါ ဝတွာ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ" တိဝတ္တဗ္ဗံ။

ဇတနုဝတ္တာဗ္ဗော"ကောတေ(လ)သာမဏေရီ" တိဝါ ဝတ္တဗ္ဗံ။
(ပါ-ဒု-အဋ္ဌကထာ-၂၃၀)

**အဝိပ္ပာယ်**...မိမိ၏ မျက်ကွယ်၌ ရှိသော မိတ်ဆွေ ရဟန်းတပါးပါးထံမှ ဝိကပ္ပနာ ပြုလိုသည်ရှိသော် မျက်မှောက်၌ရှိသော ပုဂ္ဂိုလ်အား ဝိကပ္ပနာ ပြုရန်အတွက် ပေးရမည်။

**ပေးပုံကား**...."ဣမံ စီဝရံ (ဣမာနိစီဝရာနိ) တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ"ဟု သင်္ကန်းအနည်းအများကြည့်၍ ဆိုရမည်။

ဟတ္ထပါသ် အပြင်၌ ဖြစ်အံ့။ "ဧတံစီဝရံ(ဧတာနိ စီဝရာနိ)တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ"ဟု ဆိုရမည်။

ဝိကပ္ပနာပြုရန်အတွက် တဆင့်ယူသွားသော ရဟန်းသည် ဝိကပ္ပနာ ပြုရာ(အပြုခံခဲ့သည့်)ပုဂ္ဂိုလ်၏အမည်ကို ထုတ်ဖော်လျက်—

"အဟံ-(ဘန္တေ) (တိဿဿ) ဘိက္ခုနောဒမ္မိ"ဟူ၍ လည်းကောင်း, မိမိက မထေရ်ကြီးဖြစ်အံ့—

အဟံ (အာဝုသော) (တိဿဿ)ဘိက္ခုနောဒမ္မိ-ဟူ၍လည်းကောင်း ဆိုပြီး ပေးရမည်။ ဤသို့ပေးပြီးလျှင် သိုးမှီးသိမ်းဆည်းကောင်းပြီ။

သို့သော် သုံးဆောင်ခြင်းငှါသော ကိစ္စ-၃-မျိုးဆောင်ရွက်နိုင်အောင်ကား ဝိကပ္ပနာပြန်(ပစ္စုဒ္ဓိုရ်ပြု)ရသည်။

**ပြုပုံကား**...."(တိဿဿ) ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇဝါ၊ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံဝါ ကရောဟိ"ဟု ပြုရမည်။

ဤသို့ ဝိကပ္ပနာ ပြန်ပြီးလျှင်ကား ရှေးနည်းအတိုင်း ဖော်ပြပါ ကိစ္စ သုံးမျိုးကို ပြုလုပ်ကောင်းပြီ။

ထို့ကြောင့်

"ဧတ္တာဝတာ နိဓေတုံဝဋ္ဋတိ။ ပရိဘောဂါဒိသု ပန ကေမ္မိ န ဝဋ္ဋတိ" တေန ပန ဘိက္ခုနာဒုတိယသမ္ဗုခါ ဝိပ္ပကနာယံ ဝုတ္တနယေနေဝ "ဣတ္ထန္နာမဿ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံဝါ ကရောဟိ"တိ ဝုတ္တေပစ္စုဒ္ဓါ ရောနာမဟောတိ။ တတော ပဘုတိ ပရိဘောဂ။ ဂါဒယောပိ ဝဋ္ဋန္တိ။ (ပါ-ဒု-အဋ္ဌကထာ-၂၃၀) ၌မိန့်ဆိုအပ်သတည်း။

## ဝိကပ္ပနာ နှစ်မျိုးအထူး

ဒွိန္နံ ဝိကပ္ပနာနံ ကိံ နာနာကရဏံ၊ သမ္မုခါ ဝိကပ္ပနာယ
သယံ ဝိကပ္ပေတွာ ပရေန ပစ္စုဒ္ဓါရာပေတိ။

ပရမ္မုခါ ဝိကပ္ပနာယ ပရေနေဝ ဝိကပ္ပါပေတွာ ပရေ
နေဝ ပစ္စုဒ္ဓရာပေတိ။ ဣဒမေတ္ထ နာနာကရဏံ။
(ပါ-ဒု-အဋ္ဌကထာ-၂၃၁)၊

**အဓိပ္ပာယ်** .... သမ္မုခါဝိကပ္ပနာနှင့် ပရမ္မုခါဝိကပ္ပနာတို့၏ အထူးကား—
ကိုယ်ဘိုင် ဝိကပ္ပနာ ပြု၍ သူ့ဘပါးကို ပစ္စုဒ္ဓိုရ်ရဲ ပြုခိုင်း
(ဝိကပ္ပနာ ပြန်ခိုင်း)ခြင်းသည် သမ္မုခါ ဝိကပ္ပနာ မည်၏။

သူ့ဘပါးကို ဝိကပ္ပနာပြုခိုင်း၍ (အခြား) သူတပါးကိုပင် ပစ္စုဒ္ဓိုရ်ရဲ ပြုခိုင်း၊ (ဝိကပ္ပနာပြန်ခိုင်း) ခြင်းသည် ပရမ္မုခါ ဝိကပ္ပနာ မည်၏။ ဤကား ယင်း ၂-ပါးတို့ အထူးတည်း။

## ဝိကပ္ပနာကို ထပ်၍ ပြုနိုင်ခြင်း

သစေ ပန ယဿ ဝိကပ္ပေတိ၊ သော ပညတ္တိ ကောဝိဒေါ
နဟောတိ၊ န ဇာနာတိ ပစ္စုဒ္ဓရိတုံ၊ တံ စီဝရံ ဂဟေတွာ
အညဿ ဗျတ္တဿ သန္တိကံ ဂန္တွာ ပုန ဝိကပ္ပေတွာ ပစ္စုဒ္ဓရာ
ပေတဗ္ဗံ။ ဝိကပ္ပိတံ ဝိကပ္ပနာ နာမေသာ ဝဋ္ဋတိ။
(ပါ-ဒု-အဋ္ဌကထာ-၂၃၁)။

**အဓိပ္ပာယ်** .... ရဟန်းတပါးသည် ဘုရားသခင်၏ ဝိနည်း ပညတ်တော်ကို မသိခြင်းကြောင့် ဝိကပ္ပနာပြုပြီး သင်္ကန်းကို ပြန်၍ ဝိကပ္ပနာ မပြုတတ်။ (ပစ္စုဒ္ဓိုရ်ရဲမပြုတတ်)ချေ။ ထိုကြောင့် အခြား ဝိနည်းပညတ်တော်ကို တတ်ကျွမ်းသူ ရဟန်းတပါးထံ သင်္ကန်းများကိုယူ၍ တဖန် ဝိကပ္ပနာပြုပြီး ပစ္စုဒ္ဓိုရ်ရဲ ပြုရသည်။

## ဝိကပ္ပနာမပြန်ပဲ မနေကောင်း

ဝိကပ္ပနာပြုပြီးသင်္ကန်းကို ဝိကပ္ပနာမပြန်ပဲ (ပစ္စုဒ္ဓိုရ်ရဲမပြုပဲ) မနေရ။ ဝိကပ္ပနာပြုပြီးလျှင် မုချ ဝိကပ္ပနာပြုရသည်။

(၁) ဒကာ-ဒကာမတို့ လက်ရောလှူဒါန်းသော သင်္ကန်း သုံးထည်ကို အသီးသီး အဓိဋ္ဌာန်ကြီး တင်၍၊ ကျန် သင်္ကန်းများကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပြီး ထားရသည်။

**တင်ပုံကား....** "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"-ဟု တင်ပါ။

(၄) တိစီဝရိတ် မဆောင်ပဲ သင်္ကန်းဟူသမျှ၊ အထည်ဟူသမျှ ဝိကပ္ပနာပြု၍ သုံးဆောင်နည်း။

(၅) တိစီဝရိတ် မဆောင်ပဲ သင်္ကန်းဟူသမျှ၊ အထည်ဟူသမျှ ပရိက္ခာရစောဠ တင်၍ သုံးဆောင်နည်း- ဟူ၍ ၅- မျိုး ရှိလေသည်။

**အထူး ....** အလျားတတောင်၊ အနံတထွာ ရှိလျှင် ဘာအထည်ပဲဖြစ်ဖြစ် ဝိကပ္ပနာသော်လည်း ပြု(သို့)ပရိက္ခာစောဠ သော်လည်း တင်၍ သုံးဆောင်ရမည်။

**(ဆောင်) လျားတောင်၊ နံထွာ၊ သင်္ကန်းလျာ၊ ဝိကပ္ပနာ ပြုရန်လောက်။**

## မူတင် တိစီဝရိတ်နှင့် ဝိနည်း တိစီဝရိတ် အထူး

သင်္ကန်းသုံးဆောင်နည်း ၅-မျိုး၊ (တနည်း) ၆-မျိုးကို ပြဆိုရာ၌ မူတင် တိစီဝရိတ်နှင့် ဝိနည်း တိစီဝရိတ်တို့၏ အထူးသည် ပါဝင်ခဲ့လေပြီ။ သို့သော်လည်း ထင်ရှားအောင် သီးခြားဖော်ပြဦးမည်။

၁။ ပံသုကူသင်္ကန်း မဟုတ်ပဲ ဒါယကာ-ဒါယိကာမတို့ လှူဒါန်းသော တိစီဝရိတ်သင်္ကန်းကို အသီးသီး အဓိဋ္ဌာန်ကြီးတင်၍- "စတုတ္ထကစီဝရံ ပဋ္ဌက္ခိပါမိ၊ တေစီဝရိကင် သမာဒိယာမိ"-ဟု ဆောက်တည်ခြင်းသည် မူတင် တိစီဝရိတ် မည်၏။

**မှတ်ချက်။** ။ဤ၌ သင်္ကန်းသုံးထည်သာ ရှိရမည်။ ပိုသမျှ ပယ်ပစ်ရသည်။

၂။ ဒါယကာ-ဒါယိကာမတို့ လှူဒါန်းသော သင်္ကန်းကို အသီးသီး အဓိဋ္ဌာန်ကြီးတင်၍ ကျန် ပစ္စည်းအားလုံးကို ဝိကပ္ပနာသော်လည်းကောင်း၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ သော်လည်းကောင်း ပြု၍ အသုံးပြုခြင်းသည် ဝိနည်း တိစီဝရိတ် မည်၏။

**မှတ်ချက်။** ။ဤဝိနည်း တိစီဝရိတ်၌-

(၁) သက်နိုးသုံးထည်ကို အသီးသီးအဓိဋ္ဌာန်ကြီးတင်၍ ကျန်ပစ္စည်းများကို ဝိကပ္ပနာပြု၍ သုံးဆောင်ခြင်း။
(၂) ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ သုံးဆောင်ခြင်း–ဟူ၍ နှစ်မျိုးရှိသည်။ သတိပြုကြပါလေ။

## စာချုပ်စာတမ်း ရေးနည်းများ

ဝိသဇ္ဇေတီတိ အညဿ ဒေတိ၊ ကထံ ပန ဒိန္နံ ဟောကိ၊ ကထံ ဂဟိတံ "ဣမံတုယှံဒေမိ၊ ဒဒါမိ၊ ဒဇ္ဇာမိ၊ ဩဏော ဇေမိ၊ ပရိစ္စဇာမိ၊ နိဿဇ္ဇာမိ" တိဝါ။ ဣတ္ထန္နာမဿ ဒေမိ (လ)နိဿဇ္ဇာမိ၊ တိပါ၀ဒတိ။ သမ္မုခါပိ၊ ပရမ္မုခါပိ၊ ဒိန္နံ ယေ၀ဟောတိ "တုယှံ ဂဏှာဟိ" တိဝုတ္တေ "မယှံဂဏှာမိ" တိဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စ၊ (ပါ–ဒု–အဋ္ဌကထာ–၂၃၁)။

**အဓိပ္ပာယ်**။ ။မိမိပိုင်ပစ္စည်းကို သုဒိန္န၊ သုဂ္ဂဟိတ မြောက်အောင် အခြားသူအား ပေးလိုခဲ့သော်....

"ငါပိုင်ပစ္စည်းကို သင်အား အပိုင်ပေးပါ၏။ အပိုင်စွန့်ပါ၏"–ဟု မျက်မှောက်စွန့်ရာ၌ လည်းကောင်း၊

"ငါ့ပစ္စည်းကို ဤမည်သော ဦးနာဂအား အပိုင်ပေးပါ၏၊ အပိုင်စွန့်ပါ၏"–ဟု မျက်ကွယ်ပေးရာ၌ လည်းကောင်း–

သုဒိန္န ဖြစ်သည်၊ အပေးမြောက်သည်။

"အရှင်ဘုရားပေးသော ပစ္စည်းများကို ယူပါ၏"–ဟု ဆို၍ ယူသော်လည်းကောင်း–

မျက်ကွယ်တဆင့် ယူလာသော ပုဂ္ဂိုလ်ကလည်း "သင့်ပစ္စည်းကို ယူလော့"–ဟု ပေးသည်ရှိသော် "ငါ့ပစ္စည်းကို ယူပါ၏"–ဟု ဆို၍ ယူသော်လည်းကောင်း သုဂ္ဂဟိတ ဖြစ်သည်။ အယူမြောက်သည်။

**မှတ်ချက်**။ ။ဣတ္ထန္နာမဿာတိ ပရမ္မုခေ ဌိတံ သန္ဓာယ၀ဒတိ။ (သာရတ္ထဒီ–၂၉၂)

ဣတ္ထန္တရမယ သောဝ အဋ္ဌကထာလာ နောက်စကား သည်ကား ပရမ္မုခဥ္စ တည်နေသောရဟန်းကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် "တုယှံဂဏှာဟိ၊ မယှံဂဏှာမိ"တို့၌ "တုယှံ၊ မယှံ"တို့ကို ကတ္တားပြုလျက် အနက်သမွန်ကြခြင်းသည် အဓိပ္ပာယ်မပျက် သော်လည်း သဒ္ဒါနည်း အရ အလွန်အရုပ်ဆိုးလှပေသည်။

"သင့်ပစ္စည်းယူလော့။ ငါ့ပစ္စည်းယူပါ၏"ဟု အဓိပ္ပာယ်ရှင်းရှင်း ပြန်ဆိုကြပါ။

**အနက်**။ ။"တုယှံ၊ သင်၏။ သန္တကံ၊ ကို။ ဂဏှာဟိ၊ ယူလော့။ မယှံ၊ ၏။ သန္တကံ၊ ကို။ ဂဏှာမိ၊ ယူပါ၏"-ဟု အနက်ပေးပါ။

## သမ္မုခ သုဒ္ဓိန္န၊ သုဂ္ဂဟိတစာချုပ်နည်း

နေ့စွဲ။ ၁၃၀၄-ခု၊ တပို့တွဲလဆန်း ၁၀-ရက်။

မည်သည့် ( မြို့၊) ( ရွာ၊) ( ကျောင်း) ဘုန်းတော်ကြီး ဦးတိဿက" ငါပိုင်သော ဂရုဘဏ်၊ လဟုဘဏ်၊ ကျောင်း အရာမ်ပစ္စည်းအားလုံးကို တပည့်ဖြစ်သူ မောင်နာဂအားပေးပါ၏၊လှူပါ၏"- ဟု ဆို၍ပေးလှူသည်။

"အရှင်ဘုရားပေးလှူသော ဂရုဘဏ်၊ လဟုဘဏ်၊ ကျောင်းအရာမ် ပစ္စည်းအားလုံးကို ယူပါ၏"- ဟု ဆို၍ တပည့်ဖြစ်သူ ဦးနာဂက ယူသည်။

ဤသို့ ပေးကြ ယူကြသည်ကို အောက်၌ လက်မှတ်ရေးထိုး သူတို့ အသိသက်သေ ဖြစ်ကြပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဦးတိဿ မည်သည့် | ....မြို့၊ | ....ရွာ၊ | ....ကျောင်း | ပေးသူ | (လက်မှတ်) |
| ၂။ ဦးနာဂ | ။ | ။ | ။ | ယူသူ | ( ။ ) |

### အသိသက်သေများ

| | | | |
|---|---|---|---|
| ၁။ ဦးဒတ္တ | ....မြို့၊ | ....ရွာ၊ | —ကျောင်းဘုန်းတော်ကြီး |
| ၂။ ဦးနန္ဒ | ....မြို့၊ | ....ရွာ၊ | ...ကျောင်းဘုန်းတော်ကြီး |
| ၃။ ဦးဖြူ | ....မြို့၊ | ....ရွာ၊ | ...ကျောင်း ဒါယကာကြီး |
| ၄။ ဦးမို | ....မြို့၊ | ....ရွာ၊ | ....သူကြီးမင်း |

## ပရမ္မုခ သုဒိန္န သုဂ္ဂဟိတ စာချုပ်နည်း

နေ့စွဲ။ ၁၃၀၄-ခု၊ တပို့တွဲလဆန်း ၁၀-ရက်။

မည်သည့် ( မြို့၊) ( ရွာ၊) ( ကျောင်း) ဘုန်းတော်ကြီး ဦးတိဿက "ငါပိုင်သော ဂရုဘဏ်, လဟုဘဏ်, ကျောင်းအရာမ် ပစ္စည်းများကို အဝေးရပ် (မည်သည့် မြို့ရွာ)နေ တပည့်ဖြစ်သူ မောင်နာဂအား ပေးပါ၏။ လှူပါ၏"-ဟု ဆို၍ သံဃာပရိသတ်, လူပရိသတ် ရှေ့မှောက်တွင် ပေးလှူသည်။

ထိုအကြောင်းကို သွားရောက်လျှောက်ထားရန် သံဃာပရိသတ်တို့က (ဦးဝရ)အား တာဝန်ပေးအပ်ကြသည်။ ဦးဝရကလည်း တာဝန်ယူသည်။

ဤသို့ပေးကြ, တာဝန်ယူကြသည်ကို အောက်၌အသိသက်သေများ ရှေ့တွင် လက်မှတ်ရေးထိုးကြသည်။

၁။ ဦးတိဿ ....မြို့၊ ....ရွာ၊ ....ကျောင်း ပေးသူ (လက်မှတ်)
၂။ ဦးဝရ ....မြို့၊ ....ရွာ၊ ....ကျောင်း တာဝန်ယူသူ ( ။ )

### အသိသက်သေများ

၁။ ဦးနန္ဒ ....မြို့၊ ....ရွာ၊ ....ကျောင်းဘုန်းတော်ကြီး (လက်မှတ်)
၂။ ဦးဒတ္တ ....မြို့၊ ....ရွာ၊ ....ကျောင်းဘုန်းတော်ကြီး ( ။ )
၃။ ဦးဖြူ ....မြို့၊ ....ရွာ၊ ....ကျောင်းဒါယကာကြီး ( ။ )
၄။ ဦးနီ ....မြို့၊ ....ရွာ၊ ....သူကြီးမင်း ( ။ )

တာဝန်ယူသူ ဦးဝရက 'တုယှံဂဏှာဟိ" သင်ပိုင်ပစ္စည်းယူလော့"-ဟု ဆို၍ ဦးနာဂထံ သွားရောက် အကြောင်းကြားရမည်။ ဦးနာဂကလည်း "မယှံဂဏှာမိ၊ တပည့်တော်ပစ္စည်းများကို ယူပါ၏"-ဟု ဆို၍ ယူရမည်။

ဤကား ဣတ္ထန္နာမဿ- စသည်ကို ပရမ္မုခ ပုဂ္ဂိုလ်အတွက်- ဟု ဆိုသော သာရတ္ထ အလို စာချုပ်ရေးပုံတည်း။

**မှတ်ချက်**.... စာချုပ်စာတမ်း ရေးထားခြင်းသည် အပေးအယူ မမြောက်သဖြင့် ရေးထားခြင်း မဟုတ်ပါ။ အပေးအယူ ပြုလုပ်ထားကြောင်း သိသာထင်ရှားစေရာင် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

## "အပေးအယူမတတ်လျှင် မရနိုင်"

"တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊
တဝ သန္တကံ ကရိဿာမီ"တိ ဝုတ္တေ "မမ သန္တကံ
ကရိဿာ မီတိ့ဝဒတိ၊ ဒုဒ္ဒိန္နံ၊ ဒုဂ္ဂဟိတဉ္စ။
နေဝဒါတာ ဒါတုံဇာနာတိ၊ နလ္လတာရော ဂဟေတုံ။
(ပါ-ဒု အဋ္ဌကထာ-၂၃၁)။

**အဓိပ္ပာယ်**...."ဤပစ္စည်းကို သင့်ပစ္စည်းပြုလော့၊ သင့်ပစ္စည်း ဖြစ်ပါစေ သင့်ပစ္စည်းပြုလတံ့"-ဟု ဆို၍ ပေးသည်ရှိသော် ဒုဒ္ဒိန္နဖြစ်သည်။ အပေး မမြောက်ချေ။

"ငါ့ပစ္စည်းကို ပြုပါ၏။ ငါ့ပစ္စည်းဖြစ်စေ၊ ငါ့ပစ္စည်းပြုပါလိမ့်အံ့"-ဟု ဆို၍ ယူအံ့။ ဒုဂ္ဂဟိတဖြစ်၏။ အယူမမြောက်ချေ။ အပေးအယူ၌ နားမလည်သော ပုဂ္ဂိုလ်များ မည်၏။

ထိုကြောင့် ဝိနည်းကံ တခု ပြုလုပ်လိုတိုင်း သက်ဆိုင်ရာ ကျမ်းဂန်များကို ကြိုတင်လေ့လာ သင့်ပေသည်။

## ဒွိသန္တက ပြုလုပ်နည်း"

မမ သန္တကံ တဝ စ မမ စ ဟောတူတိ ဧဝမာဒိ ဝစနေန
သမာန ပရိက္ခာရံ ကာတုံဝဋ္ဋတီတိ လိခိတံ။(ဝဇီရဗုဒ္ဓိ-၅၀၀)။

**အဓိပ္ပာယ်**....တပည့်တော်၏ ပစ္စည်းသည် အရှင်ဘုရားနှင့် တပည့်တော်တို့ နှစ်ဦးပိုင် ဖြစ်ပါစေ-ဟု သမာနပရိက္ခာရ ဖြစ်အောင်ပြုခြင်းသည် ဒွိသန္တကလုပ်ခြင်း မည်၏-ဟု ဂဏ္ဌိပုဒ် စကားကို ဝဇီရဗုဒ္ဓိ ဆရာက ပြဆိုထားပေသည်။

## ဤဂဏ္ဌိပုဒ်စကားအရ ဒွိသန္တက စာချုပ်ရေးနည်း
## ဦးတိဿ ႏွင့္ ဦးနာဂ တို့၏ ဒွိသန္တက စာချုပ်

နေ့စွဲ။ ၁၃၀၄-ခု၊ တပို့တွဲလဆန်း ၁၀-ရက်။

ငါပိုင်သော— ရှိဆဲရှိလတန့်သော ဂရုဘဏ်, လဟုဘဏ် ကျောင်း အဆောက်အဦပစ္စည်းများသည်—

"မမ သန္တကံ တဝ စ မမစဟောတု"-ဟူသော ဝဇီရဗုဒ္ဓိလာ ဂဏ္ဌိ စကားအရ-

**"သင့်အားလည်းကောင်း၊ ငါ့အားလည်းကောင်း-ဖြစ်ပါစေ"**-ဟု ဆို၍ ဦးတိဿကိုယ်တော်က ဦးနာဂနှင့် ဒွိသန္တက ပြုသည်။

ဦးနာဂ ကိုယ်တော်ကလည်း ယခင် ဝဇီရဗုဒ္ဓိလာ ဂဏ္ဌိပုဒ်စကား အရပင်-

**"သင့်အားလည်းကောင်း၊ ငါ့အားလည်းကောင်း-ဖြစ်ပါစေ"**-ဟု ဒွိသန္တက ပြုသည်။

ထိုသို့ ဦးတိဿနှင့် ဦးနာဂတို့ဒွိသန္တကပြုကြကြောင်းကို အောက်တွင် ပါရှိသော အသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။

၁။ ဦးတိဿ- မူလပစ္စည်းပိုင်ရှင် ကျောင်းဘုန်းကြီး (လက်မှတ်)
၂။ ဦးနာဂ - ဒွိသန္တက အပြုခံယူသူ-ကျောင်း- ဘုန်းကြီး( ။ )

**အသိသက်သေ**

၁။ ဦးဗုဒ္ဓ ....မြို့၊ ....ရွာ၊ ....ကျောင်း၊ ဆရာတော် (လက်မှတ်)
၂။ ဦးဓမ္မ ....မြို့၊ ....ရွာ၊ ....ကျောင်း၊ ဆရာတော် ( ။ )
၃။ ဦးဖြူ ....မြို့၊ ....ရွာ၊ ....ကျောင်း ဒါယကာကြီး ( ။ )
၄။ ဦးနီ ....မြို့၊ ....ရွာ၊ ....သူကြီးမင်း

**မှတ်ချက်။** ။ဤဝဇီရဗုဒ္ဓိ ဋီကာလာ ဂဏ္ဌိ ဆရာတို့၏ ဒွိသန္တက ပြုနည်းသည် "ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ" စသော ယခင်ဆိုခဲ့သော အဋ္ဌကထာ စကားနှင့် ဆန့်ကျင်သည်-ဟု ထင်ပေသည်။ အဋ္ဌကထာ၌ကား အပြီးအပိုင်ပေးစွန့်မှ အပေးမြောက်သည်။ သုဒိန္န သုဂ္ဂဟိတာ ဖြစ်သည်-ဟု ဆိုထားပေသည်။

ဋီကာလာ "မမ သန္တကံ တဝ စ မမ စ ဟောတု"- ဟူသော စကားသည် အပြီးအပြတ်ပေးသော စကားမဟုတ်ချေ။ မိမိပစ္စည်းအပေါ်၌ ငဲ့ကွက်ခြင်းရှိနေသေးသောကြောင့် အပေးမမြောက်နိုင်သဖြင့် ဤဋီကာလာ ဒွိသန္တက ပြုနည်းကို ငါတို့ဆရာစဉ်ဆက် မကြိုက်ကြချေ-ဟု ဤကျမ်းပြုသူ၏ ကျေးဇူးရှင် ဆရာတော်ကြီး မိန့်ဘူးသည်။

## အနုဂဏ္ဍိပုဒ်အလို ဒွိသန္တကပြုနည်း

အနုဂဏ္ဍိ ပဒေ ပန အတိဝိယ ပပဥ္စံ ကတွာ
ပုန ဣဒမေတ္ထ အာစရိယာနံ သိန္နိဋ္ဌာနံ။
သစေ သမ္ဗဟုလာ, ဒွေဝါ သမာနပရိက္ခာရံ
ကတ္တုကာမာ ဟောန္တိ၊ တေ သဗ္ဗေ အတ္တနော
သန္တကံ ဝတ္တမာနံ ဥပ္ပဇ္ဇနကေန သဒ္ဓိံ
ပေသလဿ ကေဿ ပရိစ္စဇန္တိ။ သော ပုန တေသမေဝ ပရိစ္စဇတိ၊
ဧတ္တာဝတာ သမာနပရိက္ခာရိကာ ဟောန္တီတိ။
(ဝဇီရဗုဒ္ဓိ ဋီကာ–၅၀၀)။

**အဓိပ္ပာယ်**...ရဟန်းများစွာတို့သည် (သို့) ရဟန်းနှစ်ပါးတို့သည် ပစ္စည်း ပိုင်မှု တူမျှအောင် ပြုလိုခဲ့သော် မိမိတို့ ပိုင်ဆိုင်သော ဖြစ်ဆဲ ဖြစ်လတန့်သော ပစ္စည်းများကို လဇ္ဇီပုဂ္ဂိုလ် ဝိနည်းမိုရ်အား အပြတ်ပေး စွန့်ရမည်။ လဇ္ဇီပုဂ္ဂိုလ် ဝိနည်းမိုရ်ကလည်း မိမိပိုင် ပြီးသော ပစ္စည်းများကို ထိုများစွာသော ရဟန်းတို့အား (သို့) နှစ်ပါးသော ရဟန်းတို့အား ပြန်ပြီးပေးစွန့် လိုက်ခြင်းကြောင့် အများပိုင်ဖြစ်သွားတော့သည်။ (သို့မဟုတ်) နှစ်ပါးပိုင် ဖြစ်သွား တော့သည်။

### ထိုအနုဂဏ္ဍိပုဒ်အလို စာချုပ်ရေးနည်း
### ဦးတိဿနှင့် ဦးနာဂတို့၏ ဒွိသန္တကစာချုပ်

**နေ့စွဲ။ ၁၃၀၄–ခု၊ တပို့တွဲလဆန်း ၁၀–ရက်။**

မည်သည့် ( )မြို့၊) ( ရွာ၊) ( ကျောင်း) ဘုန်းတော်ကြီး ဦးတိဿက ''**ငါပိုင်သော ဖြစ်ဆဲဖြစ်လတန့်သော ဂရုဘဏ်, လဟုဘဏ်, ကျောင်းအရာမ် ပစ္စည်းအားလုံးကို လဇ္ဇီပုဂ္ဂိုလ်ဝိနည်းမိုရ်ဖြစ်သော ဦးဒတ္တအား ပေးပါ၏။ လှူပါ၏**''–ဟု ဆို၍ ပေးသည်။

ဝိနည်းမိုရ် ပုဂ္ဂိုလ် ဦးဒတ္တကလည်း ''**ပေးသောပစ္စည်း အားလုံးကို ကို ယူပါ၏**''–ဟု ဆို၍ ယူသည်။

ထိုသို့ ယူပြီးလျှင် ''**တပည့်တော် ဆိုင်သော ဂရုဘဏ်**, လဟုဘဏ်, **ကျောင်းအရာမ် ပစ္စည်းအားလုံးကို** ဦးတိဿနှင့် ဦးနာဂ**တို့အား ပေးပါ၏**။

**(လူပါ၏)**'' – ဟု ဆို၍ သမာန ပရိက္ခာရ (နှစ်ပါးဆိုင်) ဖြစ်အောင် ပေးလိုက်သည်။

ဦးတိဿနှင့် ဦးနာဂကို့ကလည်း ''ယူပါ၏''–ဟု ဆို၍ယူကြသည်။

ထိုသို့ပေးကြ၊ ယူကြသည်ကို အောက်တွင်ဖော်ပြပါ အသိသက်သေများ ရှေ့တွင် လက်မှတ် ရေးထိုးကြသည်။

၁။ ဦးဒတ္တ မည်သည့်... မြို့၊.... ရွာ၊.... ကျောင်း
ဒွိသန္တကပြုလုပ်ပေးသူ (လက်မှတ်)

၂။ ဦးတိဿ မည်သည့်.... မြို့၊.... ရွာ၊.... ကျောင်း } ဒွိသန္တကပြုသူများ(လက်မှတ်)
၃။ ဦးနာဂ ။ ။ ။ ။

**အသိသက်သေများ**

၁။ ဦးဗုဒ္ဓ မည်သည့်... မြို့၊.... ရွာ၊.... ကျောင်း ဘုန်းတော်ကြီး (လက်မှတ်)
၂။ ဦးဓမ္မ မည်သည့်... မြို့၊... ရွာ၊.... ကျောင်းဘုန်းတော်ကြီး (လက်မှတ်)
၃။ ဦးဖြူ မည်သည့်.... မြို့၊.... ရွာ၊.... ကျောင်းဒါယကာကြီး ( ။ )
၄။ ဦးနီ မည်သည့်.... မြို့၊ .... ရွာ၊.... သူကြီးမင်း ( ။ )

(တိသန္တက–စတုသန္တက–ပဉ္စသန္တက နည်းများကိုလည်းသိပါ။)

**မှတ်ချက်။** ။ဤနောက်နည်းကား ပါဠိတော်နှင့် ကိုက်ညီသဖြင့် ''ပါဠိတော်နည်း''-ဟု ရှေးဆရာအစဉ်အဆက် အသုံးပြုကြသည်။

သို့ရာတွင် ''ဖြစ်လတန့်သော၊ မဖြစ်သေးသော အနာဂတ်ပစ္စည်းများကို ပါဠိတော် အဋ္ဌကထာတို့၌ မလာသောကြောင့် အနာဂတ်စကားဖြုတ်၍ စာချုပ်ရေး သင့်သည်–ဟု ကျေးဇူးရှင်ဆရာတော်ကြီး မိန့်၏။

**လက်တွေ့ စာချုပ်ရေးနည်း**

**ကုလားတဲ ကျေးရွာ မြောက်ကျောင်း ဆရာတော် ဦးနန္ဒာစရိယ။ ဦးစက္ကိန္ဒ။ ဦးသာဂရတို့၏ တိသန္တက စာချုပ်။**

**နေ့စွဲ– ၁–၁၁–၈၀–ရက်နေ့။**

မြင်းခြံခရိုင် ညောင်ဦးမြို့နယ်–ကုလားတဲ ကျေးရွာ၊မြောက်ကျောင်း ဆရာတော် ဦးနန္ဒာစရိယက ကုလားတဲ ကျေးရွာ မြောက် ကျောင်း ဝိုင်း အတွင်းရှိ မိမိပိုင်သော ကျောင်းအရာမ်ပစ္စည်းနှင့်တကွ ဂရုဘဏ် လဟုဘဏ်

ပစ္စည်းအားလုံးကို မှော်ဘီမြို့နယ် ဝါးနက်ချောင်းဘူတာ၊ သပြေကုန်းကျေးရွာ ညီတဝမ်းကွဲတော်သူ ကျောင်းထိုင်ဆရာတော်ဦးစက္ကိန္ဒ၊ ကုလားတဲကျောင်းရှိ ဦးသာဂရတို့နှင့် အောက်ပါအတိုင်း တိသန္တက စာချုပ် ပြုလုပ်ကြပါသည်၊

ကုလားတဲ **ကျေးရွာ** မြောက်ကျောင်း ဆရာတော် ဦးနန္ဒာစရိယရှိ ငါပိုင်ဆိုင်သော [ကုလားတဲ **ကျေးရွာ**] မြောက် ကျောင်း ဝိုင်း အတွင်းက ဂရုဘဏ် လဟုဘဏ် ကျောင်းအရာမ်ပစ္စည်းအားလုံးသည်–

မမ သန္တကံ တဝစ မမစ ဟောတူတိ ဧဝမာဒိဝစနေန–
သမာနပရိက္ခာရံ ဝဋ္ဋတီတိ လိခိတံ–
ဟူသော (ဝဇီရဗုဒ္ဓိဋီကာ–၅၀၀)မူလဏ္ဍ စကားအရ။

**သင်တို့ နှစ်ပါးအားလည်းကောင်း၊ ငါ့ အားလည်းကောင်း ဖြစ်ပါစေ**''ဟု–

ဆို၍ ဖော်ပြပါ ဦးစက္ကိန္ဒနှင့် ဦးသာဂရတို့အားပေး၍ တိသန္တက ပြုသည်

ဦးစက္ကိန္ဒနှင့်ဦးသာဂရတို့ကလည်း အဆိုပါ ဝဇီရဗုဒ္ဓိလာ မူလ ဂဏ္ဍိပုဒ် စကားအရ **''နောင်တော် ဘုရားအား လည်းကောင်း၊ တပည့်တော်တို့အား လည်းကောင်း ဖြစ်ပါစေ**''ဟု–

သမာနပရိက္ခာရဖြစ်အောင် တိသန္တက ပြုကြသည်။

ယင်းသို့ ဆရာတပည့်သုံးပါးတို့ အပြန်အလှန် တိသန္တကပြုကြသည်ကို အောက်ပါ အသိသက်သေများရှေ့မှောက်တွင် ကိုယ်တိုင် လက်မှတ်ရေးထိုးကြပါသည်။

| **မူလပစ္စည်း ပိုင်ရှင်** | **ပစ္စည်းလက်ခံသူများ** |
|---|---|
| ဆရာတော် ဦးနန္ဒာစရိယ<br>ကုလားတဲ မြောက်ကျောင်း | ၁။ ဆရာတော် ဦးစက္ကိန္ဒ<br>ဝါးနက်ချောင်းသပြေကုန်းကျေးရွာ<br>၂။ ဆရာတော်ဦးသာဂရ<br>ကုလားတဲကျေးရွာမြောက်ကျောင်း |

**အသိသက်သေများ**

| | |
|---|---|
| ၁။ ဆရာတော် ဦးဝိလာသ<br>ကုလားတဲတောင်ကျောင်းဆရာတော် | ၃၊ ဦးအေးကြည်<br>ကျေးရွာကောင်စီ ဥက္ကဋ္ဌ |

၂။ ဆရာတော် ဦးဥတ္တမ
ကုလားတဲအရှေ့ကျောင်း

၄။ ဦးဘအေး
(ကျောင်းဒကာကြီး)
ဦးတင်စိုး(ဓမ္မာစရိယ)
မ/ဥက္ကလာပ။
မှတ်တမ်းတင်သူ

# တိသန္တကပြုနည်းတမျိုး

## ကုလားတဲကျေးရွာ မြောက်ကျောင်း ဆရာတော် ဦးနန္ဒာစရိယနှင့် ဦးစက္ကိန္ဒ၊ ဦးသာဂရတို့၏ တိသန္တကစာချုပ်။

**နေ့စွဲ။ ၁-၁၀- ၇၀-ရက်နေ့။**

မြင်းခြံခရိုင်၊ ညောင်ဦးမြို့နယ်။ ကုလားတဲကျေးရွာ မြောက်ကျောင်း ဆရာတော် ဦးနန္ဒာစရိယက ကုလားတဲကျေးရွာ (မြောက်ကျောင်းဝိုင်း အတွင်းရှိ) မိမိပိုင်ဆိုင်သော ဂရုဘဏ်, လဟုဘဏ်, ကျောင်းအရာမ်ပစ္စည်း အားလုံးကို မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းဘူတာ၊ သပြေကုန်းကျေးရွာ ညီဝမ်းကွဲတော်သူ ဦးစက္ကိန္ဒ၊ ကုလားတဲကျေးရွာရှိ ဦးသာဂရတို့နှင့် အောက်ပါ အတိုင်း "တိသန္တကစာချုပ်" ပြုလုပ်ကြပါသည်။

ကုလားတဲကျေးရွာ မြောက်ကျောင်းဆရာတော် ဦးနန္ဒာစရိယက—

> သစေ သမ္ဗဟုလာ ဒွေဝါ (တယောဝါ) သမာနပရိက္ခာရံ
> ကတ္တုကာမာ ဟောန္တိ၊ တေ သဗ္ဗေ အတ္တနော သန္တကံ
> ဝတ္ထမာနံ ဥပ္ပဇ္ဇနေန သဒ္ဓိံ ပေသလဿ ကေဿ ပရိစ္စဇန္တိ၊
> သော တေသမေဝ ပရိစ္စဇတိ၊ တွေ ဝတာ သမာန-
> ပရိက္ခာရိကာ ဟောန္တိတိ" ဝဇီရ ဗုဒ္ဓိဋီကာ-၅၀၀)အရ-

မြင်းခြံခရိုင်၊ ညောင်ဦးမြို့နယ်၊ ကုလားတဲကျေးရွာ မြောက်ကြောင်း ဝိုင်း အတွင်းရှိ မိမိပိုင်ဆိုင်သော ဂရုဘဏ်, လဟုဘဏ်, ကျောင်းအရာမ် ပစ္စည်း အားလုံးကို ကုလားတဲကျေးရွာ တောင်ကျောင်း လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူသော ဆရာတော်ဦးဝိလာသအား အပိုင်စွန့်တော် မူသည်၊ ဆရာတော် ဦးဝိလာသကလည်း "ယူပါ၏"- ဆို၍ လက်ခံ လိုက်သည်။

ထိုနောက် ဆရာတော် ဦးဝိလာသသည် သိက္ခာပုဒ်ကို **လေးစားသူ**ဖြစ်၍ ဝိနည်းဒေသနာတော် လုပ်နည်းလုပ်ထုံးအရ—

မူလပစ္စည်းပိုင်ရှင် မြောက်ကျောင်း ဆရာတော် ဦးနန္ဒာစရိယနှင့် တကွ ထိုဆရာတော်ဘုရား၏ တပည့်များဖြစ်ကြသောရှင်စက္ကိန္ဒ၊ ရှင်သာဂရတို့ သုံးပါးအား ထိုပစ္စည်းအားလုံးကို "တိသန္တကအဖြစ်" အပိုင်စွန့်တော်မူလိုက်ပြန်သည်။

ဆရာတော် ဦးနန္ဒာစရိယနှင့် ရှင်စက္ကိန္ဒ— ရှင်သာဂရတို့ကလည်း "ယူပါ၏"—ဟု ဆို၍ လက်ခံလိုက်ကြသည်။

ထိုသို့ တိသန္တက (သမာနပရိက္ခာရ ဖြစ်အောင်) ပြုလုပ်ကြကြောင်းကို အောက်ပါပုဂ္ဂိုလ်များ ရှေ့မှောက်တွင် သဘောတူလက်မှတ် ထိုးကြပါသည်။

**တိသန္တကပြုပေးသူ**
ဆရာတော် ဦးဝိလာသ
ကုလားတဲကျေးရွာ
တောင်ကျောင်း

**အသိသက်သေများ**
၁။ ဆရာတော် ဦးဥတ္တမ
ကုလားတဲ့ကျေးရွာအရှေ့ကျောင်း
၂။ ဦးအေးကြည်
၃။ ဦးဘအေး

**တိသန္တကအပြုခံရသူများ**
၁။ ဆရာတော် ဦးနန္ဒာစရိယ
ကုလားတဲကျေးရွာ
မြောက်ကျောင်း
၂။ ဆရာတော် ဦးစက္ကိန္ဒ
ဝါးနက်ချောင်းဘူတာ
သပြေကုန်းရွာ
၃။ ဆရာတော် ဦးသာဂရ
ကုလားတဲမြောက်ကျောင်း။
ဦးတင်စိုး (ဓမ္မာစရိယ)
မ/ဥက္ကလာပ
**မှတ်တမ်းတင်သူ**

**အထူးမှတ်သားရန်**

၁။ နိဿဂ္ဂိ ပထမ ကထိန သိက္ခာပုဒ်ကား— တိစီဝရိတ်ဆောင် မဆောင်ပုဂ္ဂိုလ် နှစ်မျိုးနှင့် ဆိုင်သည်။

၂။ ဒုတိယ ကထိန သိက္ခာပုဒ်ခေါ် ဥဒေါသိတသိက္ခာပုဒ်သည်ကား— တိစီဝရိတ်ဆောင် ပုဂ္ဂိုလ်တမျိုးနှင့်သာ ဆိုင်သည်။

(ဆောင်) ၁။ သင်္ကန်းကာလ၊ တလမျှ၊ ငါးလ ကထိန်ရှိ။ (ပ–ကထိန)
၂။ အကာလတွင်၊ ဆယ်ရက်စဉ်၊ လွန်လျှင် နိဿဂ္ဂီ။
(ဒု-ဥဒေါသိတ)
၃။ အမည်တော်ရင်း၊ သုံးထည်တွင်း၊ ညဉ့်ကင်း နိဿဂ္ဂီ။
နိဿဂ္ဂီ သိက္ခာပုဒ်၌ မှတ်ဖွယ်

## ကပ္ပိယကာရက အပြား

ကိံ ပန သဗ္ဗကပ္ပိယကာရကေသု ဇဝံ ပဋိပဇ္ဇိတဗ္ဗန္တိ၊
နပဋိပဇ္ဇိတဗ္ဗံ။ အယဉှိ ကပ္ပိယ ကာရကောနာမ သင်္ခေပတော
ဒုဝိဓော နိဒ္ဒိဋ္ဌော စ အနိဒ္ဒိဋ္ဌော စ။ တတ္ထနိဒ္ဒိဋ္ဌော (လ)
တထာ ဒူတေန နိဒ္ဒိဋ္ဌောပိ။ (ပါ–ဒု–အဋ္ဌကထာ ၂၅၄–၅)။

**အဓိပ္ပာယ်**....ရဟန်းများမှာ ကပ္ပိယကာရက မရှိလျှင် မဖြစ်ပါ၊ နေလို့မရ။ ထိုကြောင့် ကပ္ပိယကာရက အပြားကို သိသင့်သိထိုက်ပေသည်။ သို့သော်လည်း ဖော်ပြပါအဋ္ဌကထာပါဠိနှင့် အခြားအဋ္ဌကထာ ပါဠိ မျှေးသည် အဓိပ္ပာယ် ပေါ်လွင်ထင်ရှားသဖြင့် အကျယ် မရေးတော့ပဲ ဆောင်ပုဒ်များကို ရေးတော့အံ့။

(ဆောင်ပုဒ်) ၁။ **ရဟန်းညွှန်ပြ၊ သေးယောက်မျှ၊ ဒုတညွှန့်လေးဖြာ**
၂။ **အနိဒ္ဒိဋ္ဌ–ဒုဝိဓ၊ ပေါင်းက တကျိပ်သာ**
၃။ **တဦး မျက်မှောက်၊ ကွယ်သုံးယောက် ညွှန်းမြောက် ရဟန်းမှာ**
၄။ **ရှေ့အပ်ဖြန့်ကြား၊ စေ၍ကြား၊ မှာထားသွားသည်သာ**
၅။ **တမန်ညွှန်လည်း၊ သေးပါးတည်း၊ ဤနည်းယူလေးပါ**
၆။ **ရှေ့အပ်မကြား၊ ကွယ်အပ်သွား၊ နှစ်ပါးမညွှန်ရာ**
၇။ **ရာဇ, မဟာ၊ အညာတ၊ ကျင့်ရစဉ်တိုင်းသာ**
၈။ **ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ ဝမ်းတွင်းသာယာမိ**
၉။ **ကြေးခဲပိုက်ဆံ၊ ရွှေ ငွေ–အာဏ်၊ လျှံခံနိဿဂ္ဂီ**
၁၀။ **ရတနာဆယ်ပါး၊ စပါးခုနစ်၊ မဒွာဒတ္တ။ နှစ်ခုရေကံ၊ အရာမ်ဥယျာဉ်၊ မြင်း, ဆင်, ကျွဲ, နွား၊ သား, ငါး, ငှက်, ဝက်၊ ကြက်, ငှက်, တိရစ္ဆာန်။ အလျှုခံ, အပုန် ဒုက္ကဋ်ချည်း**
၁၁။ **ပုဂ္ဂိုလ်, သံဃာ၊ ဂိုဏ်းအားသာ၊ ခံရာမပယ်ဘိ**

### ၁၂။ ဘုရား, တရား၊ စေတီအားနှင့်၊ ကျောင်းအား တတန်၊ နဝကမ်၊ ပယ်ရန် ခွင့်မရှိ

**မှတ်ချက်။** ။သစေပိ ကောစိ ဇာတရူပ ရဇတံ အာနေတွာ “ဣဒံ သံဃဿ ဒမ္မိ အရာမံ ဝါ,ကရောထ စေတိယံဝါ ဘောဇနသာလာဒိနံဝါ အညတရ”န္တိ ဝဒတိ၊ ဣဒမ္ပိ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋန္တိ။ (ပါ–ဒု–အဋ္ဌကထာ–၂၅၆)။

**အဓိပ္ပာယ်....**ဤ၌ စေတီအတွက် လှူသည်ကို လက်သင့် မခံကောင်း– ဟု ဆိုခြင်းသည်–
**စေတီအကျိုးငှာ သံဃာအား လှူပါ၏။ (အရှင်ဘုရားအား– လှူပါ၏။)**–ဟု
စေတီကို သမ္ပဒါန် မခံပဲ ဆိုခြင်းကြောင့် မအပ်ဖူး-ဟု ဆိုခြင်း ဖြစ်သည်။
သစေ ပန သံဃံဝါ ဂဏံဝါ ပုဂ္ဂလံဝါ အနာမသိတွာ “ဣဒံ ဟိရညသုဝဏ္ဏံ စေတိယဿ ဒေမ ဝိဟာရဿ ဒေမ၊ နဝကမ္မဿ ဒေမာ”တိ ဝဒန္တိ၊ ပဋိက္ခိပိတုံ န ဝဋ္ဋတိ။ (ပါ-ဒု-အဋ္ဌကထာ-၂၅၇)။

**အဓိပ္ပာယ်....**ဗုဒ္ဓဿ ဒေမ၊ ဓမ္မဿ ဒေမ၊ စေတိယဿ ဒေမ၊ နဝကမ္မဿ ဒေမ-ဟု ဘုရားတရား၊ စေတီ၊ ကျောင်း၊ နဝကမ္မအား **သ**မ္ပဒါန်ထား၍ လှူခဲ့သော် ပယ်ဖို့မလို– လက်ခံသင့်သည်-ဟု ပြ၏။

## ရူပိယသိက္ခာပုဒ်၌ မှတ်ဖွယ်
### မနောဒွါရ၌ အာပတ်မသင့်နိုင်

ဥပနိက္ခိတ္တ သာဒိယနေ ပန “ဣဒံအယျဿ ဟောတူ”တိ ဝုတ္တေ သစေပိ စိတ္တေန သာဒိယတိ၊ ဂဏှိတုကာမော ဟောတိ- ကာယေနဝါ ဝါစာယဝါ “နယိဒံကပ္ပတီ”တိ- ပဋိက္ခိပတိ၊ အနာပတ္တိ။ (က)။
ကာယဝါစာဟိ ကတ္တဗ္ဗဿ ပဋိ [illegible]- အကိရိယ သမုဋ္ဌာနံ ကာယဒွါရေစ ဝစီဒွါရေစအာပတ္တိ

အာပဇ္ဇတိ၊ မနောဒွါရေ ပန အာပတ္တိနာမ နတ္ထိ။
(ပါ-ဒု-အဋ္ဌကထာ-၂၇၀)။

**အဓိပ္ပာယ်....**မိမိ၏အနီး၌ ချထားသော ရွှေ-ငွေ-ကို စိတ်ဖြင့် သာယာခဲ့သော် အာပတ်သင့်သည်။ "ငါတို့မှာ မအပ်ဖူး"-ဟု ကိုယ်နှုတ်တမျိုးမျိုးဖြင့် ပယ်ခဲ့သော် အာပတ်မသင့်ပါ။

ဤ၌ အနီးဝယ်ချထားအပ်သော **ရွှေ-ငွေ** ကို စိတ်ဖြင့် သာယာရာ၌ အာပတ်သင့်ခြင်းသည် "ရဟန်းတို့မှာ ရွှေ-ငွေသည် မအပ်ဖူး-ဟု နှုတ်ဖြင့် ပြောဆိုခြင်း ဝစီဝိညတ်, ခေါင်းရမ်းခြင်း, လက်ဖြင့်ကာခြင်းစသော ကာယဝိညတ်ကို မပြုခြင်းကြောင့် ကာယဒွါရ- ပစီဒွါရ၌ သင့်ခြင်း ဖြစ်သည်။ (အကိရိယသမုဋ္ဌာန် အာပတ်မျိုးဖြစ်သည်။)

အနောဒွါရ၌ကား မုချအာပတ်မသင့်ချေ။ **အကြောင်းကား- မနော**ဒွါရ၌ သိက္ခာပုဒ်ကို ပညတ်ခြင်း မရှိသောကြောင့်တည်း။

ဥပနိက္ခိတ္တ သာဒိယန သိက္ခာပုဒ်ကို ထောက်၍ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ"-ဟူသော အဋ္ဌကထာစကားသည် ယေဘုယျ ဖြစ်သည်။ အပ္ပကအားဖြင့် မနောဒွါရမှာလည်း အာပတ် သင့်နိုင်၏- ဟူသော ကင်္ခါဋီကာသစ် **စ**ကားသည် မသင့်စူးစူးတည်း-ဟုကျေးဇူးရှင်ဆရာတော်ကြီး အမိန့်ရှိတော်မူ၏။

**ရွှေ-ငွေ-ကို သံဃာ့အားစွန့်ရခြင်း**

သံဃမဇ္ဈေနိဿဇ္ဇိတဗ္ဗန္တိ ဧတ္ထ ယသ္မာ ရူပိယံနာမ အကပ္ပိယံ။
တသ္မာ "နိဿဇ္ဇိတဗ္ဗံ သံဃဿဝါ,ဂဏဿဝါ,
ပုဂ္ဂလဿဝါတိ န ဝုတ္တံ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၀)။

**အဓိပ္ပာယ်....**ရွှေ-ငွေသည် အကပ္ပိယ ဝတ္ထုအစစ်ဖြစ်သောကြောင့် ဂဏ,ပုဂ္ဂလကိုထည့်၍ မဟောခြင်းဖြစ်သည်။ စွန့်ပုံကား....
"အဟံဘန္တေ-ရူပိယံပဋိဂ္ဂဟေသိံ၊ ဣဒံမေ နိဿဂ္ဂိယံ။
ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"-ဟု-
ဆို၍ သံဃာ့အလယ်မှာ စွန့်ရမည်။

**ပရိဘောဂလေးမျိုးမှတ်ဖွယ်**

စတ္တာရော ဟိ ပရိဘောဂါ ထေယျပရိဘောဂေါ,
ဣဏပရိဘောဂေါ, ဒါယဇ္ဇပရိဘောဂေါ,
သာမိပရိဘောဂေါတိ။

တတ္ထ သံဃမဇ္ဈေပိ နိသိဒိတွာ ပရိဘုဉ္ဇတော ဒုဿီလဿ ပရိဘောဂေါ ထေယျပရိဘောဂေါနာမ။ သီလဝတော အပစ္စဝေက္ခိတ ပရိဘောဂေါ ဣဏပရိဘောဂေါနာမ။ တသ္မာ(လ) သတ္တန္နံ သေက္ခာနံ ပစ္စယပရိဘောဂေါ ဒါယဇ္ဇပရိဘောဂေါနာမ၊ ခီဏာသဝါနံ ပရိဘောဂေါ သာမိပရိဘောဂေါနာမ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၂-၃)။

**အဓိပ္ပာယ်**....သာသနာတော်၌ ပရိဘောဂ(သုံးဆောင်ခြင်း)လေးမျိုးရှိသည်။ ၎င်းတို့ကား–

၁။ ထေယျပရိဘောဂ (ခိုး၍သုံးဆောင်ခြင်း)။
၂။ ဣဏပရိဘောဂ (အကြွေးဖြစ်၍ သုံးဆောင်ခြင်း)။
၃။ ဒါယဇ္ဇပရိဘောဂ (အမွေခံဖြစ်၍ သုံးဆောင်ခြင်း)။
၄။ သာမိပရိဘောဂ (အစိုးတရသုံးဆောင်ခြင်း) တို့တည်း။

## ထိုလေးမျိုးတွင်

(၁) သီလဖာုန်ခမ်း ဒုဿီလရဟန်း၏ သုံးဆောင်ခြင်းသည် ထေယျပရိဘောဂမည်၏။
(၂) သီလရှိသောရဟန်း၏ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ခြင်းသည် ဣဏပရိဘောဂမည်၏။
(၃) သေက္ခပုဂ္ဂိုလ် ၇ ဦးတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂမည်။
(၄) ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် သာမိ ပရိဘောဂမည်၏။

## သုံးဆောင်နည်း

တတ္ထ စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ၊ ပိဏ္ဍပါတော အာလောပေ အာလောပေ၊ တထာ အသက္ကောန္တေန ပုရေဘတ္တ ပစ္ဆာဘတ္တ ပုရိမယာမ ပစ္ဆိမယာမေသု သစဿ အပစ္စဝေက္ခတောဝ အရုဏော ဥဂ္ဂစ္ဆတိ၊

ဣဏပရိဘောဂ၊ ဌာနေ တိဋ္ဌတိ။ သေနာသနမ္ပိ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတ္ဗံ။

ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိ ပစ္စယတာ ဝဋ္ဋတိ၊ ဧဝံ သန္တေပိ ပဋိဂ္ဂတဏေ သတိ ကတွာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ။

ပဋိဂ္ဂဟဏေ ပန သတိ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ။

**အဓိပ္ပာယ်**....ထိုကြောင့် ဣဏပရိဘောဂမဖြစ်ကြရအောင်

(၁) သင်္ကန်းကိုပြင်ပြီး ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ"စသည်ဖြင့် ဆင်ခြင်ရမည်။

(၂) ဆွမ်းကိုလည်း ဆွမ်းလုပ်တိုင်း၊ ဆွမ်းလုပ်တိုင်းမှာပင် "ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ" စသည်ဖြင့် ဆင်ခြင် ရမည်။

အကယ်၍ ဝတ်ရုံတိုင်း-ဝတ်ရုံတိုင်း၊ ဆွမ်းလုပ်တိုင်း၊ဆွမ်းလုပ်တိုင်းမှာ မဆင်ခြင်နိုင်ခဲ့သော် နောက်တနေ့အာရုဏ်မတက်မီ (ပစ္ဆိမယာမ်အတွင်းမှာ) ဆင်ခြင်မိအောင် ဆင်ခြင်ရမည်။ အာရုံတက်သွားလျှင် ဣဏပရိဘောဂ ဖြစ်သွားတော့သည်။ (အနည်းဆုံး တကြိမ်တော့ ဆင်ခြင်ရမည်။)

(၃) ကျောင်းမှာလည်း ထို့အတူ ကျောင်းအတွင်းသို့ ဝင်တိုင်း ဝင်တိုင်းမှာ"ပဋိသင်္ခါ ယောနိသော၊ သေနာသနံ ပဋိသေဝါမိ" စသည်ဖြင့် ဆင်ခြင်ရမည်။ (သာရတ္ထဒီပနီ-ဒု-၄၁၉)။

(၄) ဆေးပစ္စည်းကိုကား အလှူခံဆဲခဏ, သုံးဆောင်ဆဲ ခဏတို့၌ "ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယ" စသည်ဖြင့် ဆင်ခြင် ရမည်။

အလှူခံဆဲခဏ၌ ဆင်ခြင်မိသော်လည်း သုံးဆောင်ဆဲခဏ၌ မဆင်ခြင် မိလျှင် အာပတ်သင့်သည်။

အလှူခံဆဲခဏ၌ မဆင်ခြင်မိသော်လည်း သုံးဆောင်ဆဲခဏ၌ ဆင်ခြင် မိလျှင် အာပတ်မသင့်-ဟု ဆိုလိုသည်။

**အထူးသတိပြု။** ။ဤကြ္လာဏပရိဘောဂကား- ကြောက်ဖွယ်ကောင်းလှသည်။ အာရုံမတက်မီ အတွင်းမှာ အနည်းဆုံး တကြိမ်လောက် ဆင်ခြင်မိရမည်။ အာရုံတက်သွားလျှင် မည်သို့မျှ ကုစားလို့ မရချေ။ ဣဏပရိဘောဂ ဖြစ်သွားတော့သည်။ နောက်ရက် ရောက်မှ ပြန်ဆပ်လို့မရ။ အစားပေးလို့ မရချေ။ ဣဏပရိဘောဂဖြစ်ခဲ့သော် နောက်ဘဝ၌ခွေး၊ ဝက်၊ ကြက်-ငှက် ဖြစ်ရတတ်သည်။ ပစ္စည်း မွဲတတ်သည်။ အစေခံ (သူတပါး အခိုင်းခံ) ဖြစ်ရတတ်သည်။ အထူးသတိပြုကြပါ။ သာရတ္ထဒီပနီဋီကာနှင့် ဝိသုဒ္ဓိမဂ္ဂမဟာဋီကာတို့မှ လိုရင်းထုတ်၍ ရေးသားလိုက်သည်။

## သုဒ္ဓိလေးမျိုးမှတ်ဖွယ်

ဗတုဗ္ဗိဓာ ဟိ သုဒ္ဓိ၊ ဒေသနာသုဒ္ဓိ၊ သံဝရသုဒ္ဓိ
ပရိယေဋ္ဌိသုဒ္ဓိ ပစ္စဝေက္ခဏာသုဒ္ဓီတိ။(ပါ-ဒု-အဋ္ဌကထာ-၂၇၂)။

**အဓိပ္ပာယ်**....သာသနာတော်၌ သုဒ္ဓိ (စင်ကြယ်ခြင်း) လေးမျိုးနှင့် ပြည့်စုံအောင် နေတတ်ဖို့ အရေးကြီးသည်။ ထိုသုဒ္ဓိလေးမျိုးကား-

၁။ ဒေသနာသုဒ္ဓိ (ပါတိမောက်သီလ)။
၂။ သံဝရသုဒ္ဓိ (ဣန္ဒြိယသံဝရသီလ)။
၃။ ပရိယေဋ္ဌိယုဒ္ဓိ (အာဇီဝပါရိသုဒ္ဓိသီလ)။
၄။ ပစ္စဝေက္ခဏာသုဒ္ဓိ (ပစ္စယသန္နိဿိတသီလ)-
တို့ ဖြစ်ကြသည်။ ထိုတွင်-

(၁) တတ္ထ ဒေသနာသုဒ္ဓိနာမ ပါတိမောက္ခ သံဝရ သီလံ။
တဥှိ ဒေသနာယ သုဇ္ဈနတော ဒေသနာသုဒ္ဓိတိ ဝုစ္စတိ။
(ပါ-ဒု-အဋ္ဌကထာ-၂၇၂-၃)။

**အဓိပ္ပာယ်**....ဆိုခဲ့ပြီး သုဒ္ဓိ လေးမျိုးတွင် ဘုရားရှင်၏ ဒေသနာတော်ဖြင့် စင်ကြယ်ခြင်းကြောင့် ပါတိမောက္ခ သံဝရသီလသည် ဒေသနာသုဒ္ဓိမည်၏။

(၂) သံဝရ သုဒ္ဓိနာမ ဣန္ဒြိယ သံဝရသီလံ။ တံ ဟိ''န ပုန ဧဝံ ကရိဿာမိ'' တိ စိတ္တာ ဓိဋ္ဌာန သံဝရေနေဝ သုဇ္ဈနတော ''သံဝရသုဒ္ဓိ'' တိ ဝုစ္စတိ။
(ပါ-ဒု-အဋ္ဌကထာ-၂၇၃)။

**အဓိပ္ပာယ်။** ။"နောက်အခါ၌ ဤကဲ့သို့သော အကုသိုလ်မျိုးကို မလုပ်တော့ပြီ"-ဟု စိတ်ကို စောင့်စည်းခြင်းဖြင့် စင်ကြင်ခြင်းကြောင့် ဣန္ဒြိယသံဝရသီလသည် သံဝရသုဒ္ဓိ မည်၏။

(၃) ပရိယေဋ္ဌိ သုဒ္ဓိနာမ အာဇီဝ ပါရိသုဒ္ဓိသီလံ။ တံ ဟိ အနေသနံ ပဟာယ ဓမ္မေန သမေန ပစ္စယေ ဥပ္ပါဒေန္တဿ ပရိယေသနာယ သုဒ္ဓတ္တာ "ပရိယေဋ္ဌိသုဒ္ဓိ" တိ ဝုစ္စတိ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၃)။

**အဓိပ္ပာယ်။** ။မမှန်ကန်သော ရှာမှီးခြင်းကို ပယ်၍ မှန်မှန်ကန်ကန် ပစ္စည်းလေးပါးတို့ကို မှီဝဲသောရဟန်း၏ရှာမှီးခြင်း၏ စင်ကြယ်ခြင်းကြောင့် အာဇီဝပါရိသုဒ္ဓိသီလသည် ပရိယေဋ္ဌိသုဒ္ဓိ မည်၏။

(၄) ပစ္စဝေက္ခဏာ သုဒ္ဓိနာမ ပစ္စယ ပရိဘောဂ သန္နိဿိတ သီလံ။ တံ ဟိ "ပဋိသင်္ခါ ယောနိသော စီဝရံ ပရိသေဝတီတိ အာဒိနာ နယေန ပစ္စဝေက္ခဏေန သုဇ္ဈနတော "ပစ္စဝေက္ခဏာသုဒ္ဓိ" ဝုစ္စတိ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၃)။

**အဓိပ္ပာယ်။** ။ဘုရားသခင်ဟောတော်မူအပ်သော "ပဋိသင်္ခါ ယောနိသော၊ စီဝရံ ပဋိသေဝတိ" စသော ပစ္စဝေက္ခဏာနည်းဖြင့် စင်ကြယ်ခြင်းကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိ မည်၏။

**(အမှာ)** ဣလာဏပရိဘောဂ မဖြစ်အောင် ဤသုဒ္ဓိလေးမျိုးထဲက ပစ္စဝေက္ခဏာသုဒ္ဓကို အထူးသတိပြုပါ၊

**ကောက်ရသော ပစ္စည်း၌ ကျင့်သုံးခြင်း**

အနာပတ္တိ အဇ္ဈာရာမေဝါ အဇ္ဈာဝသထေဝါ ဥဂ္ဂဟေတွာ ဥဂ္ဂဟာပေတွာဝါ နိက္ခိပတိ "ယဿ ဘဝိဿတိ၊ သော ဟရိဿတီ"တိ။ (ပါ-ပါဠိတော်-၃၄၇)။

**အဓိပ္ပာယ်။** ။ရဟန်းတို့ အမြဲနေထိုင်ရာ ကျောင်းတိုက်အတွင်း၌ ဖြစ်စေ ခေတ္တ တည်းခိုရာ ဇရပ်၌ဖြစ်စေ-ဒါယကာတို့၏ မေ့ကျန်ရစ်သော ရွှေ- ငွေ ရတနာတို့ကို တွေ့ရှိခဲ့သော် ရတ်တရက် ကောက်မယူရချေ။

အနီးအနားမှာ ဒါယကာများရှိလျှင် သိမ်းထားခိုင်းရမည်။ဒါယကာများ မရှိမှသာလျှင် "ပစ္စည်းရှင်အား ပြန်ပေးမည်" ဟူသော စိတ်ထားဖြင့် ရဟန်းကိုယ်တိုင် ကောက်ယူသိမ်းထားပါ။ အာပတ်မသင့်နိုင်-ဟု ဆိုလိုသည်။

သို့သော် အမှတ်တမဲ့ မသိမ်းပါနှင့်၊ အရေအတွက် မှတ်သားပြီးမှ လုံခြုံစိတ်ချရသောနေရာ၌ သိမ်းထားပါလေ။

ထို့ပြင် “မည်သည့်နေရာ၌၊ မည်သည့်ပစ္စည်းများ တွေ့ရှိကြောင်း” ကြေငြာရမည်။

“တပည့်တော်ပစ္စည်းပါ”-ဟု ပစ္စည်းရှင် ပေါ်လာခဲ့သော် အမှတ်အသားနှင့် ကိုက်ညီမှ ပေးရမည်။ မကိုက်ညီခဲ့သော် “မဟုတ်သေးဘူး”-ဟု ပြော၍ ထားမြဲတိုင်း ထားရမည်။ အမှတ်အသားမှန်ကန်သော်လည်း သက်သေ၏ရှေ့မှာ လက်မှတ်ထိုးပြီးမှ ပေးရမည်။ သတိရှိလေ။

## အကပ္ပိယ သပိတ်လေးလုံး အဓိပ္ပာယ်

**၁။ ပဌမသပိတ်**

ဣမဿ စ ရူပိယ သံဝေါဟာရဿ ဂရုကဘာဝဒီပကံ ဣဒံ ပတ္တစတုက္ကံ ဝေဒိတဗ္ဗံ။ ယော ဟိ ရူပိယံ ဥဂ္ဂဏှိတွာ တေန အယဗီဇံ သမုဋ္ဌာပေတိ၊ တံ ကောဋ္ဋါပေတွာ တေန လောဟေန ပတ္တံ ကာရေတိ၊ အယံ ပတ္တော မဟာအကပ္ပိယော နာမ၊ န သက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုံ။

သစေပိ တံ ဝိနာသေတွာ ထာလကံကာရေတိ၊ တမ္ပိ အကပ္ပိယံ။ ဝါသိံ ကာရေတိ၊ (လ) တမ္ပိ အကပ္ပိယံ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၇)။

**အဓိပ္ပာယ်။** ။ရွှေ-ငွေ ကို အလှူခံ၍ သံမျိုးစေ့ လုပ်ပြီး ထိုသံမျိုးစေ့ဖြင့် သပိတ်လုပ်ခိုင်းသည်။ မဟာအကပ္ပိယ (အကြီးအကျယ်မအပ်သော)သပိတ်မည်၏။ မည်သည့်နည်းနှင့်မျှ အပ်အောင်မလုပ်နိုင်ချေ။ အကြောင်းကား အပ်သည်၏အဖြစ်သို့ ရောက်အောင် မဆောင်ရွက်နိုင်သောကြောင့်တည်း။ ထို့ကြောင့်–

“ပုန ကပ္ပိယဘာဝံ နေဝ ဒေသက္ကုဏေယျတ္တာ” မဟာအကပ္ပိယော နာမာ တိ ဝုတ္တံ-ဟု (သာရတ္ထဒီပနီ-ဋီကာ-၃-၄၂၁) ၌ မိန့်တော်မူ၏။

## သာရတ္ထလာ အာစရိယ ဝါဒ

"န သက္ကာ ကေနစိ ဥပ္ပါယေန ကပ္ပိယော ကာတု"န္တိ ဣဒံ ပဥ္စန္နံ ယေဝ သဟဓမ္မိကာနံ အန္တရေ ပရိဝတ္တနံ သန္ဓာယ ဝုတ္တံ၊ ဂိဟီနံ ပန ဂဟေတွာ အတ္တနော သန္တကံ ကတွာ ဒိန္နံ သဗ္ဗံ ကပ္ပတိ တိ ဝဒန္တိ။(သာရတ္ထ-ဒု-၄၂၃)။

**အဓိပ္ပာယ်။** ။ဤသပိတ်ကို မည်သည့်နည်းနှင့်မျှ အပ်အောင်မလုပ်နိုင်-ဟု ဆိုခြင်းသည် သီတင်းသုံးဖော် ၅-ဦး အချင်းချင်း အလဲ အလှယ် အသုံးပြုလို့ မဖြစ်နိုင်ကြောင်းကို ဆိုခြင်းဖြစ်သည်။ လူများကယူ၍ မိမိပစ္စည်းပြုလျက် ပေးပါမူကား အားလုံး တို့အား အပ်ကြောင်းကို ဆရာတို့ ဆိုကြကုန်၏။

## ၂။ ဒုတိယသပိတ်

ယော ပန ရူပိယံ ဥဂ္ဂဏှိတွာ တေန ပတ္တံ ကိဏာတိ၊ အယမ္ပိ ပတ္တော အကပ္ပိယော။ "ပဥ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပတိ" တိ မဟာပစ္စရိယံ ဝုတ္တံ။

သက္ကာ ပန ကပ္ပိယော ကာတုံ၊ သော ဟိ မူလေ မူလ သာမိကာနံ ပတ္တေစ ပတ္တသာမိကာနံ ဒိန္နေ ကပ္ပိယော ဟောတိ။ ကပ္ပိယဘဏ္ဍံ ဒတွာ ဂဟေတွာ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၇)။

**အဓိပ္ပာယ်။** ။ရွှေ-ငွေကို အလှူခံ၍ ထို ရွှေ-ငွေဖြင့် သပိတ် ဝယ်သည်။ ဤသပိတ်မျိုးလည်း မအပ်ချေ။ သို့သော် ပြန်၍ လဲလှယ် (တုန့်ပြန်)ပြီးမှ အပ်သောနည်းဖြင့် ရလျှင်ကား အပ်သည်။ ဤကား ဒုတိယသပိတ်တည်း။

## ၃။ တတိယသပိတ်

ယောပိ ရူပိယံ ဥဂ္ဂဏှာပေတွာ ကပ္ပိကာရကေန သဒ္ဓိံ ကမ္မာရကုလံ ဂန္တွာ ပတ္တံ ဒိသွာ "အယံမယှံရုစ္စတီ" တိ ဝဒတိ၊ ကပ္ပိယကာရကော စ တံ ရူပိယံ ဒတွာ ကမ္မာရံ သညာပေတိ၊ အယမ္ပိ ပတ္တော ကပ္ပိယဝေါဟာရေန ဂဟိတောပိ ဒုတိယပတ္တ သဒိသော ယေဝ၊ မူလဿ သမ္ပဋိစ္ဆိတတ္တာ အကပ္ပိယော၊ ကသ္မာ သေသာနံ န ကပ္ပတိ၊ မူလဿ အနိဿဋ္ဌတ္တာ။ (ပါ-ဒု-အဋ္ဌကထာ-၂၇၇)။

**အဓိပ္ပာယ်။** ။ရွှေ-ငွေ ကို အလှူခံ၍ ကပ္ပိယဒကာနှင့် သပိတ်သည်ထံသို့ သွား၍ အပ်သောနည်းဖြင့် သပိတ်ကို ကပ္ပိ၏။ ဤသပိတ်သည်လည်း အပ်သောနည်းဖြင့် ဝယ်သော်သည်း မူလ ရွှေ-ငွေကို အလှူခံခဲ့သောကြောင့် အကပ္ပိယ သပိတ်ပင် မည်၏။ ဒုတိယသပိတ်နှင့် တူသည်။

ပတ္တဿ ကပ္ပိယဘာဝေပိ သမ္ပဋိစ္ဆိတမူလဿ နိဿဋ္ဌတ္တာ အနိဿဋ္ဌတ္တာ တေန ဂဟိတပတ္တော သေဿာနမ္ပိ န ကပ္ပတိ။ ယဒိ ဟိ တေန သမ္ပဋိစ္ဆိတမူလံ သံဃမဇ္ဈေ သိယာ တေန ကပ္ပိယေန ကမ္မေန အာရာမိကာဒီဟိ ဂဟေတွာ ဒိန္နပတ္တော ရူပိယပဋိဂ္ဂါဟကံ ဌပေတွာ သေသာနံ ဝဋ္ဋတိ။ (သာရတ္ထဋီ-ဒု-၄၂၄)။

**အဓိပ္ပာယ်။** ။ပြန်၍ လဲလှယ်(တုန့်ပြန်)ပြီးမှ အပ်သောနည်းဖြင့် ရပါမူကား အပ်ပေသည်။

ထို့ပြင် မူလ ရွှေ-ငွေကို သံဃာ့အလယ်၌ မစွန့်သေးသောကြောင့် ကျန်သော သီတင်းသုံးဖော်တို့အားလည်း မအပ်ချေ။

**၄။စတုတ္ထသပိတ်**

ယော ပန ရူပိယံ အသမ္ပဋိစ္ဆိတွာ "ထေရဿ ပတ္တံ ကိဏိတွာ ဒေဟီ" တိ။ ပဟိတ ကပ္ပိယကာရကေန သဒ္ဓိံ ကမ္မာရကုလံ ဂန္တွာ ပတ္တံ ဒိသွာ "ဣမေ ကဟာပဏေ ဂဟေတွာ ဣမံ ဒေဟီ"တိ ကဟာပဏေ ဒါပေတွာ ဂဟိတော၊ အယံပတ္တော တေသေဝ ဘိက္ခုနော န ဝဋ္ဋတိ။ ဒုဗ္ဗိစာရိတတ္တာ၊ အညေသံ ပန ဝဋ္ဋတိ။ မူလံ အသမ္ပဋိစ္ဆိတတ္တာ။ (ပါဒု-အဋ္ဌကထာ-၂၇၇-၈)။

**အဓိပ္ပာယ်။** ။ရွှေ-ငွေကို အလှူမခံပဲ ကပ္ပိယ(ဒါယကာ)နှင့် သပိတ်ဆိုင်သို့ သွား၍ ဘုန်းကြီးကိုယ်တိုင်ဈေးဆစ်ပြီး ဝယ်သည်။ ဒုဗ္ဗိစာရိတဖြစ်သောကြောင့် ထိုဘုန်းကြီးမှာ မအပ်ချေ။ အခြား ဘုန်းကြီးများအား အပ်သည်။ ဤကား စတုတ္ထသပိတ်တည်း။

ယခုကာလအလှူ၊ မသာရှိခဲ့သော် အဝယ်တော် ဘုန်းကြီးများက [illegible]တော်မူလိုက်၍ လိုက်ပြီးဝယ်ပေးတတ်ကြ၏။ ထို့ဈေးဝယ် ရဟန်းမှာ မအပ်ချေ။ အခြား ပင့်သံဃာများအား အပ်သည်။(စတုတ္ထသပိတ်မျိုးတည်း)

### ကပ္ပိယသပိတ်တလုံး

သင္ဂေ ပန ရူပိယံ အသမ္ပဋိစ္ဆိတွာ ထေရဿ ပတ္တံ
ကိဏိတွာ ဒေဟီ- တိ ပဟိတ ကပ္ပိယကာရကေန သဒ္ဓိံ
ကမ္မာရကုလံ ဂန္တွာ ပတ္တံ ဒိသွာ "အယံမယှံရုစ္စတီ" တိ ဝါ
"ဣမာဟံ ဂဟေဿာမိ" တိဝါဝဒတိ၊ ကပ္ပိယကာရကောစ
တံ ရူပိယံ ဒတွာကမ္မာရံ သညာပေတိ၊ အယံ ပတ္တော
သဗ္ဗကပ္ပိယော။ဗုဒ္ဓါနမ္ပိ ပရိဘောဂါရဟောတိ။
(ပါ-ဒု-အဋ္ဌကထာ ၂၇၈)

**အဓိပ္ပာယ်**....ရွှေ-ငွေကို အလှူမခံပဲ ကပ္ပိယ(ဒါယကာ)နှင့် သပိတ်ဆိုင်သွား၍ "ဤသပိတ်ကို ငါသဘောကြသည်"ဟုပြော၏။ ကပ္ပိယ(ဒါယကာ)ကဝယ်လှူလိုက်သည်။ဤသပိတ်ကား ခပ်သိမ်းပုဂ္ဂိုလ်တို့အား အပ်သည်။ ဘုရားသခင်တို့ပင် အသုံးပြုထိုက်သည်။

အခြားပစ္စည်းများကို ဤကပ္ပိယ သပိတ်နည်းတူ အပ်စပ် (စင်ကြယ်) အောင် ဆောင်ရွက်လုပ်ကိုင်တတ်ဖို့ အရေးကြီးသည်။

ထိုကြောင့် ဘုန်းကြီး များသည် လှူလယ်, လှူပါး မလုပ် လေနှင့်- **"ဘုန်းကြီးပါးဝဖို့ လိုသည်"** ကြပ်ကြပ် သတိထားပါ-ဟူ၍ ကျမ်းပြု သူ၏ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး မိန့်ဖူး၏။

### သပိတ်၌ မှတ်ဖွယ်များ

အတိရေက ပတ္တောနာမ အနဓိဋ္ဌိတော အဝိကပ္ပိတော။
ပတ္တောနာမ ဒွေပတ္တာ အယောပတ္တော မတ္တိကာပတ္တောတိ။
(ပါ-ပါဠိ-၃၅၃)။

**အဓိပ္ပာယ်ကား**....ဤပါဠိဖြင့် အဓိဋ္ဌာန် ဝိကပ္ပနာမပြုရသေးသော သပိတ်သည် အတိရေက သပိတ်မည်သည်။ ထိုသပိတ်သည် သံသပိတ်၊ မြေသပိတ်-ဟု ၂-မျိုးရှိကြောင်းကိုပြ၏။

### သပိတ်ကိုးလုံး

တယော ပတ္တဿ ဝဏ္ဏာ ဥက္ကဋ္ဌောပတ္တော မဇ္ဈိမောပတ္တော
ဩမကပတ္တော၊ ဥက္ကဋ္ဌောနာမ ပတ္တော အဍ္ဎာဠှကောဒနံ
ဂဏှာတိ၊ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။
ဩမကောနာမ ပတ္တော ပတ္ထောဒနံ ဂဏှာတိ စတုဘာဂံ
ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။ တတောဥက္ကဋ္ဌော အပတ္တော
ဩမကောအပတ္တော။(ပါ-ပါဠိ-၃၅၃)။

**အဓိပ္ပာယ်...** ဖော်ပြပါ ပါဠိတော်ကို အလွယ်တကူ သိနိုင်ရန် အောက်ပါ သံပေါက်များဖြင့် ရှင်းပြဦးမည်။

**၁။ သုံးပြီးတခွက်၊ နှစ်ကြိမ်ဝက်၊ ချင့်တွက်အမှန်ထား**

**၂။ ဥက္ကဋ္ဌမဇ္ဈ၊ ဩမက၊နာမအစဉ်ထား။**

**ရှင်းလင်းချက်။** ။၁။ သုံးပြီးတခွက်ဝင် သပိတ်ကို ဥက္ကဋ္ဌသပိတ် ခေါ်သည်။

၂။ ၎င်းသုံးပြီးတခွက်ကို တကြိမ် ထက်ဝက် ဝက်သော် သုံးခွက်နှင့် တစလယ် ဖြစ်သည်။ ထိုသုံးခွက်နှင့် တစလယ်ဝင် သပိတ်ကို မဇ္ဈိမ သပိတ် ခေါ်သည်။

၃။ သုံးခွက်နှင့် တစလယ်ကို ထက်ဝက် ဝက်သော် သုံးစလယ်နှင့် တလမယ်ဖြစ်သည်။

၄။ ထိုသုံးစလယ်နှင့် တလမယ်ဝင် သပိတ်ကို ဩမက ခေါ်သည်။

**မှတ်ချက်။** ။သုံးပြီးတခွက်ဝင်-သုံးခွက်တစလယ်ဝင်-သုံးစလယ်တလမယ်စင် ဆိုရာတို့၌ ထိုဆန်များ ချက်ထားသော ထမင်းကိုသာမယူရ၊ ထိုထမင်းနှင့် လျောက်ပတ်သော ဟင်းလျာပါ ဆန့်သော သပိတ်-ဟုဆိုလိုသည်။

**ကိုးလုံးရေတွက်ပုံ။** ။ဆိုခဲ့ပြီးသပိတ်သုံးမျိုးတို့တွင် ဥက္ကဋ္ဌသပိတ်၌ အငယ်စား အလတ်စား၊အကြီးစား-သုံးမျိုးခွဲခြားရသည်။ ထို့အတူ မဇ္ဈိမ၊ ဩမက တို့၌လည်း သုံးမျိုးစီပင် ခွဲခြားရမည်။ တိုက်ရိုက်အမည်ပေးရေတွက်သော်ကား—

၁။ (က) ဩမကသပိတ်

(ခ) ဩမကောမကသပိတ်

(ဂ) ဩမကုက္ကဋ္ဌသပိတ်-ဟု ဩမက၌-၃-မျိုး

၂။ (က) မဇ္ဈိမသပိတ်

(ခ) မဇ္ဈိမောမက သပိတ်

(ဂ) မဇ္ဈိမုက္ကဋ္ဌသပိတ်-ဟု မဇ္ဈိမ၌-၃-မျိုး

၃။ (က) ဥက္ကဋ္ဌသပိတ်

(ခ) ဥက္ကဋ္ဌောမက သပိတ်

(ဂ) ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်-ဟု ဥက္ကဋ္ဌသပိတ်၌-၃-မျိုး။

ပေါင်း-၉-မျိုးတည်း။

ထိုကိုးလုံးတို့တွင် အငယ်သုံးမျိုးတွင် အငယ်ဆုံးဖြစ်သော ဩမကော မက သပိတ်နှင့် အကြီးမျိုးတွင် အကြီးဆုံးဖြစ်သော ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်သည် အဓိဋ္ဌာန်မဝင်သဖြင့် သပိတ်အဖြစ်ဖြင့် အသုံးမပြုကောင်း၊ ခွက်အဖြစ်ဖြင့် အသုံးပြုရမည်။

အလယ်ခုနစ်လုံးမှာ အဓိဋ္ဌာန်လောက်သည်။ အဓိဋ္ဌာန်တင်ပြီး သပိတ် အဖြစ်ဖြင့် အသုံးပြုပါ။ (ပါ-ဒု-အဋ္ဌကထာ-၂၈၂-၌ ကြည့်ရှုပါ။)

## "ယခုကာလ သစ်စေး၊ သရိုးသပိတ်၌ မှတ်ဖွယ်"

အယောပတ္တော ပဉ္စဟိ ပါကေဟိ၊ မတ္တိကာပတ္တော ဒွိဟိ ပါကေတိ ပတ္တော အဓိဋ္ဌာနုပဂေါ ဥဘောပိ ယံ မူလံ ဒါတဗ္ဗံ၊ တသ္မိံ ဒိန္နေယေဝ။ (ပါ-ဒု-အဋ္ဌကထာ-၂၈၃)။

ပဉ္စဟိ ဒွိဟိတိ ဣဒံ "တ္တောဝတာ ကာဠဝဏ္ဏတာသမ္ပဇ္ဇတိ" တိ ဒဿနတ္ထံ ဝုတ္တံ။ "ယဒိပန ဧကေနပိ ပါကေန ကာဠဝဏ္ဏော ဟောတိ၊ အဓိဋ္ဌာနုပဂေါယေဝါတိဝဒန္တိ။ (သာရတ္ထ-ဒု-၄၂၈)။

**အဓိပ္ပာယ်။** ။သံသပိတ်ကို ငါးကြိမ်တိတိဖုတ်ခဲ့သော် အဓိဋ္ဌာန်စင်သည်။ (အပ်သည်)၊ မြေသပိတ်ကို နှစ်ကြိမ် ဖုတ်လျှင် အဓိဋ္ဌာန်ဝင် သည်။ (အပ်သည်)-ဟု အဋ္ဌကထာ၌ မိန့်ဆိုသည်။

တစ်ကြိမ်ပင် ဖုတ်စေကာမူ အဆင်းသာရုပ်ဖြစ်လျှင် အပ်သည်-ဟု သာရတ္ထ၌ မိန့်သည်။

ထို့ကြောင့် ယခုကာလသုံး သစ်စေး၊ သရိုးသပိတ်များသည် အပ် သည်-ဟု မှတ်။

### သပိတ်သုံးမျိုး (ခွက်သုံးမျိုး)

**ဘုန်းကြီးများမှာ-**

၁။ မြေသပိတ်၊
၂။ သံသပိတ်၊
၃။ ကြေးသပိတ်-ဟု သုံးမျိုးလုံးအပ်သည်။

ထို အတူ အခြားစားသောက်ဖွယ်များ ထည့်ရန်လည်း ဤသုံးမျိုးပင် အသုံးပြုထိုက်သည်။ သို့သော် ပတ္တသညာ (သပိတ်ဟူသော အမှတ်သညာ) မကင်းစေရ။

**(ဆောင်ပုဒ်)** ၁။ **ဆွမ်းဘုဉ်းပေးရန်၊ ခွက်သုံးတန်၊ မြေ၊ သံ၊ ကြေးနီ၊ အဝိ။**
၂။ **ပတ္တသညာ၊ စားသုံးပါ၊ ကျင့်ပါထေရ်ရှင်မြတ်။**

## ပုဂံညောင်ဦးက ယွန်းထည်များ မအပ်

ဖော်ပြပါ ခွက်သုံးမျိုးတွင် မပါဝင်သော မုံရွာ ကျောက်ကာနှင့် ပုဂံညောင်ဦးမြို့များမှ ဝါး (နှီး)ဖြင့် ပြုလုပ်သော ယွန်းထည်များကို ဘုန်းကြီးများ အသုံးမပြုကောင်း၊ ဒကာ-ဒကာမများက စားဖွယ်များ ထည့်ပြီး လာခဲ့သော် အကပ်တော့ ခံကောင်းသည်။ သို့သော် **မစားကောင်းပါ။** အကယ်၍ စားလိုလျှင် အခြားခွက်တမျိုးသို့ ပြောင်းထည့်ပြီးမှ စားကြပါလေ။

## ကူလီငှားခ (အလုပ်သမားခ) ပေးရာ၌ မှတ်ဖွယ်

သစေ ပန "ဣမံ ဘတ္တံ ဘုဉ္ဇိတွာ ဣမံ ကရောထာ" တိ
နဝဒတိ၊ "ဣမံ ဘတ္တံ ဘုဉ္ဇ၊ ဘုတ္တောသိ၊ ဘုဉ္ဇိဿတိ၊ ဣမံ
နာမ ကရောဟီ"တိ ဝဒတိ၊ ဝဋ္ဋတိ။
(ပါ-ဒု-အဋ္ဌကထာ-၂ဝဝ)။

**အဓိပ္ပာယ်။** ။"ဤထမင်းကိုစား၍ ဤအလုပ်ကို လုပ်ပါ"-ဟု ခိုင်းလျှင် မအပ်ချေ။
"ဤထမင်းကိုစားပါ၊ ဤအလုပ်ကို လုပ်ပါ"ဟု ခိုင်းလျှင် ကား အပ်သည်။

ဤနည်းအတိုင်း "အိပ်ရာလိပ်၊ သေတ္တာ-စသော ပစ္စည်းများကို ယူခဲ့ပါ။ တကျပ်ပေးမည်၊ ငါးမူးပေးမည်" စသည် ပြောဆို၍ ကူလီငှားလျှင် မအပ်ချေ။ ပါစိတ်အာပတ် သင့်၏။ သို့သော် အိပ်ရာလိပ် စသည်တို့က အပ်သော ပစ္စည်းများဖြစ်သောကြောင့် စွန့်ရန်မလို။ ပါစိတ်အာပတ်ကိုသာ ဒေသနာကြားရမည်။

**အပ်သောနည်း။** ။"ဤအိပ်ရာလိပ်- သေတ္တာကို ယူခဲ့ပါ"-ဟု ခေါ်၍ ဟိုရောက်သောအခါမှ တကျပ်၊ ငါးမူး စသည် တန်သလို ကြည့်ပေးပါလျှင် အပ်သည်။

ဣမံ နာမ ကာရောဟီတိ ဝဒတိ၊ ဝဋ္ဋတီတိ ဧတ္ထ ဘုတ္တောသိ၊ ကွာဒါနိ ကသ္မာ န ကရောသီတိ ဝတ္တုမ္ပိ ဝဋ္ဋတိ။
(သာရတ္ထ-ဒု-၄၂၆)။

**အဓိပ္ပာယ်**။ ။"ဟေ့-ဒါယကာ-သင်သည် ငါကျွေးသော ထမင်းကို စား ပြီးပြီမဟုတ်လား၊ အဘယ်ကြောင့် အခု အလုပ် မလုပ်ပါသနည်း"-ဟု ပြောဆိုခိုင်းလျှင် အပ်သည်-ဟု ဆိုလိုသည်။

---

## ဘေသဇ္ဇ သိက္ခာပုဒ် မှတ်ဖွယ်

ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယ နိယာနိ ဘေဇ္ဇာနိ၊ သေယျထိဒံ၊ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု ဖာဏိတံ၊ တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟ ပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ၊ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။
(ပါ-ပါဠိ-၂၆၃)။

**အဓိပ္ပာယ်**။ ။၁။ သပ္ပိ—ထောပတ်၊
၂။ နဝနီတံ—ဆီဦး၊
၃။ တေလံ—ဆီ၊
၄။ မဓု—ပျားရည်၊
၅။ ဖာဏိတံ—တင်လဲ(သကာခဲ)

ဤဆေးငါးပါးကို အကပ်ခံပြီးနောက် ခုနစ်ရက်အတွင်း အပ်သည်။ ခုနစ်ရက်ကကျော်လျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။ (ပစ္စည်းကိုလည်း စွန့်ရမည်။ အာပတ်ကိုလည်း ဒေသနာကြားနာရမည်။)

ထိုပစ္စည်းမျိုးကို စွန့်ပြီး ဝိနည်းကံပြုပြီး၍ ပြန်ရသော်လည်း ကိုယ်အင်္ဂါနှင့်စပ်၍ မသုံးကောင်းချေ။

ဘေသဇ္ဇာနီတိ ဘေသဇ္ဇကမ္မံ ကရောန္တု ဝါ၊ မာဝါ ဇေလဒ္ဓဝေါဟာရာနိ။ (ပါ-အဋ္ဌကထာ-ဒု-၂၀၉)။

ဤထောပတ် စသော ငါးမျိုးကို ဆေးကုသမှု၌ အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ဆေးဟုပင် ခေါ်ထိုက်သည်။ ဂိလာန မဟုတ်သော်လည်း ညနေအချိန် စားကောင်း၏၊

## ထောပတ်စသည်၌ အထူးမှတ်ဖွယ်များ

၁။ သပ္ပိနာမ ဂေါသပ္ပိ ဝါ၊ အဇိကာ သပ္ပိ ဝါ၊ မဟိံသသပ္ပိ ဝါ၊ ယေသံ မံသံ ကပ္ပတိ၊ တေသံသပ္ပိ။
၂။ နဝ နီတိနာမ တေသံယေဝ နဝနီတံ။
၃။ တေလံနာမ တိလတေလံ, သာသပတေလံ, မဓုကတေလံ, ဧရဏ္ဍတေလံ, ဝသာတေလံ။
၄။ မဓုနာမ မက္ခိကာမဓု။
၅။ ဖာဏိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ။ (ပါ–ပါဠိ–၃၆၃)။

**၁။ ထောပတ်။** ။ထောပတ်သည် နွားနို့မှလည်း ဖြစ်နိုင်သည်။ ဆိတ်နို့မှလည်း ဖြစ်နိုင်သည်။ ကျွဲနို့မှလည်းဖြစ်နိုင်သည်။ အချုပ်အားဖြင့်ကား ရဟန်းတော်များမှာ အသားစားကောင်းသော သတ္တဝါ၏ နို့မှဖြစ်သော ထောပတ်ဟူသမျှသည် အပ်ပေသည်။ (သမင်၊ ဆိုင်၊ ဆပ်၊ ယုန်စသော အသားစားကောင်းသော သတ္တဝါများကို ယူပါ အဋ္ဌကထာ ၂ဂ၉)။

## ညနေအခါ အာမိသနှင့်ရော၍ မစားကောင်း

ပါဠိယာ အာဂတသပ္ပိ အာဒိသု သပ္ပိ တာဝ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ၊ တဒဟု ပုရေဘတ္တံ သာမိသမ္ပိ နိရာမိသမ္ပိ ပရိဘုဥ္ဇိတုံဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တဟာ နိရာမိသံ ပရိဘုဥ္ဇိတဗ္ဗံ။ (ပါ-၄-ဒု ၂ဂ၉)။

**အဓိပ္ပာယ်....**ထောပတ်ကို နံနက်အခါ အကပ်ခံပြီးလျှင် ထိုနေ့နံနက်အချိန်မှာ ဆွမ်းစသော အာမိသနှင့် ရော၍ ဖြစ်စေ၊ မရောမူ၍ ဖြစ်စေ၊ စားကောင်းသည်။

ညနေအချိန်၌ကား ဆွမ်းစသော အာမိသ မပါပဲ ခုနစ်ရက်အတွင်း စားကောင်းသည်။

ပစ္ဆာဘတ္တံ ပဋိဂ္ဂဟိတံ သတ္တာဟံ နိရာမိသမေဝ ဝဋ္ဋတိ။ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ ဥဂ္ဂဟိတကံ ကတွာ နိက္ခိတ္တံ အဇ္ဈောဟရိတုံ န ဝဋ္ဋတိ၊ အဗ္ဘဉ္ဇနာဒီသု ဥပနေတဗ္ဗံ။

သတ္တာဟာ တိက္ကမေပိ အနာပတ္တိ၊ အနဓ္ဓော ဟာရဏိယတံ
အာပန္နတ္တာ။ "ပဋိသာဝယ နိယာနီတိတိ ဝုတ္တံ။ (ပါ-၄-ဒု-၂၀၉)။

**အစိပ္ပာယ်**....ညနေအချိန် အကပ်ခံခဲ့သော် အာမိသမပါပဲ သူ့ချည့်သက်သက်
ခုနစ်ရက်အတွင်း စားကောင်းသည်

နံနက်အချိန်မှာဖြစ်စေ၊ ညနေအချိန်မှာဖြစ်စေ၊ အကပ်ပျက်ပြီးသော ပစ္စည်းကို မစားကောင်း၊ ခြေနယ်ဆီအဖြစ် အသုံးပြုကောင်း၏။ ထို့ပြင် ပါးစပ်မှ မျိုချမှုမပြုသောကြောင့် ခုနစ်ရက်လွန်သော်လည်း အာပတ် မသင့်နိုင်၊ လိမ်းကောင်း၏။ ထိုကြောင့် ပါဠိတော်၌ "ပဋိသာဝယနိယာနိ-ဟု ဟောထားခြင်းဖြစ်သည်။

## ထောပတ်ကိုယ်တိုင်ချက်ကောင်းသည်

လူ့သာမဏေ တဦးဦးက နံနက်အခါက အကပ်ခံပြီး ဆီဦးဖြင့် ထောပတ် ချက်၍ ကပ်လှူခဲ့သော် နံနက်အချိန်မှာ အာမိသနှင့် ရော၍ စားကောင်းသည်။ ညနေအခါ အာမိသမပါပဲ အပ်သည်။

အကယ်၍ ကိုယ်တိုင်ချက်ခဲ့သော် ခုနစ်ရက်အတွင်း အာမိသ မပါပဲ စားကောင်းသည်။ နံနက်အချိန်၌ ဖြစ်စေကာမူ အာမိသနှင့် ရော၍ မစားကောင်းပါ။ (ပါ-၄-ဒု-၂၀၉)။

၂။ **ဆီဦး**။ ။ပါဠိယံ အာဂတံ နဝနီတမ္ပိ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ
ဘဒဟု ပုရေဘတ္တံ သာမိသမ္ပိ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော
ပဋ္ဌာယ နိရာမိသမေဝ။ (ပါ-အဋ္ဌကထာ-ဒု-၂၉၀)။

နွားနို့၊ ဆိတ်နို့၊ ကျွဲနို့ကို ချက်၍ရသော အစအဦးဆုံး ဆီသည် ဆီးဦးမည်။

ထိုဆီဦးကား ကြည်လင်မှုမရှိ၊ အဖတ်အဖတ်တွေပါသည်။

ထိုဆီဦးကို အကပ်ခံသောနေ့ နံနက်၌ သာလျှင် အာမိသနှင့် တကွ စားကောင်းသည်။ ညနေ အချိန်မှစ၍ နောက်နေ့ များ၌ အာမိသ မပါပဲ စားရသည်။ ခုနစ်ရက်ကိုကျော်လျှင် လုံးလုံးမအပ်ချေ။

၃။**ဆီ**။ ။တေလေသု တိလတေလံ တာဝ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ
သာမိသမ္ပိ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ နိရာ
မိသမေဝ။သတ္တာဟာတိက္ကမေ ပနဿ ဘဇနဂဏနာယ

နိဿဂ္ဂိဘာဝေါ ဝေဒိတဗ္ဗော။ ပဉ္စာဘတ္တံ ပဋိဂ္ဂတိတံ
နိရာမိသမေဝ ဝဋ္ဋတိ။ (ပါ-အဋ္ဌကထာ-ဒု-၂၉၁)။

**အဓိပ္ပာယ်။** ။နှမ်းဆီ-မုံညှင်းဆီ-သစ်မြိဇယ်ဆီ-ကြက်ဆူဆီ-အသားမှထွက်သော ဆီများသည် တေလ မည်သည်။

ထိုဆီတို့တွင် နှမ်းဆီသည် အကပ်ခံသော နေ့နံနက်အချိန်၌အာမိသနှင့် ရော၍ စားကောင်းသည်။ ထိုနေ့ ညနေအချိန်မှ စ၍ မအပ်တော့ချေ။

ညနေအချိန် အကပ်ခံအပ်သော ဆီသည် ခုနစ်ရက်အတွင်း အာမိသ မပါပဲ စားကောင်းသည်။

အကပ်ပျက်ပြီးသော ဆီကား-ခေါင်းလိမ်းရန် ခြေထောက် လိမ်းရန်သာ အပ်သည်။ ခုနစ်ရက်ကိုလွန်သော်လည်း အာပတ်မသင့်။

## ဆီကို ကိုယ်တိုင်မကြိတ်ကောင်း

အတ္တနာ ကတတေလံ ပန နိဗ္ဗဋ္ဋိတတ္တာ' ပုရေဘတ္တံ နိရာမိ
သမေဝ ဝဋ္ဋတိ။ သာမံ ပက္ကတ္တာ သဗ္ဗသံ န ဝဋ္ဋတိ။

**အဓိပ္ပါယ်။** ။နှမ်း မြေပဲဆန် များကို အလှူခံ၍ ကိုယ်တိုင် ဆီကြိတ်ခဲ့သော် နံနက်ပိုင်း၌ပင် အခြား အာမိသနှင့် မသုံးဆောင်ကောင်း၊ ဆီသက်သက်သာ သုံးကောင်းသည်။ ညနေပိုင်း ဆိုဖွယ်လို၊ လုံး၀ မအပ်တော့ချေ။ ခေါင်းလိမ်းရန် ခြေထောက်လိမ်းရန်သာအပ်တော့သည်။ခေါင်းလိမ်းဆီ၊ ခြေထောက်လိမ်းဆီအဖြစ် အသုံးပြုလျှင်ကား ခုနစ်ရက်ကို လွန်သော်လည်း အာပတ်မသင့်ချေ။

## လူအသား လူအဆီ မအပ်

မံသေသုဟိ ဒသ မနုဿ ဟတ္ထိ အဿ သုနခ အဟိ သီဟ
ဗျဂ္ဃ ဒီပိ အစ္ဆ တရစ္ဆာနံ မံသာနိ အကပ္ပိယာနိ။ ၀သာသု
ဧကာ မနုဿ၀သာ၀။ ခီရာဒီသု အကပ္ပိယံနာမ နတ္ထိ။
(ပါ-အဋ္ဌကထာ-ဒု-၂၉၂)။

**အဓိပ္ပာယ်။** ။ရဟန်းတို့ မစားကောင်းသော-

| | |
|---|---|
| ၁။ လူသား။ | ၆။ ခြင်္သေ့သား၊ |
| ၂။ ဆင်သား။ | ၇။ ကျားသား။ |
| ၃။ မြင်းသား။ | ၈။ သစ်သား။ |
| ၄။ ခွေးသား။ | ၉၊ ဝံသား။ |
| ၅။ မြွေသား။ | ၁၀။ အောင်းသား- |

ဟူသောအသားကြီး ၁၀-မျိုးတို့တွင် လူဆီကားမအပ်ချေ။ (လူကား အသားလည်းမအပ်၊အဆီလည်းမအပ်)။

နို့ရည်ကား မအပ်သော နို့ရည်ဟူ၍မရှိပါ။ နံနက်အချိန်တွင် အကပ်ခံ၍ ဘုဉ်းပေးကောင်း၊သောက်ကောင်းသည်။ ယာဝကာလိက ဝတ္ထုတည်း။

**(ဆောင်ပုဒ်)။** **၁။လူ, ခွေး, မြင်း, ဆင်၊သစ်, ကျား, ခြင်၊ ဝံလျှင် အောင်း မြွေမျိုး။**

**၂။ ရှိုး,ရေ, သား, သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ မှတ်ပါ ဤဆယ်မျိုး။**

(ကျားရေ-စသည်တို့ကို သေနာသန အသုံးဆောင်ဖြင့် သုံးဆောင်ပါ။)

**ဝက်သားကို ကိုယ်တိုင်ဆီမထုတ်ကောင်း**

သစေ ပန ဝသံ ပဋိဂ္ဂဟေတွာ သယံ ကရောတိ။ပုရေဘတ္တံ
ပဋိဂ္ဂဟေတွာ ပစိတွာ ပရိဿာဝေတွာ သတ္တာဟံ နိရာမိသ
ပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗံ။ (ပါ-အဋ္ဌကထာ-ဒု-၂၉၂)။

**အဓိပ္ပာယ်။** ။ဝက်သားအဆီခဲကို နံနက်အချိန်တွင် အကပ်ခံ၍ ကိုယ်တိုင် ဆီထုတ်ခဲ့သော် သေချာစွာစစ်ပြီး တစုံတခုသော အာမိသနှင့် မရောပဲ ဆီသက်သက် ခုနစ်ရက်အတွင်း အသုံး ပြုကောင်း သည်။ လက်ဖက်-ထမင်း-ဟင်း စသော အာမိသနှင့်ရောပြီး မသုံးဆောင် ကောင်းချေ။ ခုနစ်ရက်ကိုကျော်လျှင် ဆီသက်သက်ပင် အသုံးမပြုကောင်း။

ညနေအချိန် အကပ်ခံပြီးချက်ပါမူကား မည်သည့်နည်းနှင့်မျှ အသုံး ပြုခွင့် မရချေ။

**ထေရဝါဒများ**

ဥပတိဿ မထေရ်ကို အန္တေဝါသိက တပည့်များက ဝိုင်းပြီး လျှောက် **ထား** ကြသည်မှာ—

''အရှင်ဘုရား ထောပတ်၊ ဆီဦး၊ အဆီခဲတို့ကို တပေါင်းတည်း ကြိုချက်၍ရသောဆီသည် အပ်ပါမည်လား၊မအပ်ဖူးလား''ဟု လျှောက်ထား သောအခါ—

''မအပ်ဖူး-ငါ့အရှင်တို့''ဟု အဖြေပေးလေသည်။ (ဥပတိဿမထေရ်သည် ဆီချက်၌ အဖတ်ပါသည်-ဟု ယူသည်။)

အနေ္တဝါသိကတပည့်များက ထပ်ပြီးလျှောက်ထားကြပြန်သည်မှာ–

"ဒါဖြင့်လျှင် ဆီဦး၌ နှမ်း၊ တင်လဲ၊ ရက်တက်ရည်များ ပါနေပါသည်၊ ထိုအရည်များကော အပ်ပါမည်လော"–ဟု လျှောက်ထားပြန်သောအခါ–

"အဲဒီ အရည်များလည်း မအပ်ဖူးပါရှင်တို့"ဟု ပြတ်သားစွာ အဖြေပေးလိုက်ပြန်သည်။

ထိုအခါ တပည့်များက ဆက်လက်၍(တတိယအကြိမ်)လျှောက်ထားပြန်သည်မှာ–

"အရှင်ဘုရား–ဖော်ပြပါ သုံးမျိုးကို ရောစပ်၍ချက်ထားသောဆီသည် အာနိသင် အလွန်ပင်ထက်မြက်လှပါသည်။ ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်ပါသည်"ဟု လျှောက်ထားသောအခါ–

"ကောင်း၏ငါ့ရှင်"ဟု ဥပတိဿ မထေရ်က ဝန်ခံလေပြီ။ (ဂိလာနရဟန်းများအတွက် ရည်ရွယ်၍ ဝန်ခံခြင်းဖြစ်သည်။

## ဝိနည်းဓိုရ် ထိပ်သီးကြီး ၂–ပါး

**မဟာသုမထေရ် ဝါဒ၊** ။သီဟိုဠ် သာသနာဝင်၌ အလွန် ထင် ရှားသော ဝိနည်းဓိုရ်နှစ်ပါးရှိသည်။ ၎င်းတို့ကား မဟာသုမထေရ်နှင့် မဟာပဒုမထေရ်တို့ဖြစ်ကြသည်။ ထိုတွင်မဟာသုမထေရ်ကား "ကပ္ပိယ အသားမှ ဖြစ်သော ဆီကြည်သည်ကား အာမိသနှင့်ရော၍ သုံးဆောင်သော်လည်း အပ်သည်၊သူ့ချည်းသက်သက် နံနက်အခါသုံးဆောင်ကောင်း" ဟု မိန့်၏။

**မဟာပဒုမထေရ်ဝါဒ၊** ။ဝိနည်းဓိုရ် ထိပ်သီးဖြစ်သော မဟာပဒုမထေရ်သည်ကား အမြစ်ငါးမျိုးဖြင့် ဖော်စပ်ထားသော ယာဂုကို ပုံစံပြု၍–

"ထိုသုံးမျိုးရောစပ်၍ ချက်ထားသောဆီသည်အပ်၏--ဟု"

သံသယကင်းစွာ အဖြေပေးလိုက်၏။ (မံဆီ–ဝက်ဆီ၊ သည်တို့ ထည့်၍ အမြစ်ငါးမျိုးတို့နှင့် ကြိုချက်ထားသော ယာဂုသည် အလွန် အာနိသင် ထက်သည်၊ ရောဂါအမျိုးမျိုးကို ပျောက်စေနိုင်သည်။ အထူးအားဖြင့် လေရောဂါကိုနိုင်သည်၊) (ပါ–အဋ္ဌကထာ–၂ ၂၉၃)။

**၄။ ပျားရည်။** ။မဓုနာမ မက္ခိကာမဓုတိ မဓုကရီ ဟိ နာမ မဓုမက္ခိကာ ဟိ ခုဒ္ဒက မက္ခိကာ ဟိ ဘမရမက္ခိကာ ဟီ စ ကတံ မဓု။

တံ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ ပုရေဘတ္တံ သာမိသပရိဘောဂမ္ပိ ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိရာမိသ ပရိဘောဂမေဝ ဝဋ္ဋတိ။ (ပါ-အဋ္ဌကထာ-ဒု-၂၉၃)။

**အဓိပ္ပာယ်၊** ။ပျားရည်ကို ပျားကြီး-ပျားကလေးနှင့်ပျားပိတုံးတို့က ပြုလုပ်ကြသည်။ (လှည်းဘီးပမာဏ အိမ်ပမာဏ ရှိသော ပျားအုံကို လုပ်နိုင်သော အောက်ပျားမျိုးကို ပျားကြီးခေါ်သည်။ ယင်ပျားကို ပျားကလေးခေါ်သည်)။

ထိုပျားရည်ကို နံနက်အချိန် အကပ်ခံလျှင် မွန်းမလွဲမီ အာမိသနှင့် ရော၍ သုံးဆောင်ကောင်းသည်။ ထိုနေ့ည မွန်းလွဲအချိန်မှစ၍ အာမိသမပါပဲ ခုနစ်ရက်အတွင်း စားသုံးနိုင်သည်။ ခုနစ်ရက်ကိုကျော်လျှင် မသုံးဆောင်ကောင်း၊ အကပ်ပျက်ပြီး ပျားရည်ကို ထုံကျင်ကိုက်ခဲနာများ၌ အသုံးပြုနိုင်သည်-ဟု အဋ္ဌကထာ၌ မိန့်၏။

အကောင်မပါသော ပျားချိုး (ပျားဖရောင်း)ကား ယာဝဇီဝက ဖြစ်သည်။ (ပါ-ဒု-အဋ္ဌကထာ-၅၉၄)။

**အမှာ။** ။ကာလိက လေးမျိုးအဓိပ္ပာယ်ကို ဝိကာလဘောဇန သိက္ခာပုဒ်၌ ရှုပါကုန်။

**၅။ တင်လဲ။** ။ဖာဏိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တန္တိ ဥစ္ဆုရသံ ဥပါဒါယ အပက္ကာဝါ အဝတ္ထုကပက္ကာဝါ သဗ္ဗာပိ အဝတ္ထုကာ ဥစ္ဆုဝိကတိ ''ဖာဏိတ'' န္တိ ဝေဒိတဗ္ဗာ။ တံ ဖာဏိတံ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ ပုရေဘတ္တံ သာမိသမ္ပိ ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိရာမိသမေဝ ဝဋ္ဋတိ။ သတ္တာဟာ တိက္ကမေ ဝတ္ထုဂဏနာယ နိဿဂ္ဂိယံ။(ပါ-ဒု-အဋ္ဌကထာ-၂၉၄)

**အဓိပ္ပာယ်။** ။ကြံဖတ်မပါသော ကြံရည်သက်သက်သည် တင်လဲ မည်၏။ ထိုကြံရည်ကို အကပ်ခံသောနေ့ နံနက် အချိန်၌သာလျှင် အာမိသနှင့်ရော၍ သုံးဆောင်ကောင်း၏။ ညနေအချိန်၌ကား အာမိသမပါပဲ သုံးရသည်။ ခုနစ်ရက်ကျော်သော် မသုံးဆောင်ကောင်းပါ။

## မွန်းလွဲ ညနေအချိန် ထန်းလျက် မစားကောင်း

ပါဠိယံ ဟိ "အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကံ" န္တိ ဝဒန္တေန အဂိလာနေန ပရိဘုဉ္ဇိတုံ အယုတ္တောပိ ဂုဠော ဥဒကသမ္ဘိန္နော အဂိလာနဿပိ ဝဋ္ဋတိ တိ အနုညာတော။ (သာရတ္ထ-ဒု-၄၃၂-၃)။

**အဓိပ္ပာယ်**။ ။ပါဠိတော်၌ ထန်းလျက်ခဲသည် ဂိလာနမှာအပ်သည်။ ထန်းရေချိုကား အဂိလာနမှာလည်း အပ်သည်- ဟု မိန့်ဆိုခြင်းကြောင့် ထန်းလျက်ခဲကို ညနေအချိန် ကိုက်၍မစားကောင်း၊ အကယ်၍ စားလိုခဲ့သော် ထောင်းထု၍ ရေနှင့်ရောပြီးသောက်ရမည်-ဟု မိန့်၏။

## တင်လဲမစားကောင်း

"ဈာမ ဥစ္ဆုဖာဏိတံဝါ ကောဋ္ဋိတ ဥစ္ဆုဖာဏိတံဝါ ပုရေဘတ္တမေဝ ဝဋ္ဋတီ"တိ မဟာအဋ္ဌကထာယံ ဝုတ္တံ။ (ပါ-အဋ္ဌကထာ-ဒု-၃၉၂)။

**အဓိပ္ပာယ်**။ ။မီးဖုတ်ကြံမှထွက်သော တင်လဲသည်လည်းကောင်း၊ စက်ကြိတ်ကြံမှထွက်သော တင်လဲသည်လည်းကောင်း နံနက်အချိန်မှာသာ အပ်သည်။ ညနေ မွန်းလွဲအချိန်၌ မအပ်ချေ။ (မဟာအဋ္ဌကထာ ဝါဒတည်း။)

## မဟာပစ္စရီ အဋ္ဌကထာနှင့် အရှင်ဗုဒ္ဓဃောသအယူ

မဟာပစ္စရိယံ ပန "တေ သဝတ္ထုကပက္ကံ ဝဋ္ဋတိ၊ နောဝဋ္ဋတီ" တိ ပုစ္ဆံကတွာ ဥစ္ဆုဖာဏိတံ ပစ္ဆာဘတ္တံ နောဝဋ္ဋနကံ နာမနတ္ထိ" တိ ဝုတ္တံ။ တံယုတ္တံ၊ (ပါ-အဋ္ဌကထာ-ဒု-၂၉၃-၄)။

**အဓိပ္ပာယ်**။ ။အဖတ်ပါရှိသော ကြံမှထွက်သော တင်လဲသည် ညနေအချိန်၌ မအပ်သည်မည်သည် "မရှိ"-ဟု မဟာပစ္စရီ အဋ္ဌကထာ မိန့်၏။ ထိုဝါဒကို အရှင်ဗုဒ္ဓဃောသဆရာ နှစ်သက်သည်။

## တင်လဲနှစ်မျိုး

ဖာဏိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ မဓုက [illegible]
ဖာဏိတာဒိတော ဒုက္ကဋဝတ္ထုတော နိဿဂ္ဂိယဝတ္ထု ဖာဏိ

တဿ ဝိသေသဝစနံ၊ တေနေတံ ပညာယတိ "နိဿဂ္ဂိယ
ဝတ္ထုဘူတံ ကဏ္ဍမ ဖာဏိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တမေဝ၊ န မဓု
ကာဒိတော နိဗ္ဗတ္တ" န္တိ။ (ဝဇီရဗုဒ္ဓိဋီကာ-၂၇၀)။

**အဓိပ္ပာယ်**။ ။ဖာဏိတမည်သော တင်လဲသည်ကား–

(၁) ပျားရည်၊ ထန်းရည်၊ အုန်းရည် စသည်တို့မှ ထွက်သော တင်လဲတမျိုး။

(၂) ကြံမှထွက်သော တင်လဲတမျိုး–ဟု ၂-မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် ပထမမျိုးကား ဒုက္ကဋ်ဝတ္ထု ဖြစ်၏။ ဒုတိယမျိုးကား နိဿဂ္ဂိစတ္ထု ဖြစ်သည်။

## တင်လဲနှင့် ကြံရည် မတူ

ဇွော့ဝတာ ယံကိဉ္စိ ဥစ္ဆုမှာ နိဗ္ဗတ္တံ၊ န တံ သဗ္ဗံ ဖာဏိတ
မေဝ နာမာတိ သာဓိတံ ဟောတိ။ တေနေဝ ခန္ဒကေ
ဖာဏိတံ ပထမံ အနုဇာနိတွာ ပစ္ဆာ ဥစ္ဆုရသော
အနုညာတော၊ တထာ တတ္တောဝဂုဠံ၊ ဂုဠောဒကန္တိ။
(ဝဇီရဗုဒ္ဓိဋီကာ-၂၇၀)။

**အဓိပ္ပာယ်**။ ။ကြံမှထွက်သမျှ ပစ္စည်းအားလုံးသည် ဖာဏိတ မမည်။ **အဖတ်**ပါသော ကြံရည်သည် ဖာဏိတ(တင်လဲ) မည်၏။ ၎င်းသည် ညနေအချိန်၌ မအပ်။ အဖတ်မပါသော ကြံရည်သည် ဖာဏိတ မမည်။ ကြံရည်ဟူ၍ပင် ဆိုရသည်။ ၎င်းကား ညနေအချိန် အပ်သည်။ ထို့ကြောင့် မဟာဝါ၌လည်း ဖာဏိတမည်သော တင်လဲကိုရှေးဦးစွာ ခွင့်ပြုသည်။ နောက်မှ ကြံရည်ကိုသီးခြား ခွင့်ပြုသည်။

ထို့အတူ ထန်းလျက်ခဲကို ရှေးဦးစွာ ခွင့်ပြုသည်။ နောက်မှ ထန်းရည်ချိုကို ခွင့်ပြုသည်။

ထန်းလျက်ခဲကား ဖာဏိတ တင်လဲ အမည်ရသဖြင့် ညနေ အချိန် မအပ်။ စားလိုလျှင်ကား ထုထောင်ပြီး ရေနှင့်ရော၍စားရသည်။ ထန်းရည်ချိုကား ညနေအချိန်အပ်သည်။ ဤကား မဟာအဋ္ဌကထာ အလိုတည်း။

မဟာပစ္စရိအဋ္ဌကထာ၌လည်း ကြံကြိတ်သောအခါ ပါလာသော အဖတ်သည် မပြောပလောက်သောကြောင့် ကြံတင်လဲသည် ညနေချမ်း

အချိန်ပင် အပ်သည်-ဟု မိန့်၏။ (ထိုအကြောင်းကို နောက်ကရေးခဲ့ပြီး ဖြစ်သည်။)

## သီးခြားခွင့်ပြုချက် ခုနစ်မျိုး

သတ္တဝိဓံ ဟိ ဩဒိဿံနာမ ဗျာဓိဩဒိဿံ၊ ပုဂ္ဂလောဒိဿံ
ကာလောဒိဿံ၊ သမယောဒိဿံ၊ ဒေသောဒိဿံ၊ ဝသောဒိဿံ၊
ဘောဇနောဒိဿန္တိ။ (ပါ-အဋ္ဌကထာ-ဒု-၂၉၅)။

**အဓိပ္ပာယ်။** ။မြတ်စွာဘုရား သာသနာတော်၌ သီးခြားခွင့်ပြုချက် ၇-မျိုး ရှိသည်။

ပင်းတို့ကား—

၁။ **ဗျာဓိဩဒိဿ**—ရောဂါအတွက် အသားစိမ်း၊ သွေးစိမ်းကိုခွင့်ပြုခြင်း။ (၎င်းကား အစိမ်း သားရဲ ဝင်ပူးသော ရဟန်းအား အသားစိမ်း၊ အသွေးစိမ်းများ အကပ်မခံပဲ စားနိုင်သည်-ဟု ခွင့်ပြုခြင်းဖြစ်သည်။ အချိန် အခါ မရွေး အပ်သည်။မအပ်သည်စဉ်းစားဖို့မလို၊ပြုလုပ်နိုင်သည်)

၂။ **ပုဂ္ဂလောဒိဿ**—စာမြုံပြန်သော ရဟန်းအား ခွင့်ပြုခြင်း။ ၎င်းကား- ရဟန်း များသည် ခံတွင်း ပြင်ဖက် ရောက်ပြီးသော အစာကို ပြန်ပြီးမစားကောင်းချေ။ စာမြုံ့ပြန်သော ရဟန်းအားကား စားစေ-ဟု သီးခြား ခွင့်ပြု ထားသည်။ အခြားရဟန်းများကား မစားကောင်း)။

၃။ **ကာလောဒိဿ**—မြွေကိုက်သောအခါ၌ ခွင့်ပြုခြင်း။ (မစင်၊ ကျင်ငယ်၊ ပြာ၊ မြေညက်-ဟူသော ဆေးကြီး လေးမျိုးကို မြွေကိုက်သော အခါ၌ အကပ်မခံပဲ စားနိုင်သည်-ဟု ခွင့်ပြုထားသည်။)

၄။ **သမယောဒိဿ**—ကထိန်အာနိသင်ရသောအခါ၌ခွင့်ပြုခြင်း။ (ကထိန် အာနိသင် ရသောအခါ၌ ဂဏဘောဇဉ်ကို စားကောင်းသည်။ထိုပါးသောအခါ၌ မစားကောင်း-ဟု သီးခြားခွင့်ပြုခြင်းတည်း။)

**၅။ ဓေသောဒိဿ**—ပစ္စန္တရာဇ် အရပ်၌ ဝိနည်းကံကို သီးခြားခွင့်ပြုခြင်း၊
(ပစ္စန္တရာဇ် အရပ်၌ ရဟန်း-၅-ပါး ရှိလျှင် ရဟန်းခံကောင်းသည်-ဟု သီးခြား ခွင့်ပြုခြင်းတည်း။)

**၆။ ဝသောဒိဿ**—အဆီကို ခွင့်ပြုခြင်း (လူ့အဆီမှတပါး ကျန်ကပ္ပိယဆီများကို ဆီမရှိလျှင် မဖြစ်သောရဟန်းအား ဆီအမှတ်ဖြင့် သုံးဆောင်ရန် ခွင့်ပြုခြင်းဖြစ်သည်။)

**၇။ ဘေသဇ္ဇောဒိဿ**—ဆေးအဖြစ်,ခွင့်ပြုခြင်း ယခင်ဆိုခဲ့သော ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊တင်လဲ-ဟူသော ပစ္စည်း ၅-မျိုးကို ဆေးအမည်ဖြင့် သီးခြားခွင့်ပြုထားသည်။ နေထိုင်မကောင်းလျှင် အကပ်ခံသောနေ့နံနက်၌ အလိုရှိသလို စားနိုင်သည်။ ညနေ မွန်းလွဲ အချိန်မှ စ၍ နေထိုင်မကောင်းမှသာလျှင် စားကောင်းသည်။)

**"ဋ္ဌိကာလာ အာစရိယ ဝါဒ"**

ပဏ္ဍာဘတ္တတော ပဋ္ဌာယ သတိ ပစ္စယေတိ ဝုတ္တတ္တာ ပဋိဂ္ဂဟိတ ဘေသဇ္ဇာနိ ဒုတိယဒိဝသတော ပဋ္ဌာယ ပုရေဘတ္တမ္ပိ သတိ ဇစ္စယေ ပရိဘုဉ္ဇိတဗ္ဗာနိ၊ န အာဟာရတ္ထံ၊ ဘေသဇ္ဇတ္ထာယ ပဋိဂ္ဂဟိတတ္တာတ် ဝဒန္တိ။(သာရတ္ထ-ဒု-၄၃၄)

**အဓိပ္ပာယ်ကား။** ။အဋ္ဌကထာ၌ "ပဏ္ဍာဘတ္တတော ပဋ္ဌာယ သတိ ပစ္စယေ" ဟု ဆိုခြင်းကြောင့် ယခင် ဆေးပစ္စည်းများသည် အကပ်ခံပြီး နှစ်ရက် မြောက်သောနေ့မှ စ၍ ဂိလာနဖြစ်မှ သာလျှင် အပ်သည်။ အာဟာရအတွက် ခွင့်ပြုခဲ့သည်မဟုတ်၊ ဆေးပစ္စည်း အနေနဲ့ ခွင့်ပြုခဲ့ခြင်းဖြစ်သောကြောင့် ဂိလာန မဟုတ်ခဲ့သော် ညနေအချိန်မှအပ်။မစားကောင်းချေ။ (ငါတို့ကျေးဇူးရှင် ဆရာတော် ဘုရားကြီးကား ညနေအချိန်၌ ထန်းလျက်ခဲ၊ ကြံသကာခဲများကို လုံးဝ မဘုဉ်းပေး။ ကြံရည်, ပျားရည်, ထန်းရည်ချိုများကို ရေနှင့်ရောပြီးဘုဉ်းပေးသည်ကို မြင်ဖူးသည်။)

(ဆောင်ပုဒ်) ၁။ ဗျာ—ပုဂ္ဂိ—ကာ—သ—၊ဓေ—ဝ—သ—၊မှတ်ကြဉ္ဇောသ်ဋ္ဌာ။
၂။ သီးခြားခွင့်ပြု၊သမိုင်းရှု၊မှတ်ပြုမြတ်ဆရာ။

## စားသောက်ဖွယ်၌ အထူးသတိပြုရန်

အကပ်မခံရသေးသော ဆွမ်း-ပုဂံ-သပိတ် စသည်ကို ကိုင်ရုံ လက်ဖြင့် ထိမိရုံပြုအံ့။ ထိုရဟန်းအား ဒုရူပစိဏ္ဏဒုက္ကဋ် အာပတ်သင့်သည်။ ထိမိ၊ ကိုင်မိသော ပစ္စည်းဟူသမျှသည် ထိုရဟန်းအား မအပ်တော့ချေ။ အခြား ရဟန်းများ အပ်သေးသည်။

တည်ရာဌာနမှ ရွေ့သွားအောင် ကိုင်မိလျှင် ရွေ့မိလျှင်-ထိုကိုင်မိ ရွေ့မိသော ရဟန်းအား ဥဂ္ဂဟိတကဒုက္ကဋ် အာပတ်သင့်သည်။ ထိုဝတ္ထုမှာ အကပ်ပျက်သွားပြီဖြစ်သောကြောင့် ရဟန်းအားလုံးမှာ မအပ်တော့ပြီ။

## ဝိနည်းကို အလေးပြုသော ဆွမ်းစားကျောင်း ဘုန်းကြီး

ပုလဲကျောင်း ဒကာကြီးလှူသော ဆီပုံးကို အလုပ်အကျွေး ပဥ္စင်းငယ် ဦးစန္ဒရက နေရာမှ ရွေ့လိုက်သဖြင့် ထိုဆီပုံးကို ဆွမ်းစားကျောင်း ဘုန်းကြီး ဦးဥတ္တမက သံဃာအသွက် အသုံးမပြုတော့ချေ။ ထိုပြင် ဝိနည်း လေးစားပုံ မရသော ဘောကျောင်း ဘုန်းကြီးများက လာလှူသော ဆီပုံးများကိုလည်း အသုံးမပြုချေ။ နည်းယူဖွယ်ကောင်းပေစွတကား။

(**ဆောင်ပုဒ်**) ၁။ **မရွေ့ဌာန၊ ကိုင်ရုံမျှ၊ ဒုရူပစိဏ္ဏ။**
**၂။ တည်ရာဌာန၊ ရွေ့စေက၊ ဥဂ္ဂဟိတကာ။**

## နှစ်ပါးဆိုင်မပျက် ပစ္စည်းထိန်းသိမ်းနည်း

ဝိဿဇ္ဇေတီတိ ထွေ့ သခေ ဒွိန္နံ သန္တကံ ဧကေန ပဋိဂ္ဂဟိတံ
အဝိဘတ္တံ ဟောတိ၊ သတ္တာ ဟာတိက္ကမေ ဒွိန္နမ္ပိ အနာပတ္တိ၊
ပရိဘုဉ္ဇိတုံ ပန နဝဋ္ဋတိ၊ (ပါ-အဋ္ဌကထာ-ဒု-၂၉၆)။
ပရိဘုဉ္ဇိတုံ ပန န ဝဋ္ဋတီတိ ဝိဿ သာဘာဝံ သန္ဓာယဝုတ္တံ၊
သစေ သဝိဿာသော၊ ဝဋ္ဋတီတိ "ပရိဘုဥ္ဇတွ"န္တိ တွော်ဝတာ
ဝိဿဇ္ဇိတံ ဟောတိ၊ တသ္မာ ဥဘိန္နံ အနာပတ္တီတိ သမ္ဗန္ဓော။
(ဝဇိရဗုဒ္ဓိ-၂၇၂)၊

**အဓိပ္ပာယ်။** ။ကိုယ်ပိုင် သူပိုင် မခွဲခြမ်း ရသေးသော နှစ်ပါးဆိုင် မပျက် ပစ္စည်းကို တပါးက အကပ်ခံထားခဲ့သော် ခုနစ်ရက် လွန်သော်လည်း နှစ်ပါးပုံး အာပတ်မသင့်ချေ။ သို့သော် မသုံးကောင်းချေ။ (အဋ္ဌကထာစကား)။

"မသုံးဆောင်ကောင်းဖူး"ဟူသော အဋ္ဌကထာစကားသည်တပါးနှင့် တပါး ချစ်ကြွမ်းမှု မရှိခြင်းကြောင့်ဆိုခြင်းဖြစ်သည်။

အကယ်၍ တပါးနှင့် တပါး ချစ်ကြွမ်း ဝင်ခဲ့သော် သုံးဆောင် ကောင်းပေသည်။ ထိုကြောင့် "သင်သုံးဆောင်ပါ"ဆိုလိုက်လျှင်ပင် စွန့်ခြင်း ကိစ္စပြီးသောကြောင့် နှစ်ပါးလုံးပင် အာပတ်မသင့်ချေ။ (ဋီကာစကား)

## နှစ်ပါးဆိုင် သက်နီး၌ မှတ်ဖွယ်

သစေ န ဝိဿဇ္ဇိတံ၊ အာပတ္တိ ဟောတီတိ သိဒ္ဓံ၊တသ္မာ ဥဘိန္နံ သန္တကံ စီဝရံ အညတရေန သမ္မုခီဘူတေန အဓိဋ္ဌာ တဗ္ဗံ။နော စေ အဓိဋ္ဌာတိ နိဿဂ္ဂိယံ ဟောတီတိပိ ယုဇ္ဇတိ။ (ဝဇီရ-၂၇၂)

**အဓိပ္ပာယ်**....အခြားသူအား စွန့်ခဲ့သော် နှစ်ပါးလုံးပင် အာပတ်မသင့်-ဟု ဆိုသဖြင့် "မစွန့်ဖူး" ဆိုလျှင် အာပတ် သင့်၏-ဟူသော အဓိပ္ပာယ်ရောက်ပေသည်။ ထို့ကြောင့် နှစ်ပါးဆိုင် သက်န်းကို မျက်မှောက် ဖြစ်သော ရဟန်းက အဓိဋ္ဌာန်တင်ရမည်။ အဓိဋ္ဌာန် မတင်ခဲ့သော် နိဿဂ္ဂိ အာပတ်သင့်သည်-ဟူသော အဓိပ္ပာယ်လည်း အလွန်ပင်သင့်မြတ်လှပေသည်။

## နှစ်ပါးဆိုင်ဆီ၌ ပြဿနာတမျိုး

သစေ ယေန ပဋိဂ္ဂဟိတံ၊ သော ဣတရံ ဘဏတိ "အာဝုသော ဣမံ တေလံ သတ္တာဟ မတ္တံ ပရိဘုဉ္ဇတွ"န္တိ သော စ ပရိဘောဂံ န ကရောတိ၊ ကဿ အာပတ္တိ။ န ကဿစိပိ အာပတ္တိ။ကသ္မာ ယေန ပဋိဂ္ဂဟိတံ၊ တေနဝိဿဇ္ဇိ တတ္တာ, ဣတရဿ အပ္ပဋိဂ္ဂဟိတတ္တာ။ (အဋ္ဌကထာ-ဒု-၂၉၆-၇)။

**အဓိပ္ပာယ်** ...ရဟန်း တပါးက ဆီကို အကပ် ခံထားသည်။ ထိုရဟန်းက အခြား ရဟန်းအား-

"ငါ့ရှင် ဤဆီကို ခုနစ်ရက်အတွင်းအသုံးပြုပါ။ အကပ်ခံပြီး ဖြစ်နေ ပါသည်"ဟုပြောဆိုသည်။

နောက် ရဟန်းကလည်း ထိုဆီကို လုံးဝ အသုံးမပြုချေ။ စွန့်ခြင်း ဝိနည်းကံမပြုပဲ ခုနစ်ရက် လွန်သွားသောအခါ ဘယ်ရဟန်းအား အာပတ် သင့်ပါသနည်း''ဟု ပုစ္ဆာထုတ်လေသည်။

အဖြေကား-ရှင်းရှင်း ပါပဲ၊ ဘယ်ရဟန်းမှ အာပတ် မသင့်ပါ။ အကြောင်းကား အကပ်ခံသော ရဟန်းကလည်း စွန့်ပြီးဖြစ်နေခြင်း၊ အခြား ရဟန်းကလည်း အကပ်မခံခြင်းကြောင့်တည်း။

ဘေသဇ္ဇ သိက္ခာပုဒ်၌ မှတ်ဖွယ်ပြီး၏။

---

## သုဒ္ဓပါစိတ်–မုသာဝါဒ သိက္ခာပုဒ်၌ မှတ်ဖွယ်
## မုသာဝါဒ အဓိပ္ပာယ်

ဘဏ္ဍနုဒ္ဒေသ ဣဓ အဘူတဿ ဝါ ဘူတတံ ဘူတဿ ဝါ အဘူတတံ ကတ္ဝာ ကာယေန ဝါ ဝါစာယ ဝါ ဝိညာ ပန ပယောဂေါ။ (ပါစိတ်သာရတ္ထ ဋီကာ-၁)။

**အဓိပ္ပာယ်**....မဟုတ်သည်ကို အဟုတ်လုပ်၍ ကိုယ်နှုတ်နှစ်ပါးဖြင့်သိစေခြင်း (ပြောခြင်း) သည်လည်းကောင်း၊ ဟုတ်ပါလျက် မဟုတ်လုပ်၍ ကိုယ်နှုတ် နှစ်ပါးဖြင့် သိစေခြင်း (ပြောခြင်း) သည်လည်းကောင်း မုသာ ဝါဒမည်၏(ဋီကာအနက်လွယ်ပြီ)။

### မုသာဝါဒကြောင့်သင့်သော အာပတ် ၈–မျိုး

ဥတ္တရိမနုဿ ဓမ္မာရောစနတ္ထံ မုသာ ဘဏန္တဿ ပါရာဇိကံ။ အမူလကေန ပါရာဇိကေန အနုဒ္ဓံသနတ္ထံ သံဃာဒိသေသော၊ သံဃာဒိသေသေန အနုဒ္ဓံသနတ္ထံ ပါစိတ္တိယံ၊ အာစာရ ဝိပတ္တိယာ အနုဒ္ဓံသနတ္ထံ ဒုက္ကဋံ၊ ''ယော တေ ဝိဟာရေ ဝသတိ'' တိ အာဒိနာ ပရိယာယေန ဥတ္တရိ မနုဿဓမ္မာ ရောစနတ္ထံ ပဋိဝိဇာနန္တဿ မုသာ ဘဏိတေ ထုလ္လစ္စယံ၊ အပဋိဝိဇာနန္တဿ ဒုက္ကဋံ၊ ကေဝလံ မုသာ ဘဏန္တဿ ဣဓ ပါစိတ္တိယံ။ (ကင်္ခါ အဋ္ဌကထာ-၁၉၀)။

ဣဓ ဒိန္နံ အာပတ္တိ ဘေဒဿနတ္ထံ ဥတ္တရိ မနုဿဓမ္မာ ရောစနတ္ထာဒိ အာဒိတ္တာ။ (ကင်္ခါဋီကာသစ်-၃၄၆)။

**အဓိပ္ပာယ်။** ။၁။ ဥတ္တရိမနုဿဓမ္မကို မဟုတ်မမှန်ပြောဆိုလျှင် ပါရာဇိက အာပတ်သင့်သည်။
၂။ အကြောင်းမရှိပဲ ပါရာဇိက အာပတ်ဖြင့် မဟုတ်မမှန် စွပ်စွဲပြောဆိုလျှင် သံဃာဒိသိသ် အာပတ်သင့်သည်။
၃။ အကြောင်းမရှိပဲ သံဃာဒိသိဘ်ဖြင့် မဟုတ်မမှန် စွပ်စွဲပြောဆိုလျှင် ပါစိတ်အာပတ် သင့်သည်။
၄။ အာစာရဝိပ္ပတ္တိဖြင့် မဟုတ်မမှန် စွပ်စွဲပြောဆိုလျှင် ဒုက္ကဋ် အာပတ်သင့်သည်။
၅။ ပရိယာယ်ဖြင့် ဥတ္တရိမနုဿဓမ္မ ပြောဆိုလျှင် နားထောင်သူသိခဲ့သော် ထုလ္လစ္စဥ်းအာပတ် သင့်သည်။
၆။ ပရိယာယ်ဖြင့် ဥတ္တရိမနုဿဓမ္မကို ပြောဆိုလျှင် နားထောင်သူမသိခဲ့သော် ဒုက္ကဋ်အာပတ် သင့်သည်။
၇။ ဆိုခဲ့ပြီး အကြောင်းများ မရှိပဲ သက်သက် မဟုတ်မမှန် ပြောခဲ့သော် (ဤမုသာဝါဒ သိက္ခာပုဒ်အရ) ပါစိတ် အာပတ် သင့်သည်။
၈။ ရှေးအဖို့၌ "လာခဲ့မည်၊ လုပ်ကိုင်ပေးပါမည်"-ဟု ဝန်ခံထားပြီးမှ အချိန်ကျရောက်သောအခါ မလာပဲ၊ မပြုလုပ်ပဲ နေခဲ့သော် ပဋိဿဝဒုက္ကဋ် အာပတ်သင့်သည်။
(ပါဠိတော်)။

**အမှာ။** ။သာရတ္ထ၊ ဝိမတိတို့၌လည်း ကခါအဌကထာပါဠိကို ကူးယူ၍ ဖွင့်ဆိုကြကုန်၏။

မုသာဝါဒသိက္ခာပုဒ် ပြီး၏။

---

## ဩမသဝါဒ သိက္ခာပုဒ်၌မှတ်ဖွယ် ယုတ်ယုတ်မာမာ ပြောဆိုခြင်း (၁၀) မျိုး

ဩမသ ဝါဒေါနာမ ဒသဟိ အာကာရေဟိ ဩမသတိ ဇာတိယာပိ၊ နာမေနပိ၊ ဂေါတ္တေနပိ၊ ကမ္မေနပိ၊ သိပ္ပေနပိ၊ အာဗာနေနပိ၊လိင်္ဂေနပိ၊ကိလေသေနပိ၊ အာပတ္တိယာပိ၊ အက္ကောသေနပိ။ (ပါစိတ်ပါဠိတော်-၈)။

ဩမသဝါဒေတိ ဩဝိဇ္ဇနဝစနေ ဇာတိနာမ, ဂေါတ္တ, ကမ္မ, သိပ္ပ, အာဗာဓ, လိင်္ဂ, ကိလေသ, အာပတ္တိ,အက္ကောသေသု ဘူတေန ဝါ အဘူတေန ဝါ ယေန ကေနစိ ပရိယာယေန အာပန္နံ ဝါ အာနာပန္နံ ဝါ ယံ ကိဉ္စိ ဘိက္ခုံ ယာယ ကာယစိ ဘာသာယဝါ ဟတ္ထမုဒ္ဒါယဝါ အနညာပဒေသေန အက္ကောသန ဝစနေ ပါစိတ္တိယန္တိ အတ္ထော။
(ကင်္ခါအဋ္ဌကထာ-၁၉၀-၁)။

အနက်လည်းလွယ်၏။ အဓိပ္ပာယ်လည်း မခက်။ သို့သော် နှုတ်ထွက်ကြမ်းတမ်းသူများ အထူးမှတ်ထားစေလိုသဖြင့် ရေးလိုက်သည်။

၎င်းကို ဆဲရေးခြင်း(၁၀)မျိုးဟူ၍လည်း ခေါ်သည်။

**(ဆောင်) ဇာတိ,နာမ, ဂေါတ္တ, ကမ္မ၊ သိပ္ပ အာဗာလိင်္ဂ။**
**ကိလေသာပတ္တိ အက္ကောသာ၊ ဒသဝိဓါဟိ ဩမသာ။**

၁။ ရဟန်းအားဆဲလျှင် ပါစိတ်အာပတ်သင့်သည်။
၂။ လူသာမဏေအားဆဲလျှင် ဒုက္ကဋ်သင့်သည်။
၃။ နောက်ပြောင် ရယ်မြူးလို၍ ရဟန်း၊လူသာမဏေအားဆဲလျှင် ဒုဗ္ဘာသီ အာပတ်သင့်သည်။

(ဤကား ပါဠိတော်နှင့်အဋ္ဌကထာလာ အဓိပ္ပာယ်များတည်း။)

## သူခိုးဟုဆဲလျှင် ဒုက္ကဋ်

စောရောသီတိ အာဒိနံ ပန ကေနစိ ပရိယာယေန ပါဠိယံ အနာဂတတ္တာ ဒုက္ကဋံ ဝုတ္တံ။ (သာရတ္ထ-တ-၄)။

**အဓိပ္ပာယ်....**''နင်သည်သူခိုး''ဟု ဆဲဆိုလျှင် ဒုက္ကဋ်သင့်၏၊ အကြောင်းကား ပရိယာယ်တမျိုးဖြင့် ဆဲခဲ့သော် အာပတ် မသင့်-ဟု ပဋ္ဌိတော်၌ ဘုရားသခင် ဟောထားချက် မရှိသောကြောင့်တည်း။ ဘယ်လိုနည်းဖြင့် ဆဲဆဲ အာပတ်သင့်သည်-ဟု ဆိုလိုသည်၊

## မျက်ကွယ်ဆဲလျှင် ဒုက္ကဋ် ဒုဗ္ဘာသီ

ပါဠိယံ အဝုတ္တေပိ ''ဇာတိအာဒိဟိ အက္ကောသဝတ္ထူဟိ ပရမ္မုခါ အက္ကောသန္တဿ ဝတ္ထူနံ အနညာဘာဝတော ပါသာ ဒုက္ကဋံ၊ ဘာသာ ဒဝကမျတာယ၊ ပရမ္မုခါ ဝဒန္တဿာပိ ဒုဗ္ဘာသိတမေဝ''တိ အာစရိယာဝဒန္တိ။ (သာရတ္ထ-တ-၄)

**အဓိပ္ပာယ်**....ပါဠိတော်၌ တိုက်ရိုက်ဟောထားခြင်း မရှိသော်လည်း ဇာတိ အင်္ကောသ စသည်ဖြင့် မျက်ကွယ် ဆဲသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်သကဲ့သို့ နောက်ပြောင် ရယ်မြူး လိုသော စိတ်ဖြင့် မျက်ကွယ်မှာ ပြောဆိုသော ရဟန်းအားလည်း ဒုဗ္ဘာသိ အာပတ် သင့်သည်။

## တိရစ္ဆာန်ဆဲလျှင်လည်း အာပတ်သင့်

သဗ္ဗသတ္တာတိ ဧတ္ထ ဝစနတ္ထ ဝိဇာနန ပကတိတာ တိရစ္ဆာန ဂတာပိ ဂဟေတဗ္ဗာ။(သာရတ္ထ-တ-၄)။

ဤသိက္ခာပုဒ်၌ သီတင်းသုံးဘော် ငါးဦးကို ချန်ထား၍ ကျန်သတ္တဝါ ဟို့သည် အနုပသမ္ပန္နပုဒ်အရ၌ စာရင်းဝင်ကြသည်။ထို့ကြောင့် ပြောဆိုသော စကား၏ အနက်အဓိပ္ပာယ်ကို နားလည်သော တိရစ္ဆာန်များကို ဆဲမ်လျှင် လည်း အာပတ်သင့်သည်-ဟု ဆိုလိုသည်။

ဩမသဝါဒ သိက္ခာပုဒ် ပြီး၏။

---

## ပေသုညသိက္ခာပုဒ်

၁။ ရဟန်းအချင်းချင်း ကွဲပြားအောင် ဂုံးတိုက်စကားပြောလျှင် ပါစိတ် အာပတ်သင့်သည်။

၂။ လူ သာမဏေအား ကွဲပြားအောင် ဂုံးတိုက် စကား ပြောဆိုလျှင် ဒုက္ကဋ် အာပတ်သင့်သည်-မှတ်။

## အနုပသမ္ပန္နချင်းထူးခြားချက်

ဌပေတွာ ဘိက္ခုနိံ အာဒိံကတွာ သဗ္ဗေ အနုပသမ္ပန္နာ နာမ။ (ပါစိတ် အဋ္ဌကထာ-၇)။

ရှေးဩဝါဒ သိက္ခာပုဒ်၌ သီတင်းသုံးဘော် ငါးယောက်ချန်၍ ကျန် ပုဂ္ဂိုလ်များသည် အနုပသမ္ပန္နမည်ကြသည်။

ဤပေသုညသိက္ခာပုဒ်၌ကား ဘိက္ခုနီမှစ၍ အားလုံးသည် အနုပသမ္ပန္န မည်သည်-ဟု ပြ၏။

အက္ခောသ ဝတ္ထုမဟုတ်သော စကားမျိုးကို အာစရိယဝါဒ ဖြစ်စေလိုသဖြင့် ပြောဆိုရာ၌ ပေသုညသိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်-ဟု မဆိုနိုင်ပါ။ သို့သော်လည်း လုံးလုံးအာပတ်မသင့်ဖူး-ဟူ၍ကား မဆိုကောင်းချေ။ အနည်းဆုံး ဒုက္ကဋ်အာပတ်တော့ ဖြစ်သင့်သေးသည်-ဟု ဆရာတို့ဆိုကြကုန်၏။ (ဋီကာလာ အာစရိယဝါဒတည်း။)

ပေသုညသိက္ခာပုဒ်ပြီး၏။

---

## ပဒသော ဓမ္မ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ "တပည့်သာမဏေနှင့် ပုဒ်ပြိုင်ရွတ်ဆိုခဲ့လျှင် ပါစိတ်အာပတ် သင့်သည်" ဟု ဆိုရာဝယ် ပါဠိတော်-အဋ္ဌကထာ ဋီကာ ပါဠ်ကို ကြည့်လျှင် အဓိပ္ပာယ်ပေါ်လွင်လုပေသည်။ သို့သော် အလွယ်တကူမှတ်နိုင်ရန်အတွက် အောက်ပါသံပေါက်များကို ဆောင်ထားကြပါကုန်။

**၁။ အချီအချ၊ တူပြိုင်မျှ၊ ပဒမည်သညာ၊**

**၂။ အသီးချီချ။ တူပြိုင်မျှ၊ ပဒအနုမှာ။**

**၃။ ရှုပံ, အနိစ္စ၊ သင်ရွတ်အံ့၊ ဆုံးတန်,ရှုမာ နစ္စရာ။**

**၄။ ရှုပံအနိစ္စ။ သင်အံသောခါ၊ ပညာလျှင်စွာ၊ ဝေဒနာ အနိစ္စာ၊ တူစွာရွတ်မှု၊အမှတ်ပြု၊ အနုဗျဉ္စနာ-**

**၅။ လေးပါးလုံးတွင်၊ရွတ်တိုင်းပင်၊ပဒပြိုင်သည်သာ။**

ဋီကာ၌ ဆရာခိုင်းသည့်အတိုင်း တပည့်ကမဆိုလျှင် အာပတ်မသင့်-ဟု ဆိုထားသေးသည်။

(**ဥပမာ**) ရူ-ဟု ဒီဃဖြင့် ဆိုရမည်ကို-ရု-ဟု ရဿဖြင့်ဆိုလျှင် အာပတ်မသင့်-ဟုဆိုလိုသည်။ အဋ္ဌကထာနှင့် ဋီကာ ယှဉ်တွဲပြီး ကြည့်ကြပါကုန်။

ပဒ-အနုပဒ-အန္ဝက္ခရ၊ အနုဗျဉ္စနတို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာကို ကြည့်ပါလေ့ယ်၏။

### မေ့၍သတိပေးရာ၌ အာပတ်မသင့်

"ကော ပါဒေါ န အာဂစ္ဆတီ"တိ ပုစ္ဆေ ပဂုဏော

ယေဝ ပဏ္ဍာ အသရန္တဿ န အာဂစ္ဆတိ၊ တံ "ဧဝံ ဝဒေဟီ"တိ

ကေတောဘဏန္တဿ အနာပတ္တိ။ (သာရတ္ထ-တ-၉)။

ရှေးအခါက ကျေညက်အောင်ရပြီးသောစာကို ရွတ်ဆိုမသာအခါ၌ မေ့နေသဖြင့် "ဒီလိုဆိုပါ" ဟု ပြောဆိုစဉ် တူပြိုင် ဖြစ်သွား၍-အာပတ်မသင့်-ဟု ဆိုလိုသည်။

## သဟသေယျ သိက္ခာပုဒ်များ၌ မှတ်ဖွယ်

၁။ လူ-သာမဏေတို့နှင့်လည်းကောင်း၊ မေထုန်လောက်သော ခွေး, ဝက်,ကြောင်-စသည့် တိရစ္ဆာန်တို့နှင့် လည်းကောင်း၊ တမိုး-တရာမ်တည်းသော ကျောင်း, အိမ်တို့၌ သုံးည၌ထက် လွန်၍ မအိပ်ကောင်းချေ။ အိပ်သောရဟန်းအား ပထမသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်သည်။

၂။ လူ-မိန်းမနှင့် မေထုန်လောက်သော ခွေးမ, ဝက်မ,ကြောင်မ-စသည်တို့နှင့် တည၌မျှ မအိပ်ကောင်းချေ။ အိပ်ခဲ့သော် ဒုတိယ သဟသေယျ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။

### အနုပသမ္ပန္န အရကောက်

ဆဋ္ဌေ ပထမသိက္ခာပဒေ ဘိက္ခုံ ဌပေတွာ အဝသေသော အနုပသမ္ပန္နောနာမာတိ ဝုတ္တတ္တာ မာတုဂါမောပိ အနုပသမ္ပန္နာဂ္ဂဟဏေန ဂတိတောယေဝါ'' တိ စတုတ္ထ ဒိဝသေ မာတုဂါမေန သဒ္ဓိံ သယန္တဿ ဒွိဟိ သိက္ခာပဒေဟိ ဒွေ ပါစိတ္တိယာနိ ဟောန္တီတိ ဝဒန္တိ။ (သာရတ္ထ-တ-၁၀)။

**အဓိပ္ပာယ်**....ပထမ သဟသေယျ သိက္ခာပုဒ်၌ ရဟန်း ယောက်ျားကို ချန်၍ ကျန်ပုဂ္ဂိုလ်များသည် အနုပသမ္ပန္နမည်သည်-ဟု ဘုရားသခင် ဟောသောကြောင့် မာတုဂါမသည်လည်း အနုပသမ္ပန္န၌ ပါဝင်နေပေသည်။

ထို့ကြောင့် အမိုးအကာရှိသော အဆောက်အုံအတွင်း၌ မာတုဂါမနှင့်အတူ အိပ်သော ရဟန်းအား လေးရက် မြောက်သော နေ့၌ ပါစိတ် အာပတ်နှစ်ခုသင့်သည်-ဟု ဆရာတို့ဆိုကြသည်၊ (ဋီကာလာအာစရိယဝါဒ)။

### အာစရိယဝါဒကို ဝိမတိ ဆရာကပယ်

ဆဋ္ဌေ မာတုဂါမေန သဒ္ဓိံ စတုတ္ထဒိဝသေ သယန္တဿာပိ ဣမိနာ သိက္ခာပဒေန ဧကာဝ အာပတ္တိ။

ကေစိ ပန ပုရိမသိက္ခာပဒေနာပိတိ ဒွေ ပါစိတ္တိယာ ဝဒန္တိ၊ တံနယုတ္တံ''အနုပသမ္ပန္နေန''တိ အနိတ္ထိင်္ဂေန ဝုတ္တတ္တာ၊ နပုံသကေန ပန စတုတ္ထဒိဝသေ သယန္တ ဿ သဒုက္ကဋ္ဌပါစိတ္တိယံ ဝတ္တုံ ယုတ္တံ။ (ဝိမတိဋီကာ-ဒု-၇/၈)။

**အဓိပ္ပာယ်**....မာတုဂါမနှင့် အတူအိပ်သော ရဟန်းအား လေးရက်မြောက် သောနေ့၌လည်း ဒုတိယသဟသေယျ သိက္ခာပုဒ်ဖြင့် မသင့်နိုင်၊ ထိုကြောင့် ပါစိတ်တမျိုးသာဖြစ်သည်။ ပါစိတ် ၂-မျိုး မသင့်ပါဆို၏။

အချို့ဆရာတို့ကား ပထမ-ဒုတိယ၊သဟသေယျ သိက္ခာပုဒ်၂ပါးဖြင့် ပါစိတ် ၂-ပါးသင့်သည်-ဟု ဆိုခြင်းသည် မသင့်ချေ။ အကြောင်းကား "အနုပသမ္ပန္နေန"ဟု ပုံ့နပုလ္လိင်ပုဒ်ဖြင့် ဟောသော ကြောင့်တည်း။ ဝါ၊ ဣတ္ထိလိင်ပုဒ်ဖြင့် မဟောခဲ့သောကြောင့်တည်း-ဟုဆို၏။

ထိုပြင် နပုလိင်နှင့် အတူအိပ်ခဲ့သော် လေးရက်မြောက်နေ့မှာ ဒုက္ကဋ်နှင့်တကွ ပါစိတ်အာပတ်ဆင့်သည်-ဟု ဆိုပါမူ "သင့်နိုင်သည်"ဟု သာရတ္ထဋီကာလာ အာစရိယဝါဒကို ပယ်တော်မူ၏။

> ဂဏ္ဌိပဒေသု ပန တိသုပိ"ဣမသ္မိံ သိက္ခာပဒေ မာတုဂါမဿ ဝိသုံ ဝုတ္တမာနတ္တာ ပထမသိက္ခာပဒေ "ဘိက္ခုံ ဌပေတွာ အဝသေသော အနုပသမ္ပန္နော နာမာ"တိ ပုရိသဿေဝ ဂဟဏံ အနုစ္ဆဝိက"န္တိ ဝုတ္တံ၊ တဒေဝစ ယုတ္တတရံ။ (သာရတ္ထ-တ-၁၀။)

**အဓိပ္ပာယ်**... ဂဏ္ဌိ သုံးဆောင်တို့အလိုကား ဒုတိယသဟသေယျ သိက္ခာပုဒ်၌ မာတုဂါမကို(မေထုန်လောက်အမဟုတ်သမျှကို) သီးခြား ဟောမည် ဖြစ်သော ကြောင့် ပထမ သိက္ခာပုဒ်၌ အနုပသမ္ပန္နအရ ရဟန်းမှ ကြွင်းကျန်သော ယောကျ်ားကို(အထီးဟူသမျှကို)ယူရမည်-ဟုဆိုလိုသည်။

## ပါဠိတော်၌ အထူးမှတ်ဖွယ်

၁။ အလုံးစုံ အမိုးအကာရှိသော ကျောင်းအိမ်နှင့် ထက်ဝက်ကျော်ကျော် အမိုး အကာ ရှိသော ကျောင်းအိမ် အဆောက် အအုံ အတွင်း၌ အနုပသမ္ပန္န ပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ မာတုဂါမနှင့် လည်းကောင်း အတူအိပ်သော ရဟန်းအား ပါစိတ်အာပတ်သင့်သည်။

၂။ အမိုးအကာထက်ဝက်ရှိသော ကျောင်းအိမ်၌အိပ်သော ရဟန်းအားကား ဒုက္ကဋ်အာပတ်သင့်သည်။

**တ်ချက်**။ ။အကာဟူရာ၌ မဇ္ဈိမ ပုရိသ တထောင်တွာ, ပကတိ ပုရိသ နှစ်ထောင် ခြောက်သစ်ရှိမှ အကာ မြောက်သည်။ ထိုထက် သာလျှင်ကား ဆိုဖွယ်မရှိပါ။

ထိုပြင် အဆောင်တွေခြားရာ၌ အဆောင်ချင်းဆက်လျက် အဆောင်အတွင်း အမိုးအတွင်း တဆက်တည်း လျှောက်သွားနိုင်သော ထွက်ပေါက်-ဝင်ပေါက် တူသော အဆောင် များ၌ လူ သာမဏေ၊ မိန်းမ များနှင့် အဆောင်မတူပဲ တဆောင်စီအိပ်နေသော်လည်း အာပတ်သင့်သည်-ဟု မှတ်။

အထက်ထပ်-အောက်ထပ် ရှိရာတို့၌ အပြင် လှေကားဖြစ်လျှင် အိပ်ကောင်းသည်။ အတွင်းလှေကားဖြစ်ပါက မအိပ်ကောင်း။

## ရထား သင်္ဘောဖြင့် ခရီးသွားစဉ် မှတ်ဖွယ်

၁။ သင်္ဘော၌ မိုးကာများသည် တင်လိုက်ချလိုက်အရှင်ဖြစ်သောကြောင့် အကာ မမြောက်ချေ။

၂။ သင်္ဘော ဘေးနားမှ သံဇကာ သည်လည်း မလုံခြုံ သောကြောင့် အကာမမြောက်ချေ၊ ထို့ကြောင့် သင်္ဘောသည် အမိုးအကာမရှိသော ကျောင်းအိမ်ကဲ့သို့ အာပတ်မသင့်-ဟု ယူဆကြသည်။

ငါတို့ကား ညအိပ်သောအခါ၌ ပြင်ပမှမိုးမပက်နိုင်အောင်၊ လေမလာနိုင်အောင် လုံခြုံစွာ မိုးကာချ၍ အိပ်ပါမူ၊ အာပတ်သင့်သည်-ဟု ယူဆသည်။ (သတိပြု)

မိမိစီးသော မီးရထားတွဲ အတွင်းမှာ မိန်းမပါလျှင် ဦးခေါင်းချ၍ မအိပ်ကောင်း၊ မပါလျှင် အိပ်ကောင်းသည်။ ငုတ်တုတ်အိပ်၊ မှီ၍အိပ်နိုင်သည်။

ဦးခေါင်းချ၍အိပ်ခြင်း၊ ကြိယာပုတ်တူလျှင်သာ အာပတ်သင့်သည်။ မိန်းမက မအိပ်လျှင် အာပတ်မသင့်ပါ။

## မိန်းမအလောင်းနှင့် အတူအိပ် အာပတ်မသင့်ပါ

"မတိတ္ထိ ပါရာဇိက ဝတ္ထုဘူတာပိ အနုပါဒိန္နကပက္ခေ ဌိတတ္တာ သဟသေယျာပတ္တိံ နဇနေတီ"တိ ဝဒန္တိ။
(သာရတ္ထ-တ-၁၀)။

**အဓိပ္ပာယ် ....** ပါရာဇိက ဝတ္ထုလောက်သော လူသေမိန်းမနှင့် အတူအိပ်သော်လည်း အာပတ်မသင့်ချေ။ အကြောင်းကား လူသေ အလောင်းကောင်၏ အနုပါဒိန္နကရုပ်ဖြစ်သောကြောင့်တည်း- ဟု ဆရာတို့ ဆိုကြကုန်၏။ (ဝိမတိ၌လည်း ထို့အတူလာရှိသည်။)

## နေ့ခင်း၌ အိပ်လျှင် အာပတ်မသင့်

"အတ္ထင်္ဂတေ သူရိယေ မာတုဂါမေ နိပ္ပန္နေ ဘိက္ခု နိပ္ပဇ္ဇတီ"တိ ဝစနတော ဒိဝါ သယန္တဿ သဟသေယျာပတ္တိ နဟောတိယေဝါတိ ဒဋ္ဌဗ္ဗံ။ (သာရတ္ထ-တ-၁၁၁)။

**အဓိပ္ပာယ်**....နေ့ခင်း နေရောင်ရှိစဉ် မိန်းမနှင့်အတူ အိပ်သော်လည်း အာပတ် မသင့်နိုင်၊ အကြောင်းကား "အတ္ထင်္ဂတေ သူရိယေ မာတု ဂါမေ နိပ္ပန္နေ ဘိက္ခု နိပ္ပဇ္ဇတိ၊ အာပတ္တိ ပါစိတ္တိယံ- ဟု ဟောတော်မူသောကြောင့်တည်း။ ဝါ-နေဝင်ချိန် နေရောင်ခြည် မရှိသော အခါမှ အာပတ်သင့်သည်- ဟု ဟောတော်မူသော ကြောင့်တည်း။

## ပဏ္ဍုက် ဥဘတော ဗျည်းနှင့် အိပ်ရာ၌ သင့်သော အာပတ်

ကိဥ္စာပေတ္ထ ပါဠိယံ ပဏ္ဍကစသေနေဝ ဒုတ္တင့္ဋံ ဝုတ္တံ၊
တဒနုလောမိကာ ပန ပုရိသဥဘတော ဗျဥ္ဇနေကေန
သဟ သယန္တဿ ဣမိနာ ဒုက္ကဋံ၊ ပုရိမေန
စတုတ္ထဒိဝသေ သဒုက္ကဋပါစိတ္တိယံ။
ဣတ္ထိဥဘတော ဗျဥ္ဇနကော ဣတ္ထိဂတိကောဝါတိ၊
အယံအမှာကံ ခန္တိ။ (ဝိမတိ—ဒု—ဂ)။

**အဓိပ္ပာယ်**....ပါဠိတော်၌ ပဏ္ဍုက် အတွက်ကြောင့်သာ ဒုက္ကဋ်သင့်သည်- ဟု ဟောထားခဲ့ပေသည်။ ဥဘတောဗျည်း အတွက် မဟောခဲ့ချေ။ သို့သော်-ဥဘတောဗျည်းနှင့် အတူအိပ်ခဲ့သော် ဒုတိယသဟ သေယျ သိက္ခာပုဒ်ဖြင့် ပထမနေ့မှာ ဒုက္ကဋ်၊ စတုတ္ထနေ့မှာ ပထမ သဟသေယျ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်နှင့် ပါစိတ်သင့်နိုင်သည်။

ဣတ္ထိဥဘတောဗျည်းကား မိန်းမနှင့်အတူ ဖြစ်သင့်သည်—ဟု ငါတို့ အယူရှိသည်-ဟု မိန့်၏။ ဤကား- ဝိမတိအလို)။

## "သိက္ခာပုဒ်နှစ်ပါး အဓိကထူးခြားချက်"

အယမေဝ ဟိ ဝိသေသော 'ပထမသိက္ခာပဒေ
စတုတ္ထဒိဝသေ အာပတ္တိ၊ ဣဓ ပန ပထမ ဒိဝသေပိ။
(ပါစိတ် အဋ္ဌကထာ—၁၆)။

**အဓိပ္ပာယ်**....ပဌမ သဟသေယျ သိက္ခာပုဒ်၌ လေးရက်မြောက်သော နေ့မှ အာပတ်သင့်သည်။ ဒုတိယသဟ သေယျ သိက္ခာပုဒ်၌ကား– ပဌမ နေ့မှ စ၍ အာပတ်သင့်သည်။ ဤကား– အထူးတည်း။

**"ပိသဒ္ဒါအဓိပ္ပာယ်"**

ပဌမ ဒိဝသေပီတိ ပဌမသ္မိံ ဝိယ သိက္ခာပဒေ
န စတုတ္ထေ ယေဝ ဒိဝသေ၊ အထခေါ ဣဓ
ပဌမ ဒိဝသေ ပီတိအတ္ထော။
ဣမိနာ ဣဓ ဒိဝသ ပရိစ္ဆေဒေါ နတ္ထီတိ ဒဿေတိ။
(ကင်္ခါဋီကာသစ်–၃၅၃)။

**အဓိပ္ပာယ်**....ပဌမ ဒိဝသေပိ၌ ပိသဒ္ဒါ၏ အနက်ကား– ဒုတိယသဟသေယျ သိက္ခာပုဒ်၌ ပဌမသဟသေယျသိက္ခာပုဒ်၌လို လေးရက် မြောက်သော နေ့မှသာ အာပတ်သင့်သည် မဟုတ်၊ ပဌမ နေ့မှာပင် (ပဌမနေ့မှ စ၍) အာပတ်သင့်သည်–ဟု ယူရမည်။

ထို့ကြောင့် ဤပိသဒ္ဒါဖြင့် ဤဒုတိယ သဟသေယျ သိက္ခာပုဒ်၌ အာပတ်သင့်ရာနေ့ အပိုင်းအခြား မရှိ–ဟူသော အနက်ကို ပြ၏–ဟု ဆိုလိုသည်။

**မှတ်ချက်**။ ။အာပတ်သင့်ရာ နေ့ကို ပိုင်းခြား သတ်မှတ်မှု **မရှိ**– ဟူသည် ပဌမနေ့၊ ဒုတိယနေ့–စသည်ဖြင့် နေ့အားဖြင့် သတ်မှတ်ရန် မလို၊ လွန်ကျူးသော အချိန်မှာ သင့်သည်ဟု– မှတ်ပါ။

**"ဘီလူးမ– လူမတို့နှင့် အိပ်ရာ၌ သင့်သောအာပတ်"**

ယက္ခိ ပေတီဟိ ဒိဗ္ဗမာနုဿ ရူပါဟိ
တိရစ္ဆာန ဂတိတ္ထိယာ စ
မေထုန ဓမ္မဝတ္ထုတူတာယ ဝေ ဒုက္ကဋံ၊
သေသာဟိ အနာပတ္တိ။ (ပါစိတ် အဋ္ဌကထာ–၁၆)။
အဒိဿမာနရူပါဟိ ပန ယက္ခိ ပေတီဟိ
မေထုနဿ အဝတ္ထုဘူတာယ–
တိရစ္ဆာန ဂတိတ္ထိယာ အနာပတ္တိ။ (ကင်္ခါဋီကာသစ်–၃၅၂–၃)။

**အဓိပ္ပာယ်**....လူရောင်ဆောင် (ဖန်ဆင်း) ထားသော ဘီလူးမ၊ ပြိတ္တာမတို့နှင့် ဖြစ်စေ၊ မေထုနဝတ္ထု ထမြောက်နိုင်သော ခွေးမ၊ ဝက်မစသော တိရစ္ဆာန်မများနှင့် ဖြစ်စေ၊ အတူ အိပ်ခဲ့သော် ဒုက္ကဋ်အာပတ် သင့်သည်။

မျက်စိဖြင့် မမြင်နိုင်သော ဘီလူးမ၊ ပြိတ္တာမတို့နှင့် ဖြစ်စေ၊ မေထုနဝတ္ထု မမြောက်နိုင်သော တိရစ္ဆာန်မများနှင့် ဖြစ်စေ၊ အတူအိပ်ခဲ့သော် အာပတ်မသင့်နိုင်-ဟု ဆိုလိုသည်။

**မှတ်ချက်**။ ။ဤ၌ ကခါဒီကာသစ်ပါဌ်ကား "သေသာ ဟိ အနာပတ္တိ"-ဟူသော အဋ္ဌကထာပါဌ်ကို ဖွင့်ဆိုခြင်း ဖြစ်သည်။

သဟ သေယျသိက္ခာပုဒ်များ၌ မှတ်ဖွယ်ပြီး၏။

---

## ဓမ္မ ဒေသနာ သိက္ခာပုဒ်၌ မှတ်ဖွယ်

တဆဲ့နှစ်တောင်အတွင်း ယောကျ်ားကင်းလျက်၊ ခြောက်ခွန်းထက်အလွန်၊ မိန်းမများအား တရားဟောအံ့၊ ပါစိတ်အာပတ်သင့်သည်။ (သိက္ခာပုဒ်ကို အဓိပ္ပာယ်ပြန်ဆိုချက်တည်း)။

## ဓမ္မ (တရား)အရ ကောက်ပြခြင်း

တတ္ထ ကော ဂါထာပါဒေါ ကေဝါစာတိ
ဝေ သဗ္ဗတ္ထဝါစာ ပမာဏံ ဝေဒိတဗ္ဗံ။
သစေ အဋ္ဌကထံ ဓမ္မပဒံ ဇာတကာဒိဝတ္ထုံ ဝါ
ကထေတု ကာမော ဟောတိ၊
ဆပ္ပဉ္စ ပဒမတ္တမေဝ ကတေတုံ ဝဋ္ဋတိ။
ပါဠိယာ သဒ္ဓိံ ကထေန္တေန ဧကပဒံ ပါဠိတော
ပဉ္စ, အဋ္ဌကထာ တောတိ ဧဝံ ဆပဒါနိ
အနတိက္ကာမေတွာ ဝ ကထေတဗ္ဗာ။
(ပါစိတ်အဋ္ဌကထာ ၁၆-၇)။

အဓိပ္ပာယ် ...ဤဓမ္မဒေသနာ သိက္ခာပုဒ်၌ ဓမ္မဟူသည် ပါဠိတော် ပါဌ်များနှင့် အဋ္ဌကထာပါဌ်များတည်း။

ုံ့တ္တရိ ဆပ္ပဉ္စ ဝါစာအရ–ပါဠိတော်သတ်သတ်, အဋ္ဌကထာ သတ်သတ် ပြောဆိုလျှင် ၆–ခွန်းအထိ ပြောဆိုနိုင်သည်။ ခြောက်ခွန်း ထက် ပို၍ မပြောရချေ။

အကယ်၍ ပါဠိတော်နှင့် အဋ္ဌကထာတွဲ၍ ပြောဆိုခဲ့သော် ပါဠိတော် မှ တခွန်း၊ အဋ္ဌကထာမှ ငါးခွန်း ပြောဆိုရမည်–ဟု ဆိုလိုသည်။

## ဋီကာလာ အာစရိယဝါဒ

ဧကော ဂါထာပါ ဒေါတိ ဣဒံ ဂါထာဗန္ဓ မေဝ
သန္ဓာယ ဝုတ္တံ၊ အညတ္ထ ပန ဝိဘတ္တိအန္တ ပဒမေဝ
ဂဟေတဗ္ဗန္တိ ဝဒန္တိ။ (သာရတ္ထ တ–၁၁)။

**အဓိပ္ပာယ်**....ရှေးဆရာတို့ကား ဂါထာအရာ၌ တဂါထာကို စကားတခွန်း ယူရမည်။

စုဏ္ဏိယ၌ ဝိဘတ်တလုံးဆုံးလျှင် စကားတခွန်းယူရမည်–ဟု ဆိုကြ ကုန်၏။ (ဤဋီကာလာ– အာစရိယဝါဒကို ငါတို့ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက မကြိုက်–ဟု မိန့်ဘူးသည်)။

ထို့ကြောင့် အဋ္ဌကထာ၌ လာရှိသည့်အတိုင်း ဂါထာဟို့၌ တပါဒ လျှင် တခွန်းယူ၍ စုဏ္ဏိယ၌ တဝါကျဆုံးလျှင် တခွန်းယူရမည်။

**ဥပမာ**... ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–တခွန်း။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ– တခွန်း ယူရမည်။

## ''အဟံ ဘန္တေ တိသကဏေနဥ္ဇ အာပတ်မသင့်''

အဋ္ဌကထံ ဓမ္မပဒံ ဇာတကာဒိ ဝတ္ထုံ ဝါတိ
ဣမိနာ ပိ ပေါရာဏံ သင်္ဂီတိအာရုဠ္မေဝ
အဋ္ဌကထာဒိ ဝုတ္တန္တိ ဝဒန္တိ။ (သာရတ္ထ–က–၁၁)။

**အဓိပ္ပာယ်**....သင်္ဂါယနာ သုံးတန်တင်ပြီးသော ပါဠိ– အဋ္ဌကထာပါဠိများ သည်သာလျှင် ဓမ္မ၌ စာရင်းဝင်သည်။ နောက်မှ သီကုံးသော ပါဠိများကား ဓမ္မ၌ စာရင်းမဝင်ကြကုန်။ ထို့ကြောင့် အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ–စသော သီလပေး ပါဠိများ ကို သင်ပေးရာ၌ အာပတ်မသင့်ချေ။

**"မြန်မာဘာသာဖြင့် ဟောရာ၌ အာပတ်မသင့်"**

အဌကထာမိပါဠိ ဌပေတွာ ဒမဠာဒိ ဘာသန္တရေန
ယထာရုစိ ကထေတုံ ဝဋ္ဋတိ။ (သာရတ္ထ ဟ−၁၁)။

**အဓိပ္ပာယ်**....သင်္ဂါယနာ သုံးတန် တင်ပြီးသော ပါဠိ အဋ္ဌကထာ မဟုတ်ပဲ မိမိတို့ ကြွမ်းကျင်ရာ ဘာသာ ဘာမျိုးမျိုးဖြင့် တရားဟောကောင်းသည်။ ထို့ကြောင့် မိမိတို့ မြန်မာဘာသာဖြင့် တရားဟောလျှင် အာပတ်မသင့်−ဟု မှတ်။

**"ဣရိယာပုဒ်ပြောင်းလဲ ဟောလျှင် အာပတ်မသင့်"**

ဥဋ္ဌဟိတွာ ပုန နိသိဒိတ္ဝာ ဒေသေတိ၊
မာတုဂါမော ဥဋ္ဌဟိတွာ ပုန နိသီဒတိ၊
တသ္မိံ ဒေသေတိ။ (အနာပတ္တိ) (ပါစိတ်ပါဠိ ၃၅)။

**အဓိပ္ပာယ်**....မိမိ၏ တဆဲ့နှစ်တောင်အတွင်း၌ ဝိညူပုရိသယောက်ျား မရှိခဲ့သော် ထိုင်လိုက်, ထလိုက်ပြု၍ တရားဟောနိုင်သည်။ အလယ်၌ မာတုဂါမက ထိုင်လိုက်, ထလိုက်နေလျှင်လည်း တရားဟောကောင်းသည်။ အာပတ်မသင့်။

ထို့ကြောင့် ဘုန်းကြီးများ သီလပေးသောအခါ တဆဲ့နှစ်တောင် အတွင်းမှာ ဝိညူပုရိသရှိမှ သီလပေးကောင်းသည်။ ထိုဝိညူပုရိသကလိုက်၍ ဆိုသည် ဖြစ်စေ, မဆိုသည်ဖြစ်စေ, အပ်သည်−ဟု မှတ်။

**မှတ်ချက်**။ ။တသ္မိံ ဒေသေတိ−၌ သတ္တမီဝိဘတ်ကား− အာဓာရ အနက်၊ သမ္ပဒါန်အနက်−နှစ်မျိုး၌ သက်သည်။ (အဋ္ဌကထာ)။

**ဝိညူပုရိသမည်ပုံ**

ဝိညူနာမ ပုရိသဝိဂ္ဂဟော ပဋိဗလော ဟောတိ
သုဘာသိတ ဒုဗ္ဘာသိတံ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လံ အာဇာနိတုံ။
(ပါစိတ်ပါဠိ−၃၄)။

**အဓိပ္ပာယ်**....အသိရှိသော ယောက်ျား− ဟူသည်−သုဘာသိတ− ဒုဗ္ဘာသိတ စကားမျိုး၊ ဒုဋ္ဌုလ္လာ, ဒုဋ္ဌုလ္လစကားမျိုးကို သိသောယောက်ျား ပေတည်း။ ထိုစကားလေးမျိုးကို သိသောယောက်ျားကို ဝိညူ ပုရိသခေါ်သည်−ဟု ဆိုလိုသည်။

### "စကားလေးမျိုးကို နားမလည်သော မိန်းမ"

"ဝိညူပဋိဗလာတိ" ဝစနတော အဝိညူ ကုလ္လဋ္ဌိယာပိ
ဒေသေန္တဿ အနာပတ္တိ။ (ဝဇီရဗုဒ္ဓိ—၂၉၅)။

**အဓိပ္ပာယ်**...သုဘာသိတ-စသော စကားလေးမျိုးကို နားမလည်သော မိန်းမအား တရားဟောသောရဟန်းအား အာပတ်မသင့်။ **အကြောင်း** ကား- "ဝိညူပဋိဗလာ"-ဟု ဟောတော်မူသောကြောင့်တည်း။

### "လူယောကျ်ား ယောင်ဆောင်သော ဘီလူးအထီး"

ယထာ ယက္ခိအာဒယော ဒုက္ကဋဝတ္ထုကာ ဇာတာ၊
တထာပုရိသ ဝိဂ္ဂဟံ ဂဟေတွာ ဌိတေန
ယက္ခာဒိနာ သဒ္ဓိံ ဌိတဿ မာတုဂါမဿ ဓမ္မံ
ဒေသေန္တော ဒုက္ကဋံ အနာပဇ္ဇိတွာ
ကသ္မာ ပါစိတ္တိယံ မာပဇ္ဇတိစေ၊
ဤသကမ္ပိ ဒုတိယပက္ခံ အဘာဇနတော။
မနုဿ မာတုဂါ မောပိ န ဒုတိယော။
ပဂေဝ ယက္ခာဒယောတိ။ (ဇဇ္ဇီရဋီကာ—ဆဋ္ဌ/၂၉၅)။

**အဓိပ္ပာယ်**....ဒုက္ကဋ်ဝတ္ထုဖြစ်သော လူမိန်းမ, ဘီလူးအထီး၊ အမ-၄ သည်တို့ ရှိလျက် မာတုဂါမအား တရားဟောသော ရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်နိုင်သည်။

လူယောကျ်ား ယောင်ဆောင်သော ဘီလူးအထီးနှင့် အတူနေသော မာတုဂါမအား တရားဟောသော ရဟန်းမှာကား ဒုက္ကဋ်အာပတ်မသင့်ပဲ အဘယ့်ကြောင့် ပါစိတ်အာပတ် သင့်ပါသနည်း- ဟု မေးဖွယ်ရှိသည် အဖြေကား- ယောကျ်ားယောင်ဆောင်သော ဘီလူးအထီးသည် အဖော် မမြောက်သောကြောင့် ဒုက္ကဋ်မသင့်ပဲ ပါစိတ်သာသင့်ရသည်။

မှန်ပေသည်။ လူမိန်းမတောင် အဖော် မမြောက်လျှင် ဘီလူး-တိရစ္ဆာန်-စသည်တို့ကား-အဘယ်မှာလျှင် အဖော်မြောက်နိုင်ပါမည်နည်း- ဟုဆိုလိုသည်။

**မှတ်ချက်**။ ။ဘီလူးသည် မိမိဇာတိဘီးလူးအသွင်နှင့် တည်ရှိလျှင် ဒုက္ကဋ် ဝတ္ထုဖြစ်သည်။ လူယောင်ဖန်ဆင်းလျှင်ကား ပါစိတ်ဝတ္ထု ဖြစ်သွားတော့သည်- ဟူလို။

## မာတုဂါမကမေးလျှင် ဖြေကောင်းသည်

ပဉ္စပုစ္ဆတိ-ပဉ္စပုဋ္ဌော ကထေတီတိ မာတုဂါမော
"ဒီဃနိကာယော နာမ ဘန္တေ ကိမတ္ထံ ဒီပေတီတိ" ပုစ္ဆတိ။
ဧဝံ ပဉ္စ ပုဋ္ဌော တိက္ခ သဗ္ဗံ စေပိ-
ဒီဃနိကာယံ ကထေတိ၊ အနာပတ္တိ။
(ပါစိတ် အဋ္ဌကထာ-၁၇)။
သဗ္ဗံ စေပိ ဒီဃနိကာယံ ကထေပါဟိယာဝ နံ ပဋ္ဌာတိ၊
တာဝ ပုန ဒိဝသေပိ ကထေတိ၊ (သာရတ္ထ-တ-၁၂)။

**အဓိပ္ပာယ်**....မာတုဂါမ-ဟူသည် အပေါက်အစများသည်၊ စကားမရှိ၊ စကားရှာပြီး မေးတတ်သည်။ တခါတရံ စကားမဆုံးနိုင်အောင် လျှာရှည်တတ်သည်။

**ဥပမာ**။ ။**အရှင်ဘုရား**- ဒီဃနိကာယ်ကို ဟောခြင်းသည် အဘယ်အကျိုးရှိပါသနည်း။ ဘယ်ပုံ ဟောထားပါသနည်း - စသည်ဖြင့် မေးတတ်သည်။

ယင်းသို့ မေးခဲ့သော် ပြီးဆုံးအောင် ဖြေဆိုကောင်းသည်။ ဒီနေ့မပြီးသေးလျှင် နောက်နေ့များ၌လည်း ဆက်၍ဖြေကောင်းသည်။ အာပတ်မသင့်နိုင်-ဟု ဆိုလိုသည်။

**ဓမ္မဒေသနာ** သိက္ခာပုဒ်၌ မှတ်ဖွယ်ပြီး၏။

---

## ဘူတာရောစန သိက္ခာပုဒ်

**ဘိက္ခု-ဘိက္ခုနီမှတပါး လူ-သာမဏေအား မိမိမှာ အမှန်ရှိနေသော ဥတ္တရိမနုဿဓမ္မကို ပြောသော ရဟန်းအား ပါစိတ်အာပတ်သင့်သည်။ (ပါစိတ်ပါဠိတော်)။**

## အရိယာသည် အကြောင်းမရှိပဲ မပြော

အယမေဝ ဟိ ဝိသေသော၊ တတ္ထ အဘူတံ အရောစေသုံ၊
ဣဓ ဘူတံ၊ ဘူတမ္ပိ ပုထုဇ္ဇနာ အာရောစေသုံ၊ နအရိယာ။
အရိယာနဉ္စ ပယုတ္တဝါစာနာမ နတ္ထိ။ (အဋ္ဌကထာ ၁၇)။

**အဓိပ္ပာယ်**....စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ မိမိမှာမရှိသော ဈာန်-မဂ်-ဖိုလ် တရားကို အရှိလုပ်၍ ပြောသည်။ (ပါရာဇိကကျ)။ ဤဘူတာရောစနသိက္ခာပုဒ်၌ကား– မိမိမှာ အမှန်ရှိနေသော ဈာန်-မဂ်-ဖိုလ် တရားကို ပြောသည်။ ဤကား–အထူးတည်း။

မှန်ပေသည်၊ ပုထုဇဉ်ရဟန်းတို့သည် မိမိဂုဏ်ပုဒ်ကို ထုတ်ဖော်လိုကြသည်။ အရိယာတို့သည်ကား– ထုတ်ဖော်၍ မပြောကြကုန်။ အကြောင်းကား– အရိယာပုဂ္ဂိုလ်တို့မှာ ပယုတ္တဝါစာ မရှိသောကြောင့်တည်း။

## အကြောင်းရှိမှ ပြောသည်

အနတိ ကမ္မိယမာနေနာပိ ပုစ္ဆိတေ ဝါ-
အပုစ္ဆိတေ ဝါ တထာရူပေ ကာရဏေ သတိ
အာရောစေတုံ ငဋ္ဋတိယေဝ။ (သာရတ္ထ တ-၁၂)။

**အဓိပ္ပာယ်**....အတင်း အနိုင်အထက်ကျင့်၍ ပြောခိုင်းသည် မဟုတ်သော်လည်း မေးသည် ဖြစ်စေ၊ မမေးသည် ဖြစ်စေ၊ ပြောထိုက်သော အကြောင်းရှိခဲ့သော် ပြောကောင်းသည်။

**ဇာတ်ကြောင်းတခု**။ ။မထေရ်ကြီး မထေရ်ငယ်နှစ်ပါးတို့ ခရီးသွားကြရာ မထေရ်ကြီး၏ အမူအရာကိုကြည့်၍ နောက်မှ မထေရ်ငယ်က မထေရ်ကြီးကို စိတ်ဖြင့် ပြစ်မှားလေသည်။

ထိုအခါမထေရ်ကြီးက "ငါ့ရှင် သာသနာတော်၌ ထောက်ရာတည်ရာ ရပြီးလော့–ဟု မေးရာ–

"မှန်လှပါ–တပည့်တော် ပဌမမဂ်ကို ရရှိပါပြီ"–ဟု လျှောက်ထားသည်။

"ယင်းသို့ ဖြစ်ခဲ့သော် အထက်မဂ် ရဖို့ရန်အားမထုတ်နှင့်တော့– ငါ့ရှင်သည် အရိယာပုဂ္ဂိုလ်ကို ပြစ်မှားမိလေပြီ"–
ဟု မထေရ်ကြီးက ပြောလေသည်။

ဤ၌ မထေရ်ကြီးသည် မိမိ၏ အရိယာဖြစ်ကြောင်းကို မမေးသော်လည်း မပြောလျှင် မဖြစ်သည့်အတွက် ပြောဆိုခြင်းဖြစ်ပေသည်။

## "ပုထုဇဉ်နှင့် အရိယာ ကွာခြားချက်"

"အရိယာ စေတ္တ ပဏ္ဏတ္တိံ ဇာနန္တာ ဝိတိက္ကမံ န ကရောန္တိ။
ပုထုဇ္ဇနာ ပန ပဏ္ဏတ္တိံ ဇာနိတွာပိ ဝီတိက္ကမံ ကရောန္တိ၊
တေ စ သတ္ထုနော အာဏာဝီတိက္ကမ စေတနာယ-
ဗလဝ အကုသလဘာဝတော-
ဈာနာ ပရိဟာယန္တိ ဒဋ္ဌဗ္ဗံ။ (သာရတ္ထ တ-၁၃)။

**အဝိပ္ပာယ်**....ဤသိက္ခာပုဒ်ကား- ပညတ်တော်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ အာပတ်သင့်သည်။ (**အစိတ္တက ၁ မှင့္ဘာန်တည်း**)။

အရိယာတို့ကား ပညတ်တော်ကို သိလျှင် မလွန်ကျူးကုန်၊ ပုထုဇဉ်တို့ကား- သိသော်လည်း လွန်ကျူးကြကုန်၏။

ပုထုဇဉ်များမှာ မြတ်စွာဘုရား၏ အာဏာကို ဖီဆန်မှုသည် အလွန်ကြီးကျယ်သော အကုသိုလ်ဖြစ်သောကြောင့် မိမိတို့မှာ ရရှိထားသော ဈာန်တရား ကွယ်ပျောက်ကြကုန်၏။ ထို့ကြောင့် သေးငယ်သော သိက္ခာပုဒ်ကိုပင် သိလျက် လွန်ကျူးလျှင် အပြစ်ကြီးလှသောကြောင့် ဆင်ခြင်သင့်လှပေသည်။

## "မိမိ၏ ဗဟုသုတဂုဏ်ကို ပြောကောင်း"

သုတာ ပရိယတ္တိ သီလဂုဏံ ပန အနုပသမ္ပန္နဿာပိ
အာရောစေတုံ ဝဋ္ဋတိ၊ (အဋ္ဌကထာ-၁၈)။

**အဓိပ္ပာယ်**....မိမိ၏အကြားအမြင်များသော ဗဟုသုတ ဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ လောကီသီလ သမာဓိဂုဏ်များကို လူ-သာမဏေကိုပင် ပြောကောင်းသည်။ ဘိက္ခု- ဘိက္ခုနီတို့မှာ ဆိုဖွယ်မရှိပါ။ ပြောကောင်းသည်-ဟု ဆိုလိုသည်။

**မှတ်ချက်**။ ။ဤ၌ ပြောကောင်းသည် ဆိုရာဝယ် "ဝိနည်းဒေသနာတော်အရ အာပတ်မသင့်"-ဟု ဆိုလိုခြင်း ဖြစ်သည်။

သုတ္တန်ဒေသနာတော်အရ အပ္ပိစ္ဆဂုဏ်ပျက်သောကြောင့် မပြောကောင်းပါ။ ထို့ကြောင့် "ငါစာတတ်တယ်၊ ငါအနေအထိုင် ကောင်းတယ်"-ဟု ပြောလို့တော်ပါ့မည်လား ဆင်ခြင်ပါ-ဟု ကျေးဇူးရှင်ကြီးမိန့်ဖူး၏။

ဤသိက္ခာပုဒ်၌ လိုရင်းအချုပ်ကား- ဘိက္ခု, ဘိက္ခုနီမှ တပါး လူ/**သာမဏေအား** ဟုတ်မှန်တိုင်း ပြောလျှင် ပါစိတ်၊ ဘိက္ခု, ဘိက္ခုနီအား **ပြောလျှင်** ဒုက္កဋ်သင့်သည်–ဟု မှတ်ပါ။

ဘူတာရောစန သိက္ခာပုဒ်ပြီး၏။

**ဒုဋ္ဌုလ္လ ဝါစာ သိက္ခာပုဒ်၌ မှတ်ဖွယ်**
**ဒုဋ္ဌုလ္လဝါစာ အရကောက်ပုံ**

ဒုဋ္ဌုလ္လာနာမ အာပတ္တိ စတ္တာရိ စ ပါရာဇိကာနိ တေရသ စ သံဃာဒိသေသာ။ (ပါစိတ် ပါဠိတော်-၄၇)။

**အမိပ္ပာယ်** .... ဤ၌ ဒုဋ္ဌုလ္လအာပတ်ဟူသည် ပါရာဇိက လေးပါးနှင့် သံဃာဒိသိသ်အာပတ် တဆယ့်သုံးပါးကို ကောက်ယူရမလို ဖြစ်နေပေသည်။ အမှန်ကား ပါရာဇိက လေးပါးကို မယူရပါ။ သံဃာဒိသိသ် တဆယ့်သုံးပါးကိုသာ ယူရမည်။ (ထိုအကြောင်းကို အဋ္ဌကထာနှင့် ဋီကာဆရာများက အောက်၌ ရှင်းလတ္တံ့။)

နဝမသိက္ခာပဒေ "ဒုဋ္ဌုလ္လာနာမ အာပတ္တိ စတ္တာရိ စ ပါရာဇိကာနိ တေရသ စ သံဃာဒိသေသာ" တိ ဣမိဿာ ပဠိယာ ပါရာဇိကာနိ ဒုဋ္ဌုလ္လသဒ္ဒတ္ထ ဒဿနတ္ထံ ဝုတ္တာနိ၊ သံဃာဒိသေသံ ပန ဣဓ အဓိပ္ပေတန္တိ အဋ္ဌကထာသု ဝုတ္တံ။ တတြာယံ ဝိစာရဏာ သစေ ပါရာဇိကံ အာရောစေန္တဿ ပါစိတ္တိယံ နဘဝေယျ။ လ။ ဧဝံ ပါဠိယာ ဝိစာရိယ မာနာယ ပါရာဇိကံ အာရောစေန္တဿာပိ ပါစိတ္တိယ မေဝ ဒိဿတိ။ ကိဉ္စာပိ ဒိဿတိ၊ အထ ခေါ သဗ္ဗ အဋ္ဌကထာသု ဝုတ္တတ္တာ အဋ္ဌကထာစရိယာဝ ေတ္ထ ပမာဏံ၊ န အညာ ဝိစာရဏာ။ ပုဗ္ဗေပိ စ အဝေါစုမှ "ဗုဒ္ဓေန ဓမ္မော ဝိနယော စ ဝုတ္တော။ ယော တဿ ပုတ္တေဟိ တထေဝ ဉာတော" တိ အာဒိ။ အဋ္ဌကထာ စရိယာ ဟိ ဗုဒ္ဓဿ အဓိပ္ပါယံ ဇာနန္တိ။ (အဋ္ဌကထာ-၁၉)။

ဒုဋ္ဌုလ္လန္တိ ကိဉ္စာပိ ဒွိန္နံ အာပတ္တိက္ခန္ဓာန မေတံ အဓိဝစနံ၊ ဣဓ ပန သံဃာဒိသေသ မေဝ အဓိပ္ပေတံ။ (ကင်္ခါအဋ္ဌကထာ-၁၉၅)။

နဝမေ ဒုဋ္ဌုလ္လ သဒ္ဒတ္ထံ ဒဿနတ္ထံ ဒုဋ္ဌုလ္လသဒ္ဒဿ အတ္ထံ ဒဿနတ္ထံ။ အဇ္ဈာ ဟိ ဒဿိတေ သဒ္ဒေပိ "အယံ ဧတေသု အတ္ထေသု ဝတ္တတိ"တိ ဒဿိတော ယေဝ ဟောတိ။
"ယံယံ ဒုဋ္ဌုလ္လသဒ္ဒေန အဘိဓိယတိ၊ တံ သဗ္ဗံ ဒဿေတုံ "ပါရာဇိကာနိ ဝုတ္တာနိ"တိ အယမေဝ အဓိပ္ပါယော။ (သာရတ္ထ-တ-၁၇)။

**အဓိပ္ပာယ်** .... ဤဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအာပတ်ကို ကောက်ရာဝယ် ဘုရားသခင်က ပါရာဇိကအာပတ်ကိုပါ ဟောသွားခြင်းသည် ဒုဋ္ဌုလ္လသဒ္ဒါက ဟောနိုင်သောအနက်များကို ပြခြင်းငှာ ဟောထားခြင်းဖြစ်သေသည်၊ အနှုန်းအားဖြင့် ဤသိက္ခာပုဒ်၌ သံဃာဒိသိသ်အာပတ်ကိုသာ ဒုဋ္ဌုလ္လအရ ကောက်ယူရမည်-ဟု ရှေးအဋ္ဌကထာ အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်ထားခဲ့ကြသည်။

**အရှင်ဗုဒ္ဓဃောသ မကြိုက်**။ ။ထိုရှေးအဋ္ဌကထာ ဆရာကြီးတို့၏ အယူအဆကို အရှင်ဗုဒ္ဓဃောသ ဆရာက မကြိုက်ပေ။ မကြိုက်သော်လည်း ရှေးဆရာတို့ကို မယှဉ်ဆန်ပံ့သဖြင့် သူရေးသော လက်သန်းအဋ္ဌကထာခေါ် ကင်္ခါအဋ္ဌကထာ၌ မည်သို့မျှ အကြောင်းမပြပဲ ရှေးဆရာတို့အကြိုက်ကို လိုက်လျော၍ ဖွင့်ဆိုထားခဲ့ပေသည်။

အရှင်ဗုဒ္ဓဃောသ၏ အလိုကား ဤသိက္ခာပုဒ်၌ ပါရာဇိကအာပတ်ကိုပါ ဒုဋ္ဌုလ္လအရ ကောက်သင့်ကြောင်းကို ကျယ်ဝန်းစွာ စိစစ် ဖွင့်ဆိုထားခဲ့ပေသည်။

**စိစစ်ပုံကား**....ပါရာဇိက အာပတ်ကိုပြောသော ရဟန်းအား (ရှေးအဋ္ဌကထာ ဆရာတို့ဆိုတိုင်း) ပါစိတ် အာပတ် မသင့်ဘူး-ဆိုလျှင် ဘိက္ခု, ဘိက္ခုနီနှစ်မျိုးလုံးကို ဟောနိုင်သော ဥပသမ္ပန္နသဒ္ဒါဖြစ်သော်လည်း-သိက္ခာပုဒ် တခုမှာ ဘိက္ခုနီကိုမလိုလျှင် ဘိက္ခုကိုပယ်၍ ဘိက္ခုနီသာ ဥပသမ္ပန္နပုဒ်အရ ကောက်ယူရသလို ဤသိက္ခာပုဒ်မှာလည်း ပါရာဇိက, သံဃာဒိသိသ် နှစ်မျိုးကိုဟောနိုင်သော ဒုဋ္ဌုလ္လသဒ္ဒါဖြစ်သော်လည်း ပါရာဇိက အာပတ်ကို မယူဖူး-ဆိုလျှင် "ဒုဋ္ဌုလ္လာနာမ အာပတ္တိတေရသ သံဃာဒိသေသာ" ဟူ၍သာလျှင် ဟောသင့်ပေသည်။ ဤသို့လည်း မဟောခဲ့ပေ။

နောက်ဘချက်က ပါရာဇိကံ ကျပြီးသော ပုဂ္ဂိုလ်အား အာပတ်ကို ပြောသော ရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်နိုင်သော် ဆဲရေးသော ရဟန်း အားလည်း ဒုက္ကဋ် အာပတ်သာ ဖြစ်ထိုက် ပေသည်။ ယခုတော့ ပါစိတ် အာပတ်မသင့်ကြောင်း ဟောထားခဲ့ပေသည်။

ဤသို့ စသည်ဖြင့် စိစစ်ပြီးလျှင် ဤသိက္ခာပုဒ်၌လည်း ပါရာဇိကကို ပြောသော ရဟန်းအားလည်း ပါစိတ်အာပတ်ဖြစ်ထိုက်ပေသည်-ဟု မိမိ၏ အလိုကို ပွင့်လင်းစွာ ဖွင့်ဆိုခဲ့ပေသည်။

သို့သော် ပါဠိတော်ကို ဝေဖန်ရာ၌ ဘုရားသခင်၏ အလိုတော်ကို သိရှိတော်မူကြသော ရှေးအဋ္ဌကထာ ဆရာတို့၏ အရာသာ ဖြစ်ပေသည်၊ (အဋ္ဌကထာဆရာတို့၏ စကားကိုသာ အလေးပြုထိုက်ပေသည်။) ငါတို့ကား ရှေးဆရာတို့ကို ကျော်လွန်ပြီးမဖွင့်ရဲကုန်-ဟုဆိုလိုသည်။ (အလေးပြုထိုက်ပေစွ တကား။)

**မှတ်ချက်။** ။မိမိ၏ ဉာဏ်တမိုက်-တထွာလောက်ဖြင့် ဟိုပယ်၊ ဒီပယ်၊ တွေ့ ကရာကို ပယ်နေကြသော ယခုခေတ်ဆရာများသည် အတုယူ ဖွယ်မှတ်သားဖွယ်ကောင်းလှပေသည်။

---

## ပထဝီ ခဏန သိက္ခာပုဒ်၌ မှတ်ဖွယ် မြေတူးရာ၌ ပရိယာယ် ပြုလုပ်နည်း

အနာပတ္တိ ဣမံဇာန, ဣမံဒေဟိ, ဣမံအာဟရ, ဣမိနာ အတ္ထော, ဣမံကပ္ပိယံ ကရောဟီတိ ဘဏတိ။ (ပါစိတ်ပါဠိ)။

**အဓိပ္ပာယ်** .... ရဟန်းသည် ဇာတိမြေကို ကိုယ်တိုင်လည်း မတူးကောင်း။ ''တူးဟဲ့''လို့လည်း မခိုင်းကောင်းပါ။ တူးခိုင်းလျှင် ပါစိတ် အာပတ်သင့်သည်။

ဤ၌ "ကျင်းသိစမ်း၊ ဤမြေကိုပေးစမ်း၊ ဤမြေကိုယူခဲ့။ ဤမြေကို ငါလိုချင်တယ်။ ဤမြေကို အပ်အောင် ပြုစမ်း"-ဟု ကပ္ပိယ ဝေါဟာရဖြင့် ခိုင်းလျှင် အာပတ်မသင့်။

## အပ်သော စကား ၅-မျိုး

ထိုကြောင့် ဤဇာန-စသော စကား ၅-မျိုးကို အပ်အောင် ပြုလုပ်သောကပ္ပိယ စကားမျိုး-ဟု ခေါ်စမှတ်ပြုကြသည်။

**(ဆောင်) ။ကပ္ပိယံကရောဟိ၊ ဒေဟိ၊ဇာန၊ အာဟရ၊ အစ္ဆော၊ ဤအပြော၊ အပ်ဆောပြုလုပ်ခွင့်။**

## ပါသာဏနှင့် သက္ခရ အထူး

တတ္ထ မုဋ္ဌိပ္ပမာဏတော ဥပရိ ပါသာဏာတိ-ဝေဒိတဗ္ဗာ။
မုဋ္ဌိပ္ပမာဏာ သက္ခရာ။ (ပါစိတ် အဋ္ဌကထာ-၂၁)။
"မုဋ္ဌိပ္ပမာဏာ"တိ မုဋ္ဌိနာ သင်္ဂဟေတဗ္ဗပမာဏာ။
(သာရတ္ထ-တ-၁၄)။

**အဓိပ္ပာယ်** .... လက်ဆုတ်ဖြင့်ကိုင်နိုင်သော ကျောက်ခဲသည် သက္ခရမည်၏။ လက်ဆုတ်ဖြင့်ကိုင်လို့ မရနိုင်သော ကျောက်တုံးကြီးသည် ပါသာဏ မည်၏။

## အရပ်ကိုသတ်မှတ်ခိုင်းမှုအာပတ်သင့်ခြင်း

"ပေါက္ခရဏိံ ခဏာ"တိ ဝဒတိ၊ ဝဋ္ဋတိ။ ခတာယေဝ ဟိ ပေါက္ခရဏီ နာမ ဟောတိ၊ တသ္မာ အယံ ကပ္ပိယ ဝေါဟာရော။ (အဋ္ဌကထာ-၂၁)။
"ပေါက္ခရဏိံ ခဏာ"တိ ဝဒတိ၊ ဝဋ္ဋတိ တိ "ဣမသ္မိံ ဩကာသေ"တိ အနိယမေတွာ ဝုတ္တတ္တာ ဝဋ္ဋတိ။
(သာရတ္ထ-တ-၁၅)။

**အဓိပ္ပာယ် ....** 'ကန်တူးစမ်း' ဟူသော စကားသည် ကပ္ပိယဝေါဟာရ ဖြစ်သောကြောင့် ခိုင်းကောင်းသည်။ အာပတ်မသင့်။ (အဋ္ဌကထာ)။

"ဤနေရာ၌ ကန်တူးစမ်း"ဟု နေရာကို သတ်မှတ်မှု မရှိသောကြောင့် အာပတ်မသင့်။ (ဋီကာ)။

ဤဋီကာစကားသည်
"ဣမံ ဩကာသံ ခဏ၊ ဣမသ္မိံ ဩကာသေ ပေါက္ခရဏိံ ခဏာ"တိ ဝတ္တုံ ပန န ဝဋ္ဋတိ-ဟူသော ဗျတိရေကဝေါကျနှင့် ညီညွတ်ပေသည်။

## မီးလှုံရာ၌ ထင်းချောင်းကိုမကိုင်ရ

ဒဟာတိ ဝါ ဒဟာပေတိ ဝါ၊ အာပတ္တိပါစိတ္တိယဿ။
(အာပတ္တိဒုက္ကဋဿ) (ပါစိတ်ပါဠိတော်-၅၀)။

မြေကြီးပေါ်မှာ မီးမွှေးသောရဟန်းအား ပါစိတ်(ဒုက္ကဋ်) အာပတ် သင့်သည်-ဟု ဟောတော်မူသောကြောင့် ဆောင်းလ- (ချမ်းအေးသော) ရာသီ၌ နံနက်စောစောထ၍ မီးလှုံသောရဟန်းများသည် ထင်းချောင်းကို မကိုင်ကောင်းပါ။ ကိုင်လျှင်အာပတ်သင့်သည်။(အထူးသတိပြုပါ-အမှတ်မဲ့ ကိုင်မိတတ်သည်။)

မုသာဝါဒဝဂ်ပြီး၏။

---

## ဘူတဂါမဝဂ်

### ဘူတဂါမ သိက္ခာပုဒ်၌ မှတ်ဖွယ်

ဘူတဂါမံ ဝိကောနေန္တဿ ပါစိတ္တိယံ၊
ဘူတဂါမ ပရိမောစိတံ ပဉ္စဝိဓမ္ပိ
ဗီဇဂါမံ ဝိကောပေန္တဿ ဒုက္ကဋံ။ (ပါစိတ် အဋ္ဌကထာ-၂၈)။

**အဓိပ္ပာယ်**....ဘူတဂါမ်ကို ဖျက်ဆီးသော ရဟန်းအား ပါစိတ်အာပတ်သင့် သည်။ ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ်သင့်သည်။

**ဘူတဂါမ်**၊ ။"ပတိဋ္ဌိက ဟရိတ တိဏရုက္ခာဒိနမေတံ အဓိဝစနံ"ဟူသော (အဋ္ဌကထာ ၂၆) စကားအရ-စိမ်းစိုသော ညောင်ပင်ပေါ်၌ တည်နေသော ညောင်ကိုင်းသည် ဘူတဂါမ်မည်သည်။

**ဗီဇဂါမ်**။ ။ပရောဟိ ဥပ္ပါဋိဘာနိ ဝိကောပေန္တဿ ဒုက္ကဋံ၊
တာနိ ဟိ ဗီဇဂါမေ သင်္ဂဟံ ဂစ္ဆန္တိ။
(ပါစိတ် အဋ္ဌကထာ-၂၈)။
ဥပ္ပါဋိတာနီတိ ဥဒ္ဓဋ္ဋာနိ။ ဗီဇဂါမေ သင်္ဂဟံ ဂစ္ဆန္တီတိ-
ဘူတဂါမတော ပရိမောစိတတ္တာ ဝုတ္တံ။ (သာရတ္ထ-တ-၂၀)။

**အဓိပ္ပာယ်**...သူ့ဘာပါးတို့ ခုတ်ချိုင်၍ထားသော ညောင်ကိုင်းသည် ဗီဇဂါမ် မည်၏။

ထို့အတူ ပြုပ်ပင်၌ သီးနေသော ပြုပ်သီးသည် ဘူတဂါမ်မည်၏။ ဆွတ်၍ထားသော ပြုပ်သီး၊ ဆွမ်းပွဲ၌ပါလာသော ပြုပ်သီးထောင့်သည်

ဗီဇဂါမ်မည်၏။ ထိုကြောင့် ငြုပ်သီးကို ကပ္ပိပြီးမှ စားရသည်။ မကပ္ပိပဲ စားလျှင် ဒုက္ကဋ်အာပတ်သင့်သည်။

**ကပ္ပိနည်း**....''လက်သဲဖြင့်ဖြ၍ ရနိုင်သော ပစ္စည်းတခုခုကို ငြုပ်သီး ထောင်းပုံခွဲထည့်ပြီး ဘုန်းကြီးကကိုင်ထားလျက်'' ကပ္ပိယံ ကရောဟိ'' ဟုဆိုပါ။

လူသာမဏေက ကိုင်ထားသော ပစ္စည်းဝတ္ထုကို ''ကပ္ပိယံ ဘန္တေ'' ဟုဆိုပြီး လက်သဲဖြင့် ပြတ်အောင်ဖြတ်လိုက်ပါ။

**လွယ်ကူတာနဲ့လုပ်**....ဆွမ်းပွဲမှာပါသော ပဲတောင့်ရှည်ကြီးဖြစ်စေ၊ နံနံပင်ပျိုးဖြင့် ဖြစ်စေ၊ အလွယ်တကူ ရနိုင်သော ပစ္စည်းဖြင့်လုပ်ပါ။ ဝေးဝေးလံလံ ထသွား၍ ရှာနေရလျှင် အခြားပုဂ္ဂိုလ်များက အလုပ်ပိုလုပ်သည်ဟု ယင်ယက်သည်။

## ကပ္ပိစားတာတောကျသတဲ့

အချို့က ငြုပ်သီးထောင်း ကပ္ပိစားသည့်အတွက် ''ဟောကျသည်'' ဟူ၍ ပြောကြသည်။ ဟောမကျပဲ ချောက်ယဲ့ဟ မတက်ပဲနေနေ၊ မအပ်မှန်း သိပါလျက် မစားကြပါနဲ့ကွယ်ရို့-လို့ ကျေးဇူးရှင်ကြီး မိန့်ဘူးသည်။

ထို့ပြင်–

ငါတို့ငယ်ဆရာ(ငါသရောက်-ရွှေမြင်တင်) ဆရာတော်ဘုရားကြီးကား အခြားပုဂ္ဂိုလ်များက ''ကပ္ပိယံ ကရောဟိ–ကပ္ပိယံဘန္တေ''စသည်ဖြင့် ဝိနည်းကံ ပြုပြီးလျှင် ငြုပ်သီးထောင်းကို စားသည်။ မိမိကိုယ်တိုင်ကား ဝိနည်းလည်းမပြု၊ စားလည်းမစားပါ-ဟု အမိန့်ရှိသည်။

ကျေးဇူးရှင် ရေစကြိုဆရာတော် ဘုရားကြီးကား ငြုပ်သီးထောင်းကိုမစား ငြုပ်သီးကျော်ကို စားသည်။ (ကျောင်းဒကာကြီး ဦးဖိုးဖေက ငြုပ်သီးကျော်လာကပ်သည်ကိုတွေ့ရသည်)ဟု ကျေးဇူးရှင်ကြီး မိန့်ဘူး၏။

ပခုက္ကူမြို့ မန္တလေးတိုက် ပုခန်းဆရာတော်ဘုရားကြီးက''(ဦးဇဝန-ငြုပ်သီးထောင်းစားရတာ ဒုက္ကဋ်ပါတယ်။ မစားပဲနေတာကောင်းတယ်။ ကပ္ပိတယ်ဆိုပေမယ့်လို့ အကပ်ပြောက်လျှင်တော်ရဲ့၊ မပြောက်လျှင် ဘယ်နဲ့လုပ်မလဲ''ဟု အမိန့်ရှိသည်။ ထို့ကြောင့်–

"ဂရုက လဟုကေသု ဂရုကေယေဝ ဌာတဗ္ဗံ"ဟု

ပါရာဇိကကဏ်အဋ္ဌကထာ ပရိဝါအဋ္ဌကထာတို့၌ လာသောကြောင့်လည်းကောင်း,

"ဝိနယဝိနိစ္ဆယေ ‌စ သမ္ပတ္တေ ဂရုကေ ဌာတဗ္ဗတ္တာ န သက္ကာ ဧတ္ထ အနာပတ္တိယာဘာဝိတုံ"ဟု-

သာရတ္ထဋီကာလာသောကြောင့်လည်းကောင်း ပြုပ်သီးထောင်းကို ဆေးပစ္စည်းအနေဖြင့်သာ အသုံးပြုလျှင် ပို၍ကောင်းပေသည်။

သို့သော်လည်း မနေနိုင်လို့ စားလိုကြပါလျှင်ကား ကပ္ပိခြင်းငါးမျိုးကို တိုက်ရိုက် ဟောထားခြင်းကြောင့် ဆိုခဲ့ပြီး ဝိနည်းကံပြုနည်းဖြင့် စားကြပါ။ "မအပ်ဘူး"-ဟု ငါတို့မဆိုလို။ (ဤ၌လည်း "ကပ္ပိယံ ကရောဟိ၊ ဒေဟိ၊ ဇာန၊ အာဟရ အတွေ့၊ ဤအပြော အပ်သော ပြုလုပ်ခွင့်" ကို သတိပြု-ဟု ကျေးဇူးရှင်ကြီး အမိန့်ရှိပါသည်။)

## "ကပ္ပိခြင်း ငါးပါး"

အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟိ သမဏကပ္ပေဟိ

ဖလံ ပရိဘုဉ္ဇိတုံ အဂ္ဂိပရိစိတံ၊

သတ္ထပရိစိတံ၊ နခပရိစိတံ၊ အဗီဇံ၊

နိဗ္ဗဋ္ဋဗီဇမေဝ ပဉ္စမံ"န္တိ။ (သာရတ္ထ-တ-လာပရိဝါပါဠိတော်။)

**အဓိပ္ပာယ်**....စိုက်လျှင် ပေါက်ကောင်းသော "မျိုး"- ဟူသော ဗီဇဂါမ်များကို ကပ္ပိပြီးမှ စားရသည်။ ထိုကပ္ပိခြင်းတို့သည်ကား-

၁။ အဂ္ဂိ ပရိဇိတ-မီးဖြင့် ကပ္ပိခြင်း။

၂။ သတ္ထ ပရိဇိတ-ဓားဖြင့် ကပ္ပိခြင်း။

၃။ နခ ပရိဇိတ-လက်သဲဖြင့် ကပ္ပိခြင်း။

၄။ အဗီဇ-စင်ကိုယ်ကပင် အစေ့မပါခြင်း။

၅။ နိဗ္ဗဋ္ဋဗီဇ-အစေ့မျိုးစေ့ ထုတ်ပြီး ‌စ်ခြင်းတို့တည်း။

**မှတ်ချက်**။ ထိုငါးပါးတို့တွင် နောက်နှစ်ပါးကို-

"အဗီဇ နိဗ္ဗဋ္ဋဗီဇာနိ သယမေဝ ကပ္ပိယာနိ"-ဟု

(အဋ္ဌကထာ-၃၂)၌ မိန့်ဆိုသောကြောင့် ဝိနည်းကံ ပြုဖို့မလို။ သူ့အလိုလို အပ်တော့သည်။

**ဆောင်ပုဒ်။ ၁။ မီး, ဓား, နခါ၊ အဗီဇာ၊ ပယ်ခွါအစေ့ထုတ်။**

**၂။ နောက်ဆုံးနှစ်ရပ်၊ ပင်ကိုယ်အပ်၊ ကျမ်းလာမှန်မယုတ်။**

## ၼ၃၀။ ၁၈ သိက္ခာပုဒ်၌ မှတ်ဖွယ်

### အညေနညံ အဝိပ္ပာယ်

အညေနညံ ပဋိစရတီတိ အညေန ဝစနေန
အညံ့ ဝစနံ ပဋိစရတိ။ ပဋိစ္ဆာဒေတိ၊
အဇ္ဈောတ္ထရတိ။ (အဋ္ဌကထာ-၃၄)။
အညံဝစနန္တိ ယံ စောဒကေန စုဒိတကဿ
ဒေါသ ဝိဘာဝန ဝစနံ ဝုတ္တံ၊
တံ တတော အညေနေဝ ဝစနေန ပဋိစရတိ။
အထဝါ အညေနညံ ပဋိစရတီတိ အညေန
ကာရဏေန အညံ ကာရဏံ ပဋိစရတိ။
(သာရတ္ထ-ဘ-၂၃)။
အညံဝစနန္တိ ယံ ဒေါသ ဝိဘာဝနတ္ထ
ပရေဟိ ဝုတ္တဝစနံ၊ တံ တဿ အနနုစ္ဆဝိဘာဝန
အညေန ဝစနေန ပဋိစရတိ။ (ဝိမတိ-ဒု-၁၂)။

**အဓိပ္ပာယ်**....နောက်စကားဖြင့် ပြောဆိုပြီး ရှေးစကားကို ဖုံးကွယ်ခြင်းသည် "အညေနညံပဋိစရတိ" မည်၏။ (အဋ္ဌကထာ)။

စောဒကပုဂ္ဂိုလ်က စုဒိတက၏ အပြစ်ကို ထင်ရှားအောင် မေးသော အခါ မေးသောစကားကို အခြားစကားဖြင့် ဖုံးကွယ်ခြင်းသည် "အညေနညံ ပဋိစရတိ" မည်၏။ (သာရတ္ထ)။

**တနည်း**။ ။အကြောင်းတမျိုးဖြင့် အကြောင်းတမျိုးကို ဖုံးကွယ်ခြင်းသည် "အညေနညံ ပဋိစရတိ" မည်၏။ (သာရတ္ထ)။

အခြားပုဂ္ဂိုလ်များက အပြစ်ထင်ရှားအောင် ပြောဆိုသော စကားမျိုးကို ယင်းစကားနှင့် ဘာမှမပယ်သက်သော အခြားစကားဖြင့် ဖုံးကွယ်ပြောဆိုခြင်းသည် "အညေနညံပဋိစရတိ" မည်၏။ (ဝိမတိ)။

### ဖုံးကွယ် ပြောဆိုနည်း

ကော အာပန္နော၊ ကိံ အာပန္နော၊ ကိသ္မိံ အာပန္နော၊
ကထံ အာပန္နော၊ ကံ ဘဏထ၊ ကိံ ဘဏထ။
(ပါစိတ် ပါဠိတော်-၅၃)။

ဣဒါနိ တံ ပဋိစ္စရဏစိမိ ဒဿေန္တော-
“ကော အာပန္နော”တိ အာဒိမာဟ။ (အဋ္ဌကထာ-၃၄)။

**အစိပ္ပာယ်**....သံဃာ- အလယ်မှာ အာပတ်ဖြင့် မေးစစ်သောအခါ-

၁။ ဘယ်သူသည် အာပတ်သင့်သလဲ။
၂။ ငါသည် အဘယ်အာပတ်သင့်သလဲ။
၃။ အဘယ်ကြောင့် အာပတ်သင့်သလဲ။
၄။ ငါ့မှာဘယ်နည်း ဘယ်ပုံအာပတ်သင့်ပါသနည်း။
၅။ ဘယ်လုပ်ငန်းမျိုးကို ပြောဆိုပါသနည်း။
၆။ အဲဒီလုပ်ငန်းလည်း ငါမသိ၊ ဘယ်အလုပ်ကို ပြောပါသနည်း။

စသည်ဖြင့် အကောင်အထည် တခုမျှ မယ်မယ်ရရ ရှာမရ၊ မူလစကားရင်း ပြောက်သွားအောင် ပြောဆိုခြင်းသည် အညဝါဒ (ဖုံးကွယ်၍) ပြောဆိုခြင်းမည်၏။ (နိဿယ၌ “အညေနညံ- အဖျင်းဖျင်း”-ဟု အနက်ပေးသည်။)

**ပါစိတ်အာပတ်ချင်းအတူ**

၁။ မုသာဝါဒ သိက္ခာပုဒ်၌ မဟုတ်မမှန်စကား ပြောဆိုခြင်းကြောင့် သင့်သည်။
၂။ ဤ၌ အာပတ်ကို ဝန်မခံသဖြင့် ကမ္မဝါစာ အဖတ်ခံရသောကြောင့် သင့်သည်။ (ဤသို့ အလွယ်ဆုံး မှတ်ထားပါ။)

**အညဝါဒကချင်း ထူးခြားချက်**

အနာရောပိတေ အညဝါဒကေ ဝုတ္တဒုက္ကဋံ-
ပါဠိယံအာဂတ အညေနညံ ပဋိစရဏဝသေန ယုဇ္ဇတိ။
အဋ္ဌကထာယံ အာဂတေန ပန ပါဠိ မုတ္တက
အညေနညံ ပဋိစ္စရဏဝသေန အနာရောပိတေ
အညဝါဒကေ မုသာပါဒေန ပါစိတ္တိယံ။
အာရောပိတေ ဣမိနာဝ ပါစိတ္တိယန္တိ ဝေဒိတဗ္ဗံ။
(သာရတ္ထ-တ-၂၄)။
အနာရောပိတေ အညဝါဒကေတိ ဝုတ္တဒုက္ကဋံ
ပါဠိယံ အာဂတ အညေနညံ ပဋိစရဏဝသေန ယုဇ္ဇတိ၊

အဋ္ဌကထာယံ အာဂတနယေန ပန မုသာဝါဒေန
အညေနညံ ပဋိစရန္တဿ ပါစိတ္တိယေန သဒ္ဓိံ ဒုက္ကဋံ၊
အာရောပိတေ ကမ္မိနာဂ ပါစိတ္တိယံ။ (ဝိမတိ-ဒု-၁၃)။

**အဝိပ္ပာယ်**....ဆိုပြီး ရှေးစကားကို နောက်စကားဖြင့် ဖုံးကွယ်ရာ၌ ကမ္မဝါစာဖြင့် မပြောကြားသေးမီ ဒုက္ကဋ်အာပတ်သင့်၏။ (ပါဠိတော်အလို) မုသာဝါဒ ပါစိတ်အာပတ်သင့်သည်။ (အဋ္ဌကထာအလို။)

ကမ္မဝါစာဖတ်ပြီးသော အခါ၌ကား- ဤအညဝါဒက သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။ (သာရတ္ထ။)

**တနည်း။** ။အဋ္ဌကထာအလို အညေနညကို ပြောခဲ့သော် ကမ္မဝါစာကို မဖတ်မီ မုသာဝါဒ ပါစိတ်နှင့် ဒုက္ကဋ်သင့်သည်။

ကမ္မဝါစာဖတ်ပြီးခဲ့သော် ဤသိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်သည်-ဟု ဆို၏။ (ဝိမတိ။)

## အကိရိယသမုဋ္ဌာန်

ဤသိက္ခာပုဒ်၌ အညဝါဒကအရ စကားအမျိုးမျိုး ပြောင်းလွှဲပြောဆိုသဖြင့် ကမ္မဝါစာ အဖတ်ခံရခြင်းကြောင့် ပါစိတ်အာပတ်သင့်သည်။

ဝိဟေသကအရ စကားမပြောပဲ တုဏှိဘာဝနေခြင်းကြောင့် ပါစိတ်အာပတ်သင့်ရသည်- ဟု ဆိုရာ မနောဒွါရမှာ အာပတ်သင့်သည်-ဟု ထင်တတ်ကြသည်။ မဟုတ်ပါ။ ကာယဒွါရ ဝစီဒွါရ၌ လုပ်သင့်သည်ကို မလုပ်ခြင်းကြောင့် သင့်သော အကြိယ သမုဋ္ဌာန်ရှိသော အာပတ်ဖြစ်ပေသည်။ (မနောဒွါရ၌ အာပတ်မသင့်နိုင်ပုံကို နောက်နားက ပြောခဲ့ပြီ။)

အညဝါဒသိက္ခာပုဒ်ပြီး၏။

---

## ဥဇ္ဈာပနကသိက္ခာပုဒ်၌ မှတ်ဖွယ်
### တကြိမ်လျှင် အာပတ်နှစ်ချက်သင့်

ယသ္မာ ဥဇ္ဈာပနံ ခိယျနဉ္စ မုသာဝါဒ ဝသေနေဝ ပဝတ္တံ၊
တသ္မာ အာဒိကမ္မိကဿ အာနာပတ္တိတိ-
ပါစိတ္တိယဒွာနေ စ ဒုက္ကဋဋ္ဌာနေ စ ကမ္မိနာဝ
အနာပတ္တိဒဿနတ္ထံ ဝုတ္တန္တိ ဂဟေတဗ္ဗံ။

ဝေဠုကတ္ထာ ဥဏ္ဏာပေန္တဿ ခိယျန္တဿစ
ကေကစ္ဆဏော ဒွေ ဒွေ အာပတ္တိယော ဟောန္တီတိ အာပန္နံ။
အထဝါ ဣဒိသံ သိက္ခာပဒံ မုသာဝါဒတော–
ပဌမံ ပညတ္တန္တိ ဂဟေတဗ္ဗံ။ (သာရတ္ထ–တ–၂၅)။

**အဓိပ္ပာယ်**....ကဲ့ရဲ့ခြင်း– ရှုံ့ချခြင်းသည် မုသာဝါဒနှင့် မကင်းနိုင်သော ကြောင့် ပါစိတ်, ဒုက္ကဋ် အာပတ်သင့်ရာဌာနများ၌ ဤဥဏ္ဏာပန သိက္ခာပုဒ်ဖြင့်သာ အာပတ်မသင့်ကြောင်း ပြရန်အတွက် "အာဒိ ကမ္မိကဿ အနာပတ္တိ"–ဟု ဟောရခြင်းဖြစ်ကြောင်း ယူသင့် ပေသည်။

ထို့ကြောင့် ကဲ့ရဲ့သောပုဂ္ဂိုလ်အား ကဲ့ရဲ့မှုတကြိမ်လုပ်ရာ၌ အာပတ် နှစ်ခု၊ နှစ်ခု တပြိုင်နက် သင့်နိုင်ပေသည်။ ထို့အတူ ရှုံ့ချမှု တကြိမ်လုပ်ရာ၌ လည်း အာပတ်နှစ်ခု၊ နှစ်ခုတပြိုင်နက် သင့်သည်–ဟု မှတ်သင့်ပေသည်။

**တနည်း**။ ။မုသာဝါဒ သိက္ခာပုဒ်အရင် ဤသိက္ခာပုဒ်ကို ပညတ်ထားပြီး ဖြစ်သောကြောင့် "အာဒိကမ္မိကဿ အနာပတ္တိ"–ဟု ဟောခြင်း ဖြစ်ကြောင်း ယူသင့်ပေသည်။

**ဝိမတိဝါဒ**

ဣမာပိ မုသာဝါဒေန ဥဏ္ဏာပနာဒီနံ သမ္ဘဝတော
ဒုက္ကဋဋ္ဌာနာနိ စ အာဒိကမ္မိကဿ အနာပတ္တိ စ
ဣမိနာ ဧဝ သိက္ခာပဒေန ဝုတ္တာတိ ဝေဒိတဗ္ဗံ။
သဗ္ဗတ္ထ မုသာဝါဒ ပါစိတ္တိယဿ အနိဝတ္တိတော။
(ဝိမတိ–ဒု–၁၄)။

**အဓိပ္ပာယ်**....ဤသိက္ခာပုဒ်၌ ရှုံ့ချခြင်း–ကဲ့ရဲ့ခြင်း အမှုသည် မုသာဝါဒဖြင့် ဖြစ်သင့်ကြောင်း ဒုက္ကဋ်သင့်ပုံ, အာဒိကပုဂ္ဂိုလ်အား အာပတ် မသင့်ပုံကို ဤသိက္ခာပုဒ်ဖြင့်ပင် အဆုံးအဖြတ် ပေးသင့်သည်။ အကြောင်းကား အညဝါဒစသော ခပ်သိမ်းသောသိက္ခာပုဒ်တို့၌ မုသာဝါဒ ပါစိတ် အာပတ်က အမြဲဖြစ်သင့်သော ကြောင့်တည်း။

### ဥဇ္ဈာပန (ကဲ့ရဲ့)ခိယျန (ရှုတ်ချခြင်း)တို့၏ အထူး

ဘိက္ခုံ လာမကတော စိန္တာပနတ္ထ အညေသံ
တံ အဝဏ္ဏကထနံ ဥဇ္ဈာပနံ နာမ၊
အညေ သံ ပန အဝတွာ အညမညံ သမုလ္လပနဝသေန
ဘိက္ခုနော ဒေါသပ္ပကာသနံ ခိယျနံ နာမာတိ-
အယမေ တေသံ ဘေဒေါ။ (ဝိမတိ-ဒု-၁၃)။

**အဓိပ္ပာယ်**....ရဟန်းတပါးအား နှိမ့်ချသောအားဖြင့် အတွေးအခေါ်ဝင်လာအောင် အခြားပုဂ္ဂိုလ်တို့အား အပြစ်ပြောပြခြင်းသည် ဥဇ္ဈာပန (ကဲ့ရဲ့)သည်မည်၏။

အခြားပုဂ္ဂိုလ်ကို့အား မပြောကြားမူ၍ အချင်းချင်း အတွင်းလှည့်ပြီး တီးတိုးတိတ်တိတ် အပြစ်ကို ထင်ရှားအောင် ပြခြင်းသည် ခိယျန (ရှုတ်ချသည်) မည်၏။ ဤကား-အထူးပေတည်း။

ဥဇ္ဈာပနက သိက္ခာပုဒ်၌ မှတ်ဖွယ်ပြီး၏။

---

## ပဌမ သေနာသန သိက္ခာပုဒ်၌မှတ်ဖွယ်

### အာဂန္တုများ လိုက်နာရမည့်စည်းမျဉ်း

အနာပုစ္ဆံ ဝါ ဂစ္ဆေယျာတိ ဘိက္ခုံ ဝါ သာမဏေရံ ဝါ
အာရာမိကံ ဝါ အနာပုစ္ဆာ မဇ္ဈိမဿ ပုရိသဿ
လေဍ္ဍုပါတံ အတိက္ကမန္တဿ အာပတ္တိ ပါစိတ္တိယဿ။
(ပါစိ-ပဒဘာဇနီ ပါဠိတော်။)

**အဓိပ္ပာယ်**....ရဟန်းတပါးသည် အခြားကျောင်းတိုက်သို့ အာဂန္တုအဖြစ်ဖြင့် သွားသောအခါ အာဝါသိက(ကျောင်းနေ) ရဟန်းက သံဃိကဖြစ်သော ညောင်စောင်း၊ အင်းပျဉ်၊ ကုဋင်၊ ကော်ဇော၊ ခေါင်းအုံး- စသော ပစ္စည်းတို့ဖြင့် ဧည့်ဝတ်ပြု၍ ခင်းပေးလေသည်။

ထိုပစ္စည်းတို့ကို အသုံးပြုပြီးသော အဆိုပါအာဂန္တုက ရဟန်းသည်- မိမိလိုရာ အရပ်သို့ သွားလိုခဲ့သော် ညောင်စောင်း၊ အင်းပျဉ်၊ ကုဋင်၊

ကော်ဇော၊ ခေါင်းအုံး-စသော သံဃိက ပစ္စည်းများကို သိမ်းဆည်း၍သွားရမည်။ ကိုယ်တိုင်မသိမ်းနိုင်လျှင် (သိမ်းချိန်မရလျှင် အသိမ်းခိုင်းရမည်။)

မိမိကိုယ်တိုင် သိမ်းချိန်သည်းမရ၊ အသိမ်းခိုင်းချိန်လည်း မရခဲ့သော် အရာမ်အတွင်းမှာ ထင်ရှားရှိသော ရဟန်း, သာမဏေ, အရာမ်စောင့်များကို ပန်ကြားပြီးမှ သွားရမည်။

အကယ်၍ မပန်ကြားပဲ သွားခဲ့သော် မဇ္ဈိမပုရိသ၏ခဲတကျကိုလွန်လျှင် ပါစိတ်အာပတ် သင့်သည်-ဟု ဆိုလိုသည်။ ပုဂ္ဂလိကပစ္စည်းဖြစ်သော် ဒုက္ကဋ်အာပတ်သင့်သည်။

သေနာသနသိက္ခာပုဒ် ပြီး၏။

---

## နိက္ကဍ္ဎနသိက္ခာပုဒ်၌ မှတ်ဖွယ်အကျဉ်း

အပြစ်မရှိသော လဇ္ဇီရဟန်းကို သံဃိကကျောင်းမှ ဒေါသစိတ်ဖြင့် နှင်ထုတ်မှု ပါစိတ်အာပတ်သင့်သည်။ အလဇ္ဇီရဟန်းကိုကား အချိန်မရွေး နှင်ထုတ်နိုင်သည်။ သို့သော် တိုက်တာမှအပ အဝေးရောက်အောင် မနှင်ထုတ်ရချေ။ မိမိနေရာမှသာလျှင် နှင်ထုတ်ရသည်။

ဘဏ္ဍနကာရကခေါ်ရန် ဖြစ်တတ်သော ရဟန်းကိုကား တိုက်တာမှ နှင်ထုတ်နိုင်သည်။ "အတ္တနော ပုဂ္ဂလိကေ အနာပတ္တိ"-ဟု ဟောတော်မူခြင်းကြောင့် မိမိပုဂ္ဂလိကပိုင်ဖြစ်သော ကျောင်းမှကား သဘောမကျလျှင် နှင်ထုတ်နိုင်သည်။ အာပတ်မသင့်ချေ။

---

## ဩ[redacted]ဝါဒ သိက္ခာပုဒ်

### နိဿယမုစ္စက အင်္ဂါနှစ်ပါး

နိဿယည်း ဆရာနှင့် ကင်းပြီးနေထိုင်သော ရဟန်းများမှာ အင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံမှ နေထိုင်နိုင်သည်။ ထိုခုနစ်ပါးတို့ကား-

၁။ အနည်းဆုံး ငါးဝါရှိ ဖြစ်ရမည်။

၂။ သုတ္တန်မှ အနည်းဆုံး ၂-ဘာဏဝါရမျှ အရဆောင်နိုင်ရမည်။

၃။ ဒွေမာတိကာ ပါဠိတော်ကို နှုတ်တိုက်ဆောင်ထားနိုင်ရမည်။

၄။ သုမင်္ဂလ၊ ဒုမင်္ဂလမှာ အနုမောဒနာ ပြုရန်အတွက် တရားဟောရန် တပုဒ်စီရအောင် ကျက်ထားရမည်။ အခြားကိစ္စများ

ကြုံလာလျှင်လည်း ဟောပြောနိုင်ရန် သီးခြားတပုဒ်ရအောင် ဆောင်ထားရဦးမည်။

၅။ အခြားကြည်ညိုဖွယ်ရာ ဝတ္ထုဇာတ်ကြောင်း တခုခု ရထားရမည်။

၆။ ကံကြီး ကံငယ် လုပ်ငန်းများကိုလည်း နားလည်ရမည်၊

၇။ မင်္ဂလာ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်း တမျိုးမျိုးကိုလည်း အမြဲစီးဖြန်းလျက် ရှိရမည်။

**ဆောင်ပုဒ်။** ။**ငါးဝါလည်းရ၊ သုတ်ကနှစ်ဘာ။ ဓမ္မာဝါစုဂ်၊ သုံးပုဒ်အနု၊ ဝတ္ထုကော၊ ကမ္မာကမ္မ၊ လျှော်လှ ကမ္မဋ္ဌာန်း၊ စီးဖြန်းမို့ရာ၊ ခုနစ်ဖြာ၊ မှတ်ပါနိဿယ၊ မုတ္တကအင်္ဂါတည်း။**

**မှတ်ချက်။** ၅-ဝါမရသူ များနှင့် ငါးဝါပင် ရသော်လည်း ဖော်ပြပါ ခုနစ်ပါးနှင့် မပြည့်စုံသော ရဟန်းတော်များမှာ နိဿယည်း ပေးမည့်ဆရာနှင့် ကင်းပြီး မနေကောင်းချေ။ ကင်း၍ နေခဲ့သော် နေ့စဉ်ဒုက္ကဋ်အာပတ်သင့်သည်။

အထူးမှတ်ဖွယ်ကား—သုတ္တန်ပါဠိတော်မှ ဒုဘာဏဝါရအထိရအောင် ဆောင်ထားရမည်—ဟု ဟောထားခဲ့ပေသည်။ သို့သော်လည်း ရှေးမထေရ်ကြီးများက ၂-ဘာဏဝါရမျှ ရလျှင် တော်လောက်ပြီ-ဟု သတ်မှတ်ခဲ့ပေသည်။ ဓမ္မာတိကာ ပါဠိတော်ကိုလည်း အာဂုံ မဆောင်နိုင်လျှင်လည်း ၎င်းစာအုပ်များကို အနီးမှာချထား၍ အနက် အဓိပ္ပာယ်ကို နားလည်စေရမည်—ဟု ဆရာစဉ်ဆက် ယူကြသည်။

**ကျောင်းထိုင် ဘုန်းကြီး အင်္ဂါ-၅-ပါး**

ပရိသုပဋ္ဌာက (ဗဟုသုတ)ခေါ် ကျောင်းထိုင် ဘုန်းကြီးကား အင်္ဂါ ၅-ပါးနှင့် ပြည့်စုံမှ ကျောင်းထိုင်နိုင်သည်၊ ၎င်းတို့ကား-

၁။ အနည်းဆုံး-၁၀-ဝါရ ရမည်။

၂။ ဘိက္ခုဝိဘင်း၊ ဘိက္ခုနီ ဝိဘင်း ပါဠိတော်များကို အာဂုံ ဆောင်နိုင်ရမည်။

၃။ ကံကြီး၊ ကံငယ်များကိုလည်း လုပ်,ကိုင်တတ်ရမည်။

၄။ မဟာဝဂ္ဂါဝါဒသုတ္တက၊ စူဠဝဂ္ဂါဝါဒသုတ္တက ပါဠိတော်ကိုလည်း နားလည် ရမည်။

၅။ နာမ်ရုပ် ၂-ပါးကိုလည်း ပိုင်ပိုင် ဟောပြောနိုင်ရမည်။

**ဆောင်ပုဒ်။** ။**ဆယ်ဝါပြည့်တင်း၊ ဝိဘင်း ၂-ဖြာ။ ကမ္မာကမ္မ၊ ခန္ဓကပုဒ်။ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါး အင်္ဂါ-ဟူသည် တည်း။**

ဤအင်္ဂါ-၅-ပါးနှင့် ပြည့်စုံမှ ကျောင်းထိုင်နိုင်သည်။

၁၀-ဝါမရမီ ကျောင်းထိုင်သော ရဟန်း၊ ဆယ်ဝါပင်ရသော်လည်း အဆိုပါ အင်္ဂါနှင့် မပြည့်စုံပဲ ကျောင်းထိုင်သော ရဟန်းများမှာ နေ့စဉ် ဒုက္ကဋ် အာပတ်သင့်သည်။

**မှတ်ချက်။** ။ဤ၌ ပါရာဇိကဏ် ပါဠိတော်နှင့် ပါစိတ် ပါဠိတော်ကို ဘိက္ခု ဝိဘင်းခေါ်သည်။ ဘိက္ခုနီ ပါဠိတော်ကို ဘိက္ခုနီဝိဘင်း ခေါ်သည်။ ထိုဝိဘင်း ၂-ပါးကို နှုတ်တက် အာဂုံရအောင် ဆောင်ထားရမည်။ ရမှသာလျှင် ကျောင်းထိုင်ဘုန်းကြီးလုပ်နိုင်သည်။ သို့သော်လည်း "အတ္ထဝ သေနပိဃေယျဇာဆိုံ" ဟု ဋီကာကြီးတို့၌ ဖွင့်ဆိုသောကြောင့် ထိုဝိဘင်း ပါဠိတော်တို့၏ အနက်အဓိပ္ပါယ်နားလည်အောင် မှတ်သားပြီး၊ မိမိ၏ အနီးမှာ ထိုကျမ်းစာအုပ်များ ရှိပါမူ ဝိဘင်း ၂-ဖြာအတွက် စိတ်ချရပြီ-ဟု ရှေးဆရာတော်ကြီးများက ယူဆကြသည်။

## ရှေးဆရာတော်များ အယူ အဋ္ဌကထာနှင့်ညီ

ဖော်ပြပါ ဆရာတော်ကြီးများ အယူသည်-

ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ-ဟု ပါဠိတော်၌ ဥဘတော ဝိဘင်းကို ကျေပွန်အောင် ရစေရမည်-ဟု ဟောထားပါလျက် "အသက္ကောန္တေန ဟိ တီဟိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ-ဟု (ပါစိတ်ဋ္ဌ/၅၅) ၌ အဋ္ဌကထာဆရာတော်များကပင် ခပ်လျော့လျော့ ဖွင့်ဆိုထားချက်နှင့် ကိုက်ညီသည်-ဟု ကျေးဇူးကြီး ဆုံးဖြတ်တော်မူ၏။

## ဘုန်းကြီးများ ဘုန်းကြီးဖို့အတွက်

ထို့ပြင် ကျောင်းထိုင် ဘုန်းကြီးများသည် ဖော်ပြပါ ကျောင်းထိုင် အင်္ဂါ-၅ပါး၊အပြင် အခြား အားထုတ်ရမည့် လုပ်ငန်းများ စောင့်စည်းရမည့်။ တရားများလည်း ရှိသေးသည်။၎င်းတို့ကား-

၁။ ဂန္ထဓုရ,ဝိပဿနာဓုရ ၂-ပါးကို အမြဲအားထုတ်ရမည်။

၂။ ဟိတ်ဟန်လုပ်၍ ဝါကြွားမှု မလုပ်ရဖူး။

၃။ မိမိပိုင်ပစ္စည်းကို နှမြောဝန်တိုမှုမရှိရဖူး။

၄။ ဒါရာရာမှာ သည်းခံနိုင်ရမည်၊ ဒေါသမကြီးရဖူး၊ ဤအင်္ဂါ များနှင့် ပြည့်စုံမှ ကြီးပွားနိုင်သည်။ ဘုန်းကြီးနိုင်သည်။၊

ဆောင်ပုဒ်။ ။၁။ ဓုရနှစ်ပြင်၊ အလှစ်ခွင်၊ နေစဉ်ဝင်မှ သာမကာ။
၂။ ရဟန်းကိစ္စနှစ်ဓုရ၊ လု ပွါးဆည်း၊ ဟိတ်ဟန်နည်း၊ မစွည်းမသိ၊စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း-
(ငါတမျှော် ဆရာတော်)

## ဂဏဘောဇနသိက္ခာပုဒ်၌ မှတ်ဖွယ်

ဤသိက္ခာပုဒ်၌ ဂဏအရ ၁-၂-၃ ပါးကို မယူရ။ ၄-ပါးမှစ၍ ယူရသည်။ အခြားသိက္ခာပုဒ်များ၌ ၃-ပါးကို ဂဏယူ၍-၄ပါးမှစ၍ သံဃာ ယူရသည်။ ဤ၌ကား-ဂဏအရ ၄-ပါါမှစ၍ ရေတွက်ရသည်။ ဤကား ထူးခြားချက်တည်း။

၄-ပါး၊ ၄-ပါးထက် အလွန် နေကြသော ကျောင်း၌ “ထမင်းခံ၊ ထမင်းစား ကြွပါ” ဟု အကပ္ပိယနိမန္တနဖြင့် ပင့်ဖိတ်၍ တပေါင်းတည်း ကြွသွားပြီး ဆွမ်းခံစားလျှင် ဤဂဏဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ် သင့်သည်။

တပေါင်းတည်း မဟုတ်ပဲ ၁-၂-၃-ပါး အသီးသီး ကြွသွား၍ စားသောက်လျှင် သုပေါဒန သိက္ခာပုဒ်ဖြင့် ဒုတ္တဋ်သင့်သည်။ ထို့ကြောင့် ဤသိက္ခာ ပုဒ်၌ “တပေါင်းတည်း ခံ၍ စားခြင်းသာ' 'အဓိက ဖြစ်သည်။ အသီးသီးခံရာ၌ ဤသိက္ခာပုဒ်နှင့်မဆိုင်။ “ထမင်းခံပါ၊ ထမင်းစား ကြွပါ” ဖိတ်ခြင်းသည် အကပ္ပိယနိမန္တန၊ တောင်းခြင်း သည်ကား ဝိညတ် ဖြစ်၍ ဤအကပ္ပိယနိမန္တနဝိညတ်ကြောင့် ဂဏဘောဇန ပါစိတ်အာပတ်သင့်သည်၊

## ပထမပစ္စါရကာ သိက္ခာပုဒ်၌ မှတ်ဖွယ်
### ပဝါရိတ်သည် အာပတ်မဟုတ်

ဤသိက္ခာပုဒ်၌ ပဝါရိတ်ဟူသည် ပါစိတ်အာပတ် မဟုတ်သေးပါ၊ ပါစိတ်အာပတ်သင့်ဖို့ရန် အခြေခံ(မှားယွင်းသော) လုပ်ငန်းတခုဖြစ်သည်။ သို့သော် ပါတ်စိတ် အာပတ်သာ မသင့်သေးသည်၊ ဒုက္ကဋ် အာပတ်ကား သင့်လေပြီ။ ထိုပဝါရိတ်သင့်ခြင်း၏အကြောင်းတို့ကား–

၁။ ရဟန်းက စားနေဆဲဖြစ်ခြင်း။
၂။ ဘောဇဉ်၅–ပါးတို့တွင် တပါးပါးဖြစ်ခြင်း။
၃။ တောင်ထွာ ဟတ္ထပါသ်အတွင်းမှာ တည်ရှိခြင်း။
၄။ မြောက်ချီ၍ထားခြင်း။
၅။ တော်ပြီ၊ တန်ပြီ–ဟု မြစ်ပယ်ခြင်းတို့တည်း။

**ဆောင်ပုဒ်။ ။၁။ စားဆဲဘောဇဉ်၊ နီးတွင်ရပ်ခြင်း၊ ဆောင်လျဉ်းမြစ်ပယ်၊ အင် ငါးသွယ် ။သင့်ဖွယ်ပဝါရိတ်။**

**၂။ နေရာမရွှေ့၊ ထိုသည့်နေ့၊ စာ လိုသရွေ့စား။**

**ရှင်းလင်းချက်။** ။ရဟန်းတော်သည် ဆွမ်းဘဉ်း ပေးနေစဉ် (ဘောဇဉ် ငါးမျိုး တို့တွင် တမျိုးမျိုး စားနေစဉ်) ဆွမ်းလိုက် သူက ဟတ္ထပါသ် အတွင်းမှာ ရင်တည်လျက် ဆွမ်လိုက် ဇလုံကို မချီကိုင်ပြီး၊ "အရှင်ဘုရား ဆွမ်းယူပါဘုရား" ဟု လျှောက်ထားသောအခါ၊ "ဒကာကြီး တော်ပြီ၊တန်ပြီ" ဟု ပြန်ပြောလိုက်လျှင် ပဝါရိတ်အပြစ်သင့်လေပြီး ပါစိတ် အာဂတ်ကာ မသင့်သေးပါ။ သို့သော် နေရာမှ မပြောင်းပဲ၊ (ထိုင်ရာမှထ) စားနိုင်သည်၊ နေရာပြောင်းရွှေ့လျှင်ကား အတိရိတ်ဝိနည်းကံပြုပြီးမှ စားရ သည်။ အတိရိတ်ဝိနည်းကံမပြုပဲ စားခဲ့သော် ပါစိတ်အာပတ်သင့်တော့သည်။

### အတိရိတ်ဝိနည်းကံပြုနည်း

အတိရိတ်ဝိနည်းကံပြုရာ၌ အင်္ဂါ ခုနစ်ပါးနှင့်ပြည့်စုံရသည်။ ၎င်းတို့ကား–

၁။ အပ်သောဘောဇဉ်ဖြစ်ခြင်း။
၂။ အကပ်ခံပြီးဖြစ်ခြင်း။
၃။ သပိတ်ကိုမြောက်ချီထားရခြင်း၊

၁။ ဝိနည်းဓိုရ်ဟတ္ထပါသ်အတွင်းမှာ ထည့်၍ချခြင်း။
၂။ နေရာမှမထသေးခြင်း။
၃။ ဝိနည်းဓိုရ်က တခုခုစားပြီးဖြစ်ခြင်း။
၄။ ဝိနည်းဓိုရ်က "အလမေတံသဗ္ဗံ" ဟု ရွတ်ဆိုခြင်းတို့ကြည်း။
ဤအင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံလျှင် ပါစိတ် အာပတ် မသင့်ပါ။

**ဆောင်ပုဒ်။** ။၁။ **ကပ္ပိယမှန်၊ အကပ်ခံ၊ ချီ၍နှံဟတ္ထပါသ်။**
၂။ **နေရာမထ၊ စားပြီးမှ၊ အလမေတံရွတ်။**

**ရှင်းလင်းချက်။** ။ရဟန်းတို့အား အပ်သော ဘောဇဉ် ဖြစ်ရမည်။ ကပ္ပိရန် ရှိလျှင်လည်း ကပ္ပိပြီး ဖြစ်ရမည်။ အတိရိတ်ဝိနည်းကံပြုမည့် သပိတ်ကို မြှောက်ချီပြီး ထားရမည်။ ဝိနည်းဓိုရ်ပြုလုပ်မည့်ပုဂ္ဂိုလ်က ပဝါရိတ် သင့်နေလျှင် နေရာမှ မထရဖူး။ ပဝါရိတ်မသင့်ဖူးဆိုလျှင် နေရာမှ ထသော်လည်း အပြစ်မရှိပါ။ ထို့ကြောင့် "နေရာမထ" ဟူသော ဂနပါအင်္ဂါကား ပဝါရိတ်သင့်သော ဝိနည်းဓိုရ်အတွက်သာလိုသည်။ ပဝါရိတ်မသင့်သော ဝိနည်းဓိုရ်ဖြစ်လျှင် ၎င်းအင်္ဂါကိုချန်လှပ်၍ ၆-ပါးနှင့် ပြည့်စုံလျှင် ဝိနည်းကံ မြောက်ပြီ-ဟု ဆိုရ၏။

ထိုပြင် အတိရိတ် ဝိနည်းကံပြုပေးမည့် ဝိနည်းဓိုရ်သည် တခုခုကို စားပြီးဖြစ်နေရမည်။ အကယ်၍ မစားရသေးလျှင် အလွယ်ဘကူရနိုင်သော အခြားစားဖွယ်တခုကို စားလိုက်ရမည်။

**အတိုချုပ်လုပ်ငန်းစဉ်ကား**—အတိရိတ် ဝိနည်းကံ ပြုလုပ်လိုသော ရဟန်းသည် မိမိစားလိုသော ပစ္စည်းများကို သပိတ်၌ထည့်ပြီး ဝိနည်းဓိုရ်ထံသွားရောက်၍ သပိတ်ကိုမြှောက်ချီလျက်—

"အတိရိတ္တံ ကရောထ ဘန္တေ" ဟုဆိုရမည်။
ဝိနည်းဓိုရ်က ထိုသပိတ်ထဲမှ အနည်းငယ်မျှယူ၍—
"အလမေတံ သဗ္ဗံ" ဟု ဆိုပြီး ပြန်ပေးလိုက်ရမည်။ ထိုပစ္စည်းကို ဝိနည်းဓိုရ်မှ တပါးသော ရဟန်းများ စားကောင်း၏။ ဝိနည်းဓိုရ် မစားကောင်း။

ဂိလာန ရဟန်း၏ အကြွင်းအကျန်ကိုကား ဝိနည်းကံ မပြုပဲ စားကောင်း၏။ (တံသဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ ငါ့ဝိနည်းဓိုရ်အား မလိုတော့ပြီ)။

## ဝိကာလ ဘောဇန သိက္ခာပုဒ်၌ မှတ်ဖွယ်

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ-ဟူသည်နှင့် အညီ သတ္တဝါမှန်လျှင် စားမှု,သောက်မှုသည် အရေးကြီးလှပေသည်။ ထိုတွင် ရဟန်းတော်များမှာ စားသောက်ဖွယ်များ ပြည့်စုံပါလျက် မစားတတ်, မသောက်တတ်လျှင် (သို့)စားသောက်နည်းကို နားမလည်ပါလျှင် နေ့စဉ်နှင့်အမျှ (နေ့ရှိတိုင်း) အာပတ်တွေနဲ့၊ ထွေးလုံးရစ်ပတ်ဖြစ်ပြီး အလွန်ပူပြင်းလှသော သံတွေခဲကြီး မျိုနေရသကဲ့သို့ ရှိနေပေမည်။ ထို့ကြောင့် စားမှု,သောက်မှုသည် ရဟန်းတော်များမှာ ပိုပြီး အရေးကြီးလှပေသည်။ သို့ဖြစ်၍ အောက်ပါကာလိက ၄-မျိုး ကိုပိုင်နိုင်စွာ လေ့လာထားသင့်ပေသည်၊

### ကာလိက-၄-မျိုး

၁။ ယာဝ ကာလိက။(အကပ်ခံပြီးလျှင် မွန်းမလွဲမီ "နံနက်အချိန်" အတွင်း၌ စားရသော ဘောဇဉ်မျိုး-ဆွမ်း ဟင်း စသည်။)

၂။ ယာမ ကာလိက။(အကပ်ခံပြီးလျှင် နောက်နေ့ အာရုံ မတက်မီ စားသောက်ရသော အဖျော်ရည်များ။)

၃။ သတ္တာဟ ကာလိက။ (အကပ်ခံပြီး နောက် ခုနစ်ရက် အတွင်း အာမိသကင်း၍ သုံးဆောင်ရသောထောပတ် ပျားရည်စသည်များ။)

၄။ ယာဝ ဇီဝက။ (အကပ်ခံပြီး နောက်တသက်လုံး အာမိသမပါပဲ စားကောင်းသော ဇီးဖြူ၊ရှိရှား စသည်များ။)

**ဆောင်ပုဒ်။ ။၁။ ယာဝ,ယာမ၊ သတ္တာဟ၊ ယာဝဇီဝကာ။**
**၂။ စားဖွယ်-၄-မျိုး၊ ကမ္ဘည်းထိုး၊ ရှေးရိုးမှတ်ဖွယ်လာ။**

**ရှင်းလင်းဦးအံ့။**

(၁) စားမျိုလိုက်သော် အာဟာရ ကိစ္စ ပြီးစေနိုင်သော စားဖွယ် ဟူသမျှသည် ယာဝကာလိက အစာမျိုးမည်၏။

**မဆောင်ပုဒ်။ ။အရစ်တိုင်းမှာ၊ အာဟာရကိစ္စ၊ဝါးရိုးကျ၊ယာဝကာလိကာ။**

(၂) အဖျော်ရည်၊ ဘိလပ်ရည်၊ ရှာလဘတ်ရည် ရသည်တို့သည် ယာမကာလိက အစာမျိုးဝင်ကုန်၏။

**စဆောင်ပုဒ်။** ၁။ သပြေသရက်၊ မုဘရက်၊ ဖက်သက်သစ်မြည့်စီ။
၂။ တောငှက်ပျော၊ အိမ်ငှက်ပျော၊ ကြာစွယ်နှော၊ အစ်သော အဖျော်ရည်။

သပြေသီး၊ သရက်သီးစသော ယာဝကာလိက အသီးတို့ဖြင့် အဖျော်ရည်စိမ်လျှင် ပုဝါထူထူဖြင့် အရည်ကြည်အောင်စစ်ပြီးမှ သောက်ပါ။မှုံညှင်းစေ့မျှ အဖတ်ပါလျှင်ပင် မအပ်ချေ။

(၃) ဇီဖြူ ရှိရှား သဖန်ခါးစသော ယာဝဇီဝကမျိုးတို့ဖြင့် အဖျော်ရည်စိမ်လျှင် မစစ်ပဲပင် သောက်ကောင်း၏။

(၄) ညနေအချိန်(မွန်းလွဲလျှင်) ပျားရည်စသော သတ္တာဟ ကာလိကမျိုးကို ဂိလာနဖြစ်မှ စားကောင်း၏။ အဂိလာနဖြစ်လျှင် (နေထိုင်ကောင်း)လျှင် ရေနှင့်အနည်းငယ်ရောပြီးမှ စားပါလေ။သို့သော် အဖျော်ဟူသော အသုံးပြုနည်းဖြင့် သုံးဆောင်ပါ။

''ညနေအချိန် ဆွမ်းဆာသဖြင့် (အာဟာရအကျိုးငှါ) ဖြစ်ခဲ့သော် လျက်ဆားတောင် မလျက်ကောင်း''ဟု ကျေးဇူးရှင်ကြီး အမိန့်ရှိတော်မူ၏။

ထို့ကြောင့် ယာဝကာလိကဖြစ်သော လဘက်ခြောက်ထည့်ထားသော ရေနွေးကြမ်းကို ညနေအချိန် မသောက်ကောင်းချေ။

## မာတုလုင် အဆုံးအဖြတ်

မာတုလုင်ပုဒ်အရကို ရှောက်သီးလိုလို၊ကဗလာသီးလိုလို မတည်ငြိမ်ပဲ အမျိုးမျိုးပြောဆိုနေကြ၏။ မင်းတုန်း ရှင်ဘုရင်ကြီးလက်ထက် သာသနာပိုင် ဆရာတော် ဦးဥေယျက **ရှောက်သီး** ဟုဘာသာပြန်၏။ ၎င်းရှောက်သီးသည် ယာဝ ကာလိက ဖြစ်သောကြောင့် ညနေအချိန် မစားကောင်းချေ။ လူ သာမဏေများအား အရည်ကို ညှစ်ခိုင်းပြီး အရည်ကိုကား ညနေ အခါ သောက်ကောင်းသည်။ သို့သော် ညနေအချိန်မှာ ''အလုံး အတိုင်း အကပ် မခံကောင်း''ဟု ဆုံးဖြတ်တော်မူ၏။

## အရှေ့ခင်မကန် ဆရာတော်ကြီး ဝါဒ

မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် ဆရာတော်ဘုရားကား ၎င်း ပုဒ်ကို **သလဲသီး** ဟု ဘာသာပြန်သည်။ ရှောက်သီးမှာ စာတိုက်ရိုက်မလား

အာဟာရကိစ္စလည်း မပြီးစေနိုင်။ ထို့ကြောင့် ရှောက်သီးကို ယာဝ ဇီဝက မျိုး၌ထည့်သွင်းပြီး ညနေအချိန်မှာ အလုံးအတိုင်း အကပ်ခံကောင်းသည်-ဟု ဆုံးဖြတ်တော်မူ၏။ သို့သော် အဋ္ဌကထာ၌ကား ယာဝကာလိက၌ ထည့်ပြီး ဖွင့်ဆိုထားခဲ့သည်။

## ကျေးဇူးရှင်ကြီး အယူ

ကျေးဇူးရှင် ပခုက္ကူမြို့(မဟာဝိဇယာရာမတိုက်)ဆရာတော်ဘုရားကြီးကား **ရှောက်ချိုသီး** ဟု ဘာသာပြန်တော်မူ၏။ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ကွဲကောသီး၊ ကဗလာသီးနှင့် ရှောက်ပန်းသီး များသည် မာတုလုင်ပင် ဖြစ်သည်။ ဤသို့ယူမှ ယာဝကာလိက-ဟု ဖွင့်ဆိုထားသော အဋ္ဌကထာနှင့် ညီမည်-ဟု ဆုံးဖြတ်တော်မူ၏။ "ညနေအချိန် အကပ်မခံကောင်း မစားကောင်း"ဟု အမိန့်ရှိတော်မူ၏။

ရှောက်ချဉ်သီး သံပုရာသီး များမှာ အာဟာရ ကိစ္စ စားရိုးမကျ၊ အာဟာရကိစ္စ မပြီးစေနိုင်သဖြင့် ယာဝဇီဝကဖြစ်သည်။ ဆေးအလို့ငှါ ညနေ အချိန် အလုံးအတိုင်း အကပ်ခံကောင်း၏။ သုံးဆောင်ကောင်း၏။

## ကရမ္ဘက(လက်သုက်)မစားကောင်း

သို့သော် ကရမ္ဘကခေါ် ရှောက်သီးသုတ် သံပုရာသီးသုတ် များမှာ ညနေအချိန်မစားကောင်း၊ ဂျင်းသုတ်လည်း ထို့အတူ ညနေအချိန်မှာ မစားကောင်းချေ။ ကရမ္ဘကမဟုတ်ပဲ၊ ရှောက်၊သံပုရာ၊ဂျင်းများကို တခုစီ အသီး အခြားနေ့ပါလျှင် ညနေ အချိန်ပင် စားကောင်းသည်-ဟု ကျေးဇူးရှင်ကြီး ဆုံးဖြတ်တော်မူ၏။

မာတုလုံ်ဂ အဆုံးအဖြတ်ပြီး၏။

---

## အဒိန္နသံကွာပုဒ် အကပ်ခံပုံနည်း

ရဟန်းတော်များမှာ စားသောက်ဖွယ်ဟူသမျှ အကပ်ခံပြီးမှ စားရသည်။ ထိုအကပ်မြောက်သော ပစ္စည်းမှာ အနည်းဆုံး ရထရေကျော်မြို့ ပမာဏ ရှိမှ အကပ်မြောက်သည်။ အလေးဆုံးအားဖြင့် မွန်းအားပလ အလတ်စား ရှိသူ ချီနိုင်၊ မ,နိုင်မှသာလျှင် အကပ်မြောက်သည်။ တယောက်တည်း မချီနိုင်၊ မ,မနိုင်သောပစ္စည်းကို အကပ်မခံကောင်းပါ။ တယောက်တည်း မ,နိုင်၊ချီနိုင်သော ပစ္စည်းမျိုးကိုကား ၂-၃-ယောက်စိုင်းပြီး မြှောက်ချီပြီး ကပ်ကောင်းသည်။

ရထရေဇာမြူအောက်သေးငယ်သော တဇ္ဇာရီမြူ၊ အနုမြူ၊ ပရမာဏုမြူများကိုကား အကပ်ခံဖွယ် မလိုပါ။ အကပ် ခံသော အခါမှာလည်း စားပွဲခုံအောက်က ကြမ်းနှင့်လွတ်သွားအောင် မြှောက်ချီပြီးကပ်ရမည်၊စားပွဲခင်းက မလွတ်လျှင်လည်း အကပ်မမြောက်ပါ၊ အကပ်ခံသော ဘုန်းကြီးများ သတိပြုပါ။ အကပ်ခံသူ ဟတ္ထပါသ်အတွင်းလည်း ရှိရမည်။

**ခေါင်ပုဒ်။ ၁။ ထာမမဏ္ဍ၊ ချီကြွနိုင်ဖွယ်၊ မြူရထယ်၊ အတွယ်မရှိရာ။**
**၂။ ရဟန်းတို့မှာ၊ ကပ်မြှောက်ရာ၊ မှတ်ပါကျမ်းဂန်လာ။**

နံရံပေါက်စသည်မှဝင်လာသောနေရောင်နှင့် ပေါင်းမိမှ မြင်ရသောမြူကို တဇ္ဇာရီမြူခေါ်သည်။

ရထားသွားသောအခါလေတိုက်ပြီးပါလာသောမြူကို ရထရေဏုမြူခေါ်၏။ဆွမ်းစားနေစဉ် ထိုမြူဝင်လာလျှင် အကပ်ပျက်သွားပြီဖြစ်၍ ပြန်ပြီး အကပ်ခံပါ။

ထိုပြင် သစ်ပင်ပေါ်မှ ပေါက်ရောက်တွယ်ကပ်နေသော ဝတ္ထုပစ္စည်းများနှင့် တိုင် သစ်ပင်စသည်မှာ ချည်တွယ် နေသော ပစ္စည်းများ ကိုလည်း အကပ်မခံကောင်းပါ။ (သတိပြု၊)

### ဓူမပါတ (ဆေးလိပ်သောက်) အဆုံးအဖြတ်

ဆေးလိပ်ကို''အချို့က သောက်ကောင်းသည်၊ အချို့က မသောက်ကောင်း''ဟု အယူရှိကြ၏။ အချို့ကလည်း မိမိဆရာစဉ်ဆက် အလေ့အထကို အဘူယူ၍ ကျင့်သုံးကြသည်ကို တွေ့ရှိရသည်။ ရွှေကျင်ဂိုဏ်း သံဃာတော်များက မိမိတို့ ဆေးလိပ် မသောက်ကြောင်းကို ဒကာ/ဒကာမများ သိအောင် နေထိုင်ကြသည်။ ဆေးလိပ်သောက်သော ဘုန်းကြီးများကို ရွှေကျင်ဂိုဏ်းဝင်သံဃာများမဟုတ်၊ အခြားဂိုဏ်းက ဖြစ်သည်-ဟုလူလောကမှာ ပြောစမှတ်ဖြစ်နေပေပြီ။

စာရေးသူတို့ ပခုက္ကူနိကာယသည် ရွှေကျင်ဂိုဏ်းဝင်များ မဟုတ်ကြပါ၊ ဆေးလိပ်သောက်ခြင်းကို အပြင်းအထန် တားမြစ်ထားသည်။ တိုက်ပိုင်ဆရာတော် ဘုရားများနှင့် တိုက်အုပ်ဆရာတော်၊ စာချဆရာတော်များ၏ ရှေ့မှောက်တွင် တိုက်သား— သံဃာတော်များသည် ဆေးလိပ်မသောက်ဝံ့ကြချေ။ ပခုက္ကူမြို့နေ ဒကာ/ဒကာမများကလည်း ထိုအစဉ်အလာကို ကူညီစောင့်ရှောက်သော အနေဖြင့် ဆရာတော်ဘုရားကြီးများ ပါဝင်သော ဆွမ်းကျွေးပွဲများတွင် ဆေးလိပ်မကပ်ကြချေ။

မှတ်မိပါသေးသည်။ ၁၃၀၁-ခုနှစ်က ဖြစ်ပါသည်။ မြန်မာပြည်အောက်ပိုင်းမှ ပခုက္ကူသို့ စာသင်ရန်လာသော ရဟန်းငယ် ၂-ပါးသည် ဆေးလိပ်လက်ကြားညှပ်လျက် မြင်းလှည်းစီးပြီးတိုက်ထဲဝင်လာရာ ဆရာတော်ဘုရားကြီးက စာဝါအပြီး ရေအိမ်သို့ဆင်းလာစဉ် ပက်ပင်းပါ တွေ့ပါတော့သည်။ ထိုအခါ ဆွမ်းစားကျောင်းဘုန်းကြီးကိုခေါ်၍-

**"ဟေ့ - မောင်ဥတ္တမ၊ ဟိုမြင်းလှည်းနှင့် ဦးပဥ္စင်း ၂-ပါး ဘယ်ကျောင်းသွားသလဲ လိုက်ကြည့်စမ်း၊ အာဂန္တုဆိုလျှင် တညတော့ နေပါစေ၊ နေရအောင် လာတာဆိုလျှင်တော့ လက်မခံနဲ့လို့၊ ကျောင်းဘုန်းကြီးကို ပြောခဲ့"**

ဟု အမိန့်ရှိလိုက်ကြောင်း သိရပါသည်။

ထိုအကြောင်းကို ဥပုသ်နေ့ည ဩဝါဒပေးသောအခါ "မနေ့က ဦးပဥ္စင်း ၂-ပါး ဘယ်ကမှန်း မသိဖူး၊ တိုက်ထဲရောက်သည့် နေ့မှာပဲ မြင်းလှည်းစီးတဲ့အပြစ်ကတပြစ်၊ ဆေးလိပ်သောက်တဲ့အပြစ်ကတပြစ်ဆိုတော့ လက်ခံလို့ မဖြစ်တော့ဖူး၊ ဒါကြောင့် ကျောင်းဘုန်းကြီးကို လက်မခံနဲ့လို့ ပြောလိုက်ရတယ်"- ဟု ထည့်သွင်း အမိန့်ရှိသဖြင့် စာရေးသူ ငယ်စဉ်က ကြားလိုက်မိပါသေးသည်။

## ကျေးဇူးရှင်ကြီး ဆုံးဖြတ်ချက်

ယို့ကြောင့် ဆေးလိပ်ကို သောက်သင့်၊ မသောက်သင့် ချင့်ချိန်နိုင်ရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အောက်ပါဆုံးဖြတ်ချက်ကို ရှုစားတော်မူကြပါကုန်။

အရှင်ပိလိန္ဒ ဝစ္ဆမထေရ်အား ဦးခေါင်းပူနာရှိသဖြင့် နှာကို ဘုရားသခင်က ခွင့်ပြုတော်မူခဲ့၏။ သက်သာမှု မရှိသဖြင့် "အနုဇာနာမိ ဘိက္ခဝေ ဓူမံပါတုံ"-ဟု ဆေးလိပ်သောက်ရန် ခွင့်ပြုတော်မူ၏။ ဂိလာနအကြောင်း ရှိသဖြင့် ခွင့်ပြုခြင်းကြောင့် အဂိလာန (နေထိုင် ကောင်းသူ) များမှာ သောက်ဖို့မလို-ဟု အဓိပ္ပာယ်ရသည်။ ထို့ပြင်-

ဘိက္ခု ဓူမဝဋ္ဋိံ ပဋိဂ္ဂဟေတွာ ဓူမံ ပိဝတိ၊
မုခဥ္စ ဂန္ဓောစ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊

ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ ယာငကာလိကေန
ယာဝဇီဝိက သံသဋ္ဌေ ဒေါသော နတ္ထိ။
ပါစိတ် အဋ္ဌကထာ ဒန္တပေါဏ သိက္ခာပုဒ်း(ဆ/၁၁၈)။
ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ။ သာရတ္ထဋီကာ–
(ဆ/တ–၇၅)၌ ဖွင့်ဆိုသည်။

**အဓိပ္ပာယ်ကား**.... ဆေးလိပ်ကို ယနေ့ အကပ်ခံ၍ ယနေ့ပင် သောက်မှု ခံတွင်း လည်ချောင်း၌ စွဲကပ်နေသော ဆေးချိး-ဟူသော ယာဝဇီဝိကနှင့် ယနေ့စားသော ဆွမ်းဘောဇဉ်- ဟူသော ယာဝကာလိကတို့ ခံတွင်း လည်ချောင်းမှာ ပေါင်းဆုံ ရောနှောမိသော်လည်း သန္နိဓိပါစိတ်အာပတ် မသင့်။

ရှေးနေ့များက အကပ်ခံထားသော ဆေးလိပ်ကို သောက်မှု သန္နိဓိ ပါစိတ် အာပတ်သင့်သည်–ဟုပြဆို၏။ ထို့ကြောင့်ဆေးလိပ်ကို ယနေ့အကပ် ခံ၍ ယနေ့သောက်မှု ဝိနည်းအပြစ်မရှိပါ။ ဂိလာနအကြောင်းမရှိပဲ ညနေ (မွန်းလွဲ)အချိန်၌ သောက်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်သည်။ အနေ့နေ့က အကပ်ခံထားသော ဆေးလိပ်ကို သောက်မှုကား- သန္နိဓိပါစိတ် အာပတ် သင့်သည်။

### လောကအပြစ်များ

ဆေးလိပ်သောက်လျှင် သက်နှံးမီးလောင်တတ်သောအပြစ်, ခံတွင်း မကောင်းသောအပြစ်, အမြင်အားဖြင့် လူများနှင့်တူသောအပြစ်, မာတုဂါမ များနှင့် ဆက်ဆံရသောအပြစ်, မာတုဂါမများနှင့် ဆက်ဆံဖန်များလတ် သော် နောက်ဆက်တွဲ အမျိုးမျိုးပေါ်လာတတ်သော အပြစ်များ၊ အပ္ပကိစ္စ သလ္လ–ဟုက မဖြစ်, သမဏသာရုပ္ပ မဖြစ်, အနေအထိုင် ကျစ်လျစ် သိပ် သည်းသော ရှေးရှေးဆရာတော် ဘုရားကြီးများ၏ နေရိုးနေစဉ်မဟုတ် ခြင်း စသော အပြစ်တွေ များလှပေသည်။ (ဆေးလိပ် သောက်ခြင်းကြောင့် ကျန်းမာရေး ထိခိုက်ကြောင်းကိုလည်း သတိပြုကြပါ။)

ထို့ကြောင့် ကျင်ကြီးကျင်ငယ်စွန့်ရာ၌ မမြင်ကွယ်ရာမှာ ပုန်းကွယ်ပြီး စွန့်ရသကဲ့သို့ **သမဏသာရုပ္ပ** မဖြစ်သောကြောင့် မနေနိုင်သဖြင့် သောက်လို ခဲ့သော် လူမမြင်ရာ ပုန်းကွယ်ပြီး သောက်ကြပါလေ–ဟု အမိန့်ရှိဖူးသည်။

## ကျေးဇူးရှင်ကြီး၏ ၂- ပါး၏ မြင်ကွင်း

ဆေးလိပ်သောက်မှုနှင့် ပတ်သက်၍ အံ့သြဖွယ်ရာ မျက်မြင် တွေ့ရှိချက်ကို ရေးဦးအံ့။ မစိုးရိမ်ဆရာတော် ဘုရားကြီးသည် ဆဋ္ဌသံဂါယနာ သန္နိပါတ တခုမှာ (သန္နိပါတ မမှတ်မိတော့ပါ) ရန်ကုန်သို့ ရေကြောင်းခရီးဖြင့် ကြွလာရာခရီး ကြုံသဖြင့် ပခုက္ကူသို့ ခေတ္တဝင်ရောက်ခဲ့စဉ် လွန်ခဲ့သော တချိန် (စာသင်သားဘဝ တုန်းက ပခုက္ကူမဟာဝိဇယာရာမတိုက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့မှာ အတူနေလာခဲ့ဖူးသဖြင့် အချင်းချင်း ဝမ်းသာအားရ ပြောဆိုနေကြသည်မှာ ကြည်နူးစရာ ကောင်းလှပေသည်။

ပခုက္ကူဆရာတော် ဘုရားကြီးက မစိုးရိမ်ဆရာတော် ဘုရားကြီးထက် ၂-ဝါမျှ ကြီးသဖြင့် မထေရ်ကြီးဖြစ်သော ပခုက္ကူဆရာတော်ဘုရားကြီးအား လေးစားသော အမူအရာဖြင့် ပြောဆိုနေသော မစိုးရိမ်ဆရာတော် ဘုရားကြီးကိုလည်း ကြည်ညိုလို့မဆုံး ဖြစ်မိပါသည်။

ယင်းသို့ ရှေးဟောင်း နှောင်းဖြစ် (ဘဝအတွေ့အကြုံ ဘဝခံစားမှု) များကို လည်းကောင်း, ယခုခေတ်က ဘာသာရေး သာသနာရေး အခြေအနေနှင့် မျက်မှောက်ခေတ် အခြေအနေများ ကွာခြားပုံကိုလည်းကောင်း, ဆွေးနွေး ပြောဆိုနေကြစဉ်-

> **"ဦးသူရိယ-ကိုယ်တော် ငယ်ငယ်တုန်းက ဆေးလိပ်သောက်ပါတယ်၊ သောက်ချင်သောက်လေ၊ တပည့်တော်တို့ကတော့ အလေ့အထမရှိလို့ မသောက်ဖူး။ ဟေ့ရာဇိန္ဒ- ဆရာတော် ကြိုက်တတ်တဲ့ ဆေးလိပ်ရှာခိုင်းစမ်း"**

ဟု ပခုက္ကူ ဆရာတော်ဘုရားကြီးက အမိန့်ရှိသောအခါ-

**"ဆရာတော်ဘုရားကြီး ရှေ့မှာ မဝံ့ပါဘုရား"**-

ဟု လျှောက်ထားသော မစိုးရိမ်ဆရာတော်ဘုရားကြီး အသံကို ကြားရသော စာရေးသူမှာ တအံ့တသြဖြစ်ပြီး ကြက်သီးများပင် ထမိပါသည်။ မစိုးရိမ်ဆရာတော်ဘုရားကြီးကိုလည်း ပိုပြီးလေးစား ကြည်ညို မိပါတော့သည်။

အော်–သာသနာရေး နယ်ပယ်မှာ ပရိယတ္တိစာသင်တိုက်ကြီးတွေ တည်ထောင်ပြီး ကြီးကြီးကျယ်ကျယ် ထယ်ထယ်ခန့်ခန့် နေနိုင်ခဲ့သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ၂– ပါးကား–မျက်မြင် လောကမှ ကွယ်ပျောက်ခဲ့လေပြီးတကား–။

(မစိုးရိမ် ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်သောအနေဖြင့် "မစိုးရိမ်ပဋ္ဌာန်းနည်း" ကျမ်းစာထွက်ပေါ်လာတော့မည်၊ စောင့်မျှော်ရှုစားတော်မူကြပါကုန်။)

---

## စာရိတ္တသိက္ခာပုဒ်နှင့် ဝိကာလဂါမ ပဝေသနသိက္ခာပုဒ်

"ဆွမ်းစားကြွပါဦး"–ဟု ဒကာ–ဒကာမများက ပင့်ဖိတ်ထားသဖြင့် ဆွမ်းလက်ခံရှိသော ရဟန်းမှာ နံနက်အခါ အရပ်ထဲသွားလျှင် "အဟံ (ဘန္တေ) (အာဝုသော) ဂါမပဝေသနံ အာပုစ္ဆာမိ"–ဟု ထင်ရှားရှိသော ရဟန်းအား ပန်ကြားပြီး သွားရမည်။ မပန်ကြားပဲသွားလျှင် စာရိတ္တသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။

ဆွမ်းလက်ခံ မရှိသောရဟန်းမှာ ပန်ကြားနေရန်မလို၊ သွားကောင်း၏။ (မိမိက သိက္ခာငယ်လျှင် "အဟံဘန္တေ" – ဟု ဆို၊ မိမိကကြီးလျှင် "အဟံအာဝုသော"–ဟု ဆိုပါ။)

မည်သည့်ရဟန်းမဆို ညနေ (မွန်းလွဲ)အချိန်၌ အရပ်ထဲသွားလျှင်–

"အဟံဘန္တေ(အာဝုသော)ဝိကာလေ ဂါမပဝေသနံ အာပုစ္ဆာမိ"–

ဟု ပန်ကြားပြီး သွားရမည်။ (တပည့်တော် အရပ်ထဲသွားဦးခည်"–ဟု မြန်မာလိုလည်း ပန်ကြားကောင်းသည်။ သို့သော် ပေါ့တီး– ပေါ့ဆနိုင်လွန်းသဖြင့် မလုပ်ကြစေါနဲ့ ကွယ်ရို့–ဟု ကျေးဇူးရှင်ကြီး• မိန့်ဖူး၏။)

## ကျောင်းသား ဘဝတုန်းက အတွေ့အကြုံတခု

စာရေးသူ ငယ်ရွယ်စဉ် ကျောင်းသား ဘဝတုန်းက အတွေ့အကြုံတခုရလိုက်သည်။ စာရေးသူတို့ အရပ်တောရွာကွင်၊ အလှူပွဲတခုမှာ ညနေအချိန် ပရိတ်ရွတ်, ဟရားဟော, ရေစက်ချရန်အတွက် သံဃာတော်များသည် အရပ်ထဲသို့ ကြွသွားစဉ် ရွာထဲဓင်ခါနီးမှာ ဘုန်းကြီးတပါးက

"ကိုယ်တော်တို့- ဂါမပဝေသနံ အာပုစ္ဆာမိ"-ဟု ဆိုကြဦးလေ-ဟု စပြီး ပြောသော အခါ-

အရင် ရဟန်းခံတုန်းက ကျောင်းဝိုင်း အတွင်းမှာသာ ပန်ကြားရတယ်၊ အပြင်မှာ ပန်ကြားဖို့မလို-ဟု ပခုက္ကူဆရာတော်ကြီး အမိန့်ရှိသွားသည်-ဟု အခြားဘုန်းကြီးတပါးက ဝင်ထောက်လိုက်သည်ကို ဗဟုသုတအဖြစ် မှတ်သားခဲ့ရဖူး၏။ (အရာမ်အတွင်း ၁၂-တောင် အတွင်းမှာ ရှိခဲ့သော် ပန်ကြားရမည်။ မရှိလျှင် ပန်ကြားဖို့မလို၊ ခဲခဲယဉ်းယဉ်းရှာနေရန် မလို။)

---

## သုရာပါန သိက္ခာပုဒ်၌မှတ်ဖွယ်
### ထန်းရည်ချို သောက်ကောင်း မသောက်ကောင်း

သုရာ ၅-ပါး၊ မေရယ-၅-ပါးကို သေမျိုးစေ့မှ စ၍ မသောက်ကောင်းချေ။ ထန်းရည်ချိုသည် သေမျိုးစေ့ဖြစ်၍ မသောက်ကောင်း-ဟု အလောင်းမင်းတရားကြီးလက်ထက်မှာ ပြဿနာပေါ်ခဲ့ဖူးသည်။

ထန်းရေချို သောက်သော ရဟန်းကို အခြား ရဟန်း တပါးက သုရာပါနသိက္ခာပုဒ်ဖြင့် စွပ်စွဲပြီး ဒကာ,ဒကာမတွေ သဒ္ဓါတရား ပျက်ပြား အောင် ပြောဆိုနေသဖြင့်၊ သက်ဆိုင်ရာ ဂိုဏ်းချုပ် ဆရာတော်ထံမှာ အဆုံး အဖြတ်ခံရလေသည်။ဂိုဏ်းချုပ်ဆသူတော်ကလည်း "ထန်းရည်ချိုသည် သေမျိုးစေ့ အမှန်ပင်ဖြစ်သည်"ဟုဆုံးဖြတ်၍ ထန်းရည်ချိုသောက်သော ရဟန်း အား အရှုံးပေးလိုက်သည်။

### သာသနာပိုင်ထံ အယူခံဝင်

တရားရှုံးသောရဟန်းက အတုလ ယသ သာသနာပိုင်ထံအယူခံ ဝင်သည်။တရားဆုံးဖြတ်သော ဂိုဏ်းချုပ်ဆရာတော်ကိုပါ ဆင့်ခေါ်၍ မျက်နှာစုံညီစစ်သော အခါ-

"သုရာ မေရယပါနေ ပါစိတ္တိယံ။"
ပါဠိတော်နှင့်
"ဗီဇတော ပဋ္ဌာယ နာဠိကေရာဒီနံ ရသံ
ဂဟိတ အာတိနဝကာလတောယေဝ စ ပဋ္ဌာယ"

ဟူသော သာရတ္ထ ဋီကာတို့ကို ထောက်ထားလျှ အားကိုးပြုပြီး "ထန်.ရည်ချိုသည် မသောက်ကောင်း"ဟု ထုချေသည်။

## အတုလ ယသ သာသနာပိုင် ဖြတ်ထုံး

သာသနာပိုင် ဆရာတော်ဘုရာကြီးက ထန်းတက်သမားနှင့် မြူအိုး ကောက်သူကိုခေါ်၍ "ထန်းရည်ချိုဖြစ်လာပုံကို စုံလင်အောင် လျှောက်ထား ကြစမ်း"-ဟု အမိန့်ရှိလိုက်သည်။

**လျှောက်ထားကြသည်မှာ–**

၁။ မြေအိုးကို စင်ကြယ်စွာ ဆေးကျောရခြင်း။

၂။ ဖီး ဖုတ်ခြင်းကိစ္စပြီး၍ အေးသောအခါ သင့်လျော်သော ထုံး ခပ်ခြင်း, သစ်ခေါက်များခပ်ခြင်း ပြုလုပ်ရပါသည် ဘုရား။

၃။ ထိုနောက်မှ ထိုမြူအိုးကို ထန်းပင်ပေါ်မှာ ချိတ်ဆွဲပြီး ထားရ ပါသည်။ ဖော်ပြပါလုပ်ငန်းတွေလုပ်မှ ထန်းရည်ချိုဖြစ်ပါသည်။ မလုပ်လျှင် ထန်းရည်ချိုမဖြစ်ပဲ အချဉ်ဓာတ်ဝင်၍ ထန်းရည်ခါး၏ မျိုးစေ့ဖြစ်သွားပါသည်-ဘုရား-ဟု လျှောက်ထားကြသည်။

**အေး**....ဒီလိုဆိုလျှင် မြူအိုး ကောက်သူ လုလ္လဖြင့် သေမျိုးစေ့ ပျက် သွားပြီဖြစ်သောကြောင့် ထန်းရေချိုသည် သေမျိုးစေ့မဟုတ်၊ နံနက် အချိန် မှာ အကပ်ခံပြီး သောက်ကောင်း၏။ ညနေအချိန်မှာ ဂိလာနအကြောင်းရှိမှ သောက်ရမည်-ဟု ဆုံးဖြတ်တော်မူခဲ့သည်။

အတုလ ယသ သာသနာပိုင်၏ အဆုံးအဖြတ် ထွက်လာသောအခါမှ ထန်းရည်ချိုကို သံသယကင်းစွာ သောက်ကြသည်–ဟု အမိန့်ရှိသည်။

---

## ဘုန်းကြီးများနှင့် ရုံး ဂတ် မှတ်ဖွယ်

အဒိန္နဒါန ပါရာဇိကအာပတ်သည် အလွန် သိမ်မွေ့ နူးညံ့ လှသဖြင့် ပစ္စည်းနှင့် ပတ်သက်လျှင် ဘုန်းကြီးများ အထူးသတိပြုသင့်သည်။ ထို့ကြောင့် ဘုန်းကြီးများသည် တရားရုံးမှာ တရားလိုလုပ်ပြီး တရား မစွဲ မိအောင်, သက်သေ မလိုက်ရအောင်, တရားခံလည်း မဖြစ်အောင် အထူး ရှောင်ကြဉ်သင့်လှသည်။ မလွှဲမရှောင်သာသဖြင့် တရားရုံး ရောက်ခဲ့သော်– (တရားလို၊ တရားခံပဲဖြစ်ဖြစ်၊ သက်သေပဲဖြစ်ဖြစ်) ဘိက္ခုနီ သံဃာဒိသိသ်

ဥဿယဝါဒိက သိက္ခာပုဒ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို အဖန်ဖန်ကြည့်ရှုပြီးမှရုံးဂတ်သို့ သွားပါလေ။မည်သူ့ကိုမှ အပြစ်မဖြစ်အောင် ဇွတ်ဆိုရမည်။ မိမိ၏ထွက်ဆိုချက်ကြောင့် တဦးဦးအား ငွေကုန်, ကျေးကျ, ထောင်ကျခြင်းစသော အပြစ်တခုခုဖြစ်ခဲ့သော် မိမိမှာ ဝိနည်းအပြစ်ခံရမည်။

## ရုံးမှာ တိုင်တန်းခြင်း–၂–မျိုး

ရုံးမှာ တိုင်တန်းခြင်းသည်—။

၁။ ဩဒိဿအာစိက္ခဏာ (အမည်ကိုထုတ်ဖော်ပြီး၊ တိုင်တန်းခြင်း)

၂။ အနောဒိဿအာစိက္ခဏာ (မထုတ်ဖော်ပဲ တိုင်တန်းခြင်းဟု)

၂-မျိုးရှိသည်။ ထိုတွင်–

မည်သူ၊ မည်ဝါဟု အမည်နေရပ်နှင့်တကွ သေချာစွာ ထုတ်ဖော်တိုင်တန်းရသော ဩဒိဿအာစိက္ခဏာသည် ရဟန်းတို့မှာ မအပ်ချေ။အမည်နေရပ် မထုတ်ဖော်ပဲ သာမန် တိုင်တန်းခြင်း– ဟူသော အနောဒိဿအာစိက္ခဏာသာလျှင် ရဟန်းတို့မှာအပ်သည်။သို့သော် တိတိကျကျ တိုင်တန်းလို့ မဖြစ်လျှင် မတိုင်ပဲနေသာ အကောင်းဆုံးဖြစ်သည်-ဟု ကျေးဇူးရှင်ကြီး မိန့်ဖူးသည်။

## ကျောင်းထိုင်ဘုန်းကြီး သတိပြုဖွယ်

ရဟန်းအချင်းချင်း ရိုက်နှက်ပါလျှင်ပါစိတ်၊ လူ-သာမဏေနှင့် ခွေး/ဝက် စသော တိရစ္ဆာန်ကိုရိုက်နှက်လျှင် ဒုက္ကဋ်၊ ဤကား ဝိနည်းပြဋ်တည်း။

သုတ္တန်, အဘိဓမ္မာ ဒေသနာတော် အလို ယခုရှိကြသော ရဟန်းသာမဏေများနှင့် သရဏဂုံတည်သော လူ ဥပါသကာများကို စူဠသောတာပန်၌ စာရင်းသွင်းထားသောကြောင့် အရိယူပဝါဒကံလောက် နီးနီး အပြစ်ရှိသည်။ ကျောင်းသား ကိုရင်ပေါက်စများကို ထိန်းသိမ်းရသောကျောင်းထိုင်ဘုန်းကြီးများမှာ ဤသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ရအောင် ရှေးရှေးက ကျောင်းထိုင်ဘုန်းကြီးများကျင့်သုံးသွားသောနည်းကို အသုံးပြုသင့်သည်။

ဤသိက္ခာပုဒ်သည် အနာဏတ္တိကဖြစ်၍ စေခိုင်းခြင်းကြောင့် အာပတ်မသင့်နိုင် သောကြောင့် ကျောင်းသား ကိုရင် အချင်းချင်း အပြန် အလှန်ဒီရိုက်ခိုင်းသည်၊အချို့သော ကျောင်းထိုင်ဘုန်းကြီးများက သဲဒဏ်,ရေဒဏ်

ပေးခြင်း၊ အချိန်ကြာအောင် စံ့အံ့ခိုင်းခြင်းဖြင့် ဆုံးမကြသည်။ နည်းယူ စရာပင်—။

### ဉက္ခိတ္တ သံဘောဂ သိက္ခာပုဒ်၌ မှတ်ဖွယ်

ရဟန်းအချင်းချင်း ဆက်ဆံပေါင်းသင်းနေထိုင်ခြင်းကား—

၁။ အာမိသ သမ္ဘောဂ

၂။ ဓမ္မ သမ္ဘောဂ

၃။ **သံဝါသ—ဟု ၃—မျိုးရှိသည်။ ထိုတွင်—**

၁။ အာမိသ သမ္ဘောဂေါနာမ အာမိသံ ဒေတိ ဝါ ပဋိဂ္ဂဏှာတိ-ဟူသော ဤသိက္ခာပုဒ် ပါဠိတော်အရ ဆွမ်း့ သင်္ကန်း-စသော အာမိသကို အချင်းချင်း၊ စားကြ၊ ယူကြခြင်းသည် အာမိသ သမ္ဘောဂ ဖြစ်သည်။

၂။ ဓမ္မသမ္ဘောဂေါနာမ ဥဒ္ဒိသတိ ဝါ ဥဒ္ဒိသာပေတိ ဝါ-ဟူသော ဤသိက္ခာပုဒ် ပါဠိတော်အရ စာသင်, စာတက်, စာချပေးခြင်း တရားဟောပြောခြင်းသည် ဓမ္မသမ္ဘောဂ မည်၏။

၃။ ဥပုသ်, ပဝါရဏာ, ကံကြီး, ကံငယ်အတူ ဆောင်မှ သံဝါသ ဖြစ်သည်။ သို့ဖြစ်၍ ဘုရားဆွမ်းချ, ဆွမ်းကြီးခံ, အသုဘရှု, ပရိတ်ရွတ်, ဆွမ်းစင်ပွဲ ပြုလုပ်သော သံဃာစင်ပေါ်မှာ ရဟန်း အချင်းချင်း အတူနေထိုင်ကောင်း၏။ အာပတ်မသင့်ချေ။ ထိုကိစ္စ များမှာ ဖော်ပြပါ ၃-မျိုးလုံး မဖြစ်သောကြောင့်တည်း။

ထို့ကြောင့်—တပည့်တော်က မည်သည့်ကိုယ်တော်နှင့် သံဃာစင်ပေါ် အတူ မတက်နိုင်ဖူး— စသည် မလုပ်ပါနှင့်။ (သာမဏေ များနှင့်ပင် အတူ နေကောင်းပါသည်။) သံဃာတွေ ကွဲပြားပြီး၊ လူတွေ ငရဲသွားရတတ်သည်-ဟု ကျေးဇူးရှင်ကြီး မိန့်ဖူး၏။

### နစ္စဂီတ သိက္ခာပုဒ်၌ မှတ်ဖွယ်

ရဟန်း မိန်းမများ ပွဲကြည့်လျှင် ပါစိတ်၊ ရဟန်းယောကျ်ားများ ကြည့်လျှင် ဒုက္ကဋ်။ လူများ ကခြင်းသာမက၊ ဥဒေါင်းကခြင်း၊ မျောက် ကခြင်း သည်လည်း နစ္စဂီတပင် ဖြစ်၍ ရဟန်းတော်များ မျောက်ပွဲပင် မကြည့်ကောင်းပါ။

ထိုပြင်—

အရိယာနံ ပရိနိဗ္ဗာနကာလေ—
ရတနတ္တယ ဂုဏူပသံဟိတံ သာဓု ကိဠိတ ဂိတံ ဝါ
အသံယတ ဘိက္ခူနံ ဓမ္မဘာဏက ဂီတံ ဝါ။
သဗ္ဗမ္ပေတံ ဂီတမေဝ"—

ဟု ဘိက္ခုနီ အဋ္ဌကထာ (ဆ/၂၀၁)၌ လာသောကြောင့် ကချေသည်တို့၏ သီချင်းဆိုခြင်း, ဘုန်းကြီးပျံပွဲများ၌ သီဆိုခြင်း, ဓမ္မကထိက ရဟန်းတို့၏ သံတို သံရှည်ဆွဲ၍, သံဖို–သံမ ခွဲလျက် အရပ်ထဲမှာ ပါးစပ်ပြိုနှင့်ဃပ်လှဲ တရားဟောခြင်းများသည်လည်း ဓမ္မဂီတပင် ဖြစ်၍ ဘုန်းကြီးများ နားမထောင်ကောင်း၊ နားထောင်ဒုက္ကဋ် အာပတ်သင့်သည်။

## ကျောင်းတိုက်အတွင်းမှာ ကြည့်ရှုနားထောင်ကောင်း

"အနာပတ္တိ ဘိက္ခဝေ အာရာမေ ဌိတာ ပဿတိ ဝါ သုဏာတိ ဝါ"

ဟု ဘိက္ခုနီ ဝိဘင်းပါဠိတော် လာသောကြောင့် ကျောင်းတိုက်အတွင်းမှာ ဆိုလျှင် ကြည့်ရှုနားထောင်ကောင်း၏။

## ဋီကာကြီး ၃–စောင်ဝါဒ

ဝဇိရ ဗုဒ္ဓိနှင့် သာရတ္ထဋီကာဆရာတို့က ကျောင်းတိုက် အတွင်းမှာ ပွဲကျင်းပလျှင်တနေရာမှ တနေရာသို့ မြင်ရ, ကြားရအောင် ရွေ့ပြောင်းပြီး ကြည့်ရှုနားထောင်း၏။ အာပတ်မသင့်။

ဝိမတိဋီကာ ဆရာကား— ကျောင်းတိုက်အတွင်းမှာ ဖြစ်သော်လည်း ဟိုဟို– ဒီဒီ လျှောက်ပြီး မကြည့်ကောင်း။ မိမိနေမြဲ နေရာမှ လည်ပင်းကို အနည်းငယ် စောင်းလှည့်ပြီး ကြည့်ကောင်း၏။ တနေရာမှ တနေရာသို့ လှည့်လည်သွားလာ၍ မကြည့်ကောင်း၊ ကြည့်လျှင် ဒုက္ကဋ်သင့်၏–ဟု မိန့်၏။

## ကက်ဆက်ရေဒီယိုနားထောင်နိုင်သောနည်း

ကျောင်းစိုင်း အတွင်း အလှူပွဲမှာ မိမိနှင့် မပတ်သက်ပဲ အလှူဒကာများက ကက်ဆက်ရေဒီယို ဖွင့်လျက် သီချင်းအမျိုးမျိုးဖြင့် ညှော်ခံနေခဲ့သော် ငြိမ်ငြိမ်နေ၍ နားထောင်ကောင်း၏။ အာပတ်မသင့်။ သို့သော်—

(သီ.ဟ)စိတ်ဓာတ် ညိုးနွမ်းမှုဘော ဖြစ်သည်-ဟု ဘိက္ခုနီဝိဘင်း နစ္စ ဂီတ သိက္ခာ ပုဒ်၌ သာရတ္ထဒီပနီ ဖွင့် ဆို ထား သည်။ (သံကိလေသော၊ နဝိတက္ကမော။)

ဟိုသီချင်းဖွင့်ပါ၊ ဒီသီချင်းဖွင့်ပါ-ဟု မပြောကောင်းပါ။ ပြောလျှင် ဒုက္ကဋ်သင့်၏၊ သူများဖွင့်လျှင် ငြိမ်ငြိမ်လေး နားထောင်နေပါ။

## ဘုန်းကြီးများ ကျမ်းမကိုင်ကောင်းပါ

ယာ ပန ဘိက္ခုနီ အတ္တာနံ ဝါ ပရံ ဝါ
နိရယေန ဝါ ဗြဟ္မစရိယေန ဝါ အဘိသပေယျ၊ ပါစိတ္တိယံ၊

ဤဘိက္ခုနီပါတိမောက် ပါဠိတော်ဖြင့် ရဟန်းမိန်းမများမှာ ငရဲဖြင့်လည်းကောင်း,သာသနာတော်မှ ရွေ့လျောခြင်းဖြင့် လည်းကောင်း, ကျိန်ဆဲပြောအံ့၊ ကျိန်စာဆိုပြောအံ့၊ ပါစိတ်အာပတ်သင့်သည်။ရဟန်းယောကျ်ားများအတွက်အဋ္ဌကထာ ဋီကာဆရာတို့ အထူးမဖွင့်သော်လည်း ဘိက္ခုနီမများမှာ ပါစိတ်အာပတ်သင့်လျှင် ရဟန်းယောကျ်ားများမှာ ''ဘိက္ခုနော ဒုက္ကဋံ''-ဟု ထိုထိုနေရာ၌ လာရှိသောကြောင့် ဒုက္ကဋ်သင့်သည်-ဟု ယူသင့်သည်။

ထိုကြောင့်-

''ဤအမှု၌ မဟုတ်မမှန် ပြောဆိုခဲ့သော် ၂၂၇-သွယ်သော သိက္ခာပုဒ်မှ လျော့ကျပါစေသား''-ဟု ကျိန်စာဆိုခြင်းသည်''ဗြဟ္မစရိယေနဝါ''အရ ''အဘိသပေယျ''ပင် ဖြစ်သောကြောင့် ဘုန်းကြီးများ ကျမ်းမကိုင်ကောင်း-ဟု ထထစ်ကျ မှတ်ကြပါ-ဟု ကျေးဇူးရှင်ကြီး ဆုံးဖြတ်တော်မူခဲ့၏။

## ရုံးမင်းအား ချေပရန်

တရားရုံးမှာ ရုံးမင်းက ကျမ်းမကိုင်ကောင်းဖူး- ဆိုခဲ့သော် ကျမ်းစာအထောက်အထားပြပါ''- ဆိုလျှင် တိုက်ရိုက်မပြနိုင်၊ ဖော်ပြပါ ပါဠိအရ နေယျတ္ထ အရကိုလည်းကောင်း, အာစရိယဝါဒကိုလည်းကောင်း၊ ပြပါလေ။

## ဘုန်းကြီးများဝိုင်းဖွဲ့ပြီး ဆွမ်းစားရာ၌သင့်မသင့်

ဘုရားသခင်လက်ထက်တော်မှစ၍သီဟိုဠ်ခေတ်တိုင်အောင် ဘုန်းကြီးများသည်ဝိုင်းဖွဲ့ပြီး မစားကြချေ။ မြန်မာပြည်မှာလည်း အင်းဝခေတ်ရောက်

မှ ဝိုင်းဖွဲ့ပြီး စားလေ့ စားထ ရှိလာကြသည်။ ယင်းသို့ဝိုင်းဖွဲ့ပြီး စားခြင်းကြောင့် (ကေထာလက) တခွက်တည်း၌ ဝိုင်းဖွဲ့ပြီးမစားရ–ဟူသော ပညတ်ချက်နှင့် ဆန့်ကျင်သည်မဟုတ်လော့-ဟု အချို့ကဝေဖန်ကြသည်။ ထိုပေါ်လာသော ပြဿနာကို–

> ''သစေ ကောဘိက္ခုဘာဇနတော ဖလံ ဝါ
> ပူဝံ ဝါ ဂဟေတွာ ဂစ္ဆတိ၊
> တသ္မိံ အပဂတေ ဣတရဿ သေသတံ ဘုဉ္ဇိတုံ ဝဋ္ဋတိ''–

ဟူသော စူဠဝါ ခုဒ္ဒကဝတ္ထု ခန္ဓက အဋ္ဌကထာ (ဆ/၅၁)ပါဠိဖြင့် ဖြေရှင်းနိုင်သည်။

**အဓိပ္ပာယ်**....ဆွမ်းပန်းကန်ပြားမှာ ကိုယ့်ဟာကိုယ် အသီးသီး တချင်စီ ရှိသဖြင့် ကေထာလကမဖြစ်၍ ပြဿနာ တက်ရန်မလို။ **အာ**းလုံးဝိုင်းနှိုက်စားနေသော ဟင်းပန်းကန်ကို စဉ်းစားရန်ရှိသည်၊ ထိုဟင်းပန်းကန်ကို အဋ္ဌကထာဆရာက ရှင်းပြထားခြင်းဖြစ်သည်။ ရဟန်းတပါးက ဟင်းပန်းကန်အတွင်းမှ သစ်သီးကိုဖြစ်စေ၊ မုန့်ကိုဖြစ်စေ၊ နှိုက်ယူပြီးမှ အရပ်တပါးသို့ ဖဲသွားခဲ့သော် အခြား ရဟန်းတပါးက ကျန်သောသစ်သီး မုန့်ကို နှိုက်၍စားကောင်းသည်။ ကေထာလက မဖြစ်။

**နောက်ဘနည်းကား**....ပထမနှိုက်စားသော ရဟန်းက ဖဲပြီးမသွားသေးသော်လည်း မူလဟင်းထည့်ထားသော ပန်းကန်းမှ နှိုက်ယူပြီး အခြား ပန်ကန်းတလုံးသို့ (သို့မဟုတ်) ဆွမ်းပန်းကန်းပြားသို့ ပြောင်းရွှေ့ထားပြီးမှစားလျှင် ကေထာလက မဖြစ်၍ စားကောင်း၏။

## ဟင်းချိုခေါ် အရည်သောက်ဟင်း အတွက် စဉ်းစားရန်

ဘုန်းကြီးများအား ဆွမ်းကပ်ရာ၌ ဟင်းချိုခေါ် အရည်သောက်ဟင်းတမျိုးကား ပါတတ်ပါသည်။ ထိုအရည်သောက်ကို ပါးစပ်သို့ တိုက်ရိုက်ယူရမည်ဖြစ်သောကြောင့် စဉ်းစားရန် လိုပေသည်။(နာနာဘာဇနဖြစ်အောင် စဉ်းစားဖို့လိုသည်။) ဆွမ်းစားရာ၌ အရည်သောက်ဟင်းသည် လိုရင်းပဓာနမဟုတ် သူ့နေပါလည်း ဆွမ်းစားခြင်းကိစ္စ ပြီးနိုင်၏။အပဓာနဖြစ်၏။ထိုကြောင့် အရည်သောက်ဟင်းအတွက် သံသယဖြစ်ဖို့မလို၊ စားကောင်း, သောက်ကောင်း၏-ဟု ကျေးဇူးရှင်ကြီး ဆုံးဖြတ်တော်မူခဲ့၏။

## သပိတ်မှောက်၊ သပိတ်လှမ်ကံ ပြုရပုံ

သပိတ်မှောက်နိုင်သော အကြောင်းရှိသော်လည်း "အဌှဟင်္ဂေဟိတိ တ္တေ ကေကေနာပိ"ဟု အဋ္ဌကထာ ဖွင့်သောကြောင့် အကြောင်း တပါးနှင့် ညီညွတ်လျှင်လည်း သပိတ် မှောက်ကောင်း၏။ ဤပတ္တနိကုဇ္ဇနခေါ် သပိတ်မှောက်ကံအရာ၌ ဘုန်းကြီးကစပြီး လွှန်ကျူးမိသဖြင့် ပြန်လည်စော်ကား ပြုလုပ်သော ဒကာ,ဒကာမတို့အား သပိတ်မမှောက်ကောင်း၊ သီလရှိသော ရဟန်းတော်အား သက်သက် လွန်ကျူး စော်ကားသော ဒကာ,ဒကာမ များကိုသာ(အဒန္တ ဒမန) မယဉ်ကျေးသူကို ယဉ်ကျေးစေလိုသော မေတ္တာ ကရုဏာစိတ်ထားဖြင့် သပိတ်မှောက်ရသည်။ ဒုဋ္ဌ ဒေါသစိတ်ဖြင့် သပိတ် မမှောက်ကောင်း။

## မျက်ကွယ်၌ သပိတ်မှောက်ကောင်းသည်

သပိတ်မှောက်ကံသည် အသမ္မုခတာ ကံ ရှစ်ပါးတွင် ပါဝင်သော ကြောင့် သပိတ်မှောက်ကံထိုက်သော ပုဂ္ဂိုလ်မပါပဲ သိမ်ထဲသွား၍ ကမ္မဝါ ဖတ်ပြီး သပိတ်မှောက်ရမည်။

## ပတ္တနိကုဇ္ဇန (သပိတ်မှောက်) ကမ္မဝါဖတ်ပုံ

ရဟန်းကို ဆဲရေးသော ဒကာ/ဒကာမကို သပိတ် မှောက်လိုခဲ့သော် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ရမည်–

ဘုန်းကြီးကိုဆဲရေးသော ဒကာထံ"သပိတ်မှောက်မည်ဖြစ်ကြောင်း" ကို သုံးကြိမ်တိတိ အကြောင်းကြားရမည်။ တောင်းပန်လာလျှင် သပိတ် မှောက်ကံ မလုပ်ရ၊ ဘုန်းကြီးက ကျေနပ်ရမည်။ တောင်းပန်ရန် မလာဖူး ဆိုလျှင် ခဏ္ဍသိမ်သို့သွား၍ သံဃာ ၄-၅-ပါးဖြင့် အောက်ပါ အတိုင်း သပိတ်မှောက် ကမ္မဝါစာကိုဖတ်ပါလေ။

မည်သည့် မြို့-ရွာနေ မောင်ဖြူသည် ရဟန်းဦးမည် သူကို ဆဲရေး သဖြင့် သပိတ်မှောက်ကြတော့အံ့။ သို့ဖြစ်၍ ရဟန်း ဦးမည် သူ၏ အမည် ဟောင်းကိုဖျောက်၍"တိဿ"ဟုနှည့်ပါ၏။ သံဃာတော်များက"တိဿ"ဟု မှတ်တော်မူကြပါ၊ (ဒကာ အမည်ကိုတော့ အမည့်ရင်းအတိုင်း ဖတ်ရမည်။)

## နမောတဿ–၃–ကြိမ်ဆို

သုဏာတု မေ ဘန္တေ သံဃော၊
မောင်ဖြူ နာမကော ဥပါသကော
တိဿံ ဘိက္ခု အက္ကောသတိ၊ ပရိဘာသတိ။
ယဒိ သံဃဿ ပတ္တကလ္လံ။
သံဃော မောင်ဖြူ နာမကဿ ပတ္တံနိကုဇ္ဇေယျ။
အသမ္ဘောဂံ သံဃေန ကရေယျ၊ သောဉတ္တိ။
သုဏာတု မေ ဘန္တေ သံဃော။
မောင်ဖြူနာမကော ဥပါသကော–
တိဿံ ဘိက္ခု အက္ကောသတိ၊ ပရိဘာသတိ။
သံဃော မောင်ဖြူနာမကဿ ဥပါသကဿ ပတ္တံ နိကုဇ္ဇတိ။
အသမ္ဘောဂံ သံဃေန ကရောတိ။ယဿာ ယသ္မတော ခမတိ။
မောင်ဖြူနာမကဿ ဥပါသကဿ ပတ္တဿ နိကုဇ္ဇနာ၊
အသမ္ဘောဂံ သံဃေန ကရဏံ၊သောတုဏှဿ၊
ယဿ နက္ခမတိ၊ သောဘာသေယျ။
နိကုဇ္ဇိတော သံဃေန မောင်ဖြူနာမကဿ
ဥပါသကဿ ပတ္တော အသမ္ဘောဂေါ သံဃေန။
ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။

## ပိုစတာ ကြော်ငြာ ကမ်းရမည်

ဖော်ပြပါအတိုင်း သိမ်ထဲမှာ ကမ္မဝါ ဖတ်ပြီးလျှင် သပိတ်မှောက်ပြီး လေပြီ၊ သို့သော် အခြားသံဃာတော်များ သိရှိလိုက်နာရန် ရွာဝင်တံခါးဝ နှင့် လမ်းဆုံများ၌ မြေစိုက်ပိုစတာများ စိုက်ထူ၍ ရပ်ဝေးသံဃာတော်များ သိရှိရန်လက်ကမ်း ကြော်ငြာများဖြန့်ဝေရမည်။ အောက်ပါအတိုင်း ကြော်ငြာ ရေးရမည်။

သပိတ်မှောက်ကံအတွက် ပျှောက်ထားခြင်း။ နေ့စွဲ.... .... .... .... ....

**မည်သည့် မြို့–ရွာ–ကျောင်းနေ သံဃာတော်တို့က ရိုသေစွာ ပျှောက်ထားပါသည်။ သံဃာတော်အရှင်သူမြတ်တို့ ဘုရား။**

ဧဝံ နိကုဇ္ဇိတေ ပန ပတ္တေ တဿ ဂေဟေ
ကောစိ ဒေယျဓမ္မော နဂဟေတဗ္ဗော။ အသုကဿ ဂေဟေ
ဘိက္ခံ မာဂဏှိတ္ထာတိ အညေသု ဝိဟာရေသုပိ ပေသေတဗ္ဗံ-ဟု

စူဠဝဂ္ဂအဋ္ဌကထာ၊ ခုဒ္ဒကခန္ဓက(ဆံ/၅၁-၂) လာရှိသည်နှင့်အညီ-

**မည်သည့် မြို့-ရွာကျောင်း သံဃာတော်များက မည်သူ့ကိုဆဲရေးသော ကြောင့် မည်သည့် မြို့-ရွာ-နေ မောင်ဖြူကို ပတ္တနိကုဇ္ဇန(သပိတ်မှောက်)ကံပြု ထားပါသည်။**

**သို့ပါ၍ ၎င်းမောင်ဖြူ၏အိမ်မှ သပိတ်မလှမ်းပိ တစုံတခုသော ဒေယျဓမ္မ ကိုမျှ အလှူခံခြင်း မပြုပဲ ရပ်ဝဲထားကြပါရန် ရိုသေစွာလျှောက်ထားအပ်ပါ သည်-သံဃာတော် အရှင်သူမြတ်ဘုရားများ။**

**မည်သည့်မြို့ရွာကျောင်း သံဃာတော်များ**
**နေ့စွဲ**.... .... .... .... .... .... .... ....

ယင်းသို့ ကြော်ငြာကမ်းပြီးလျှင် မည်သူမျှ အလှူမခံရချေ။ အလှူခံ လျှင် ဒုက္ကဋ် အာပတ်သင့်သည်။

## သပိတ်ပြန်လှန်ပုံ

သပိတ်မှောက် ခံရသော မောင်ဖြူသည် သပိတ်မှောက် ခံရသော အချိန်မှစ၍၊ ပတ်ဝန်းကျင်က အထင်သေးခံရသဖြင့် ရှေးကလို လူပုံအလယ် မှာ တင့်တင့်တယ်တယ် မနေနိုင်ပဲ အမြဲဘန်း မျက်နှာအောက်ချပြီး နေခဲ့ ရခြင်းကြောင့် မာန်မာနတွေ နိမ်ချ၍ ရိုသေကျိုးနွံစွာ တောင်းပန်လာလျှင် သံဃာတော်များက ကျေနပ်ရမည်။ သံဃာတော်များကို စည်းဝေးပြီး သံဃာ ရှေ့မှောက်မှ တောင်းပန်ခိုင်းရမည်။

**တောင်းပန်ပုံ ပါဠိ**

သံဃေန မေ ဘန္တေ ပတ္တော နိကုဇ္ဇိတော၊
အသမ္ဘောဂေါ သံဃေန၊ သော ဟံ ဘန္တေ သမ္မာဝတ္တာမိ၊
လောမံ ပါတေမိ၊ နေတ္ထာရံ ဝတ္တာမိ၊
သံဃံ ပတ္တုက္ကုဇ္ဇနံ ယာစာမိ။

ဤပါဠိကို ၃-ကြိမ်ဆိုခိုင်းပါ၊ ကြိုတင်ပြီး ရအောင်ကျက်ခိုင်းထားပါ။ အကယ်၍ မရနိုင်လျှင်လည်း ဘုန်းကြီးများက သင်(ချ)ပေးပါ၊ ထိုပါဠိကို ၃-ကြိမ်ဆိုပြီးလျှင် ထိုသူ့ကို ဟတ္ထပါသ် ပြင်ဖက် ထွက်ခိုင်း၍ သပိတ်လှန် ကမ္မဝါစာကို ဖတ်ပါ။

## (ပတ္တနိက္ကုဇ္ဇန)သပိတ်လှန်ကမ္မဝါစာ

နမောတဿ ၃-ကြိမ်ဆို။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃေန မောင်ဖြူ နာမကဿ ပတ္တော နိက္ကုဇ္ဇိတော အသမ္ဘောဂေါ၊ သော သမ္မာဝတ္တတိ၊ လောမံ ပါတေတိ၊ နေတ္ထာရံဝတ္တတိ၊ သံဃံ ပတ္တုက္ကုဇ္ဇနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော မောင်ဖြူ နာမကဿ ဥပါသကဿ ပတ္တံ ဥက္ကုဇ္ဇေယျ။ သမ္ဘောဂံ သံဃေန ကရေယျ။ သောဥတ္တိ။(ဉတ်) သုဏာတု မေ ဘန္တေ သံဃော၊ သံဃေန (လ) ဘာသေယျ။ (ကမ္မဝါ)။

ဥက္ကုဇ္ဇိတော သံဃေန (လ)ဓာရယာမိ၊(နိဂုံး)(စူဠဝါ-ဆဋ္ဌ/၂၆၅။) ဤသပိတ်လှန် ကမ္မဝါစာ ဖတ်ပြီး ဒကာအား နောင်အခါ ဤလို ကိစ္စမျိုး မဖြစ်ရအောင် သံသရာဒုက္ခ ကြီးမားပုံကို ဟောပြော၍ ပြန်လွှတ်လိုက်ရမည်။

ယခင်သပိတ်မှောက်တုန်းက ပြုလုပ်နည်းအတိုင်း သပိတ်လှန်လိုက်ပြီ ဖြစ်ကြောင်းစာတို/စာရှည်ကမ်းလိုက်ကြပါဦး။

သပိတ်လှန်ကိစ္စပြီး၏။

---

## ကေသ မဿုဒါဠိကတို့၌ မှတ်ဖွယ်

ကေသစ္ဆေဒန (ဆံပင်ရိတ်ခြင်း)သိက္ခာပုဒ်၌ "အနုဇာနာမိ ဘိက္ခဝေ ဒုမာသိကံ ဝါ ဒုင်္ဂုလံ"(စူဠဝါပါဠိ ဆဋ္ဌ/၂၄၂ ဟု ဆံပင်ထားနိုင်သော ပမာဏကို တိုက်ရိုက်ဟောထားသောကြောင့် ဤသဘောနှာပန သိက္ခာပုဒ်၌ မဿု(မုတ်ဆိတ်မွေး)ပမာဏ ကိုလည်း ကေသ(ဆံပင်)နှင့် အတူယူသင့်သည်။ အကြောင်းသော်ကား–

၁။ ထိုထိုနေရာ၌ "ကေသမဿုံ ဩဟာရေတွာ(ဩဟာရေတွာ)" ဟု ကေသနှင့် မဿုကိုတွဲပြီး ဟောထားခြင်းကြောင့်လည်းကောင်း–

၂။ "ဒီဃံ ကရောန္တီတိ ကေသေ ဟိ သဒ္ဓိံ အစ္စိန္ဒိတွာ ထပေန္တိ"

ဟု (ဝိမတိ-)၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း မှတ်ဆိတ်မွေးခေါ် မေးမွေးကိုလည်း ဆန်ပင်နည်းတူ ကာလအပိုင်းအခြားအားဖြင့် ၂-လ ဖြစ်ခြင်း, သဏ္ဌာန်အားဖြင့် လက်နှစ်သစ်မျှသာ ထားနိုင်ပါသည်။ ထိုထက် ပိုပြီးထားလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ (ဂိလာနအကြောင်းကြောင့်ကား- ထိုသက်ပိုပြီးထားကောင်း၏။)

## ဘာကို ကျင်စွယ်ခေါ်သနည်း

ဒါဠိက (နှုတ်ခမ်းမွေး၊ ကျင်စွယ်)ကိုလည်း ပမာဏအားဖြင့် တိုက်ရိုက် ဟောထားချက် မရှိပါ။ သို့သော်လည်း–

ဒါဠိကာပိ မဿုဟာဂဏောနေဝ ဂဟေတွာ
"မဿုတွေဝ" ဝုတ္တံ။ ဥတ္တရာဓရေ မဿုန္တိ အတ္ထော–

ဟု (သာရတ္ထဋီကာ- ဒု- ဆ/၃)၌ ဖွင့်ဆိုထားသောကြောင့် မဿု ခေါ်သော မှတ်ဆိတ်နှင့် အတူယူသင့်သည်။ လအားဖြင့် ၂-လ၊ သဏ္ဌာန် အားဖြင့် ၂-လက်သစ်ထားကောင်း၏- ဟု ဆိုလိုသည်။ သို့သော်လည်း "ကာမဘောဂိနော သေယျထာပိ"-ဟု ဟောထားချက် ရှိသောကြောင့် ဒကာ,-ဒကာမများ အကြည်ညိုပျက်အောင်တော့ မထားကောင်းချေ။

(နှုတ်ခမ်းမွေး၏ ဘေးတချက်မှာ ထွက်နေသော နှုတ်ခမ်းမွေးအဖျားလေးကို ကျင်စွယ်ခေါ်သတဲ့။)

## လွန်သွားမှန်း မသိသော်လည်း အာပတ်သင့်သည်

ဧတ္ထစ ဒုမာသဿဝါ ဒွင်္ဂုလဿဝါ အတိက္ကန္တဘာဝံ–
အဇာနန္တဿာပိ ကေသမဿု ဂဏနာယ–
အစိတ္တကာပတ္တိယော ဟောန္တီတိ ဝဒန္တိ။ (ဝိမတိ-ဒု-ဆ/၁၂၉)။

ဤပါဠိဖြင့် ၂-လကို လည်းကောင်း, လက် ၂-သစ်ကိုလည်းကောင်း လွန်မှန်းမသိပဲ လွန်သွားခဲ့သော်လည်း အမွေးအရေအတွက်နှင့်အမျှ အာပတ် သင့်သည်။ အစိတ္တကအာပတ်မျိုးဖြစ်သောကြောင့်တည်း -ဟု ပြ၏။

## စက်ကတ်ကြေးဖြင့် ခေါင်းမရိတ်ကောင်း

ယခုကာလ၌ အချို့သော ဘုန်းကြီးများသည် စက်ကတ်ကြေးဖြင့် ခေါင်းရိတ်နေကြသည်-ဟု ကြားဖူး၏။

နဘိက္ခဝေ ကတ္တရိကာယ ကေသာ ဆေဒါပေတဗ္ဗာ၊
ယောဆေဒါပေယျ၊ အာပတ္တိ ဒုက္ကဋဿ-

ဟု စူဠဝါပါဠိတော် (ဆ/၂၇၄)၌ ဟောထားခြင်းကြောင့် မရိတ်ကောင်းချေ။ ဘုန်းကြီးမှာ ဒုက္ကဋ်သင့်၏။ သာမဏေများ ဒဏ်ထိုက်၏။ (ဂိလာန ဖြစ်လျှင်ကား ရိတ်ကောင်း၏။)

## ဖလ်ခွက်ဖြင့် ရေမသောက်ကောင်း

သုဝဏ္ဏရဇတ ဟာရကူဋဇာတိ ဖလိက-
ဘာဇနာဒိ ဂိဟိဝိကဋ္ဌာနိပိ နဝဋ္ဋန္တိ-

ဟု စူဠဝါ အဋ္ဌကထာ (ဆ/၀၁)၌ ဖွင့်သောကြောင့် ရွှေဖလား, ငွေဖလား, ရွှေထုံးဗူး, ငွေထုံးဗူး, ရွှေဇွန်း, ငွေဇွန်းနှင့် ဖလ်ခွက်- စသော လူသုံးကုန် ပစ္စည်းများသည် ရဟန်းတို့အား မအပ်စပ်ကုန်။ ယခုကာလ ဖလ်ခွက်များမှာ ချက်ဖလ်ခွက်ဖြစ်သောကြောင့် အပ်သည်-ဟု အချို့ယူကြကုန်၏။ သို့သော်-''ရဟန်းတို့မှာ၊ ဘုဉ်းပေးရန်၊ မြေ, သံ, ကျေးနီအပ်''- ဟု ဘုရားသခင် ခွင့်ပြုခဲ့သော ခွက် ၃-မျိုး (ပုဂံ ၃-မျိုး)၌ မပါဝင်သောကြောင့် စင်းစားစရာပင်။

**မှတ်ချက်။** ။ဖလ်ခွက်သည် မြေမှဖြစ်သောကြောင့် မြေခွက်၌ သွင်းယူပြီး အပ်သည် ဖက်သို့ စာရင်းသွင်းကြသူများလည်း ရှိကြသည်။ ဖော်ပြပါ အဋ္ဌကထာ၌ ဖလိကသည် မအပ်ဖူး-ဟု တိုက်ရိုက် ဖွင့်ဆိုထားသဖြင့် ''မအပ်ဖူး''- ဟု ယူခြင်းသည်ပင် ပိုပြီး ကောင်းပေသည်။

## ဗလာစာအုပ် ဂရုဘဏ်၊ ပုံနှိပ်ပြီ စာအုပ် ဂရုဘဏ် မဟုတ်ဖူးလား

အဋ္ဌင်္ဂုလပဗ္ဗမာဏောပိ ရိတ္တပေါတ္ထကော ဂရုကဏ္ဍမေဝ။
(စူဠဝါဋ္ဌ-ဆ/၈၂)။
ယာလောကေ စက္ကုတိ ဝုစ္စတိ။ (အဘိဓာန်ဋီကာ)-

ဤပါဠိရပ်များဖြင့် စာမရေးရသေးသော ပေစာရွက်, ပေစာအုပ်များနှင့် ယခုခေတ်ပေါ် စက္ကူဗလာစာအုပ်များသည် ဂရုဘဏ်ဖြစ်သည်-ဟု ပြ၏။ ဤ၌စင်းစားရန်ကား- စာမရေးရသေးသော ပေစာရွက်- စက္ကူများပင် ဂရုဘဏ်ဖြစ်ခဲ့သော် စာရေးပြီး ပေစာရွက် ပုံနှိပ်ပြီး (ဘုရားဟောပါဠိတော်ကို ရိုက်နှိပ်ထားသော) စာရွက်, စာအုပ်များကို ဂရုဘဏ်မဟုတ်–ဟု ပြောရန်ခက်ပါဘိတည်း။

## ပိသဒ္ဒါစင်းစားစရာ

ရိတ္တပေါတ္ထကောပိတိ အလိခိတပေါတ္ထကော။
ဣဒဥ္စ ပဏ္ဏိပ္ပသင်္ကေန ဝုတ္တံ။ (ဝိမတိဋီ–ဒု ဆ/၂၄၆)။

ဤ၌ ပိသဒ္ဒါကို "ရိတ္တပေါတ္ထကော" နောက်၌ဖွင့်ထားခြင်းကြောင့် စာမရေးရသေးသော ပေစာ ဗလာစာအုပ်များပင် ဂရုဘဏ်ဖြစ်ခဲ့သော် စာရေးပြီး (ပါဠိ-အဋ္ဌကထာတွေ ပုံနှိပ်ပြီး) ဖြစ်သော စာရွက်- စာအုပ်- ပေစာများမှာ ဆိုဖွယ်မရှိ။ မုချဂရုဘဏ်ဖြစ်သည်-ဟု ယူသင့်ပေသည်။

**ရေစကြိုဝါ၁၈။** ။ပခုက္ကူနိကာယ အာဒိကမ္မိက ရေစကြိုဆရာတော်ဘုရားကြီးကား- "စာရေးပြီး ပေစာထုပ်နှင့် နှိပ်ပြီး ကျမ်းစာများကား ဂရုဘဏ်မဟုတ်ဖူး၊ မမ္မစေတီသာဖြစ်သည်"- ဟု အမိန့်ရှိဘူးကြောင်းကို ကျောင်းဘုန်းကြီးမှတဆင့် အမိန့်ရှိသဖြင့် ကိုယ်တိုင်ကြားလိုက်ရဖူးသည်။ (ဝိနယာလင်္ကာရ၌ "ပဏ္ဏပ္ပသင်္ကေန" ဟု ရှိ၏။)

## ဗပ္ပိယကုဋီ ၄ မျိုး (ကျောင်း ၄-မျိုး)၌ မှတ်ဖွယ်

ဘုန်းကြီးဖြစ်လာလျှင် "ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး"-ဟူသော ပစ္စည်း ၄-မျိုးကို ဘုရားသခင်ပညတ်တော်မူခဲ့သော ဝိနည်းဥပဒေနှင့် အညီ အလှူခံစာတ်, အသုံးပြုတတ်ဖို့ အလွန်ပင်အရေးကြီးလှပေသည်။ ဝိနည်းဥပဒေနှင့် မညီညွတ်ပဲ နေထိုင်သုံးစွဲ မိခြင်းကြောင့် ပစ္စုပ္ပန်ဘဝမှာလည်း မကောင်း (အကဲ့ရဲ့ခံရ) အနာဂတ်ဘဝမှာလည်း "ဘုန်းကြီး ပြိတ္တာ"တွေဖြစ်ပြီး ဒုက္ခအမျိုးမျိုးကို ခံစားနေကြရသော ဝတ္ထုကြောင်း သာဓကတွေ ကား-ပေါများလှပေသည်။

သို့ဖြစ်၍ သာသနာတော်မှာ နေစဉ် သမဏသုခ (ကိုယ်စိတ်နှစ်ပါး) ချမ်းသာပြီး နောင်သံသရာမှာလည်း ရဟန်းပြုရခြင်း၏ အကျိုးစစ် အကျိုး

မှန်ကို ဝဝလင်လင် ခံစားနိုင်ရန် အခြေခံအကျဆုံးဖြစ်သော မိမိနေထိုင်သီတင်းသုံးမည့် ကျောင်းကို ကပ္ပိယကျောင်းဖြစ်အောင် အလှူခံတတ်ဖို့, အသုံးပြုတတ်ဖို့အတွက် ရှင်းလင်းတင်ပြဦးအံ့။

> အနုဇာနာမိ ဘိက္ခဝေ စတဿော ကပ္ပိယဘူမိယော
> ဥဿာဝနန္တိကံ, ဂေါနိသာဒိကံ, ဂဟပတိံ, သမ္မုတိန္တိ။
> (ဝိနည်းမဟာဝါ ပါဠိတော်-ဆ/၃၃၇)။

ဤပါဠိတော်ဖြင့် ဘုန်းကြီးများ နေထိုင်အသုံးပြုရန် ကုဋိ ၄-မျိုး (ကျောင်း ၄-မျိုး)ရှိကြောင်းကို ပြ၏။ ၎င်းတို့ကား -

၁။ ဥဿာဝနန္တိက ကုဋိ
၂။ ဂေါနိသာဒိက ကုဋိ
၃။ ဂဟပတိ ကုဋိ
၄။ သမ္မုတိ ကုဋိ-တို့တည်း။ ထိုတွင်-

## (၁) ဥဿာဝနန္တိကကုဋိ

> ဥဒ္ဓံသာဝနာ ဥဿာဝနာ၊ ဥဿာဝနာ အန္တော ယဿာ
> ကပ္ပိယဘူမိယာတိ ဥဿာဝ နန္တိကာ။
> (ဝိနယာလင်္ကာရဋီကာ-ပ-၂၀၇)။
> ပဌမ ထမ္ဘံ ပန ပဌမဘိတ္တိ ပါဒံဝါ-
> ပတိဋ္ဌာ ပေန္တေဟိ ဗဟူဟိ သမ္ပဝါရေတွာ။
> "ကပ္ပိယကုဋိံ ကရောမ၊ ကပ္ပိယကုဋိံ ကရောမာ"တိ
> ဝါစံ (လ) ထမ္ဘ ပတိဋ္ဌာနဥ္စ ဝစန ပရိယောသာနဥ္စ
> သမကာလံ ဝဋ္ဋတိ။ (မဟာဝါ အဋ္ဌကထာ- ဆ/၃၇၉-၈၀)။

**အဓိပ္ပာယ်ကား**....ကျောင်းထိုင် ဘုန်းကြီးပိုင် သစ်, ဝါး, ဓနိ, အုတ်တို့ဖြင့် ကျောင်း ဆောက်လုပ်ရာ၌ သစ် သား ကျောင်း ဖြစ်အံ့။ ရှေးဦးစွာ စိုက်ထူအပ်သော တိုင်ကို ရဟန်းကိုယ်တိုင် မ,ချီ၍လည်းကောင်း, အခြားသူများကို မ,ချီစေ၍လည်းကောင်း-

"ကပ္ပိယကုဋိံ ကရောမ"ဟု ဆိုပြီးချရမည်။

အဲ့ဘ်ဘိုက်၌ မြေကြီးထဲချသော အုတ်ဘို့ကိုချရာ၌ မဆိုရချေ။ မြေကြီးပေါ်သို့ အစဆုံး တင်သောသော အုဘ်ခဲကို မချပြီးလျှင် ယခင်နည်းအတိုင်း–

ကပ္ပိယကုဋိံ ကရောမ''ဟု ဆိုပါလေ။

## ရွတ်ဆိုရာ၌ အရေးကြီးပုံ

ဤ၌ အထူးမှတ်ရန်ကား ''ကပ္ပိယကုဋိံ ကရောမ''၌ မ အက္ခရာဆိုမိရာကာလနှင့်တိုင်ကို(အုဘ်,ကျောက်ကို)မြေသို့ကျရာကာလသည် တပြိုင်နက်ဖြစ်စေရမည်။ (ပြိုင်မိရမည်၊) ပြိုင်မိမှသာလျှင် ကပ္ပိယကုဋီ (ကပ္ပိယကျောင်း) ဖြစ်သည်၊ ဘုန်းကြီး နောက်ကျနေခဲ့သော် အပ်သောကျောင်း မဖြစ်တော့ပေ။ ယင်းသို့ အပ်သော ကပ္ပိယကျောင်းမဖြစ်လျှင် ဆန်၊ဆီ၊ဆား၊ငြုပ်၊ကြက်သွန်၊ အုန်း ငှက်ပျော စသော ယာဝကာလိက ပစ္စည်း, အဖျော်ယာမကာလဖြစ်သော ယာမကာလိက ပစ္စည်းများကို သိုမှီးသိမ်းဆည်းခြင်း,ချက်ပြုတ်စားသောက်ခြင်းလည်း မပြုကောင်းချေ။ ပြုလုပ်ခဲ့သော် အန္တောဝုတ္ထ အာပတ်, သာမံပက္က အာပတ်သင့်သည်။(သတိပြု)။

## နေရာထိုင် အခင်း သွားရာယူ

ဂိဟိသန္တက, သံဃိက အကပ္ပိယဖြစ်သော ဒကာ,ဒကာမတို့ ပိုင်ဆိုင်သော အဆောက်အဦ၊သံဃိက ကျောင်းများ၌ မိမိပိုင်အခင်းတမျိုးမျိုးကိုခင်းပြီးမှ ထိုင်သင့်သည်။ မခင်းပဲထိုင်ခဲ့သော် လောမဂဏန (မိမိ၏အမွေးအရေအဘွက်)နှင့်အမျှ အာပတ်သင့်သည်–ဟု အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ဆိုလျက်ရှိသောကြောင့်ခရီးသွားတိုင်းကိုယ်ပိုင်အခင်းတခုခုကိုယူဆောင်သွားသင့်သည်။

ဤအဋ္ဌကထာဋီကာစကားကိုထောက်၍ ရဟန်းပိုင် ကပ္ပိယကျောင်းအဆောက်အဦ၌ ကိုယ်ပိုင်အခင်းမျိုးမခင်းပဲ အိပ်ကောင်း,နေကောင်းသည်-ဟု (တိပိဋက ၂၉၂)၌ မိုးနံကုန်း ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သည်။

## ဓမ္မာရုံ–ဇရပ်များ၌ ဘုန်းကြီးများ နေကောင်းသည်

ပုဂ္ဂလိကရဟန်းပိုင်လည်းမဟုတ်,သံဃိကလည်း မဟုတ်သော လူတဦးပိုင် အဖွဲ့ပိုင် ဖြစ်သော ဓမ္မာရုံ, ဇရပ်များ၌ ဘုန်းကြီးများ နေလိုခဲ့သော်

မိမိပိုင် ဖျာ,သင်ဖြူး အိပ်ယာခင်းတို့ကို ခင်းပြီးမှ နေထိုင်ရမည်။ ယာဝကာလိက,ယာမကာလိက ပစ္စည်းကို လုံးဝမသိမ်းဆည်းကောင်းပါ၊မွန်းမလွဲမီ နံနက်အချိန်၌ အကပ်ခံပြီးလျှင် စားကောင်းသည်။ အကပ်မခံပဲ နေ့ ကိ်နေ့များအတွက် သိမ်းဆည်းပြီးလျှင် မထားကောင်းပါ။

အကယ်၍ ဒကာ,ဒကာမများက နေ့စဉ်လာပြီး ကပ်လျှင်ကား ဘုဉ်းပေးကောင်း၏။ ဝိနည်းပြစ်မရှိပါ။ အစားအသောက်နှင့် ပတ်သက်၍ ဇာစီအစဉ်မလုပ်ကောင်း-ဟု ဆိုလိုသည်။

## (၂) ဂေါနိသာဒိကကုဋ္ဌိ (ကျောင်း)

ဂါဝေါနိသီဒန္တိ ဧတ္ထာတိ ပေါနိသာဒိကာ၊
ဂေါသဒ္ဒါုပ ပဒနိပ္ဖ သဒ္ဒေ ာတု။
(ဝိနယာလင်္ကာရဋီကာ-ဆ/၂၀၇)။
ဂေါနိသာဒိကာ ဒုဝိဓာ အာရာမပေါနိသာဒိကာ-
ဝိဟာရ ဂေါနိသာဒိကာတိ။ (လ) ဧတ္ထ ကပ္ပိယကုဋ္ဋိ လဒ္ဓုံဝဋ္ဋတိ။
(မဟာဝါ အဋ္ဌကထာ-ဆ/၃၀၀)။

**အမိပ္ပာယ်အကျဉ်းကား**....တိုက်တာအရာမ်, ကျောင်းအရာမ် မရှိသော ကုဋ္ဌိသည် ဂေါနိသာဒိက ကုဋ္ဋိမည်၏။

မှန်၏။ ကျွဲနွား-စသည်တို့ တားမြစ်,ကာ ဆည်းထားရန် အတွက် ကျောင်း၏ ပတ်ဝန်းကျင် ၃-၄ တောင်မှ အကာအရံ ပြုလုပ်ထားတတ်ကုန်၏။ ထက်ဝက်ဖြစ်စေ, အားလုံးဖြစ်စေ, က ရံခဲ့သော် အကပ္ပိယ ကုဋ္ဋိမည်တော့သည်။ ထိုကဲ့သို့ အကာအရံ မရှိမှသာလျှင် ကပ္ပိယကုဋ္ဋိမည်သည်။ ဘုန်းကြီးများနေထိုင် သိတင်းသုံးကောင်း၏။

## (၃) ဂဟပတိကုဋ္ဌိ (ကျောင်း)

ဂဟပတီဟိ ဒိန္နာတိ ဂဟပတိ။
ဥတ္တရပဒ လောပတတိယာ တပ္ပုရိသောယံ။
(ဝိနယာလင်္ကာရဋီ-ဆ/၂၀၇)။
ဂဟပတီဟိ မနုဿာ ဝါသံကတွာ-
''ကပ္ပိယဘူမိ ဒေမ။ ပရိဘုဥ္ဇထာ''တိ ဝဒန္တိ။

သောဂဟပတိနာမ။
''ကပ္ပိယကုဋ္ဋိံ ကာတုံ ဒေမာ''တိ ဝတွာပိ ဒေန္တိ ယေ။
(လ) ဂဟပတိကုဋ္ဋိကာ နာမာတိ။(မဟာဝါ-ဋ္ဌ-ဆ/၃၇၀-၁)။

**အဓိပ္ပာယ်ကား**....ဤအဋ္ဌကထာ ဋီကာတို့အရ အကျဉ်းချုပ်ကား– ဒကာ, ဒကာမတို့က ကျောင်းဆောက်လုပ်ပြီးလျှင်–

''ကပ္ပိယကုဋ္ဋိံ ကရောမ၊ ကပ္ပိယကုဋ္ဋိံ ကာတုံဒေမ၊ ကပ္ပိယကုဋ္ဋိံ ကတွာ ပရိဘုဉ္ဇထ''–ဟု ကပ္ပိယစကားများဖြင့် လှူဒါန်းသော ကျောင်းသည် ဂဟပတိကုဋ္ဋိမည်၏။ ထိုကပ္ပိယကုဋ္ဋိ(ကျောင်း)မျိုးဖြစ်အောင် ကျောင်းထိုင် ဘုန်းကြီးများက ဒေသနာတော်နှင့်အညီ ကျကျနန ရေးကော်ချတတ်ဖို့လို၏။ ဤဂဟပတိကုဋ္ဋိ (ကျောင်း)၌ ဘုန်းကြီးပစ္စည်း လုံးဝမပါရချေ။

ဘုန်းကြီးပစ္စည်း တမျိုးမျိုးပါသွားလျှင် အကပ္ပိယကုဋ္ဋိ (ကျောင်း) ဖြစ်သွားပြီး ဆန်ဆီ၊ ဆား၊ ငြုပ်၊ ကြက်သွန်၊ အုန်း၊ ငှက်ပျော– စသော ယာဝကာလိ ပစ္စည်းများနှင့် ယာမကာလိကပစ္စည်းများကို မထားကောင်းတော့ချေ။ (သတိပြု)။

## (၄) သမ္မုတိကုဋ္ဋိ (ကျောင်း)

ကမ္မဝါစာယ သမ္မုတိ တဗ္ဗာတိ သမ္မုတိ။
(ဝိနယာ လင်္ကာရဋီ-၁-၂၀၇)။
သမ္မုတိကာနာမ ကမ္မဝါစံ သာဝေတွာ ကတာ။
(မဟာဝါဋ္ဌ- ဆ/၃၇၁)။

**အဓိပ္ပာယ်ကား**....ဉတ္တိ ဒုတိယ ကမ္မဝါဖြင့် သမုတ်အပ်သော ကုဋီသည် သမ္မုတိ ကုဋ္ဋိမည်၏။

(**တနည်း**)။ ။အပလောနက ကံဖြင့် ပန်ကြားပြီး သမုတ်အပ်သော ကုဋ္ဋိသည် သမ္မုတိ ကုဋ္ဋိမည်၏။

**ထင်ရှားစေဦးအံ့**။ ။အကြောင်းအမျိုးမျိုးကြောင့် အကပ္ပိယ ဖြစ်နေသော ကုဋီ(ကျောင်း)ကို ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ထိုကျောင်း ပေါ်မှာ တက်ပြီး သမုတ်လိုက်လျှင် ကပ္ပိယသမ္မုတိကျောင်း ဖြစ်သွားတော့သည်။

ထို့ပြင် ဥပစာရ သိမ်အတွင်းမှာ ထင်ရှားရှိသော ရဟန်းများကို ပန်ကြားပြီး သမုတ်လိုက်လျှင်လည်း ကပ္ပိယသမ္မုကုဋိ ဖြစ်ဘော့သည်။

**မှတ်ချက်၊** ။ဤကျောင်းသည် ဘဏ္ဍာတိုက်နှင့် အလားတူသောကြောင့် ကျောင်းပေါ်မှာတက်ပြီး ကမ္မဝါစာ ဖတ်ရသည်။

## ကပ္ပိယကုဋိ သမ္မုတိ ကမ္မဝါစာ

(နမောတဿ ၃-ကြိမ်ဆို)
သုဏာတု မေ ဘန္တေ သံဃော။
ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမံ-
ဝိဟာရံ ကပ္ပိယဘူမိံ ကရေယျ၊ ဧသာ ဉတ္တိ။ (ဉတ်)
သုဏာတု မေ ဘန္တေ သံဃော။
ဣတ္ထန္နာမံ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ။
ယဿာ ယသ္မတော ခမတိ၊ ဣတ္ထန္နာမဿ ဝိဟာရဿ
ကပ္ပိယဘူမိယာ သမ္မုတိ။ သော တုဏှဿ၊
ယဿ နက္ခမတိ။ သော ဘာသေယျ။ (ကမ္မဝါစာ)
သမ္မတော သံဃေန ဣတ္ထန္နာမော ဝိဟာရော ကပ္ပိယဘူမိ။
ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (နိဂုံး)။

## အပလောကနကံ ဆောင်ရွက်ပုံ

သီမာပရိယာပန္နေဟိ ဗဒ္ဓသီမာယ သတိ-
တဒန္တောဂမေ အသတိ-ဥပစာရ သီမန္တောဂမေတိ အတ္ထော။
(ဝိမတိ-ဆ/ )။

ဤပါဠိဖြင့် အပလောကနကံသည် လဟုကံဖြစ်သောကြောင့် ဂါမခေတ်၌ တည်ရှိသော သံဃာများကို ပင့်ရန်မလို။ (ဆန္ဒဆောင်ရန်လည်း မလို) ဥပစာရ သိမ်အတွင်း (ကျောင်းဝိုင်းအတွင်း)မှာ ရှိသော သံဃာကို သာလျှင် ၂-တောင်တွာ ဟတ္ထပါသ်အတွင်းသို့ ရောက်အောင် ပင့်ရသည်၊ မလာနိုင်လျှင် ဆန္ဒဆောင်ရမည်- ဟု ပြ၏၊

## ကပ္ပိယကုဋီ ၄-လုံးသည် ဘယ်အခါပျက်သနည်း

### ၁။ ဥဿာဝနန္တိကကုဋီပျက်ပုံ

ဥဿာ ဝနန္တိကာ တာဝ ယာ ထမ္ဘာနံ ဥပရိ ဘိတ္တိပါဒေဝါ (လ) အဇဟိတ ဝတ္ထုကာဝဟောတိ။(မဟာဝါ-ဌ-ဆ/၃၁၁)။
ဥဿာ ဝနန္တိကာ တာဝ ယာ ထမ္ဘာနံ ဥပရိ ဘိတ္တိပါဒေဝါ

(လ) အဇဟိတ ဝတ္ထုကာဝဟောတိ။(မဟာဝါ-ဌ-ဆ/၃၁၁)။

ဤပါဠိဖြင့် ဥဿာဝနန္တိက မည်သော ကျောင်းဟောင်းကို ပြင်လိုသော် တပြိုင်နက် တိုင်အားလုံး မနှုတ်ရ၊ မလဲရချေ။ အကုန်နှုတ်ပြီး အသစ်စိုက်လိုက်လျှင် ကပ္ပိယကျောင်း ပျက်သွားတော့၏။ သို့အတွက် တလုံးစီ တလုံးစီနှုတ်ပြီး လဲရသည်၏။ ဤကား- ဥဿာဝနန္တိက ပျက်ပုံဘည်း။

### ၂၊ ဂေါနိသာဒိကာကုဋီပျက်ပုံ

ဂေါနိသာဒိကာ ပါကာရာဒိဟိ ပရိက္ခေပေ ကတေ (လ) ကပ္ပိယကုဋီဟောတိ။ (မဟာဝါ-ဌ-ဆ/၃၁၁)။

ဤပါဠိဖြင့် အရာမ်လုံးလုံး ကာရံသော်လည်းကောင်း (သို့)ထက်ဝက် ကာရံသော်သည်းကောင်း ဂေါနိသာဒိကကုဋီပျက်သွားတော့၏။

ကာရံထားသော အရန်တွေပျက်ပြီး နွားများဝင်ပြီး ကျက်စားလျှင် တော့ တဖန်ကပ္ပိယ ကုဋီဖြစ်ပြန်သည်။ ဤကား-ဂေါနိသာဒိက ကုဋီပျက်ပုံတည်း။

၃။ ၄။ ဂဟပတိ ကုဋီနှင့် သမ္မုတိ ကုဋီများကို အကုန်ဖျက်ပြီး ပြင်လိုက်လျှင် ပျက်သွားတော့၏။ သို့အတွက် အမိုး၊ တစဉ်၊ တတန်းချန်ထားပြီးမှ ပြင်ရမည်။

**ဆောင်ပုဒ်။** ။ **၁။ ရှေးရှိတိုင်ဒုတ်၊ အကုန်နှုတ်၊ ဥဿဝနန္တိကာ။**
**၂။ လုံးလုံး၊ ထက်ဝက်၊ ကာရန်ချက်၊ ပျက်၏ ဂေါနိသာဒိကာ။**
**၃။ အမိုးအကုန်၊ ဖျက်ပယ်တုံ၊ ပျက်ကုန် ကြွင်းနှစ်ဖြာ။**

### ဤဥ္စအားလုံးကို လိုရင်းချုပ်သော်-

၁။ ဘုန်းကြီးပိုင် သစ်- ဝါး- ဓနိ- အုတ်တို့ဖြင့် (သစ်သားကျောင်းဖြစ်အံ့) အစဆုံး စိုက်သောတိုင်ကို ကပ္ပိယကုဋီံ ကရောမ''-ဟု ဆိုပြီး စိုက်ရသည်။

(အုတ်တိုက်ဖြစ်အံ့) မြေပေါ်မှာ အစဆုံးတက်လာသော အုတ်ခဲကို ယခင်အတိုင်း "ကပ္ပိယကုဋိံ ကရောမ"-ဟု ဆိုပြီးချရမည်။ နောက်ဆုံး "မ" အက္ခရာနှင့် တိုင်အကျ (အုတ်ခဲ အကျ) ပြိုင်မိစေရမည်။ ဤကား-ဥဿာဝနန္တိက ကုဋိဆောက်လုပ်ပုံတည်း။

ထိုတိုင်အားလုံး (အုတ်ခဲအားလုံး)ကို အကုန်နုတ်လိုက်လျှင် ဥဿာဝနန္တိက ကုဋိပျက်သွားတော့သည်။

၂။ တိုက်တာအရန်, ကျောင်းအရန်အားလုံးဖြစ်စေ, ထက်ဝက်ဖြစ်စေ ကာရန်ထားခြင်း မရှိလျှင် ဂေါနိသာဒိကကုဋိမည်၏။

အရာမ်အားလုံး (သို့)ထက်ဝက် ကာရန်ထားလျှင် ဂေါနိသာဒိက ကုဋိပျက်၏။

၃။ "ဣမံဝိဟာရံ ကပ္ပိယကုဋိံ ကရောမ၊ ကပ္ပိယကုဋိံ ကာတုံဒေမ၊ ကပ္ပိယကုဋိံကတ္ဝာ ပရိဘုဉ္ဇထ"- ဟု ကပ္ပိယစကားဖြင့် ဒကာ ဒကာမတို့က ကျောင်းဆောက်ပြီး လှူဒါန်းသော ကျောင်းသည် ဂဟပတိကုဋိမည်၏။ (ဘုန်းကြီးပစ္စည်းမပါရချေ။)

ထို ကပ္ပိယ ဂဟပတိကုဋိ၌ အမိုးကို အကုန်ဖျက်လိုက်လျှင် ဂဟပတိ ကုဋိပျက်သွားတော့၏။ တစဉ်တတန်းဖျက်ပြီးမှ ပြန်မိုးရသည်။

**မှတ်ချက်။** ။ကပ္ပိယကျောင်း ဖြစ်အောင် ဘုန်းကြီးက ရေစက်ချတတ်ဖို့ အရေးကြီးသည်။ (ဂခုဏ္ဍမှု ဆုပေးရေးစက်ချ ကျမ်းကို ကြည့်ရှုပါလေ။)

၄။ ရှေးကပ္ပိယကုဋိ ၃- မျိုးမှာ အကြောင်း အမျိုးမျိုးကြောင့် အကပ္ပိယကုဋိဖြစ်နေလျှင် ထိုကျောင်းပေါ်တက်ပြီး ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ပြီး ပေးရသောကျောင်းသည် ကပ္ပိယ သမ္မုတိကျောင်းမည်၏။

ထိုကပ္ပိယသမ္မုတိကုဋိ၌အမိုးများကိုအကုန်ဖျက်ဆည်းလျှင် ပျက်သွားတော့သည်။ အသစ်ပြန်မိုးလိုလျှင် တစဉ်တတန်းချန်ပြီးမှ ပြန်မိုးရမည်။ ဤကား- အကျဉ်းချုပ်မှတ်ရန်တည်း။

သိက္ခာပုဒ်များ၌ အထူးမှတ်ဖွယ်များ ပြီး၏။

## ရဟန်းခံရာ၌ အမှန်ပြုလုပ်ရမည့်ကိစ္စများ

### သိမ်အတွင်း (၅) မိနစ်တရား

သာသနဿ ဒါယာဒေါ ဟောမိ- နဟောမီတိ-
သာသနဿ ဉာတကော အဗ္ဘန္တရော ဟောမိ၊
နဟောမီတိအတ္ထော။
ယေသံ သာသနေ ပဗ္ဗဇ္ဇန္တိ၊ ပုတ္တာဓိတရော နသန္တိ၊
န တေ သာသနေ ကတ္တာဗ္ဗကိစ္စံ-
အတ္တနော ဘာရံ ကတွာ ဝဟန္တီတိ။
ဣမမတ္ထံ သန္ဓာယ ထေရော ဧဝမာဟ န ခေါ မဟာရာဇ
ဧတ္တာဝတာ သာသနဿ ဒါယာဒေါ ဟောတီတိ။
(သာရတ္ထဋီကာ- ဆဋ္ဌ/၁၃၄)။

ဝိမတိဋီကာ၌လည်း ထို့အတူပင် လာရှိသည်။ ထိုဋီကာများ၏ အဓိပ္ပာယ်သော်ကား-သာသနာ့အမွေ—ဟူသည် သာသနာတော်နှင့် ဆွေမျိုးတော်စပ်ခြင်း၊ သာသနာတော်၏ အတွင်းသူ, အတွင်းသား ဖြစ်ခြင်းပင်တည်း။ (သာမဏေပြုလုပ်၍ ပေးခြင်း, ရဟန်းခံ၍ပေးခြင်းကိုဆိုလိုသည်။)

ရှင်ဒကာ- ရှင်အမ၊ ရဟန်းဒကာ၊ ရဟန်းအမ မဖြစ်သေးခင်က သာသနာတော်နှင့်ဆွေမျိုးမတော်စပ်သေး၊ သာသနာတော်၏ အတွင်းသူ/သား မဖြစ်သေးပါ၊ သာသနာတော်နှင့် ဝေးကွာလျှ၍ သာသနာတော်၏ ပြင်ဘက်က ပုဂ္ဂိုလ်များသာ ဖြစ်ပေသည်။

ရှင်ဒကာ-ရှင်အမ၊ ရဟန်းဒကာ၊ ရဟန်းအမဖြစ်ပြီးသော အချိန်မှစ၍ သာသနာတော်နှင့် ဆွေမျိုး ရင်းချာဖြစ်ပြီး သာသနာတော်၏ အတွင်းသူ, အတွင်းသား ဖြစ်သွား၍ သာသနာရေး လုပ်ငန်းများမှာလည်း မိမိတို့အပေါ်မှာ ဘာဝန်ကျသာပြီး၊ မလုပ်သျှင် မဖြစ်တော့ဖူး-ဟု ကြောင့်ကြမှုတွေ ပိုလာတော့သည်။ ထိုအချိန်မှ စ၍ သာသနာတော်နှင့် ပတ်သက်၍ ကုသိုလ်ပြုမှုတွေ တနေ့တခြား တိုးပွားလာတော့သည်။

လောကဌ် ပစ္စည်းဥစ္စာပေါများသော လူဂုဏ်တန်တဦးရှိ၏။ ထိုလူဂုဏ်တန်၏ ပစ္စည်းဥစ္စာတွေကို မည်သူရထိုက်သနည်း, စဉ်းစားစမ်းပါ၊ ထိုလူဂုဏ်တန်၏ သားသမီးမြေး မြစ်များသာ ရထိုက်သည် မဟုတ်လား၊ ထိုအတူပဲ သာသနာတော်၏ အမွေအနှစ်များကိုလည်း သာသနာတော်နှင့် ဆွေမျိုးတော်စပ်သူ၊ သာသနာတော်၏ အတွင်းသူ/သားဖြစ်ကြသည့် ရဟန်း ဒကာ–ရဟန်းအမ၊ ရှင်ဒကာ၊ ရှင်အမများသာလျှင် ရထိုက်သည်–ဟုဆိုခြင်း ဖြစ်သည်။

ထို့ပြင် မိမိတို့ ရဟန်း သာမဏေများက ပရိယတ္တိ၊ ပဋိပတ္တိဆိုတဲ့ သာသနာ့ လုပ်ငန်းကြီးများကို မပြတ် လုပ်နေနိုင်အောင် ရဟန်းဒကာ၊ ရဟန်း အမတို့ကလည်း မိမိတို့တတ်နိုင်သည့်ဘက်က ပစ္စည်းလေးပါးဖြင့် ကူညီစောင့်ရှောက် နေခဲ့သော် မိမိတို့ကိုယ်တိုင် သက်န်းဝတ် နေရသလို ဖြစ်သည်ကို ''အတ္ထဘော တေ သယံ ပဗ္ဗဇ္ဇိတာဝိယ ဟောန္တိ–ဟု ဝဇီဝရ ဗုဒ္ဓိ ဋီကာ ဖွင့်ဆိုသည်ကိုလည်း သတိရှိကုန်ရာသတည်း။

**ပရိက္ခရာ ၈–ပါး အလှူခံစနစ်**

(ရဟန်းဒကာ–ရဟန်းအမတို့ကို ပရိက္ခရာ–၈–ပါးကိုခွဲဝေပြီးကိုင်ထားစေ၍ ဖော်ပြပါ– ပါဠိကို လိုက်ဆိုခိုင်းပါ။)

မယံ ဘန္တေ ဣမေ အဋ္ဌပရိက္ခာရေ– ဥပသမ္ပဒါ ပေက္ခဿ– ဥပသမ္ပဒ ကမ္မာဝဟနတ္ထာယ ဒေမ– ဟု(၃–ခေါက်ဆိုခိုင်းပါ။)

**အနက်**.... ဘန္တေ၊ ဘုရား၊ မယံ၊ တို့သည်။ဣမေ အဋ္ဌ ပရိက္ခာရေ၊ ဤရှစ်ပါးသော ပရိက္ခရာတို့ကို၊ ဥပသမ္ပဒါပေက္ခဿ၊ ပဉ္စင်းလောင်းသာမဏေအား။ ဥပသမ္ပဒ ကမ္မာဝဟနတ္ထာယ။ ဥပသမ္ပဒကံ ဆောင်ရန်အလို့ငှာ။ဒေမ၊ လှူဒါန်းပါကုန်၏။ဣမိနာ၊ဤကောင်းမှုကြောင့်။ နိဗ္ဗာနံ၊ သို့။ သီဃံ၊ လျှင်မြန်စွာ။ ပပ္ပောမ၊ ရောက်ရပါကုန်၏။ ဣမဿ၊ ဤကောင်းမှု၏။ ဘာဂံ၊ အဖို့ကို။ သဗ္ဗသတ္တာနံ၊ အမိအဘ၊ ဆရာသမား၊ ဆွေကြီး၊ မျိုးကြီး၊ ဘိုးကြီး၊ဘွားကြီးမှ စ၍ သုံးဆယ့်တဘုံ၌ ကြဉ်လည်ကုန်သော အလုံးစုံသော သတ္တဝါတို့အား၊ ဘာဇေမ၊ အမျှအမျှ ပေးဝေပါကုန်၏။ သဗ္ဗေသတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ လဘန္တု၊ အမျှရကြပါစေကုန်သတည်း။

(ရဟန်း ဒကာများကို, ရဟန်းလောင်းအား ပရိက္ခရာ ရှစ်ပါးကို ကပ်ခိုင်းပါ။ ကပ်ပြီးလျှင် ထောင့်ကျရာ တနေရာ သွား၍ သင်္ကန်းလဲ ဝတ်ခိုင်းပါ။)

## နာမဂ္ဂဟဏကိစ္စ

ယခုအခါ၌ ကမ္မဝါစာရွတ်ဖတ်၍ လွှယ်စေခြင်းငှာ ရဟန်းလောင်း၏ အမည်နှင့် ဥပဇ္ဈာယ်ဆရာ၏ အမည်ဟောင်းကို ဖျောက်၍ ရဟန်းလောင်းကို "နာဂ"-ဟု မှည့်ပါ၏။ ရဟန်းလောင်း၏ အမည်သည် "နာဂ"- တည်း။ နာဂ-ဟူ၍မှတ်။

သံဃာတော် အရှင်မြတ်တို့ကလည်း ကမ္မဝါစာရွတ်ဖတ်ရာ၌ "နာဂေါ-နာဂံ-နာဂဿ"- စသည်ဖြင့် ပါရှိသည့်အခါ "ပဉ္စင်းလောင်း၏ အမည်ကို ဖတ်သည့်-"-ဟု မှတ်တော်မူကြပါကုန်။

ဥပဇ္ဈာယ်ဆရာ၏ အမည်ကို "အသျှင်တိဿ"- ဟု မှည့်ပါ၏။ ဥပဇ္ဈာယ်ဆရာ၏ အမည်သည် အသျှင်တိဿပါတည်း။ သံဃာတော် အရှင်မြတ်တို့ကလည်း ကမ္မဝါစာရွတ်ဖတ်ရာ၌"တိဿော-တိဿဿ"-စသည်ဖြင့်ပါရှိသည့်အခါ "ဥပဇ္ဈာယ် ဆရာ၏အမည်ကို ဖတ်သည်"- ဟု မှတ်တော်မူကြပါဘုရား။ (ဤကား -ဋီကာနည်းတည်း။)

**ပါဠိတော်နည်း**-တိဿ- နာဂ- ဟု မမှည့်ပဲ, ပင်ကိုယ် အမည်ရင်း အတိုင်း ဖတ်ခြင်းကား-ပါဠိတော်နည်းဖြစ်သည်။ ရာဇိန္ဒ၊ ဇောတိက-စသော အမည်ရင်းအတိုင်းဖတ်ပါလေ- ပခုက္ကူက-နှစ်နည်းလုံး အသုံးပြုသည်။

## ဥပဇ္ဈာယဂ္ဂဟဏကိစ္စ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃- ခေါက်ဆို)

**ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။**

**အနက်**....ဥပသမ္ပဒါပေက္ခ- သာမဏေအဖြစ်မှ အထက်တန်း ရဟန်းပဉ္စင်း အဖြစ်ကို ငဲ့သော။ အာဝုသောနာဂ၊ ငါ့ရှင်ပဉ္စင်းလောင်း သာမဏေ။ ပဌမံ၊ သပိတ်သင်္ကန်း ကြားခြင်း-စသည်တို့၏ ရှေးဦးစွာ။ ယသ္မာ၊အကြင်ကြောင့်။ဥပဇ္ဈံ၊ဥပဇ္ဈာယ်ဆရာကို။ဂါဟာပေတဗ္ဗော။

ယူစေအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သည်။ ဥဇ္ဈံ၊ ကို။ ဂဏှ၊ ယူဦးလော့။

"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။" (၃-ခေါက်ဆိုခိုင်း)

ပါဿာဒိကေန သမ္ပာဒေဟိ- ဟု ဥပဇ္ဈာယ်ဆရာတော်က ဆိုပါ။ အာမဘန္တေ-ဟု ပဉ္စင်းလောင်းကဆိုပါ။

**ပတ္တစီဝရာဒိ အာစိက္ခနကိစ္စ**

**ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။**

**အနက်....** ဥပသမ္ပဒါပေက္ခ၊ သာမဏေအဖြစ်မှ မြင့်မြတ်သော အထက်တန်း ရဟန်းပဉ္စင်းအဖြစ်ကို ငဲ့သော၊ အာဝုသော နာဂ၊ ငါ့ရှင်ပဉ္စင်းလောင်း သာမဏေ။ ဥပဇ္ဈံ၊ ကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ သပိတ်တလုံး၊ သုံးထည်သော သင်္ကန်းကို။ ယသ္မာ၊ ကြောင့်၊ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ တသ္မာ၊ ကြောင့်။ ဟော၊ သင်ငါ့ရှင် ပဉ္စင်းလောင်းအား။ ပတ္တစီဝရံ၊ ကို။ အဟံ၊ သည်။ အာစိက္ခိဿံ၊ ပြောကြားပေလိမ့်အံ့။ တွံ၊ သည်။ သုဏာသိ၊ နားစေ့စေ့ထောင်လော့။

**အယံ တေ ပတ္တော**

**အနက်**....ဥပသမ္ပဒါပေက္ခ။ (ပေးမြဲ)အယံပတ္တော၊ အဆင်းအရောင်၊ သဏ္ဌာန် ပမာဏနှင့် ပြည့်စုံသည်ဖြစ်၍၊ အဓိဋ္ဌာန်လောက်သော ဤသပိတ်သည် (ဥပသက-ဥပါသိကာဟိ၊ ရတနာသုံးရပ်၏ ဂုဏ်ကို အာရုံပြု၍ အမြဲမပြတ် မှီဝဲ ဆည်းကပ် တတ်ကုန်သော ပခုက္ကူမြို့ ပေါင်ရှင်ရပ် ကျောင်းဒကာကြီး ဦးဖိုးလှဲ့ သားသမီးများ ဖြစ်ကြသော ဦးတင်အေး၊ ဦးခင်လေး၊ ဒေါ်ရုံ၊ မညွန့်-မနု မိသားစုတို့သည်။) သာသနဒါယဇ္ဇတ္ထာယ၊ သာသနအမွေခံ ဖြစ်ပါရခြင်းအကျိုးငှါ။ သာသနာနုဂ္ဂဟ ဝသေန၊ သာသနာတော်အား သဂြိုဟ်ချီးမြှင့် ထောက်ပင့်သည်၏ အစွမ်းအားဖြင့်။ ဒိန္နော၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သည်။ ဟုတွာ၊ ဖြစ်ခြင်းကြောင့်။ တေ၊ သင်ငါ့ရှင်ပဉ္စင်းလောင်း၏။ ပတ္တော၊ မရန်းမငှါး အများမဆိုင် ကိုယ်ပိုင်သပိတ်တည်း။ ကိုယ်ပိုင်သပိတ်ဟူ၍မှတ်။

အာမဘန္တေ၊ အသျှင်အမိန့်အတိုင်းပါဘုရား။ (ပဉ္စင်းလောင်းကဆို)

## အယံ သံဃာဒိ

**အနက်** ...ဥ၁သမ္ပဒါပေက္ခ၊ (ပေးမြဲ)။ အာဝုသော နာဂ၊ သာမဏေ။ အယံ သံဃာဒိ။ နှစ်လွှာနှစ်ထပ် ချဉ်းချဉ်း အပ်လျက်၊ချုပ်စပ်အပ်သော ဧည ဒုဂုဏ်သင်္ကန်းကြီးသည်။(ဥပသက ဥပါသိကာဟိ၊ ရတနာသုံးရပ်၏ ဂုဏ်ကို အာရုံပြု၍ အမြဲမပြတ် မှီဝဲဆည်းကပ်ဘတ်ကုန်သော ပခုက္ကူမြို့ လောင်ရှင်ရပ် ကျောင်း ဒကာကြီး ဦးဖိုးလှဲ့ သား သမီးများ ဖြစ်ကြသော ဦး.တင်အေး၊ ဦးခင်လေး၊ ဒေါ်ရုံ၊ မညွှန့်-မနု မိသားတစုတို့သည်။)နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘို့ဖြင့် မျက်မှောက် ပြုပါရခြင်း အကျိုးငှါ။ ဒိန္နာ၊သဒ္ဓါကြည်ဖြူ ပေးလှူအပ်သည်။ ဟုတ္တွာ၊ဖြစ်ခြင်းကြောင့်။ ဘော၊ သင်ငါ့ရှင် ပဉ္စင်းလောင်း၏၊ သံဃာဒိ။ မရန်းမငှား အများမဆိုင် ကိုယ်ပိုင်ဒုဂုဏ်သင်္ကန်းကြီးတည်း၊ ကိုယ်ပိုင်ဒုဂုဏ် သင်္ကန်းကြီးဟူ၍မှတ်။

အာမ ဘန္တေ၊ အသျှင်အမိန့်အတိုင်းပါဘုရား၊(ရဟန်းလောင်းကဆိုပါ)။

## အယံ ဥတ္တရာ သင်္ဂေါ

**အနက်ပေး**....ဥပသမ္ပဒါပေက္ခ၊ (အနက်ပေးမြဲ)

အာဝုသောနာဂ၊ငါ့ရှင်ပဉ္စင်းလောင်းသာမဏေ။ အယံ ဥတ္တရာ သင်္ဂေါ၊ အထက်သင်္ကန်းမှတ်ကိုယ်အရပ်၌ ငြိကပ်သိုင်းချုံ၍ကိုယ်ရုံဧကစီသည်။ (ဥပသက ဥပါသိကာဟိ၊ ပေးမြဲ)။ သံသာရတော၊ ခန္ဓာ၊ အာယတန၊ ဓာတ် တို့၏ မပြတ်ဖြစ်ရာ သံသရာမှ။ မောစနတ္ထာယစ၊ ထွက်မြောက်ပါရခြင်းငှါ လည်းကောင်း။ ဣစ္ဆိတပတ္ထိတ ဗောဓိဉာဏဿ၊ အလိုရှိအပ်၊ တောင့်တအပ် သော ဗောဓိဉာဏ်ကို။ ပဋိလဘနတ္ထာယစ၊ ကေန်မုချ ရပါစေခြင်း အကျိုးငှါ လည်းကောင်း။ ဒိန္နာ၊သည်။ဟုတ္တွာ၊ကြောင့်။ဘော၊ သင်ငါ့ရှင်ပဉ္စင်းလောင်း ၏။ ဥတ္တရာသင်္ဂေါ၊ မရန်းမငှါး၊ အများမဆိုင် ကိုယ်ပိုင်ဧကစီတည်း။ကိုယ်ပိုင် ဧကစီဟူ၍မှတ်။

အာမ ဘန္တေ၊အသျှင်အမိန့်အတိုင်းပါဘုရား။ (ရဟန်းလောင်းကဆိုပါ)။

## အယံ အန္တရ ဝါသကော

**အနက်**....ဥပသမ္ပဒါပေက္ခ၊(ပေးမြဲ) အာဝုသောနာဂ၊သာမဏေ။ အယံအန္တရ ဝါသကော။ အတွင်းသင်္ကန်းမှတ် ခါးအရပ်၌ ဝတ်ဆင်အပ်သော

ဤသင်းပိုင်သည်။ဥပါသက ဥပါသိကာဟိ၊(ပေးမြဲ)အနာဂတော၊နောင်သော အခါ၌။ ဗုဇ္ဈနကဿ၊ ပွင့်တော်မူလတ့်သော။ အရိမေတ္တေယျဗုဒ္ဓဿ၊ အရိမေတ္တေယျ မြတ်စွာ ဘုရား၏။ကာလေ၊ ရွှေလက်ထက်တော်အခါကာလ သမယ၌။ အရဟတ္တ ဖလပုပ္ပံ၊ အရဟတ္တဖိုလ် တည်းဟူသော ပန်းကို။ ပိဋ္ဌန္ဒနတ္ထာယ၊ပန်ဆင်ပါရခြင်းအကျိုးငှါ။ ဒိန္နော၊ သည်။ ဟုတ္တွာ၊ ကြောင့်။ တော၊သင်ငါ့ရှင်ပဥ္စင်းလောင်း၏။ အန္တရဝါသကော။ မရမ်းမငှါး အများ မဆိုင် ကိုယ်ပိုင်သင်းပိုင်တည်း။ ကိုယ်ပိုင်သင်းပိုင်ဟူ၍မှတ်။

အာမဘန္တေ၊အသျှင်အမိန့်အတိုင်းပါဘုရား။ (ရဟန်းလောင်းက ဆို)။

---

## ဗဟိနိဒ္ဒိဟရဏ ကိစ္စ

### ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ

**အနက်**....ဥပသမ္ပဒါပေက္ခ။ သာမဏေအဖြစ်မှ မြင့်မြတ်သော အထက်တန်း ရဟန်း ပဥ္စင်းအဖြစ်ကို ငဲ့သော။ အာဝုသောနာဂ၊ ငါ့ရှင် ပဥ္စင်း လောင်း သာမဏေ။ ဣဒါနိ။ ယခုအခါ၌။ တံ၊ သင့်ကို။ အနုသာသိတုံ၊ သွန်သင်ဆုံးမ နည်းလမ်းပြခြင်းငှါ။ ဩကာသော၊ အခါအခွင့်သည်။ပတ္တော၊ ဆိုက်ရောက်လာလေပြီ။ တထာပိ၊ ထိုသို့ပင် ဆိုက်ရောက် လာသော်လည်း။ ဣမသ္မိံ သံဃမဇ္ဈေ၊ထေရဝ၊နဝ၊မဇ္ဈိမ-ဟုများလှသွယ်သွယ် ဤသံဃာ့အလယ် ၌။တံ၊သင့်ကို။ အနုသာသိတုံ၊ သွန်သင်ဆုံးမ နည်းလမ်းပြခြင်းငှါ။ ယသ္မာ။ ကြောင့်။ နဝဋ္ဋတိ၊ မသင့်မလျော်ချေ။ တသ္မာ၊ ထို့ကြောင့်။တွံ၊ သင်သည်။ ဂစ္ဆ၊ သံဃာရှေးရှု မျက်နှာမူလျက်။ တူယူ နောက်ဆုတ် လက်အုပ်ချီကာ သွားလိုက်ပါလော့။ ဂန္တွာ၊ သွားပြီး၍။ အမုမှိဩကာသေ၊ မကြောက်မရွံ့ လျောက်ဆိုစံ့ရာ သံဃာ၏ဟတ္ထပါသ်ပြင်ကျလောက်ရာ အရပ်၌။ တိဋ္ဌာဟိ၊ လေးရောက်လျှံပြိုင်၊တောင်မဏ္ဍိုင်သို့ ကြန့်ခိုင်မတ်တတ်ရပ်တည်ချေဦးလော့။

(ရဟန်းတော် ၂-ပါးက ရဟန်းလောင်းကို ခြံရံလျက် လက်အုပ်ချီ စေပြီး သံဃာ၏ ဟတ္ထပါသ်ပြင်ဘက်ရောက်အောင် နောက်ဆုတ်ခေါ်သွား၍ ထားခဲ့ပါ။)

## အနုသာသက ဥတ်ထားနည်းအမျိုးမျိုး

၁။ တိဿ နာဂအမည်ဖြင့် ဖတ်သော ဋီကာနည်း
၂။ မူလ အမည်ရင်းအတိုင်း ဖတ်သော ပါဠိတော်နည်းဟူ၍ ၂-မျိုး ရှိသည်။

ထိုတွင် တမျိုးတမျိုး၌-

၁။ ကိုယ်တိုင်ဆုံးမသောအခါ ဥတ်ထားနည်း
၂။ သူတပါးဆုံးမသောအခါဥတ်ထားနည်း-ဟု ၂-မျိုးစီရှိပြန်သည်။

(ဥတ်ထားနည်း ၄-မျိုးသည်-ဟု ဆိုလို၏။)

### ၁။ တိဿ နာဂ အမည်ဖြင့်ကိုယ်တိုင်ဥတ်ထားနည်း

(နမောတဿ ၃-ကြိမ်ဆိုရန်)

သုဏာတု မေ ဘန္တေ သံဃော။

အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။
ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။

**ဤကား**....''အတ္တနာဝ အတ္တာနံ သမ္မန္နိတဗ္ဗံ''အရ ဆုံးမသော ဉီးကဝိန္ဒက ကိုယ်တိုင် ဥတ်ထားသော ဋီကာနည်းတည်း။

### ၂။ တိဿ နာဂအမည်ဖြင့် သူတပါးဆုံးမသောအခါ ဥတ်ထားနည်း

သုဏာတု မေ ဘန္တေ သံဃော။
အယံနာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။
ယဒိ သံဃဿ ပတ္တကလ္လံ။
အာယသ္မာ ကဝိန္ဒော နာဂံ အနုသာသေယျ။

**ဤကား**....''ပရေန ပရော သမ္မန္နိတဗ္ဗော'' အရ အရှင်ကဝိန္ဒက ဆုံးမသဖြင့် အရှင်သုဒဿနက ဥတ်ထားပေးပုံတည်း။

### ၃။ မူလအမည်ရင်းအတိုင်း ကိုယ်တိုင်ဥတ်ထားနည်း

သုဏာတု မေ ဘန္တေ သံဃော။
အယံ အဂ္ဂိဿရိယော အာယသ္မတော သုဒဿနတ္ထေရဿ။

ဥပသမ္ပဒါပေက္ခော။ ယဒိသံဃဿ ပတ္တ ကလ္လံ။
အဟံ အဂ္ဂိဿရိယံ အနုသာသေယျံ။

**ဤကား**....း"အတ္တနာဝ အတ္တာနံ သမ္မန္နိတဗ္ဗံ"အရ ဆုံးမသော ဦးကဝိန္ဒက ပါဠိတော်နည်းဖြင့် ကိုယ်တိုင်ဥတ်ထားပုံတည်း။

**၄။ မူလအမည်ရင်းတိုင်း သူတပါးဆုံးမသောအခါ ဥတ်ထားပေးပုံ**

သုဏာတု မေ ဘန္တေ သံဃော။
အယံ အဂ္ဂိ ဿရိယော အာယသ္မတော သုဒဿနတ္ထေရဿ
ဥပသမ္ပဒါပေက္ခော။ ယဒိသံဃဿ ပတ္တ ကလ္လံ။
အာယသ္မာ ကဝိန္ဒော အဂ္ဂိဿရိယံ အနုသာသေယျ။

**ဤကား**....''ပရေန ပရော သမ္မန္နိတဗ္ဗော'' အရ အရှင် ကဝိန္ဒက ဆုံးမသဖြင့် အရှင်သုမင်္ဂလက ဥတ်ထားပေးပုံတည်း။

## (ဂ) အနုသာသနကိစ္စ (အပြင်၌ဆုံးမခန်း)

**နာဂ**၊ ဃရာဝါသ ကိစ္စရှုပ်ထွေး၊ အိမ်ထောင်ရေးကို၊ တံတွေးဗမာ၊ စွန့်ပစ်ခွါ၍ လာတဘ်ပေစွ၊ မောင်နာဂ။ တွေ၊သင်သည်၊သုဏာသိ၊ အာရုံတပါး စိတ်မသွားပဲ၊ နားစေ့စေ့ထောင်။ အယံကာလော၊ ရဟန်းပြုရန် စိတ်အကြံနှင့် မိဋ္ဌာန်ဝင်လာ ဤအခါသည်ကား။ တေ၊သင်၏။သစ္စကာလော၊ သစ္စာမိဋ္ဌာန်၊ ဖြစ်တိုင်းပြန်၍ အမှန်ကိုသာ လျှောက်ဆိုရမည့်အခါပေတည်း။ ဘူဘကာလော၊ ဝတ္ထုဘူဘ၊ တူသမျှကို တစမယုတ်၊ အတိုချုပ်လျက်၊ အဘုတ်ကိုသာ လျှောက်ဆိုရမည့် အခါပေတည်း။

ယံ၊ အကြင်ကုဋ္ဌ၊ ဂဏ္ဍ စသော အန္တရာယိကဓမ္မ၊ ပဗ္ဗဇ္ဇ ဒေါသတို့၏ ရှိ၊ မရှိသဘောသည်။ ဇာတံ၊ ရှေးကံစီမံ၊ သင့်သန္တာန်၌၊ စင်စစ်ကေန်၊ ဖြစ်သည်မှန်အံ့။ တံ၊ ထိုဖြစ်ဖြစ်သမျှ၊ သဘာဝကို။ သံဃမဇ္ဈေ၊ သာမဂ္ဂီရေး ကိုယ်စိတ်ပေး၍၊ စည်းဝေးညီညာ စုရောက်လာသည့် သံဃာပေါ်ယ်၊ များအလယ်၌။လဒ္ဓသမ္မုတိကော၊ရအပ်သောသမ္မုတိရှိသောရဟန်းတော်သည် (ဝါ) သမ္မုတိရသော ရဟန်းတော်က။ ပုစ္ဆန္တေ၊ နောင်ခါအရေး၊ ရင်စယ်အေးအောင်၊ အညစ်အကြေး၊ ကင်းစင်ဝေးဖို့ စစ်ဆေးမေးမြန်းလတ်သည် ရှိသော်။ သန္တံ၊ မိမိကိုယ်တွင် ထင်ရှားတစိ၊ ရှိသည်မှန်ခဲ့သော်။ အတ္ထီတိ၊

ရှိပါသည်ဘုရား-ဟူ၍။ ဝတ္တဗ္ဗံ။ မကွယ်မထောင့်၊ အဖြောင့်ရိုးသား သင်လျှောက်ထားရမည်။ ဝါ၊ သင်လျှောက်ထားလေ။

အသန္တံ၊ အကယ်တိတိ-မရှိဘိမူ။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ မကွယ်မထောင့်၊ အဖြောင့်ရိုးသား၊ သင်လျှောက်ထားရမည်။ (ဝါ) သင်လျှောက်ထားလေ။ တွံ၊ သင်သည်။ မာခေါဝိတ္ထာယိ၊ ဒေပြင်ကိုက်မှာ မရှိပါပဲ၊ မညှာမတာ၊ ရက်စက်စွာဖြင့်၊ အခါခါမေးရမည်လား၊ မာန်မှက်ပွားလျက် စကားတုန့်ပြန် ခွန်းလှန်မထုတ်၊ ကျောက်ထုရုပ်သို့၊ ငုတ်တုတ်ငေးကာ မနေလိုက်ပါလင့်။ မကုံ လူပုံအလယ်၊ ရှက်ဖွယ်လိလိ ဖြစ်မရှိပဲ၊ ယုတ္တိဆင်ပြန် ပလီညာဏ်ဖြင့်။ ကြံဖန်တွေးနက်၊ မေးရက်လေခြင်း၊ အဆင်းမျက်နှာ၊ မသာယာသည်။ မာခေါအဟောသိ၊ မပြင်လိုက်ပါနှင့်။ (ပသန္နမုခေါဝ၊ ဆီးနှင်းမြူတိမ် သူရိန် မီးခိုး၊ ညစ်မျိုးငါးအင်၊ ကင်းပစေသည့် ကြည်လင်လန်းယ်၊ မျက်နှာထည်သည်။ ဘဂဝါဟိ၊ ဖြစ်လိုက်စမ်းပါလော့၊)

လဒ္ဓသမ္မုတိကာ၊ ရအပ်သော သမ္မုတိရှိကုန်သော၊ ရဟန်းတော်တို့သည်။ ဝါ၊ သမ္မုတိရကုန်သော ရဟန်းတို့က။ တံ၊ သင့်ကို။ ဧဝံ၊ ဤသို့။ ဝါ၊ ဒီပုံဒီနည်းဒီသို့။ ပုစ္ဆိဿန္တိ၊ ရှိ၊ မရှိဖြစ်ဘေး သိလိုရေးနှင့် စစ်ဆေးမေးမြန်းကြကုန်လိမ့်လတ္တံ့။ (ကံ ပုစ္ဆိဿန္တိ၊ အဘယ်သို့ မေးမြန်းကြကုန်လိမ့်လတ္တံ့နည်း။)

နဂရ၊ ငယ်သွယ်ဘန်းစို၊ ပျို ရွယ်နုနှောင်း ပဋ္ဌင်းလောင်း။ တေ၊ သင်၏ သရီရေ၊ ငါးဝကာခို၊ ခန္ဓာကိုယ်၌။ ကုဋ္ဌံ၊ အကွက်နီညို-တကိုယ်လုံး ယောင်ရန်း၊ အန်းတန်းဘန်းနှင့်၊ သဖန်းဟူရာ၊ နူအနာလည်းကောင်း၊ ဂဏ္ဍော၊ သွေးပြီသွေပုတ်၊ စက်ဆုတ်ရာအိုင်းအမာ လည်းကောင်း၊ ကိလာသော၊ ယားယံပေါက်ပြဲ၊ ပွေးဝဲစသော အနာလည်းကောင်း၊ သောသော၊ ခယရုတ် ချောင်းဆိုး ပန်းနာမျိုးလည်းကောင်း၊ အပမာရော၊ သတိမေ့မူး၊ ထွန့်ထွန့်လူးရသောဝက်ရူး၊ ကြက်ရူး နာလည်းကောင်း။ ဣတိဧဝရူပါ၊ ဤသို့ ယုဘ်ကြောင်း၊ မကောင်းသော သဘောရှိကုန်သော။ အာဗာဓာ၊ အနာဆိုး၊ အနာမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ဣတိ၊ သို့၊ ပုစ္ဆိဿန္တိ၊ နောင်ခါအရေး စိတ်ငယ်အေးအောင်၊ စစ်ဆေးမေးမြန်းကြကုန်လိမ့်လတံ့။ ဧဝံပုစ္ဆန္တေသု၊ ဤသို့ နောင်ခါအရေး ရင်ဝယ်အေးအောင်၊ စစ်ဆေးမေးမြန်းကြကုန်သည်ရှိသော်။

တော၊ သင်၏။ သရီရေ၊ ၌။ ကုဋ္ဌံ၊ ပိုးလောက်တွေစား၊ တဖွားဖွားနဲ့ အသားရေကွက်၊ ကိုယ်လုံးပျက်အောင် ဟန်ဆောင်မရ၊ တ,သ ငိုကြွေး၊ ကယ်သူဝေးရှာ၊ နူအနာသည်။ သစေအတ္ထိ၊ အကယ်ကေန်၊ ရှိသည်မှန်အံ့၊ စေ့သတိ၊ ဤသို့နူနာရှိခဲ့ပါသော်။ အတ္ထိဘန္တေတိ-ဟူ၍။ ဝါ၊ တပည့်တော်၏ ခန္ဓာကိုယ်မှာ နူနာရှိပါသည်ဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ မထိန်ချန်ပဲ၊ ကေန် ရိုးသား၊ သင်လျှောက်ထားရမည်။ ဝါ၊ သင်လျှောက်ထားလေ။

တော၊ ၏။ သရီရေ၊ ၌။ ကုဋ္ဌံ၊ သည်။ သစေနတ္ထိ၊ အကယ်ကေန် မရှိ သည် မှန်အံ့။ စေ့အသတိ၊ ဤသို့ နူနာမရှိခဲ့ပါသော်။ နတ္ထိဘန္တေတိ- ဟူ၍။ ဝါ၊ တပည့်တော်၏ခန္ဓာကိုယ်မှာ နူနာမရှိပါဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ကွေ့ယ် မထောင့်၊ အဖြောင့်ရိုးသား သင်လျှောက်ထားရမည်။ ဗ ါ၊ သင်လျှောက် ထားလေ။

**အာဝုသောနာဂ၊** ငါ့ရှင်ပဥ္စင်းလောင်း။ တော၊ ၏။ သရီရေ၊ ၌။ ဂဏ္ဍော၊ သွေးတွေ ယိုထွက်၊ တစက်စက်နဲ့၊ စက်ဆုတ်ရွံ့စရာ၊ မြင်းသရိုက်အနာ၊ အိုင်းအမာသည်။ သစေအတ္ထိ၊ အံ့။ စေ့သတိ၊ သော်။ အတ္ထိဘန္တေ၊ အတ္ထိဘန္တေတိ-ဟူ၍။ ဝါ၊ တပည့်တော်၏ ကိုယ်မှာ၊ မြင်းသရိုက်အနာ၊ အိုင်းအမာရှိပါသည်ဘုရား- ဟူ၍။ ငတ္တဗ္ဗံ၊ ၏။ တော၊ ၏။ သရီရေ၊ ၌။ ဂဏ္ဍော၊ သည်။ သစေနတ္ထိ၊ အံ့။ စေ့အသတိ၊ သော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေ-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**အာဝုသောနာဂ၊** ငါ့ရှင် ပဥ္စင်းလောင်း။ တော၊ ၏။ သရီရေ၊ ၌။ ကိလာသော။ တင်းတိပ်၊ ပွေးညှင်း၊ ခရုသင်း နှင့်၊ အဆင်းကြောင်ကျား၊ ပျောက်ကွက် နွားနှယ်၊ သားရယ်မကောင်း၊ အကြောင်းကံဆိုး အနာမျိုးသည်။ သစေအတ္ထိ၊ အံ့။ စေ့သတိ၊ သော်၊ အတ္ထိဘန္တေတိ၊ အတ္ထိဘန္တေ-ဟူ၍။ ငတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

တော၊ ၏။ သရီရေ၊ ၌။ ကိလာသော၊ သည်။ သစေနတ္ထိ၊ အံ့။ စေ့အသတိ၊ သော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေ-ဟူ၍။ ဝါ၊ တပည့်တော်၏ ခန္ဓာကိုယ်မှာ တင်းတိပ် မွေ့ညှင်း၊ ခရုသင်းနှင့်၊ အဆင်းကြောင်ကျား၊ ပျောက်ကွက်နွားနှယ်၊ သားရယ်မကောင်း၊ အကြောင်းကံဆိုး အနာမျိုး မရှိပါဘုရား-ဟူ၍။ ငတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**အာဝုသောနာဂ၊** လောင်း။ တော၊ ၏၊ သရီရေ၊ ၌။ သောသော၊ သည်းခြေ လေလှုပ်၊ သလိပ်ပုပ်ကြောင့်၊ တဟုတ်ဟုတ် ချောင်းဆိုး၊ ပန်းနာမျိုးသည်။ (ဝါ) ရှူနာရှိုက်ကုန်း၊ ဘဝဆုံးလောက်၊ ခန်းခြောက်သွေးသား၊ ဆေးစားမထင်၊ ရင်တွင်ကြပ်မော၊ ဟောဟဲရှူရှိုက်၊ မောဟိုက်လွန်ဆိုး၊ အနာမျိုးသည်။ သစေအတ္ထိ၊ အံ့။ ဇေ်သတိ၊ သော်။ အတ္ထိဘန္တေတိ၊ အတ္ထိဘန္တေ-ဟူ၍။ (ဝါ) တပည့်တော်၏ ခန္ဓာကိုယ်မှာ ချောင်းဆိုးသွေးပါ၊ အဆုတ်နာ ရောဂါရှိပါသည် ဘုရား-ဟု၍။ ဝတ္တဗ္ဗံ၊၏။ ဝါ၊ လေ။

**အာဝုသောနာဂ၊** လောင်း။ တော၊ ၏။ သရီရေ၊ ၌။ သောသော၊ သည်းခြေလေလှုပ်၊ သလိပ်ပုပ်ကြောင့်၊ တဟုတ်ဟုတ် ချောင်းဆိုး၊ ပန်းနာမျိုးသည်။ (ဝါ) ရှူနာရှိုက်ကုန်း၊ ဘဝဆုံးလောက်၊ ခန်းခြောက်သွေးသား ဆေးစားမထင်၊ ရင်တွင်ကြပ်မော၊ ဟောဟဲရှူရှိုက်။ မောဟိုက်လွန်ဆိုး, အနာမျိုးသည်။ သစေနတ္ထိ၊ အံ့။ ဇေ်အသတိ၊ သော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေ-ဟူ၍။(ဝါ) တပည့်တော်၏ ခန္ဓာကိုယ်မှာ ချောင်းဆိုးသွေးပါ၊ အဆုတ်နာ ရောဂါမျိုး မရှိပါဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊၏။ ပါ၊ လေ။

**အာဝုသောနာဂ၊** လောင်း။ တော၊ သင်၏။ သရီရေ၊ ၌။ အပမာရော။ သလိပ် သည်းခြေ၊ ပျက်ရွှင်းသွေ၍၊ မူးဝေချွလ်ယွင်း။ သတိကင်းလတ်၊ မတ်တတ်ကလဲ၊ အုတ်ဆက်ကွဲအောင်၊ အမြဲဖြစ်ဆိုး၊ အနာမျိုးသည်။ သစေအတ္ထိ၊ အံ့။ ဇေ်သတိ၊ သော်။ အတ္ထိဘန္တေတ်၊ ဟူ၍။ ဝါ၊ တပည့်တော်၏ ခန္ဓာကိုယ်မှာ၊ ဝက်ရူး၊ ကြက်ရူးနာ ရှိပါသည် ဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

တော၊ ၏။ သရီရေ၊ ၌။ အပမာရော၊ သည်။ သစေနတ္ထိ၊ အံ့။ ဇေ်အသတိ၊ သော်၊ နတ္ထိဘန္တေတိ၊ ဟူ၍။ ဝါ၊ တပည့်တော်ခန္ဓာကိုယ်မှာ၊ ဝက်ရူးနာ မရှိပါဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ၊** မဟာဏ္ဏဝါ သံသရာမှ၊ မြန်စွာလွတ်ကြောင်း၊ ဆုပန်တောင်းသည့် ပဉ္စင်းလောင်း မောင်နာဂ၊ တိရစ္ဆာန တော၊ လူ၏ သဏ္ဌာန်၊ ပုံဟန်တူလတ်၊ ဖန်ဆင်းတတ်သော၊ မိုးနတ်သိကြား၊ န ါးဂဠုန်၊ ဂုမ္ဘဏ်ယက္ခ၊ ႊန္ဒဗ္ဗ-စသော တိရစ္ဆာန်မျိုးကို၊ ယသ္မာ၊ အကြင်ကြောင့်။

နဥပသမ္ပာဒေတဗွော၊ ပဥ္စင်းခံ၍ မပေးအပ်။ တသ္မာ၊ ထိုသို့ တိရစ္ဆာန်ကို ပဥ္စင်းခံ၍ မပေးအပ်သောကြောင့်။ တွ ၊ သင်သည်။ မနုဿော၊ လူသား ကေန်၊ လူဟုတ်မှန်သည်။ အသိ၊ ဖြစ်၏လော့။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိတဗ္ဗော်၊ လိမ့်လတန့်။ ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ အာမဘန္တေတိ၊ အာမ ဘန္တေ–ဟူ၍၊ ဝါ၊ တပည့်တော်သည် လူသားအစစ် ဖြစ်ပါသည်ဘုရား– ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ**၊ ပဗ္ဗဇ္ဇိတဒုလ္လဘကို ကြုံရပေတောင်းပဥ္စင်းလောင်း။ ပဏ္ဍကော စ၊ ပဏ္ဍုတ်ကို လည်းကောင်း။ ဥဘတောဗျဉ္စနကောစ၊ ဥဘတောဗျဥ်းကို လည်းကောင်း။ ယသ္မာ၊ ကြောင့်။ နဥပသမ္ပာဒေတဗွော၊ ပဥ္စင်းခံ၍ မပေးအပ်။ တသ္မာ၊ ထိုသို့ ပဏ္ဍုတ်နှင့် ဥဘတောဗျည်းကို ပဥ္စင်း ခံ၍ မပေးအပ်သည်၏ အဖြစ်ကြောင့်။ တွ ၊ သင်သည်။ ပုရိသော၊ ပုရိသ လိင် မတိန်မကော၊ ပုမ္ဘောထင်ရှား လူယောကျ်ားသည်။ အသိ၊ ဖြစ်၏ လော့။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိတဗ္ဗော်၊ မေးမြန်းကြကုန်လတံ့၊ ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ အာမဘန္တေတိ၊ ဟူ၍။ ဝါ၊ တပည့်တော်သည် ယောကျ်ားအစစ် ဖြစ်ပါသည်ဘုရား–ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ** အံ့ဘွယ်ရှစ်ဖြာ၊ သာသနာကို ကောင်းစွာထမ်းလို၊ကျွတ်တန်း ခိုမည့်၊ မင်္ဂဖိုလ်နီးကြောင်း ပဥ္စင်းလောင်း။ ဒါသော။ အန္တောဇာတ၊ ဓနက္ကီတ၊ ကရမရာနီတ၊ ဒါသဗျမှန်၊ ကျွန်လေးတန်တွင်၊ ပါဝင်သောသူကို။ ယသ္မာ၊ ကြောင့်။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြုလုပ်၍ မပေးအပ်။ တသ္မာ၊ ထိုသို့ ကျွန်လေးမျိုးကို ရှင်ရဟန်းပြုလုပ်၍ မပေးအပ် သည်၏ အဖြစ်ကြောင့်။ တွ ၊ သင်သည်၊ ဘုဇိဿော၊ မင်းစစ်တော်လှန်၊ သူကောင်းမှန်သည်။ အသိ၊ ဖြစ်ပါ၏လော့။ ဣတိပိ၊ ဤသို့လည်း၊ ပုစ္ဆိတဗ္ဗော်၊ လတံ့၊ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ အာမဘန္တေတိ၊ဟူ၍၊ဝါ၊ တပည့်တော်သည် မင်းစစ် တော်လှန် သူကောင်း မှန်ပါသည်ဘုရား– ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ**၊ ဃရာဝါသ၊ ကိစ္စများမြောင်၊ လူတို့ဘောင်မှ, ခွါရှောင် တတ်လှ, မောင်နာဂ။ ဣဏာယိကော၊ သူကြွေးသူမြီရှိသော သူကို။ (ဝါ) တစတစ, အတိုးထလျှက်, မလ္လာရှိန်စော်, အချိန်တော်လျှင်, အိမ်ဖော်မလပ်၊ ကြွေးနှင့်စပ်၍ မပြတ်တောင်းသံ၊ ဆူဆူညံသဖြင့်။ ပူပန်

မအေး။ သူ၏ကြွေးကို၊ ငှားချေးသုံးယူ, မြီတင်သောသူကို။ ယသ္မာ၊ကြောင့်။ နပဗ္ဗာဇေတဲဗ္ဗော၊ ရှင်ရဟန်းပြုလုပ်၍ မပေးအပ်။ တသ္မာ၊ ထိုသို့ ကြွေးမကင်းသူကို။ ပဥ္စင်းခံ၍ မပေးအပ်သည်၏ အဖြစ်ကြောင့်။ တွ၊ သင်သည်။ အဏဏော၊ သူ့ကြွေး သူမြီမတင် သန့်ရှင်းစင်သည်။ ဝါ၊ မျက်နှာလော့, သူ့အောက်ကျလျက်, ခယဝပ်တွား, စောဘုရား-ဟု ထံပါးခိုကပ်, ကြွေးအမြဲပတ်၍, မပြတ်တောင်းသံ, ဆူဆူညံလျက်, လေလံပစ်ရေး, ပုန်းရှောင်ပြေးလည်း, မအေးနိုင်အောင်, အရင်းရှင်ဘောင်မှ ယူဆောင်ချေးငှား, အတိုးပွားသည့် ကြွေးများ မရှိသည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ ဤသို့လည်း၊ ပုစ္ဆိသဗ္ဗော၊ လတံ့။ ဝေံပုစ္ဆိတ္တေသု၊ ရှိသော်။ အာမဘန္တေတိ။ ၍။ ဝါ၊ တပည့်တော်မှာ သူ့ကြွေး သူ့မြီ မရှိပါ–ဘုရား–ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လော့။

**နာဂ၊** သုံသရာဝဲ, ဩဃထဲမှ ခွါရှဲလွတ်ရန်၊ ပြည်နိဗ္ဗာန်ကို ရည်သန်တတ်လှ, မောင်နာဂ။ ရာဇဘဋ္ဋော၊ မင်းခစားယောကျ်ားကို။ ယသ္မာ၊ ကြောင့်။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းခံ၍မပေးအပ်။ တသ္မာ၊ ကြောင့်။ တွ၊ သင်သည်။ ရာဇဘဋ္ဋော၊ မင်းမှာကပ်ခို, မင်းလိုလိုက်စား, မင် ခစားယောကျ်ားသည်။ ဝါ၊ မင်းမှုထမ်းသည်။ နအသိ၊ ဖြစ်ပဲရှိ၏လော၊ ဣတိပိ-လည်း။ ပုစ္ဆိသဗ္ဗော၊ လတံ။ ဝေံပုစ္ဆိတ္တေသု၊ ရှိသော်။ အာမဘန္တေတိ-ဟူ၍။ ဝါ၊ မင်းမှုထမ်း ယောကျ်ား မဟုတ်ပါဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ၊** ဗုဒ္ဓမြတ်စွာ၊ သာသနာကို, ဖန်ဝါဆင်မြန်း, မြတ်သင်္ကန်းဖြင့်, ရှင်လန်းလိုလှ မောင်နာဂ။ မာတာပိတူဟိ။ အမိအဘတို့သည်။ အနနုညာတော၊ ခွင့်မပေးအပ်သောသူကို၊ ယသ္မာ၊ ကြောင့်။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြုလုပ်၍ မပေးအပ်။ တသ္မာ၊ ထို့ကြောင့်။ တွ၊ သင်သည်။ ဝါ၊ သင့်ကို။ မာတာပိတူဟိ၊ မေရှင်ဖဟို, မြင့်မိုရ်ကေ, ကျေးဇူးကြီးမား လှသော မိခင်, ဘခင်, ကျေးဇူးရှင်တို့သည်။ အနုညာတော၊ ငါ့သားရွှေတောင် အမောင်လူလှ၊ ဗုဒ္ဓမြတ်စွာသာသနာမှာ, သံသရာဝဋ္ဋ-ကင်းလွတ်စေကြောင်း၊ မြတ်တရားကို ကျိုးစားရှာဖွေ အာထုတ်၍နေရအောင် သားမောင် ယခု, စိမ်းနုရောင်လျှမ်း ဖန်သင်္ကန်းဖြင့်၊ ရဟန်းမောင်ကျော့၊ ပြုလေတော့-ဟု၊ ချိုပြောနှုတ်ရည်, သာကြည် ရွှင်မြူး, သဒ္ဓါစူးသဖြင့်,

အနူးအညွတ် ခွင့်လွှတ်အပ်သည်။ အသိ၊ ဖြစ်ပါ၏လော့။ ဣတိပိ၊ လည်း။ ပုစ္ဆိသန္တိ၊ ဆူပူအရေး ကင်းစင်ဝေးဖို့, စစ်ဆေးမေးမြန်းကြကုန်လတံ့။ ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ အာမဘန္တေတိ။ ၍။ ဝါ၊ တပည့်တော်ကို- မိဘ နှစ်ပါးတို့က ခွင့်ပြုပါသည်ဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ၊** ငယ်သွယ်တန်းစို, ပျိုရွယ်နုနနောင်း, ပဥ္စင်းလောင်း။ဦနဝီသတိ ဝဿော၊ အသက်နှစ်ဆယ်မပြည့်သေးသောသူကို။ ယသ္မာ၊ ကြောင့်။ နဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံ၍ မပေးအပ်။ တသ္မာ၊ ထိုသို့ အသက် ၂၀-မပြည့်သေးသူကို ရဟန်းခံ၍ မပေးအပ်သည်၏ အဖြစ်ကြောင့်။ တွံ၊ သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ အမိဝမ်းဝယ်၊ ကိုးလလွယ်၍ ဆယ်လ တိုင်ရောက်, ဖွားမြောက်မသွေ, လမာသေကို,စေ့ရေချင့်တွက်၊ လောင်းထည့် စွက်သော် အသက်နှစ်ဆယ် ပြည့်ဖြိုးကျွယ်သည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ လည်း။ ပုစ္ဆိသန္တိ၊ လတံ့။ ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ အာမဘန္တေတိ၊ ဟူ၍။ ဝါ၊ တပည့်တော်သည် အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်ပါသည် ဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ၊ လေ။

**နာဂ၊** သံသရာနွံအိုင်, ညွန်မြစ်ဆိုင်မှ, တက်နိုင်လိုကြောင်း ပဥ္စင်း။ လောင်း၊ အပတ္တစီဝရကော၊ သပိတ်သင်္ကန်းမရှိသောသူကို။ ယသ္မာ၊ ကြောင့်။ နဥပသမ္ပာဒေတဗ္ဗော၊ ပဥ္စင်းခံ၍ မပေးအပ်။ တသ္မာ၊ ထိုသို့သပိတ်သင်္ကန်း ကိုယ်ပိုင်မရှိလျှင် ရဟန်းခံ၍မပေးအပ်သည်၏ အဖြစ် ကြောင့်။ တေ၊ သင်အား။ ပတ္တစီဝရံ၊ သာကီဝင်တို့၏ အဆောင် အရွက် မည်းနက်ရောင်ဖိတ်, သပိတ်တလုံး သုံးထည်သော သင်္ကန်းသည်။ ဝါ၊ သကျ ဘုန်းမော်, မြတ်ဇိနော်၏ သားတော်အများ, အမြဲထားလျှက်, သုံးစား ယူဆောင်, ပိတုန်းရောင်သို့ ညိုမှောင်မဲချိတ်, ကိုယ့်သပိတ်နှင့်, ဖိတ်ဖိတ် ရောင်လျှမ်း, မြတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ရှေးကုသိုလ်ကံ, ပေးချိန်တန်၍ အမှန်ကုန်လုံ, ပြည့်စုံပြီလော၊ ဣတိပိ၊ လည်း။ ပုစ္ဆိသန္တိ၊ လတံ့။ ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ အာမဘန္တေတိ-ဟူ၍။ ဝါ၊ တပည့်တော်မှာသပိတ် သင်္ကန်းပြည့်စုံပါပြီဘုရား-ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဝါ လေ။

**အာဝုသော။** ငါ့ရှင် ပဥ္စင်းလောင်း။ သင်္ကန်နာမံ၊ ပဥ္စင်းလောင်း၏ ကိုယ့်အမည်ကို။ဝိနာ၊ကြဉ်၍၊ အညေနနာမေန၊ အမည် တမျိုးဖြင့်။ အနုသာသိတုံ၊ ရွတ်ဖတ်စေခြင်းငှါ။ ယသ္မာ။ ကြောင့်။ နဝဋ္ဋတိ၊

မသင့်လျော်၊ ခွင့်မတော်ချေ။ တသ္မာ၊ ထိုသို့ ပဥ္စင်းလောင်း အမည်မှ တပါး အခြား အမည်တမျိုးဖြင့် မရွတ်ဖတ် ကောင်းသည်၏ အဖြစ်ကြောင့်။ တွ၊ သည်။ ကိန္နာမော၊ အဘယ်အမည် ရှိသနည်း။ ကွတိပိ၊ လည်း။ ပုစ္ဆိသန္တိ။ လတ့်။ ဝေံပုစ္ဆန္တေသု၊ ရှိသော်။ အဟံဘန္တေ နာဂေါနာမာတိ-ဟူ၍။ ဝါ။ တပည့်တော်၏ အမည်သည် နာဂ အမည်ရှိပါသည် ဘုရား-ဟူ၍။ ဝတ္တဗ္ဗံ။ ၏။ ဝါ။ လေ။

**အာဝုသော** နာဂ၊ ငါ့ရှင် ပဥ္စင်း လောင်း။ အနုပဇ္ဈာ ယကော၊ ဥပဇ္ဈာယ် မရှိသော သူကို။ ယသ္မာ၊ ကြောင့်။ နဥပသမ္ပါဒေတဗ္ဗော၊ ပဥ္စင်းခံ၍ မပေးအပ်၊ တသ္မာ၊ ထိုသို့ ပဥ္စင်းခံ၍မပေးအပ် သည်၏အဖြစ်ကြောင့်။ တေ၊ ၏။ ဥပဇ္ဈာယော။ အပြစ်ကြီးအပြစ်ငယ်၊ အသွယ် သွယ်ကို ညွှန်ပြသွန်သင်၊ မရွဲ့မဘိမ်း စောင့်ထိမ်းခြင်းငှါ၊ ဆုံးမပဲ့ပြင်၊ သွန်သင်ပေတတ်၊ ဆရာမြတ်သည်။ ကောနာမော၊ အဘယ်အမည် ရှေ့ဘွဲ့တော် ချီသနည်း။ ဣတိပိ၊ လည်း။ ပုစ္ဆိသန္တိ၊ လတ့်။ ဧဝံပုစ္ဆန္တေသု၊ ရှိသော်။ ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿ တ္ထေရောနာမာတိ၊ ဟူ၍။ ဝါ။ တပည့်တော်၏ ဥပဇ္ဈာယ် ဆရာတော်သည် သက်တော်-ရာတော်ရှည်တော် မူလတ့်သော အသျှင် တိဿထေရ် အမည်ရှိပါ၏ ဘုရားဟူ၍။ ဝတ္တဗ္ဗံ။ ၏။ ဝါ၊ လေ။

**အာဝုသော နာဂ၊** ငါ့ရှင်ပဥ္စင်းလောင်း။ ဧဝံ၊ ဤသို့၊ ဝါ။ ဒိဉ်ဒိနနည်း။ လဒ္ဓသမ္မုတိကာ၊ ရအပ်သော သမ္မုတိ ရှိကြကုန်သော ရဟန်းတော် တို့သည်။ ဝါ၊ ရဟန်းတော်တို့က။ ပုစ္ဆိဿန္တိ၊ ချေချင်ငံ။ မသွေလှန်ပဲ၊ ကေန်စစ်ဆေး သိသိုရေးကြောင့်၊ မေးမြန်းကြကုန်လိမ့်သတံ့။ ဧဝံပုစ္ဆန္တေသု၊ ရှိသော်၊ ဧဝ မေဝ၊ ဤသို့ ငါ ယခု သွန်သင်ဆုံးမ နည်းလမ်းပြခဲ့သည့် အတိုင်းသာလျှင်။ ဝတ္တဗ္ဗံ၊ ရဲရဲဘင်းဘင်း၊ ကြောက်စိတ်ကင်းလျက်၊ ရှင်းလင်းပြတ်သား၊ လုံးစုံ ကြားအောင် လျှောက်ထားရမည်။ ဝါ၊ လေ။

**အာဝုသော နာဂ၊** အမတဓာတ်၊ နိဗ္ဗာန်ရပ်သို့။ မဂ်မြတ်ရှစ်ပါး။ ယာဉ်ရထားဖြင့်၊ ဖြတ်သွားဖို့ရာ၊ ကျင့်သမ္မာကို၊ ရှာတတ်ပေစွ မောင်နာဂ။ မယာ၊ ငါသည်။(အမှေ့ဟိ-ငါ တို့သည်၊)တယာ၊ သင်နှင့်(တုမှေဟိ-သင်တို့နှင့်) သဟ အတူဘက္ခု။ သံဃမဇ္ဈေ၊ သံဃအလယ်သို့။ နဂန္တဗ္ဗံ၊ မသွားကြောင်းချေ။ တသ္မာ၊ ထို့ကြောင့်။ တွ၊ သည်။ ဣဓေဝ၊

ဤအရပ်၌ သာလျှင်။ တိဋ္ဌ ဟိ၊ [illegible] အာမန္တိတေယေဝ၊ အမ္ဗာနညတ်-အမိန့်တော်မြတ်ဖြင့်၊ ဆင့်ခေါ် အင်သော် သာလျှင်။ အာဂစ္ဆာဟိ၊လက်ဆယ်ဖြာ ထိပ်မှာမိုး၍၊ ရှိခိုး ဦးတိုက်ခါ လာခဲ့ လေလော။(ရဟန်းလောင်းကို အပြင်မှာထားခဲ့ပါ။)

## သြသာရဏ ဥတ်ထားရန်

(သံဃာတ္တပါသ်ပြင်ဘက်မှာ ရဟန်းလောင်းကိုထားခဲ့၍ ဆုံးမသော ရဟန်းက သံဃာတ္တပါသ်သို့ ရှေးဦးစွာ ပြန်လာခဲ့ရမည်။)

### ၁။ ဆုံးမသော ရဟန်းက ကိုယ်တိုင်ဥတ်ထားနည်း

(နမောတဿ ၃-ကြိမ်ဆိုပါ)

သုဏာတု မေ ဘန္တေ သံဃော၊ အယံနာဂေါ
အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။
အနုသိဋ္ဌော သော မယာ။ ယဒိ သံဃဿ ပတ္တ ကလ္လံ။
နာဂေါအာဂစ္ဆေယျ။

### ၂။ သူတပါးအတွက် ဥတ်ထားပေးနည်း

သုဏာတု မေ ဘန္တေ သံဃော၊အယံနာဂေါ
အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။
အနုသိဋ္ဌော သော အာယသ္မတာ အဂ္ဂိဿရိယေန။
ယဒိ သံဃဿ ပတ္တ ကလ္လံ၊နာဂေါအာဂစ္ဆေယျ။

**ဤကား**–အရှင် အဂ္ဂိဿရိယက ဆုံးမသဖြင့် အရှင် ပညာနန္ဒက ဥတ်ထားပုံတည်း။

### ၃။ မူလအမည်အတိုင်းကိုယ်တိုင်ဥတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အယံစိန္တိတော
အယသ္မတော နေမိန္ဒတ္ထေရဿ ဥပသမ္ပဒါပေက္ခော။
အနုသိဋ္ဌောသောမယာ၊ယဒိ သံဃဿ ပတ္တ ကလ္လံ။
စိန္တိတော အာဂစ္ဆေယျ။

**ဤကား**–ဆုံးမသော ဦးပဏ္ဍိတက ကိုယ်တိုင် ဥတ်ထားပုံတည်း။

### ၄။ မူလအမည်ရင်းတိုင်း သူတပါးဆုံးမသောအခါ ဥတ်ထားနည်း

သုဏာတု မေ ဘန္တေ သံဃော၊ အယံစိန္တိတော
အာယသ္မတော နေမိန္ဒတ္ထေရဿ ဥပသမ္ပဒါပေက္ခော။
အနုသိဋ္ဌော သော အာယသ္မတာ ဓမ္မသေနေန၊
ယဒိ သံဃဿ ပတ္တ ကလ္လံ၊ စိန္တိတော အာဂစ္ဆေယျ။
(အာဂစ္ဆာဟိတိ ဝတဗ္ဗော-ကို ပခုက္ကူက အသုံးမပြု။)

ဤကား—အရှင်ဓမ္မသေနက ဆုံးမသဖြင့် အရှင်မာလာက ဥတ်ထား ပေးပုံတည်း။

ဩသာရဏာ ဥတ် ၄-မျိုး ထားပုံပြီး၏။

---

### ရဟန်းလောင်းက သံဃာအား တောင်းပန်ရန်

(အပြင်မှာရှိသော ရဟန်းလောင်းကို သွားခေါ်၍ သံဃအား ရှိခိုး ခိုင်းပြီး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက် ဖော်ပြပါ ပါဠိကို ရွတ်ဆို၍ ရဟန်းအဖြစ်ကို တောင်းပန်ရမည်။ အာဂုံမရလျှင် သင်ပေးပါ။)

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ။
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

**အနက်ကား—**ဘန္တေ၊အရှင်ဘုရားတို့၊ အဟံ၊တပည့်တော်သည်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊မြင့်မြတ်သော ပဥ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။

ဘန္တေ၊အရှင်ဘုရားတို့။ သံဃော၊သည်။ မံ၊တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဝါ-စိတ်ဖြင့် ကပ်၍ ယူ၍။ ဥလ္လုမ္ပတု၊ သံသရာဝဲ ဩဃထဲမှ၊ ထုတ်ဆွဲယူငင်၊ နိဗ္ဗာန်ခွင်သို့ ကယ်တင်တော်မူပါလော့။

ဘန္တေ၊တို့။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ အဟံ၊သည်။ သံဃံ၊ကို။ ဥပသမ္ပဒံ၊ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ဘုရားတို့။ သံဃော၊သည်။ မံ၊ကို၊ အနုကမ္ပံ၊ ကို။ ဥပါဒါယ၊၍။ ဝါ၊ ၍၊ ဥလ္လုမ္ပတု၊ အကုသိုလ် ညစ်ကြေး၊ အပြစ်ဘေးမှ ကင်းဝေးစင်ကြယ်-ကုသိုလ်နယ်သို့ ကယ်တင်တော် မူပါလော့။

ဘန္တေ၊ တို့။ တတိယမ္ပိ၊ လည်း။ အဟံ၊သည်။ သံဃံ၊ ကို။ ဥပသမ္ပဒံ၊ ကို။ ယာစာမိ၊ ၏။ ဘန္တေ၊ တို့။ သံဃော၊ သည်။ မံ၊ ကို။ အနုကမ္ပံ၊ ကို။ ဥပါဒါယ၊ ၍။ ဝါ၊၍။ ဥလ္လုမ္ပတု၊ ယုတ်နိမ့်လှစွာ သာမဏေ၏ကျင့်သိက္ခာမှ ထုတ်နှုတ်၍ မြင့်မြတ်ကြီးကျယ်၊ သိက္ခာထယ်သည့် ရဟန်းပဥ္စင်း အဖြစ်၌ တည်ပါစေလော့။

## ပုစ္ဆကသမ္မုတိ ဥ ထားရန်

(နမောတဿ ၃-ကြိမ်ဆိုရန်)

သုဏာတု မေ ဘန္တေ သံဃော။အယံနာဂေါ<br>
အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။<br>
ယဒိ သံဃဿ ပတ္တ ကလ္လံ၊ အဟံနာဂံ<br>
အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

(ယခင် ရေးခဲ့သော ဋီကာနည်း, ပါဠိတော် နည်းများ ကိုလည်း သိလောက်ပြီဖြစ်၍ မရေးတော့ပြီ၊ ထိုပြင် ဒွန်ဖတ်, ငဲ့ဖတ်နည်း များလည်း ၉၂-ခန်း ကမ္မဝါစာ၌ ရှုကြပါကုန်။)

## ပုစ္ဆနကိစ္စ(ဤအခန်း၌ တိုတို အနက်ပေးပါ)

**အနက်**-ဥပသမ္ပဒါပေက္ခ၊ ပဥ္စင်းလောင်း။ တွံ၊ သည်။ သုဏသိ၊နားထောင်။ အယံကာလော၊ ဤအခါသည်ကား။ တေ၊ ၏။ သစ္စကာလော၊ အမှန်ကိုသာ လျှောက်ထားရမည့် အခါပေတည်း။ ဘူတကာလော၊ အဟုတ်ကိုသာ လျှောက်ထားရမည့် အခါပေတည်း။ယံ၊အကြင်သဘောတရားသည်။ ဇာတံ၊ဖြစ်လျက်နေအံ့။ တံ၊ထိုဖြစ်ဖြစ်သမျှသဘာဝကို။ ပုစ္ဆာမိ၊သံဃာ့အလို ဖြင့် ငါမေးပေအံ့။ သန္တံ၊ သင်၏ကိုယ်မှာရှိသည်မှန်အံ့။ အတ္ထီတိ၊ ရှိပါသည်ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။ အသန္တံ၊ မရှိသည်မှန်အံ့။ နတ္ထိတိ၊ မရှိပါဟူ၍။ ဝတ္တဗ္ဗံ၊လျှောက်ထားရမည်။

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တော၊ ၏၊ သရီရေ၊ ဥ္စ၊ ဝေရူပါ၊ ဤသို့ သဘောရှိကုန်သော၊ အာဗာဓာ၊ အနာတို့သည်၊ အတ္ထိ၊ ရှိကုန်သလော။

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တော၊ ၏၊ သရီရေ၊ ဥ္စ၊ ကုဋ္ဌံ၊ နူနာသည်၊ အတ္ထိ၊ ရှိပါသလော။ (မေး)

**နတ္ထိဘန္တေ**၊ မရှိပါဘုရား။ (ရဟန်းလောင်းက ဖြေပါ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တော၊ ၏၊ သရီရေ၊ ဥ္စ၊ ဂဏ္ဍော၊ အိုင်းအမာနာသည်၊ အတ္ထိ၊ ရှိပါသလော။ (မေး။)

**နတ္ထိဘန္တေ**၊ မရှိပါဘုရား။ (ရဟန်းလောင်းက ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တော၊ ၏၊ သရီရေ၊ ဥ္စ၊ ကိလာသော၊ ပွေးပဲ-စသော အနာသည်၊ အတ္ထိ၊ ရှိသလော။ (မေး။)

နတ္ထိဘန္တေ၊ မရှိပါဘုရား။ (ရဟန်းလောင်းက ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တွံ၊ သည်၊ မနုဿော၊ လူဇာတ် အစစ်သည်၊ အသိ၊ ဖြစ်၏လော။ (မေး။)

**အာမ ဘန္တေ**၊ လူသားအစစ် ဖြစ်ပါသည်ဘုရား။ (ရဟန်းလောင်းက ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တွံ၊ သည်၊ ပုရိသော၊ ယောက်ျား အစစ်သည်၊ အသိ၊ ဖြစ်၏-လော။ (မေး။)

**အာမ ဘန္တေ**၊ ယောက်ျားအစစ် ဖြစ်ပါသည်ဘုရား။(ရဟန်းလောင်း က ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဥ္စင်းလောင်း၊ တွံ၊ သည်၊ အဏဏော၊ ကြွေးကင်း သည်၊ အသိ၊ ဖြစ်ပါ၏-လော။ (မေး။)

**အာမ ဘန္တေ**၊ ကြွေးကင်းပါသည်ဘုရား။ (ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ ဝါ၊ သင့်ကို။ မာတာပိတူဟိ၊ အမိအဘတို့သည်။ (အမိအဘတို့က) အနုညာတော၊ ခွင့်ပြုအပ်သည်။ အသိ၊ ဖြစ်၏လော။ (မေး။)

**အာမ ဘန္တေ**၊ တပည့်တော်ကို မိဘနှစ်ပါးတို့က ခွင့်ပြုအပ်ပါသည် ဘုရား။ (ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ အသက်နှစ်ဆယ်ပြည့်သည်။ အသိ၊ ဖြစ်ပါ၏လော။ (မေး။)

**အာမ ဘန္တေ**၊ အသက်နှစ်ဆယ်ပြည့်ပါပြီဘုရား။ (ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဉ္စင်းလောင်း။ တေ၊ သင်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။ (မေး၊)

**အာမ ဘန္တေ**၊ သပိတ်သင်္ကန်း ပြည့်စုံပါပြီဘုရား။ (ဖြေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ ကိန္နာမော၊ အဘယ်အမည် ရှိပါသနည်း။ (မေး။)

**အဟံ ဘန္တေ နာဂေါနာမ**၊ တပည့်တော်၏ အမည်သည် နာဂအမည် ရှိပါ၏—ဘုရား။ (ဖြေ။)

**မှတ်ချက်။** ။(အစက) အမည်ရင်း (မူလ)အတိုင်း ဖတ်ခဲ့သော်မိမိ၏အမည်ကို ဖြေဆိုပါ။

**ဥပမာ။** ။ရာဇိန္ဒအမည်ဖြစ်လျှင် (အဟံဘန္တေ ရာဇိန္ဒောနာမ) တပည့်တော်၏ အမည်သည် ရာဇိန္ဒအမည်ရှိပါ၏—ဘုရား-ဟု ဖြေဆိုပါလေ။)

**ဥပသမ္ပဒါပေက္ခ**၊ ပဉ္စင်းလောင်း။ တေ၊ ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမ၊ အဘယ်အမည် ရှေ့ဘွဲ့တော် ရှိပါသနည်း။ (မေး။)

**ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ**၊ တပည့်တော်၏ ဥပဇ္ဈာယ် ဆရာတော်သည် သင်္ကန်းတော် ရာကျော် ရှည်တော်မူလတံ့သော အသျှင်တိဿထေရ် အမည်ရှိပါ၏—ဘုရား။ (ဖြေ။)

အစက အမည်ရင်း (မူလအမည်) အတိုင်း ဖတ်ခဲ့သော် ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကို ဖြေဆိုပါ။ ဥပမာ- ဦးဇောတိက ဖြစ်လျှင် (ဥပဇ္ဈာ ယော မေ ဘန္တေ- အာယသ္မာ ဇောတိကတ္ထေရော နာမ) တပည့်တော်၏ ဥပဇ္ဈာယ်ဆရာတော်သည် သက်တော်ရာကျော်ရှည်တော် မူလတံ့သော အရှင်ဇောတိကထေရ် အမည်ရှိပါ၏- ဘုရား-ဟု ဖြေဆိုလေ။)

## ပဓာနကိစ္စ (ဉတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ရန်)

### ဩဝါဒခန်း

တာဝဒေဝ ဆာယာ မေတဗ္ဗာ၊ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ။
ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော၊ သင်္ဂီတိအာစိက္ခိတဗ္ဗာ-ဟု

လာရှိသည်နှင့်အညီ, ရဟန်းဖြစ်ပြီးသည်နှင့် တပြိုင်နက်- ရဟန်း ဖြစ်သောနှစ် လ, ရက်, နာရီ, အရိပ်, ဘဝါးများကို ချက်ခြင်းပြောကြား ရမည်-ဟု ဘုရားသခင် အမိန့်တော်ရှိပေသည်။ သို့အတွက် ငါ့ရှင်ရဟန်း သစ်မှာ တသက်လုံး မှတ်မိအောင်၊ ရဟန်းဖြစ် သက္ကရာဇ်ရက်ချုပ်၊ မှတ်စာ ကို ရေးပေးထားမည်။ ကိုင်း-ဖတ်ပြလိုက်ပါ။ (တပါးပါးက ဖတ်ပြပါ။)

(လိုအပ်သည်ကို ကြိုတင်ပြီး ရေးထားပါ။)

### ဦးရာဇိန္ဒ၏ ရဟန်းဖြစ် သက္ကရာဇ် ရက်ချုပ်မှတ်စာ- (နမူနာ)

ရာဇာတိရာဇိန္ဒ၊ ဒေဝါတိ ဒေဝိန္ဒ၊ သက္ကာတိ သက္ကိန္ဒ၊ ဇေဋ္ဌိန္ဒ သေဋ္ဌိန္ဒ၊ နရာသိန်, မုနိန်ခေါင်ချုပ်,ဒွိပဒုတ္တမ-အတိဥက္ကဋ္ဌ-အဘုလသင်းကျစ် ဓမ္မရာဇ်မှန်ကူ-သယမ္ဘူထွဋ်ထား, မြတ်စွာဘုရား၏ တည်ထားရောက်လာ- သာသနာနှစ်, သက္ကရာဇ်ကို, တွက်စစ်လိုက်သော်-

ကလိယုဂ် ၅၀၇၆၊ အတိတ်သာသနာတော် ၂၅၁၉-ခု၊ ၁၃၃၇- ခု ဒီဃ၊ ၅၃၉ ရဿ- ဥတုဂိမ္ဟန္တ၊ ပြဿရာသီ၊ ကဆုန်လဆန်း ၁၄- ရက် သောကြာနေ့၊ နံနက် ၁၀-နာရီ, ဂ- ဖဝါး, တဖိလာ, မင်္ဂလာရှိသော အချိန်တွင်-

ပခုက္ကူမြို့၊ ပေါင်လောင်ရှင်ရပ်- ကျောင်း- ဒကာကြီး ဦးဖိုးလှဲ့ သားသမီးများ ဖြစ်ကြသော ဦးတင်အေး၊ ဦးခင်လေး၊ ဒေါ်ရုံ၊ မည္ဝန့်၊ မနု မိသားတစုတို့က သာသနာ ဒါယာဒ၊ သာသနာနုဂ္ဂဟ၊ အတိဥက္ကဋ္ဌ- ကုသိုလ်ပြုလိုကြသဖြင့် ရဟန်းဒကာ-ရဟန်းအမ ပြုလုပ်ကြသောကြောင့်-

ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက် ဝံသမေဒိနီမည်သော သိမ်တော်ကြီးဝယ်၊ မဟာဝိဇယာရာမကျောင်းတိုက်- အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဘုရားကြီး ဉပဇ္ဈာယ်ဖြစ်တော်မူ၍။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး။

ပခုက္ကူမြို့-မန္တလေးတိုက်ဆရာတော်ဘုရားကြီး။

ပခုက္ကူမြို့-မဟာဝိဇယာရာမတိုက်၊တိုက်အုပ်ဆရာတော် ဦးဇောတိက တို့ ပထမကမ္မဝါဆရာ။

ပခုက္ကူမြို့၊ လေသာတိုက် ဆရာတော် ဦးကေလာသ။

ရပ်စုံကျောင်း ဆရာတော် ဦးသံဝရ။

ရွာဦးကျောင်းဆရာတော် ဦးဥက္ကံသတို့ ဒုတိယကမ္မဝါဆရာ။

ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၊ တိုက်အုပ်ဆရာတော်များ ဖြစ်ကြသော ဦးဉာဏိန္ဒ၊ ဦးဇနိန္ဒ၊ ဦးသုမနတို့ တတိယကမ္မဝါဆရာ။

ပခုက္ကူမြို့၊ မဟာဝိဇယာရာမတိုက်၊ အဘိဓဇ မဟာရဋ္ဌ ဂုရု ဆရာ တော်ဘုရားကြီးတပါးတည်း စတုတ္ထကမ္မဝါဆရာ ဖြစ်တော်မူ၍ ကြွင်းသော ကာရကသံဃာတော် ၅၀၀-ကျော်တို့သည် သာမဂ္ဂီရေး ကိုယ်စိတ်ပေး၍၊ ဝိုင်းအုံချီးမြှင့် ထောက်ပင့်ကြသဖြင့် ဦးရာဇိန္ဒ အမည်ရှိသော ရဟန်းတော် သည် ရဟန်းတော်ဘဝ ဒုလ္လဘကို ကြုံရလေသတည်း။

သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာဝါတော် ၁၂၀-ရှည်ပါစေသော်။

## ကလိယုဂ် စသည်တွက်နည်း

ရဟန်းဖြစ်သက္ကရာဇ် ရက်ချုပ်မှတ်စာ ရေးရာ၌ အောက်ပါသံပေါက် များကို ရအောင်ကျက်၍ ရှင်းလင်းချက်ကို လေ့လာပါ။

၁။ နဝတြိ၊ သင်တြိ၊ နှောဘိကလီယုဂ်။

၂။ ဒွေးအဋ္ဌနှင့် ကေကော၊ နှောတိုးပါက၊ သာသနာနှစ်။ အတိတ် ဖြစ်၏။

၃။ ဒဋ္ဌနေဒ-သတ်နုတ်၊ ယုဂ်ရသတုံ။

**ရှင်းလင်းချက်။** ။ကောဇာသက္ကရာဇ်ကို ဒီ၊သဲ ခေါ်သည်။ ၎င်းကောဇာသက္ကရာဇ်၌ ''နဝတြိ၊ သတ်တြိ၊နှောဘိကလိယုဂ်''-အရ ၃၇၃၉ နှင့် ပေါင်းသော် ရလာဘ်သည် ကလိယုဂ် ဖြစ်သည်။

**ဥပမာ....** ၁၃၃၇-ခုနှစ် ကောဇာသက္ကသူဇ်၌ ယခင် ၃၇၃၉-ပေါင်းသော် ၅၀၇၆ သည် ကလိယုဂ်ဖြစ်သည်။

အတိတ်သာသနာတော်ကို သိလိုသော် ကောဇာသက္ကရာဇ်၌''ဒွေအဋ္ဌနှင့် ဧကဧကော နှောတိုးပါက သာသနာနှစ် အတိတ်ဖြစ်၏''- ဟူသောလက်ာအရ(၁၁၈၂)နှင့် ပေါင်းလိုက်လျှင် အတိတ်သာသနာ ဖြစ်လာသည်။

**ဥပမာ....** ၁၃၃၇-ခုနှစ် ကောဇာသက္ကရာဇ်၌ (၁၁၈၂) နှင့်ပေါင်းလိုက်သော် (၂၅၁၉) သည် အတိတ်သာသနာ ဖြစ်ပေသည်။

**ရဿ—** ထို့ပြင် ရဿကို သိလိုသော် ကောဇာသက္ကရာဇ်၌ ''အဋ္ဌနော-သတ်နုတ်၊ ယုဂ်ရဿတဲ့''–ဟူသည်နှင့်အညီ ကောဇာသက္ကရာဇ်၌ (၇၉၈) ခုကို နုတ်လိုက်လျှင် ရလာဘ်သည် ရဿ ဖြစ်သည်။

**ဥပမာ....** ဒီဃ ဖြစ်သော ၁၃၃၇-ခု၊ ကောဇာသရာဇ်၌ (၇၉၈) ကို နုတ်လိုက်သော် အကြွင်းရလာဘ်(၅၃၉) သည် ရဿ ဖြစ်သည်-ဟု ဆိုလိုသည်။

**နိဿယာစိက္ခဏကိစ္စ**

ရဟန်းဖြစ်ပြီးလျှင် မှီရာ ၄-ပါးကိုလည်း ပြောကြားရမည် ဖြစ်၍ ထိုမှီရာ ၄-ပါးကို အစဉ်အတိုင်း ပြောကြားမည်။ နားထောင်။

**၁။ ပိဏ္ဍိယာ လောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ**

ရဟန်းဆိုတာ ဆွမ်းခံ၍ အသက်မွေးရမည်။ ထိုဆွမ်းခံ၍ အသက်မွေးခြင်းကို မြတ်စွာဘုရား အနှစ်သက်ဆုံး ဖြစ်သည်။ ငါသည် သိက္ခာပုဒ်ကိုယ်၌ တည်သမျှ ကာလပတ်လုံး အရိုးကျေကျေ အရေခြောက်ခြောက်၊ နောက်သို့မဆုတ်ပဲ ဆွမ်းခံ၍ အသက်မွေးခြင်းကို အားထုတ်မည်-ဟု ဆောက်တည်ရမည်။

သို့သော် အတိရေကလာဘော- ရှေးဘုန်း ရှေးကံရှိလို့ ဒကာ-ဒကာမတို့ လက်ရောက်လှူဒါန်းသော သံဃဘတ်၊ ဥဒ္ဒေသဘတ်၊ နိမန္တနဘတ်၊

ဒန်ပေါက်ဆွမ်း၊ ထောပတ်ဆွမ်း စသည်တို့ကိုလည်း ဘုဉ်းပေးသုံးဆောင်လိုလျှင် ဘုဉ်းပေးသုံးဆောင်လေဦးလော့။

အာမ ဘန္တေ၊ အရှင်အမိန့်အတိုင်းပါဘုရား။

## ၂။ ပံ့သုကူလ စီဝရံ နိဿာယ ပဗ္ဗဇ္ဇာ-(တဲ့)

ပံ့သူကူသင်္ကန်းဖြင့် ဝတ်ရုံနေထိုင်ခြင်းကို မြတ်စွာဘုရား သဘောတော်အကျဆုံး ဖြစ်သည်။ ထိုကြောင့် သိက္ခာပုဒ် ကိုယ်၌ တည်သမျှ ကာလပတ်လုံး ပံ့သကူသင်္ကန်းကို ဝတ်ရုံပြီး ရဟန်းတရားကို အားထုတ်မည်-ဟု ဆောက်တည်ရမည်။

သို့သော် အတိရေကလာဘော-ဘုန်းကံကြီးမားလို့ ခေါမ ကပ္ပါသိက၊ ကောသေယျံ၊ ကမ္ဗလံသာဏံ-ဘင်္ဂ-တဲ့၊ ခေါမတိုင်း၊ ရောမတိုင်း၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ စသည်တို့၌ ဖြစ်သော ပိုးသင်္ကန်း၊ ဖဲသင်္ကန်း၊ ကတ္တီပါသင်္ကန်း၊ ဘန်ကောက်သင်္ကန်း၊ ဖျော့သင်္ကန်း၊ တက်ထရွန်သင်္ကန်း စသည်တို့ကိုလည်း လှူဒါန်းသူရှိက ဝတ်ရုံလိုလျှင် ဝတ်ရုံလေဦးလော့။

အာမ ဘန္တေ၊ အရှင်အမိန့်အတိုင်းပါဘုရား။

## ၃။ ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ-(တဲ့)

ရဟန်းဟူသည် သစ်ပင်ရင်းဟူသော ကျောင်းကို အမှီပြု၍ ရဟန်းတရားကို အားထုတ်ရမည်။ ထိုသစ်ပင်ရင်းဟူသော ကျောင်း၌ နေခြင်းကို မြတ်စွာဘုရားသခင် နှစ်သက်တော်အမူဆုံး ဖြစ်သည်။ ထို့ကြောင့် ငါရှင်သည် သိက္ခာပုဒ် ကိုယ်၌ တည်သမျှ ကာလပတ်လုံး သစ်ပင်းရင်း၌နေမည်-ဟု ဆောက်တည်ရမည်။

သို့သော် အတိရေကလာဘော-တဲ့။ ရှေးဘုန်းရှေးကံပါလို့ လှူသူပေါများခဲ့လျှင် ဝိဟာရော၊ အဍ္ဍယောဂေါ၊ ပါသာဒေါ- ၂- ဘက်မိုးကျောင်း၊ တဘက်မိုးကျောင်းအုတ်တိုက် စသည်တို့ကိုလည်း နေထိုင်လိုလျှင် နေထိုင်လေဦးလော့။

အာမ ဘန္တေ၊ အရှင်အမိန့်အတိုင်းပါဘုရား။

## ၄။ ပုတိမုတ္တဘေသဇ္ဇံ နိဿယပဗ္ဗဇ္ဇာ (တဲ့)

ဒါက စတုတ္ထအချက်မှီရာပဲ။ ရဟန်းဆိုတာ နွားကျင်ငုပ်ရေဖြင့် ဖော်စပ်ထားသော ဇီးဖြူ၊ ရှိရှား၊ သဖန်းခါး ဆေးများကိုမှီဝဲသုံးဆောင်ရမည်။ တနည်းအားဖြင့် လူဘို့သည် ဆွေးမြေ့ဟောင်းမြင်းသည်ဖြစ်၍ စွန့်ပစ်ထားသော ဆေးဟောင်းများကို အမြဲမှီဝဲသုံးဆောင်ပြီး နေထိုင်ရမည်။

သို့သော် အတိရေကလာဘော–ဘုန်းကံပါရမီပါလို့ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ-တဲ့။ အလွန်ကောင်းမြတ်သော ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲများကိုသည်း လှူသူရှိပါက သုံးဆောင်လိုလျှင် သုံးဆောင်လေဦးတော့။

အာမဘန္တေ၊ အရှင်အမိန့်အတိုင်းပါဘုရား။

မှီရာလေးပါး ပြီး၏။

---

## အကရဏီယ ၄-ပါး

မှီရာ ၄-ပါးကို ပြောပြီးသည့်နောက် အကရဏီယ ၄-ပါးလို့လည်း ခေါ်သည်၊ ပါရာဇိက ၄-ပါးလို့လည်း ခေါ်သည်။ ၎င်း အကရဏီယ ၄-ပါးကို အစဉ်အတိုင်း ပြောကြားမည်။ နားထောင်။

၁။ ရဟန်းဆိုတာ "မေထုနပဋိသေဝန" အမှုကို မပြုရဖူး။ အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မဥ္စသော်လည်း မေထုံမမှီဝဲကောင်းဖူး။ မှီဝဲပါလျှင် ပါရာဇိက ကျသည်။ ထို့ကြောင့် မိမိကိုယ်မှာ ရဟန်းသိက္ခာဟည်သမျှကာလပတ်လုံး မေထုံအမှုကို မပြုမကျင့် ရှောင်ကြဉ်ရမည်။

**အာမဘန္တေ**

ဘန္တေ၊ အရှင်ဘုရား။အဟံ၊ တပည့်တော်သည်။ အာမ နကရိဿာမ၊ မေထုံအမှုကို မပြုမကျင့် ရှောင်ကြဉ်ပါအံ့ဘုရား။

၂။ အဒိန္နာ ဒါန- ရဟန်းဆိုတာ ပိုင်ရှင် မပေးသော သူများပစ္စည်းကို မခိုးရဖူး။ ယုတ်စွအဆုံး ဝါးခြမ်းစိပ်ကလေးမှ စ၍ မယူရဖူး။ခိုးယူလျှင် ပါရာဇိက ကျသည်။ ထို့ကြောင့် မိမိကိုယ်မှာ သိက္ခာပုဒ်

တည်သမျှကာလပတ်လုံး ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော ပစ္စည်းကို မခိုးမယူ ရှောင်ကြဉ်ရမည်။

အာမ ဘန္တေ၊

ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ အာမ နကရိယာမိ၊ သူတပါးပစ္စည်းကို မခိုးမယူ ရှောင်ကြဉ်ပါအံ့ဘုရား။

၃။ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတိ၊ ရဟန်းဆိုတာ လူ့အသက် မသတ်ရဘူး။ ယုတ်စွအဆုံး ကိုယ်ဝန်ကျဆေးတောင် မပေးကောင်းဖူး။ လူ့အသက်ကိုသတ်လျှင် ပါရာဇိကကျသည်၊ ထို့ကြောင့် ငါ့ရှင်သည် မိမိကိုယ်မှာ သိက္ခာဇီဝ တည်သမျှကာလပတ်လုံး လူ့အသက်ကို မသတ်ပဲ ရှောင်ကြဉ်ရမည်။

အာမ ဘန္တေ။

ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ အာမ နကရိယာမိ၊ လူ့အသက်ကို မသတ်ပဲ ရှောင်ကြဉ်ပါမည်ဘုရား။

၄။ ဥတ္တရိမနုဿဓမ္မော နံဥလ္လပိတဗ္ဗော၊ ဤတေုတ္တအချက်က အရေးအကြီးဆုံးပဲ။ မိမိမှာ ဈာန်၊ မဂ်ဖိုလ်တရား မရပဲ ဝါကြွားပလွှားပြီး မပြောကောင်းဖူး။ ယုတ်စွအဆုံး "ငါသည် ဆိတ်ငြိမ်ရာအရပ်မှာ တယောက်ထည်းနေသည်"-လို့တောင် မပြောကောင်းဖူး။

ထို့ကြောင့် ငါ့ရှင်သည် မိမိကိုယ်မှာ သိက္ခာဇီဝ တည်သမျှကာလပတ်လုံး "မရပဲနဲ့ ဈာန်ရ၏၊ မဂ်ရ၏၊ ဖိုလ်ရ၏"-ဟု လာဘသက္ကာရငဲ့ပြီး ဝါကြွား၊ ပလွှား၍မပြောရ၊ ရှောင်ကြဉ်ရမည်။

အာမ ဘန္တေ။

ဘန္တေ၊ ဘုရား၊ အဟံ၊ သည်။ အာမ နကရိယာမိ၊ ဈာန်၊ မဂ် ဖိုလ် တရားမရပဲ။ လိမ်ညာမပြောပဲ ရှောင်ကြဉ်ပါမည်ဘုရား။

---

**အညမညအနုဇာနနကိစ္စ**

(ရဟန်းခံပွဲမှာ ပဓာနဖြစ်သော ဆရာတော်တပါးက အောက်ပါအတိုင်း ဖတ်ပြီးပြောပါ။)

ရဟန်းခံခြင်းကိစ္စကိုတော့ ဆောင်ရွက်လို့ ပြီးသွားလေပြီ။ သို့သော် ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာများနှင့် ရဟန်းသစ်တို့ အချင်းချင်း အပြန်အလှန် လိုက်နာပြုကျင့်ရမည့် ဝတ္တရားတွေကား များပြားလှပေသည်။ (လှည်းကိုးစီးတိုက်လောက် ရှိသည်။) မပြုပဲနေလျှင် အာပတ်သင့်သည်။ ဝတ္တရားတွေ ကျေပွန်အောင် လုပ်နေရပြန်လည်း အခြား သာသနာရေးကိစ္စတွေ မလုပ်နိုင်တော့ဖူး။ အဲဒီတော့ ဘယ်နှယ်လုပ်ကြမလဲ။

ဒီနေရာမှာ အဋ္ဌကထာ ဆရာတော်က–
"သစေ ဥဇ္ဈာယောမယှံ ဥပဇ္ဈာကော အတ္ထိ။
တုမှေ အတ္တနော သဇ္ဈာယ မနသိကာရာဒီသု-
ယောဂံ ကရောထာတိ ဝဒတိ။
သဒ္ဓိဝိဟာရိကာနံ အနာပတ္တိ"
လို့ ဝိနည်းမဟာဝါ အဋ္ဌကထာ (ဆဋ္ဌ/၂၆၄) မှာ
မိန့်ဆိုထားတယ်။

အဲဒီတော့ တပည့်တော်တို့က ရဟန်းသစ်အား အန္တေဝါသိကဝတ်၊ သဒ္ဓိဝိဟာရိကဝတ်များကို မပြုနဲ့တော့–ဟု ခွင့်ပေးလိုက်ကြစို့ရဲ့၊ မကောင်းဖူးလား–ဟု (အချင်းချင်း တိုင်ပင်ပြီး အောက်ပါအတိုင်း ရဟန်းသစ်အား ပြောကြားပါ။)

ငါတို့ ဥဇ္ဈာယ်ဆရာ ကမ္မဝါဆရာတို့အား ပြုသင့် ပြုထိုက်သော အန္တေဝါသိဝတ်၊ သဒ္ဓိဝိဟာရိကဝတ်များ မပြုနဲ့တော့။ ငါတို့က ကြေနပ်သည်။ သင်ရဟန်းသစ်သည် ထီးထမ်းလမ်းလျှောက်နေပဲ ဂန္ထဓူရ၊ ဝိပဿနာဓူရ တရားနှစ်ပါးကို ကြိုးစားအားထုတ်ပြီးနေချေတော့။

မင်းအတွက်တော့ အေးသွားပြီ၊.... တို့အတွက် ကျန်သေးသည်။ တို့မှာလဲ သင့်ကို ဥပဇ္ဈာယ်ဆရာ ကမ္မဝါဆရာလုပ်ပြီး ရဟန်းခံပေးမိသည့်အတွက် ဝန်ထုပ်ဝန်ပိုးကြီး တက်လာသည်။ ကလေးပေါက်စလေးလို အလေးတမူ အရေးယူပြီး ကြည့်ရှုစောင့်ရှောက်ရဘိသကဲ့သို့ ထို့အတူ ငါတို့ကပြုရမည့် ဥပဇ္ဈာယဝတ်၊ အာစရိယဝတ်တွေကား များလှပေသည်။ မပြုပဲနေလျှင်လည်း အာပတ်သင့်သည်။

သို့သော် "တေဝေ ၀ါသဒ္ဒိဝိဟာရိကာဒယော ဘန္တေတုမှေ ကေဝလံအပွဝသုက္ကာ ဟောတာတိဝဒန္တိ။ ဝတ္တံ ၀ါ နသာဒိ ယန္တိ၊ တတောပဋ္ဌာတ အာစရိယုပဇ္ဈာယာနံ အနာပတ္တိ"-ဟု (သာရတ္ထဋီကာ၊ဆဋ္ဌ/၂၃၃-၄)၌လာရှိသည့်အတွက် ရဟန်းသစ်က ခွင့်ပြုလျှင်မပြုပဲနေလို့ရသည်၊ အာပတ်မသင့်တော့ဖူး။ အဲဒီတော့ ခွင့်ပြုနိုင်ပါမည်သလား။ (မေးပါ)။

ရဟန်းသစ်က"ခွင့်ပြုနိုင်ပါသည်" ဆိုလျှင် အောက်ပါအတိုင်း သင်ပေးပါ။(တပည့်တော်အပေါ်၌ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာတို့ကပြုရမည့် ဥပဇ္ဈာယ်ဝတ်၊ အာစရိယဝတ်များကို မပြုပါနဲ့တော့ဘုရား။ တပည့်တော်က ကြေနပ်ပါသည်၊ ခွင့်ပြုပါသည်ဘုရား။)

သြဝါဒခန်းပြီး၏။

ရဟန်းခံရာ၌ အမှန်ပြုရမည့်ကိစ္စများ ပြီး၏။

---

## ရဟန်းခံရာ၌ နောက်ဆက်တွဲ မှတ်ရန်

### ပစ္စဇ္ဇ သုံးမျိုး မှတ်ဖွယ်

မိဘခွင့်ပြုသော ရှင်လောင်းကိုသာလျှင် ကိုရင်ဝတ်၍ ပေးကောင်းသည်။ ဤ၌ ပစ္စဇ္ဇ ၃-မျိုးကို သိရမည်။ ၎င်းတို့ကား-

၁။ ကေသစ္ဆေဒန ပစ္စဇ္ဇ။
၂။ ကာသာယစ္ဆာဒန ပစ္စဇ္ဇ။
၃။ သရဏဒါန ပစ္စဇ္ဇတို့တည်း။ ထိုတွင်-

(၁)။ ကေသစ္ဆေဒန ပစ္စဇ္ဇခေါ် ခေါင်းရိတ်ခြင်း ပစ္စဇ္ဇမှာ လူများလည်း လုပ်ပေးကောင်းသည်။ သို့ဖြစ်၍ ကိုရင်လောင်းက ခေါင်းရိတ်ပြီးဖြစ်လျှင် ဘုန်းကြီးများမှာ တာဝန်အေး၏။ မရိတ်သေးလျှင် ခဏ္ဍသိမ်အတွင်းခေါ်သွားပြီး ရိတ်ပေးပါ။

ဘိက္ခုနဥ္စ အနာရောစေတွာ ကေသိမာယ-

''တေသ ကေသေဆိန္ဒာ'' တိ အညံ အာဏာ ပေတုမ္ပိ နဝဋ္ဋတိ-ဟု-ဝိမတိ ဒု(ဆဋ္ဌ/၉၄)၌ မိန့်ဆိုသောကြောင့်ဥပစာရ သိမ်အတွင်းဖြစ်လျှင်

ကား သံဃာအား မပန်ကြားပဲ ကိုယ်ဘိုင်လည်း မရိတ်ကောင်း၊ အခြားသူများ ကိုလည်း မခိုင်းကောင်းပါ။ ပန်ကြားပြီးမှ ရိတ်ရမည်။ ပန်ကြားပုံကား—

"အဟံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ"

ဟူ၍ ပါဠိလိုဖြစ်စေ၊

"အရှင်ဘုရားတို့ အပည့်သည် ဤရှင်လောင်းအား ခေါင်းရိတ်ခြင်းကို ပန်ကြားပါ၏" ဟူ၍ မြန်မာလိုဖြစ်စေ ပန်ကြားရသည်။

လူသာမဏေများကိုလည်း စေလွှတ်ပြီး ပန်ကြားနိုင်သည်၊ ပန်ကြားပုံကား—

ဧကော ဘန္တေ ပဗ္ဗဇ္ဇာ ပေက္ခော အတ္ထိ၊
တဿ ဘဏ္ဍု ကမ္မံ အာပုစ္ဆာမိ-ဟု-

ပန်ကြားခိုင်းရမည်။ ခေါင်းရိတ်ပြီးလျှင် နံ့သင်းမှုန့် နံ့သာမှုန့် ဆပ်ပြာမွှေးတို့ဖြင့် ပွတ်တိုက် ပြီးလျှင် (ဂိဟိလိင်္ဂ) လူနံ့ ပျောက်အောင် ရေချိုးပေးရမည်။

(၂)။ ကာယဗန္ဓာဒန ပဗ္ဗဇ္ဇ ခေါ် သင်္ကန်းပေးခြင်း ပဗ္ဗဇ္ဇ ကိုကား ဘုန်းကြီးများသာလျှင် လုပ်ရမည်။ လူသာမဏေများ ဝတ်မပေးကောင်း၊ သို့သော် ဥပဇ္ဈာယ် ဆရာ ဘုန်းကြီးက ခိုင်လျှင် ဝတ်ပေးနိုင်သည်။

**သင်္ကန်းဝတ်ပေးပုံ အစီအစဉ်**

ထိုသင်္ကန်းကို ချက်ခြင်းကောက်ယူပြီး ဝတ်မပေးပါနှင့်ဦး။

သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ဟိဂါ။ "တံ ကာသာဝံ ဒတွာ" တိဝါ ဝတွာ- ပဗ္ဗာ ဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယာ" တိ ဇဝံ ယာစနပုဗ္ဗကံ စီဝရံ ပဋိစ္ဆာပေတိ။

ဝိမတိ ဒု(ဆဋ္ဌ/၈၅)၌ ဖွင့်ဆိုသောကြောင့် သင်္ကန်းပေး၊ သင်္ကန်းတောင်း ပါဠိများကို ဆိုခိုင်းပြီးမှ ဝတ်ပေးပါ။ ထိုကြောင့် အောက်ပါ လုပ်ငန်းသုံးမျိုးကို ရအောင်ကျက်ခိုင်းထားပါ။(မကျက်နိုင်လျှင် ဘုန်းကြီးက သင်ပေးပါ။)

## (က) ဆရာ့ထံသို့ သက်န်းပေးအပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ-
သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ
ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

## (ခ) ဆရာ့ထံမှ သက်န်းပြန်တောင်းရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ-
သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ
ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

## (ဂ) သာမဏေ အဖြစ် တောင်းရန်

အဟံ ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
ဒုတိယမ္ပိ ဘန္တေ အဟံ သံသာရဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
တတိယမ္ပိ ဘန္တေ အဟံ၊ လ။ ယာစာမိ-ဟု ဆိုပါ။
(မြန်မာလိုလည်း ဆိုပါ)။

(၃) သရဏဒါနပဗ္ဗဇ္ဇခေါ် သရဏဂုံ ပေးခြင်း ပဗ္ဗဇ္ဇကိုလည်း ဆရာဘုန်းကြီးကဖြစ်စေ၊ ဆရာကခိုင်းစေချက်ဖြင့် အခြားဘုန်းကြီးက ဖြစ်စေ၊ သရဏဂုံ ပေးလို့ရသည်။ လူ၊ သာမဏေတို့က ဝင်ပြီး ပေးလို့ မရချေ။ သရဏဂုံကိုကား ဆရာဘုန်းကခိုင်းစေသော်လည်း ပေးလို့မရချေ။

"ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ" ...

"ကေသဿဒန ကာသာယစ္ဆာ ဒန သရဏာနဥ္ဍာနိ
ပဗ္ဗဇ္ဇာနာမ။ တေသုပစ္ဆိမဒွယံ-
ဘိက္ခူဟိ ဝေ ကာတဗ္ဗံ၊ ကာရေတဗ္ဗံဝါ။
(ဝိမတိဒု ဆဋ္ဌ/၉၄)ဟူ၍ လည်းကောင်း"
အနုပသမ္ပန္နေန ဘိက္ခုအာဏတ္တိယာ ဒိန္နမ္ပိ သရဏံ နရုဟတိ။

(ဝိမတိဒု)၌ မိန့်ဆိုသောကြောင့် လည်းကောင်း၊ ခေါင်းရိတ်ခြင်းကို လူ၊ သာမဏေသည် ဆရာကခိုင်းသည် ဖြစ်စေ၊ မခိုင်းသည်ဖြစ်စေ၊ လုပ်ပေး

နိုင်သည်။ သက်နှ်းဝတ်ခြင်းကို ဆရာက ခိုင်းလျှင် ဝတ်ပေး ကောင်းသည်။ သရဏဂုံ ပေးခြင်းကိုကား ဘုန်းကြီးများကသာ ပေးနိုင်သည်၊ ဘုန်းကြီးက ခိုင်းသော်လည်း လူသာမဏေများက ဝင်ပြီး သရဏဂုံ ပေးလို့ မရချေ၊ (သာမဏေလောင်းနှင့် ဆရာဘုန်းကြီး ၂-ပါးစုံပြီသမှ သာမဏေဖြစ်သည်။ ဥဘတော သုဒ္ဓိခေါ်သည်)။

## ဘုရားပွင့်ခါစ၌ ရှင်ပြုနှင့် ရဟန်းခံ

ရဟန်းခံ ကမ္မဝါစာ မဟောသေးမီ (မပေါ်သေးမီ) ဘုရား သခင် ပွင့်တော်မူခါစ အချိန်၌၊ ရှင်သာမဏေ ပြုပေးခြင်း၊ ရဟန်း ပြုပေးခြင်းကို သရဏဂုံဖြင့်ပင်ပြုပေးတော်မူ၏။ထိုသို့လုပ်ငန်းတူသောကြောင့်သာမဏေနှင့် ရဟန်းသည် မည်သို့ ထူးပါသနည်း-ဟု စဉ်းစားဖွယ် ရှိ၏၊ အဋ္ဌကထာနှင့် ဋီကာကြီး ၃-စောင်တို့ကလည်း မဖွင့်ကြသောကြောင့် အားကိုးစရာ မရှိ အောင် ဖြစ်နေပေသည်။ ငါတို့ အယူကား သူတို့ဆန္ဒ အတိုင်း သာမဏေ ဖြစ်လိုလျှင် သာမဏေ ဖြစ်သွားသည်။ ရဟန်း ဖြစ်လိုလျှင် ရဟန်းဖြစ်သွား သည်-ဟု ယူဆမိပါသည်။ ကျမ်းဂန် တိုက်ရိုက် မရှိသဖြင့် မေးကြ မြန်းကြ လေဦး-ဟု ကျေးဇူးရှင်ကြီး အမိန့်ရှိတော်မူ၏။

## ဆရာနှင့် တပည့်အသီးအသီး ယှဉ်တွဲပုံ

၁။ ဥပဇ္ဈာယ်ဆရာနှင့် သဒ္ဓိဝိဟာရိက တပည့်

၂။ ပဗ္ဗဇ္ဇာ စရိယနှင့် ပဗ္ဗဇ္ဇန္တေ ဝါသိကတပည့်။(သာမဏေ ပြုပေးသော ဆရာနှင့် သာမဏေ တပည့်၊)

၃။ ဥပသမ္ပဒါ စရိယနှင့် ဥပသမ္ပဒန္တေဝါသိက။ (ကမ္မဝါ ဆရာနှင့် ရဟန်းသစ်)

၄။ နိဿယာ စရိယနှင့် နိဿယန္တေ ဝါသိက တပည့်။ (နိဿယည်းပေး ဆရာနှင့်ယူသူတပည့်။)

၅။ ဓမ္မာ စရိယနှင့် ဓမ္မန္တေ ဝါသိက တပည့်၊) စာချ ဆရာနှင့် တပည့်)

၆။ ကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနန္တေ ဝါသိက (ကမ္မဋ္ဌာန်း ပေးသူနှင့် ယူသူ)ဖော်ပြပါ ဆရာနှင့် တပည့် တွဲပုံကို ကြည့်ရှု၍ ဝတ္တရားများကို ပြုစုပေးသင့်လှပေသည်။

## ဥပဇ္ဈာယ် ဆရာ ကမ္မဝါဖတ်နိုင်ပုံ

ကျောင်းတိုက်တွင် ရဟန်းခံပွဲ တခုမှာ တောက ဘုန်းကြီး တပါးက **"တပည့်တော် ခုမှစိတ်အေးရတယ်၊ တပည့်တော်တို့ တောမှာ ဥပဇ္ဈာယ် ဆရာ ကမ္မဝါ မဖတ်ကောင်းဖူး"**ဟု အငြင်းပွားနေကြတယ်၊ အခုတော့ဆရာတော်ဘုရားကြီးကိုယ်တိုင် ကမ္မဝါဖတ်တာ တွေ့ရတော့ ကျေနပ်သွားပါပြီ"-ဟု တောက ကျောင်းထိုင် ဘုန်းကြီး တပါးက လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက "အေးငါလဲ ရှေးက အမေးခံရဖူးပါတယ်၊ဝိမတိမှာ ပါတယ်ကွဲ့"ဟု အောက် ပါဋ္ဌိကို ရွတ်ပြပါသည်။

၁။ သစေ ပန ဥပဇ္ဈာယော သယ **မေဝ** သဗ္ဗံ သိက္ခာ **ပေတိ**၊
အညသ္မိံ နနိယျာတေတိ၊ ဥပဇ္ဈာ ယော ဝဿ-
အာစရိယောပိ ဟောတိ၊ယထာ ဥပသမ္ပဒါကာလေ
သယ မေဝ ကမ္မဝါစံ ဝါစေန္တော-
ဥပဇ္ဈာယောဝ ကမ္မဝါစာ စရိယောပိ **ဟောတိ**။
ဝိမတိ ဒု(ဆဋ္ဌ/၉၅)။

၂။ သစေ ပန **ဥပဇ္ဈာယော** သယမေဝ အတ္တနော
သဒ္ဓိဝိဟာရိကံ ဇနုသာဝေတီတိ ဌေ ဝတ္တဗ္ဗ မေဝ နတ္ထိ၊
ကမ္မံ သုကတမေဝ ဟောတိ။(ဝိမတိ-ဆ/၁၃၂)။

**အကျဉ်းချုပ်ကား**....ဥပဇ္ဈာယ်ဆရာက မိမိ၏ သဒ္ဓိဝိဟာရိက တပည့်အတွက် ကမ္မဝါ ဖတ်ကောင်း၏။ ဥပမာ-ဆိုလတ်ိ ဇယား၌ ဦးဝိလာသက ရှင်အဂ္ဂဝံသ အတွက်,ဦးဥတ္တမက ရှင်ကုဏ္ဍလအတွက် ကမ္မဝါ ဖတ်ပေးခြင်းမျိုးတည်း။

## ရဟန်းခံ ကမ္မဝါ ဖတ်နည်းများ

၁။ ကေုပဇ္ဈာယ၊ ကောစရိယ ကေဇန ဖတ်ကောင်း၏။
၂။ ကေုပဇ္ဈာယ၊ ကောစရိယ ဒွေဇန ဒွန်ဖတ်။
၃။ ကေုပဇ္ဈာယ၊ ကောစရိယ တယောဇန ဒွန်ဖတ်
၄၊ ကေုပဇ္ဈာယ၊ ဒွါစရိယ၊ ကေဇန ယခုကမ္မဝါရှိတိုင်းဖတ်။
၅။ ကေုပဇ္ဈာယ၊ ဗျာစရိယ ကေဇန ယခုကမ္မဝါရှိတိုင်းဖတ်။

| | | | | |
|---|---|---|---|---|
| ၆။ | ဧကုပဋ္ဌာယ၊ | ဒွါစရိယ | ဒွေဇန | ငှဲ့ဖတ်ဒွန်ဖတ်။ |
| ၇။ | ဧကုပဋ္ဌာယ၊ | တျာစရိယ | တယောဇန | ငှဲ့ဖတ်ဒွန်ဖတ်။ |
| ၈။ | နာနုပဋ္ဌာယ၊ | နာနာစရိယ | နာနာဇန | ကိုယ့်ဟာကိုယ်ဖတ်။ |
| ၉။ | နာနုပဋ္ဌာယ၊ | ဧကာစရိယ | ဧကဇန | မနှဲ့တ်ကောင်း။ |
| ၁၀။ | နာနုပဋ္ဌာယ၊ | ဧကာစရိယ | ဒွေဇန | မဖတ်ကောင်း။ |
| ၁၁။ | နာနုပဋ္ဌာယ၊ | ဧကာစရိယ | တယောဇန | မဖတ်ကောင်း။ |

**မှတ်ချက်။** ၈-နံပါတ်၌ ပါဠိတော်၌ ရဟန်းလောင်း ၃-ပါး ကိုသာ ခွင့်ပြု ထားသောကြောင့် ဥပဇ္ဈာယ် - ကမ္မဝါ ဆရာ ရဟန်းလောင်း သုံးပါးစီသာ ဖတ်ရမည်။ ၄-၅-ပါးစီ မဖတ်ကောင်းပါ။ (သတိပြု)

## ရဟန်းခံကမ္မဝါ၌ ဒွန်ဖတ်နည်း

### ပခုက္ကူတိုက်ကြီးများ၌ အမြဲဖတ်လေ့ရှိသော ဒွန်ဖတ်နည်းများ

ဖော်ပါဇယားအတိုင်း လက်တွေ့ဖတ်ပြီးအံ့။ ထိုဒွန်ဖတ်နည်းသည်–

| | | | | |
|---|---|---|---|---|
| ၁။ | ဧကုပဋ္ဌာယ | ဧကာစရိယ | ဒွေဇန | ဒွန်ဖတ် |
| ၂။ | ဧကုပဋ္ဌာယ | ဧကာစရိယ | တယောဇန | ဒွန်ဖတ် |
| ၃။ | ဧကုပဋ္ဌာယ | ဒွါစရိယ | ဒွေဇန | ဒွန်ဖတ်, ငှဲ့ဖတ် |
| ၄။ | ဧကုပဋ္ဌာယ | တျာစရိယ | တယောဇန | ဒွန်ဖတ်, ငှဲ့ဖတ် |
| ၅။ | နာနုပဋ္ဌာယ | ဒွါစရိယ | ဒွေဇန | ဒွန်ဖတ်, ငှဲ့ဖတ် |
| ၆။ | နာနုပဋ္ဌာယ | တျာစရိယ | တယောဇန | ဒွန်ဖတ်, ငှဲ့ဖတ် |

ဟူ၍ ၆-မျိုးရှိသည်၊ ထိုတွင် တမျိုးတမျိုး၌ ဝါကျဒွန်- သမာသ်ဒွန်- ဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင် ဝါကျဒွန်မှာ ဧကဝုစ်ဒွန်၊ ဗဟုဝုစ်ဒွန်–ဟု နှစ်မျိုးရှိသည်။ သမာသ်ဒွန်မှာ ဗဟုဝုစ် တမျိုးသာ ပခုက္ကူ၌ ဖတ်သည်။

### ဧကုပဋ္ဌာယ၊ ဧကာစရိယ ဒွေဇန ဝါကျဧကဝုစ်ဒွန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ စ သုဒဿနော
အယံ စ အဂ္ဂိဿရိယော အာယသ္မတော
ဉာဏိန္ဒတ္ထေရဿ ဥပသမ္ပဒါပေက္ခော။

ပရိသုဒ္ဓေါ အန္တရာယိ ကေဟိ ဓမ္မေဟိ။
ပရိပုဏ္ဏာဿ စ အဿ စ ပတ္တစီဝရံ။ သုဒ္ဒဿနော စ
အဂ္ဂိဿရိယော စ သံဃံ ဥပသမ္ပဒံ ယာစတိ။
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော သုဒ္ဒဿနံ စ
အဂ္ဂိဿရိယံ စ ဥပသမ္ပာဒေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတုမေ ဘန္တေ သံဃော။ အယံ စ သုဒ္ဒဿနော
အယံ စ အဂ္ဂိဿရိယော အာယသ္မတော
ဉာဏိန္ဒတ္ထေရဿ ဥပသမ္ပဒါ ပေက္ခော။
ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။
ပရိပုဏ္ဏဿ စ အဿ စ ပတ္တစီဝရံ။ သုဒ္ဒဿနော စ
အဂ္ဂိဿ ရိယော စ သံဃံ ဥပသမ္ပဒံ ယာစတိ။
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
သံဃော သုဒ္ဒဿနံ စ အဂ္ဂိဿရိယံ စ ဥပသမ္ပာဒေတိ၊
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန စ ဥပဇ္ဈာကေန။
ယဿာ ယသ္မတော ခမတိ
သုဒ္ဒဿနဿ စ အဂ္ဂိဿရိယဿ စ ဥပသမ္ပဒါ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
သော တုဏှဿ။ ယဿ နက္ခမတိ။ သောဘာသေယျ။ ။
ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)၊
ဥပသမ္ပန္နော သံဃေနသုဒ္ဒဿနော စ အဂ္ဂိဿရိယော စ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ခမတိ သံဃဿ။ တသ္မာတုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

**ကေပဇ္ဈာယ ဘောစရိယ ဒွေဇန ဝါကျ ဗဟုဝုစ် ဒွန်ကမ္မဝါစာ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သုဏာတု မေ ဘန္တေ သံဃော။ အယံ စ သုဒ္ဒဿနော
အယံ စ အဂ္ဂိဿရိယော အာယသ္မတော ဉာဏိန္ဒတ္ထေရဿ
ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။

ပရိပုဏ္ဏမေသံ ပတ္တစီဝရံ။
သုဒ္ဒဿနော စ အဂ္ဂိဿရိယော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သုဒ္ဒဿနံ စ
အဂ္ဂိဿရိယံ စ ဥပသမ္ပာဒေယျ။ ဧသာ ဉတ္တိ။ ။
သုဏာတု မေ ဘန္တေ သံဃော။ အယံ စ သုဒ္ဒဿနော
အယံ စ အဂ္ဂိဿရိယော အာယသ္မတော ဉာဏိန္ဒတ္ထေရဿ
ဥပသမ္ပဒါပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ
ဓမ္မေဟိ။ ပရိပုဏ္ဏံ မေသံ ပတ္တစီဝရံ။
သုဒ္ဒဿနော စ အဂ္ဂိဿရိယော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
သံဃော သုဒ္ဒဿနံ စ အဂ္ဂိဿရိယံ စ ဥပသမ္ပာဒေတိ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ယဿာယသ္မတော ခမတိ သုဒ္ဒဿနဿ စ အဂ္ဂိဿရိယဿ စ
ဥပသမ္ပဒါ အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
သော တုဏှဿ၊ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။
ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ သုဏာတု မေ ဘန္တေ (ပ)။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ သုဏာတု မေ ဘန္တေ (ပ)။
ဥပသမ္ပန္နာ သံဃေန သုဒ္ဒဿနော စ အဂ္ဂိဿရိယော စ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။

ဤကား ဝါကျဒွန်၌ ဧကဝုစ်-ဗဟုဝုစ်နှစ်မျိုး ဖတ်ပုံတည်း။ ကမ္မဝါ
ဆရာတပါးတည်း ဖြစ်၏။

**ဧကုပဇ္ဈာယ ဧကာစရိယ ဒွေဇနဉ္စ် သမာသ်ဒွန် ဖတ်ပုံ**

သုဏာတု မေ ဘန္တေ သံဃော။ ဣမေ သုဒ္ဒဿနဂ္ဂိဿရိယာ
အာယသ္မတော ဉာဏိန္ဒတ္ထေရဿ ဥပသမ္ပဒါပေက္ခာ။
ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။
ပရိပုဏ္ဏမေသံ ပတ္တစီဝရံ။ သုဒ္ဒဿနဂ္ဂိဿရိယာ
သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ—

ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ။
သံဃော သုဒဿနဂ္ဂိဿရိယေ ဥပသမ္ပာဒေယျ—
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။
သုဏာတု မေ ဘန္တေ သံဃော။ ဣမေ သုဒဿနဂ္ဂိဿရိယာ
အာယသ္မတော ဉာဏိန္ဒတ္ထေရဿ ဥပသမ္ပဒါပေက္ခာ။
ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။
ပရိပုဏ္ဏမေသံ ပတ္တစီဝရံ။ သုဒဿနဂ္ဂိဿရိယာ
သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ—
ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
သံဃော သုဒဿနဂ္ဂိဿရိယေ ဥပသမ္ပာဒေတိ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ယဿာယသ္မတော ခမတိ သုဒဿနဂ္ဂိဿရိယာနံ
ဥပသမ္ပဒါ အာယသ္မတာ ဉာဏိန္ဒတ္ထေရေန
ဥပဇ္ဈာယေန။ သော တုဏှဿ။
ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။(ပ)၊
ဥပသမ္ပန္နာ သံဃေန သုဒဿနဂ္ဂိဿရိယာ
အာယသ္မတာ ဉာဏိန္ဒတ္ထေရေန ဥပဇ္ဈာယေန။
ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။

ဧကုပဇ္ဈာယ ဧကာစရိယ ဒွေဇနဉ္စ သမာသ်ဒွန် ဖတ်နည်းပြီး၏။

---

**ဧကုပဇ္ဈာယ ဧကာစရိက တယောဇန ကေဝုစ် ဝါကျဒွန် ကမ္မဝါ**

သုဏာတု မေ ဘန္တေ သံဃော။ အယံ စ ကဝိန္ဒော
အယံ စ နေမိန္ဒော အယံ စ စိန္တိတော အာယသ္မတော
သုဒဿနတ္ထေရဿ ဥပသမ္ပဒါ ပေက္ခာ။
ပရိသုဒ္ဓေါ အန္တရာ ယိ ကေဟိ ဓမ္မေဟိ။
ပရိပုဏ္ဏာဿ စ အဿ စ အဿ စ ပတ္တစီဝရံ။
ကဝိန္ဒော စ နေမိန္ဒော စ စိန္တိတော စ သံဃံ ဥပသမ္ပဒံ
ယာစတိ အာယသ္မတာ သုဒဿနတ္ထေရေန ဥပဇ္ဈာယေန။

ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကဝိန္ဒဉ္စ
နေမိန္ဒဉ္စ စိန္တိတဉ္စ ဥပသမ္ပာဒေယျ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ စ ကဝိန္ဒော
အယံ စ နေမိန္ဒော အယံ စ စိန္တိတော အာယသ္မတော
သုဒဿနတ္ထေရဿ ဥပသမ္ပဒါ ပေက္ခော။
ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။
ပရိပုဏ္ဏဿ စ အဿ စ ဇဿ စ ပတ္တစီဝရံ။
ကဝိန္ဒော စ နေမိန္ဒော စ စိန္တိတော စ သံဃံ ဥပသမ္ပဒံ
ယာစတိ အာယသ္မတာ သုဒဿနတ္ထေရေန ဥပဇ္ဈာယေန၊
သံဃော ကဝိန္ဒဉ္စ နေမိန္ဒဉ္စ စိန္တိတဉ္စ ဥပသမ္ပာဒေတိ
အာယသ္မတာ သုဒဿနတ္ထေရေန ဥပဇ္ဈာယေန။
ယဿာယသ္မတော ခမတိ ကဝိန္ဒဿ စ နေမိန္ဒဿ စ
စိန္တိတဿ စ ဥပသမ္ပဒါ အာယသ္မတာ သုဒဿနတ္ထေရေန
ဥပဇ္ဈာယေန။ သော တုဏှဿ၊
ယဿ နက္ခမတိ။ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)။

ဥပသမ္ပန္နော သံဃေန ကဝိန္ဒော စ နေမိန္ဒော စ
စိန္တိတော စ အာယသ္မတာ သုဒဿနတ္ထေရေန
ဥပဇ္ဈာယေန၊ ခမတိ သံဃဿ။ တသ္မာ တုဏှီ၊
ဧဝ မေတံ ဓာရယာမိ။ (ဧကဝုစ် ဝါကျဒွန်)

**ဗဟုဝုစ် ဝါကျဒွန်၌ ဒွေဇနေ ဗဟုဝုစ် ဝါကျဒွန်ကို နည်းမှီပြီး သိနိုင်လောက်ပါပြီ။**

**သမာသ်ဒွန်၌လည်း ''ကဝိန္ဒနေမိန္ဒစိန္တိတာ''ဟုသမာသ်တွဲပြီးဆိုပါလေလွယ်ပြီ။**

ဧကုပဇ္ဈာယ ဒွါဒေရိယ ဒွေဇနဉ္စ် ဒွန်ဖတ်, ငှဲ ဖတ် နှစ်မျိုးရသည်။ ဒွန်ဖတ်နည်း၌ ဧကဝုစ် ဗဟုဝုစ်,သမာသ်ဒွန်,ဟု သုံးမျိုးလုံးပင် ယခင်ဆိုခဲ့သည့်အတိုင်း နည်းမှီပြီး ဖတ်နိုင်လောက်ပါပြီ။ ငှဲဖတ်နည်းကိုသာရေးဦးအံ့။

## ကေပဋ္ဌာယ– ဒွါဝရိယ–ဒွေဇနဥ္စ ငှဖတ်နည်း ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ သာဂရော (အယံ လက္ခဏော) အာယသ္မတော နန္ဒာစရိယတ္ထေရဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ သာဂရော (လက္ခဏော)– သံဃံ ဥပသမ္ပဒံ ယာစတိ။ အာယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော သာဂရံ (လက္ခဏံ) ဥပသမ္ပာဒေယျ အာယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ သာဂရော (အယံ လက္ခဏော) အာယသ္မတော နန္ဒာစရိယတ္ထေရဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ သာဂရော (လက္ခဏော) သံဃံ ဥပသမ္ပဒံ ယာစတိ အယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။ သံဃော သာဂရံ (လက္ခဏံ) ဥပသမ္ပာဒေတိ အာယသ္မတာ နန္ဒာစရိယတ္ထေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ။ သာဂရဿ (လက္ခဏဿ) ဥပသမ္ပဒါ အာယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ သာဂရော (အယံလက္ခဏော) အာယသ္မတော နန္ဒာစရိယတ္ထေရဿ ဥပသမ္ပဒါ ပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ သာဂရော (လက္ခဏော) သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ။ သာဂရဿ (လက္ခဏဿ) ဥပသမ္ပဒါ အာယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။ သော တုဏှဿ၊ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ တေမတ္တံ ဝဒါမိ (ပ)။
တတိယမ္ပိ တေမတ္တံ ဝဒါမိ (ပ)။

ဥပသမ္ပန္နော သံဃေန သာဂရော (လက္ခဏော)
အာယသ္မတာ နန္ဒာစရိယတ္ထေရေန ဥပဇ္ဈာယေန။
ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။

**ရှင်းထင်းချက်။** ။ဤနည်း၌ ဥပဇ္ဈာယ်ဆရာတော်ကား - ဦးနန္ဒာစရိယ ဖြစ်သည်။ ရဟန်းလောင်း ၂-ကား- ရှင်သာဂရနှင့် ရှင်လက္ခဏာ ဖြစ်ကြသည်။

ကမ္မဝါဆရာများကား- ဦးဝိလာသနှင့် ဦးဥတ္တမတို့ ဖြစ်ကြသည်။ ဦးဝိလာသနှင့် ရှင်သာဂရ တတွဲ၊ ဦးဥတ္တမနှင့် ရှင်လက္ခဏာ တတွဲ- ဖြစ်ကြသည်။

ဦးဝိလာသက - ရှင်သာဂရ အမည်ကို ဖတ်သည်။ ဦးဥတ္တမက- ရှင်လက္ခဏာ အမည်ကို ဖတ်သည်။ ဤသို့ အသီးသီး ကိုယ့်ရဟန်းလောင်းနှင့် ကိုယ်ဖတ်ခြင်းကို ၎င်ဖတ် ဖတ်သည်- ဟု ဆိုရသည်။

ကေုပဇ္ဈာယ-တျာစရိယ-တယောဇနတို့၌လည်း ဒွန်ဖတ် ၎င်ဖတ်နည်း ဖတ်ပုံကို ကေုပဇ္ဈာယ- ဒွါစရိယ-ဒွေဇနနည်းတူ ဖတ်ကြပါကုန်။

---

## နာနုပဇ္ဈာယ-နာနာစရိယ-ဒွေဇန၌ ဖတ်နည်း

| ဥပဇ္ဈာယ်ဆရာများ | ကမ္မဝါဆရာများ | ရဟန်းလောင်းများ |
|---|---|---|
| ၁။ ဦးဝိလာသ | ဦးသာဂရ | ရှင်အဂ္ဂဝံသ |
| ၂။ ဦးဥတ္တမ | ဦးနန္ဒာစရိယ | ရှင်ကုဏ္ဍလ |

ဤနာနုပဇ္ဈာယ၊ နာနာစရိယ၌ ဖော်ပြပါ ဇယားကို သတိပြုပါ။
ဦးသာဂရက-ဦးဝိလာသ-ရှင်အဂ္ဂဝံသတို့ကို ၎င်ပြီးဖတ်။ ဦးနန္ဒာစရိယ-က ဦးဥတ္တမနှင့်-ရှင်ကုဏ္ဍလတို့ကို ၎င်ပြီးဖတ်ပါ။ တပြိုင်နက် ဖတ်ရမည်။

## နာနုပဇ္ဈာယ နာနာစရိယ ဒွေဇန ငှဖတ် ကမ္မဝါ

သုဏာတု မေ ဘန္တေ သံဃော။
အယံ အဂ္ဂဝံသော အာယသ္မတော ဝိလာသတ္ထေရဿ
(အယံ ကုဏ္ဍလော အာယသ္မတော ဥတ္တမတ္ထေရဿ)
ဥပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။

ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ အဂ္ဂဝံသော (ကုဏ္ဍလော)
သံဃံ ဥပမ္ပဒံ ယာစတိ အာယသ္မတာ ဝိလာသတ္ထေရေန
(အာယသ္မတာ ဥတ္တမတ္ထေရေန) ဥပဇ္ဈာယေန။

ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော အဂ္ဂဝံသံ (ကုဏ္ဍလံ)
ဥပသမ္ပာဒေယျ အာယသ္မတာ ဝိလာသတ္ထေရေန
(အာယသ္မတာ ဥတ္တမတ္ထေရေန) ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။
အယံ အဂ္ဂဝံသော အာယသ္မတော ဝိလာသတ္ထေရဿ
(အယံ ကုဏ္ဍလော အာယသ္မတော ဥတ္တမတ္ထေရဿ)
ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။

ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ အဂ္ဂဝံသော (ကုဏ္ဍလော)
သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ ဝိလာသတ္ထေရေန
(အာယသ္မတာ ဥတ္တမတ္ထေရေန) ဥပဇ္ဈာယေန။

သံဃော အဂ္ဂဝံသံ (ကုဏ္ဍလံ) ဥပသမ္ပာဒေတိ
အာယသ္မတာ ဝိလာသတ္ထေရေန
(အာယသ္မတာ ဥတ္တမတ္ထေရေန) ဥပဇ္ဈာယေန။

ယဿာ ယသ္မတော ခမတိ အဂ္ဂဝံသဿ (ကုဏ္ဍလဿ)
ဥပသမ္ပဒါ အာယသ္မတာ ဝိလာသတ္ထေရေန
(အာယသ္မတာ ဥတ္တမတ္ထေရေန) ဥပဇ္ဈာယေန။
သော တုဏှဿ၊ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ (ပ)

ဥပသမ္ပန္နော သံဃေန အဂ္ဂဝံသော (ကုဏ္ဍလော)
အာယသ္မတာ ဝိလာသတ္ထေရေန
(အာယသ္မတာ ဥတ္တမတ္ထေရေန) ဥပဇ္ဈာယေန။
ခမတိ သံဃဿ။ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။

ဤကား နာနုပဇ္ဈာယ နာနာစရိယ ဒွေဇနဌ ငဲ့၍ ဖတ်ပုံတည်း။ နာနုပဇ္ဈာယ နာနာစရိယ တယောဇနနည်း၌ ဒွေဇနကို နည်းယူပြီးဖတ်ကြပါကုန်။

## ဒွန်ကမ္မဝါများ၌ အထူး မှတ်ဖွယ်များ

ဤဒွန်ကမ္မဝါ အရာ၌ ရဟန်းလောင်းသည် အနည်းဆုံး ၂-ပါး၊ အများဆုံး ၃-ပါးသာ ရှိရမည်။ မှန်ပေသည်။ ဒွန်ဖတ်ရမည် ဖြစ်သောကြောင့် အနည်းဆုံး ၂-ပါးတော့ ရှိရမည်။ သို့သော်–

**အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုသာဝနေ ကာတုံ။ (ဝိနည်း မဟာဝါပါဠိတော်၊ ဆ/၁၂၉။)**

ကေဝလံ ဘဂဝတော ပရိစ္ဆိန္ဒိတ္ဝာ တယောတိ–
ဝုတ္တတ္တာ တတော ဥဒ္ဓံ နဝဋ္ဋတီတိ နော တက္ကောတိ အာစရိယော။
(ဝဇိရ ဗုဒ္ဓိဋီကာ ဆ/၄၄၁)၌ သာရှိသောကြောင့် ၃-ပါးထက်ကျော်ပြီ ၊ ၄-၅-ပါး–စသည် တပြိုင်ထည်း မဖတ်ကောင်း။

## ကမ္မဝါဆရာ သတ်မှတ်ချက်

ကမ္မဝါဆရာကား ဒွန်ဖတ်ရာ၌ တပါးတည်းဖြစ်စေ- (သို့) ၂-၃-ပါး ဖြစ်စေ– တပြိုင်နက် ဖတ်နိုင်သည်။ ကိုယ့်ရဟန်းလောင်းနှင့် ကိုယ့် အသီးအသီး ငဲ့ဖက်နည်းဖြင့် ဖတ်ရာ၌ကား– ရဟန်းလောင်းက ၂-ပါး ဖြစ်လျှင် ကမ္မဝါဆရာလည်း ၂-ပါး၊ ရဟန်းလောင်းက ၃- ပါးဖြစ်လျှင် ကား– ကမ္မဝါဆရာလည်း ၃-ပါးရှိရမည်။ သို့သော်- ဥပဇ္ဈာယ်ဆရာကား- တပါးတည်း ဖြစ်ရမည်–ဟု–

"တဒ္ဓ ခေါ အနုသာဝန ကိုရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။ တသ္မာဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုသာဝေ တဗ္ဗာ၊ ဒွိဟိဝါ တီဟိဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ကေဿတ် ဝေ ကေပ္ပဟာရေနေဝ ဒွေဝါ တိဿောဝါ ကမ္မဝါစာ ကာတဗ္ဗာ။"
မဟာဝါအဋ္ဌကထာ။ (ဆ/၃၁၅)၌ ဖွင့်တော်မူ၏။

## နာနုပဇ္ဈာယ နာနာစရိယ၌ ဖတ်ပုံ

ဥပဇ္ဈာယ်ဆရာ-ကမ္မဝါဆရာ ရဟန်းလောင်းအသီးသီး ရှိရာ၌ကား- ဥပဇ္ဈာယ်အချင်းချင်း အပြန်အလှန် ကမ္မဝါဖတ်နိုင်သည်။ ဤသို့ ဖတ်ခြင်းကြောင့် သံဃာသုံးလောက် ပြည့်စုံသွားသည်-ဟု

"သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ။ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုသာဝေတိ။ အညမညဉ္စ ဂဏပူရကာ ဟောန္တိ။ ဝဋ္ဋတိ။
(မဟာဝါအဋ္ဌကထာ ဆဋ္ဌ/၃၁၅။)၌ မိန့်တော်မူ၏။

ဤအဋ္ဌကထာ စကားကို ဖော်ပြပါဇယားနှင့် ရှင်းပြဦးအံ့။

ဦးဝိလာသက ဦးဥတ္တမ၏သိဒ္ဓိဝိဟာရိကတပည့်ဖြစ်သော ရှင်ကုဏ္ဍလ အတွက် ကမ္မဝါဖတ်ပေးသည်။ ဦးဥတ္တမကလည်း ဦးဝိလာသ၏သိဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ရှင်အဂ္ဂဝံသ အတွက် ကမ္မဝါ ဖတ်ပေးသည်။ ဤသို့ ကမ္မဝါဆရာနှစ်ပါးတပြိုင်နက် ဖတ်ခြင်းကြောင့် သံဃာလည်း ပြည့်စုံ သွားသည်-ဟု ဆိုခြင်းဖြစ်၏။

## ဝိမတိ၌ ဖတ်ပုံအမျိုးမျိုး

ယံ ပနေတ္ထ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ၊ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကန္တိ ဝေ ဥပဇ္ဈာယေဟိ အညမညံ သဒ္ဓိဝိဟာရိကာနံ အနုသာဝန ကရဏံ ဝုတ္တံ၊ တံဥပလက္ခဏ မတ္တံ။

တသ္မာ သစေ တိဿတ္ထေရော သုမနတ္ထေရဿ
သဒ္ဓိဝိဟာရိကံ, သုမနတ္ထေရော နန္ဒတ္ထေရဿ
သဒ္ဓိဝိဟာရိကံ အနုသာဝေတိ၊
အညမည္ဇ ဂဏပူရကာ ဟောန္တိ။ ဝဋ္ဋတိဝေ။
(ဝိမတိဆဋ္ဌ/၁၃၂)။

**အဓိပ္ပာယ်ကား**....ဥပဇ္ဈာယ်ဆရာ အချင်းချင်း ရဟန်းလောင်းတို့ကို ကမ္မဝါ ဖတ်ပေးခြင်းသည် ဥပလက္ခဏာနည်းမျှသာ ဖြစ်သည်၊ **စင်စစ်**မူကား ဦတိဿက ဦးသုမန၏ တပည့်ကိုဖတ်ပေးခြင်း၊ ဦးသုမနက၊ဦးနန္ဒ၏ တပည့်အတွက် ဖတ်ပေးလျှင်လည်း သင့်သည်ဟု-မိန့်၏၊ ဖော်ပြပါဇယားဖြင့် ရှင်းပြဦးအံ့၊

ဦးဝိလာသက ဦးဥတ္တမ၏ တပည့် ရှင်ကုဏ္ဍလ အတွက် ဖတ်ခြင်း, ဦးဥတ္တမက ဦးနန္ဒာစရိယ၏တပည့်အတွက် ဖတ်ပေးခြင်းသည်လည်း သင့်မြတ်သည်ပင်တည်း-ဟု ဆိုလို၏။

## ကမ္မဝါဖတ်ရာ၌ လုပ်ထုံးတမျိုး

သစေ ပန ဝသိမ္ဘံ ခဏေ ပကတိနာမေန ဝတွာ
ပစ္ဆာ တိဿနာမာဒိ အပုဗ္ဗနာမေန အနုဿာဝေတိ၊ န ဋ္ဋတိ၊
တတ္ထ စ ကိဉ္စာပိ ဥပဇ္ဈာယဿ နာမံ-
အဂ္ဂဟေတွာလ သုကဟမေဝ ဟောတိ (လ)သိဇ္ဈနတော။
ဥပမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ-
ဝတွာ(လ)ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နောဝ ဟောတိ။
(ဝိမတိ ဆ/၁၃၀)။

**အဓိပ္ပာယ်ကား**....ပထမအချိန် အမည်ကိုပေးစဉ်အခါတုန်းက နဂိုအမည်ရင်း အတိုင်း ဖြေဆဲပြီး နောက်အခါ၌သာ တိဿ နာဂ အမည်ဖြင့် ဖတ်လျှင် မသင့်ချေ။ (ကံပျက်သည်-ဟုမဆိုလို)

ထို့ပြင် ဥပဇ္ဈာယ်၏ အမည်ကိုမဖတ်ပဲ အခြားအမည် မျိုးမျိုးဖြင့် ဖတ်လျှင် ကံမပျက်နိုင်၊ သို့သော် ရဟန်းလောင်း၏ အမည်ကို မဖတ်လျှင် ကားကံပျက်သည်။ သတိပြု။

## နာနုပဗ္ဗာယ ကောစရိယ မအပ်

နတွေဝ နာနုပဗ္ဗာယေန–ဟု ပယ်မြစ်ချက် ရှိခြင်းကြောင့် ဥပဇ္ဈာယ်ဆရာက ၂-၃-ပါးဖြစ်ပြီး ကမ္မဝါဆရာဘပါးတည်း ဖြစ်လျှင်လည်း မအပ်ချေ–ဟု....

"သစေ ပန နာနာဥပဇ္ဈာယာ ဟောန္တိ၊
ဧကော အာစရိယော ဟောတိ။
နတွေဝ နာနုပဗ္ဗာကေနာတိ ပဋိက္ခိတ္တတ္တာ နဝဋ္ဋတိ"
(အဋ္ဌကထာ ဆ/၃၁၅)၌ ဖွင့်ဆို၏။

## ဒွန်ဖတ်ရာ၌ စ,သဒ္ဒါထားပုံ

ဥပသာရပုဒ် နိပါတ်ပုဒ်များကို အစဆုံးပုဒ်၏ နောက်နား၌ ကပ်ပြီး သုံးရိုး ထုံးစံ ရှိသည်။ ထို့ကြောင့် "အယံ စ သုဒဿနော အယံ စ အင်္ဂီရသရိယော"ဟု က္လမသဒ္ဒါ၏ နောက်၌ သုံးစွဲသည်။ ဤသို့ အသုံးပြုခြင်းသည်လည်း–

"အယံ စ ဗျာပါဒေါ အယံ စ ပဒေါ သော သန္တာ ဟောန္တိ" ဟူ၍လည်းကောင်း၊

ဣဒံ စ ဥဒ္ဓစ္စံ ဣဒံ စ ကုက္ကုစ္စံ သန္တာ ဟောန္တိ"ဟူ၍လည်းကောင်း၊

"အယံ စ ဝိတက္ကော အယံ စ ဝိစာရော သန္တာ ဟောန္တိ" ဟူ၍လည်းကောင်း။

ဈာနဝိဘင်းပါဠိ (ဆဋ္ဌ/၂၆၂-၃)၌ ဟောတော်မူခြင်းနှင့် ညီညွတ်ပေသည်။

## ဝိမတိဒီကာ၌ သုဒ္ဓနာမ်ပုဒ်နောက်၌ ထားသည်

ဝိမတိဒီကာ၌ကား–

အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ
"အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါပေက္ခော"ဟု
သုဒ္ဓနာမ်ပုဒ် နောက်၌ စ သဒ္ဒါယှဉ်လျက် ဖွင့်ဆို ထားပေသည်။

ထိုဖွင့်ဆိုချက်သည်လည်း ဥတ္တိ ဒေါသ,ကမ္မဝါစာ ဒေါသ မဖြစ်သောကြောင့် မအပ်–ဟု မဆိုနိုင်ပါ။

## ပရိပုဏ္ဏာသ ပတ္တ စိဝရံ၌ ဖတ်ပုံ

ဝါကျဗဟုဝုစ်ဒွန်နှင့် သမာသ်ဒွန်တို့၌ ''ပရိပုဏ္ဏ် မေသံ''ဟူ၍လည်း ကောင်း၊ ''ပရိပုဏ္ဏံ ဘူမေသံ''ဟူ၍လည်းကောင်း၊ သမ္ဗန္ဓ ဝဝတ္ထိတ နှစ်မျိုးလုံး သင့်သည်-ဟု ကျေးဇူးရှင်ကြီး မိန့်၏။

ကောဝုစ်ဒွန်၌ကား''ပရိပုဏ္ဏာသစ အသာစ''ဟုဖတ်ပါ။ ၃-ပါးမှာ ''ပရိပုဏ္ဏာသစ အသစ သစ''ဟု စ သဒ္ဒါ ၃-လုံးယှဉ်ပြီး ဖတ်ပါ။

## ခမတိပုဒ်ကို မပြင်ရ

ခမတိကြိယာပုဒ်သည် ''အယံ''စသော ကတ္တားပုဒ်၏ ကြိယာမဟုတ် သောကြောင့်လည်းကောင်း၊ ''သံဃဿ''စသော သမ္ပဒါန်ပုဒ်၏ကြိယာပုဒ် ဖြစ်သောကြောင့် လည်းကောင်း၊ ''ခမန္တိ'' ဟု ဗဟုဝုစ်ဖြင့် ပြင်ဖတ်ရန် မသိုပါ။ ဥပသမ္ပန္နော ပုဒ်ကို ကောဝုစ်ဒွန်မှာ ''ဥပသမ္ပန္နော'' ဟူ၍ ရှိသည့် အတိုင်းဖတ်ပါ ဗဟုဝုစ်ဒွန်နှင့် သမာသ်ဒွန်တို့၌ ''ဥပသမ္ပန္နာ''ဟုပြင်ဖတ်ပါ။

## ပခုက္ကူက ပါဠိတော်နည်းအတိုင်း ဖတ်

ကမ္မဝါဖတ်ရာ၌ ပါဠိတော်မှာ ကမ္မာရဟ ပုဂ္ဂိုလ်တို့၏ အမည်အတိုင်း ဟောသားသောကြောင့် ပခုက္ကူက ဥပဇ္ဈာယ်ဆရာအမည်၊ ရဟန်းလောင်း၏ အမည်ရင်းအတိုင်းဖတ်သည်။

ဝိမတိဋီကာလာသည့်အတိုင်း တိဿ-နာဂ-ဟု အမည်သစ် ထပ်ပေး၍လည်း ဖတ်သည်၊နှစ်နည်းလုံး အသင့်ပင်တည်း။ ရဟန်းလောင်း အမည်ကို နာဂ-ဟု ပြောင်းပြီး အမည်သစ်ပေးပြီး ဖတ်သော အခါ၌ နာဂဿစ နာဂဿစ-ဟု ဖတ်ပါလေ။ ။

## ကမ္မဝါ ဘယ်မှာဆုံးသနည်း

ထိုထိုကမ္မဝါတို့၏ အဆုံးကား အဘယ်မှာနည်း-ဟု မေးကြသည်။ ထိုအမေးကို–

၁။ အချို့ဆရာတို့က ''သော ဘာသေယျ'' မှာ ဆုံးသည်-ဟု ဖြေဆိုကြ၏။

၂။ အချို့ဆရာတို့က ''ဧဝ မေတံ ဓာရယာမိ'' မှာ ဆုံးသည်-ဟု ဖြေဆိုကြ၏။

ဂါထာ့ကား ကမ္မဝါ ဘယ်မှာဆုံးသနည်း"-ဟု မေးလျှင် "သောဘာ သေယျ" မှာ ဆုံးသည်-ဟု ဖြေမည်။ ကမ္မဝါဖတ်မှု ဘယ်မှာဆုံးသနည်း မေးလျှင်တော့ "ဧဝ မေတံ ဓာရယာမိ" မှာ ဆုံးသည်-ဟု ဖြေဆိုမည်။

ခဲ့ဦးအံ့။ ကမ္မဝါစာတိုင်းမှာ-

၁။ ဉာတ်ကဏ္ဍပိုင်း။

၂။ ကမ္မဝါစာကဏ္ဍပိုင်း။

၃။ နိဂုံးကဏ္ဍပိုင်း-ဟု ၃-ပိုင်းရှိသည်။

ထိုတွင် "သုဏာတု မေ ဘန္တေ" မှစ၍ သော ဉတ္တိ" အထိ သည် ဉာတ်ကဏ္ဍပိုင်း ဖြစ်သည်။

"သော ဉတ္တိ" နောက်၌ရှိသော "သုဏာတု မေ ဘန္တေ" မှ စ၍ "သော ဘာသေယျ"အထိသည် ကမ္မဝါစာ ကဏ္ဍပိုင်း ဖြစ်သည်။ (ဉတ္တိစတုတ္ထကမ္မဝါစာ၌ တတိယ ကမ္မဝါအဆုံးရှိ "သော ဘာသေယျ" ဖြစ်သည်။)

"ဥပသမ္ပန္နော သံဃေန (သို့မဟုတ်) ကတံ သံဃေန" မှစ၍ "ဧဝ မေတံ ဓာရယာမိ" အထိသည် နိဂုံးကဏ္ဍပိုင်းဖြစ်သည်။

ကံအောင်မြင်မှု-မအောင်မြင်မှုသည် "သော ဘာသေယျ"အထိသာ ဆိုင်သောကြောင့် ကမ္မဝါသည်"သော ဘာသေယျ" မှာ ဆုံးသည်-ဟု ရှေးဆရာအချို့တို့ ဆုံးဖြတ်ဟန်ရှိသည်။

မှန်ပေသည်။ ကူလဒူသက သိက္ခာပုဒ်မှာ အယူမစွန့်သော ရဟန်းအား ကမ္မဝါဖတ်ရာတွင် ဉတ်အဆုံးမှာ ဒုက္ကဋ်၊ ဒုတိယ ကမ္မဝါအဆုံးမှာ ထုလ္လစဉ်း၊ တတိယကမ္မဝါ၌"သော ဘာသေယျ" တွင် "ယျ" အက္ခရာသို့ ရောက်လျှင် သံဃာဒိသိသ် ဖြစ်သည်-ဟု အဋ္ဌကထာ ဖွင့်ဆိုချက် ရှိပေသည်။ နိဂုံးကား ကံနှင့်မဆိုင်ပေ။

ဤအဋ္ဌကထာအဖွင့်ကို ထောက်လျှင် ကမ္မဝါသည် "သော ဘာသေယျ" မှာ ဆုံးသည်-ဟူသော ရှေးဆရာဝါဒသည် သင့်ဟုမဆိုနိုင်။

"ကမ္မဝါစာ ပရိယောသာနန္တိ ကတံ သံဃေန ဣတ္ထန္နာမဿ ဘိက္ခုနော တဇ္ဇနီယကမ္မံ ခမတိ၊ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမီတိ ဧဝံကမ္မဝါစာယ အဝသာနေ ဝစနံ ပရိယောသာနံ" ဟူသော ဂါထာသင်္ဂဟကအဖွင့် ပရိဝါ

အဌကထာကိုထောက်လျှင် ''ဧဝ မေတံ ဓာရေယာမိ'' မှာ ဆုံးသည်ဟူသော နောက်တမျိုးဆုံးဖြတ်ချက်သည်လည်း မသင့်-ဟု မဆိုနိုင်။

သို့ဖြစ်၍ ကံအောင်မြင်မှု၊ မအောင်မြင်မှုနှင့် စပ်လျဉ်းပြီး ပြောလျှင် ''သော ဘာသေယျ'' မှာ ကမ္မဝါဆုံးသည် ရွှတ်ဖတ်မှုနှင့် စပ်လျဉ်းပြီး ပြောလျှင် ''ဧဝ မေတံ ဓာရယာမိ'' မှာ ကမ္မဝါဆုံးသည်-ဟု ယူရမည် ဖြစ်ကြောင်း ကျေးဇူးရှင်ကြီး ဆုံးဖြတ်တော်မူ၏။
(အဌကထာနှင့် ညီညွတ်ပေသည်။)

ရဟန်းခံရာ၌ သိမှတ်ဖွယ်ရာများ ပြီး၏။

# သိမ်သမုတ်ရာ၌ သိမှတ်ဖွယ်ရာ အဖြာဖြာ

**၁။ အမိန့်ခွင့်ပန်၊ နေရန်ရှင်းလင်း၊ ကုက်ရိုက်သွင်း၍၊**
**နုတ်ခြင်းတဖြာ၊ စောင့်ထားရာ၊ ကြားပါသိမ်သမုတ်။**

**၂။ လုပ်ငန်းပြီးဆုံး၊ စာဖတ်အုံး၊ သိမ်းကြုံးအောင်ပွဲလုပ်။**

တပည့်တော်တို့သည် သိမ်ကုသိုလ် ပြုလိုပါသည်။ သိမ်သမုတ်ရန် အဘို့ကြ် အစီအစဉ်ပြုလုပ်ပေးတော်မူပါဘုရား။ ၎င်းအတွက် ကုန်ကျမည့် စရိတ်စကနှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးပါမည်ဘုရား–ဟု ဒါယကာများက လျှောက်ထားခဲ့သော် ဖော်ပြပါ သိမ်လုပ်ငန်း(၉)မျိုးကို အစဉ်အတိုင်း ဆောင်ရွက်သွားရမည်။ (ဤလုပ်ငန်း ၉–မျိုးကို ကျောင်းထိုင်ဘုန်းကြီးများ ကြိုတင် သိရှိနားလည်ထားဖို့ လိုသည်။)

**သိမ်လုပ်ငန်း ၉–မျိုး**

**၁။ အမိန့်ခွင့်ပန်**။ ။ရှေးဦးစွာ သိမ်သမုတ်ရန် ခွင့်ပြုသည့် အမိန့်စာကို ရအောင်ဆောင်ရွက်ရမည်။

**ဆောင်**။ ။**မြေတိုင်း၊ ပုံဆွဲ၊ အလုပ်လဲ၊ ပူးတွဲတင်ပြပါ**။

၎င်းအတွက် သက်ဆိုင်ရာ အစိုးရမင်းများထံ လျှောက်လွှာမတင်မီ–

(က) မြေတိုင်းခြင်း၊

(ခ) မြေပုံဆွဲခြင်းလုပ်ငန်းများကို ကြိုတင်ပြုလုပ်ထား၍ လျှောက်လွှာတင်သောအခါ မြေပုံပါ ပူးတွဲတင်ရမည်။

## လျှောက်လွှာပုံစံ (နမူနာ)

သို့......................

ခရိုင်ဝန်မင်းရုံး၊ ပခုက္ကူမြို့။

နေ့စွဲ.........................

အကြောင်းအရာ။ ။သိမ်အမိန့်စာ (သိမ်သမုတ်ခွင့်ပေးရန်) လျှောက်ထားခြင်း။

ပခုက္ကူမြို့အပိုင် ( ) ရွာနေ၊ကျွန်တော် ( ) သည် လျှောက်ထားအပ်ပါသည်။

ဗုဒ္ဓဘာသာထုံးစံအရ ( ) ရွာတွင် ကျောင်းဝင်းအတွင်း ဝတ္တကမြေပေါ်၌ ပူးတွဲပါမြေပုံတွင်ပါရှိသည့်အတိုင်း အလျားပေ( ) အနံပေ( ) ရှိ အရပ်အကွက်ကို ပြုနေသော အား (ဝိသုံဂါမ)အဖြစ် ချွင်းချက်မရှိ အပိုင်ပေးသနားတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်။

(.............................)

လျှောက်ထားသူ

ဆောင်။ ။ကျောင်းထိုင်ဆရာ ထောက်ခံစာ တွဲကာထည့်လိုက်ပါ။

ထို့ပြင် ကျောင်းထိုင်ဘုန်းကြီး၏ ထောက်ခံစာကိုလည်း ပူးတွဲပါရှိစေရမည်။

## ကျောင်းထိုင်ဘုန်းကြီး၏ ထောက်ခံစာ (နမူနာ)

သို့......................

ခရိုင်ဝန်မင်းရုံး၊ ပခုက္ကူမြို့။

နေ့စွဲ.........................

အကြောင်းအရာ။ ။ထောက်ခံစာ ပေးပို့ခြင်း။

ပူးတွဲပါ လျှောက်လွှာတွင်ပါရှိသော ဒကာ ( ) အား ဖော်ပြပါမြေကွက်ကို(ဝိသုံဂါမ)အဖြစ်အပိုင်ပေးသနားခြင်းကို ဆရာတော်က သဘောတူပါကြောင်း။

(.............................)

ရွာကျောင်းဘုန်းတော်ကြီး၊ ပခုက္ကူမြို့အပိုင်။

(အမိန့်ခွင့်ပန်ပြီး၏။)

၂။ **နေရာရှင်းလင်း—** သိမ်အမိန့်စာ ဖတ်ထားပြီးလျှင် သိမ်သမုတ်မည့် နေရာ၌ သစ်ပင်ချုံနွယ်များကို ရှင်းလင်းခြင်း၊ မညီမညွတ်ဖြစ်နေသောမြေကို ညီညွတ်အောင် တူးဆွခြင်း၊ ဖို့ခြင်း–စသော "ဘူမိသောဓာ" အမှုကို ပြုလုပ်ရသည်။

**ဆောင်။** ။**တူးရှင်း၊ ခေါးခုတ်၊ တူးဆွလုပ်၊ ချုံပုတ်ရှင်းလင်းပါ။**

**မှတ်ချက်။** ။မြေညီအောင် ပြုပြင်ရာ၌ လုပ်အားများစွာ လိုအပ်ခဲ့သော် ဖိတ်ထားသော ဒကာများထံမှာ အကူအညီတောင်းနိုင်သည်။ (နေရာ ရှင်းလင်းပြီး၏။)

၃။ **ကွက်ရိုက်သွင်း၍—** သိမ်သမုတ်မည့် မြေကို "စည်မျက်နှာ ပြင်ကဲ့သို့" တပြင်ထည်း ဖြစ်အောင်သန့်ရှင်းစွာ ပြင်ဆင် ပြီးခဲ့သော် သိမ်နုတ်ရန် အတွက် ညောင်စောင်းကွက်–စသော အကွက်များကို ထုံးမှုန့်ဖြင့်ဖြစ်စေ၊ (သို့)မြေနီမှုန့်ဖြင့်ဖြစ်စေ၊ (သို့) မြေဖြူမှုန့်ဖြင့်ဖြစ်စေ–ထင်ရှားအောင် အကွက်ရိုက်သွင်းရသည်။ (ပုံစံကို နောက်၌ တွေ့လတံ့။)

**ဆောင်။** ။**ညောင်စောင်းအကွက်၊ ပြည့်အောင်နှက်၊ အကွက်ရိုက်သွင်းပါ။**

အကွက်များကို ပုံသေရေးသား ရိုက်သွင်းထားရမည်မဟုတ်။ သိမ်နုတ်နည်း ပြောင်းလဲတိုင်းပြောင်း၍ ရိုက်သွင်းရမည်။ (ဥပမာ) ကျားကွက်ရိုက်သွင်း၍ သိမ်နုတ်နည်းပြီးလျှင် ညောင်စောင်းကွက်ပြောင်း၍ ရိုက်ပေးရမည် ဆိုလိုသည်။

(ကွက်ရိုက်သွင်း၍ ပြီး၏။)

---

၄။ **နုတ်ငြင်းတဖြာ—** သိမ်နုတ်ရန်အတွက် အကွက်များ ရိုက်သွင်း ရေးသားပြီးခဲ့သော် အမှတ်စဉ် (၄) အရ သိမ်နုတ်ရမည်။

## သိမ်နုတ်နည်း အမျိုးမျိုး

(၁) တဆိုင်းလျှင် (၅)ပါး၊ (၆)ပါး အကြား မလပ် ဖဝါးစပ် အောင် အသပ်ထပ် နုတ်ခြင်း။

(၂) အလယ်ကစ- ၉-၅ာနတို့၌ ကမ္မဝါပါဠိ လာရှိသည့်အတိုင်း ဖတ်၍ နုတ်ခြင်း။

(၃) လက်ျာလက်ဝဲ အကွဲကွဲအပုံပုံ၊ အနုလုံ၊ ပဋိလုံ၊ အပုံအဆန် အဖန်ဖန် နုတ်ခြင်း။

(၄) ရထားပြေး ဒေါင့်ဖြတ်၊ ပျားကြီးငွဲ၊ ယက္ကန်းခပ် နုတ်ခြင်း- စသော အားဖြင့် များစွာရှိသည်။ (ပုံစံ၌ ထင်ရှားလတံ့။)

**မှတ်ချက်။** ။ဤသိမ်နုတ်နည်း၌ သံသယကင်းရှင်းအောင် နည်းမျိုးစုံ နုတ်ခြင်း။ ကမ္မဝါစာကို နည်းမျိုးစုံဖတ်ရွတ်ခြင်း၊ အကြိမ်များစွာ ဖတ်ခြင်းသည် အကောင်းဆုံး, သံသယ အကင်းဆုံး ဖြစ်သည်။ (နုတ်ခြင်း တပြာ ပြီး၏။)

၅။ **စောင့်ထားရာ** - သိမ်နုတ်ခြင်း ကိစ္စပြီးဆုံးသဖြင့် သိမ်သမုတ်လိုခဲ့သော် သိမ်သမုတ်တုန်း (သိမ်သမုတ် နေဆဲ) အချိန်၌ ဂမိက (ခရီးသွား)ရဟန်းများ ဂါမခေတ်အတွင်းသို့ ဖြတ်သန်းသွားလာခြင်း မပြုနိုင်ရန် နယ်စောင့်ထားရသည်။ နံနက်အချိန် ဖြစ်လျှင် ဂမိက (ခရီးသွား) ရဟန်းများအား ဆက်ကပ်ရန် ဆွမ်းဟင်း များပါ ပေးလိုက်ရမည်။ ညအချိန်ဖြစ်ခဲ့သော် အိပ်ရာ လိပ်ပါ ပေးလိုက်ရမည်။

ထို့ပြင်- သိမ်သမုတ်ရာပါ ဆရာတော်- သံဃာတော်တို့ကလည်း နယ်သိမ်းတားမြစ် တောင်းပန်စာများကို ပတ်ဝန်းကျင်ရှိ ရပ်မှန်း သိသာ၍နှင့် လူများပါ မကျန် ကြိုတင်ပြီး အသိပေးကမ်းလှမ်း ထားရမည်။

## နယ်သိမ်းတားမြစ် တောင်းပန်စာ (နမူနာ)

ပခုက္ကူမြို့။

၁။ မဟာဝိဇယာရာမ- အရှေ့တိုက်သစ်ဆရာတော်။
၂။ မဟာဝိသုတာရာမ- အလယ်တိုက်ဆရာတော်-
၃။ သာသနာ့ဝိပုလာရာမ- မန္တလေးတိုက်ဆရာတော်။

အမှူးရှိသောဆရာတော် သံဃာတော်များက မေတ္တာရပ်ခံ လျှောက်ထား အပ်ပါသည်။ ရဟန်းတော်အရှင်သူမြတ်တို့ဘုရား။

အကြောင်းမှာ-ပခုက္ကူမြို့ မြင်သာရပ်၊ မဲအိုးတန်းနယ်(မင်းကျောင်းတိုက်)အတွင်း၌ ၁၃၁၂-ခု၊ တပို့တွဲလပြည့်ကျော် ၆-ရက်နေ့၊ ည- ၈-နာရီမှ ၁၂-နာရီအတွင်း နယ်သိမ်း ဗဒ္ဓသိမ် သမုတ်မည်ဖြစ်ပါသောကြောင့် ရဟန်းတော် အရှင်သူမြတ်တို့သည် အထက်ပါ နာရီအတွင်း၌ (မဲအိုးတန်းနယ်အတွင်းသို့) ဝင်ရောက်သွားလာခြင်းကို သီးခံရှောင်ကြဉ်တော်မူကြပါရန် လေးစားစွာ တားမြစ်တောင်းပန် လျှောက်ထားအပ်ပါသည်။

### မဲအိုးတန်းနယ်

၁။ အရှေ့လားသော် အလယ်တိုက်၏အရှေ့ဘက်ရှိ တောင်မြောက်လယ်ပြင်လမ်း။
၂။ တောင်လားသော်- ရောင်တီမြစ်။
၃။ အနောက်လားသော်- သီဟိုဠ်ရှင် ဘုရားလမ်း။
၄။ မြောက်လားသော်- အနိမ့်ကျောင်း ပုလဲကျောင်း၊ မန္တလေးတိုက်၊ ပေတောကျောင်း၊ ခန္တီတိုက်၊ အလယ်တိုက်ကြီး တောင်ဘက်၌ ဖလင်းမင်းလမ်း။

**မှတ်ချက်။** ။အဆိုပါနေ့ည သိမ်စ၍ သမုတ်မည့် (၈)နာရီအချိန်တီတီတွင် ဦးအောင်ဖေ လွှတ်မှ ဥသြထိုး၍ အချက်ပေးပါလိမ့်မည်။ နောက် သိမ်သမုတ်ပြီးသည့် အချိန်မှာလည်း (ပြီးကြောင်း) အချက်ပေး ဥသြထိုး ပေးပါလိမ့်မည်။ (မူရင်းအတိုင်း။)

**အထူးမှာထားချက်။** ။ဤနယ်သိမ်းသမုတ်ရာ၌ နံပါတ်(၂)အချက်ဖြစ်သော နယ်စောင့် ထားမှုသည် အရေးကြီးဆုံး ဖြစ်သည်။ လုံခြုံအောင် အတင်းအကြပ် စောင့်ခိုင်းသင့်သည်။

နယ်တွင်းရှိရဟန်းရှင်လူများကိုလည်း သိမ်သမုတ်ခြင်း ကိစ္စ အောင်မြင်ရေးအတွက် အကူအညီ ပေးပါရန် လေးလေးစားစား မေတ္တာရပ်ခံ ဆောင်ရွက်လုပ်ကိုင် သင့်သည်။

လမ်းဆုံလမ်းခွ ကိုတော့ စောင့်ခိုင်းထား၍ အငင်ထဲမှာ ရောက်နေသော အာဂန္တု ရဟန်း ကျန်နေတတ်သည်။ ထို့ကြောင့် လုံခြုံရေးကိစ္စကို ဒကာ-ဒကာမအများစုပါ နားလည်ဖို့ အရေးကြီးသည်၊ အချို့ သိမ်များ၌ နယ်သိမ်းမှုမလုံခြုံဖူး-ဟု ၄-၅-နှစ် ရှိသောအခါမှ သံသက ရှိနေကြောင်း ကြားသိရဖူးသည်။

ထို့ကြောင့် ငါတို့ကား ဤကိစ္စကို ပေါ့ပေါ့သဘောမထားပဲ အလေးထား၍ ဆောင်ရွက်သည်။ နယ်စောင့်သော ဒကာကိုလည်း စောင့်ပုံ စောင့်နည်းကို သင်ပေးလိုက်သည်၊ ထို့ပြင် သံသယ ကင်းနိုင်သမျှ ကင်းအောင် ''တထပ်ချည်ထက် နှစ်ထပ်ချည်မြဲ'' ဆိုသလို သိမ်အမိန့်ကိုလည်း ရအောင် ယူခိုင်းသည်။ နယ်သိမ်းကိုလည်း သံသယ ကင်းလောက်အောင် စောင့်ခိုင်းသည်။ ''ငါတို့ ဦးစီးပြီး သမုတ်သော သိမ်ပေါင်းကား-၇၂-လုံးရှိပြီ'' ဟု စာရေး သူတို့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဝိနည်းစာဝါ ချပို့စဉ် အမိန့်ရှိဖူးသည်။

(စောင့်ထားရာပြီး၏။)

---

## နိမိတ်ကြား နည်းအမျိုးမျိုး

(၆) ကြားပါ။ ။သိမ်သမုတ်ရန် အတွက် နိမိတ်ကြားခါနီး၌ သိမ်ပန္နက်ရိုက်ရသည်၊ ဒ.ကွက်တခု၏ ထောင့်တိုင်း၌တတိုင်၊ တတိုင်ရိုက်ပါ၊ပန္နက်တိုင် တခု တခုကို အပ်ချည်ဝင်တို့ဖြင့် ဆက်သွယ် ချည်ထားရမည်။ သိမ်နိမိတ်ကြားရာ၌—

၁။ ပါဠိသက်သက်ကြားနည်း။
၂။ မြန်မာသက်သက်ကြားနည်း။
၃၊ ပါဠိမြန်မာရော၍(အနက်ပေး၍)မိဿကကြားနည်း-ဟု (၃)မျိုး ရှိသည်။ မိမိနှစ်သည့်ရာဖြင့် ကြားနိုင်သည်။ ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား (၃)နည်းလုံး ကြားခိုင်းသည်။

**အထူးမှာ။** ။မိမိက ပထမ နိမိတ်ကြားခွင့်ကြုံခဲ့သော်''သမန္တာမှစ၍ အယံ ဘဒ္ဒန္တာ''တိုင်အောင် သုံးခေါက်ဆိုပြီးမှ နိမိတ် ကြားပါ။ နောက်မှကြားသော ပုဂ္ဂိုလ်များ ဆိုရန် မလို။ ထို့ပြင် နိမိတ်စောင့်သူကိုလည်း အရပ် အား လျော်စွာ နေ့နံရှိသူကို စောင်ခိုင်းရမည်။

**ဥပမာ....**တနင်္ဂနွေ အရှေ့ မြောက်ထောင့် အရပ်ဖြစ်အံ့။ တနင်္ဂနွေ သားကို စောင့်ခိုင်း။ အရှေ့ အရပ် ဖြစ်ပါက တနင်္လာ သားကို စောင့်ခိုင်းပါ-ဟု ဆိုလိုသည်။

## (၁) ပါဠိသက်သက် ကြားနည်းကား

(က) ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ၊(နိမိတ်ကြားသူကမေး)
(ခ) ဥဒကံ ဘန္တေ၊ (နိမိတ်စောင့်က ဖြေ)
(ဂ) ဧတံ ဥဒကံ နိမိတ္တံ ၊(နိမိတ်ကြားသူကဆိုရန်)

## (၂) မြန်မာသက်သက်ကြားနည်း

(က) ဤသိမ်၏အရှေ့ဘက်အရပ်က အဘယ်နိမိတ်ပါနည်း။
(ခ) ရေနိမိတ်ပါ ဘုရား၊ (ကျောက်ဖြစ်အံ့- ကျောက် နိမိတ်ပါ ဘုရား-ဟု ဖြေ)။
(ဂ) ဤရေသည်ပင် ဤသိမ်၏အရှေ့ဘက်အရပ်က သိမ်၏ အပိုင်း အခြားဖြစ်သည်ဟု သိကြောင်းဖြစ်သော နိမိတ်။

## (၃) အနက်ပေး၍ ကြားနည်းခေါ် မိဿက ကြားနည်းကား–

အာဝုသော နိမိတ္တပါလ၊ တနင်္လာ အရှေ့အရပ်က တာဝန်အရ စောင့်ကြပ်၍နေသော ငါ့ရှင် နိမိတ်စောင့်။

(က) အဋ္ဌစ္စရိ ယ သမ္ဗုဒ္ဓဿ အံ့ဖွယ် ရှစ်ဖြာနှင့်ပြည့်စုံတော် မူသော။ သာသနာဿ၊ သာသနာတော်မြတ်ကြီး၏။ မူလဘူတာယ ကြောင်းရင်း မူလ အခြေခံအကျဆုံးဖြစ်၍ ဖြစ်သော။ ဗန္ဓိတာဗ္ဗာ၊ ဖွဲ့အံ့လတ်သော၊ (ဝါ) နေကြူမြို့ ပေါင်းသောင်ရှင်ရပ်၊ ရဟန်းဒကာကြီး ဦးချင်း၊ ရဟန်းအမကြီး ဒေါ်ဒေါ်ရှင် သားသမီးများဖြစ်ကြသော ကိုမောင်မောင်-မအောင် ကိုဝင်းမောင်မသန်းနု၊ ကိုသောင်းစိန်-မစိန်တိုး-သားသမီးတစုတို့သည် သိမဗန္ဓန ထာဝရကုသိုလ် ပြုလိုကြ ၍ဖြင့် မဟာဝိဇယာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘုရားကြီး အမှူးရှိသော စည်းဝေးရာ ဆရာတော် သံဃာတော် ငါးရာကျော်တို့သည် ဖွဲ့အံ့သတ်သော။)

သမ္မုဒ္ဒိ ဘဗ္ဗာယ သမုတ်အပ်လ ကုံသော၊ ဂ္ဂမိယာသိမာယ ဤခဏ္ဍသိမ်၏၊ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်၌။ ဝါ၊ အရှေ့အရပ်က။ ဘာဂဝဘာ။ မြတ်စွာဘုရား သခင်သည်။ အနုညာတေသု၊ ခွင့်ပြုတော်မူအပ်ကုန်သော။ အဋ္ဌသုနိမိတ္တေသု တောင်-ကျောက်၊ တော၊ သစ်ပင်၊ ခရီး၊ တောင်ပို့၊ မြစ်ရေ အားဖြင့် ရှစ်ထွေသော နိမိတ်တို့တွင်။ ကိံ နိမိတ္တံ၊ အဘယ်နိ မိတ်ပါနည်း။

(ခ) ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ ရေပါဘုရား။

(ဂ) အာဝုသော နိမိတ္တပါလက၊ တနင်းလာ အရှေ့အရပ်က ငါ့ရှင့်နိမိတ်စောင့်။ ဣဒံဥဒကံ၊ ဤရေသည်ပင်လျှင်။ ဂ္ဂမိယာသိမာယ၊ ဤခဏ္ဍသိမ်၏၊ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်၌။ ဝါ။ အရှေ့အရပ်က။ နိမိတ္တံ၊ ဤရေ၏ အတွင်းကျသော အရပ်ကား သိမ်ပင်တည်း-ဟု ပိုင်းခြား သတ်မှတ်သိစေကြောင်း ဖြစ်သောနိမိတ်။

ဤကား အရှေ့အရပ်၌ နိမိတ်ကြားပုံတည်း။ ထို့အတူ အရှေ့ တောင်ထောင့် အရပ်၊ တောင်အရပ်၊ အနောက်တောင်ထောင့် အရပ်၊ အနောက်အရပ်၊ အနောက်မြောက်အရပ်၊ မြောက်အရပ်၊ အရှေ့မြောက် ထောင့်အရပ်တို့၌ အစဉ်အတိုင်း ကြားပြီးလျှင် အရှေ့အရပ်ကို ပြန်ပြီး ကြားပြီးမှ တပါတ်ပြီးဆုံးသည်။ ထို့ကြောင့် မူလကြားပြီး အရှေ့အရပ်ကို ပြန်အုပ်ရသည်။ ဒါမှ နိမိတ်ချင်း စပ်သည်မည်သည်။ (ကြားပါ၊ ပြီး၏။)

(၄) **သိမ်သမုတ်။** ။သမာနသံဝါသ သိမ်သမုတ်ကမ္မဝါစာ အကြိမ်ကြိမ် ဖတ်ပြီးလျှင် အဝိပ္ပဝါသ သိမ်သမုတ်ကမ္မဝါစာကို ၂-ကြိမ်၊ ၃-ကြိမ်လောက်ဖတ်ပါ။ (နောက်၌ ထင်ရှားလတ္တံ ။

**(၈) လုပ်ငန်းပြီးဆုံး၊စာဖတ်အုန်း။** ။သမာနသံဝါသသိမ်သမုတ်ကမ္မဝါစာ နှင့် အဝိပ္ပဝါသ သိမ်သမုတ်ကမ္မဝါ စာများ ဖတ်ပြီးလျှင် သိမ်အောင်မြင်တော့ပြီဖြစ်၍ သိမ်အောင်စာဖတ် ကြား ရသည်။

## သိမ်အောင်စာ (နမူနာ)

အောင် ဇယျတု သဗ္ဗမင်္ဂလံ။ ။
ဇိနံပါပံ၊ ဇိနံသဗ္ဗော၊ ဇိနံပါပံဇိနံဗုဒ္ဓေါ။
ဇိနံပါပံဇိနံဓမ္မော၊ ဇိနံပါပံ ဇိနံသံဃော။
ဇိနောရသံ၊ ဇိနံနမေ၊ ဒေဝါတိဒေဝ ဒေဝိန္ဒ။
သက္ကာတိသက္ကသက္ကိန္ဒ၊ ဗြဟ္မာတိဗြဟ္မ ဗြဟ္မိန္ဒ။
သေဠိန္ဒဓဇဠိန္ဒ၊ နရာသိန်၊ ဣန္ဒာတိဣန္ဒမကုဋ္ဌ ကူဋ္ဌ။
အတုလပဝရာ၊ ဇေယျာတိဇေယျဇေယျိန္ဒ။
ဇေယျုတ္တရ၊ ဇေယျသာမိ၊ ဇေယျာဓိပတိ။

မုနိထွဋ်ထား မြတ်ဘုရားသည်၊ သဗ္ဗဝါအများတို့ကို သေးပါးသော် သြယထဲမှ၊ ထုတ်ဆွဲယူငင် နိဗ္ဗာန်ခွင်သို့၊ကယ်တင်တော်မူခြင်းငှါ။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ"

အာဒိချိန်လျက်၊ အကြိမ်များမြတ်၊ ကြားမလတ်အောင်၊ ငါးရပ် သောသုတ္တန်ဓမ္မက္ခန်ကို၊ ထုတ်ပြန်ဟောကြားတော်မူသတည်း။

ယင်းသို့ထုတ်ပြန်၊ ဒုလ္လဘသုတ္တန်၊ ဓမ္မက္ခန်ကို၊ဦးထိပ်ရွက်ပန်ဆင်အပ် သည်နှင့်အညီ၊ လောကီကျေးဇူးတို့ထက်၊ အထူးအချွန်အလွန်၊ ကြုံကြိုက် ခဲလှစွာသော၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘခေတ်၊ ကြုံရသည်ဖြစ်သည်နှင့်၊ မနစ်မဆုတ်၊ ဥက္ကဋ္ဌရတနာ၊ လောကုတ္တရာစီးပွား၊ အကျိုးများကို၊ လိုလားသင့်ကောင်း ရကား၊ အကြောင်းဖြစ်သော၊ သာသနာတော်၏ ဝန်တာကို၊ အလွန်တရာ ရွက်ဆောင်ရာသောဟု၊ မနောပဏီဓိ၊ ရည်ရွယ်ရင်းရှိသဖြင့်-

သမ္ဘတ္တိစက်၊ လေးချက်ပုံညီ၊ ဝေစီအောင်မြို့၊ဂုဏ်ပေါင်းကြို့သော၊ ပခုက္ကူခရိုင်၊ ဆိတ်ဖြူမြို့အပိုင်၊ ဂုဏ်လှိုင်တေဇာ၊ အနောက်ကမ်းဖြူရွာ ဝယ်၊ သဒ္ဓါဒီလိုက်၊ သုစရိုက်ဖြင့်၊ နှစ်ခြိုက်ပျော်မွေ့၊ နေထိုင်လေ့ရှိပေ

သော၊ သိမ်ကြီးဒကာ၊ သညာလျှံကွန့်၊ဦးစံညွန့်နှင့်၊ အမွှန့်ရှည်ဝေးအတိတ် ရေးက၊ ကုသိုလ်ယှက်တင်၊ ဒေါ်စောခင်၏ ရင်ခွင်ပိုက်ထား၊ သားသမီး တို့သည်၊ ကျယ်လှသောစခန်း၊ သံသရာသည်ဘက်ကမ်းမှ၊ တက်လှမ်းလို ကယ်ယူ၊ မဂ်နန်းကိုရွှယ်ချူလျက်၊ပြည်နီဗ္ဗူသောင်ကမ်း၊ ငြိမ်းဇိတ်တူ ဖောင် နန်းသို့၊ စံမြန်းလိုဆန္ဒ၊ ရည်သန်ရင်း ရှိကြသဖြင့်၊ သာသနာတော်၏ မူလ, ဘူတ, သိမဗန္ဓန၊ ထာဝရကုသိုလ်၊ပြုလိုသောစိတ်ထားဖြင့် ဘဲကုန္တာကျောင်း ဘုန်းတော်ကြီး ဘုရားထံ၊ သိမ်သမုတ်ရန် ခွင့်ပန် လျှောက်ထား ကြ လေ သတည်း။

ယင်းသို့ ခွင့်ပန်လျှောက်ထားကြလျှင်၊ ဘဲကုန္တာကျောင်းဘုန်းတော် ကြီးဘုရားလည်း၊ ပတ္တမြားဇောတိရယ်ကို၊ လတ်တလော ရဘိသကဲ့သို့၊ အားရနှစ်သိမ့်စွာ သာသနာတော်၏ ဝန်တာကို၊ အလွန်တရာဆောင်ရွက် တော်မူလိုရင်း၊ နှလုံးသွင်းရှိသဖြင့်-

"ပဌမံ ဘူမိတလံ ဝိသုဒ္ဓံ ကတ္ဝာ" ဝိနယာလင်္ကာရဋီကာမိန့်မှာအပ် သည်နှင့်အညီ၊ အစဉ်အစီ၊ အညီပိုင်းခြား၊ညောင်စောင်းကွက်သားပြီးလျှင်၊ တဆိုင်းငါးပါး၊ ခြောက်ပါး၊ အကြားမလပ်၊ ဖဝါးစပ်အောင်၊ အထပ်ထပ် နှုတ်ခြင်း။

အလယ်ကစ (၉`၄)နတို့၌ ကမ္မဝါပါဌ်၊လာရှိသည့်အတိုင်း၊ ဖတ်၍ နှုတ်ခြင်း။

လက်ျာလက်ဝဲ၊ အကွဲကွဲအဖုံဖုံ၊ အနှုလုံပဋိလုံ၊ အစုန်အဆန်၊အဖန်ဖန် နှုတ်ခြင်း။

ရထားပြေး၊ ဒေါင့်ဖြတ်,ပြားကြီးစွဲ၊ ယက္ကန်းခတ်၊ အမျိုးမျိုးနှုတ် လပ်၍၊ မြင်းမိုရ်မြတ်,မြစ်ခြေသည်၊ ဝေရမ္ဘဝါတာ၊ ကမ္ဘာပျက်လေကြီး၊ တခါတည်းမှုတ်သဖြင့်၊ အလုံးအရင်း-မကြွင်းပြွတ်ပြွတ်၊အမြစ်ပါကျွတ်သကဲ့ သို့၊ လွတ်လွတ်●ါမ ပကတိစင်ကြယ်ခြင်းရှိပြီးရကား....

ဘဲကုန္တာဂါမခေတ်အတွင်းသို့ သက်ဆင်းလျှောက်သွား၊ ဂမိက ရဟန်းများကို ဆီးတားကန့်ကွက်ရန်၊ အရန်နယ်နိမိတ်စောင့် များစွာထား ပြီးမှ-

"ပဌမံ နိမိတ္တံ ကိတ္တေဘဗ္ဗံ" မဟာဝါ ပါဌ် လာရှိသည်နှင့် အညီ–
ပထမ–ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော်ဘုရားကြီး။
ဒုတိယ–ကျွန်းရင်းဆရာတော်ဘုရားကြီး ဦးအဂ္ဂဝံသ။
တတိယ–ကူရှည်ဆရာတော်ဘုရားကြီး ဦးသာဂရ။
စတုတ္ထ–ဝဲခဆရာတော်ဘုရားကြီး ဦးပဏ္ဍဝ။
ပဥ္စမ–ဆိပ်ဖြူဆရာတော်ဘုရားကြီး ဦးသီဟ။
ဆဋ္ဌမ–ဒဲပျားဆရာတော် ဦးသီဟိန္ဒ။
သတ္တမ–ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ရတနာဘုံကျော်ကျောင်း
စာချဆရာတော် ဦးအဂ္ဂိယဓရိယာဘိဝံသတို့သည် သိမ်မျက်နှာ
ရှစ်ဌာနတို့၌ သိမ်နယ်နိမိတ်ကြားပြီးမှ–

"နိမိတ္တံ ကိတ္တာနန္တရံ ဝုတ္တာယ သုဏာတု မေ ဘန္တေ သံဃော တိ အာဒိကာယ ကမ္မဝါစာယ ဗန္ဓိတဗ္ဗာ" ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာပါဌ်မိန့်တော်မူအပ်သည်နှင့် လျော်ညီစွာ၊ သမာနသံဝါသ သီမသမ္မုတိ အရာမှာ–

၁။ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ဆရာတော်ဘုရားကြီး ပထမကမ္မဝါ ဆရာ။

၂။ ကျွန်းရင်းဆရာတော်ဘုရားကြီး ဒုတိယကမ္မဝါဆရာ။

၃။ (က) ဝဲခဆရာတော် ဦးပဏ္ဍဝ )
(ခ) ဆိပ်ဖြူဆရာတော် ဦးသီဟ ) တို့ တတိယ ကမ္မဝါဆရာ
(ဂ) ဒဲပျားဆရာတော် ဦးသီဟိန္ဒ )

၄။ (က) ခန္တောဆရာတော် ဦးသုမန )
(ခ) အနောက်ကမ်းဖြူဆရာတော် ဦးသုမ ) တို့ စတုတ္ထ ကမ္မဝါဆရာ
(ဂ) ဥယျာဉ်စုဆရာတော် ဦးဝေပုလ္လ)

၅။ (က) ကျားပေဆရာတော် ဦးပညိန္ဒ )
(ခ) ကျောက်ကာဆရာတော် ဦးသောဘဏ ) တို့ ပဥ္စမ ကမ္မဝါဆရာ
(ဂ) ပခုက္ကူစာချဆရာတော် ဦးအဂ္ဂိယဓရိယာဘိဝံသ )

၆။ (က) ဆိပ်ဖြူဆရာတော် ဦးပဝရ )
(ခ) ရွှေဘိုးကျွန်းဆရာတော် ဦးဝိမလ) တို့ ဆဋ္ဌမ ကမ္မဝါဆရာ
(ပ) ဒဲပျားဆရာတော် ဦးသုမင်္ဂလ )

၇။ (က) ကျားကွဲဆရာတော်ဦးသောဘိတ)
(ခ) ပခုက္ကူဆရာတော် ဦးအာသဘ ) တို့ သတ္တမ ကမ္မဝါဆရာ
(ဂ) ဒဲပျားဆရာတော် ဦးဝေပုလ္လ )

အသိ အသီးသမုတ်တော်မူကြ၍ အဝိပ္ပဝါ သသီမာသမ္မုတိအရာမှာ—

၁။ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော်ဘုရားကြီး ပဌမ ကမ္မဝါဆရာ။

၂။ ပခုက္ကူမြို့မဟာဝိဇယာရာမ စာချဆရာတော် ဦးအဂ္ဂဿရိယာဘိဝံသ ဒုတိယ ကမ္မဝါဆရာ။

၃။ (က) ဝဲမဆရာတော် ဦးပဏ္ဍဝ )
(ခ) ဆိပ်ဖြူဆရာတော် ဦးသိဟ ) တို့ တတိယ ကမ္မဝါဆရာ
(ဂ) ဒဲပျားဆရာတော်-ဦးသီဟိန္ဒ )

အဖြစ်ဖြင့် အသီး အသီး သမုတ်တော်မူကြ၍ ကောဒသင်ပွတ္တိသိမ် ပေါ်ကိုကျော်ကာလွန်သွား၊သမ္ဘတ္တိသုံးပါးဖြင့် ကြီးမားမြင့်မြတ်သော သီမာ သမ္မုတိကံ၊ စီ ဆောင်ရွက်ပြီးဆုံးခြင်းကား ၁၃၃၃-ခု ဂိမ္ဟန္တဥတု ဝါဆို လဆန်း ၆-ရက်နေ့ ညဥ့် ၁ဝ-နာရီတိတိ၊ကျက်သရေမင်္ဂလာရှိသောအချိန် တွင် မာရဇိန်ခေါင်ဖျား၊ ငါ မာရ်အောင် မြတ်ဘုရားအား၊ ညွှတ်တွားသမှု အာရုံပြု၍ အောင်ကုသိုလ်ပေါင်း၊အောင်ဆုတောင်းလျက်၊အောင်ကြောင်း အောင်စည်၊ အောင်ပွဲရည်၍၊ အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်သတည်း။

“သဗ္ဗံ တူရိယသဉ်္ဃဋ္ဋံ ကတွာ ဒေဝမနုဿာနံ
အနုမောဒနံ ကာရေတဗ္ဗံ”

ကျမ်းပြန်ဝိနယာလင်္ကာရ ထုတ်ပြအပ်သည်နှင့်မသွေ၊ မြေထု-ရေတု မေရုစက္ကဝါ၊ သွက်သွက်ခါမျှ၊ သာသနာ့ဓမ္မဒိနီ၊ သညာချီလျက်၊ အမည် နတ္တတ်၊ ဗဒ္ဓသိမ်မြတ်၊ အောင်အင်တပြီး၊ အောင်မောင်းတီး၍ ကောင်းချီး သာဓု သာဓု—ခေါ်စေသော်....

**အမှာ**။ ။သိမ်အောင်စာဖတ်ပြီးသည်နှင့်တပြိုင်နက် အားလုံးက ညီညီ ညာညာ သာဓုသုံးကြိမ်ခေါ်၍ သေနပ်စသော လက်နက်များ ပွစ်ဖေါက်,တူရိယာများ တီးခေါက်ရမည်။

(လုပ်ငန်းပြီးဆုံး စာ ဖတ် အုံး ပြီး ၏။)

(၉) **သိမ်းကြုံးအောင်ပွဲလုပ်**။ ။သိမ်အောင်စာဖတ်ပြီးလျှင် သိမ်သမုတ် ခြင်းဆိုင်ရာ လုပ်ငန်းအရင်ရပ် ပြီးဆုံးလပ်ပြီ ဖြစ်၍ အောင်ပွဲခံသောအနေနဲ့ သိမ်သမုတ်ရေစက်ချပွဲ ကျင်းပပြုလုပ်ကြရာ သည်။ စွမ်းနိုင်သော ပုဂ္ဂိုလ်များက အငြိမ့်ဇာတ်ပွဲစသော ပျော်ရွှင်ပွဲများ ပြုလုပ်သည်ကို တွေ့ဖူးသည်။

(သိမ်းကြုံးအောင်ပွဲလုပ်-ပြီး၏။)

သိမ်လုပ်ငန်း၌ အစီအစဉ်အားလုံးပြီး၏။

---

**သိမ်၌ အထူးမှတ်သားဖွယ်များ**

**သိမ်အမျိုးမျိုး**

သီမာ စ နာမေသာ ဗဒ္ဓသီမာ
အဗဒ္ဓသီမာတိ။
ဒုဝိဓာ ဟောတိ။ (ကင်္ခါအဋ္ဌကထာ-၈၇)။

ဤပါဠိဖြင့် သိမ်သည် ဗဒ္ဓသိမ်,အဗဒ္ဓသိမ်-ဟု ၂-မျိုးရှိကြောင်းကို ပြသည်။

သိနိယတေ သမဂ္ဂေန သံဃေန ကမ္မဝါစာယ ဗန္ဓိယတေတိသီမ ။ (ဝိနယာလင်္ကာရ -ပ-၂၉၈)။

**အဓိပ္ပာယ်ကား**....သမဂ္ဂသံဃာသည် ကမ္မဝါစာဖြင့် ဖွဲ့အပ်သော ကြောင့် သိမ်မည်၏။ ဗဒ္ဓသိမ်ရ၏။ အဗဒ္ဓသိမ်ကား ကမ္မဝါစာဖြင့် သမုတ်နေရသည်မဟုတ်၊ အစိုးရမင်းတို့၏ နယ်ခြားသတ်မှတ်မှုအပိုင်းအခြား ကို အဗဒ္ဓသိမ် ခေါ်သည်။

ဥဒကုက္ခေပသိမ်၌ကား ရေတကျ, သဲတကျဖြင့် ပိုင်းခြား ရ သည်။ အဗဒ္ဓသိမ်ပင်တည်း။

အဗဒ္ဓသိမ်သည်ကား သမဂ္ဂသံဃာသည် ကမ္မဝါစာဖြင့် မဖွဲ့စည်း၊ အပ်၊ မသမုတ်အပ်သောကြောင့် သိမ်မည်၏။ (အဗဒ္ဓသိမ်အပြားကိုနောက်၌ တွေ့လတန့်။)

**ဗဒ္ဓသိမ်၌အင်္ဂါ ၃-ပါး**

တတ္ထ-

(၁) ကောဒသ ဝိပ္ပတ္တိသိမာယော အတိက္ကမိတွာ- (သမ္မတာ သိမာ)
(၂) တိဝိဓ သမ္ပတ္တိယုတ္တာ-(သမ္မတာသိမာ)
(၃) နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ-
သိမာ ဗဒ္ဓသိမာနာမ (ကင်္ခါအဋ္ဌကထာ-၈၇)။

ဗဒ္ဓ အဗဒ္ဓ ၂-မျိုးတို့တွင် ဗဒ္ဓသိမ်၌-

(၁) သိမ်ပျက်- ၁၁-လုံးကို ကျော်လွန်ခြင်း။
(၂) သမ္ပတ္တိ- ၃-မျိုးနှင့် ပြည့်စုံခြင်း။
(၃) နိမိတ်ချင်းစပ်၍ သမုတ်ခြင်း-ဟု အင်္ဂါ ၃-ပါးရှိသည်။

**သိမ်ပျက် ၁၁-လုံး**

အတိခုဒ္ဒကာ အတိမဟတီ ခဏ္ဍနိမိတ္တာ (လ)
ဠမာဟိ ကောဒသဟိ အာကာရေဟိ သိမဲတာ
ကမ္မာနိဝိပ္ပဇ္ဇန္တိ တိဝစနတော ကောဒသ
ဝိပ္ပတ္တိသိမာယောနာမ။ (ကင်္ခါ အဋ္ဌကထာ-၈၇)။

ဤပါဠိဖြင့် အလွန်ကျဉ်းလွန်းသောသိမ်၊ အလွန် ကျယ်လွန်းသော သိမ်၊ နိမိတ်ကျိုးသောသိမ် စသောအားဖြင့် သိမ်ပျက် ၁၁-လုံးရှိသည်ဟု ပြ၏။

(ပါဠိကြည့်၍ ၁၁-လုံးပြည့်အောင် ရေတွက်ပါ။)

**ဆောင်။** ။ ၁။ ကျဉ်း-ကျယ်-ကျိုးရိုစ်၊ ဒနိမိတ်၊ ဗဟိဒ်တည်သမုတ်၊
၂။ မြစ်သမုဒ်ထိုင်၊ သိမ်ချင်းဆိုင်၊ လွှမ်းထိုင်ဆဲ့တစ်ထုတ်။

**အမှာ၊** ။ပါဠိအစဉ်အတိုင်း သုံးပေါက်ရေးထားသည် ရအောင်ကျက်ပါ

## ၁–ငယ်လွန်းသောသိမ်

၁။ သာ ဟေဋ္ဌိမ ပရိစ္ဆေဒေန သစေ ကေဝီသတိ ဘိက္ခူ ဂဏှာတိ၊ ငဋ္ဌတိ၊ တတော ဩရံနဝဋ္ဋတိ။ (မဟာဝါအဋ္ဌကထာ ဥပေါသထ က္ခန္ဓက)

၂။ **အတိခုဒ္ဒကာနာမယေတ္ထ** ကေဝီသတိဘိက္ခူ နိသီဒိတုံနသက္ကောန္တိ၊ (ကင်္ခါအဋ္ဌကထာ–ဆ/၇၇)။

ဤပါဠိများဖြင့် ရဟန်း ၂၁–ပါး ထိုင်မနေလောက်လျှင် ငယ်ကျဉ်းသောအတိခုဒ္ဒကသိမ်မည်၏ဟု အမိန့်ရှိသည်။

**မှန်၏**။ သံဃကံ သည် စတုဝဂ္ဂကံ၊ ပဉ္စဝဂ္ဂကံ၊ ဒသဝဂ္ဂကံ ဝီသတိ ဝဂ္ဂကံ-ဟုရှိရာ ထိုဝီသတိဝဂ္ဂကံ၌–ကံပြုခံရသော ပုဂ္ဂိုလ်နှင့် ပေါင်းလျှင် အနည်းဆုံး ၂၁–ပါးရှိသည်။ ထို ၂၁ ပါးဆန့်လျှင် သိမ်အောင်မြင်သည်။ ၂၁–ပါးမျှ မထိုက်လောက်မူကား အတိခုဒ္ဒက (အလွန် ကျဉ်းလွန်းသော) သိမ်ဖြစ်၍ မအပ်တော့ပေ။

(ရဟန်း ၂၁–ပါးထိုင်လောက်သောအရပ်ကို လက်တွေ့တိုင်းတာ ကြည့်ဖို့လိုသည်။ ငါတို့ကျောင်းဇူးရှင် ဆရာတော်ဘုရားကြီးအား တိုင်းတာ ကြည့်ရာ တင်ပါးမှဒူးအထိ၊ ၂–ပေရှိသည်။ ဒူး ၂–ခုအကွာ အဝေးကား ၂–ပေနှင့် ၆–လက်မရှိသည်။ သို့အတွက် ရဟန်းတပါးထိုင်လောက်သော အရပ်ကား အလျား ၂– ပေ ၆ လက်မ ရှိ၍၊ အနံ ၂–ပေ ရှိသင့်သည်။ ထို့ကြောင့် အလျား ၂–ပေ ၆–လက်မ၊ အနံ ၂– ပေရှိသော အကွက် ပေါင်း ၂၁–ကွက် ရှိခဲ့သော် အောင်မြင်သော သိမ်ဖြစ်သည်။ မရှိလျှင် ကား ပျက်သော အတိခုဒ္ဒက (ငယ်လွန်းသော) သိမ်–ဟု ဆိုထိုက်ပေသည်။

ရဟန်းများ ထိုင်ပုံထိုင်နည်းကို "ပရိမဏ္ဍလာကာရေန– ဟု(ဇ ခါ်ဋ္ဌီ သစ်–၁၈၆) ဆိုထားသောကြောင့် "စုအုံပြီး" ထိုင်ရမည်–ဟု ဆိုလိုသည်။

## ကြီးလွန်းသော သိမ်

အတိမဟတီနာမ ယာ အန္တမသော ကေသဂ္ဂမတ္တေနာပိ
တိယောဇနံ အတိက္ကမိတွာသမ္မတာ။(ကင်္ခါအဋ္ဌကထာ–ဆဌ/၇၇)။

ဤပါဠိတော်ဖြင့် သုံးယူဇနာကိုတဆံချည်ဖျားမျှ ကျော်လွန်၍ သမုတ် ခဲ့သော် အတိမဟတိ (ကြီးလွန်းသော) သိမ်မည်၏။ ထိုသိမ်မျိုး မသမုတ် ကောင်း–ဟု ပြ၏။

## နိမိတ်ကျိုးသော သိမ်

ခဏ္ဍနိမိတ္တာနာမ အဃဋိတ နိမိတ္တာ ဝုစ္စတိ။
ပုရတ္ထိမာယ ဒိသာယ နိမိတ္တံ ကိတ္တေတွာ အနုက္ကမေနေဝ
ဒက္ခိဏာယ ပစ္ဆိမာယ ဥတ္တရာယ ဒိသာယ ကိတ္တေတွာ
ပုန ပုရတ္ထိမာယ ဒိသာယ ပုဗ္ဗကိတ္တိတံ-
ပဋိကိတ္တေတွာ ဌပေတုံ ဝဋ္ဋတိ၊ ဧဝံ အခဏ္ဍနိမိတ္တာ ဟောတိ။

သစေ ပန အနုက္ကမေန အာဟရိတွာ ဥတ္တရာယ
ဒိသာယ နိမိတ္တံ ကိတ္တေတွာ တတ္ထေဝ ဌပေတိ၊
ခဏ္ဍနိမိတ္တာနာမ ဟောတိ။

အပရာပိ ခဏ္ဍနိမိတ္တာနာမ ယာ အနိမိတ္တုပဂံ
တစသာရရုက္ခံ ဝါ ခါဏုကံ ဝါ ပံသုပုဉ္ဇ ဝါလုကပုဉ္ဇာနံ
ဝါ အညတရံ အန္တရာ ဧကံ နိမိတ္တံ ကတွာ သမ္မတာ။
(ကင်္ခါအဋ္ဌကထာ-ဆဋ္ဌ/၈၈)။

ဤပါဠိတို့ဖြင့် နိမိတ်ကျိုးသော သိမ်ကို ပြ၏။

၁။ နိမိတ်ခြင်း စပ်အောင် မကြားခြင်း။
၂။ သိမ်နိမိတ် မလောက်သော ဝတ္ထုကိုဖြစ်စေ၊ သိမ်နိမိတ်မပြုလုပ်ကောင်းသော ဝတ္ထုကို ဖြစ်စေ၊ နိမိတ်အဖြစ် ပြုလုပ်၍ နိမိတ်ကြားခြင်းဖြင့် သမုတ်ထားသော သိမ်မျိုးတည်း။

မှန်၏၊ ပထမနိမိတ်ကြားပြီး အရပ်ကို ပြန်ပြီးမကြားလျှင် နိမိတ်ကျိုးသည်မည်၏။ (ဥပမာ) အရှေ့အရင်ကို စ၍ ကြားပြီးလျှင် တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်များကို ကြားပြီး၍ ရပ်ထားလျှင် နိမိတ်ကျိုးသည်မည်၏၊ (မူလကြားပြီး အရှေ့အရပ်ကို ပြန်ကြားလျှင်ကားအောင်မြင်သော နိမိတ်မည်၏။)

ထို့ပြင်နိမိတ် အများသမုတ်ရာ၌ တနေရာ၌ဖြစ်စေ၊ (သို့) နှစ်နေရာ၌ ဖြစ်စေ၊ နိမိတ်မလောက်သေးသော သစ်ပင်ကို သော်လည်းကောင်း၊ နိမိတ် မလုပ်ကောင်းသော သဲပုံစသော အရာဝတ္ထုများကို သော်လည်းကောင်း နိမိတ်ပြုလုပ်၍ သမုတ်ခြင်းသည် နိမိတ်ကျိုးသည်မည်၏။

## နိမိယ်အရေအတွက်

၁။ ကေန ပန ဒွိဟိ ဝါ နိမိတ္တေဟိ သမ္မန္နိတုံ န ဝဋ္ဋတိ၊
တီဏိ ပန အာဒိံ ကတွာ ဝုတ္တပ္ပကာရာနံ
နိမိတ္တာနံ သတေနာပိ ဝဋ္ဋတိ၊ (အဋ္ဌကထာ/၁၃၈)။

၂။ ယာ ပန စတု ပဉ္စ နိမိတ္တာဒီဟိ ဗဒ္ဓမာနာ
ဟ္ကမေသု တစသာရရုက္ခာဒီသု အညတရံ
အန္တရာ ကေံ နိမိတ္တံ ကတွာ သမ္မတာ၊
သာ ခဏ္ဍနိမိတ္တာနာမ န ဟောတီတိ ဝိညာယတိ
နိမိတ္တုပဂါနံ နိမိတ္တာနံ တိဏ္ဏံ သဗ္ဘာဝတော။
(ကင်္ခါဋီကာသစ်–ဆဋ္ဌ/၁၃၇)။

၃။ နိမိတ္တာနံ သတေန ပိတိ ဣမိနာ ကေဿာယ ဧဝ
ဒိသာယ ဗဟုနိမိတ္တာနိ "ပုရတ္ထိမာယ ဒိသာယ
ကိံ နိမိတ္တံ ပဗ္ဗတော ဘန္တေ၊ ပုန ပုရတ္ထိမာယ
ဒိသာယ ကိံ နိမိတ္တံ၊ ပါသာဏော ဘန္တေ"တိ အာဒိနာ
ကိတ္တေတုံ ဝဋ္ဋတီတိ ဒဿေတိ။ (ဝိမတိ–ဒု–၁၄၃)။

အဋ္ဌကထာ ဆရာကား– အနည်းဆုံး နိမိတ်သုံးခုရှိလျှင် အပ်သည်–ဟု အမိန့်ရှိသည်။

နိမိတ် ၄–ခု၊ ၅–ခု ဖြင့် သမုတ်ရာ၌ နိမိတ် တခုကလေ ပျက်သော်လည်း နိမိတ်ကျိုးသည် မမည်သောကြောင့် အပ်သည်–ဟု ကင်္ခါဋီကာသစ်၌ မိန့်၏။ အရပ်တခုတည်း၌ပင် နိမိတ်အမျိုးမျိုး ကြားနိုင်သည်– ဟု ဝိမတိ၌ မိန့်၏။

## နိမိတ်လုံးဝ မရှိသော သိမ်

ဤပါဌ်ဖြင့် အချင်းခပ်သိမ်း နိမိတ်သည်း မထား၊ ကြားလည်း မကြားပဲ သမုတ်အပ်သော သိမ်မျိုးသည် နိမိတ်လုံးဝမရှိသော သိမ်မျိုး မည်၏–ဟု ပြ၏။

**မှတ်ချက်။** ။နယ်ခြား သတ်မှတ်မှုကို နိမိတ်ခေါ်သည်။ ထိုသတ်မှတ်ထားသော နိမိတ်မရှိခဲ့သော် ဤသိမ်ကား– မည်သည့်နေရာရောက်သည်–ဟု ပြောဆိုရန်ပင် ခဲယဉ်းတော့သည်။

## သိမ်အပ၌ တည်၍ သမုတ်သောသိမ်

ဤပါဠိဖြင့် နိမိတ်တို့ကို ကြားပြီးနောက်၊ ထိုနိမိတ်တို့၏ အပြင်ဘက်မှ နေ၍ သမုတ်သော သိမ်မျိုးသည် သိမ်အပ၌တည်၍ သမုတ်သော သိမ်မျိုး မည်၏–ဟု ပြ၏။

**မှတ်ချက်။** ။ဤ၌ "နိမိတ္တာနံ ပန အဗ္ဘန္တရေ ဝါ ဗဟိ ဝါ ဌတွာ ကိတ္တေတုံ ဝဋ္ဋတိ"–ဟု (ကင်္ခါဋီကာ–၁၃၇)၌ ဆိုသောကြောင့် သမုတ်သောအခါ၌သာ ပြင်ဘက်မှ နေ၍ မသမုတ်ကောင်း– ဟု ဆိုခြင်းဖြစ်သည်။ နိမိတ်ကြားသောအခါ၌ကား– အတွင်းမှ ဖြစ်စေ၊ အပြင်မှဖြစ်စေ၊ ကြားကောင်းသည်–ဟု ဆိုလိုသည်။

## မြစ်၊ သမုဒ္ဒရာ၊ အိုင်တို့၌ သမုတ်အပ်သော သိမ်

ဤပါဠိဖြင့် အလုံးစုံသော မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရ-အိုင်တို့၌ ကမ္မဝါဖတ်၍ သိမ်မသမုတ်ကောင်းချေ၊ သမုတ်သော်လည်း သိမ်မမည်၊ သိမ်ပျက်ဖြစ်သည်။

**မှတ်ချက်။** ။ဖော်ပြပါ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့သည် ဗဒ္ဓသိမ်သာ မဟုတ်ချေ၊ အဗဒ္ဓဥဒကုက္ခေပ မည်သော (ရေသိမ်) အဖြစ်ဖြင့်ကား– ကံဆောင်ကောင်းသည်။

## စပ်၍သမုတ်အပ်သောသိမ်

ယတ္ထ ပန ဌိတေဟိ ကမ္မံ ကာတုံ နသက္ကာ၊
တာဒိသံ ပဒေသံ အန္တော ကရိတွာ
ဗဒ္ဓာ သီမာယ သီမံ သမ္ဘိန္ဒန္တိနာမ၊
န တု အဇ္ဈောတ္ထရန္တိ နာမာတိ ဂဟေတဗ္ဗံ။(ကင်္ခါဋီကာသစ်-၁၃၇။)

ဤအဋ္ဌကထာဋီကာတို့အရ လိုရင်းအကျဉ်းချုပ်ကား၊ ရဟန်းလေးပါးတို့ ထိုင်နေလောက်အောင် မစပ်မိပဲ ထပ်၍ သမုတ်သောသိမ်သည်–သဗ္ဘေဒ ခေါ်သော စပ်၍သမုတ်သော သိမ်မည်၏။(သိမ်ပျက်မည်၏။)

## လွှမ်း၍ သမုတ်အပ်သော သိမ်

ယခင် သမ္မေဒ သိမ်တုန်းက ပြခဲ့သော အမှုကထာဋ္ဌီကာတို့ အရပေင် ရဟန်းလေးပါးတို့ ထိုင်နေလောက်အောင် စပ်၍ (ဖိမိ၍) သမုတ်အပ်သော သိမ်မျိုးသည် အဇ္ဈော တ္ထရဏ ခေါ်သော (လွှမ်း၍ သမုတ်အပ်သော) သိမ် မည်၏။ (သိမ်ပျက်မည်၏။)ဆိုလိုသည်။

ဤကား အခ္ကတ် (၁) ကေဒသ ဝိပ္ပတ္တိ သီမာယော အတိ မိတ္တာ အင်္ဂါ၌ အကျဉ်းချုပ် အဓိပ္ပါယ်တည်း။

### တိဝိဓ သမ္ပတ္တိ ယုတ္တာ ရှင်းလင်းချက်

တိဝိဓသမ္ပတ္တိ ယုတ္တာတိ နိမိတ္တသမ္ပတ္တိယာ
ပရိသသမ္ပတ္တိယာ ကမ္မဝါစာ သမ္ပတ္တိယာ စ ယုတ္တာ
(ကင်္ခါအဋ္ဌ/ဂဂ)။

### အမှတ်(၂)သမ္ပတ္တိအင်္ဂါ ၃-ပါးကား

(၁) နိမိတ္တ သမ္ပတ္တိ (နိမိတ်တို့၏ပြည့်စုံခြင်း။)

(၂) ပရိသ သမ္ပတ္တိ(ပရိသတ်၏ပြည့်စုံခြင်း။)

(၃) ကမ္မဝါစာ သမ္ပတ္တိ (ကမ္မဝါစာ၏ပြည့်စုံခြင်း)
တို့ ဖြစ်လေသည်။

### နိမိတ္တ သမ္ပတ္တိ ယုတ္တာ

၁။ တတ္ထ နိမိတ္တသမ္ပတ္တိယာ ယုတ္တာ နာမ
ပဗ္ဗတ နိမိတ္တံ ပါသဏ နိမိတ္တံ၊ ဝန နိမိတ္တံ၊
ရုက္ခ နိမိတ္တံ၊ မဂ္ဂ နိမိတ္တံ၊ ဝမ္မိက နိမိတ္တံ၊
နဒီ နိမိတ္တံ၊ ဥဒက နိမိတ္တန္တိ၊ (ကင်္ခါ အဋ္ဌ-ဂဂ)။

၂။ သာ စေ သမ္မန္နိတွာ ဗဇ္ဈမာနာ ဧကေန
ဒွိဟိ ဝါ နိမိတ္တေဟိ ဗဇ္ဈတိ ဟောတိ။
တိဏ္ဏံ ပန အာဒိံ ကတွာ(ပ)ဟောတိ။ (ဟောဝါဋ္ဌ-ဆ/၃၂၂)

၃။ ဧကေန ပန ပွှဟိ ဝါ နိမိတ္တေဟိ သမ္မန္နိတုံ န ဝဋ္ဋတိ၊
တီဏိ ပန အဒိံ ကတွာ ဝုတ္တပ္ပကာရာနံ နိမိတ္တာနံ
သတေနပိ ဝဋ္ဋတိ (ကင်္ခါဋီကာ-၁၃၄-၈)

**အဓိပ္ပာယ်ကား။** ။သမ္မုတ္တိ-၃-မျိုးတို့တွင် နိမိတ္တ သမ္မုတ္တိ ဟူသည် ယခင် ဆိုခဲ့သော တောင်စသော နိမိတ် (၈) မျိုးတို့နှင့် ပြည့်စုံခြင်း(၄),အနည်းဆုံး နိမိတ်(၃)ခုထား၍ သမုတ်ခြင်း (၅)ကိုဘည်း။

**မှတ်ချက်။** နိမိတ် ၁-ခု၊ ၂-ခုဖြင့် မသမုတ်ကောင်း၊နိမိတ် ၃-ခုမှစ၍ နိမိတ်အရေအတွက် ၁၀၀ ရာရှိသော်လည်း သမုတ် ကောင်းသည်-ဟု ဆိုလိုသည်။

(ဆောင်ပုဒ်)တောင်-ကျောက်-တော-သစ် လမ်း-ဒို့ မြစ် ရေ-ရှစ်နိမိတ် မျိုး။

## တောင်နိမိတ်

ဆိုခဲ့ပြီးသော ရှစ်မျိုးသော နိမိတ်တို့တွင် တောင်အရ သယ်ဖာသာ (သူ့အလိုလိုဖြစ်သော)

(၁) မြေမှုန့်သက်သက်ဖြစ်သော တောင်။
(၂) ကျောက် သက်သက်ဖြစ်သော တောင်။
(၃) မြေမှုန့်နှင့် ကျောက်ရောသော တောင်-ဟု သုံးမျိုး ရှိသည်၊ ထိုတောင်သုံးမျိုးလုံး အပ်သည်။ သဲပုံစုကား မအပ်။

## တောင်၏ ပမာဏ

၁။ သုဒ္ဓပံသု သုဒ္ဓပါသာဏာ ဥဘယမိဿကဝသေန ဟိ
တိဝိဓောပိ ပဗ္ဗတော ဟတ္ထိပ္ပမာဏတော ပဋ္ဌာယ
ဉဒ္ဓံ နိမိတ္တုပဂေါ၊ တတော ဩမကတရော န ဝဋ္ဋတိ။
(ကင်္ခါ ဆဋ္ဌ/၈၄)။

၂။ သော တိဝိဓောပိ ဝဋ္ဋတိ၊ ဝါလိက ရာသိ ပန နဝဋ္ဋတိ၊
ဣတရောပိ ဟတ္ထိပ္ပမာဏတော ဩမကတရော န ဝဋ္ဋတိ။
ဟတ္ထိပ္ပမာဏတော ပဋ္ဌာယ သိနေရုပ္ပမာဏောပိ ဝဋ္ဋတိ။
(မဟာဝါ အဋ္ဌကထာ-ဆ/၃၁၈)။

ဤအဋ္ဌကထာပါဠိတို့အရ နိမိတ် လောက်သော တောင်ကား အနည်းဆုံး ခုနစ်တောင်ထွာ ပမာဏရှိမှ နိမိတ်လောက်သည်။ထိုအောက်လျော့လျှင်

နိမိတ်မလောက်၊ ကြီးပါမူကား မြင့်မိုရ် တောင်လောက် ကြီးစေ ကာမူ အပ်သည်ပင်၊ (ခုနစ်တောင်ထွာ အောက်လျော့သော ကျောက်တောင် ကိုကား ကျောက်နိမိတ်အဖြစ်ဖြင့် နိမိတ်ကြား ကောင်းသေးသည်။)

**တောင်ကို နိမိတ်ကြားနည်း**

သိမ်၏ အရပ် (၄) မျက်နှာတို့၌ တောင်-၄-လုံး ဖြစ်စေ၊ (သို့) ၃-မျက်နှာတို့၌ ၃-လုံး ဖြစ်စေ၊ အသီးသီး တည်နေခဲ့သော်-နိမိတ်(၄)ခု (သို့မဟုတ်)၃-ခုဖြစ်စေ နိမိတ်ပြုနိုင်သည်။

**မှန်၏။** ထိုတောင် ၄-လုံး (သို့) ၃-လုံးတို့သည် တလုံးနှင့် တလုံး မစပ်ပဲ အသီးသီးတည်နေမှသာ နိမိတ် ၄-ခု (သို့) ၃-ခု ပြုလုပ်နိုင်သည်။ တလုံးနှင့်တလုံး တစပ်တည်း တည်နေခဲ့သော် တနေရာ၌သာ တောင်နိမိတ် အဖြစ်ထား၍ သမုတ်နိုင်သည်။ ကျန်နေရာတို့၌ အခြား ကျောက်စသည်ကို ထား၍ နိမိတ်ကြားရသည်။ (သိမ်ပုံများကိုကြည့်ပါ-ထင်ရှားပါသည်။)

**ကျောက်နိမိတ်**

၁။ အယောဂုဠော ပိ ပါသာဏသင်္ချမေ၀ ဂစ္ဆတိ၊
တသ္မာ ယောကောစိ ပါသာဏော ၀ဋ္ဋတိ။
ပမာဏတော ပန ဟတ္ထိပ္ပမာဏော ပဗ္ဗတသင်္ချံ ဂတော။လ။
ဟေဋ္ဌိမ ပရိစ္ဆေဒေန ဒွတ္တိံသ ပလဂုဠ ပိဏ္ဍပရိမာဏော ၀ဋ္ဋတိ။
(မဟာဝါ အဋ္ဌကထာ-ဆ/၃၁၈)။
အယောဂုဠမ္ပိပါသာဏ(လ) နိမိတ္တုပဂေါ။(ကင်္ခါ ဆ/၇၉)။

ကျောက်နိမိတ်အရာ၌ သံတွေခဲကိုလည်း ကျောက်ဟုပင် ဆိုနိုင်သည်။ ထိုကြောင့် သံတွေခဲများ နှင့် ကျောက်ခဲများသည် အငယ်ဆုံး ပမာဏ အားဖြင့် ၃၂-ပိုလ် တင်လေခဲမျှ ပမာဏ ရှိခဲ့သော် ကျောက်နိမိတ် အဖြစ် ပြုလုပ်နိုင်သည်။

**၃၂-ပိုလ် ယူပုံ ၀ါဒ အမျိုးမျိုး**

ဤနေရာ၌ ပိုလ်နှင့် ပတ်သက်၍ အယူအဆ အမျိုးမျိုး ရှိကြသည်။ သို့သော်လည်း အောက်ပါဆောင်ပုဒ်ကို ရအောင်ကျက်ထားပါက အလွယ် ဆုံးနည်းဖြင့် သိနိုင်ပါမည်။

**(ဆောင်ပုဒ်)** ။ **လေးကျပ်၊ ဆယ်ကျပ်၊ လေးဆယ်ကျပ်၊ မှက်လော တပိဿာ။**
**၂။ ပိုပမာဏ၊ ရေတွက်ကျ၊ ကျမ်းပြ မညီညာ။**

၁။ လေးကျပ်သားကိုလည်း တပိုလ်ခေါ်သည်၊
၂။ တဆယ်ကျပ်သားကိုလည်း တပိုလ်ခေါ်သည်၊
၃။ လေးဆယ်ကျပ်သားကိုလည်း တပိုလ်ခေါ်သည်။
၄။ ၁၀၀-ကျပ်သားကိုလည်း တပိုလ်ခေါ်သည်- ဟု လေးပါဒ ရှိသည်။ ထိုတွင်-

၁။ လေးကျပ်သား တပိုလ်ခေါ်သောဝါဒမှာ-

"ပလံ ကဿ စတုတ္ထယံ" -ဟူသော သက္ကဋအဘိဓာန် စာကိုယ်ကို အားကိုးပြု၍ ဆိုခြင်းဖြစ်သည်။

**အနက်၊** ။ကဿ စတုတ္ထယံ၊ အဝှာရလေးခုသည်။ (ဝါ) လေးကျပ်သားသည်။ ပလံ၊ ပလ မည်၏။ (ဝါ) ပိုလ်မည်၏။

ဤဝါဒ၌ လေးကျပ်သားကို တပိုလ်ယူသဖြင့် ၃၂-ပိုလ်ဆိုလျှင် တပိဿာနှင့် နှစ်ဆယ့်ရှစ်ကျပ်သားရှိသော ထန်းလျက်ခဲနှင့် ညီမျှသော ကျောက်တုံးသည် ကျောက်နိမိတ်အဖြစ် ပြုလောက်ပေသည်။

ထို့ပြင် "ဂေါ်ပလံနာမ ကလဉ္ဇန္တိ ဝဒန္တိ"-ဟု ကင်္ခါဋီကာသစ် (ဆဋ္ဌ/၁၃၉) ၌ ကလဉ္ဇ ဆယ်ခုကို တပိုလ်ဆိုသည်ဖြစ်၍ ကလဉ္ဇ ဆယ်ခုမှာ ရွှေးပေါင်း ၃၂၀ (သုံးရာနှစ်ဆယ်) ဖြစ်ပေသည်၊

တကျပ်မှာ ရွှေးပေါင်း ၈၀(ရှစ်ဆယ်)နှင့် စားသော် လာဘ် လေးကျပ်ရသည်။ လေးကျပ်ကို တပိုလ်ဆိုသော ပ ခင် သက္ကဋအဘိဓာန် လေးကြိကျမ်းနှင့် ညီညွတ်ပေသည်။

**အနက်။** ။ဒသ ကလဉ္ဇ၊ ဆယ်ကလဉ္ဇသည်။ ဝါ) သုံးဆယ့်နှစ်ရွှေးရှိသော ကလဉ္ဇဘို့၏ တဆယ်သည်။ ဂေါ်ပလံနာမ၊ တပိုလ်မည်၏။ ဣတိ၊ သို့။ ဝဒန္တိ။ ကုန်၏ ။(**ကင်္ခါဋီကာသစ်အနက်**)။

၂။ တဆယ်ကျပ်သားကို တပိုလ်ခေါ်သောဝါဒမှာ "ပါဒေါ ဘာဂေ စတုတ္ထေသ၊ မာရကာနိ ပလံ ဒသ"-ဟု မာဂဓအဘိဓာန်၌ ဆိုသောကြောင့် မာရကတခုမှာ တကျပ်သားရှိသည်။ ဆယ်မာရက တဆယ်ကျပ်သား ဆိုလျှင် တပိုလ်ဆိုရသည်။ ထို့ကြောင့် ၃၂-ပိုလ်ဖြစ်၍ သုံးပိဿာနှစ်ဆယ်

သားရှိသော် တင်လဲခဲ ပမာဏရှိသော ကျောက်တုံးသည် ကျောက်နိမိတ် လောက်သည်- ဟု ဆိုလိုသည်။

**အနက်။** ဒွေသဓာရဏာနိ၊ ဆယ်ဓာရဏတို့သည်။ (ဝါ) ကျပ်တဆယ်တို့ သည်။ ပလံ၊ တပိုလ်မည်၏။

၃။ လေးဆယ်ကျပ်သားကို တပိုလ်ခေါ်သော ဝါဒမှာ ယခင်ဆိုခဲ့သော "ပါဒေါ ဘာဂေ စတုတ္ထေ၊ ဓာရဏာနိ ပလံဒသ" ၌ ဓာရဏတနုမှာ တကျပ်သားမယူပဲ လေးကျပ်သားယူသဖြင့် ဆယ်ဓာရဏ ဖြစ်ခြင်းကြောင့် တပိုလ်မှာ လေးဆယ်ကျပ်သားရှိသည်-ဟု ယူဆခြင်း ဖြစ်ပေသည်၊ တပိုလ်မှာ လေးဆယ်ကျပ်သားဖြစ်ခဲ့သော် ၃၂-ပိုလ်ဆိုလျှင် တဆယ့်နှစ်ပိဿာနှင့် နှစ်ဆယ်ကျပ်သားရှိသော ထန်းလျက်ခဲနှင့် ညီမျှသော ကျောက်တုံးသည် ကျောက်နိမိတ် လောက်ပေသည်။

၄။ တပိဿာကို တပိုလ်ယူသော ဝါဒမှာ ရွှေဥမင်ဆရာတော်နှင့် ဆင်တဲ ဆရာတော်တို့ အယူဖြစ်သည်။

တပိဿာကို တပိုလ်ယူသဖြင့် ၃၂-ပိုလ်ဆိုလျှင် ၃၂-ပိဿာရှိသော ထန်းလျက်ခဲနှင့်ညီမျှသော ကျောက်တုံးသည် ကျောက်နိမိတ်လောက်ပေသည်။

## ကျောက်ပမာဏ

ဒွိတ္တိံသ ပလ ဂုဠ ပိဏ္ဍ ပမာဏတာ သဏ္ဍာနတော
ဂဟေတဗ္ဗာ၊ နတုလနာပ သောန၊ ဘာရတော ပလ ပရိမာဏဥ္စ
မာဂဓေတုလာယ ဂဟေတဗ္ဗံ။ သာ စ လောကိယ တုလာယ
ဒွိဂုဏာတိ ပဒန္တိ၊ (ဝိမတိဋ္ဌ-ဆဠ/-၄၁)။

ဤပါဠိဖြင့် ဆိုခဲ့ပြီးသော ဝါဒအမျိုးမျိုးအရ ကျောက်၏ အတိုင်း အတာကို ၃၂-ပိုလ်ဆိုသည်မှာ အလေးချိန်အားဖြင့် ဆိုသည်မဟုတ်။ ပုံသဏ္ဍာန်အားဖြင့်သာ ဆိုခြင်းဖြစ်သည်။

ထိုပိုလ်အလေးချိန်ကိုလည်း မဂဓတိုင်းသုံး ချိန်မျိုးဖြင့်သာ ချိန်ရမည်။ မဂဓတိုင်းသုံး ချိန်ခွင်ကား ယခုလူအများသုံးနေကျ ချိန်ခွင်ထက် နှစ်ဆ ပိုကြီးသည်-ဟု ပြ၏။

၁။ ထိုကြောင့် လေးကျပ်သားတပိုလ် ယူသောဝါဒမှာ တပိဿာနှင့် နှစ်ဆယ့်ရှစ်ကျပ်သားရှိသော ထန်းလျက်ခဲသည် ပြည်တောင်း လောက်ရှိလိမ့်မည်၊ ထိုပြည်တောင်းလောက်ရှိသော ကျောက်သည် ကျောက်နိမိက်လောက်သည်-ဟု ဆိုလိုသည်။

၂။ ကျပ်တဆယ် တပိုလ်ဝါဒမှာ ၃၂-ပိဿာနှင့် နှစ်ဆယ်ကျပ်သား ရှိသော ထန်းလျက်ခဲသည် ပမာဏအားဖြင့် သုံးပြည်ဝင်တောင်း လောက် ရှိပေလိမ့်မည်။
ထိုသုံးပြည်ဝင် တောင်းလောက် ပမာဏ ရှိသော ကျောက်သည် ကျောက်နိမိတ်လောက်သည်-ဟု ဆိုလိုသည်။

၃။ ကျပ်လေးဆယ်ကျပ်သားတပိုလ် ဝါဒမှာ သုံးပိဿာနှင့် ရှစ်ဆယ် ကျပ်သားရှိသော ထန်းလျက်ခဲသည် ရေနံဆီပုံးလောက်ရှိပေ လိမ့်မည်။ ထိုရေနံပုံးလောက်ရှိသော ကျောက်သည် ကျောက် နိမိတ်လောက်သည်-ဟု ဆိုလိုသည်။

၄။ တပိဿာကို တပိုလ်ယူသောဝါဒမှာ ၃၂-ပိဿာရှိသော ထန်း လျက်ခဲသည် ခွဲတောင်းလောက် ရှိပေလိမ့်မည်။

ထိုခွဲတောင်းလောက်ရှိသော ကျောက်သည် ကျောက်နိမိတ် လောက်သည်-ဟု ဆိုလိုသည်။

**မှတ်ချက်၊** ။စောစောပိုင်းက မြန်မာပြည်သို့ သဒ္ဒါကျမ်းစာများ စုံလင် အောင် မရောက်သေးသဖြင့် အယူအဆ၊ ဝါဒ အမျိုးမျိုး ကွဲပြားနေခြင်း ဖြစ်သည်။

**အာစရိယဝါဒ**

အမှန်မှာ လေးကျပ်သားတပိုလ်ယူသော ဝါဒသည်သာလျှင် မာဂဓ အဘိဓာန်နှင့် ညီညွတ်၍ အဋ္ဌကထာဋီကာတို့ အလိုသို့ သက်ဝင်သည်။ ထို့ ကြောင့် လေးကျပ်သားတပိုလ်ယူသောဝါဒကို သံသယမရှိ မှတ်ယူရမည်-ဟု ဤစာရေးသူ၏ ဓမ္မာစရိယ ယုတ္တိမုတ္တဝါဒီ အရှင်နန္ဒမာလာ ပေါ်ရဲ (ဝိနည်း မဟာဝါ အဋ္ဌကထာကို ပို့ချစဉ်) အမိန့်ရှိဖူးသည်။

## သိမ်အမိန့်စာ ခံယူရခြင်းအကြောင်း

သိမ်သမုတ်ခါနီးမှာ အဘယ်ကြောင့် သိမ်အမိန့်စာခံကြသနည်း-ဟု မေးဖွယ်ရှိ၏။ အဖြေကား ....

ယမ္ပိ ကေသ္မိံ ယေဝ ဂါမခေတ္တေ ကေံပဒေသံ
"အယံ ဝိသုံ ဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာကဿ စိ
ဒေတိ၊ သောပိ ဝိသုံဂါမ သီမာဟောတိ ယေဝ-

ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာ (ဆဋ္ဌ/၃၃၃)နှင့်အညီ သိမ်သမုတ်မည့်အရပ်ကို သူကြီးအုပ်ချုပ်သော မူလနယ်မြေမှ သီးခြားရွာတခု(နယ်မြေတခု ဖြစ်သွားအောင် အမိန့်ခံယူရခြင်း ဖြစ်သည်။ "သီးခြားရွာတရွာ ဖြစ်စေ" ဟု အမိန့်စာထွက်လျှင် ထိုအရပ်ကို "ဝိသုံဂါမသိမ်"-ဟု ခေါ်ရသည်။ ထိုအရပ်ထဲမှာ ကံကြီးကံငယ် ဆောင်နိုင်ပေပြီ။ ဤသို့စဉ် ကမ္မဝါဖတ်ပြီး မသမုတ်ခင်ကပင် ခရီးရောက်သောကြောင့် အမိန့်စာကိုရအောင်ယူရမည်-ဟု ကျေးဇူးရှင်ကြီး အမိန့်ရှိသည်၊

## ကမ္မဝါစာဖြင့် သမုတ်ထားရပုံ

ဖော်ပြပါ"ဝိသုံဂါမ"ခေါ် အကွက်ငယ်ထဲမှာ ကံအမျိုးမျိုးဆောင်နိုင်လျှင် အဘယ့်ကြောင့် ကမ္မဝါစာဖြင့်ထပ်ပြီး သမုတ်နေရသေးသနည်းဟု မေးကြ၏။ အဖြေကား ထိုသီးခြားနယ်မြေကို အစိုးရက ပြန်သိမ်းလိုက်လျှင် ယင်းဝိသုံဂါမသိမ် ပျက်သွားပေသည်။ ထိုကြောင့် ကမ္မဝါစာဖြင့် သမုတ်ထားရပါသည်။

## သူကြီးအမည်ဖြင့် သိမ်အမိန့်စာမခံရ

ရှေးကသူကြီးများမှာ ကိုယ့်နယ်ကိုယ် အပိုင်စားရသည်။ ထိုနယ်ထဲမှ သီးခြားနယ်ဖြစ်အောင် သီးခြားပေးလို့ မဖြစ်နိုင်ပါ။ ပင်ကိုယ်က သူကြီးပိုင် မြေသည်လည်း ထိုသူကြီးပင်ဖြစ်သည်။ နောက်ထပ် သီးခြားတောင်းခံသော ရပ်ကွက်သည်သည်၊ ၎င်းသူကြီးပင် ပိုင်ရမည်ဆိုခဲ့သော် ဘာမှထူးမည်မဟုတ်ပါ၊ ထိုကြောင့် သူကြီးအမည်ဖြင့် သိမ်အမိန့်စာ မခံထိုက်။

ရွာသူကြီးက သိမ်ဒါယကာဖြစ်လျှင် သား,သမီးအမည်ဖြင့် အမိန့်စာလျှောက်ထားပါလေ။ ထိုကြောင့် "ရာဇာ ကဿစိ"၌ ကဿစိအရ "ပကတိဂါမ"ကို အပိုင်စားပြီးသော လက်ရှိသူကြီးမယူရ၊ အခြားသူကလျှောက်ယောက်ဖြစ်သင့်သည်၊

## ၂ ရာဇာ ကဿစိ ဒေတိ၌ရာဇာစစ်တမ်း

ပကတိ ဂါမသိမ်နှင့် ဝိသုံဂါမသိမ်သည် အကျဉ်းအကျယ်မျှ ထူးခြားသည်၊ နှစ်မျိုးလုံးသည် အဗဒ္ဓသိမ်ချည်း ဖြစ်ကြ၏။ သို့သော် ပကတိဂါမသည် ပါဠိတော်မှာ တိုက်ရိုက်လာသည်။ ဝိသုံဂါမသိမ်ကား အဋ္ဌကထာမှာလာရှိသည်။ နှစ်မျိုးလုံး မင်းအာဏာဖြင့် သီးခြား ရွာတရွာ,နယ်တနယ် အပိုင်းအခြားတခုဖြစ်နေခြင်းကြောင့် ဂါမသိမ်ဟု ဆိုရလေသည်။ ဤ၌ သီးခြား နယ်တနယ် ရွာတရွာဖြစ်အောင် ပိုင်းခြားပေးနိုင်သော 'ရာဇာ'ကို သိဖို့လိုပေသည်။

ရာဇာနော နာမ ပထဗျာရာဇာ,ပဒေသရာဇာ
မဏ္ဍလိကာ,အန္တရဘောဂိကာ,အက္ခဒဿာ,မဟာမတ္တာ။
ယေ ဝါ ပန ဆေဇ္ဇ ဘေဇ္ဇံ ကရောန္တာအနုသာသန္တိ
သဗ္ဗေတေရာဇာနော နာမ။ (ပါရာဇိကဏ် ပါဠိတော်)။

ပထဗျာ ရာဇာတိ သကလ ပထဝိယာ ရာဇာ(လ)
ယေ ဝါ ပနာတိ အညေပိ ယေ ရာဇကုလနိဿိတာ ဝါ
သကိဿရိယ နိဿိတာ ဝါ ဟုတွာ ဆေဇ္ဇဘေဇ္ဇံ
အနုသာသန္တိ။သဗ္ဗေပိ တေ ဣမသ္မိံ အတ္ထေ-
''ရာဇာနော''တိဒဿေတိ။ ပါ ဋ္ဌ-ပ-(ဆဋ္ဌ/၂၆၈-၉)၊

ဤပါဠိတော် အဋ္ဌကထာတို့အရ၊ လောကကျွန်းလုံးကို ပိုင်သော မင်းဖြစ်စေ၊ ကျွန်းတကျွန်းကို ပိုင်သော မင်းဖြစ်စေ၊ တနိုင်ငံကိုသာ ပိုင်သူဖြစ်စေ၊ တနယ်မြေကိုသာ ပိုင်သူဖြစ်စေ၊ အယုတ်ဆုံးအားဖြင့် တရားခံတယောက်ကို အပြစ်အားလျော်စွာ ဖြတ်နိုင်၊ သတ်နိုင်သော အာဏာရှိသူသည် မင်းမည်၏-ဆိုလိုသည်။

သို့သော် ဤနေရာ၌ တရားခံတယောက်ကို ဖြတ်နိုင်၊ သတ်နိုင်ရုံမျှဖြင့် 'ရာဇာ' အရ မယူသင့်ချေ၊ တနယ်နှင့်တနယ်ကို ပေါင်းနိုင်, ခွဲခြားနိုင်သောအာဏာရှိမှ 'ရာဇာ ကဿစိ'၌ ရာဇာအရ ကောက်သင့်သည်။

အဓိပ္ပာယ်သို့ရင်းကား....တပြည်လုံးကို အစိုးရသော မင်းမှ မဟုတ်။ ထိုမင်း၏ လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝ အပ်နှင်း (လွှဲအပ် ခြင်း ခံရ ရသောသူသည်လည်း ဤ၌ရာဇာမည်၏-ဆိုလိုသည်။

## အင်္ဂလိပ်မင်းတို့ အုပ်စိုးစအချိန်

မြန်မာပြည်ကို အင်္ဂလိပ်မင်းများ အုပ်စိုးစ အချိန်တုန်းက ခရိုင်ဝန်များသည် အင်္ဂလိပ်ဘုရင်မကဲ့သို့ မိမိ၏ နယ်မြေကို လုပ် ပိုင် ခွင့် အာဏာရှိခကြောင်း လျှောက်ထားကြသဖြင့် ခရိုင်ဝန်၏ အမိန့်ဖြင့် သိမ်အမိန့်စာခံယူကြသည်။ အချို့ဆရာတော်များကလည်း 'စိတ်မချရ'ဟု (သံသယ) ရှိသဖြင့် အင်္ဂလန်ပြည် ဘုရင်မထံ ရောက်အောင် လျှောက်ထားခိုင်းကြသည်။ဘုရင်မထံမှ အမိန့်စာပြန်လာမှ သိမ်သမုတ်ကြသည်။

## ကုလားတဲကျေးရွာ ခဏ္ဍသိမ်

မြင်းခြံခရိုင်-ညောင်ဦးမြို့နယ် ကုလားတဲကျေးရွာမြောက် ကျောင်းဝိုင်းအတွင်းရှိ ခဏ္ဍသိမ်ကို ဝိက်တိုရိယဘုရင်မ၏ အမိန့်စာကိုရအောင်ယူ၍ ညောင်ဦးဆရာတော်ဟူ၍လည်းကောင်း၊ ညောင်တုံးဆရာတော် ဟူ၍လည်းကောင်း ကျော်ဇောတော်မူခဲ့သော ပခုက္ကူနိကာယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တနန္ဒစံသမဟာထေရ်) ကြီးမှူး၍ သမုတ်တော်မူခဲ့သည်။ ထိုသိမ်မှာပင် စာရေးသူရဟန်းဖြစ်ခဲ့သည်။

## ဂျပန်ခေတ်ကိုယ်တွေ့ အမိန့်စာယူပုံ

စာရေးသူ၏ ရဟန်းဒကာများဖြစ်သော ဦးချင်း + ဒေါ်အေးရှင်တို့က သိမ်ဒကာပြုလုပ်လိုကြောင်း လျှောက်ထားသဖြင့် ဂျ ပန် ခေတ် တုန်း က ပခုက္ကူမြို့၊ မြောက်ဘက် ရွှေချမ်းသာတောင်ပေါ်မှာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးစီးပြီး အစိုးရအမိန့်ကို ရယူ၍လည်းကောင်း၊နယ်သိမ်း၍လည်းကောင်း သမုတ်ခဲ့သည်၊ ထိုစဉ်က ကျေးဇူးရှင်ကြီးက ခရိုင်ဝန်ကိုခေါ်ပြီး အမိန့်ရှိသည်မှာ–

**"မင်းသိမ် အမိန့်စာထုတ်ပေးနိုင်သလား၊ ရှေးကပေးကော ပေးခဲ့ဖူးသလား"**ဟု မေးပါသည်။

**"အခြားခရိုင်မှာ ပေးခဲ့ဖူးကြောင်း"**ခရိုင်ဝန်က လျှောက်ထားသည်။

"ဒါဖြင့် ဒီအတိုင်းပေးနိုင်မည်သလား"ဟု နမူနာအဖြစ် ရေးထားသော သိမ်အမိန့်ပေးပုံ စာရွက်ကို ခရိုင်ဝန်အားပြလိုက်သည်။ ထိုအခါ ခရိုင်ဝန်က "ပေးနိုင်ပါသည်"ဟုလျှောက်ထားသဖြင့် စာ မူ ကို ပေး လိုက်သည်၊ နောက်တနေ့ လက်နှိပ်စက်ဖြင့် ရိုက်ပြီး အမိန့်စာကိုခရိုင်ဝန်ကိုယ်တိုင်လာကပ်သည်။ (ထိုအမိန့်စာကို နောက်၌ ပြန်ရှုပါ။)

## ယခုခေတ် ကောင်စီအာဏာ

အုပ်ချုပ်ရေးအာဏာ ပြန့်နှံ့မှုသည် တခေတ်နှင့် တခေတ်တူသည် မဟုတ်ပါ၊ ယခုကောင်စီခေတ်မှာ ရပ်ကွက်၊ မြို့နယ်၊ တိုင်း၊ နိုင်ငံတော် ဟူ၍ အဆင့်သေးမျိုးထား၍ အုပ်ချုပ်ရာတွင်—

၁၊ ရပ်ကွက်ကောင်စီမှာ ဆေဌ ဘေဌ ဆိုတဲ့ ဖြတ်ခြင်း၊ သတ်ခြင်းအာဏာမရှိချေ။ အနည်းငယ်မျှသော ဒဏ်ရိုက်နိုင်သည်။

၂။ မြို့နယ်ကောင်စီမှာ ဖြတ်ခြင်း၊ သတ်ခြင်းအထိ အာဏာရှိသည်။ သို့သော် တနယ်နှင့်တနယ် ပေါင်းခြင်း၊ ခွဲခြင်းကိုကား မပြုလုပ်နိုင်-ဟု သိရသည်။

၃။ ထို့အတူ တိုင်းကောင်စီမှာလည်း နယ်မြေပေါင်းခြင်း၊ ခွဲခြားခြင်းမပြုလုပ်နိုင်။

၄။ အမြင့်ဆုံးဖြစ်သော နိုင်ငံတော်ကောင်စီမှာသာ တနယ်နှင့်တနယ်ပေါင်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပူးပေါင်းခြင်းအမှုကို ပြုလုပ်နိုင်သည်-ဟု လေ့လာသိရှိရမည်။ ထို့ကြောင့် ယခုကောင်စီခေတ်မှာ သိမ်အမိန့်စာကို နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုအမိန့်ကို ရအောင်ယူသင့်ပေသည်၊

## ဒေဝိဌ် ပေးခြင်း အမျိုးမျိုး

(၂၂)“ရာဇာ ကဿစ် ဒေဝီ”၌ ဒေဝိအရပေးခြင်း အမျိုးမျိုးရှိသည်၊ ၎င်းတို့မှာ -

၁။ ပကတိဂါမကို အပိုင်စားရသော သူကြီးအားပေးခြင်း။

၂။ လာဘသိမ် ဝတ္ထုကံ မြေကို ပေးခြင်းမျိုးကဲ့သို့ပေးခြင်း၊

၃။ သီးခြားနယ်မြေ (သီးခြားရွာ)ဖြစ်အောင် ပိုင်းခြားပြီးပေးခြင်းဟု ၃-မျိုးရှိသည်။ ထိုတွင် ပစ္စည်းကို အဓိက(ပဓာန)မထားပဲနယ်မြေ ပိုင်းခြားမှု (အသီးအခြားရွာဖြစ်အောင် ပေးခြင်းသည်သာလျှင် ဒေဝိအရဖြစ်သည်-ဟု ကျေးဇူးရှင်ကြီး အမိန့်ရှိသည်။

## သမ္မတာ (သာ) သီမာ၌ "သာ"မရှိသင့်

လွန်ခဲ့သော ၁၂၉၆-ခုနှစ်လောက်က ထင်ပါသည်။ သိမ်သမုတ် ကမ္မဝါနိဂုံး၌"သာ"ရှိမှုနှင့် စပ်လျဉ်း၍ ပခုက္ကူမှာ ပြဿနာပေါ်ခဲ့ဖူးသည်။

ထိုပြဿနာကို ၁၂-နာရီအချိန် ဝိနည်းမဟာဝါ ချုပို့စဉ် ကျေးဇူးရှင်ကြီး ဖြေရှင်းသည်မှာ-

ကမ္မဝါဟူသည်-ဉာတ်ရယ်၊ ကမ္မဝါရယ်၊ နိဂုံး ရယ်-သုံးချက် ညီရတယ်။

၁။ ဉာတ်၌ "ဧသေ ဝေဟိ နိမိတ္တေဟိ သီမံ"ဟူ၍သာရှိသည်။ "တံသီမံ" ဟူ၍ တသဒ္ဒါမရှိချေ။

၂။ ကမ္မဝါ၌လည်း "သီမံသမ္မန္နတိ။ သီမာယသမ္မုတိ"ဟူ၍သာ ရှိသည်။ တသဒ္ဒါမပါရှိချေ။

၃။ နိဂုံး၌လည်း ဉာတ်,ကမ္မဝါနည်းတူ"သမ္မတာသီမာ"ဟူ၍ရှိသင့်သည်။ "သမ္မတာ 'သာ' သီမာ"ဟု မရှိသင့်ချေ။ သို့သော် သိမ်ပိုင်ရှင်ဖြစ်သော ကျောင်းဘုန်းကြီးက 'သာ' ပါမှကြိုက်လျှင် "အဓိကေ ဒေါသော နတ္ထိ"အက္ခရာပိုလွန်ခြင်းကြောင့် အပြစ်မရှိ-ဟု ဝိမတိဖွင့် ဆိုချက်ရှိခြင်းကြောင့် ထည့်ဖတ်လိုက်ပါ မကြိုက်လျှင်ထည့်ဖတ်ရန် မလို-ဟု ကျေးဇူးရှင်ကြီး ဆုံးဖြတ်တော်မူခဲ့သည်။

## ကမ္မဝါစာ၌ အထူးထပ်ဖတ်နည်းများ

| | |
|---|---|
| ၁။ အ-ဝိပ္ပဝါသော။ | ၁။ သမုဟာတော |
| ၂။ အ-ဝိပ်-ပ-ဝါသော။ | ၂။ သမူဟာတော |
| ၁။ သံ-မတော | ၁။ တုဏှိ |
| ၂။ သမ္မတော | ၂။ တုဏှီ |
| ၃။ သံ-မံ-နိတော | ၁။ သိမာ |
| ၄။ သမ္မနိတော | ၂။ သီမာ |
| ၅။ သမ္မန္နိတော | ၁။ သံမတာ |
| ၆။ သံမနိတော | ၂။ သမ္မတာ |
| [illegible]။ သမနိတော | ၃။ သံ-မံ-နိတာ |

၁။ သမုဟနေယျ
၂။ သမ္မူဟနေယျ
၃။ သမုဟန္နေယျ
၄။ သမ္မူဟန္နေယျ
၅၊ သမုဟနယ့်ယျ
၆။ သမ္မူဟနယ့်ယျ

၁။ ခမတိ
၂။ ခမ္မတိ

၁။ ဘာသေယျ
၂။ ဘာသေ့ယျ
၃။ ဘာသယ့်သျ

၁။ ထပေတွာ
၂။ ဌပေတွာ
၃။ ဓပေတွာ

၁။ သမုဟနတိ
၂။ သမ္မူဟနတိ

၁။ နက္ခမတိ
၂။ နက္ခမ္မတိ

၁။ ယာဝတာ
၂။ ယာဝ-တာ

၁။ သံမနေယျ
၂။ သမ္မနေယျ
၃။ သမ္မန္နေယျ
၄။ သံ-မန္နေယျ
၅။ သံ-မံ နေယျ
၆။ သမနေယျ
၇။ သံမန္နေယျ
၈။ သံမန္နေယ့်ယျ

၄။ သမ္မနိတာ
၅။ သမ္မန္နိတာ
၆။ သံမနိတာ
၇။ သမနိတာ

၁။ ကေုပေါသထာ
၂။ ကေူပေါသထာ
၃။ ကေုပေါသဋ္ဌာ
၄။ ကေူပေါသဋ္ဌာ
၅။ ကေုပေါသဓာ
၆။ ကေူပေါသဓာ

၁။ သံ-မနတိ
၂။ သမ္မနတိ
၃ သမ္မန္နတိ
၄။ သံ-မံ-နတိ
၅။ သံမန္နတိ
၆။ သမနတိ

၁။ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ
၂။ ဂါမံစ ဂါမူပစာရံစ

၁။ သံမုတိ
၂။ သမ္မုတိ
၃။ သမုတိ

(အထပ်ဖတ်နည်းပြီး၏။)

ဤကမ္မဝါစာအထပ်ဖတ်နည်းကား–

၁။ ဘိုးတော်ရှင်ဘုရင်လက်ထက် မောင်းထောင်သာသနာပိုင် (၁၁၆၂)ခုနှစ်က သမုတ်သော သာသနာ့သောဘီဏီသိမ်တော် ကျောက်စာ။

၂။ ရွှေဘို ရှင်ဘုရင် လက်ထက် (ရွှေဘို ရှင်ဘုရင်၏) သမီးတော် ကောင်းမှုတော် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်အရှေ့မြောက် ဘက်ရှိသာသနာပိုင် ဦးညေယျ(၁၂၀၃)ခုနှစ်က သမုတ်သော မာရာရိဇယျသိမ်တော် မော်ကွန်းကျောက်စာ။

၃။ ရွှေဘိုရှင်ဘုရင်လက်ထက်ကပင် သာသနာပိုင်ဦးညေယျ(၁၂၀၇) ခုနှစ်က သမုတ်သော ဝိဇိတာရုံဘိုက်သိမ်ကျောက်စာတို့မှ ထုတ် နုတ်၍ ရေစကြိုဆရာတော်ဘုရားကြီး ချပို့တော်မူသည့်အတိုင်း လဒ္ဒေါပဒေသ နယမုဋ္ဌိရရှိတော်မူသော ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏နည်းပေတည်း။

## ကမ္မဝါဖတ်နည်း အမျိုးမျိုး

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သကြံန်တွင်း စာဝါပိတ် သောအခါ၌ တိုက်ရှိသံဃာတော်အားလုံးကို အလယ်ကျောင်းကြီးပေါ်မှာ စည်းဝေးစေပြီးလျှင် ကမ္မဝါဖတ်နည်းကို ထိုင်ပုံထိုင်နည်းမှစ၍ဖတ်ပုံ ၄-မျိုး ကိုပါ သင်ပေးတော်မူ၏။ ၎င်းတို့မှာ -

၁။ ကမ္မဝါစာရှိသည့်အတိုင်းဖတ်နည်း။
၂။ ရဿနှင့်ဖတ်နည်း။
၃။ ဒီဃနှင့် ဖတ်နည်း။
၄။ သိမာ–သီမာ–စသည်ဖြင့် အထပ်ဖတ်နည်း–ဟူ၍ ၄-မျိုးတည်း။ ထို ၄-မျိုးကို ပရိသတ် အလယ်မှာ ရဲဝံ့စွာ ဖတ်နိုင်အောင် ကျနစွာ သင်ပေးသည်။

## အထပ်ဖတ်နည်းကြိုက်သော ဆရာတော်ဘုရားကြီးများ

ဖော်ပြပါ– ၄– မျိုးတို့တွင် အထပ်ဖတ်နည်းကို အချို့ဆရာများ မကြိုက်ကြချေ။ အထပ်ဖတ်ရမည်–ဟူ၍ လည်းကောင်း၊ မဖတ်ရဘူး-ဟူ၍ လည်းကောင်း၊ကျမ်းဂန်ဘိုက်ရိုက် မရှိချေ။ ကြိုက်နှစ်သက်သော ဆရာစဉ် ဆက်မှာ–

၁။ ဘိုးတော်ရှင်ဘုရင် လက်ထက် မောင်းထောင် သာသနာပိုင်။
၂။ ရွှေဘိုရှင်ဘုရင်နှင့် မင်းတုန်းမင်း လက်ထက် သာသနာပိုင် ဦးဥေယျ။
၃။ (ဌင်းတပည့်) ရေစကြို ဆရာတော်ဘုရားကြီးနှင့် စံကျောင်း ဆရာတော်ဘုရားကြီး။
၄။ (ဌင်းတပည့်) မိုင်းခိုင်းဆရာတော်၊
၅။ (ဌင်းတပည့်) ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ဦးကြည်တို့ သည် ထပ်၍ ဖတ်ခြင်းကို ကြိုက်တော်မူကြကုန်၏။

ထပ်၍ ဖတ်ခြင်းကို ကြိုက်သော ဆရာတော်တို့က–

"သစေ ပန အက္ခရ ပရိဟိနံ ဝါ
ပဒပရိဟိနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊
တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံဝဋ္ဋတိ"–

ဟူသော ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ (ဆ/၂၄၃-၄) ကို အားကိုးပြုကြကုန်၏။ သို့သော် ဤပါဠိကား တကြိမ်ပြီးတကြိမ် တဆိုင်ပြီးတဆိုင်း အကြိမ်ကြိမ်ထပ်၍ ဖတ်ရန်ပြောဆိုခြင်း ဖြစ်သည်၊ တပုဒ်ခြင်းထပ်ပြီး ဖတ်ရန် ပြောခြင်းမဟုတ်ချေ။


**အထပ်နည်း မကြိုက်သော ဆရာတော်များ**

၁။ မီးဝိုင်းမင်းခေါ် ပုဂံရှင်ဘုရင်လက်ထက် ဗားကရာသာသနာပိုင်။
၂။ (ဌင်းတပည့်) အဆက်ဆက်တို့သည် ထပ်ပြီး ဖတ်ခြင်းကိုမကြိုက် ကြလေကုန်။ ထိုဆရာတော်တို့ကား–


"အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန
ကမ္မဝါစာ ကာတဗ္ဗာ။

ဟူသော ပရိဝါ ကမ္မဝဂ် အဋ္ဌကထာပါဌ် (ဆ/၂၄၇)ကို အားကိုး ပြုကြကုန်၏။ သို့သော် ထိုပါဠိကား– "အထပ်ဖတ်ရဖူး"– ဟု တားမြစ်သော ပါဠိမဟုတ်ချေ။ ငါတို့အကြိုက်ကား– ဖော်ပြပါဖတ်နည်း ၄-မျိုးကို တမျိုးစီ (တဆိုင်းစီ) ဆုံးအောင်ဖတ်၊ အကြိမ်ကြိမ်ဖတ်ပါ– ဟု ကျေးဇူးရှင်ကြီး မိန့်တော်မူ၏။

သိမ်သမုတ်ရာ၌မှတ်ဖွယ်ပြီး၏။




ပုံ(၁)။ အနံ ၂ တောင်၊ အလျား ၄ တောင်ရှိသော ဥဒေါင်စောင်းကွက်ပုံ
အလယ်မှစ၍နုတ်သော် အကွက် ၅၀ မှာ ဆုံးသည်။




ပုံ(၂)။ ပျားကြီး ဆွဲပတ်
လည်ကြက်ခြေခတ်နုတ်ပုံ။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၂ | ၁၁ | ၁၀ | ၉ | ၈ | ၇ |
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ |
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |

ပုံ(၃)။ အရှေ့မြောက်အရပ်မှ လူးလာ ပြ
ခေါက်နုတ်ပုံ။

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ၁၈ | [illegible] | ၂ | ၃ | ၄ |
| ၁၆ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၅ |
| ၁၅ | ၂၈ | ၂၉ | ၃၀ | ၂၃ | ၆ |
| ၁၄ | ၂၇ | ၂၆ | ၂၅ | ၂၄ | ၇ |
| ၁၃ | ၁၂ | ၁၁ | ၁၀ | ၉ | ၈ |

ပုံ(၄)။ အရှေ့ဘေးရစ်မှစ၍ လက်ျာရစ် လည်ပြီးနှုတ်ပုံ။

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |
| ၂၄ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၃ | ၈ | ၁ | ၂ | ၃ | ၁၄ |
| ၂၂ | ၇ | ၆ | ၅ | ၄ | ၁၅ |
| ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ | ၁၆ |

ပုံ(၅)။ အလယ်ကွက်မှစ၍ လက်ျာရစ်နှုတ်ပုံ။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| ၃ | ၃ | ၃ | ၃ | ၃ | ၃ |
| ၄ | ၄ | ၄ | ၄ | ၄ | ၄ |
| ၅ | ၅ | ၅ | ၅ | ၅ | ၅ |

ပုံ(၆)။ ယက်ကန်းခတ်နှုတ်ပုံ။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၃ | ၆ | ၁၀ | ၁၅ | ၂၀ |
| ၂ | ၅ | ၉ | ၁၄ | ၁၉ | ၂၄ |
| ၄ | ၈ | ၁၃ | ၁၈ | ၂၃ | ၂၇ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၂၆ | ၂၉ |
| ၁၁ | ၁၆ | ၂၁ | ၂၅ | ၂၈ | ၃၀ |

ပုံ(၇)။ အရှေ့မြောက်မှစ၍ ထောင့်ဖြတ် စပ်ပြီးနှုတ်ပုံ။

# ၅။ ကထိန်ခင်းရာ၌ ဆောင်ရွက်ရမည့်လုပ်ငန်း

## ကထိန်ခင်းလုပ်ငန်း အစီအစဉ် (၈)မျိုး

**ကထိန်ခင်းရာ၌—**

**ခံ, ရွေး, ပေးနှင်း, ဖွင့်, ထိုးခြင်း, တင်, ခင်း, နုမောဒါ—**

ဟူသည်နှင့်အညီ လုပ်ငန်းကြီး (၈)မျိုးရှိသည်။ ၎င်း(၈)မျိုးပြီးလျှင် ကထိန်လုပ်ငန်းလည်း ပြီးတော့သည်။ ထို(၈)မျိုးကို နားလည်မှ ကထိန်ခင်းတတ်သည်။ ထို့ကြောင့် ထို(၈)မျိုး သိအောင် လေ့လာထားရမည်။ ထို့တွင်—

(၁) **ခံ—** ဟူသည် ကထိန်သင်္ကန်းကို အလှူခံခြင်းဖြစ်သည်။

ထို့ကြောင့် ကောင်းမှုရှင်တို့က ဥတ်သင်္ကန်းကိုကိုင်၍—

"မယံ ဘန္တေ ဣမံ ကထိနစီဝရံ ကထိနတ္ထာယ
သံဃဿ ဒေမ ဣမာယ သံဃော ကထိနံ အတ္ထရတု"
(ကေသီ-သင်းပိုင်ဖြင့် ခင်းလျှင်)ဣမိနာ သံဃော ကထိနံ အတ္ထရတု"

ဟု အဆိုခိုင်းပြီး ကထိန်သင်္ကန်းကို အလှူခံရမည်။ သုံးကြိမ် ပါဠိကို သင်ပေးပါ။

**အနက်ကား—**ဘန္တေ၊ ဘုရား၊ မယံ၊ တပည့်တော်တို့သည်။ ဣမံကထိနစီဝရံ၊ ဤကထိန်သင်္ကန်းကို။ သံဃဿ၊ အား။ ကထိနတ္ထာယ၊ ကထိန်ခင်းခြင်းငှာ။ ဒေမ၊ လှူဒါန်းပါကုန်၏။ သံဃော၊ သည်။ ဣမာယ၊ ဤသင်္ကန်းကြီးဖြင့်။ ကထိနံ၊ ကို။ အတ္ထရတု၊ ခင်းတော်မူပါလော့။ (ခံ—ပြီး၏။) (ပြီးလျှင် ပထမတောင်းပန်လွှာ ဖတ်ပါ။)

(၂) **ရွေး—** ဟူသည် အလှူခံပြီးသော သင်္ကန်းကို မည်သည့် ပုဂ္ဂိုလ် ကထိန် ခံသိုက်သည်— ဟု အမေး-အဖြေ ပြုလုပ်၍ ရွေးချယ်ခြင်း ဖြစ်သည်။

(ပထမ တောင်းပန်လျှာ ဖတ်ပြီးလျှင် အမေး-အဖြေ ဆက်လုပ်ပါ။ အမေး အဖြေ ဖတ်ပြီးသောအခါ ငြိုသူ့ထိုက်၊ ခင်းထိုက်သည်– ဟု ထင်ရှားလိမ့်မည်။) (ရွေးပြီး၏။)

(၃) ပေးနှင်း–ဟူသည် ကထိန်ခံထိုက်, ခင်းထိုက်သောရဟန်းအား ခဏ္ဍသိမ်ပေါ်၌ ဉတ်ကမ္မဝါစာဖတ်၍ ဉတ်သက်န်းကို သံဃာကပေးရသည်။ (နှင်းရသည်။) ဉတ်ကမ္မဝါစာ ဖတ်ရှုတ်ရန်– တိဿ-ဟု မှည့်၍သော်လည်းကောင်း ကမ္မာ၌ပြ ပုဂ္ဂိုလ်၏ဘွဲ့ရင်းနှင့်သော်လည်းကောင်း ဖတ်နိုင်သည်။

အထူးမှာ–ကမ္မဝါစာ၌ "ဂ ထိန္နဋ္ဌံ"–ဟု ရှိသည်၊ ယခုကာလ ဆိုးပြီး၊ ချုပ်ပြီး ဖြစ်သောကြောင့် "ဂ ထိနစီဝရံ"–ဟု ပြင်ပြီးဖတ်ပါ။ (ပေးနှင်းပြီး။)

(၄) စွန့်– ဟူသည် နဂိုကိုင်နေကြ ဖြစ်သော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရုဒ်ပြုရသည်။ အဓိဋ္ဌာန်နှုန်ရသည်။

(ဥပမာ) ကထိန်ခင်းမည့် သင်္ကန်း က၊ သင်္ကန်းကြီးဖြစ်ပါက ကိုင်နေကြ သင်္ကန်းကြီးကို "ဣမံသံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု ပစ္စုဒ္ဓိရုဒ်ပြုစွန့်ရသည်။ ကောသီဖြစ်ပါက "ဣမံဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" သင်းပိုင်ဖြစ်ပါက "ဣမံအန္တရဝါသကံ ပစ္စုဒ္ဓရာမိ"–ဟု စွန့်ရမည်-ဟု ဆိုလိုသည်။ (စွန့်ပြီး၏)

(၅) ထိုးခြင်း– ဟူသည် ကထိန်ခင်းမည့် သင်္ကန်းကို– ကပ္ပဗိန္ဒုထိုးရသည်၊ သစ်ရွက်ရေ– ရွှံ့ညွန့်ရေ၊ မှင်ရေတို့ဖြင့် ထိုးရသည်။

**နေရာ–** ထိုးရမည့် နေရာမှာ– သင်္ကန်း၏ လေးထောင့်လုံး၌ ဖြစ်စေ၊ သုံးထောင့်၊ နှစ်ထောင့်၊ တထောင့်၌ဖြစ်စေ၊ ထိုးရသည်။

**ပမာဏ–** ဥဒေါင်းမျက်ကွင်းထက် မကြီးစေရ၊ ကြမ်းပိုးကျောက်ကုံးအောက်လည်း မငယ်စေရ။

**အရေအတွက်–** နှစ်ပျောက်၊ သုံးပျောက် စီတန်းနေအောင် တန်းစီ၍ မထိုးရ၊ ဖိုခနောက်ဆိုင်လည်း မထိုးရ။ တပျောက်ထည်းသာ ထိုးရရမည်။ (ထိုးခြင်းပြီး၏။)

(၆) **တင်—** ဟူသည် ကထိန်ခင်းမည့် သင်္ကန်းကို အဓိဋ္ဌာန်ကြီးတင်ရသည်။

ဥပမာ - ကထိန်ခင်းမည့် သင်္ကန်းက သင်္ကန်းကြီး ဖြစ်ပါက "ဣမံသံဃာဋိံ အဓိဋ္ဌာမိ"

ကောသိဖြစ်ပါက "ဣမံဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"

သင်းပိုင်ဖြစ်ပါက "ဣမံအန္တရဝါသကံ အဓိဋ္ဌာမိ"- ဟု အဓိဋ္ဌာန်တင်ရသည်။ (တင်ပြီး၏။)

(၇) **ခင်း—** ဟူသည် အဓိဋ္ဌာန်တင်ပြီးသော ဥတ်သင်္ကန်းကိုကိုင်၍ (သင်္ကန်းကြီး ဖြစ်ပါက) "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟု သုံးကြိမ်ဆိုရမည်။

**အနက်ပေး—** ဣမာယ သံဃာဋိယာ၊ ဤသင်္ကန်းကြီးဖြင့်။ ကထိနံ၊ ကို။ အတ္ထရာမိ၊ ခင်းသိုက်ပါ၏။ဝါ၊ စီဝရကာလကို တပေါင်းလပြည့်နေ့ထိအောင် ဖြန့်လိုက်ပါ၏။

(ကောသိ ဖြစ်ပါက) "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံအတ္ထရာမိ"
သင်းပိုင်ဖြစ်က "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"- ဟု ဆို၍ ခင်းပါလေ။

တတော အတ္ထရဏကာလေ တမေဝ အဓိဋ္ဌိတသံဃာဋိံ
"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမီတိ ဝါစာ ဘိန္ဒိတဗ္ဗာ၊
သေနယော ဣဘာဓရသု၊ " (ဝိနယာ လင်္ကာရဋီကာ-၁၁၈။)

**မှတ်ချက်—** ဤကိစ္စသည်ကား- ကထိန်ခင်းကိစ္စအစစ်ဖြစ်သည်။

ခံ, ရွေး, ပေးနှင်း, စွန့်ဆိုးခြင်း, တင်-ကိစ္စတို့ကား ကထိန်ခင်းခြင်း၏ ပုဗ္ဗကိစ္စများ ဖြစ်ကြသည်။ (ခင်းပြီး၏။)

(၈) **နုမောဒါ—** ဟူသည် ကထိန်ခင်း၍ ပြီးသဖြင့် သံဃာတို့ကို ဝမ်းမြောက်ကြရန် (အနုမောဒနာပြုရန်) တိုက်တွန်းခြင်း ဖြစ်သည်။

**အနုမောဒနာပြုပုံကား-**"အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" - ဟု ကထိန်ခင်းသော မထေရ်ကြီးက သုံးခေါက်ဆိုရမည်။

သံဃာတော်တို့က "အဘ္ဘတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"-ဟု ဆို၍ အနုမောဒနာပြုရမည်။

## အနုမောဒနာ ပြုရမည့် ပုဂ္ဂိုလ်များ

ကထိန်ခင်းသော တိုက်မှာ ပထမ ဝါကျက်သော ရဟန်းများနှင့် သာမဏေများ အနုမောဒနာပြုရသည်။ အနုမောဒနာပြုသော ရဟန်းတို့မှာ ကထိန်ခင်းခြင်းကိစ္စပြီး၏။ ကထိန်ပြောက်၏။

## အနုမောဒနာမပြုရသော ရဟန်းများ

အခြားတိုက်မှ ရဟန်းများနှင့် ဝါကျုး၊ ဝါပြတ်၊ ဒုတိယဝါသား ရဟန်းများသည် အနုမောဒနာမပြုရချေ။ သာမဏေများအားလည်း ပစ္စည်းများကို ဝေဖန်ပေးရမည်။

သာမဏောရာ ကထိနာနိသံသံ လဘန္တိ ဝဒန္တိ။

(ဝဇီရဗုဒ္ဓိ-ဋီကာ-၄၇၉။) (အနုမောဒါ ပြီး၏။)

ခံ-ရွေး-ပေးနှင်း၊ စွန့်-ထိုးခြင်း၊ တင်-ခင်း နုမောဒါ- ဟူသော ကထိန်လုပ်ငန်းစဉ် (၇)မျိုး ပြီး၏။

(၎င်းကိစ္စများပြီးလျှင် တတိယသြဘာစာ ဖတ်ပါ။)

သြဘာစာဖတ်ပြီးလျှင် သီလပေး၊ ရေစက်ချ၊ ပရိတ်ရွတ်၊ တရားဟောလုပ်ငန်းများကို ဆက်လုပ်ပါ။

ကထိန်ခင်းလုပ်ငန်း (၇) မျိုး ပြီး၏။

---

## (ခ) ကထိန်သင်္ကန်းအလှူခံပြီးလျှင် ဖတ်ရန်

## ကထိန် ပထမ တောင်းပန်လွှာ

ဧကောဗုဒ္ဓေါ၊ သာရကပ္ပေ၊ မဏ္ဍကပ္ပေ ဇိနာဒုဝေ။
တယောဗုဒ္ဓါဝရကပ္ပေ၊ သာရမဏ္ဍေ စတုရောဗုဒ္ဓါ။ ပဉ္စဗုဒ္ဓါ
ဘဒ္ဒကပ္ပေ၊ တတောနတ္ထာ မိကာဇိနာ-

ဟူသော မဓုသာရတ္ထဝိလာသိနီ မည်သော ဗုဒ္ဓဝင် အဋ္ဌကထာ-ဝိသုဒ္ဓဇနဝိလာသိနီ မည်သော အပဒါန် အဋ္ဌကထာ လာသည်နှင့်အညီ သာရကပ်၊ မဏ္ဍကပ်၊ ဝရကပ်၊ သာရမဏ္ဍကပ်၊ ဘဒ္ဒကပ်တို့တွင် အလွန်ဒုကြူး အထူးကောင်းမြတ်ရာ ဤဘဒ္ဒကမ္ဘာဝယ်၊ ဇမ္ဗူဒီပါ ကျွန်းလက်ျာတွင် မဟာမဏ္ဍလ-မဇ္ဈိမဒေသ၊ ကပိလဝတ္ထုပူရ-ရာဇဌာနီ၊ မင်းနေပြည်ဝယ်-

ပါရမီမျိုးစေ့၊ လောကလွေ့ ရင့်သန်၊ ပွင့်ချိန်တန်ပြီ ဖြစ်ရကား၊ ဂေါတမနွယ်ဖွား၊ တို့ဘုရားသည်၊ ဖွားတော်မူသည်မှ ၂၉-နှစ်ရောက်လတ်သောအခါ၊ မဟာဘိနိက္ခမန-အတိဒုက္ကရ၊ ကျင့်ပြီးမှလျှင်၊ အပ္ပရာဇိတပလ္လင်၊ ဗောဓိပင်တွင်၊ ငါးအင်သောမာန်၊ ငါးပါးရန်ကို၊ တုန်းလှန်ဖြိုဖျက်၊ အောင်မြေချက်၌၊ ကံနက်ထီးဖြူ၊ နန်းနိဗ္ဗူကို၊ လှမ်းယူစိုးပိုင်၊ တန်ခိုးမြိုင်လျက်၊ ဦးခိုင်ဓမ္မရာဇ်၊ မင်းဆုံးအစစ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကစ၍ ပဥ္စဝတ္တာလီသ၊ ဂဏသင်္ချာ၊ လေးဆယ့်ငါးဝါ၊ ရှည်ကြာကာလ၊ တည်သမျှ၌၊ ဒေသစာရီ၊ ထိုထိုဤဤ၊ လှည့်လည်တော်မူ၊ သုံးဘုံသူတို့အား၊ မှနေမနား၊ တရားရေအေး၊ ဒမြိုက်ဆေးကို၊ တိုက်ကျွေးငဲ့၊ ဓမ္မတာသဘာဝ၊ ဗုဒ္ဓကိစ္စ၊ ပြီးငြိမ်းမှလျှင်၊ အမတဓာတ်နန်း၊ ပြည်ကြွင်မှန်းကို၊ သိမ်းမြန်းစိုးစံတော်မူလေသတည်း။

ယင်းသို့ အမတဓာတ်နန်း၊ ပြည်ကြွင်းနန်းကို သိမ်းမြန်းစိုးစံတော်မမူမီ၊ မိထွေးတော် ဂေါတမီ၊ ဘိက္ခုနီပြုလုပ်ရန်၊ တောင်းပန်သော စကားငယ်၊ အဋ္ဌပွဘ်တွင်၊ သတ်မှတ်ပိုင်းခြား၊ ငါးထောင်အားဖြင့်၊ ထားတော်မူရာ၊ သာသနာသည်၊ မဟာမဏ္ဍလ၊ မဇ္ဈိမဒေသ၊ သီဟဋ္ဌဒီပ၊ သထုံသုဓမ္မာပူရ၊ ပေါက္ကာရာမ၊ ထိုမှစ၍၊ နာမပုံ့မွှေး၊ မန္တလေးနေပြည်တော်တိုင်-

ကျော်လှိုင်တေဇာ၊ အာစရိယ၊ ပရံပရာ၊ စဉ်လာမပျက်၊ ဆင်းသက်ပြောင်ရွှန်း၊ ဥဒိစ္စန်းမှ၊ တက်ထွန်းသော နေမင်းလမင်းပမာ၊ ထွန်းလင်းစည်ကားရာ၊ မြန်မာရဋ္ဌ၊ ပဋိရူပဒေသ၊ (ဗုဒ္ဓကုန်းကျွန်းဂါမ၌၊ ထာဝရပျော်မွေ့၊ နေထိုင်လေ့ရှိပါသော၊ ကွယ်လွန်သူ အဖွားကြီး ဒေါ်ဝကို အမျိုးထား၍ မြေး-မောင်ကျော်တင့်၊ မောင်ကျော်မြင့်တို့သည်)။

ကောင်းမှုကံကုသလ၊ အားထုတ်၍ပြုကြမှု၊ ခုဘဝပါရမီ၊ ဘဝတိုင်းပါမည်ဟု၊ စာဂီကိုစိတ်ကြံ၊ ကိုယ်ပိုင်ဟု၊ အသိသန်သော၊ ကမ္မသကတာဉာဏ်အစ၊ သီလဝိသုဒ္ဓိတရပ်၊ ခုသတ်မှတ်ဒါန၊ အားလုံးကြီး ငေယျမွေ့ကို၊

သမထသူထောင်၊ စိဘ်ထဲကသူဆောင်၍၊ မတူအောင်ဆင်ခြင်၊ သတိနှင့် သမ္ပဇဉ်ဖြင့်၊ ထင်မြင်သောကာလ၊ သမာဓိဉာဏ် တစိတ်ရသဖြင့်၊ စိတ္တဝိသုဒ္ဓိတရပ်။

ဤများပြားသော ဒေယျဓမ္မ၊ ရင်းကစ၍၊ တေဘုမ္မက၊ သင်္ခါရတို့သည်၊ အတည်မကျ ရုပ်နာမ်ဓမ္မ၊ ဤနှစ်ဝသာ တည်း-ဟု၊ ရုံ့စည်းကြံဖန်၊ ဤကားနာမ်၊ ဤကားရုပ်၊ လူမဟုတ်ကို၊ ဘူတရုပ်ထိ၊ အဟုတ်သိသော၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့် နာမရူပ ပရိစ္ဆေဒဉာဏ်။

နာမ်တရား၊ ရုပ်တရား ယင်းနှစ်ပါး၏ အကြောင်းကို သိမ်းဆည်း၍၊ ပစ္စည်းပစ္စယုပ္ပန္န၊ ပဋိစ္စသမုပ္ပါဒ၊ သိမြင်ကြသဖြင့်၊ ဒွိဟာတံသင်း ကင်းကြသောခါ၊ ကင်္ခါဝိတရဏာဝိသုဒ္ဓိနှင့် ပစ္စယပရိဂ္ဂဟဉာဏ်။

ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ၊ ၁၁-ဖြာ လက္ခဏာ- သုံးသပ်ကြသော သမ္မသနဉာဏ်။

ဖြစ်ပျက်နှစ်ခု၊ အစုံရှုသော-ဥဒယဗ္ဗယဉာဏ် အမြင်သန်၍၊ လမ်းမှန်ကိုမိ၊ လမ်းရိုးသိသော၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

ဥဒယဗ္ဗယဉာဏ်၊ အရင်ပြန်၍၊ ဝယဖန်မျိုးကာ၊ ကိုးဖြာဉာဏ်တွင်၊ အပျက်မြင်သော ဘင်္ဂါနုပဿနာဉာဏ်။

ခြင်္သေ့သစ်ကျား၊ သားရဲစွယ်ပြူး၊ ဘီလူးရက္ခိုက်၊ နွားမိုက်ခွေးကြမ်း၊ ကြောင်ခမာန်းတွေ့၊ မှိုင်းမေ့ဝေနောက်၊ သေမတတ်ကြောက်သလို၊ ထိုထိုဓမ္မသင်္ခါရဝယ်၊ ကြောက်ဖွယ်တုံ့အေး၊ ဘေးတကား-ဟု၊ ပိုင်းခြားသိမှု၊ အမှတ်ပြုသော ဘယတုပဋ္ဌာနဉာဏ်။

သားရဲနေသောရှို၊ ကျားခိုသောတောင်ခေါင်း၊ မိချောင်းရက္ခိုက်စောင့်သောရေ၊ ခိုးသူဒမြနေသောလမ်း၊ သံလျက်ထမ်းသော သူသတ်၊ အဆိတ်ခပ်သောထမင်း၊ ဝင်းဝင်းပြောင်ပြောင် မီးလောင်၍နေသောအိမ်၊ ရွယ်ချိန်ပစ်သတ်၊ ထိုးခုတ်သော စစ်ပွဲ၌၊ မရဲလန့်ထိတ်၊ စိတ်မပျော်ရွှင်၊ အပြစ်ကိုမြင်သကဲ့သို့၊ သုံးအင်ဘဝ၊ တေဘုမ္မက၊ သင်္ခါရမျိုး၊ တရားဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိသော အာဒီနဝဉာဏ်။

စိတ္တကူဋ္ဋတောင်ခြေ၌၊ ပျော်နေကြသော ရွှေဟင်္သာသည်၊ စန္ဒာလရွာအတွက်၊ တံစည်းအိုင်ရွှံ့ဗွက်၌၊ မနှစ်သက်-မပျော်ပိုက်သလို၊ ထိုထိုရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၌ မနှစ်ခြိုက်နိုင်၊ ညှိုးမှိုင်းငြီးငွေ့၊ မပျော်မွေ့သော နိဗ္ဗိဒါနုဉာဏ်။

ပိုက်ကွန်၌ငါး၊ မြွေမိသောဖား၊ အရောင်၊ ချိုင့်လှောင်သောတော ကြက်၊ အလမ္ပယ်လက်၌ မြွေ၊ ကျော့ကွင်းမိသော သမင်၊ ဂဠုန်လက်တွင်နဂါး၊ ကြောင်းပါး လက်သယ် ကြွက်သူငယ် စွန်လက်သဲဝယ် စာသူငယ်ကဲ့သို့၊ ဘယ် တစုံတရာ သခါရတရား၌၊ ပျော်ပါး ငြိကပ်ခြင်းမရှိ၊ လွတ်ခြင်းကိုသာ အလို ရှိသော-မုစ္စိတုကမျတာဉာဏ်။

လွတ်သို၍ လွှက်ရသည့်ငှာ၊ ဘာဝနာ လေးဆယ် အကျယ် ဖြန့်ချိ၊ အားထိုက်သိသော ပဋိသင်္ခါဉာဏ်။

တေဘုမ္မက သင်္ခါရဝယ်-မတွယ်သမှု၊ လျစ်လျူရှုသော-သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် ရောက်နိုင်သမျှ၊ ပေါက်နိုင်သမျှ-သတ္တဝါသင်္ခါရ-ဒါတဗ္ဗ တို့၌ ဘာဝနာမယဉာဏ်။ အတန်တန်ကို ဖန်ဖန်မွှမ်းဆုံ၊ ဉာဏ်ဖြင့် ချုံ၍၊ အာရုံစွဲကာ၊ သစ္စာနုလောမိက ဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ စရှိ တက်ပြန်-ဂေါတြဘူဉာဏ်၊မဂ်ဉာဏ်နှင့် ဉာဏဒဿနဝိသုဒ္ဓိ။

ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်-စိတ်ရည်သန်၍-

"မယံ ဘန္တေ ကထိနစီဝရံ သံဃဿ ဒေမ"ဟု
ဝစီကံမြွက်ခန်းဖြင့် လှူဒါန်း၍ ပြီးပါပြီ-

"ဒေသေတု အန္တေ ဘဂဝါ" သဟံပတိ မိုးဗြဟ္မာ-တောင်းပန် သည့်ပမာ၊ ကောင်းမွန်စွာ ရိုကျိုး၊ လက်ဆသ်ဖြာ၊ ထိပ်မှာမိုး၍၊ ရှိခိုးကာ တောင်းပန်မှုကို၊ သေအခြာဆောက်ရှု၍၊သမ္မုတိနွယ်သာ၊ယခုရှိ ထေရ်သံဃာ တို့သည်၊ စီစဉ်ကာ ကျင်းပ၍၊ ခင်းကြတော်မူပါမည့်အကြောင်း၊ ဥခေါင်း ညွှတ်ခါ တောင်းပန်ပါသည်-သံဃာတော် အရှင်မြတ်တို့ဘုရား။

(ပထမတောင်းပန်လွှာ ပြီး၏။)

---

## ကထိန် အမေးအဖြေ ပြီးလျှင် ဖတ်ရန်

### ဒုတိယ အလွှာ

သမ္မာသမ္ဗုဒ္ဓ-ဒွိပဒုတ္တမ-အဘိဥက္ကဋ္ဌ-အနုတ္တရမှန်ကူ၊ သယမ္ဘူ ထွတ် ထား မြတ်ဘုရားသည်၊ နတ်လူ ဗြဟ္မာ၊ သတ္တဝါတို့အား၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးခေင်၊ ပြီးပြီးမှလျှင်၊ အမတဓာတ်နန်း၊ ပြည် ကြွံနန်းကို၊ သိမ်းမြန်းစိုးစံတော်မူပြီးနောက်၊ထားတော်မူရာ-သာသနာသည်၊

နဘန္တရာ-တိမ်လွှာပယ်ထွန်း၊ စိစိထွန်းသော- မွန်းတည့်နေပမာ- ထွန်းလင်း တောက်ပရာ-တေဇာပုံ့ဖုံး၊

(ဗုဒ္ဓကုန်းကျွန်း၌၊မယွင်းသီလ၊အာစာရဖြင့်၊ ထာဝရ ပျော်မွေ့၊ နေထိုင်လေ့ ရှိပါသော အဘ-ကျောင်း ဒကာကြီး ဦးသာအေး- ကျောင်းအမကြီး ဒေါ်လှရှင်-မကြီးတို့ကိုအမှူးထား၍၊မောင်လှရွှေ မရှင်တို့က)-

မြတ်လှအရိုန်၊ဥတ်ကထိန်ကို၊ အစ်န္တေယျ၊ ဦးညွှတ်ခလျက်၊ ခင်းကြ သည့်ခါ၊ ဩဘာနိမိတ်၊ ဝိညတ်နှင့်မယှဉ်၊ ပရိယာယ်ကင်း၍၊ ကောင်းကင် ပြင်က၊ လျှောကျသည့်ပမာ၊ စင်ကြယ်စွာသော၊ ကထိန်လျာရည်မှန်း၊ ဤ သင်္ကန်းကို၊ ရွှင်လန်းစွာယောက်ရှ၊ ကမ္မဝါစာဖတ်မှုဖြင့်၊ အနုရှုပရည်မှတ်၊ သင့်လျော်သော မထေရ်မြတ်အား၊ပေးအပ်ခါဆောင်နှင်း၊အာ လုံးကြီးလင်း ချင်းအောင်၊ ခင်းကျင်းတော်မူပါမည့် အကြောင်း၊ ဉခေါင်း ညွှတ်ခါ၊ တောင်းပန်ပါသည်-ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။ ။

**အမှာ။** ။ဤအလွှာကို ဖတ်ပြီးလျှင် သိမ်သို့သွားကြ၍ ဥတ်ကမ္မဝါ စာဖြင့် ကထိန်သင်္ကန်းပေးပါ။ ဤအလွှာကို ရတုသွား ကဲ့သို့ မဖတ်သင့်။

## ကထိန်ခင်းပြီးလျှင်-တတိယ ဖတ်ရန်

(ကောင်းမှုရှင်တို့ အမျှဝေပုံ)

(၁) မင်လာနေရောင်၊ မြေ-တံဆောင်ထက်၊ ရွှေတောင်တန္တု၊ ပြန် စလုမျှ၊ပံ့သုပထဝီ၊ မြေမဟီတွင်၊ ဝေစည်ဩဇာ၊ ကျွန်းလက်ျာမှာ၊သမ္ဗဒါဇက်၊ ဂုဏ်မျိုးထွက်၍၊ လေးချက်စုံညီ၊ဘုံမဟီဝယ်၊ဂုဏ်ရည်ကြွယ်ဝ၊ကျွန်းဗုဒ္ဓဂါမ၌၊ ထာဝရလက်သုံး၊ သူတော်ထုံးကို၊ နှလုံးစွဲကာ၊ နေထိုင်ပါသော၊ သညာ လွန်ကြီ ၊ မကြီး၏၊ဦးစီးနာယက အဓိကဖြင့်၊ သားလှတသီး၊ ရှုမငြီးတို့၊ ရောခိုင်ပြီး၊ ကထိန်ကြီးသည်-

အံ့ချီးမကုန်၊ လူမျိုးစုံနှင့်၊ လှုပါကုန်ကြ၊ ဤပုညဝယ်၊ ဒုလ္လဘဉာဏ်၊ ဖြစ်ကြဟန်မှာ၊ ရပ်နာမ်ဓမ္မ၊ သင်္ခါရကို၊ သမထ-ဘာဝနာ၊ မှန်းထုံကာဖြင့်၊ ဖြာဖြာ ဉာဏ်ယှဉ်၊ စခန်း ထွင်လျက်၊ လမ်းစဉ် မကွာ၊ ဆင်ခြင် ကာဖြင့်၊ ခုနစ်ဖြာရှု၊ ဝိသုဒ္ဓိကို၊ မိမိနိုင်သမျှ၊ မိပြီးမှလျှင်၊ မုဉ္စေတနာ လွှတ်ကြပါ၏။

အန္တွတ္ထဂုဏ်ရှိန်၊မြတ်ကထိန်ကို၊ ပုဏ္ဏမီရက်၊လဝန်းဧကသို့၊ပျက်ပျက်ထင်ထင်၊ သမ္ဘဇဉ်နှင့်၊ဥာဏ်ယှဉ်စေမှု၊မျှဝေပြု၏၊ သာဓုနတ်ပန်း ဖြဲဆန်းကို၊ လျှပ်သန်း ဆင့်ဝေ၊အပွင့်ချွေသည်၊ နတ်လူသမျှ ညွှင်းညွှင်းတည်း။

(၂) ပုလဲငွေစိန်- ဝေဝေထိန်လျက်၊ မြကြူနီ၊ စိန်ရတီနှင့်၊ သိင်္ဂီ မျိုးမျတ်၊ ကိုးနဝရတ်တို့၊ ဖြိုးလျှပ်ဝေကျူ၊ ပခုက္ကူတောင်ရွှင်း၊ (ဗုဒ္ဓကုန်း ကျွန်းဂါမဌ်၊ စာဂအလုံး၊ ပုလဲကုံးကို၊စွဲသုံးပြီးခါ၊နေထိုင်ပါသော ဥပသကာ၊ အင်္ဂါစုံညီ၊ ဂုဏ်ရည်လွန်ကြီး၊ မမကြီး၏ သားသမီးတစုတို့သည်။)

ပြည်ကြီးနိဗ္ဗာန်၊ နေရဖန်ကို ကေန်ရောက်ကြောင်း၊ဆုကြီးတောင်း၍၊ အပေါင်းစုံစွာ၊ ဥာတကာတို့၊ သဒ္ဓါသမျှ ပါဝင်ကြသည့်၊ဒါနဆင်နွဲ၊ကထိန် ပွဲ၌၊ ဝင်နွဲပြုကြ၊ကုသလမှာ၊ သုခပွါးစည်၊အများကြည်ဖို့၊ တည်တည်စိတ်ကြံ၊ အဓိဋ္ဌာန်ဖြင့်၊ ဖိဘ်မံပြီးကာ အတူသာလျှင်၊ ဘာဝနာမွမ်းထုံ၊ စခန်းကုန် အောင်၊ လွှမ်းခြုံပြုကြ၊ တုမချ သည့်၊ ဘဏသမ္ပယုတ်၊ကုသိုလ်ထုပ်ကို၊ သမုဒ် အဏ္ဏဝါ၊ဇလန္တာသျှင်၊စ်ပမာဘင် ဘုမိခင်နှင့်၊ ထေရ်ရှင်ဆရာ၊ဉာတကာများ၊ အစထား၍၊ သုံးပါဘဝေ၊ များဝေနေတို့၊ ရစေသမှု၊ မျှဝေပြုကို၊ သာဓု- သာဓု-သာဓု ပတ္ထနာပြု၍၊ အနုမောဒနာ၊ထောမနာသည်၊ ဩဘာငြိမ့်ငြိမ့် အေးအေးတည်း။

(၃) မဟီပထဗျာ၊ညီအညာတွင်၊ စည်ပမာဏ၊ သီတာခလျက်၊ ဌာန ခပင်း၊သတင်းဖြိုးမော်၊ဟိုးဟိုးကျော်အောင်၊ရှိန်စော်လင်းသည့်၊ ခေတ်တွင်း သမယ၊ ဘုန်းအဖြာဖြာ၊ သုံးသာသနာ၊ နှုန်းပမာပြုရလျှင်၊ အာကာ သဘောင်၊ တုံစံမယွင်း၊ ယုဂံစွန်းကတောက်ထွန်းပြောင်၊ အရောင်ရွှန်းရွှန်း၊ တံဆောင်ထွန်းသို့၊ တောင်ကျွန်းဇေယျု၊သပြေဘုံကွင်း၊ နေဥဏ္ဏဂူ၊ ငွေယုန် ဖြူသို့၊ ပြိုင်သူကင် ပျောက်၊သတင်းမှောက်၍၊ ဝင်းတောက်သိန္ဓေ၊ရှိန်မပြေ- ထိန်ဝေထွန်းတင့်၊ ကျွန်းအမြင့်၊ ဝန်းသင့်ရိပ်သာ၊ အနိဋ္ဌာသို့၊ငြိတ်ခါမတွေ့၊ ဣဋ္ဌာငွေ့လျက်၊ မြေငွေ့နှံဖြာ ဆီသြဇာကြောင့်၊ ရက္ခာပင်စု၊နတ်ဖန်ပြုသို့၊ ရတုရာသီ၊ ဒွါဒသီဝယ်၊ ညှာစီကြန့်ကြန့်၊ အကင်းအငုံ၊ မယွင်းစုံ၊ သင်းထုံ ပြန့်လျက်၊ ပန်းရနံ့သင်း၊ မပြတ်သွင်၍၊ နတ်မင်းဣန္ဒာ၊ ဝတီသာသို့၊ရှိန် သမ္ဘာနှုန်း၊ ချိန်ညှာအုံးလျက်၊ နယ်လုံးကြေူ၊ ပခုက္ကူတောင်ရွှန်၊ ဗုဒ္ဓ ကုံးကျွန်း၊ဂါမ ရပ်ဌာန၌၊ထာဝရမပြတ် နေထိုင်လေ့ရှိကြသော ဥပသိကာ၊ အင်္ဂါစုံညီ၊ဂုဏ်ရည်မနည်း၊ ဒေါ်မကြီး သား သမီး တစုတို့သည်-

ကြီးထုမွှန်မြဘ် သောကဘ်ခေါ်မြိုက်ရပ်သို့၊ ဆိုက်ကပ်ဖို့မကွာ ကြံပြီးလျှင်၊ သမ္ဘာဉာဏ်ဖြစ်၊ ခင်းရသည့်၊ သာသနာတော်အဘွင်း၌၊ ပြစ်ကင်းသမသိမ်မွေ့၊တနှစ်ဘွင်းမှာကြိမ်တွေ့ရသော၊ သူဘော်လေ့ ကထိန်လျှာကို၊ ဝတ်သာခေဘ်ဘောင်မှာ၊ နှစ်တနေ့ထောင်ကွာခါဆန်းအောင်၊ အာသာပန်းနွယ်နီကို၊လည်ချီကာထပ်မနားစွန့်ပြီးလျှင်၊ နတ်အများ လင့်ဆိုင်း သကဲ့သို့၊ ချင့်နိုင်းရှုထောက်စာ၍၊ ကျမ်းဂန်လာနိသျည်းနှင့်၊ လမ်းမှန်စွာ မလိပ်လည်းရအောင်၊သိပ်သည်းစွာချုပ်ဆိုး၊ ရွှေဖန်ရည်အုပ်မိုး၍၊တုပ်လျှိုးခါ လှူဒါန်းသည့်၊ ကထိန်လျှာ ဤသင်္ကန်းကို၊ ရွှင်လန်းစွာထောက်ရှု၊ ကမ္မဝါစာ ဖတ်မှုဖြင့်၊အနုရူပရည်မှတ်၊သင့်လျော်သော မထေရ်ပြက်အား၊ပေးအပ်ခါ ဆောင်နှင်း၊ အားလုံးကြီး လင်းချင်းအောင်၊ ခင်းတော်မူပါမည့် အကြောင်း၊ ဥက္ကောင်းညွှန်ခါ၊ တောင်းပန်ပါသည်၊ သံဃာတော်အရှင်မြတ်တို့ ဘုရား။

## ကထိန် အမေး၊ အဖြေ

(ကထိန် အမေးအဖြေ ပြုလုပ်မည့် ပုဂ္ဂိုလ်များ၊ နမောတဿကို ၂-ပါးပြိုင်ဆိုရန်။)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။(ပြိုင်ဆို

**မေးမည့် ပုဂ္ဂိုလ်က အောက်ပါအတိုင်း ပုစ္ဆက ဥတ်ထားပါ**

သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တ ကလ္လံ၊
အဟံ အာယသ္မန္တံ အဂ္ဂိဿရိယံ)ဝိနယံ ပုစ္ဆေယျံ။

**ဖြေဆိုမည့် ပုဂ္ဂိုလ်က အောက်ပါအတိုင်း ဝိသဇ္ဇက ဥတ်ထားပါ**

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တ ကလ္လံ၊
အဟံ အာယသ္မတာ(သုဒဿနေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

**ဖြေဆိုမည့် ပုဂ္ဂိုလ်က အောက်ပါဂါထာကို ဆက်ဆိုရန်**

ကထိနတ္ထာယ သံဃဿ၊ ဣဒံ ကသိန စီဝရံ။
နိယျာတိတံ ဝိစာရေထ၊ ယထာဓမ္မံ ဟိ ဓမ္မိကံ။

ဘန္တေ၊ ဝိနည်းအရာဒေသနာကို၊ သေချာချင့်ထောက် အကဲမတိမ်၊ ပုလဲစိန်ကို၊ နေရှိန်ကျောက်သို့၊ ထွင်းဖောက်သိမြင်-အိုအရှင်မြတ် ဘုရား။

ဓမ္မိကံ ဩဘာနိမိတ် ကင်းကွာဆိတ်၍၊အတိုတ် ရှေးကံ၊စီမံပေးကြား၊တရားနှင့် အညီ ဖြစ်ခဲပါ၍သာသော။ ကွာဒံ ကထိန စီဝရံ၊ ဗုဒ္ဓါဒီဟိ၊ ကထိတတ္တ နိမိတ္တ ကြောင့် ကထိန်မည်မှန်း ဤသက်န်းကို။ ကထိနတ္ထာယ၊ ဥတ်ကမ္မဝါ၊ဖတ်ရွတ် ကာဖြင့် သံဃာအပ်နှင်း ကထိန်ခင်းခြင်းအကျိုးငှာ။သံဃဿ၊ ကျောင်းတိုက် ဥပစာ၊သိမာတလ၊ ရှိသမျှသော–သကျပုတ္တ–သမဏခေါ်တွင်၊ သံဃာတော် အရှင်မြတ်အား။ နိယျာတိတံ၊ စေတနာသုံးမည်၊ သုံမလည်ပဲ၊ ယုံကြည် လေးမြတ်၊ ဆောင်းနှင်းအပ်ပါပြီ။

တံကထိနစီဝရံ၊ဆောင်နှင်းလှူဒါန်း ထိုကထိန်သက်န်းကို၊ယထာဓမ္မံ၊ ရွှေနှုတ်တော်ထွက်၊ ဓမ္မစက်ဖြင့်၊ ဟချက်မခွား တရားနှင့်လျော်စွာ။ တုမှေ၊ ဝိနယ ကောသလ်၊ အသိဥာဏ်ဖြင့်၊ ကျမ်းဂန်ကူးခပ်၊ အရှင်မြတ်တို့သည်။ စိစာရေထ၊ အကြောင်းဌပွတ်၊ အင်မအင်ကို၊ ငရိသတ် အများသိနိုင် သုံး ရအောင်၊တရားဖော်လှစ်စကားသစ်၍ စိစစ်မေးမြန်းတော် မူပါကုန် ဘုရား၊

**မေးမည့်ပုဂ္ဂိုလ်က အောက်ပါ ဂါထာကို ဆက်ဆိုရန်**

ကောသလ္လတ္ထာယ ဝိနယေ၊အသမ္မောဟာယ ဒါနိ တံ။
ပါဠိယတ္ထာ နုသာရေန၊ ပုစ္ဆိဿံ တာဝ တေ အဟံ။

အာဝုသော၊ သဘော ဓမ္မိ-ဥာဏ်အဆီဖြင့်၊ ထို ဤဒုက္ကရ၊မေးသမျှကို၊ တွေ့ဆမြော်မြင်၊ဖြေဆိုလတံ့သော– အို....ငါ့အရှင်။

ဝိနယေ၊ ဘုရားသုံးလူ့၊ ခွင့်ပြုနိုင်းချိန်၊ ကထိန်ခင်းဟန်၊ ဝိနည်းကံ၌၊ ကောသလ္လတ္ထာယစ၊ မှောင်အဝိဇ္ဇာမပိတ်ကာပဲ၊ လိမ္မာစေခြင်းငှာ လည်း ကောင်း။ အသမ္မောဟာယစ၊ ပျင်းရိမှိုင်နေ၊ တွေဝေမရှိ၊သတိရခြင်းငှာလည်း ကောင်း။ ပါဠိယတ္ထာနုသာရေန၊ ပါဠိအဋ္ဌကထာ၊ ဋီကာရှေ့နောက်၊ အစဉ် လျှောက်သဖြင့်။ ဒါနိ–ဣဒါနိ၊ ကထိန်မခင်းမှီ၊ လက်မွန်မဆွ၊ အစဦးစွာ၊ ယခုအခါ၌။ တံ၊ ထိုသို့ထူးမြတ်ကထိန်ဥတ်၌ ပြုအပ်သောအစီစဉ်ကို။ အဟံ၊ စောဒကခေါ်မှာ၊ ငါ့အရှင်မြတ်သည်။ တေ၊ ဖြေဆိုမည့်ဟန် စိတ် ဂယ်ကြံ၍၊ အဖန်ဖန်စဉ် စား သင်ရဟန်းအား။ တာဝ၊ မကြာမတင် ဆော လျှင်စွာ။ ပုစ္ဆိဿံ ကောင်းစွာစစ်ဆေး၊ သိလိုရေးဖြင့် မနှေး မြန်စွာ၊ ထုတ် နှုတ်၍ မေးဦးပါအံ့။

အာမ ပုစ္ဆထ ဘန္တေ၊ ဘုရားသုံးလူ့၊ သဗ္ဗညုသည် ဝေတ္ထုနှင့်လျော်ပတ်-ပညတ်တော်အလာ၊ ဒေသနာတော်ကို ဝေ ချာစစ်ဆေး၍ အော်-မေးတော်မူပါကုန် ဘုရား။ (ဖြေသူ ကဆိုရန်)။

(မေး)…. ကေနဋ္ဌေန-ကထိနံ၊ ကျမ်းဂန်အလို၊ မိန့်ဆိုကျူးရင့် အပ်သည်နှင့်
အညီ-ဤကထိန် ဟုသော သညာသည်၊ ခေါ်ကာမတ္တအမည်ရ၍၊ ပဒတ္ထဟိတ်၊ အကြောင်းဆိတ်သောကြောင့်၊ နိမိတ်မြုံတိမ် ဂုဏ်သိမ်မညီ၊ အကြောင်းကို မမှီသည့်၊ ရုဠှီသညာတည်း ဖြစ်လေသလော။ ထိုသို့မဟုတ်၊ သမုဒါဝေါဟာရ သညာခေါ်မူ အစွဲပြု၍၊ ဘုခုခုသာအကြောင်းနှင့်အလျော်၊ မှည့်ခေါ်ပညတ်၍၊ ဗျုပ္ပတ္တိဟိတ်အကြောင်းမင်တဲ၊ နိမိတ္တာနုရူပ၊ အမည်ရသည့် အနွတ္ထသညာတည်း ဖြစ်လေသလော။ အဘယ်သို့ သဘောရှိသော ပဝတ္တိဗျုပ္ပတ်ဝစနတ် ဝိဂြိုဟ် လုပ် ဆိုအပ်ကောင်း၊ အကြောင်းမတိမ်၊ မည်သို့သော ဂုဏ်သိမ်ကြောင့် ကထိန်ဟု ခေါ်ပါသနည်း။

(ဖြေ)…. ကထိနန္တိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ
သင်္ဂဟဏတ္ထေန ကထိနံ ထိရန္တိ အတ္ထော-ဟူ၍ ကင်္ခါဝိတရဏီ (အဋ္ဌကထာ) လာသောကြောင့်လည်းကောင်း-

ကထိနန္တိ ပဉ္စာနိသံသေ အန္တောကရဏ သင်္ဂဟဏဘာဝေ ထိရန္တိ အတ္ထော-ဟူ၍ သာရတ္ထဋီကာလာသောကြောင့် လည်းကောင်း အနာမန္တ စသည်ငါးချက် ကျိုးဆက်ဂုဏ်အင်၊ အာနိသင်တို့ကို ပြင်လွင်တပါး၊ မသွား မထွက်စေရ၊ သိမ်္ဂဟဏဘာဝတွင်း၌ ပြုခြင်းငှာစွမ်းနိုင်၍၊ ကျောက်စာတိုင်ဟန်၊ မြဲမြန်ခိုင်ခန့်တည်တန့်သော အနက်သဘောရှိသော၊ ထိရတ္ထဝါစီ၊ ရူဠှီအနိပ္ဖန္န၊ ပါဋိပဒိကပုဒ်ဖြစ်သောကြောင့် လည်းကောင်း-

"ကထဘိ အကိစ္ဆနဇီဝတီဘိ ကထိနော၊ ကထိနော ဝိယာတိ ကထိနံ" မိန့်ဘန်သိပ်သည်း၊ ဝိနည်းဋီကာ၊ ဥပမာတဒ္ဓိတ်၊ ဝိဂ္ဂဟအထွက်၊ ဟောမိန့်ချက်ဖြင့်၊ လိုက်ဖက်သဖြင့်၊ ရှုဖွယ်တင့်ဆန်း၊ နိမ့်မြင့်ဆိုင်းဆိုင်း၊ ခက်ကျိုင်းဝေဆာ၊ ဟေမဝါဝယ်၊ သေလာဂနိုင်၊ ရိပ်မြိုင်ထူလည်၊ မြရည်စို့စို့၊ မှိုင်းညှို့စိန့်စမ်း၊ ရဂုံလမ်း၌၊ မှိုင်ငြိမ်းမရှိ၊ မိမိချည်းသာ၊ လိုရာအလျောက်၊ ပေါက်ရောက်စည်းကား၊ ကြီးပွားလေပြီး၊ သစ်ပင်ကြီးဘမျှ ခိုင်ခန့်လှသော အနက်သဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း-

"ကထိယတေ သီလာဃိယတေ ဗုဒ္ဓါဒီဟိ ဝါ ကထိနံ"ဟူသော ဝစနတ္ထဝိဂ္ဂြိုဟ်မိန့်ဆိုအပ်သည်နှင့်အညီ၊ သင့်တင့်သောအား၊ ဘုရားကစ၊ သဗ္ဗပဏ္ဍိတာ၊ အရိယာအပေါင်း၊ အရှင်ကောင်းတို့သည်၊ ကောင်း၏၊ ကောင်း၏-ဟု ချီးမွမ်းအပ်သောကြောင့် လည်းကောင်း၊ အကြောင်းမတိမ်၊ ဤကဲ့သို့သော ဂုဏ်သိမ်ကြောင့် ကထိန်-ဟု ခေါ်ပါသည်ဘုရား။

(မေး)…. ထိုကထိန်ကို အစိန္တေယျ-ဂုဏ်ပေါင်းခံသည့်၊ သုံးလောကရာဇာ-

သမ္မာသမ္ဗုဒ္ဓအတုလသည်၊ သောဋသခရိုင်၊ ရန်ပြိုင်လှည့်ဝိုက်၊ မဈေတိုက်အဝင်အပါ၊

ဝေသာလိယာ ရာဇာဂဟေ၊ သာဝတ္ထိယာစအာဠဝီ။
ကောသမ္ဗိယာစသက္ကေသု၊ ဘဂ္ဂေသုစေဝပညတ္တာ၊

ပရိဝါလာ-သိက္ခာပုဒ်ပညတ်တော်မူရာ-ခုနစ်ဌာနတို့တွင် အဘယ်ပြည်ဌာန အဘယ်ဒေသ၌ ပညတ်တော်မူပါသနည်း။

(ဖြေ)…. တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ
သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ
အနာထ ပိဏ္ဍိကဿ အာရာမေ-

အစရှိသည်ဖြင့် ဝိနည်းမဟာဝါ ပါဠိလာရှိသည်နှင့်အညီ၊ ဂုဏ်ဆိုလျှံဘိ၊ သာဝတ္ထိဟု၊ ပြည်ကြီးလက်ျာ၊ သချာမှန်လှ၊ တကောသ၌၊ ဇေတမင်းသား၏ ဥယျာဉ်သာဝယ်၊ အနာထပိဏ် သဒ္ဓါရှိန်ဖြင့်၊ ဂုဏ်သိမ်ပြန့်မွှေး၊ ရှင်သဌေးသည်၊ ငါးဆယ့်လေးကုဋေ၊ သပြာငွေကို၊ မချေမဖက်၊ ရက်ရက်ရောရော၊ မက်မောမတွန့်၊ မေးစွန့်လွှတ်၍၊ ဆွတ်ဆွတ်ကြည်ဖြူ၊ လှူဒါန်အပ်သော၊ ဇေတဝန်မြနန်း၌၊ စံမြန်းမွေ့လျော်၊ သီတင်းသုံးတော်မူစဉ်ပညတ်တော်မူပါသည်ဘုရား။

(မေး)…. ကောသလတိုင်း၊ ခွန်လှိုင်းယူဘိ၊ သာဝတ္ထိဟု၊ ပြည်ကြီးတောင်စွန်၊ လူခင်းတကာတို့၏၊ အဓိပတိ၊ မုနိပုင်္ဂ၊ သုံးလောကမြင့်ရှူ၊ သဗ္ဗညုသည် အမှုသည်မရှိပဲလျှက်၊ ခွင့်ပြုမြဲတံထွာ။ ဓမ္မဘာအာစိဏ္ဏမဟုတ်ချေ။ တစုံတခုသောအကြောင်းအရာ၊ ထွေလာထူးလည်၊ ပြုသောအမှုသည်ရှိမှသာ၊

အနုညာတ၊ ပဋိက္ခေပ၊ သိက္ခာပုဒ်နှစ်ပါးကို၊ ထိုက်သည့်အားလျော်စွာ၊ အရာကိုထောက်ရှု၍၊ ခွင့်ပြုပညတ်မြတ်ထွာ၊ ဓမ္မဘာအာစိဏ္ဏဖြစ်၍၊ ဤကထိန် အရာဝယ်၊ အဘယ်မထေရ်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူပါသနည်း။

(ဖြေ).... တေန ခေါ ပန သမယေန တိံသ မတ္တာ ပါဝေယျကာ–

ဘိက္ခူ သဗ္ဗေဟေဝ အာရညိကာ- အစရှိသဖြင့် ဝိနည်းမဟာဝါပါဠိလာရှိသည်နှင့်အညီ။ စုံညီပြည့်ဝ၊ လောကလတိုင်း၊ ခွန်လှိုင်းယှဉ်ဘိ၊ သာဝတ္ထိဘုံ၊ ပြည်ကြီးသခင်၊ အရှင်မင်းမြတ်၊ စောနေနတ်ဟု၊ ဥက္ကဋ်ရာဇိန်၊ အသမ္ဘိန္န၊ ခတ္တိယန္ဓယ်ဆင်း၊ ကောသလမင်းနှင့်၊ တဘသားချင်း၊ မယွင်းညီနောင်၊ ဂုဏ်ရောင်မညှိုး၊ တန်ခိုးပေါ်ထင်၊ ဓုတင်တေရသ်၊ ပဋိပတ်ဆောင်ချည်း၊ မနည်းဂုဏ်အင်၊ ပုထုဇဉ်တယောက်မျှမပါ။ ရဟန္တာလည်း မန္ဒော၊ သောတာပန်သကဒါဂါမ်၊ အနာဂါမ်ချည်းသာ ဖြစ်ကြသော၊ ပါဝေယျက၊ ရဋ္ဌဝါသီ၊ နောင်ညီသုံးကျိပ်တို့ကို အကြောင်းပြု၍၊ ပညတ်တော်မူပါသည်ဘုရား။

(မေး).... ပါဝေယျက- ရဋ္ဌဝါသီ၊ နောင်ညီမပျက်၊ ဘဒ္ဒဝဂ်သခင်၊ အရှင်မထေရ်ကျော်တို့ကို၊ အကြောင်းပြု၍၊ ပညတ်တော်မူသည့်အရာဝယ်၊ အမာမပေါ်ခင်၊ ဆေးတင်သောသမားကဲ့သို့၊ ဘုရားသဗ္ဗညုသည်၊ ပညတ်ခွင့်ပြုမြဲဘံထွာ၊ ဓမ္မဘာ၊ အာစိဏ္ဏမဟုတ်ချေ။ တစုံတခုသော၊ အမှုအပြစ်ကို စိစစ်မေးမြန်း၍သာ၊ ပညတ်ခွင့်ပြုမြဲထုံးစံရှိပေသည်။ ထိုမထေရ်တို့ကို အကြောင်းပြု၍ ခွင့်ပြုလျှင် အဘယ်သို့သော အမှုအပြစ်တို့ကို စိစစ်၍ခွင့်ပြုတော်မူပါသနည်း။

(ဖြေ).... အထ ခေါ တေဘိက္ခူ ဝဿံဝုဋ္ဌာ တေမာသစ္စယေန

ကတာယ ပဝါရဏာယ ဒေဝေ ဝဿန္တေ, ဥဒကသင်္ဂဟေ

ဥဒက စိက္ခလ္လေ ဩကပုဏ္ဏေဟိ စိဝရေဟိ–အစရှိသည်ဖြင့် ဝိနည်းမဟာဝါပါဠိ၊ လာရှိသည်နှင့်အညီ၊ ထိုသုံးကျိပ်သော ပါယျက၊ ရဋ္ဌဝါသီ၊ နောင်ညီမပျက်၊ ဘဒ္ဒဝဂ်သခင်၊ အရှင်တစုတို့သည်၊ သဗ္ဗညုဘုရားကို၊ ဖူးမြင်ခြင်းငှာ၊ ပါဝါမြို့မှ သာဝတ္ထိပြည်သို့အလာတွင်၊ ဝါလ နီးသောကြောင့်၊ သာဝတ္ထိပြည်သို့၊ မရောက်နိုင်ကြသဖြင့်၊ ထိုမှသချာ၊ ယူဇနာသတ္တ၊ ရပ်ဌာနဝယ်။

သာကေတမြို့တွင်ပင်၊ ဘုရားရှင်ကို၊ ဖူးမြင်လိုသောဆန္ဒဖြင့် တသလျှက်သာ၊ ပုရိမဝါသို့၊ ကပ်ကြရသဖြင့်၊ ဝါလကျွတ်၍၊ သာငတ္တိပြည်မွန်၊ ဇေတဝန်အသွား၊ လမ်းခရီးအကြား၌၊ ထက်ဖျားအာကာ၊ အဇဋ္ဌာငယ်၊ တိမ်လွှာယှက်ရုံ၊ ပဇ္ဇုန်ဆူလှိုက်၊ ချိန်းရိုက်ထစ်ကြိုး၊ သွန်းကားဖြိုးလျှက်၊ မိုးကြီးသည်းထန်စွာ ရွာခဲ့ပါ၍၊

သွားရာမကောင်း၊ ညွှန်ပျောင်းထူထပ်၊ အရပ်ရပ်မြေပြင်၊ ဘယ်တွင်မလစ်၊ ဒူးပုဆစ်မျှ၊ ကျွံနစ်စရာ၊ မဟာကန္တာရကြီး၊ လမ်းခရီးသို့၊ လာခဲ့ကြရသည်ဖြစ်၍၊ ရွှံ့နွံညွှန်စေး၊ ညစ်ကြေးကပ်ညိသော တိစီဝရိတ်သင်္ကန်းဖြင့်၊ ပင်ပန်းညိုးငယ်၊ နွမ်းနယ်ရိရှားလျှက်၊ ဘုရားသခင်အထံတော်သို့၊ ရောက်လာကြသဖြင့်၊ လောကကျေ သဗ္ဗညုသည်၊ အာဂန္တုရဟန်းတို့၌၊ မေးမြန်းမြဲစဉ်လာ၊ ဓမ္မတာအာစိဏ္ဏဖြစ်၍ ကစ္စိတ္ထ ဘိက္ခဝေ ကုသလာ-ကစ္စိတ္ထ အနာမယာ—

စသည်ဖြင့် ပဋိသန္ထာရ ကထာကို ဦးစွာဆွေမေးပြီးမှလျှင်၊ ကန္တာရလမ်း၊ ခရီးကြမ်းငယ်၊ ပင်ပမ်းမရှိ၊ပကတိအတိုင်းသာ လာခဲ့ရသည့်အဖြစ်ကို၊ စိစစ်မေးမြန်းတော်မူလျှင်—

ကန္တာရလမ်းခရီးကြမ်းငယ်၊ လမ်းပန်းမကောင်း၊ ညွှန်ပျောင်းထူပြော၊ ရွှံ့ရေပေါ၍၊ ပန်းမောရိရှား၊ တောင်ပါးမြောက်တိမ်၊ ဘယ်ယိမ်းညာနွဲ့၊ ရှေ့ငဲ့နောက်ယိုင်၊ မိန်းမှိုင်ငြိုးကြုံ၊ စက်တော်စုံသို့၊ ခိုလှုံပါရသော အချင်းအရာကို၊ သေချာစွာ လျှောက်ထားကြလေလျှင်၊ ဓမ္မိဿရ၊ ဓမ္မရာဇာ-မဟာသင်းကျစ်၊ ဓမ္မရာဇ်သည်၊ ရွှံ့နွံညွှန်စေး၊ ညစ်ကြေးပေပ၊ စွဲကပ်သော သင်္ကန်းဖြင့်၊ပင်ပန်းသော သဘောရှိသော၊ ထိုရဟန်းတို့ကိုမြင်၍၊ အလွန်ပင်သနားတော်မူလှသဖြင့်၊ သိဿာနုသိဿတို့အား၊ အကျိုးစီးပွားများစေခြင်းငှာ။

အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ
ကထိနံ အတ္ထရိတုံ၊ အတ္ထတ ကထိနာနံ၊
ဝေါ ဘိက္ခဝေ ပဉ္စာနိသံသာ ကပ္ပိဿန္တိ-
အစရှိသဖြင့် ခွင့်ပြုတော်မူပါသည်ဘုရား-

(မေး) ....ကထိနဿ အတ္ထာရကာလော ဇာနိတဗ္ဗော-ဟူသော ပါဠိလာ ရှိသည်နှင့်အညီ၊ကထိန်ခင်းရသောခေတ်ကာလကို သိရမည်ဖြစ်၍ အဘယ်ခေတ်ကာလ၌ ခင်းရပါသနည်း။

(ဖြေ) ....ဝဿာနသ္သ ပစ္ဆိမေ မာသေ ဇာနိတဗ္ဗာ-ဟူသော ပါဠိ လာရှိသည်နှင့်အညီ-

အဇင်္ဂဘွေ၊ အာကာသေဝယ်၊ မြင့်ရွှေရဟတ်၊ ရောင်နီငင်းစုံ၊ ပြောင်လင်းထုံ၊ စန်းယုံနတ်နှင့်၊ နက္ခတ်တံခွန်၊ ပုလဲစုန်ယ်၊ ရှုစဘွယ်သည့်၊ ကြယ်အမွန်တို့၊ ဖဝှန်မြိုင်မြိုင်၊ ဗဟိုမြင့်ဖြိုး၊ စွန်စွန်မိုးလျှက် တန်ခိုးရောင်ပြိုင်၊ ဂနိုင်အပြင်၊မြိုင်တခွင်၊ အိုင်စဉ်ဘလျှောက်၊ ငါးမည်ကြာမျိုး၊ဖြာဖြာမိုး၍၊ ဖြိုးဖြိုးမောက်လျှက်၊ အုံသောက်တပ္ပ၊ ရေပြင်အားလုံး၊ ပျားပိတုန်းတို့၊ အုံးအုံးသံဆူ၊ ပြည်သူအပေါင်း၊ ကြာလက်စုံဆိန်ဝေနှင့်၊ စိန္တေမှာညောင်ရေလောင်း၍။

ဆုတောင်းမြွက်သံ ဘင်္ဂပုံမျှ၊ ထက်နဘံချဉ်း၊ တက်လျှံငင်းသည့်၊ သီတင်းကျွတ်ပုဏ္ဏမီ၊ ယုန်ရတီ စုံညီပေါ်ထွက်၊ ကျော်တရက်မှ၊ မျှော်ဆက်ခါမီ၊ ဒွါဒသီတွင်၊ ရာသီဗြိစ္ဆာ၊ မှောင်အလုံးအရောင်ဖုံးသည့်။ တန်ဆောင်မုန်းပုဏ္ဏမီ။ ယုန်စန္ဒာညီမျှသည့်၊ ဉာဏ်တလလုံးလုံးမှာ၊ အုံ့အုံ့သံဆူ သိမ့်သိမ့်သဲ၊ သာဝတ္ထိပြည်သူတို့၊ ကြည်ဖြူစွာယှဉ်တွဲ သင်္ကန်းလှူသဘင်ပွဲ၌၊ ဝင်နွဲသည့်သမယသည်၊ ဘုရားရှင်သမ္ဗုဒ္ဓ၊ လက်ထက်တော်အခါမှ၍ ယနေ့ထက်တိုင် အစဉ်မြန်းကြသည့်၊ သင်္ကန်းပွဲကာလဖြစ်ပါသည်ဘုရား။

(မေး) ....ကဘိဟိ အင်္ဂေဟိ သမန္နာဂတော၊ ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-ဟူ၍ ပရိဝါပါဠိ၊ လာရှိသည်နှင့်အညီ အဘယ်မျှလောက်သော အင်္ဂါတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းထိုက်ပါသနည်း။

(ဖြေ) ....အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-ဟူ၍ ပရိဝါ ပါဠိလာရှိသည်နှင့်အညီ။ အင်္ဂါရှစ်လီနှင့်ပြည့်စုံသော ရဟန်းတို့မှ ကထိန်ခင်းထိုက်ပါသည်ဘုရား။

(မေး)....ကတမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗောကထိနံ အတ္ထရိတုံ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ။အင်္ဂါရှစ်လီနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ခင်းထိုက်သော ဟူ၏။ ယံဝါတံဝါ၊ အင်္ဂါရှစ်ဖြာနှင့် စုံကာမတ္တ။ ပြည့်ဘာမျှဖြင့် ခင်းရမည်မဟုတ်ဖြစ်၍ အဘယ် အင်္ဂါရှစ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ခင်းထိုက်ပါသနည်း။

(ဖြေ) ....ပုပ္ဖကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊
အဓိဋ္ဌာနံ ဇာနာတိ။ အတ္ထာရံ ဇာနာတိ။
မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊
ဥဒ္ဓါရံ ဇာနာတိ အာနိသံသံ ဇာနာတိ၊
ဣမေဟိ အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတော
ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-

ဟူ၍ ပရိဝါ၌ ဝိသဇ္ဇနာပါဠိ လာရှိသည်နှင့်အညီ၊ ရှေးဦးပြုလုပ်၊ ပစ္စုဒ်ဓိဋ္ဌာန်၊ ခင်းရန်တဖြာ၊ မာတိကာကြောင့်ကြ၊ ဥဒ္ဓါရအာနိသင်၊ သည်ရှစ်အင်ကို၊ စုံလင်စွာသိသော ရဟန်းမှ ကထိန်ခင်းခြင်းငှါ ထိုက်ပါသည်ဘုရား။

(မေး) ....ကထိနဿ ကတိ မူလာနိ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ အဘယ်သည် ကထိန်၏မူလ မည်ပါသနည်း။

(ဖြေ) ....ကထိနဿ ဧကံ မူလံ သံဃော ဟူ၍ ပရိဝါ၌ ဝိသဇ္ဇနာ ပါဠိ လာရှိသည်နှင့်အညီ သံဃာသည် ကထိန်၏ မူလမည်ပါသည် ဘုရား။

(မေး) ....ကထိနဿ ကတိ ဝတ္ထူနိ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိလာရှိသည် နှင့်အညီ၊
တိစီဝရိတ်စသော ကိုးထည်သော သင်္ကန်းတို့တွင် အဘယ်သင်္ကန်းသည် ကထိန်၏ ဝတ္ထုမည်ပါသနည်း။

(ဖြေ) ....တိဏိ ဝတ္ထူနိ သံဃာဋိ, ဥတ္တရာသင်္ဂေါ, အန္တရဝါသကော- ဟူ၍ ပရိဝါ၌ ဝိသဇ္ဇနာပါဠိ လာရှိသည်နှင့်အညီ။ ကိုးထည်သော သင်္ကန်းတို့တွင် ဒုကုဋ်, ကိုယ်ရုံ,သင်းပိုင်အားဖြင့် သုံးထည်သော သင်္ကန်းတို့သာ ကထိန်၏ဝတ္ထု မည်ပါသည်ဘုရား။

(မေး) ....ကထိနဿ ကတိ ဘူမိယော-ဟူ၍ ပရိဝါ၌ပုစ္ဆာပါဠိလာရှိသည် နှင့်အညီ ကထိန်၏ အကြောင်းအရာဖြစ်သော အဝတ်ကား အဘယ်နှစ်မျိုးရှိပါသနည်း။

(ဖြေ) ....ဆဘူမိယော ခေါ်မံ့,ကော သေယျံ,ကပ္ပါသိကံ,ကမ္ဗလံ,သာဏံ, ဘင်္ဂံ-ဟူ၍ ပရိဝါ၌ ပါဠိလာရှိသည်နှင့်အညီ ခေါမည်သော လျှော်တမည်၊ ဝါချည်တမျိုး၊ ပိုးချည်တရပ်၊ သက္ကလပ်တတန်၊ ပိုက်ဆံလျှော်တခြား၊ ငါးပါးစုံရောယှက်၍ ယက်အပ်သော အဝတ်ဟူ၍ ကထိနဘူမိသည် ဇာတိဘေဒအားဖြင့် ခြောက်မျိုးရှိပါသည်ဘုရား။

(မေး) ....ကထိနဿ ကော အာဒိ ကိံ မဇ္ဈေ၊ ကိံ ပရိယောသာနံ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်၏အရှေ့အနှောင်း-အာဒိမဇ္ဈ အနှုသိမ်းကြုံး စဉ်ကာရုံး၍ စခန်း အလယ် မှတ်သားဖွယ် ကား အဘယ်သည်ဘို့ပါသနည်း။

(ဖြေ) ....ကထိနဿ ပုဗ္ဗကရဏံ အာဒိ ကိရိယာ မဇ္ဈေ အတ္ထာရော ပရိယောသာန-ဟူ၍ ပရိဝါပါဠိ လာရှိသည်နှင့်အညီ ကောင်းစွာလျှော်ဖွပ်၊ ညီညွတ်စီရင်၊ ဖြတ်လျှင်ချုပ်ဆိုး၊ ဓိဋ္ဌာ ထိုးခြင်းဟု-ဆိုအပ်သော ပုဗ္ဗကရဏ ၇-ပါးသည် ကထိန်၏အစ, ပစ္စုဒ္ဓိရ်ပြုခြင်း, အဓိဋ္ဌာန်တင်ခြင်းသည် အလယ်, ဝစီဘေဒမုခလှုပ်ဖွင့်၊ ကျူးရင့်မပျက် နုတ်မြွက်၍ ခင်းခြင်းသည် ကထိန်၏အဆုံး မည်ပါသည်ဘုရား။

(မေး) ....ကတမေသံ ပုဂ္ဂလာနံ ကထိနတ္ထာရံ ရုဟတ္တိ-ဟူ၍ ပရိဝါ၌ ပုစ္ဆာပါဠိလာရှိသည်နှင့်အညီ ကထိန်ခင်းခြင်းကြောင့်ဖြစ်သော အကျိုး ဂုဏ်အင် အာနိသင်တို့ကို အဘယ်အရှင်တို့သည် ခံစားအပ်ပါကုန်သနည်း။

(ဖြေ) ....တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရံ ရုဟတ္တိ၊
ကတမေသံ တိဏ္ဏံ သီမဋ္ဌော အနုမောဒတိ။
အနုမောဒန္တော ဝါစံ ဘိန္ဒတိ။
ဝါစံ ဘိန္ဒန္တော ပရံ ဝိညာပေတိ။

ဣမေ သံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနံ၊ ကထိနတ္ထာရော ရုဟတ္တိ-ဟု ပရိဝါ ပါဠိလာရှိသည်နှင့်အညီ- ဤသိမ်ဥပစာရအတွင်းက၍ အငြိမ်တည်သောရဟန်း၊ ဝစီဘေဒ၊ မြွက်ဆလှုပ်ဖွင့်,ကျူးရင့်သမှု၊ အသံပြု၍၊ အနုမောဒနာပြုသောရဟန်း၊ နုတ်မြွက်သောအား သူတပါးကိုကြားသိစေသော ရဟန်း၊ ဤရဟန်းသုံးပါးတို့သည် ကထိန်ခင်းခြင်းကြောင့် ဖြစ်သောအကျိုး ဂုဏ်အင် အာနိသင်တို့ကို ရထိုက်ပါသည်ဘုရား။

(**မေး**)....ကထိနတ္ထာရံ ကေ လဘန္တိ-ဟူ၍ ဗုဒ္ဓဒေတည၊ ကျမ်းပြုအရှော၊ လိမ္မာ
တော်မူသော အဋ္ဌကထာသခင် အရှင်မြတ်တို့၊ မိန့်အပ်သည်နှင့်
အညီ၊ ဤကထိန်ခင်းခြင်းကို အဘယ်မျှ အရေအတွက်ရှိကုန်သော ရဟန်း
တို့သည် ရထိုက်ပါကုန်သနည်း။

(**ဖြေ**).... ဂဏဝသေန တာဝ ပစ္ဆိမ ကောဋိယာ ပဉ္စဇနာ လဘန္တိ၊ ဥဒ္ဓံ
သတ သဟဿမ္ပိ-ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့် အညီ
အယုတ်အားဖြင့် ငါးပါး၊ ထိုထက်သင်္ချာ အရာအထောင်ဖြစ်သော ရဟန်း
တို့သည် ကထိန်ခင်းခြင်းကို ရထိုက်ပါကုန်သည်ဘုရား။

(မေး).... အယုတ်အားဖြင့် ငါးပါး၊ အရေအတွက် ထို့ထက်သင်္ချာ၊ အရာ
အထောင် ဖြစ်သော ရဟန်းတို့ ရထိုက်သော-ဟူ၏၊ အယုတ်
အားဖြင့် ငါးပါး၊ အရေအတွက်ထို့ထက်သင်္ချာ၊ လွန်ကာမျှဖြင့်၊ ခင်းရမည်
မဟုတ်ဖြစ်၍၊ အဘယ်သို့ သဘော ရှိသော ရဟန်းတို့ ခင်းထိုက် ပါကုန်
သနည်း။

(ဖြေ).... ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ-
ပထမ ပဝါရဏာယ ပဝါရိတာဝ လဘန္တိ-ဟူ၍ ပရိဝါ အဋ္ဌ
ကထာ ဆရာမြတ် မိန့်ဆိုအပ်သည်နှင့်အညီ၊ နွယ်တာခေါ်မှီ—အာသဠှိဝယ်၊
ပုဏ္ဏမီပေါ်တက်၊ ကျော်တရက်-ဟုအထွက်နေ့ရောက်ကာ၊ ခန်းဝါတပါး၊
မသွားမပြောင်း၊ ရောက်ရာကျောင်း၌၊ ကိန်းအောင်း၍သာ၊ ပုရိမဝါသို့၊
မပြတ်ကပ်သော ဝါရှိသဖြင့်၊ ပထမ ပဝါရဏာနေ့၌၊ ချမ်းမြေ့သာယာ၊
ပဝါရဏာ ပြုကြကုန်သော ရဟန်းတို့သာ၊ ကထိန် ခင်းခြင်းငှါ—ထိုက်ပါ
ကုန်သည်ဘုရား။

(မေး).... ပုရိမဝါမှထ၍၊ ပထမ ပဝါရဏာနေ့၌၊ ချမ်းမြေ့သာယာ၊
ပဝါရဏာ ပြုကြသော ရဟန်း တို့သာ၊ ကထိန် ခင်းခြင်းငှါ
ထိုက်သည်ရှိသော်—

ကထိနံ ပန ကေန ဒိန္နံ ဝဋ္ဋတိ—ဟူသော ပုစ္ဆာကို အဋ္ဌကထာသခင်၊
အရှင်မြတ်တို့၊ မိန့်တော် မူအပ် သောကြောင့်၊ အဘယ်သူ လှူအပ်သော
သင်္ကန်းဖြင့် ကထိန်ခင်းအပ်သနည်း။

(ဖြေ)…. ယေန ကေနစိ ဒေဝေနဝါ မနုဿေနဝါ
ပဉ္စန္နံ သဟဓမ္မိကာနံ အညာတရေန ဒိန္နံ ဝဋ္ဋတိ–ဟူ၍အဋ္ဌကထာ ဆရာမြတ်ဘို့ မိန့်အပ်သည်နှင့်အညီ၊ ဒေဝမာရ သက္ကဗြဟ္မာ၊ သဒ္ဓါကြည်ဖြူ၊ ခြောက်ထပ်သူဘို့၊ ကပ်လှူအပ်သော သင်္ကန်းဖြင့် ဖြစ်စေ၊ ဗြဟ္မာအများ၊ ညွှတ်ထွားကော်ရော်၊ ပူဇော်အပ်သောသင်္ကန်းဖြင့်ဖြစ်စေ၊ ဘိက္ခု-ဘိက္ခုနီ အစ၊ သဟဓမ္မိက၊ သမြဟ္မာစာရီ တရားကိုမှီ၍၊ သာဇီဝသိက္ခာ၊ မကွာတူမျှ၊ ကျင့်ကြသူချင်း၊ သီတင်းသုံးဘော်၊ ငါးယောက်တို့တွင် တယောက်ယောက်သောသူ–ကပ်လှူအပ်သော သင်္ကန်းဖြင့်ဖြစ်စေ၊အမှတ်မရှိသောသူ၊ လှူအပ် သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်ပါသည်ဘုရား။

(မေး)…. နတ်လူဗြဟ္မာ၊ သိက္ခာသာဇီဝ၊ ကျင့်ကြသူချင်း၊သီတင်းသုံးဘော် ငါးယောက်တို့တွင်၊ အမှတ်မရှိသော သူသည် ကြည်ဖြူ ဝမ်း မြောက်၊ သဒ္ဓါပေါက်၍၊ တယောက်ယောက်သူ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်သော ဟူ၏၊ အဘယ်သို့ဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ် ပါသနည်း၊

(ဖြေ)…. ဣမံ ကထိနစီဝရံ သံဃဿ ဒေမာတိဝတ္တဗ္ဗံ–ဟူသော ဝိနယာ လင်္ကာရ ဋီကာ မိန့်မှာအပ်သည်နှင့်အညီ–
ဣမံ ကထိန စီဝရံ သံဃဿ ဒေမ-ဟုဆို၍ လှူအပ်သောသင်္ကန်း ဖြင့် ခင်းအပ်ပါသည်ဘုရား။

(မေး)…. ဣမံ ကထိန စီဝရံ သံဃဿ ဒေမ–ဟု ဆို၍ လှူအပ်သော သင်္ကန်းဖြင့် ခင်းအပ်သည်ရှိသော်–ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ- ဟူသောပုစ္ဆာကိုအဋ္ဌကထာ သခင်အရှင်မြတ်တို့မိန့်ဆိုတော်မူအပ်သောကြောင့် အဘယ်သူသည် ကထိန်ခင်းအပ်ပါသနည်း။

(ဖြေ)— ယဿ သံဃော ဒေတိ-ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာ အပ်သည်နှင့်အညီ သံဃာအများသည် အကြင်ရဟန်းအား ပေး အပ်၏၊ ထိုရဟန်းသည် ခင်းအပ်ပါသည်ဘုရား။

(မေး)…. သံဃေန ပန ကဿ ဒါတဗ္ဗံ–ဟူသော ပုစ္ဆာကို အဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ သံဃာသည် အဘယ်ရဟန်းအား ပေးအပ်ပါသနည်း။

(ဖြေ)....  ယော ဇိဏ္ဏာ စီဝရော ဟောတိ၊တဿ ဒါတဗ္ဗံ–ဟူ၍ အဋ္ဌကထာ၊ ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ အကြင်ရဟန်းအား၊နွမ်းပါး ဆွေးမြေ့သော သင်္ကန်းရှိ၏။ ထိုရဟန်းအား ပေးအပ်ပါသည်ဘုရား။

(မေး)....  သံဃာသည် ပါးရှားနွမ်းနယ်သော သင်္ကန်းရှိသောရဟန်းအား ပေးအပ်လျှင် ဤသိမဌကသိမ်အပြင် သံဃာ အစည်း အဝေး၌ အဘယ်ရဟန်းသည် သင်္ကန်း ပါးရှား နွမ်းပါး ပါသနည်း။

(ဤနေရာ၌ ရပ်၍ သင်္ကန်း ဆွေးမြေ့ ပါးရှားသူ ရှိ-မရှိ မေးပါ၊ ရှိလျှင် ၎င်းအားပေးရမည်။ မရှိဖူးဆိုမှ ဆက်ဖတ်ပါ။)

(ဖြေ)....  ဤ သိမဌကသိမ်အပြင် သံဃာ အစည်းအဝေး၌ ရှေးရှေးသော ဘဝန္တရ ကာလ အထူး တို့က ဆည်းဖူး ခဲ့ကြသော သမ္ဘာရ ပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ တစုံတယောက်သောရဟန်းမျှ သင်္ကန်း ပါးရှား နွမ်းနယ်သူ မရှိပါဘုရား။

(မေး)....  ထိုထို ဘဝန္တရ ကာလအထူးတို့က ဆည်းဖူးခဲ့ကြသော သမ္ဘာရ ပါရမီစုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်း ဖြစ်ကြ၍၊ တစုံ တယောက် သော ရဟန်းမျှ သင်္ကန်း ပါးရှားနွမ်းနယ်သူမရှိခဲ့သော် အဘယ်ရဟန်းအား ပေးအပ်ပါသနည်း။

(ဖြေ)....  ဝုဍ္ဍဿ ဒါတဗ္ဗံ–ဟူ၍ အဋ္ဌကထာ ဆရာတို့ မိန့်အပ်သည်နှင့်အညီ ဤသိမဌကသိမ်အပြင်၊ သံဃာအစည်းအဝေးဝယ်၊ အရွယ်သိက္ခာ ထေရ်ဝါကြီးရင့်သောပုဂ္ဂိုလ်အားပေးအပ်ပါသည်ဘုရား။

(မေး)....  ဤသိမဌကသိမ်အပြင် သံဃာ အစည်းအဝေး၌ အဘယ် မထေရ်သည် သီတင်းကြီး ဖြစ်ပါသနည်း။

(ဖြေ)....  ခမာ ဇာဂရိယုဋ္ဌာန- သံဝိဘာဂ- ဒယာ–ဟူသော နာယက ခြောက်လုံး၊ အမြောက်ဗုံးကို၊စွဲသုံးပန်ဆင်၊ဂုဏ်ပေါင်းရင်သော ပခုက္ကူမြို့–မဟာဝိဇယာရာမ၊ နာမရိုက်ဟီး၊ တိုက်သင်ကြီး၏ ဦးစီးနာယက၊ နိုင်ငံတော် မဟာနာယက–နိုင်ငံတော် သြဝါဒါ စရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု– လင်္ကာဇီပေသလ၊ သိက္ခာကာမ၊ သံသာရ ဘယဘီရုက အာဂတာဂမ၊ပရိယတ္တိ ဝိသာရဒ ဝိနိစ္ဆယ ကောသလ္လ–စသော ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော် မူသော ကျွန်ုပ်တို့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် သတင်းကြီးဖြစ်ပါသည်ဘုရား။

(မေး)………… ထိုအရှင်သည် ယခင် ဆိုခဲ့ပြီးသော "အဠှဟိ အင်္ဂေဟိ သမန္နာဂတော" စသော ပါဠိ လာရှိသည်နှင့် အညီ ကောင်းစွာ သျှော်ဖွပ်၊ ညီညွတ်ဖိရင်၊ ဖြတ်လျှင်ချုပ်ဆိုး၊ ဓိဋ္ဌာဆိုးခြင်း-ဟု ဆိုအပ်သော ခုနစ်ပါးသော ပုဗ္ဗကရဏ၊ ပစ္စုဒ္ဓါရ၊ အဓိဋ္ဌာန်၊ အဓိဋ္ဌာန် တင်ခြင်း၊ ခင်းရမည့် အစဉ်အလာ-မာတိကာ အပြား ခုနစ်ပါးသော ကြောင့်ကြ၊ဥဒ္ဓါရရှုံးအင်၊ အာနိသင် ငါးခုတို့ကို ဖေ့ရှမကျန်၊အမှန်ခွဲခြမ်း၊ သိစွမ်းခြင်း-ဟုဆိုအပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါ၏လော။

(ဖြေ)… ရှစ်သောင်းလေးထောင်၊ နက်ဆောင်သမုဒ္ဒရာ၊အဘိဓမ္မာဝါနှင့်၊ပမာ ထပ်တူ၊ သုံးဆူပိဋကတ်၊ပရိယတ်ဝမ္မကျန်ကို၊အဖန်ဖန် မွှေနှောက်၊ တွင်းခါဖောက်လျှက်၊စိန်ကျောက်အရှိန်၊ဝရစိန်အဟန်၊လျှင်သောဉာဏ်ဖြင့်၊ ကြွင်းကျန်မရှိ၊ ပဠိအဋ္ဌကထာ၊ ဋီကာအနု၊ မစုဂဏ္ဍိ၊ နေတ္တိတခန်း၊ ဆန်းအလင်္ကာ၊ သဒ္ဒါမောဂ္ဂလာန်၊အဘိဓာန်၊ဗျာကရုဏ်း၊ကျမ်းအားလုံးကို၊ ထုံးမှုန့်အလား၊ထွားထွားညက်ညက်၊ပြက်ပြက်ကွင်းကွင်း၊ ဉာဏ်ဟုန်လင်း၍၊ ကြွင်းသည်မရှိ၊ မွှေနှောက်မိသောကြောင့် ထုတိယောသ၊ သဒ္ဒကိတ္တိ၊ ကျော် စောခြင်းရှိသော၊ သပ္ပဏ္ဍိတာ၊အရိယာအပေါင်း၊ သူတော်ကောင်းတို့၏၊ လမ်းကောင်းနည်းမှန်၊ နာခံရရှိတော်မူသော၊ ဆရာတော် ဘုရားကြီးဖြစ်၍၊ ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံပါသည်ဘုရား။ ။

(ဤတွင်ရပ်၍ သိမ်သို့ သွားလျှက် ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးပါလေ။)

ကထိန် အမေးအဖြေ ပြီး၏။

---

**မှတ်ချက်။** ။ဒုတိယတောင်းပန်လွှာ ဖတ်ပါလေ။

သိမ်မှ ပြန်လာပြီး ကထိန် ခင်းပြီးသောအခါ တတိယ စာလွှာ သုံးမျိုးကို ဖတ်ပါလေ။

## ကထိန်တရားဟောရန်

၁၃၀၄-သီတင်းကျွတ် လဆုတ် ၃-ရက်နေ့၌၊ ငါ့သရောက်မြို့-နှောတွင်းရွာ၊ ကိုဘိုးအုပ်တို့ ကထိန်ပွဲ၌ ပခုက္ကူမြို့ အရှေ့ တိုက်သစ် ဆရာတော်ဘုရားကြီး ဟောသော ကထိန်တရား

## ကထိနပုဒ်ကို သဒ္ဒါနည်း စစ်ဆေးခန်း

ရှေးဦးစွာ ကထိနပုဒ်ကို သဒ္ဒါနည်းအရ ပြောပြဦးမည်။ ကထိန် ဟူသော အမည်သည် ကထိနပုဒ်မှ ဆင်းသက်လာသော၊ ကထိနပုဒ်ကို သဒ္ဒါနူသာရီနည်းဖြင့် ကထိန်ဟု ခေါ်ကြခြင်းဖြစ်သည်။

၎င်းပုဒ်ကို သဒ္ဒါနည်းအရ စိစစ်သော်ကား—

(၁) ကထိနန္တိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဟဏတ္ထေန ကထိနံထိရန္တိ အတ္ထော။ (ကင်္ခါ ဝိတရဏီ အဋ္ဌကထာပါဠ်၊)

ထိုပါဠ်၏ အဓိပ္ပါယ်ကား....

ကထိနပုဒ်ကို ထိရတ္ထဝါစီ-ရုဠ္ဍီအနိပ္ဖန္နပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ် မပြုကောင်း။

အနာမန္တစသော အကျိုးငါးပါးတို့ ပြင်ပသို့သွားခွင့်မပေးမူ၍သိမ်းယူ တတ်သော အနက် သဘောကြောင့် ကထိန် မည်၏၊ သင်္ကန်း ကာလကို တပေါင်းလ အထိ ခိုင် မြဲအောင် ပြုလုပ် တတ်သော ဝိနည်း ကံကြီး-ဟု ဆိုလိုသည်၊ ဝိဂ္ဂြိုဟ်ပြုလိုလျှင်"ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ ကထတိ သင်္ဂဏှာတီတိ ကထိနံ"ဟု ပြု (ဝိနယတ္ထ မဉ္ဇူသာ အလိုပြုသော ဝိနယာ လင်္ကာရ ဋီက-၉၂။)

၂။ **တနည်းကား**....ကထတိ ကိစ္စေန ဗဝတီတိ ကထိနော၊ ကထခါတ် က္လန ပစ္စည်း အရကား မြဲမြန်ခိုင်ခံ့တည်တံ့သော အသက် ရှင်ဆဲဖြစ်သော သစ်ပင်ကြီးရ၏။

**တနည်း**.... ကဋ္ဌခါတ်-က္လနပစ္စည်း၊ ဌ–ကို ထပြု၊ (ဝိနယာလင်္ကာရ-၉၂)"

ကထိနော ဝိယာတိ ကထိနံ-ဥပမာ တဒ္ဓိတ် "သစ်ပင်ကြီးတမျှ ခိုင်ခံ့ လှသော ဝိနည်းကံသည် ကထိန်မည်၏"-ဟု ဆိုလိုသည်။

၃။ **တနည်းကား**.... ကထိယတေ သိလာဃိယတေ ဗုဒ္ဓါ ဒီဟိ ပသံသိယ တေတိကထိနံ။ (ဝိနယာလင်္ကာရဋီကာ)။

**အဓိပ္ပာယ်ကား**.... ဘုရားအစရှိသော သူတော်ကောင်းတို့သည် ကောင်း၏- ကောင်း၏-ဟု ချီးမွမ်းအပ်သောကြောင့် ဝိနည်းကံသည် ကထိန်မည်၏-ဟု ဆိုလိုသည်။

ဆိုခဲ့ပြီးသော ကထိနပုဒ် သဒ္ဒါရေးစီစစ်ချက်အရ ကထိန်ဟူသည် သံဃာတော်များ ဆောင်ရွက်သော ဝိနည်းကံကြီးပင် ဖြစ်သည်။

## ကထိန်တရားကိုယ်ကောက်နည်း

ကထိနံ ဇာနိတဗ္ဗန္တိ တေသညေဝ ဓမ္မာနံ သင်္ဂဟော။
(ပရိဝါပါဠိတော်-၃၀၈)။
တေသညေဝ ဓမ္မာနန္တိ ယေသု ရူပါဒိ ဓမ္မေသု သတိ ကထိနံ
နာမ ဟောတိ၊ တေသံ သမောဓာနံ မိဿီဘာဝေါ။
(ပရိဝါအဋ္ဌကထာ-၂၁၄)။

ထိုပါဠိတို့၏ အဓိပ္ပာယ်သော်ကား... ကထိန်သင်္ကန်းလှူသောပုဂ္ဂိုလ်၊ ကထိန်ခင်းသော ပုဂ္ဂိုလ်နှင့် ကထိန်သင်္ကန်းဘို့၌ တည်ရှိသော ရုပ်-နာမ် တရားတို့၏ ပေါင်းဆုံခြင်းကို မှီ၍ဖြစ်သော ခေါ်ညွှန်းရာ ပညတ်သည် ကထိန်မည်၏-ဟု ဆိုလိုသည်။ ထို့ကြောင့် ကထိန်ဟူသော အမည်သည် ပရမတ် မဟုတ်။ သမူဟပညတ်-ဟု မှတ်ရမည်။

ဝိနယာလင်္ကာရဋီကာ၌လည်း-

တတ္ထ ကထိနန္တိ ကထိနံ ကထိနံ သမူဟပညတ္တိ၊ န ဟိ
ပရမတ္ထတော ကထိနံ နာမ ဧကော ဓမ္မော အတ္ထိ-
စသည်ဖြင့် ဖွင့်ဆိုလျက် ရှိပေသည်။

### အကျိုးပေး

ကထိန်သည် ပညတ်ဖြစ်ခဲ့သော် အဘယ်က အကျိုးပေးပါသနည်း-ဟု မေးဖွယ်ရှိပြန်သည်။

၎င်းကထိန်သင်္ကန်းကို ပေးလှူသော ကထိန်ဒါယကာ ကထိန်အခွင့်တို့ သန္တာန်၌ဖြစ်သော ကုသိုလ်စေတနာက အကျိုးပေးသည်-ဟု မှတ်ရမည်။

ကထိနပုဒ် သဒ္ဒါရေး စိစစ်ချက်ပြီး၏။

### ကထိန်၌ အထူးမှတ်သားဖွယ်များ

ကထိန်ရန် ပစ္စည်းပိုင်ဆိုင်မှု.... ဥတ်သင်္ကန်းမှ တပါးသောသင်္ကန်း စသော ကထိန်အရန်ပစ္စည်းများကို ကောင်းမှုရှင်တို့က (လျှောက်ထား)သည့်အတိုင်း ဝေဖန်ခွဲခြမ်းလှူဒါန်းနိုင်သည်။ (ယထာ ဒါယကာ ဒေန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ)။

မည်သို့မျှ မပြဋ္ဌာန်း (မလျှောက်ထား) ပဲနေလျှင် အားလုံးသံဃိက ဖြစ်သည်။ အထ "အဝိစာရေတွာဝ ဒတ္တာ ဂစ္ဆန္တိ၊ဘိက္ခုသံဃေဿ ဇူဿရော။" (ဝိနယာလင်္ကာရဋီကာ-၃၀၀)။

ဝေဘင်္ဂီယဖြစ်သော လဟုဘဏ်ပစ္စည်းများကိုသာ ဝေဖန်အပ်သည်။ အဝေဘင်္ဂီယ ဖြစ်သော ဂရုဘဏ်ပစ္စည်းများကို မဝေဖန်အပ်ကုန်။ သံဃိက အနေနဲ့ သုံးဆောင်ရမည်။

ဝေဖန်ကောင်းသော လဟုဘဏ်ပစ္စည်းများကို အခြားတိုက်တာမှ ရဟန်းများကိုလည်း တိုက်တွင်းရှိ သံဃာအား ပန်ကြား၍ ညီတူညီမျှ ဝေဖန်ကောင်း၊ ပေးကောင်း၏။

### ကထိန်ခံပုဂ္ဂိုလ်၏ အင်္ဂါရှစ်ပါး

၁။ ပုဗ္ဗကရဏံ၊ ပစ္စုဒ္ဓါ ဓိဋ္ဌာန်အတ္ထာရ }
၂။ မာတိကာဝ၊ ဥဒ္ဓါရံ၊ နိသံအင်ရှစ်ဝ } သံပေါက်ကို ရအောင်ကျက်ပါ။

ရှင်းလင် ချက်.... ကထိန်ခင်းမည့် ပုဂ္ဂိုလ်သည်-

၁။ ပုဗ္ဗကရဏ ခုနစ်ပါးကို သိရမည်။
၂။ သင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချသော ပစ္စုဒ္ဓိုရ်ပြုနည်းကို သိရမည်။
၃။ ဥတ်သင်္ကန်းကို အဓိဋ္ဌာန်တင်နည်းကို သိရမည်။
၄။ နှုတ်မြွက်၍ ကထိန်ခင်းခြင်းကို သိရမည်။
၅။ မာတိကာ ရှစ်ပါးကို သိရမည်။
၆။ ပလိဗောဓ နှစ်ပါးကို သိရမည်။
၇။ အန္တရုဗ္ဘာရ-သဟုဗ္ဘာရ နှစ်ပါးကို သိရမည်။
၈။ ကထိန်အကျိုးငါးပါးကို သိရမည်။

ပုဗ္ဗံ ပစ္စုဒ္ဓါရာဓိဋ္ဌာ၊ နတ္ထာရော မာတိကာပဠိစ၊
ပလိဗောဓော ဥဗ္ဘာရ၊ အာနိသံသော ပနဋ္ဌိမေ။
(ဝိနယလင်္ကာ-ဒု-၁၀၇)။

ကထိန်ခံကထိန်ခင်းမည့်ပုဂ္ဂိုလ်သည် ဖော်ပြပါ အင်္ဂါရှစ်ပါးကို ကြိုတင်ပြီးသိအောင် လုပ်ထားရမည်၊ ထိုရှစ်ပါးတို့တွင်-

(၁) လျှော်စိဖြတ်တွဲ၊ ချုပ်ဆိုးနဲ့၊ ထိုးမြဲခွန်ပုဗ္ဗ- ဟူသည်နှင့် အညီ လျှော်ဖွပ်ခြင်း၊ ငါးခန်း၊ ခုနစ်ခန်း စသည် ဖြင့် စီမံခြင်း၊ ဖြတ်ခြင်း စသော ပုဗ္ဗကရဏ ခုနစ်ပါးတို့တွင် ယနကာလ၌ ချုပ်ပြီ ၊ ဆိုးပြီး သင်္ကန်းကို အဆင်သင့် လှူဒါန်းကြသဖြင့် ပစ္စုဒ္ဓိုရ်ပြုခြင်း၊ အဓိဋ္ဌာန်တင်၊ ကပ္ပဗိန္ဒုထိုးခြင်းအလုပ်များ ကိုသာ လုပ်ရန်ရှိတော့သည်။ ကျန်လုပ်ငန်းများကို လုပ်ဖို့ မလိုတော့ပါ။ ထို့ကြောင့်-

နိဋ္ဌိတစီဝရသ္မိံ ဒိန္နေ သတ္တဝိမ ပုဗ္ဗကိစ္စ ကရဏေန အတ္ထော နတ္ထိ၊ ကေဝလံ ပစ္စုဒ္ဓါရဏာဒိနိ သေဝ ကာ ျ ဗ္ဗာနိ ဟု ဝိနယာလင်္ကာရဋီကာ (ဒု-၁၁၆) ၌ မိန့်သည်။ (ပုဗ္ဗကရဏ ပြီး၏။)

(၂) အဓိဋ္ဌာန်စွန့်ခြင်းခေါ် ပစ္စုဒ္ဓိုရ်ပြုနည်းကို ကြိုတင်သိထားနှင့် ရမည်။

**ဥပမာ။** ။သင်္ကန်းကြီး ဖြင့် ကထိန်ခင်းအံ့။ သင်္ကန်း ကြီးအဟောင်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"-ဟု ပစ္စုဒ္ဓိုရ်ပြုရမည်။

(ကေသီသင်းပိုင်တို့ကိုလည်း နည်းတူသိလေ ။(ပစ္စုဒ္ဓိုရ် ပြီး၏။)

(၃) ကထိန်ခင်းမည့်သင်္ကန်းကို အဓိဋ္ဌာန်တင်ရမည်။

**ဥပမာ။** ။သင်္ကန်းကြီး ဖြင့် ခင်းအံ့။ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"-ဟု တင်ရမည်။

(ကေသီသင်းပိုင်တို့ကိုလည်း နည်းတူသိလေ)။ (အဓိဋ္ဌာန်ပြီး၏။)

(၄) ကထိန်ခင်းပုံ ခင်းနည်းကိုသည်း သိပြီး စ်ရမည်။

**ဥပမာ။** ။သင်္ကန်းကြီးဖြင့် ခင်းအံ့၊ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"-ဟု ခင်းရမည်။

ကေသီဖြစ်အံ့၊ "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ။"

သင်းပိုင်ဖြစ်အံ့၊ ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ-ဟု ခင်းပုံကို သိထားနှင့်ရမည်-ဆိုလိုသည်။ (အတ္ထာရ—ပြီး၏။)

(၅) ပက္ကမနန္တိက ကထိန်နုတ်ခြင်း စသော မာတိကာ ရှစ်ပါးကို လည်း သိရမည်။

(က) ထိုတွင် ကထိန်ခင်းပြီးသော ရဟန်းတပါးသည် နေရင်း ကျောင်းတိုက်မှ ကထိန်သင်္ကန်းကိုယူ၍ အာလယ ပြတ်ထွက်

သွားခဲ့သော် ကျောင်းတိုက် ဥပစာ လွန်သည်နှင့် တပြိုင်နက် ကထိန်အာနိသင် ပျက်သွားတော့သည်။ ၎င်းကို ပက္ကမနန္တိက ကထိန်နုတ်ခြင်းဟု ခေါ်သည်။

တတ္ထ ယော ဘိက္ခု အတ္ထာဘ ကထိနော ကထိနစီဝရံ အာဒါယ တသ္မိံ အာဝါသေ နိရပေက္ခာ "နပစ္စေဿ" န္တိ ပက္ကမတိ၊ တဿေဝံပက္ကမတော ကထိနုဒ္ဓါရော အတိက္ကန္တ မတ္တာယ သီမာယ ဟောတီတိ ပက္ကမနန္တိကော ကထိနုဒ္ဓါရောတိ ဝေဒိတဗ္ဗော။ (ကင်္ခါဋ္ဌီကာ၁-၂၇၈)။

(ခ) ရဟန်းဘပါးသည် ကထိန်အာနိသင် သင်္ကန်းကိုယူ၍ အခြားကျောင်းဘိုက်တခုသို့ရောက်စဉ "ငါသည် ဤသင်္ကန်းကို ဤကျောင်းတိုက်မှပင် ချုပ်ခြင်း၊ ဆိုးခြင်း စသည်ကို ပြီးအောင် လုပ်ခိုင်းတော့မည်၊ မူလကျောင်းသို့ မပြန်တော့ပြီ"-ဟု ဆုံးဖြတ်လိုက်၏။ ထိုရဟန်းမှာ သင်္ကန်းချုပ်ဆိုးခြင်း စသော လုပ်ငန်းများကိုပြီးလျှင် ကထိန်အာနိသင် ပျက်တော့သည်။ ၎င်းကို နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း ခေါ်သည်။

ယော ပန အာနိသံသစီဝရံ အာဒါယ ပက္ကမတိ၊ တဿ ဗဟိ သီမာဂတဿ ဧဝံ ဟောတိ "ဣဓေဝိမံ ကရိဿာမိ၊ န ပုန တံ ဝိဟာရံ ဂစ္ဆိဿာမိ" တိ တသ္မိံ အာဝါသေ နိရပေက္ခော ဟုတွာ တံ စီဝရံ ကာရေတိ၊ တဿ ဘိက္ခုနော နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော။ (ကင်္ခါဋ္ဌီ-၂၇၈)။

(ဂ) ရဟန်းတပါးသည် ကထိန်အာနိသင်ရှိသော မူလသင်္ကန်းကို ယူ၍ မိမိနေရင်းကျောင်းတိုက် ပြင်ပရောက်စဉ် "ငါသည် ဤသင်္ကန်းကို ချုပ်ဆိုးခြင်း စသည်ကိုလည်း မပြုတော့ဖူး"-ဟု ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်သောအချိန်မှစ၍ ကထိန်အာနိသင်ပျက်တော့သည်။ ၎င်းကို သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း ခေါ်သည်။

ယဒိ ပန အာနိသံသ မူလစီဝရံ အာဒါယ ဗဟိ သီမာဂတဿ "နေဝိမံ စီဝရံ ကာရိဿာမိ၊ န စ တံ အာဝါသံ ဂစ္ဆိဿာမိ" တိ သန္နိဋ္ဌာနံ ကရောတိ၊ တဒါ သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော။ (ကင်္ခါဋ္ဌီ-၂၇၈)။

(ဃ) ရဟန်း တပါးသည် ကထိန် အာနိသင် သင်္ကန်းကို ယူ၍ ကျောင်းတိုက်ပြင်ပသို့ ရောက်သော် "ငါသည် ဤသင်္ကန်းကို ဤကျောင်း တိုက်၌ပင် ချုပ်ဆိုးခြင်း- စသည်ကို ပြုတော့မည်။ မူလကျောင်းတိုက်သို့ မပြန်တော့ပြီ"-ဟု ချုပ်လုပ်နေစဉ်သင်္ကန်းသည် ပျက်စီး သွား အံ့၊ (သို့မဟုတ်) သူခိုး-ခိုးသွားအံ့၊ (သို့) မီးလောင်သွားအံ့။ ထိုသင်္ကန်းမရှိသော အချိန်မှ စ၍ ထိုရဟန်းမှာ ကထိန်အာနိသင်ပျက်တော့သည်။ ၎င်းကို နာသနန္တိက ကထိန်နုတ်ခြင်းခေါ်သည်။

ကာဠေဝ အာနိသံသ စီဝရံ လဒ္ဓါ၊ ဟံ အာဒါယ-
ဗဟိ သီမံ ဂန္တွာ "ဣဓေဝိမံ ခိဝရံ ကရိဿာမိ
န ပစ္စိဿာမိ"တိ ကရောန္တဿ သစေ တံ စီဝရံ
နဿတိ, ဇီနဿတိ, ဍယှတိ၊
နာသနန္တိကော ကထိနုဒ္ဓါရော ဟောတိ။ (ကင်္ခါဋီကာ- ၂၇၀)။

(င ) ရဟန်းတပါးသည် ကထိန်အာနိသင်သင်္ကန်းကိုယူ၍ တပေါင်း လ အတွင်း တဖန်ပြန်လာမည်- ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်သွား၍ အခြားကျောင်းတိုက်သို့ ရောက်သော သင်္ကန်းကိုချုပ်ခြင်း- စသည်ကိုပြုလုပ် နေစဉ် မူလကထိန်ခင်းရာကျောင်းတိုက်၌ "ရဟန်းများသည် ဥတ်ကမ္မဝါ စာဖြင့် ကထိန်ကို နုတ်ပစ်ကြပြီ"-ဟု ကြား၏။ ထိုကြားသော အချိန်မှ စ၍ ကထိန်အာနိသင် ပျက်လေတော့သည်၊ ၎င်းကို သဝနန္တိက ကထိန်နုတ်ခြင်း ခေါ်သည်။

သစေ ပန အာနိသံသ စီဝရံ လဒ္ဓါ
တသ္မိံ ဝိဟာရေ သာပေက္ခောဝ ဗဟိသီမာဂတော
"ဝိဟာရေ ဘိက္ခူဟိ အန္တရုဗ္ဘာရံ ကတ" န္တိ သုဏာတိ၊
တဿ သဝနန္တိကော ကထိနုဒ္ဓါရော ဟောတိ။(ကင်္ခါဋီ ၂၇၀။)

(စ) ကထိန်အာနိသင်ရပြီးသော ရဟန်းတပါးသည် ဒါယကာ တဦးဦးက "အရှင်ဘုရားအား သင်္ကန်းလှူပါမည်"-ဟု လျှောက်ထားသဖြင့် ထိုသင်္ကန်းကို လိုချင်တပ်မက်သောစိတ်ဖြင့် မူလကျောင်းတိုက်မှ အာလယ ပြတ်သွက်သွားသည်ရှိသော် တဖန်ကို ဒါယကာက "မလှူနိုင်တော့ပါ" လျှောက်ထားခြင်းကြောင့် သင်္ကန်း၌ လိုချင်မှု အာသာပျက်သွားတော့၏။

ထိုသက်န်း၌ အာသာပြတ်စဲသောအခါမှစ၍ ကထိန်အာနိသင်လည်း ပြတ်စဲတော့သည်။ ၎င်းကို အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း ခေါ်သည်။

ယော ပန ယေန ကေနစိ "တုယှံ စီဝရံ ဒဿာမိ"တိ
ဝုတ္တော၊ တသ္မိံ စီဝရေ အာသာယ ဝိဟာရေ
အပေက္ခံ ပဟာယ ဗဟိသီမာဂတော ပုနတေန
"နသက္ကောမိ ဒါတုံ"န္တိ ဝုတ္တော အာသံ ဆိန္ဒတိ၊
တဿ အာသာ ဝစ္ဆေဒိကော ကထိနုဒ္ဓါရော ဟောတိ။
(ကင်္ခါဋ္ဌကထာ ၂၇၈-၉)။

(ဆ) ရဟန်းတပါးသည် မိမိနေရင်း ကျောင်းတိုက်မှ အခြား ကျောင်းတိုက်သို့ "ငါသည် ပြန်လာဦးမည်"-ဟူသော ရည်ရွယ်ချက်ဖြင့် ထွက်သွားပြီး နောက်ပြန်လာစဉ် လမ်းခရီးအကြား၌ပင် သင်္ကန်းကာလကို လွန်သွားတော့သည်။ ထိုရဟန်းအား သင်္ကန်းကာလလွန်သွားသော အချိန်မှ စ၍ ကထိန်အာနိသင် ပြတ်စဲတော့သည်။ ၎င်းကို သီမာတိက္ကမန္တိက ကထိန်နုတ်ခြင်း ခေါ်သည်။

ယော ပန ဝဿံ ဝုတ္ထဝိဟာရတော အညံ ဝိဟာရံ
သာပေက္ခောဝ ဂန္တွာ အာဂစ္ဆန္တော အန္တရာမဂ္ဂေ ယေဝ
ကထိနုဒ္ဓါရံ ဝီတိနာမေတိ၊ တဿ သီမာတိက္ကမန္တိကော
ကထိနုဒ္ဓါရော။ (ကင်္ခါဋ္ဌကထာ-၂၇၉)။

(ဇ) ရဟန်းတပါးသည် ကထိန်အာနိသင် သင်္ကန်းကိုယူ၍ တဖန် ပြန်လာဦးမည်-ဟူသော ရည်ရွယ်ချက်ဖြင့် အခြားကျောင်းတိုက်သို့ သွားပြီးမှ ပြန်လာသည်ရှိသော် မိမိနေရင်း ကျောင်းတိုက်သို့ ပြန်ရောက်ပြီးမှ ကထိန်နုတ်၏။ (ကထိန်နုတ်ခြင်းကို မှီသည်။)

ထိုရဟန်းအား ကထိန်နုတ်သောအခါမှ စ၍ ကထိန်အာနိသင်ပြတ်စဲတော့သည်။ ၎င်းကို သဟုဗ္ဘာရ ကထိန်နုတ်ခြင်းခေါ်သည်။

အာနိသံသ စီဝရံ အာဒါယ သာပေက္ခောဝ
ဗဟိ ဂန္တွာ ကထိနုဒ္ဓါရံ သမ္ဘုဏန္တဿ
ကထိနုဒ္ဓါရော သဟုဗ္ဘာရောတိ ဝေဒိတဗ္ဗော။
(ကင်္ခါဋ္ဌကထာ-၂၇၉၊

မှတ်ချက်။ ။သဟုဗ္ဘာရ ၊ကထိန်နုတ်ခြင်း၌
(၁) ထိုရဟန်းပြန်ရောက်လာပြီးမှ ၎င်းနှင့်အတူ ဥတ်ကမ္မဝါဖြတ်၍ ကထိန်နုတ်ခြင်း။
(၂) ထိုရဟန်း ပြန်ရောက်သည်နှင့် တပြိုင်နက် သင်္ကန်းကာလ ကုန်ဆုံးသွားခြင်း-ဟု ၂-မျိုးရှိကြောင်း ကျေးဇူးရှင်ဆရာတော် ဘုရားကြီး အမိန့်ရှိဖူးသည်။

ဝိနယာ လင်္ကာရ ဋီကာ၌ကား တမျိုးလာသည်။
မာတိကာ ပြီး၏။

---

ပလိဗောဓ ၂ ပါး

ကထိန်ခင်းမည့် ပုဂ္ဂိုလ်သည်-

(၁) အာဝါသ ပလိဗောဓ။

(၂) စီဝရပလိဗောဓ-ဟူ၍ ပလိဗောဓ နှစ်ပါးကို သိရသည်။

(၁) ထိုတွင် ကထိန်ခင်းရာကျောင်းတိုက်၌ပင် နေဦးမည်- ဟူ၍ လည်းကောင်း, အခြားကျောင်းတိုက်သို့ သွားသော်လည်း ''တဖန်ပြန်လာဦးမည်''-ဟူ၍ လည်းကောင်း၊ ကျောင်း၌ ငဲ့ကွက်မှု ကြောင့်ကြမှု ရှိခြင်းသည် အာဝါသပလိဗောဓ မည်၏။

(၂) ထိုရဟန်းအား ကထိန်အာနိသင် အဝတ်သင်္ကန်းကို လုံဝ မချုပ်ရသေးသော် လည်းကောင်း, အချို့တဝက်သာ ချုပ်ဆိုး၍ ပြီးသော် လည်းကောင်း, ''အခြားတနေရာမှ သင်္ကန်းရလိမ့်ဦးမည်-ဟု မျှော်လင့်ချက် အာသာ မပျက်သေးသော် လည်းကောင်း, ဤသို့သင်္ကန်း၌ ငဲ့ကွက်မှု (ကြောင့်ကြမှု)ရှိခြင်းသည် စီဝရပလိဗောဓ မည်၏။

ပလိဗောဓော၊ ဒုဝိဓော အာဝါသပလိဗောဓော
စီဝရပလိဗောဓောတိ။ တတ္ထ ယသ္မိံ ဝိဟာရေ-
ဂန္ထံ အတ္တတံ ဟောတိ၊ တသ္မိံ ဝသိဿာမီ''တိ
အညတ္ထ ဂစ္ဆန္တောပိ ''ပုန တံ ဝိဟာရံ အာဂစ္ဆိဿာမီ''တိ
သာပေက္ခော ဟောတိ၊ အယံ အာဝါသ ပလိဗောဓောနာမ။
တဿ ဘိက္ခုနော စီဝရံ အကတံ ဝါ ဟောတိ
အပရိယောသိတံ ဝါ ''အညတော စီဝရံ လစ္ဆာမီ''တိ

အာသာ ဝါ အနုပစ္စိန္နာ ဟောတိ၊ အယံ စီဝရပလိဗောဓနာမ။
(ဝိနယလင်္ကာရ ဋီကာ-ဒု-၁၄၃။) (ဗောဓံပြီး၏။)

---

## ဥဒ္ဓာရ ၂-မျိုးအထူး

၃။ ကထိန်ခင်းမည့် ရဟန်းသည် အန္တရုဗ္ဘာရနှင့် သဟုဗ္ဘာရကို သိရမည်။ ထိုတွင် တပေါင်းလပြည့်အတွင်း၌ တိုက်တွင်းရှိ သံဃာတို့က ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် ကထိန်နုတ်ခြင်းကို အန္တရုဗ္ဘာရ-ဟု ခေါ်သည်။

ကထိန် အာနိသင် ရပြီးသော ရဟန်း တပါးသည် ခရီးသွားရာမှ ပြန်ရောက်လာ၍ ကထိန်နုတ်ခြင်းကို မှီသဖြင့် ထိုခရီးပြန် ရဟန်းနှင့် သံဃာ တို့ အတူတကွ ကထိန်နုတ်ခြင်းကို သဟုဗ္ဘာရ-ဟု ခေါ်သည်။ (အန္တရုဗ္ဘာရ နှင့် သဟုဗ္ဘာရ အထူးတည်း။)

အန္တရုဗ္ဘာရ သဟုဗ္ဘာရာ ဉတ္တိဒုတိယ ကမ္မဝါစာယဝေ ကာတာ၊
ဝေဝံ သန္တေ ကော တေသံ ဝိသေသောတိ။

အန္တရုဗ္ဘာရော ဗဟိသီမံ အဂန္တွာ အန္တော
သီမာယမေဝ ဌိတေဟိ ဘိက္ခူဟိ ကတော။

သဟုဗ္ဘာရော ဗဟိသီမံဂတေန ဘိက္ခုနာ ပစ္စာ ဂန္တွာ
တံ အန္တရုဗ္ဘာရံ ပတ္တော တေဟိ အန္တောသီမဋ္ဌေဟိ
ဘိက္ခူဟိ သဟ ကတောတိ ဇယ မေ တေသံ ဝိသေသော။
(ဝိနယာလင်္ကာရ-ဋီကာ-ဒု-၁၄၄)။ (ဥဒ္ဓါရံ ပြီး၏။)

## အာနိသင် ၅-ပါး မှတ်ဖွယ်

ကထိန်ခင်းမည့် ရဟန်းသည် ကထိန်အာနိသင်ခေါ် ကထိန်အကျိုး ငါးပါးကို သိရမည်။ ၎င်းတို့ကား-

(၁) **အနာမန္တစာရအကျိုး** — ရဟန်းမည်သည် ဝိကာလ အခါ၌ ထင်ရှားရှိသော ရဟန်းကို "အဟံ ဘန္တေ (အာဝုသော) ဝိကာလေ ဂါမပဝေသနံ အာပုစ္ဆာမိ"-ဟု ပန်ကြား၍ ရွာတွင်း (မြို့တွင်း) လှည့်လည်သွားလာရမည်။ မပန်ကြားပဲသွားလျှင် သဥ္စရိတ္တ သိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။ ကထိန်အာနိသင်ရသော အချိန် မှ စ၍ မပန်ကြားပဲ သွားနိုင်သည်။ ထိုသဥ္စရိတ္တ သိက္ခာပုဒ်ဖြင့် အာပတ်

မသင့်ပေ့ချေ။ ဤကား- ရဟန်းတော်များမှာ နိဗဒ္ဓ (တိုက်ရိုက်) ရရှိသော အနာမန္တစာရ အကျိုးတည်း။

၁။ တတ္ထ အနာမန္တစာရောတိ အနာမန္တေတွာ စရဏံ
ယာဝ ကထိနံ နဥဒ္ဓရီယတိ၊ တာဝ။
စာရိတ္တ သိက္ခာပဒေန အနာပတ္တိတိ ဝုတ္တံ ဟောတိ။
(ဝိနယသင်္ဂဟ- ၃၀၁)။

၂။ ဂတ္တ အနာမန္တဂါရောတိ ယာဝကထိနံ နဥဒ္ဓရီယတိ၊
တာဝ အနာမန္တေတွာ စရဏံ ကပ္ပိဿတိ။
စာရိတ္တ သိက္ခာပဒေန အနာပတ္တိ ဘဝိဿတီတိ အတ္ထော။
(မဟာဝဂ္ဂ-၃၀၈)။

## ကထိန်ပဏာမများ ရရှိသောအကျိုး

ကထိန်သက်န်း လှူဒါန်းကြသော ဒါယကာ, ဒါယိကာမတို့ မှာလည်း "သဒ္ဒါသံ ပါကံ ဇာနေတိ"-ဟူသော ဒေသနာတော်နှင့် အညီ မိမိတို့ ခရီးသွားသည့်အခါ ဘေးဥပါဒ်အန္တရာယ် အမျိုးမျိုးတို့မှ ကင်းငြိမ်း၍ စိုးရိမ်ကြောင့်ကြမှုမရှိပဲ သွားလာနိုင်ခြင်း-ဟူသော အကျိုးများကို (ဗျတိရေကနေယျတ္ထ နည်းအားဖြင့်) ရနိုင်သည်။

**ဆောင်။ ။ ၁။ အနာပတ္တိ၊ စာရနိသင်၊**
**ကမ္ဘာ့နတ္တိ၊ လှည့်ကြသည်ပင်၊**
**ဘေးရန်အပေါင်း၊ လွတ်ရှောင်ကင်းစင်၊**
**မနှောက်ယှက်ကင်း၊ ကောင်းခြင်းအာနိသင်၊**

၂။ **အသမာဒါနစာရအကျိုး**-တိစီဝရိတ် ဓုတင်ဆောင်သော ရဟန်းသည် အာရုံတက်ချိန်၌သက်န်းသုံးထည်နှင့် ကင်း၍ မနေကောင်းချေ။ ကင်း၍ နေလျှင် တိစီဝရိတ် မှုတင်ပျက်သည်။ (ကထိန သိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။)

ကထိန်အာနိသင်ရသော အချိန်မှစ၍ တိစီဝရိတ်သက်န်းနှင့်ကင်းပြီး နေထိုင် သွားလာနိုင်သည်။ ဤကား - ရဟန်းတော်များမှာ နိဗဒ္ဓ (တိုက်ရိုက် ရရှိသော အသမာဒါနစာရ အကျိုးတည်း။

အသမာဒါန စာရောတိ တိစီဝရံ အသမာဒါယ စရဏံ၊
စီဝရဝိပ္ပဝါသော ကပ္ပိဿတီတိ အတ္ထော။
(ဝိနယာလင်္ကာရ- ၁၄၇၊ မဟာဝါ အဋ္ဌကထာ-၃၈၈)။

## ကထိန်ဒကာများ ရသောအကျိုး

ကထိန်သင်္ကန်းလှူဒါန်းကြသော ဒကာ,ဒကာမတို့မှာ "သဒ္ဒိသံပါကံ ဇနေတိ"– ဟူသော ယခင်ဒေသနာတော်နှင့်အညီ မိမိတို့ ခရီးသွားသည့်အခါ ထမင်းရိက္ခာ စသော ကြီးလေးသော ဝန်ထုပ် ဝန်ပိုးကြီး များကို ဆောင်းရဲ ပင်ပန်းစွာ မဆောင်ကျဉ်းရပဲ တကိုယ်ယေ တကာယ ပေါ့ပေါ့ ပါးပါး သွားလာနိုင်ခြင်း–ဟူသော အကျိုးများကို (ဗျတိရေက,နေယျတ္ထ နည်းအားဖြင့်) ရရှိနိုင်ပေသည်။

**ဆောင်။ ။ ၂။ အသမာဒါန၊ စာရနိသင်**
**အရပ်ဒေသ၊ ကမ္ဘာ့အာခွင်၊**
**စရိတ်စားမှု၊ ပြုစုစုံလင်၊**
**မဆောင်ကင်း– ကောင်းခြင်းအာနိသင်။**

**၃။ ဂဏဘောဇနအကျိုး**–ရဟန်းမည်သည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော အမည်ကို ထုတ်ဖော်လျက်၊ "ထမင်းစားကြွပါ"– စသည်ဖြင့် မအပ်သော နည်းဖြင့် ပင့်ခဲ့သော် ရဟန်းလေးပါး အတူခံယူ၍ မစားကောင်းချေ။ ဂဏ ဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။

ကထိန့်အာနိသင်ရသော အချိန်မှစ၍ "ထမင်းစားကြွပါ" (သို့) ဒန်ပေါက်ထမင်းစား ကြွပါ-ပင့်ပင့်၊ ဘယ်နည်းပင့်ပင့် စားကောင်းသည်။ ဂဏ ဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်။ ဤကား- ရဟန်းတော်များမှာ နိတတ္ထ (တိုက်ရိုက်)အားဖြင့် ရရှိသော အကျိုးတည်း။

ဂဏ ဘောဇနန္တိ ဧတေန ဂဏဘောဇန သိက္ခာပဒေန
အနာပတ္တိ ဝုတ္တာတိ သမ္ဗန္ဓော။
(ဝိနယာလင်္ကာရ-၁၄၈။ မဟာဝါ အဋ္ဌကထာ-၃၈၈)။

## ကထိန်ဒါက များရသော အကျိုး

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ, ဒကာမတို့မှာလည်း "သဒ္ဒိံသုပါကံ ဇနေတိ" -ဟူသော ယခင်-ဒေသနာတော်နှင့်အညီ၊ မကောင်းဆိုးဝါး၊ အောက်လမ်းနည်းအားဖြင့် ပြုလုပ်ထားသော ခေါက်ရိုက်၊ ဗူးသွင်း-စုံးပင်း၊ နတ်ပင်း၊ အစာပင်းမှစ၍ မိမိကို အန္တရာယ်ပြုမည့် မသင့်မတော်သော အစာများကို စားမိသော် လည်းကောင်း၊ ထို့ပြင် ပြင်းထန်သော အဆိပ်ကို စားမိသော်လည်းကောင်း နတ်သုဒ္ဓါစားရဘိသကဲ့သို့ အပြစ်ကင်းသော အစာ အာဟာရကို စားရခြင်း- ဟူသော အကျိုးများကို (ဗျတိရေက, နေယျတ္ထနည်းအားဖြင့်) ရနိုင်ပေသည်။

ဆောင်။ ။ ၃။ (က) ကာဘောဇန၊ ကျိုးပြဲပေါ်လျှင်၊
ခေါက်ရိုက်ဗူး၊ သွင်း၊ စုံးပင်း၊ နတ်ဝင်၊
အစာပင်းနှင့်၊ ဆေးအင်း၊ စုံလင်၊
အဆိပ်များ ခင်ထား၊ သူစီရင်၊

(ခ) ကထိန်ဒါနှ၊ ပြုကြသူကို၊
သူပြုစားလို ဆိုတာများမနိုး၊
ဘယ်လိုမှားမှား၊ အဆေးထိုထို၊
ဩသဓ- ဘောနတ်ဆေးလို။

## ၄။ ယာဝဒတ္ထ စီဝရ အကျိုး

ရဟန်းမည်သည် မိမိပိုင် ပစ္စည်းများကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုပဲ မသုံးဆောင်ရချေ၊ အကယ်၍ သုံးဆောင်မိသော် ပထမ ကထိန သိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။

ကထိန်အာနိသင်ရသော အချိန်မှစ၍ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုပဲ မိမိအလိုရှိသလောက် ထားနိုင်သည်။ ဤကား- ရဟန်းတော်များမှာ- နိဗ္ဗတ္တ (တိုက်ရိုက်)အားဖြင့် ရသော ယာဝဒတ္ထစီဝရ အကျိုးတည်း။

ယာဝဒတ္ထ စီဝရေန အတ္ထော၊ တာဝဝကံ-
အနဓိဋ္ဌိတံ အဝိကပ္ပိတံ ပဋ္ဌတိတိ အတ္ထော။
(မဟာဝါ အဋ္ဌကထာ-၃၀၀)။

## ကထိန် ဒကာများရသော အကျိုး

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ, ဒကာမတို့မှာလည်း မိမိပိုင် ဖြစ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျောက်သံ-ပတ္တမြား- ပစ္စည်းဥစ္စာများကို အလိုရှိတိုင်း သိမ်းဆည်းထားနိုင်ခြင်း- ဟူသော အကျိုးများကို (ဗျတိရေက, နေယျတ္ထ နည်းအားဖြင့်) ရရှိနိုင်ပေသည်။

**ဆောင်။** ။၄။ ယာဝဒတ္ထ၊ ကျိုးပြပုံသေ၊
စည်းစိမ်ဓန၊ ဘောဂရွှေငွေ၊
လွှ ဗွာပေါရ၊ သောကမပွေ၊
ရှာသွန်ဖြိုး၊ ရွှေမိုး ငွေမိုးတွေ။

### ၅။ ယော စ တတ္ထ စီဝရုပ္ပါဒ အကျိုး

ရဟန်းမည်သည် မိမိကျောင်းတိုက်အတွင်း ဖြစ်ပေါ်သော သံဃိက ပစ္စည်းများကို မိမိပိုင်အနေဖြင့် မသုံးဆောင်ကောင်း၊ သံဃာမှ ဝေဘန်ပေးသော ပစ္စည်းများကိုသာ သုံးဆောင်ရသည်။ မဝေဘန်ကောင်း၍ ထားသော ပစ္စည်းများကို သံဃပစ္စည်းအနေဖြင့်သာ သုံးဆောင်ရသည်။

## ကထိန်အာနိသင်ရသော ရဟန်းသည်ကား

(က) မတသန္တက သင်္ကန်းကို ဖြစ်စေ။
(ခ) လတ်တလော သံဃာကို ရည်ရွယ်၍ လှူသော သံဃိကသင်္ကန်းကို ဖြစ်စေ။

သံဃိက ခြံမြေမှထွက်သော ပစ္စည်းဖြင့် လဲလှယ်၍ရသော သင်္ကန်းကို ဖြစ်စေ။ မိမိပိုင်အသုံးပြုနိုင်သည်။ အခြားရဟန်းအား ပေးရန်မလို။ ဤကား ကထိန်အာနိသင်ရသော ရဟန်းတော်များမှာ နိတတ္ထ (တိုက်ရိုက်) အားဖြင့် ရသော ယော စ တတ္ထ စီဝရုပ္ပါဒ အကျိုးတည်း။

ယော စ တတ္ထ စီဝရုပ္ပါဒေါတိ တတ္ထ ကထိနတ္ထတ
သီမာယံ မတကစီဝရံ ဝါ ဟောတု သံဃံ ဥဒ္ဒိဿ
ဒိန္နံ ဝါ သံဃိကေန တတြုပ္ပါဒေန အာဘတံ ဝါ၊
ယေန ကေနစိ အာကာရေန သံဃိကစီဝရံ ဥပ္ပဇ္ဇတိ၊
တံ တေသံ ဘဝိဿတီတိ အတ္ထော။ (မဟာဝါ အဋ္ဌကထာ-၃ ဂဂ)။

## ကထိန်ဒကာများရသောအကျိုး

ဇောတိက သဋ္ဌေး၏ ပစ္စည်းကဲ့သို့ မိမိပိုင်ပစ္စည်းများကို ကိုယ်တိုင် မပေးပါက မည်သူမျှ မယူနိုင်၊ ဒမြိုမှုခိုးဟု့သည်း မလုယူနိုင်၊ ခိုးယူလို့ရ နိုင်ခြင်း-ဟူသော အကျိုးများကို (ဗျက်ရေက, နေ့ယူသူနည်းအားဖြင့်)ရရှိ နိုင်ပေသည်၊ (နိသံ ပြု ၏။)

ဆောင်။ ၅။ (က) ယောဝတဏ္ဍ၊ ကျိုးကြံသော၊
ကထိန်ဒကာနီ၊ ရှင်လင်းလှူပေ
ဇောတိကလာ၊ မခြား၊တူခပ၊
ကိုယ်မပေး ဆန်ရွေးမရပေ။

(ခ) သူခိုးဒမြ၊ ပေါကြခုနေ၊
ကိုယ်မပေးက၊ စိတ်ချပုံသေ၊
မရွယ်ချောင်လှဲ၊ ကြဉ်ပဲကြပေ၊
ကထိန်ကျိုး၊ ရမျိုးမှန်းမသွေ၊

### အထူးတိုက်တွန်းချက်

(၁) ပုဗ္ဗကရဏ ၊ ပဋ္ဌ၊ ဒွိန္နာနံအဋ္ဌာရ။
(၂) မာတိကော၊ ဥဒ္ဓါရံ၊ နိသံအင်ရှစ်ဝ—

ဟူသော အင်္ဂါရှစ်ပါးတို့ကို ဆိုခဲ့သော နည်းအတိုင်း သိအောင် အားထုတ်ကြရမည်။ ယင်းရှစ်ပါကို သိရှိမှသာလျှင် ကထိန်ခင်းတိုက်, ခံထိုက်သောကြောင့် နားလည်လွယ်အောင် အကျယ်ဘဝင့် ဖွင့်ဆိုရေးသား ကျကျနန ဂရုပြု၍ ကြည့်ရှု ကျက်မှတ်ကြပါလေ။

### ကထိန်ခန်း၌ သံဃာ အရကောက်ပုံ

ကြမ်ကထိန စီဝရံ သံဃာ ဒေမ၌ သံဃာအရနှင့် "အာဂတာ နာဂတာ စ ဇတုဒ္ဒိသာ သံဃာ ဒေမ"၌ သံဃာ အရသည် မည်သို့ ထူးပါသနည်း (သို့မဟုတ်)တူပါသလော့- ဟု အကြိမ် ကြိမ် အမေးခံခဲ့ရဖူးသည်။

အဖြေကတော့ တိုတိုရှင်းရှင်းပဲ ဇတူပင်ဖြစ်သည်။ ထင်ရှားစေအံ့၊

(၁) ကထိနံ ပန ကေန အဟ္တရိတဗ္ဗံ၊ ယသ သံဃော
ကထိနစီဝရံ ဒေတိ၊ (မဟာဝါ အဋ္ဌကထာ- ၃၇၁)။

ဤပါဠိဖြင့် ကထိန်သင်္ကန်းသည် သံဃိက ပစ္စည်း ဖြစ်ကြောင်းကို ပြသည်။

(၂) ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ (ကထိနက္ခန္ဓက အဋ္ဌကထာ)။

ဤပါဠိဖြင့် ကထိန်သင်္ကန်းနှင့် စပ်သမျှ၊ ဖျာ-သင်ဖြူး- စသော ပစ္စည်းများသည် သံဃိကဂရုဘဏ်ပစ္စည်းဖြစ်သောကြောင့် မဝေဘန်ကောင်းသည်ကို ပြ၏။

**မှန်၏**။ ၎င်း (၁-၂)ပါဠိတို့ဖြင့် ရဟန်းတပါးသာရှိသော ကျောင်း၌ ကထိန်ခင်းအံ့၊ အခြားတိုက်တာမှ သံဃာများသည် ထိုရဟန်းအား ကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေးရသည်။ထို့ကြောင့် အခြားတိုက်တာမှ သံဃာလည်း သန္တက ဖြစ်သောကြောင့် စာတုဒ္ဒိသာ သံဃိကဖြစ်ကြောင်း ထင်ရှားပေသည်၊ ထိုသို့ စာတုဒ္ဒိသာ သံဃိကဖြစ်သောကြောင့် ဂရုဘဏ် ပစ္စည်းဖြစ်ခဲ့သော် မဝေဘန်ကောင်း-ဟု ဆိုလိုသည်။

(၃) ပါဠိယံ အဝိဿဇ္ဇိကအဝေဘင်္ဂိကန္တိ အာဂတာနာဂတဿ
စာတုဒ္ဒိသ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ
အဝိဿဇ္ဇိကံ, အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော။
(ဝိမတိဋ္ဌိ-ဒု-၂၈၁)။

ဤပါဠိဖြင့် ဖျာ၊ သင်းဖြူး- စသော ပစ္စည်းသည် အာဂတာနာဂတ သံဃိကပစ္စည်းဖြစ်ခြင်းကြောင့် မည်သူကိုမျှ မဝေဘန်အပ်၊အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိကသာ ဖြစ်သည်-ဟု ပြ၏။

(၄) ယော စ တတ္ထ စီဝရုပ္ပာဒေါ၊ သော နေသံ ဘဝိဿတီ
တိ စီဝရဿေဝ အတ္ထတ ကထိနာနံ ဘိက္ခူနံ
သန္တက ဘာဝဿ ဘာဂဝတာ ဝုတ္တတ္တာ စီဝရတော
အညာနိ သံဃံ ဥဒ္ဒိဿ ဒိန္နာနိ ပိဏ္ဍပါတာဒီနိ
ဝတ္ထူနိ ဥပစာရသီမံ ပဝိဋ္ဌဿ အာဂတာ
နာဂတဿ သံဃဿ သန္တကံ ဟောန္တိ။
(ဝိနယာလင်္ကာရ- ၁၃၉)။

ဤပါဠိဖြင့် ကထိန်ခင်းသော ရဟန်းတို့ပိုင်ဆိုင်သော ပစ္စည်းကား- သင်္ကန်းသာ ဖြစ်ကြောင်းကို "ယော စ တတ္ထ စီဝရုပ္ပာဒေါ၊ သောနေသံ ဘဝိဿတီ"-ဟု ဘုရားရှင်မိန့်တော်မူခဲ့ခြင်းကြောင့် သံဃာကို ရည်ရွယ်၍

လျှဒါန်းအပ်ကုန်သော သင်္ကန်းမှ တပါးသောပစ္စည်း-ဟူသမျှသည် ဥပစာသိမ်အတွင်းသို့ ရောက်ပြီးရောက်ဆဲ၊ ရောက်လတ့်သော စာတုဒ္ဒိသာ သံဃာ၏ ပစ္စည်းသာ ဖြစ်ကြောင်းကို ပြသည်။

(၅) မဟာပစ္စရိယံ ပန သင်္ခေပ အဋ္ဌကထာယဉ္စ
အဝိသေသေန ဝုတ္တံ၊ ''ဆင်္ဃိကဝိဟာရေ ပန
ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ၊
ကသ္မာ၊ အာဂတာ နာဂတာနံ သန္တကတ္တာ''တိ။
(ပါရာဇိကကဏ် အဋ္ဌကထာ- ၃၃၆)။

(၆) အာဂတာ နာဂတာနံ သန္တကတ္တာတိ ''စာတုဒ္ဒိသဿ
သံဃဿ ဒေမိ''တိ ဒိန္နတ္တာ ဝုတ္တံ။ ဧဝံ အဝတွာ
သံဃဿ ဒေမီ''တိ ဒိန္နမ္ပိ တာဒိသမေဝ။
(ပဉ္စိကာဗုဒ္ဓိဋီကာ- ၁၄၃)။

ဤအဋ္ဌကထာဋီကာတို့ဖြင့် ''စာတုဒ္ဒိသဿ သံဃဿ ဒေမိ''- ဟု အထူးပြု၍ လှူအပ်သော်လည်းကောင်း၊ ''သံဃဿဒေမိ''-ဟု သာမည အားဖြင့် လှူအပ်သော်လည်းကောင်း အတူတူပင် ဖြစ်သည်-ဟု ပြ၏၊

ထိုသို့ ဆိုအပ်ခဲ့ပြီးသော သင်္ကန်းဝိုင်ရာ ပါဠိတော် အဋ္ဌကထာဋီကာ-စကားရပ်တို့ဖြင့် ကထိန်ခင်းမည့် ကထိန်သင်္ကန်းသည် ''အာဂတာ နာဂတစာတုဒ္ဒိသာ သံဃိက''ဖြစ်ကြောင်း၊ ထိုဥ္စရှိသော ''သံဃဿ'' အရလည်း အာဂတာ နာဂတ စာတုဒ္ဒိသာ သံဃာ ဖြစ်ကြောင်းမှာ အလွန်ပင်ထင်ရှား လှပေသည်။

ထို့ကြောင့် ''မယံ ဘန္တေ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ''-ဟူသော ပါဠိကို ဤသို့အနက်ပေးရာ၏။

## ကထိန်သင်္ကန်းလှူသောပါဠိအနက်ပေးပုံ

**အနက်**၊ ။ဘန္တေ အရှင်ဘုရား၊ မယံ၊ တို့သည်။ ဣမံကထိနစီဝရံ၊ ဤကထိန်သင်္ကန်းကို။ သံဃဿ၊ ဤကထိန်ခင်းရာကျောင်းတိုက်သို့ရောက်ပြီး ရောက်ဆဲ ရောက်လတ့်သော အရပ်လေးမျက်နှာ၌ လှည့်လည်သွားလာ နေထိုင်ကြသော အရှင်ကောဏ္ဍည, အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်မဟာကဿပ-စသော လွန်လေပြီးသော သံဃာ၊ ပရိမဝါကျွတ်သော

တိုက်တွင်းရှိ သံဃာ၊ သာသနာ ငါးထောင်အတွင်း၌ ဖြစ်ထွန်း ပေါ်ပေါက် ရောက်လာလတံ့သော သံဃာအား။ ဒေမ၊ လှူဒါန်းပါကုန်၏။

## အခြားတိုက်မှ သံဃာများ, သံဃာ့လာဘ်မရနိုင်

"သံဃဿ ဒေမ"၌ စာတုဒ္ဒိသာ သံဃိကပစ္စည်းဖြစ်ခဲ့သော် အခြားတိုက်တာမှ သံဃာများသည် အဘယ်ကြောင့် သံဃာလာဘ်ကို ဝေစုခွဲ၍ မရနိုင်ပါသနည်း-ဟု မေးဖွယ်ရှိ၏။

**အဖြေကား**- ၁။ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊
တံ သမ္မုခီဘူတေန ဘာဇေတုံ။ (မဟာဝါပါဠိ။)

၂။ ထထာပိ ဟိ ဗဟိ ဌိတာ လာဘံ နလဘ တိ ဘဂဝတော ဝစနေနာတိ ဝေဒိတဗ္ဗံ။ (ဝဇိရဗုဒ္ဓိဋီကာ- ၁၄၃)။

**အဓိပ္ပာယ်ကား**- ပစ္စည်းကို ဝေဘန်ရာ၌ကား- ဝေဘန်ကောင်း သော လဟုဘဏ် ပစ္စည်းပရိက္ခရာ ဖြစ်သော်လည်း သမ္မုခီဘူတသံဃာ အားသာ ဝေဘန်ရမည်။ အခြားတိုက်တာမှ သံဃာအား မဝေဘန်ရ- ဟု ဘုရားရှင်က သီးခြားမိန့်ဆိုချက်ရှိသောကြောင့်တည်း-ဟု ဖြေဆိုအပ်၏။

## ကထိန်အရန်သင်္ကန်း ပိုင်ဆိုင်မှု

ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ "ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာ"တိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော။ အထ အဝိစာရေတွာဝ- ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခု သံဃော ဣဿရော။
(မဟာဝါဋ္ဌ-၁၉၀-၁)။

**အဓိပ္ပာယ်ကား**-ကထိန် ဒါယကာတို့က "ကထိန်သင်္ကန်းကို ကထိန်ခံရသော ရဟန်းအား- လှူဒါန်းပါကုန်၏- ဟု လျှောက်ထားလျှင် သံဃာနှင့်မဆိုင်၊ (သံဃိက) မဖြစ်။ ကထိန်ခင်း ရဟန်း၏ ပုဂ္ဂလိကပိုင်ဖြစ်သည်။ အကယ်၍ မည်သို့မျှ အထူးမလျှောက် ထားမူ၍ သွားကုန်ငြားအံ့။ သံဃာပိုင်သည်။ (သံဃိက ဖြစ်သည်)၊ သမ္မုခီဘူတ သံဃာအား ဝေဘန်လေ။

## သင်္ကန်းလှူဒါန်းပုံ အမျိုးမျိုး

ဤကထိန်ခင်းရာ၌ ပစ္စည်းအလှူခံပုံ အမျိုးမျိုး တွေ့ရဖူးသည်။

၁။ အချို့က ကထိန်သင်္ကန်းကိုသာ သံဃိက လှူစေ၍၊ ကထိန်ရန် သင်္ကန်းများ၊ ပင့်သံဃာနှင့် တိုက်တွင်းဘုန်းကြီး သံဃာများ အဘွက် ရည်ရွယ်၍ ပုဂ္ဂလိက ရေစက်ချပေးကြကုန်၏။

၂။ အချို့က အရန်သင်္ကန်းနှင့်ကထိန်သင်္ကန်းကိုတိုက်တွင်းသံဃာအား သံဃိက လှူစေ၍ တိုက်ပမှ ပင့်သံဃာ တို့အား (သီးခြား) ပုဂ္ဂလိက ရေစက်ချပေးကြကုန်၏။

၃။ အချို့က လဟုဘဏ် ပစ္စည်းများကို သမ္မုခီဘူတ သံဃာအား လှူစေ၍ ဂရုဘဏ်ပစ္စည်းကို သံဃိက ရေစက်ချပေးကုန်ကြ၏။

၄။ အချို့က ကျေးအိုး သံအိုး ဒယ်အိုး စသော အကြီးစား ဂရုဘဏ် များကို အဝေဘင်္ဂိက သံဃိက ရေစက်ချ၍ ကျေးခွက် သံခွက် ဖလား-စသော ဂရုဘဏ် အငယ်စား မျိုးကို သမ္မုခီဘူတ သံဃာအား ဝေဘင်္ဂိယသံဃိက ရေစက်ချပေးကြကုန်၏။

ဤသို့အမျိုးမျိုးဖြစ်ကြခြင်းသည် ကထိန်ဒကာများက ဝိနည်းဒေသနာတော်ကို နားလည် ကျွမ်းကျင်မှု မရှိကြသဖြင့် မည်သို့မျှ ဒေသနာတော်နှင့် အညီ အံဝင်ဂွင်ကျအောင် လျှောက်ထား မှု မရှိသည့်အတွက် သံဃာတော် များက မိမိမှာ အသုံးအဆောင်ပြေအောင် ရေစက်ချနေကြခြင်း ဖြစ်ပေသည်။

## ပခုက္ကူတိုက်က ရေစက်ချနည်း

ပခုက္ကူတိုက်၌ ကထိန်ခင်းသော အခါ၌ကား-

"ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ"

ဟူသော ပါဠိတော်အရ ဒါယကာများ လျှောက်ထားသည့်အတိုင်း ရေစက်ချပေးလိုက်သည်။

ထို့ကြောင့် ရေစက်ချခါနီး၌ "မင်းတို့ အစီအစဉ် ပြောကြစမ်း၊ ဘယ် ပစ္စည်းကို ဘယ်လိုလှူမည်လဲ" ဟု မေးလိုက်သည်၊ ထိုအခါ ဒကာများက မိမိတို့ အစီအစဉ်ကို လျှောက်ထားကြသည်၊ ယင်းလျှောက်ထားသည့်အတိုင်း ရေစက်ချပေးလိုက်သည်။

ဒါယကာများက မည်သို့မျှမလျှောက်ထားခဲ့သော်–

"ကထိန်ဟူသည် သံဃိက အလှူ အစစ် ဖြစ်သည်။ ပုဂ္ဂလိကထက် သံဃိက မြတ်သည်။ ပင့်သံဃာများအတွက် သီးခြား ပြင်ထားသော ကန်တော့ပွဲမှ တပါး၊ ကျန်လှူဖွယ် အားလုံးကို သံဃိက ရေစက်ချပေးမည်၊ အခြား ပုဂ္ဂလိက ရည်ရွယ် ထားချက်များ ရှိပါ သေးသလား"

ဟု မေးပြီး ရေစက်ချပေးလိုက်သည်။

သို့ရာတွင် ပခုက္ကူတိုက်ကြီးတွင် ကထိန်ခင်းသူ ဒကာများကား ကထိန် အကြောင်းကို ကောင်းကောင်း သိရှိ နားလည်သူ များသာ ဖြစ်ကြ သဖြင့် ခက်ခဲသော ပြဿနာများ မတွေ့ခဲ့ရဖူးကြောင်း။

## အသက်ပြည့် သာမဏေ ဂဏပူရက ဖြစ်နိုင်

၁။ ဧကော ပရိပုဏ္ဏဝဿော သာမဏေရော သော စေ ပစ္ဆိမိကာယ ဥပသမ္ပဇ္ဇတိ၊ ဂဏပူရကော စေဝ ဟောတိ၊ အာနိသံသဉ္စ လဘတိ။ (မဟာဝါ၌-၃၈၈)

၂။ ပစ္ဆိမိကာယ ဥပသမ္ပန္နော ပထမ ပဝါရဏာယ ပဝါရေတုမ္ပိ လဘတိ၊ ဝဿိကောစ ဟောတိ၊အာနိသံသဉ္စ လဘတိ။ (ဝဇီရဗုဒ္ဓိ-၄၈၉။)

ဤပါဠိများဖြင့် ပုရိမဝါ၌ ဝါဆိုသော အသက် ၂၀ ပြည့်သော သာမဏေသည် ပစ္ဆိမဝါ၌ ရဟန်းခံအံ့၊ ဂိုဏ်းဖြည့်ဂဏ်းဖြစ်၊ ကထိန် အာနိသင်ကိုလည်း ရနိုင်သည်ကို ပြသည်။

## သာမဏေများ အာနိသင် ရခြင်း အကြောင်း

ဣတိ သာမဏေရာနံ ဥဿုပဂနံ အနုညာတံ ဟောတိ၊ သာမဏေရာ ကထိနာသံသံ လဘန္တီတိ ဝဒန္တိ။ (ဝဇီရဗုဒ္ဓိ ဋီကာ ၄၉၈။)

ဤပါဠိဖြင့် သာမဏေများအား ဝါကပ်ခြင်းကို ခွင့်ပြုခဲ့ခြင်းကြောင့် ဝါမကျိုးပဲ အနုမောဒနာ ပြုခဲ့သော် ကထိန် အာနိသင်ကို ရနိုင်သည်-ဟု ပြ၏။

## သန္နိဓိ နှစ်မျိုး

၁။ ဒုဝိဓော သန္နိဓိ ကာရဏာသန္နိဓိစ နိစယသန္နိဓိစ။
တတ္ထ တဒဟေဝ အာဟရိတွာ ဌပေတွာ ကရဏံ ကရဏာသန္နိဓိ။
သံဃာ အဇ္ဇ ကထိနဒုဿံ လဘိတွာ ပုန ဒိဝသေ ဒေတိ၊
အယံ နိစယသန္နိဓိ၊ (မဟာဝါ အဋ္ဌ-၃၉၂)။

၂ ဒါယကဿ ဟတ္ထတော သာဋကံ လဒ္ဓဒိဝသေယေဝ
သံဃဿ ဒါနအတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊
ဓဝံ အဒဒန္တေ နိစယသန္နိဓိ ဟောတိ။
အတ္ထာရကေနာပိ သံဃတော လဒ္ဓဒိဝသေယေဝ
ကထိနံ အတ္ထရိတဗ္ဗံ ဧဝံ အကရောန္တေ-
ကရဏာသန္နိဓိ ဟောတိ။(ဝိနယာလင်္ကာရ ဒု-၁၀၅)။

ဤပြင်ဖြင့် သန္နိဓိသည် ကရဏာသန္နိဓိ နိစယသန္နိဓိ-ဟု ၂-ပါး ရှိသည်၊ ထိုတွင် သံဃာသည် ကထိန် ဒကာ၏လက်မှ ကထိန်သင်္ကန်းရသော နေ့၌ပင်လျှင် ကထိန်ခံမည့် ရဟန်းအား (နေ့ချင်း)ပေးရမည်၊ ဤသို့ နေ့ချင်း မပေးပဲ(နောက်တနေ့မှပေးလျှင် နိစယသန္နိဓိဖြစ်၏။

ကထိန်ခံသည့် ရဟန်းကသည်း သင်္ကန်းရသောနေ့၌ ပင်လျှင် ကထိန် ခင်းရမည်။ ဤသို့ ချက်ချင်းမခင်းပဲ(နောက်တနေ့မှခင်းလျှင်)ကရဏာသန္နိဓိ ဖြစ်၏။

## ကထိန်ကို ပြန်ပြီးနုတ်ခြင်း၏ အကြောင်း

၊ တေန ခေါ ပန သမယေန အညတရေန ဥပါသကေန
သံဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ။
သော တဿ(လ) အနုဇာနာမိ ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတုံ။
(ဘိက္ခုဝိဘင်းပါစိတ် ပုဒ်ဋီတော် နဂ္ဂဝဂ်-၃၇၃)။

၂။ "ကထိနုဒ္ဓါရံ န ဒေန္တိ"တိ ကီဒိသော ကထိနုဒ္ဓါရော ဒါတဗ္ဗော၊
ကီဒိသော န ဒါတဗ္ဗောတိ၊ ယဿ အတ္ထာရမူလကော-
အာနိသံသော မဟာ။
ဥဗ္ဘာရမူလကော အပ္ပေါ။ ဧဝရူပေါ န ဒါတဗ္ဗော။
ယဿ ပန အတ္ထာရ မူလကော အပ္ပေါ၊ ဥဗ္ဘာရ မူလကော

အာနိသံသော မဟာ။ ဝေဠုပေါ ဒါတဗ္ဗော။
သမာနာနိသံသောပိ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗောင။
(မဟာဝါ အဋ္ဌကထာ-၂၀၈)။

၃။ ကသ္မာ ပန အန္တရုဗ္ဘာရဝသေန ကမ္မဝါစာယ
ကထိနံ ဥဗ္ဘာတန္တိ မဟာဒါနံ ဒါတုကာမေဟိ
ဥပါသကေဟိ အာဂတာယ သံဃာယ စိငရံ
ဒါတုကာမေဟိ ယာစိတတ္တာ(လ)
ယဒိ ကထိနတ္ထာရ မူလကလာဘတော-
ကထိနုဗ္ဘာရမူလကလာဘော မဟန္တော ဘဝေယျ၊
တေသံ ယာစန္တာနံ ကထိနုဗ္ဘာရော ဒါတဗ္ဗော၊
ယဒိ အပ္ပကော၊ န ဒါတဗ္ဗော။
ယဒိသမော္ဗ ကုလပသာဒနတ္ထာယ ဒါတဗ္ဗော။
(ဝိနယာ လင်္ကာရ ဋီကာ-၁၄၅-၆)

**အဓိပ္ပာယ်ကား**....ဤပါဠိတော် အဋ္ဌကထာ ဋီကာ စကားသုံးရပ်ဖြင့် ခင်းပြီး ကထိန်ကို အကြောင်းမရှိပဲ နှုတ်ရသည်မဟုတ်၊ အကာလ သင်္ကန်းလှူလိုပါသည်-ဟု ဒါယကာတို့က လျှောက်ထား ခြင်းကြောင့် နှုတ်ရခြင်းဖြစ်သည်။ သို့သော် လျှောက်ထားတိုင်းလည်း နှုတ်ရသည်မဟုတ်ချေ၊ ယခင် ခင်ထားသော ကထိန် အာနိသင် လာဘ်က များ၏ နောက်ထပ် ကထိန်နှုတ်ခြင်းကြောင့် ရမည့်လာဘ်က နည်းခဲ့သော် ကထိန် မနှုတ်ရချေ ယခင်ခင်းထားသော ကထိန်အာနိသင်လာဘ်ကနည်း ၍ နောက်ထင်နှုတ်ခြင်း ကြောင့် ရမည့် လာဘ်က များမှ သာလျှင် ကထိန် နှုတ်ကောင်းသည်-ဟု ဆိုလိုသည်။

ထိုပြင် ယခင်လာဘ်နှင့် နောက်ထပ်ရမည့် လာဘ်သည် ညီကူညီမျှ ဖြစ်လျှင်လည်း ဒကာ/မများ၏ သဒ္ဓါတရားကို စောင့်ရှောက် ခြင်းငှါ ကထိန် နှုတ်ကောင်းသည်-ဟု မှတ်ရမည်။

## ကထိန်နှုတ်ပြီးလျှင် ပြန်မခင်း ကောင်းချေ

သစေ တသ္မိံ အနတ္ထတေယေဝ အညံ ကထိနသာဋကံ အာဟရတိ။
အညာနိစ ဗဟူနိ ကထိနာနိသံသဝတ္ထာနိဒေတိ။

ယောအာနိသံသံ ဗဟုံ ဒေတိ၊ တဿ သန္တ ကေနေဝ အတ္ထရိတဗ္ဗံ။
ဣတရောတထာတဿာ ဩဝဒိတွာ သညာပေတဗ္ဗော။
(မဟာဝါ အဋ္ဌကထာ–၃၈၉။)

**အဝိပ္ပာယ်ကား**....ပထမ ဒကာ တဦးက ကထိန်သင်္ကန်းလှူပြီးမှ ထိုသင်္ကန်းဖြင့် ကထိန်မခင်းမီ၊နောက်ထပ် ဒါယကာ တဦးက ကထိန်အရန်ပစ္စည်းများစွာနှင့် တကွ ကထိန်သင်္ကန်းကို လှူလာပြန်၏။ ထိုဒါယကာ နှစ်ဦးတို့တွင် ဂ ထိန် အရန်ပစ္စည်းများစွာ လှူသော ဒါယကာ၏ ကထိန်သင်္ကန်းဖြင့် ကထိန် ခင်း ရမည်၊ အရန်ပစ္စည်းတန်ဖိုးနဲနဲလှူသော ဒကာ ကို တရားဟော၍လွှတ်လိုက် ရမည်၊(အကယ်၍ ကထိန် ခင်းပြီးလျှင်လည်း ကထိန်ခင်းပြီးပြီ ဖြစ်ကြောင်း ပြောလိုက်ရမည်)–ဟု ဆိုလိုသည်။

ဤ၌ပြန်ပြီး ကထိန်ခင်းကောင်းပါလျှင် ပထမ၊ဒုတိယ၊ဥ၍ ကထိန် ခင်းမှုကို ဖွင့်ဆိုရာ၏။

မှန်ပေသည်–ကထိန်ဟူသည် လာဘ်ပေါ်များမှု အတွက် ခွင့်ပြုသည် ဖြစ်ရာ သံဃာတော်အား လာဘ်ပေါ်များခြင်း အလှူရှင် ဒါယကာတို့၏ သဒ္ဓါတရား တိုးပွားခြင်း ကိုလည်း စောင့်ရှောက် ခြင်းငှါ ပထမ တဦး၏ ကထိန်ကိုနုတ်၍ နောက်ထပ် ဒုတိယဘဦးအား ကထိန်ခင်းခွင့်ပြုနိုင်ကြောင်း ဖွင့်ဆိုရာ၏။ ဤသို့လည်း မဖွင့်ဆိုခဲ့ချေ။ ထို့ကြောင့် ကထိန် နုတ်ပြီးလျှင် ပြန်၍မခင်းကောင်း–ဟုမှတ်ရမည်ဖြစ်ကြောင်းငါတို့ ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက အမိန့်ရှိခဲ့ဖူးသည်။

## မအပ်သည်ကို ပယ်သည့်အတွက်အပြစ်မရှိ

သစေ ကောစိ ဗဟုံ ဟိရည သုဝဏ္ဏံအာနေတွာ–
''ဣဒံ သံဃဿ ဒမ္မိ စတ္တာရော ပစ္စယေပရိဘုဥ္ဇထာ''တိ ဝဒတိ၊
တဉ္စေ သံဃော သမ္ပဋိစ္ဆတိ။ ပဋိဂ္ဂဏောပိ–
ပရိဘောဂေပိ အာပတ္တိ၊ တတြ စေ ကောဘိက္ခု–
''နယိဒံ ကပ္ပတီ''တိပဋိက္ခပတိ။
''ဥပါသကော ယဒိ န ကပ္ပတိ''မယှံမေဝ ဘဝိဿ တီ''တိဂစ္ဆတိ။
သော ဘိက္ခု ''တယာ သံဃဿ လာဘန္တရာယောကတော''တိ။
န ကေနစိ ကိဥ္စိ ဝတ္တဗ္ဗော။ယော ဟိ တံ စောဒေတိ။
သွေဝ သာပတ္တိကော ဟောတိ။(ရာဇသိုက္ခာပုဒ် အဋ္ဌ–၂၅၄။)

ဤပါဠိဖြင့် မအပ်သော ပစ္စည်းဖြစ်၍ သံဃာတော်ကို ပယ်ရှားသော်လည်း အပြစ်မရှိ-အပြစ် တင်သော အခြား ရဟန်းအား သာလျှင် အာပတ်သင့်သည်-ဟု ပြ၏။

ထို့ကြောင့် ဤကထိန်သင်္ကန်းကို အလှူခံရာ၌လည်း အပ်မအပ် မစစ်ဆေးပဲ သံဃာသာဘ် ပေါ်များ ပြီးရော-ဟု မလုပ်ကောင်းချေ။ သို့ဖြစ်၍ ကထိန် ခင်းပြီးလျှင် နောက်ထပ်ပြီး ကထိန်ခင်းရန်အတွက် လုံးဝ မနုတ်ကောင်း-ဟု စွဲစွဲမြဲမြဲ မှတ်သားကြပါလေ၊

## တပါးတည်း နေသော ရဟန်း သတိပြုဖွယ်

၁။ တုယှေ၀ ဘိက္ခု တာနိ စီဝရာနိ-
ယာ၀ ကဌိနဿုဗ္ဘာရာယ။ (မဟာဝါစီဝရက္ခန္ဓ ပါဠိ-၄ ၁ ,။)

၂။ တုယှေ၀ ဘိက္ခု တာနိ စီဝရာနီတိအညတ္ထ
ဂဟေတွာ ဟတာနိပိ တုယှေ၀၊
န တေသံ အညော ကောစိ ဣဿရော။ (မဟာဝါ၌-၄၁၁။)

ဤပါဠိဖြင့် ကထိန် ခင်းရာ ကျောင်းတိုက်၌ တပါးတည်း နေသော ရဟန်းသည်—

"ယေ ဘန္တေ ဣမံ သင်္ဃရိ၀ါရံ ကထိန စီဝရံ သံဃဿ ဒေမ"ဟု ဆို၍ လှူဒါန်းအပ်သော သင်္ကန်းကို"ကျောင်းတိုက်အတွင်း၌ ငါတပါးတည်းရှိသည်။ ဤသင်္ကန်းသည် ငါ့ပစ္စည်း ဖြစ်သည်"ဟု ကထိန် မခင်းမီ မိမိပိုင် အဖြစ်ယူခဲ့သော် သုဂ္ဂဟိတာ (ကောင်းသောယူခြင်း)ဖြစ်သည်။ အပြစ်မရှိချေ။ သို့သော် သံဃာ၏ အပေးမစောင့်ဖဲ မိမိပိုင် အစိုးတရ ယူလိုက်ခြင်းကြောင့် ကထိန်ခင်းလို့ မဖြစ်တော့ပေ။ ကထိန်ခင်းနိုင်သည့်အတွက် ကထိန်အာနိသင်များလည်း မရနိုင်တော့ပေ။

ဤပစ္စည်းမျိုးကား"သံဃဿ ဒေမ"ဟု ဆိုသော်လည်း တပါးတည်း နေသော ရဟန်းနှင့်ဆိုင်သည်။ အခြား ပုဂ္ဂိုလ်များနှင့် လုံးဝမဆိုင်ပါ-ဟု ပါဠိတော် အဋ္ဌကထာတို့ မိန့်ဆိုခြင်းဖြစ်သည်။ (မယူတတ်သည့် အတွက် ကြောင့် အလိုကြီး၍ အရနည်းသွားခြင်းဖြစ်သည်။)

အကယ်၍ သံဃာက ပေးသဖြင့် ကထိန်ခင်းနိုင် ခဲ့သော် သင်္ကန်း ကာလတပေါင်းလပြည့် အတွင်းရရှိသော လာဘ်သည် တပါးတည်းနေသော ထိုရဟန်း၏ တဦးတည်းပိုင် ဖြစ်ပေမည်။

## တပါးတည်းပင်နေသော်လည်း သံဃာဒိသေသ်ကျနိုင်

၁။ တေန ခေါ ပန သမယေန အညတရော ဘိက္ခု
ဧကော ဝသံ ဝသိ။ တတ္ထ မနုဿာ-
"သံဃဿ ဒေမာ"တိ စီဝရာနိ အဒံသု၊

၂။ တေန ခေါ ပန သမယေန တယော ဘိက္ခူ
ရာဇဂဟေ ဝဿံ ဝသန္တိ။ တတ္ထ မနုဿာ
"သံဃဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ။
(မဟာဝါ စီဝရက္ခန္ဓက ပါဠိ-၄၁၄-၅)။

ဤပါဠိများဖြင့် ရဟန်းတပါးထံမှာ ဖြစ်စေ။ (သို့) နှစ်ပါး, သုံးပါး ထံမှာ ဖြစ်စေ၊ သံဃိကလှူလျှင် ဖြစ်နိုင်ကြောင်းကို ပြသည်။

## လှူဆဲခဏ၌ စိတ်ထားအရေးကြီးပုံ

ဒုတိယံ ပုဗ္ဗကာလေ ပုဂ္ဂလံ ဥဒ္ဒိဿ
ပဝတ္တမာနမ္ပိ ဒါနကာလေ သံဃံ ဥဒ္ဒိဿ
ပဝတ္တတ္တာ သံဃိကမေဝ။ (ဝိနယာလင်္ကာရဋီကာ-၇၃)။

ဤပါဠိဖြင့်- မလှူမီ ရှေးအဖို့၌ ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပုဂ္ဂလိက လှူလိုသော်လည်း "သူ့ဘပါးဘို့က တိုက်တွန်းနှိုးဆော်လို့ဖြစ်စေ, လှူဆဲခဏ၌ "သံဃဿ ဒေမ"-ဟု သံဃိက ရေစက်ချ လှူလိုက်သော် သံဃိကအလှူဖြစ် သည်-ဟု ပြ၏။

**ဥပမာ** – မိထွေးတော် ဂေါတမီက မြတ်စွာဘုရားအား- ပုဂ္ဂလိကရည်သန် ပြီး လှူဒါန်းလိုသော်လည်း မြတ်စွာဘုရားက ပုဂ္ဂလိကထက် သံဃိက မြတ်ကြောင်း ဟောပြော၍ သံဃိကအလှူမြောက်သွား သကဲ့သို့တည်း။

## သံဃဿဒေမ ဆိုတိုင်းလည်း သံဃိက မဖြစ်

အပ္ပေကစ္စေ ကဲရဏကာလေပိ ဒါနကာလေပိ
အတ္တနော ကုလူပက ဘိက္ခုမေဝ အာရဗ္ဘ ပရိစ္စဇန္တိ၊
တထာပိ ဒက္ခိဏောဒက ပါတန ကာလေ တေန-
သိက္ခာပိတာ ယထာ ဝုတ္တပါဠိ ဝစီဘေဒံ ကရောန္တိ။

စိတ္တေန ပန ကုလူပကဿေဝ ဒေန္တိ။
န သဗ္ဗ သံဃဿ သာဓာရဏတ္တံ ဣစ္ဆန္တိ။
ပုဂ္ဂလိက ပက္ခံ ဘဇတိ။ (ဝိနယာလင်္ကာရဋီကာ-၇၃)။

ဤဋီကာပါဌ်ဖြင့် အလှူဒါယကာက မိမိအလှူအတွက် လုပ်ကိုင်ရာ၌ ဖြစ်စေ၊ လှူဒါန်းဆဲ အခါ၌ ဖြစ်စေ၊ မိမိနှင့် ရင်းနှီး အကျွမ်းဝင်သော အိမ်လာနေကြ ဘုန်းကြီးက "သံဃဿ ဒေမ"–ဟု ဆိုခိုင်းသဖြင့် လိုက်၍ ဆိုမိ၏။ ထိုအလှူမျိုးသည် သံဃိကံ မဖြစ် ပုဂ္ဂလိကသာ ဖြစ်သည်– ဟု ပြ၏။

**အခြားတိုက်ကျောင်းမှ သံဃာအား ပန့်ကြား၍ ပေးနိုင်ခြင်း**

၁။ "ကာလေပိ အာဒိဿ ဒိန္န"န္တိ သံဃဿဝါ
"ဣဒံ အကာလ စီဝရ"န္တိ ဥဒ္ဒိသိတွာ ဒိန္နံ။
(တတိယ ကထိန သိက္ခာပုဒ် အဋ္ဌ-၂၃၉)။

၂။ ကာလေ ပန "သံဃဿ ဣဒံ အကာလ စီဝရံ ဒမ္မီ"တိ
အနုဒ္ဒိသိတွာ "သံဃဿ ဒမ္မီ"တိ ဒိန္နံ ဝုတ္တဝသေဟိ ယေဝ
ဘာဇေတဗ္ဗံ၊ န အညေဟီတိ ကာလ စီဝရန္တိ ဝုစ္စတိ။
အာဒိဿ ဒိန္နံ ပန သမ္မုခီ ဘူတေဟိ သဗ္ဗေဟိ ယေဝ
ဘာဇေတဗ္ဗန္တိ အကာလ စီဝရန္တိ။ (သာရတ္ထဋီကာ-၃၉၇)။

၃။ ဣဒံ ပန အဋ္ဌကထာ ဝစနံ ပါဠိယံ
"ကာလေပိ အာဒိဿ ဒိန္န"န္တိ ဣဒဉ္စ
"အကာလ စီဝရ"န္တိ ဝစနသာမညတော
လဗ္ဘမာနံ သဗ္ဗမ္ပိ ဒဿေတုံ အတ္ထုဒ္ဓါရ ဝသေန ဝုတ္တံ၊
ပဌမ အနိယတေ သောတဿ ရဟောဝိယ၊ (လ) နလဘတိ။
(ဝိမတိ–ပ-၃၂၀)။

၄။ ဣရုန္ဒိယံ ပန ဝုတ္တံ ကတိကဝတ္တံ ကာတဗ္ဗံ၊
သဗ္ဗေသံ နော ဣမ ယာဂုဘတ္တံ နပ္ပဟောတိ၊ သဘာဂ ဌာနေ
ဝသိတွာ အာဂစ္ဆထ။ ပ။ အပလောကေန ကာလေ–
ပဋိဗာဟိတုံ နလဗ္ဘ"တီတိ။ (စူဠဝါသေနာနုက္ခန္ဓက ဋ္ဌ-၇၃-၄)။

ဤပါဠိတို့ဖြင့် ကထိန်သက်နှင့်တကွ ကထိန်အရန် ပစ္စည်းအားလုံး ကို သံဃိက ရေစက်ချခံယူ၍ ဝေဘန်ကောင်းသော လဟုဘဏ်ပစ္စည်းများ ကို အခြားကျောင်းတိုက်မှ သံဃာများအားလည်း အပလောကနကံဖြင့် ပန်ကြား၍ ပေးကောင်းသည်-ဟု ပြ၏။

**အနည်းငယ်သောကထိန်အရန်ပစ္စည်း ရထိုက်သူ**

အပလောကေတွာတိ ဣဒံ အညေသံ ဝဿ ဝုဋ္ဌာဘိက္ခူနံ
အဒတွာ ဒါတုကာ မေဟိ ကတ္တဗ္ဗ ကိစ္စ ဝိဓိဒဿနံ။
(ဝိမတိ္န ဂ၁-ဒု-၁၉၃)။

ဤဋီကာပါဠိဖြင့် ကထိန်အရန်ပစ္စည်းသည် အနည်းငယ်မျှသာဖြစ်၍၊ အခြား သံဃာအများအား ဝေပေးဖို့ရန် မလောက်ငှမျှ။ ကထိန်ခံသော ရဟန်းမှာလည်း အခြားသက်န်းများ အဘွက် ဖာထေး ချုပ်ရန် ရှိနေ ပေသည်။

ပုရိမဝါကျွတ် သံဃာတို့အား မပေးမူ၍ ထိုကထိန်ခံသော ရဟန်း အား အပလောကနကံဖြင့် ပန်ကြား၍ ပေးရမည်-ဟု ပြ၏။

(အရန်သင်္ကန်းနည်းသည့်အတွက်ကြောင့်သာလျှင် ပန်ကြား၍ ပေးရ ခြင်း ဖြစ်သည်။ များခဲ့သော် အခြားရဟန်းတို့နှင့် အညီအမျှ ရနိုင်သည်။ ရထိုက်သည်။ ပန်ကြားနေရန်မလို။)

**ဋီကာပါဠိ အနက်**- အပလောကေတွာတိ ဣဒံ ဝစနံ၊ အပလော- ကေတွာ-ဟူသော ဤစကားသည်။အညေသံ၊ ကထိန်ခင်းသော ရဟန်းမှ တပါးကုန်သော။ ဝဿံဝုဋ္ဌာဘိက္ခူနံ၊ ကထိန်ခင်း သော ကျောင်းတိုက်၌ ပထမဝါကျွတ်သော ရဟန်းတို့အား၊ အဒတွာ၊ အနည်းငယ်သော လာဘ်ကို မပေးလိုကုန်၍။ ဒါတုကာမေဟိ၊ ကထိန်ခင်း သော ရဟန်းအား ထပ်၍ ပေးလိုကုန်သော ရဟန်းတို့သည်။ ကတ္တဗ္ဗကိစ္စ ဝိဓိဒဿနံ၊ ဒေသနာတော်နှင့်အညီပြုအပ်-ပြုသင့်-ပြုထိုက်သော လုပ်ငန်း အစီအရင်ကို ပြကြောင်းဖြစ်သော စကားရပ်တည်း။

**ကိုယ်တိုင်ကထိန် ဒါယကာပြု၍ မခင်းကောင်း**

၁။ အနိမိတ္တ ကတေန အတ္တတံ ဟောတိ ကထိနံ။
အပရိကထာ ကတေန အတ္တတံ ဟောတိ ကထိနံ။
(မဟာဝါ ကထိနက္ခန္ဓက ပါဠိတော်-၃၅၂။)

၂။ ကထိနံနာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ။
မာတရံပိ ဝိညာပေတုံ နဝဋ္ဋတိ။
အာကာသတော သြတိဏ္ဏ သဒိသမေဝ ဝဋ္ဋတိ။
(ဋ္ဌင်းအဋ္ဌကထာ-၈၉၂)။

**အနက်**– အနိမိတ္တကတေန၊ အကြောင်းအရိပ် နိမိတ်ကို မပြုပဲရအပ်သော သက်န်းဖြင့်။ ဝါ၊ ပရိယာယ်, သြဘာ, နိမိတ်-လုံးဝကင်းဆိပ်သဖြင့် အရိပ်အရောင် မသန်း မြတ်သင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်သည်။ ဝါ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ၏။

**အပရိကထာ** ကတေန၊ သက်န်းရကြောင်း ထက်ဝန်းကြင်မှ လှည့်ပတ်ဖျားယောင်း၍ပြောဆိုခြင်းကို မပြုပဲရအပ်သောသက်န်းဖြင့်။ ကထိနံ၊ ကထိန်-သည်။ ဝါ၊ ကို။ အတ္ထတံ၊ သည်။ ဟောတိ၊ ၏။ (ပါဠိတော်**အနက်**။)

ကထိနံနာမ၊ ကထိန်မည်သည်။ အတိဥက္ကဋ္ဌံ၊ အလွန်မြတ်သည်ဖြစ်၍။ ဝဋ္ဋတိ၊ သင့်လျော်၏။ မာတရမ္ပိ၊ မွေးသမိခင် ကျေးဇူးရှင်ကိုလည်း။ ဝိညာပေတုံ၊ သိစေခြင်းငှာ။ ဝါ၊ အသိပေးခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်ချေ။

အကာသတော၊ ရေးချစ်မထင်- ထက်ကောင်းကင်မှ။ သြတိဏ္ဏ-သဒိသမေဝ၊ ကျလာသည်နှင့် တူသော သက်န်းသည် သာလျှင်။ ဝဋ္ဋတိ၊ ၏။ (အဋ္ဌကထာ**အနက်**။)

ဤပါဠိတော်- အဋ္ဌကထာတို့အလို ကထိန်-ဟူသည် ပရိယာယ်, သြဘာ, နိမိတ်မပါပဲ (မိုးပေါ်က ကျလာဘိသကဲ့သို့) အလှူရှင်စေတနာ-သဒ္ဓါတရားအလျောက် သူ့အလိုလို ဖြစ်ပေါ်လာသော သက်န်းဖြင့်သာ ခင်းကောင်းသည်-ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဤပါဠိအဋ္ဌကထာ စကားများကို ထောက်ဆ၍ မိမိသည်ပင် ကထိန်သက်န်းလှူ၍ မိမိသည်ပင် ထိုသက်န်းဖြင့် ကထိန်ခင်းခြင်းသည် စိတ်ထားစင်ကြယ်ရန် ခဲယဉ်းသောကြောင့် မအပ်, မပြုလုပ်ကောင်း-ဟု ရှေးဆရာကြီးများ ဆုံးဖြတ်တော်မူကြသည်။

## ရေစကြိုဆရာတော်ကြီးအယူ

ငါတို့ကျေးဇူးရှင် ကိုးဂိုဏ်းချုပ်ရေစကြိုဆရာတော်ဘုရားကြီးကား-ရှေးဆရာတော်တို့ အဆုံးအဖြတ်၌ "စိတ်ထား စင်ကြယ်ဖို့ရန် ခဲရင်းသောကြောင့်"-ဟူသော အကြောင်းပြချက်ကို ဗျတိရေကနည်းဖြင့် ယူခဲ့သော်-

''စိဘ်ဆားစင်ကြယ်လျှင် အပ်သည်။ ပြုလုပ်ကောင်းသည်''-ဟု သဘော သက်ရောက်သောကြောင့် လည်းကောင်း၊ ''မအပ်ဖူး''-ဟု တိုက်ရိုက် မရှိ သောကြောင့် လည်းကောင်း၊ ကထိန်ဒါန အကျိုးအမှန် လိုလား၍ အကြပ် အဘည်း ကြုံခဲ့သော် ကထိန်ခင်းကောင်းသည်။ မောင်ပဏ္ဍိတို့ ကတော့ ရှေးဆရာဘော်များ ဝါဒကို ကြိုက်သည်-ဟု ပြောသံကြားဖူးကြောင်း အမိန့်ရှိဖူးသည်-ဟု ရေစကြိုဆရာတော်ဘုရားကြီး၏ ဝါဒကို ငါတို့ကျေးဇူး ရှင် အရှေ့တိုက်ဆရာဘော် ဘုရားကြီး မိန့်ဖူး၏။ (မောင်ပဏ္ဍိ- ဟူသည် မှိုင်းခိုင်ဆရာတော်ကို ရည်၍ အမိန့်ရှိဟန်တူသည်။)

## ဦးပဒုမ၏ ပုစ္ဆာ ၄-မျိုး

ပခုက္ကူခရိုင် ယောအတွင်း မင်းရွာ- ကုန်းပေါ်ကျောင်း ဦးပဒုမက ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်အား လျှောက်ထားသော ပုစ္ဆာ (၄)မျိုး-

၁။ ယခုကာလ သက်န်းချုပ်ပြီး ဆိုးပြီးများပါသဖြင့် ''စီဝရပလိ ဗောဓ'' မရှိသလောက် ဖြစ်နေပါသည်။ စီဝရပလိဗောဓ မရှိ လျှင် ကထိန်ခင်းသော ရဟန်းများမှာ ငါးလပတ်လုံး ''ပဉ္စာနိသံသ''ကို ရပါမည်လောဘုရား၊

၂။ တိစီဝရိတ် ဆောင်သော ရဟန်းမှ ကထိန်ခံခင်းထိုက်ပါသလား'' တိစီဝရိတ် မဆောင်သော ရဟန်း မခံထိုက်, မခင်းထိုက်ဖူး လား''ဘုရား။

၃။ ယခုကာလ မိမိဆရာပြန်လွှန်တော်မူလျှင် အရိုးအိုး၊ ဘုရားတည် ထားကြပါသည်။ တည်ထိုက် မတည်ထိုက်။

၄။ ၎င်းအရိုးအိုး ဘုရားကို ကျောင်းအရာမ်အတွင်းမှာ တည်ထိုက်၊ မတည်ထိုက်၊ တည်ခဲ့သော် မည်သည့်အကျိုးအပြစ် ရှိပါသနည်း။ ၎င်းပုစ္ဆာ (၄)ချက်၏ အဖြေဝိသဇ္ဇနာကို မ-စတော်မူပါဘုရား။

## ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော်၏ အဖြေ-၄။

၁။ အာဝါသပလိဗောဓ, စီဝရပလိဗောဓ- ၂-ပါးလုံး ရှိနေသော် လည်းကောင်း, တပါးပါးရှိနေသော် လည်းကောင်း ကထိန် မပျက်ပါ။ ပဉ္စာနိသံသကို ရနိုင်သည်။

ယခုကာလ သင်္ကန်းချုပ်ပြီး ဆိုးပြီးဖြစ်၍ "စီဝရပလိဗောဓ" မရှိသော်လည်း ကထိန်ခင်းသော ကျောင်းတိုက်မှာ အမြဲနေသောကြောင့်လည်းကောင်း, ခေတ္တမျှ သွားသော်လည်းကောင်း၊ "အာဝါသပလိဗောဓ" ရှိနေသေးသဖြင့် ကထိန်မပျက်ပါ။ အာနိသင်ကို ရနိုင်သည်။

အကယ်၍"မနေတော့ဖူး"-ဟု ထွက်သွားခဲ့သော်အာဝါသပလိဗောဓလည်း မရှိတော့သဖြင့် ကျောင်းတိုက်၏ အထွက်မှာ "ပက္ကမနန္တိကကထိနုဒ္ဓါရဖြင့်" ကထိန်နုတ်၏။ ကထိန်ပျက်ပြီး အာနိသင် လည်း မရ တော့ ပြီ။ (၁-ပုစ္ဆာ၏ အဖြေပြီး၏။)

၂။ ပေါရာဏိကံ သံဃာဠိံ ပစ္စုဒ္ဓရိတွာ

နဝါ သံဃာဋိ အဓိဋ္ဌာတဗ္ဗာ-ဟု-

ခန္ဓကပါဠိတော် လာသောကြောင့် တိစီဝရိတ်ဆောင်မှသာ ကထိန်ခံကောင်း-ခင်းကောင်းသည်-ဟု မှတ်ထင်ကြ ပြောဆိုကြသည်။

စတုဝီသတိယာ အာကာရေဟိ အနတ္ထတံ ဟောတိကထိနံ၊

သတ္တရသဟာ ကာရေဟိ အတ္ထတံ ဟောတိကထိနံ-

ဟူသော ကထိနက္ခန္ဓက်လာ- အနတ္ထတာကာရ ၂၄-ပါး, အတ္ထတာကာရ ၁၇-ပါးတို့၌ တိစီဝရိတ်ဆောင်မှ ကထိန်ခံထိုက်, ခင်းထိုက်ကြောင်းကို အရိပ်အမြွက် မပါချေ၊

**ယုတ္တိ**-သင်္ကန်းကို ခိုးသူလုယက်သော ရဟန်းမှာ အဓိဋ္ဌာန် ချရာ

အဘယ်မှာ သင်္ကန်းဟောင်းရှိတော့မည်နည်း။ ရှေးကအဓိဋ္ဌာန်တင်၍ ဆောင်နေကြသော သင်္ကန်းရှိနေလျှင် နောက်အဓိဋ္ဌာန်တင်သည့်သင်္ကန်းမှာ အဓိဋ္ဌာန်မနားမည် ဖြစ်သောကြောင့် သင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချရခြင်းဖြစ်သည်။

အဓိဋ္ဌာန်တင်ထားသော သင်္ကန်းဟောင်း မရှိလျှင် အဓိဋ္ဌာန် ချစရာမလို။ လုံးလုံးသင်္ကန်း မရှိသော ရဟန်းမှာ အဋ္ဌင်္ဂသမန္နာဂတ ဖြစ်ပါလျှင်သာ၍ပင် ခင်းကောင်းသေး၏။

သို့ဖြစ်၍ တိစီဝရိတ် မဆောင် သော်လည်း ကထိန်ခံကောင်း, ခင်းကောင်းသည်-ဟု မှတ်။ (၂-ပုစ္ဆာအဖြေပြီး၏။)

၃။ ဒွေ မေ ဘိက္ခဝေ ဟူပါရဟာ၊ ကတမေဒွေ-

တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ, ရာဇာစက္ကဝတ္တိ။

(အင်္ဂုတ္တိုရ်-ဒုကနိပါတ်-ထူပါရဟာသုတ် ပါဠိတော်-ဆ/၄၆။)

စတ္တာရောမေ အာနန္ဒထူပါရဟာ၊ ကတမေစတ္တာရော၊
တထာဂတော အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ထူပါရဟော
ပစ္စေကသမ္ဗုဒ္ဓေါထူပါရဟော,
တထာဂတ သာဝကော ထူပါရဟော,
ရာဇာစက္ကဝတ္တိ ထူပါရဟော။(သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်
ပါဠိတော်-ဆ/၁၁၇)။

ဤပါဠိတော်၌ စေတီဆိုက်သောအရာ၌ နိဘဏ္ဍ(တိုက်ရိုက်) အားဖြင့် ပုထုဇဉ် ရဟန်းမပါချေ။ ယင်းသို့ မပါသော်လည်း မဟာပရိနိဗ္ဗာနသုတ်-အဋ္ဌကထာ အဂုံတ္တိုရ်အဋ္ဌကထာကြီး တို့၌ကား-

ကသ္မာဘဂဝါအာဂါရမဇ္ဈေ ဝသိတွာ-
ကာလင်္ကတဿ ရညော ထူပကရဏံ အနုဇာနိ၊

န သီလဝတော ပုထုဇ္ဇန ဘိက္ခုဿာတိ၊ အနစ္ဆရိယတ္တာ-ဟု (သုတ်မဟာဝါ ဋ္ဌ/၁၇၅၊) အမိန့်ရှိအပ်သည် ဖြစ်သောကြောင့် ပုထုဇ္ဇန သီလပဋ္ဌ ပုဂ္ဂိုလ်တွေ များပြားလှပဖြင့် အနစ္ဆရိယ ဖြစ်သော ကြောင့်သာ လျှင် ထူပါရဟအရာ၌ တိုက်ရိုက်နိတတ္တအားဖြင့် မဟောခြင်းဖြစ်သည်။

ဆောင်အပ်-သိအပ် နေယျတ္ထအားဖြင့် သော်ကား

ပုထုဇ္ဇန သီလဝေဟာ ပန ပရိနိဗ္ဗုတ ဘိက္ခုနေဝါဝိယ
မဟာန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ-

ဟူသော မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ (၁၇၅) အဂုံတ္တိုရ် အဋ္ဌကထာ တို့နှင့်အညီ လဇ္ဇီပေသလ, သိက္ခာကာမ ပုဂ္ဂလ အာဇာနည်သီလဝန္တပုထုဇဉ် မထေရ်တို့ကိုသည်း ထူပါရဟ(စေတီဆိုက်သော)အရာ၌ သွင်းအပ်,သွင်းသင့် သွင်းထိုက် ရကား မိမိ၏ ဆရာသမား၏ အရိုးများကို အရိုးဘုရား-အရိုး စေတီတည်ဆိုက်-ကိုးကွယ် ထိုက်ပေသည်။ အရိုးမှုက သတ္တဋ္ဌာန စသည့် တို့ကိုသည်း ဌာပနာလျှက် ရှိသင့်သည်-ဟုမှတ်။ (၃-ပုစ္ဆာ အဖြေပြီး၏။)

၄။ ကျောင်းဝိုင်း (ကျောင်းတိုက်) အတွင်း အရိုးသွင်းလျှင် အရိုးဂူ တည်လျှင် (အရိုးအိုးဘုရားဘည်လျှင်) ကျောင်းတိုက် ညှိုးနွမ်း တတ်သည်၊ ဆိတ်သုဉ်းတတ်သည်။ ပျက်စီး တတ်သည်-ဟု ငါတို့ ကျေးဇူးရှင်

ပထမ ရေစကြို ဆရာတော် ဘုရားကြီး မိန့်ဆိုဖူး၏။ ကျမ်းဂန် သာဓက ပြရန်မရှိ။ (၄–ပုစ္ဆာ၏ အဖြေ ပြီး၏။)

တင်ပို့လိုက်သော နှမ်းဆီ စစ်စစ် တပုံးကို ရရှိသဖြင့် ဆရာတော်က ဝမ်းမြောက်ဝမ်းသာရှိကြောင်း။

အရှေ့တိုက်သစ် ဆရာတော်
ပခုက္ကူမြို့

ကထိန်၌ မှတ်ဖွယ်များရာပြီး၏။

# ၆။ ဥပုသ်ပြုရာ၌ ဆောင်ရွက်ရန် ကိစ္စများ

## ဥပုသ် အမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
(သုံးပြိုင် ၃-ခေါက်ဆို)

မေး၊ သုဏာတု မေ ဘန္တေ သံဃော။ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မန္တံ (အဂ္ဂိဿရိယံ) ဝိနယံ ပုစ္ဆေယျံ။ (တခေါက်ဆို)

ဖြေ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မတာ(သုဒဿနေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။
(တခေါက်ဆို)။

မေး။ ။သမ္မဇ္ဇနီ ပဒီပေါ စ။ သ၊ ဝုစ္စတိ ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဌ်နှင့်အညီ ဥပုသ်အိမ်၊ သိမ်အပြင်၌ တံမြက်လှည်းခြင်း, ဆီမီးညှိ ထွန်းခြင်း, သောက်ရေ သုံးဆောင်ရေတည်ထားခြင်း,နေရာခင်းခြင်း-ဟု ဆိုအပ်သော ဤလေးပါးသော ပြုဖွယ်ကိစ္စ ကိုကို သံဃာ မစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်, ပြုသင့်, ပြုထိုက်သည်၏ အဖြစ်ကြောင့် ပုဗ္ဗကရဏာမည်၏-ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့က မိန့်ဆိုတော်မူအပ်သည် အဖြစ်ကြောင့် ဤလေးပါးသော ပြုဖွယ်ကိစ္စတို့တွင်- ဥပုသ်အိမ်,သိမ်အပြင်၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ၊ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ဆီမီးညှိထွန်းခြင်းကိစ္စ ပြီးပြီလော၊

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။သောက်ရေ သုံးဆောင်ရေတည်ထားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။နေရာခင်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ လ။ ဝုစ္စတိ-ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဌ်နှင့်အညီ ဆောင်အပ်သော ဆန္ဒကိုကြားခြင်း, ဆောင်အပ်သော ပါရိသုဒ္ဓိကို ကြားခြင်း,ဆောင်း၊နွေ၊မိုး-ဟု ဆိုအပ်သော သုံးပါးသော ဥတုတို့တွင် ယခုရောက်ဆဲဖြစ်သော ဥတုကို ရေတွက်၍ ကြားခြင်း, ဤဉပုသ်အိမ်၊ သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ် အတွင်း၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းအပေါင်းတို့ကို ရေတွက်၍ကြားခြင်း။

ဘိက္ခုနီမတို့က ကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့-ဟု တောင်းပန် လျှောက်ထားသော စကားကို သံဃာတော်တို့အား လျှောက်ထားခြင်း၊ ဤငါးပါးသော ပြုဖွယ် ကိစ္စ တို့ကို သံဃာစည်းဝေးပြီးသည်မှနောက် ပါတိမောက်မပြမီ ရှေးအဖို့၌ ပြုအပ်, ပြုသင့်, ပြုထိုက်သည်၏ အဖြစ်ကြောင့် ပုဗ္ဗကိစ္စ မည်၏-ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သည်၏အဖြစ်ကြောင့် ဤငါးပါးသော ပြုဖွယ်ကိစ္စတို့တွင်-ဆန္ဒကြားခြင်းကိစ္စ ပြီးပြီလော၊

ဖြေ။ ဆန္ဒာရဟပုဂ္ဂိုလ် မရှိသည်ဖြစ်၍ ဆန္ဒကြားဖွယ် ကိစ္စမရှိ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ပါရိသုဒ္ဓိ ကြားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပါရိသုဒ္ဓါရဟ ပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ပါရိသုဒ္ဓိကြားဖွယ်ကိစ္စမရှိ-ပြီးပါပြီ-အရှင်ဘုရား။

မေး။ ။ဆောင်း၊ နွေ၊ မိုး-ဟု ဆိုအပ်သော သုံးပါးသော ဥတုတို့တွင် ယခုရောက်ဆဲဖြစ်သော ဥတုသည် အဘယ်ဥတု, အဘယ်ပက္ခ, အဘယ်ဥပုသ်ဖြစ်ပါသနည်း။

ဖြေ၊ ။ယခုရောက်ဆဲဖြစ်သော ဥတုသည် ဂိမှန္တဥတု၊ ဒုတိယပက္ခ၊ ပန္နရသီ ဥပုသ်နေ့ ဖြစ်ပါသည် အရှင်ဘုရား၊ (ရောက်ရာဥတု- စသည်ကို ဖြေပါလေ။)

မေး။ ။ဤဥပုသ်အိမ်၊ သိမ်အပြင် နှစ်တောင်ထွာ သတ္တပါသ် အတွင်း၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့၏ အရေအတွက်ကား- အဘယ်မျှလောက် အတိုင်းအရှည် ရှိပါသနည်း။

ဖြေ။ ။(၅၀၂)ငါးရာရှစ်ကျိပ် နှစ်ပါး အတိုင်းအရှည် ရှိပါသည် အရှင်ဘုရား။ (ရေတွက်၍ ဖြေပါလေ။)

မေး။ ။ဘိက္ခုနီမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့-ဟု တောင်းပန်လျှောက်ထားသော စကားကို သံဃာတော်တို့အား လျှောက်ကြားခြင်း ကိစ္စပြီးပြီလော။

ဖြေ။ ။ယခုအခါ သာသနာတော်၌ ဘိက္ခုနီမဘို့ မရှိသည်ဖြစ်၍ ဘိက္ခုနီမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့-ဟု တောင်းပန် လျှောက်ထားသော စကားကို သံဃာတော်တို့အား လျှောက်ကြားဖွယ် ကိစ္စမရှိ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ဥပေါသထော (လ) ဝုစ္စတိ- ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ- ဥပုသ်သည် နေ့၏ အစွမ်းဖြင့် စာတုဒ္ဒသီဥပုသ်- ပန္နရသီဥပုသ်- သာမဂ္ဂီဥပုသ်-ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ပန္နရသီဥပုသ်ဖြစ်ခြင်း,

ကာရကပုဂ္ဂိုလ်၏ အစွမ်းဖြင့် သံဃာ့ဥပုသ်- ဂဏဥပုသ်- ပုဂ္ဂလဥပုသ်-ဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သံဃဥပုသ်ဖြစ်ခြင်း,

ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသ ဥပုသ်-ပါရိသုဒ္ဓိဥပုသ် အဓိဋ္ဌာန်ဥပုသ်-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သုတ္တုဒ္ဒေသဥပုသ်ဖြစ်ခြင်း- ဤသုံးပါးသော လက္ခဏာနှင့် ပြည့်စုံခြင်း,

အကြင်မျှလောက် အယုတ်ဆုံးလေးယောက်၊ လေးယောက်ထက် အလွန်ရှိကုန်သော ရဟန်းတို့သည် နှစ်တောင်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တသိမ်ထည်း၌ တည်နေသဖြင့် သုတ္တုဒ္ဒေသ သံဃဥပုသ်ကိုအား လျှောက်ပတ်ခြင်း,

ဥပုသ်အိမ်၊ သိမ်အပြင် နှစ်တောင်ထွာဟတ္ထပါသ် အတွင်း၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းအပေါင်းတို့အား နေလွဲသော အခါ

ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို စားခြင်း-အစရှိသော သဘောတူငတ္တု ကြောင့် သင့်သောအာပတ် မရှိခြင်း,

ဥပုသ်အိမ် သိမ်အပြင် နှစ်တောင်တွ ာ ဟတ္ထပါသ်မှအပ ပြုသဖြင့် ကြည်အပ်ကုန်သော လူ ဘိက္ခုနီမ- အစရှိသော နှစ်ကျိပ် တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့သည် ဤဥပုသ်အိမ်၊ သိမ်အပြင် နှစ်တောင်ထွာဟတ္ထပါသ် အတွင်း၌ မရှိခြင်း။

ဤလေးပါးသော လက္ခဏာနှင့် ပြည့်စုံသောဥပုသ်ကံကို ပတ္တကလ္လ မည်၏-ဟူ၍ အဋ္ဌကထာဆရာမြတ်တို့မိန့်ဆိုတော်မူအပ်သည်၏အဖြစ်ကြောင့် ဤယခု ပြုအပ်လတံ့သော ဥပုသ်ကံသည် ပတ္တကလ္လ ဖြစ်ပါ၏-လော။

ဖြေ။ ။ဤယခု ပြုအပ်လတံ့သော ဥပုသ်ကံသည် (အမှန်မုချ) ပတ္တကလ္လ ဖြစ်ပါ၏—အရှင်ဘုရား။

မေး၊ ။(မေးသူက ဆက်ဆိုရန်) ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ။ လ။ ကရောမ။ (တခေါက်ဆို။)

ဖြေ။ ။(ဖြေသူကဆက်ဆိုရန်)သံဃော ဘန္တေ အာယသ္မန္တံ ပါမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု အာယသ္မာ ပါတိမောက္ခံ။ (သုံးခေါက်-ဆိုလေ။)

မေး၊ ။(မေးသူကဆိုရန်) သုဏာတု မေ ဘန္တေ သံဃော၊အဇ္ဇုပေါသထော (ပန္နရသော) ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

ဖြေ၊ ။(ဖြေသူက-ဆက်ဆိုရန်) ကိံ သံဃဿ ပုဗ္ဗကိစ္စံ၊ လ၊ အယံပိ ဓမ္မော အနိယတော၊ ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော ဒွေအနိယတာ။ လ။ မာရဧယာမိ၊ ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ လ။ ဥဒ္ဒိဋ္ဌာ ဒွေ အနိယတာ ဓမ္မာ၊ သုဘာ ခေါ ပန ယသ္မန္တေဟိ၊ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ၊လ။ သုတာ ခေါ ပနာ ယသ္မန္တေဟိ သတ္တ အဓိကရဏ သမထာ ဓမ္မာ၊ ဧတ္တကံ တဿ ဘဂဝတော (လ) သိက္ခိတဗ္ဗန္တိ၊ အနိယတုဒ္ဒေသော စတုတ္ထော။ (အနိယတုဒ္ဒေသ-အထိ ရွတ်ဆိုသည့် အတွက်၊ အဆုံး၌ "အနိယတုဒ္ဒေသော စတုတ္ထော"-ဟု ဆိုခြင်းဖြစ်သည်။ အကယ်၍ ပါရာဇိကုဒ္ဒေသကိုသာ ရွတ်ဆိုသည် ဖြစ်အံ့ "ပါရာဇိကုဒ္ဒေသော ဒုတိယော"-ဟု အဆုံးသတ်ရမည်။

(သံဃ ဥပုသ်ပြုပုံပြီး၏။)

## ဥပုသ်၌ တိလက္ခဏာသရုပ် ၃-ပါး

ဥပုသ်ပြုရာ၌ တိလက္ခဏာ သရုပ်ကား-

၁။ နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီ ပန္နရသီ သာမဂ္ဂိတို့တွင် တနေ့နေ့ဖြစ်ခြင်း။

၂။ ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃာ၊ ဂဏ၊ ပုဂ္ဂလ ဥပုသ်-ဟူ၍ ၃-ပါး ဖြစ်ခြင်း။

၃။ ကတ္တဗ္ဗာကာရ (ပြုပုံ အချင်းအရာ) အားဖြင့် သုတ္တုဒ္ဒေသ-ပရိသုဒ္ဓိ အဓိဋ္ဌာန်ဥပုသ်အားဖြင့် ၃-ပါးဖြစ်ခြင်းသည် တိလက္ခဏာ သရုပ်တည်း။

**ချဲ့ဦးအံ့။** ။သံဃာ ၄- ပါးရှိသောကျောင်း၌ သံဃာဥပုသ် ပြုရသည်။ ပြုပုံကား-ဆိုခဲ့ပြီး အတိုင်းဖြစ်သည်။ ၎င်းသံဃာဥပုသ် မပြုလိုသဖြင့် အဓိဋ္ဌာန်မရှိပဲ အခြားကျောင်းသို့ ထွက်သွားသော် ဒုက္ကဋ် သင့်သည်၊ (ကင်္ခါ ဆဋ္ဌ/၉၅)။

## ပါရိသုဒ္ဓိဥပုသ်ပြုပုံ

၃-ပါးရှိသောကျောင်းမှာ ဂဏဥပုသ်ပြုရသည်။ ပြုပုံကား-တန်မြက် လှဲခြင်း-စသော ကိစ္စများ ပြုပြီးလျှင် ထို ၃- ပါးထဲက စွမ်းနိုင်သော ရဟန်းတပါးက ဉတ်ထားရသည်။ ဉတ်ထားပုံကား-

နမော တဿ (၃-ကြိမ်ဆို။)

သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော (စာတုဒ္ဒသော ။ ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ- ဟု ဉတ်ထားရမည်။ (၁၅-ရက်) ဥပုသ်ဖြစ်လျှင် ''ပန္နရသော''-ဟု ဆိုပါ။)

ဤသို့ စွမ်းနိုင်သူကဉတ်ထားပြီး ပါရိသုဒ္ဓိဥပုသ်ပြုရမည်။ မထေရ်ကြီးက စပြီးပြုရမည်။ မထေရ်ကြီးသည် ကောသီကိုပခုံးတဘက်မှာတင်လျက် ဆောင့်ကြောင့် ထိုင်ကာ ရှိသေစွာ လက်အုပ်ချီ၍ ''ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ''ဟု ၃-ကြိမ်ဆိုရမည်။ ထိုနောက်မှ ကျန်မထေရ်ငယ်များက''ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ'' ဟု တပါးပြီး တပါး ဆက်ပြုပါလေ။

## ဥတ်မထားပဲ ပြုရသော ပရိသုဒ္ဓိ

၂–ပါးရှိသောကျောင်း၌ကား ယခင်ဥတ်ကိုမထားရတော့ပဲ "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ"ဟု မထေရ်ကြီးက ဆိုပါ။

မထေရ်ငယ် ကတော့ "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ"ဟု ၃-ကြိမ်ဆိုပါလေ။ (တံမြက်လှည်းခြင်း စသော ကိစ္စများကို ပြုလုပ်ပါ။)

၁–ပါးရှိသော ကျောင်း၌ကား အဓိဋ္ဌာန် ဥပုသ်ပြုရသည်။ ဥပုသ်မပြုမီ ပြုလုပ်ရမည့် ကိစ္စများကို ပြုလုပ်ပြီးလျှင် အာဂန္တုများ ရောက်လာဦးမည်လား–ဟု စောင့်မျှော် နေရမည်။ ထိုနောက် အချိန် ကုန်တော့မှ ပြုရမည်။

**ပြုပုံကား**....အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိ အဓိဋ္ဌာမိ။ ၃-ကြိမ်ဆို၍ ပြုရမည်။ (၁၅-ရက်နေ့ ဖြစ်လျှင်) "ပန္နရသောတိ အဓိဋ္ဌာမိ" ဟု ဆိုရမည်။)

## အာပတ်ကို သေးငယ်သော်လည်း အထင်မသေးနဲ့

လပြည့်လကွယ် ဥပုသ်နေ့မှန်းသိလျက် မိမိနှင့်သက်ဆိုင်သော ဥပုသ်ကို မပြုပဲနေလျှင် ဒုက္ကဋ် အာပတ်သင့်သည်။ ဤဒုက္ကဋ်အာပတ်ကိုသေးငယ်သည် ဟူ၍ အမှတ်တမဲ့ မထီမဲ့မြင် လေးစား ပြုလုပ်ပါနှင့်၊ ဘုရားသခင်၏ အာဏာတော်ကို ဖီဆန်လိုသော စိတ်ယုတ်မာ ဖြစ်သောကြောင့် သံသရာ ပြစ်ကားကြီးလေးလှပေသည်။ မြွေပွေးကို သေးငယ် သော်လည်း ရှောင်ရသကဲ့သို့ ဤအာပတ်ကိုလည်း ရှောင်ရမည်။

မြွေကိုက်လို့သေလျှင် ဒီတခါသာ ခံရမည်။ ဘုရားရှင်၏ အာဏာကို ဖီဆန်သောစိတ်ယုတ်မာကြောင့် ဖြစ်သောဒုက္ကဋ်ဖြင့် သေခဲ့သော် ဘဝပေါင်းများစွာ နစ်နာဆုံးရှုံးမည်။ အနာသည် ဆေးကုလို့ပျောက်သော်လည်း အမာရွတ်ကျန်နေသကဲ့သို့ ဒုက္ကဋ်အာပတ်ကို ဒေသနာကြားလျှင် ပျောက်သော်လည်း အာဏာတော်ကိုဖီဆန်သော စိတ်ယုတ်မာ၏ ဒဏ်ချက်ကား ပျောက်သွားနိုင်ပါမည်လား–စဉ်းစားကြပါ–ဟု ကျေးဇူးရှင်ကြီး သိမ်ပေါ်မှာ ဥပုသ်ပြုပြီး ဆုံးမသြဝါဒ ပေးတော်မူ၏။ မှတ်သားဖွယ်ကောင်းလှပေသည်။

## ဆန္ဒပေးမှု၊ ဆန္ဒဆောင်မှု၊ ဆန္ဒကြားမှု

မြန်မာပြည်မှာ မဟာသိမ် မရှိသောကြောင့် ဆန္ဒပေးမှု၊ ပါရိသုဒ္ဓိ ပေးမှုသည် လုပ်ငန်း သဘောဖြင့် ကြည့်မည် ဆိုလျှင် မလိုသကဲ့သို့ ဖြစ်နေပေသည်၊ ပေးမှုမရှိလျှင် ဆောင်မှု၊ ကြားမှုကို စဉ်းစားဖို့ မလိုတော့ချေ။

မှန်ပေသည်။ ဆန္ဒ ဆောင်မှုသည် သိမ်တူမှသာ ဆောင်လို့ရသည်။ သိမ်ကွဲပြားလျှင် ဆောင်လို့ မရချေ၊ မြန်မာ ပြည်မှာ အလွန် ကျဉ်းသော သိမ်ထဲသွား၍ ကံဆောင်ကြသဖြင့် သိမ်ပြင်ဘက်မှ ဘုန်းကြီးများ၏ ဆန္ဒကို ဆောင်ဖို့မလို၊ သို့သော် နယ်သိမ်း သိမ်သမုတ်သောအခါ၌ သိမ်သမုတ်ရာ ဌာနသို့မကြွနိုင်သော သံဃာတော်များ၏ ဆန္ဒဆောင်ရန် လိုပေမည်။ သို့အတွက် ဆန္ဒပေး-ဆောင်-ကြားနည်းကို အကျဉ်းချုပ်ပြီး ရေးဦးအံ့၊

ဥပုသ်ပြုရန်အတွက် ဆန္ဒပေးလျှင် ပါရိသုဒ္ဓိကိုပါ ပူးတွဲ၍ ပေးလိုက်ရမည်။ ထိုအတူ ပါရိသုဒ္ဓိပေးလျှင်လည်း ဆန္ဒကိုပါ ပူးတွဲပေးလိုက်ရမည်။

## ဆန္ဒ၊ ပါရိသုဒ္ဓိ ပေးပုံပေးနည်း

ဆန္ဒနှင့်ပါရိသုဒ္ဓိ ပေးမည့်ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဒေသနာ ကြားရမည်။ ကြားပြီးလျှင် ဘုန်းကြီးတပါးထံမှာ–

ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ-ဟု ဆိုရမည်။ ဤကား ဆန္ဒပေးပုံဖြစ်သည်၊ ထိုနောက်....

"ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟု ဆိုရမည်။ ဤကား ပါရိသုဒ္ဓိ ပေးပုံတည်း။

ဆောင်ယူသွားမည့် ပုဂ္ဂိုလ်က "သာဓု"ဟု သုံးကြိမ်ခေါ်ရမည်။ ဤပေးခြင်း ယူခြင်းကို ဘုန်းကြီးအချင်းချင်းသာလျှင် ပေးယူလို့ ရသည်။ လူ–သာမဏေများ မပြုလုပ်နိုင်ပါ။ အကြောင်းကား– သံဃာ၏ ဟတ္ထပါသ် အတွင်းသို့ ယူသွားရမည် ဖြစ်သောကြောင့်တည်း။ ထိုဆန္ဒပါရိသုဒ္ဓိကို ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှုတ် ၂–ပါးဖြင့်ဖြစ်စေ၊ ပေးနိုင်သည်။

## ဆန္ဒ၊ ပါရိသုဒ္ဓိ ပေးနိုင်သော ပုဂ္ဂိုလ်-၃–မျိုး

၁။ အပြင် အခြားတနေရာမှာ ဥပုသ်ပြုပြီး၍ သံဃာ အစည်းအဝေး မသွားလိုသော ရဟန်း။
၂။ ဂိလာန ရဟန်း။

၂။ သံဃာ့ ကိစ္စ ရှုတ်ထွေးနေသော ရဟန်းများသည် ဆန္ဒပါရိသုဒ္ဓိ ပေးနိုင်သည်။ (ကင်္ခါ ဆင္ဘ/၉၆)။

## ဆန္ဒပါရိသုဒ္ဓိ ပေးခြင်းဖြင့် ရသင့်သောအကျိုးများ

ပါရိသုဒ္ဓိကိုသာ ပေးလျှင် မိမိနှင့် သံဃာမှာ ဥပုသ် ပြုခြင်း ကိစ္စ ပြီးသည်။ သံဃာမှာ ကြွင်းကိစ္စများကို မဆောင်ရွက်နိုင်။

ဆန္ဒသာကိသက် ပေးလျှင်ကား သံဃာမှာ ဥပုသ်ပြုခြင်း အခြားကိစ္စ များကိုဆောင်ရွက်နိုင်ခြင်းအကျိုးကို ပြီးစေနိုင်သည်။ မိမိမှာကား ဥပုသ် ပြုခြင်းကိစ္စမပြီးစေနိုင်ပါ။ (ကင်္ခါ-၉၆)။

ဘုန်းကြီးတပါးတည်းက ဘုန်းကြီးအများ၏ဆန္ဒပါရိသုဒ္ဓိကိုဆောင်ယူ နိုင်သည်။

## ဥပုသ်ကိုမပြုပဲ မနေကောင်း

ဆန္ဒပေးမည့် ဂိလာနရဟန်းသည် မပေးနိုင်လောက်အောင် အခြေ အနေ ဆိုးနေခဲ့သော် ထမ်းစင်ဖြင့် သံဃာထံသို့ ခေါ်သွားရမည်။ ထမ်းပြီး ခေါ်သွားလို့ မဖြစ်နိုင်လျှင် သံဃာက ထိုရဟန်းထံသွား၍ ဥပုသ် ပြုရမည်။ မပြုပဲနေလို့ မရ။ မပြုပဲနေလျှင် ဒုက္ကဋ်သင့်သည်။ ဝဂ်ဖြစ်လျက် ပြုပြန်လည်း ဒုက္ကဋ်သင့်သည်။ (ကင်္ခါ-ဋီကာသစ်/၁၅၄)၊

## ဆန္ဒံ ဒမ္မိ-စသော စကား ၃-မျိုးကို ဆိုရခြင်းအကြောင်း

၁။ အနုဇာနာမိ ဘိက္ခဝေ-စသော ဘုရား အမိန့် တော်ကြောင့် ဆန္ဒံ ဒမ္မိ-ဟု ဆိုရသည်။(ဆန္ဒပေးရသည်။)

၂။ ဆန္ဒ ဆောင်ယူသွားမည့် ရဟန်းက သံဃာ့ထံ မသွားပဲ အရပ် တပါးဖဲသွားခဲ့သော် အခြားရဟန်းများကို ထပ်ခါထပ်ခါပေးနေ ရခြင်း၊ဆင်းရဲခြင်းမှ ကင်းစေလိုသောကြောင့်"ဆန္ဒံ မေ ဟရ"ဟု ဆိုရသည်။ (ဆန္ဒကို သံဃာ့ထံ ရောက်အောင် ယူသွားပါ-ဟု ပြောရသည်။)

၃။ ဆန္ဒဆောင်သော ရဟန်းက သံဃာ့ထံ ရောက်သောအခါ မပြော ကြားလျှင် ဒုက္ကဋ် သင့်သည်။ ယင်းဒုက္ကဋ်မှ လွတ်စေ လိုသော ကြောင့်"ဆန္ဒံ မေ အာရောစေဟိ"ဟု ဆိုရသည် (သံဃာ့ထံ ရောက်လျှင် ဆန္ဒကို ကြားဖြစ်အောင် ကြားပါ မှာလိုက်ရသည်။)

## မြန်မာလိုလည်း ကြားနိုင်သည်

အယံ အတ္တော ကာယေန ဝါ, ဝါစာယ ဝါ, ဥဘယေန ဝါ ဝိညာပေတဗ္ဗော–ဟု ဆိုသောကြောင့် ဆန္ဒပါရိသုဒ္ဓိကို မြန်မာလိုသည်း ကြားနိုင်သည်၊(ကင်္ခါဋီကာသစ်–၁၅၆။)

## ဆန္ဒပါရိသုဒ္ဓိ ကြားပုံ

သံဃာ့ထံမှောက်ရောက်သောအခါ–

(တိဿေန) ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တဿ ဟံ သံဃဿ အာရောစေမိ–

ဟု သံဃာ၏ အစွန်းအဖျားမှ နေ၍ဆန္ဒကြားရမည်။ ထိုအတူ–

(တိဿေန) ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ၊ တ မ ဟံ သံဃဿ အာရောစေမိ”ဟု ပါရိသုဒ္ဓိကြားရမည်။ (ဥပုသ်နှင့်ပတ်သက်သော အခြား သိဖွယ်များကို“ပနက္ကျဝိနည်းကျမ်း”၌ ကြည့်ရှုကြပါကုန်။)

## သာပတ္တိက ပုဂ္ဂိုလ်အတွက်

မိမိမှာ အာပတ်ရှိမှန် သိလျက် ပါတိမောက်နာသော ရဟန်းအာဒုက္ကဋ်သင့်၏–ဟု ဆိုရာ၌ သံဃာဒိသိသ်စသော အောက်ဖြစ်သောအာပတ်များအတွက် အာပတ်သင့်ခြင်းကို ကျေနပ်ပါသည်။ သဘောကြပါသည်။ ပါရာဇိကကျပြီးသော ရဟန်းမှာလည်း အခြားရဟန်းကောင်းများနည်းတူ ဒုက္ကဋ်အာပတ် သင့်ပါသေးသလား၊ ရဟန်းမဟုတ်တော့သည့် အတွက် အာပတ် မသင့်တော့ပြီလော-ဟု မေးကြသူတွေ ပေါ်ခဲ့ဖူးသည်။

ဒီနေရာမှာ“သတ္တန္နံ ဝါ အာပတ္တိက္ခန္ဓာနံ”-ဟူသော ဟောဝါပါဠိတော် တိုက်ရိုက်ရှိသောကြောင့် ထိုပါရာဇိကကျပြီး ပုဂ္ဂိုလ်မှာလည်း ဒုက္ကဋ်သင့်ရမည်–ဟု ရေစကြိုဆရာတော်ကြီးအမိန့်ရှိသည်။သို့သော်ဆရာတော်ကြီးက သဲအင်းဆရာတော်ဘုရားကြီးအား လျှောက်သောအခါ “ကမ္ဘာမီးလောင်ရာမှာ ရေနံဆီခွက်ကလေးက မီးတောက်ချင်ပါနဲ့တော့– ဦးဇန္ဒရယ်”လို့ အမိန့်ရှိလိုက်ဖူးကြောင်း ကျော်ဇူးရှင်ကြီး မိန့်ဖူး၏။

ဥပုသ်ပြုရာ၌ မှတ်ဖွယ်ရာအမျိုးမျိုးပြီး၏။

# ၇။ ပဝါရဏာပြုရာ၌ ဆောင်ရွက်ရန် ကိစ္စများ

## ပဝါရဏာ အမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးပြိုင်သုံးခေါက်ဆို)။

(မေးသူ) သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (အဂ္ဂိဿရိယံ,)ဝိနိယံ ပုစ္ဆေယျံ။

(ဖြေသူ) သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ (သုဒဿနေန)ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

(မေးသူ) ပဝါရိယေ ဘန္တေ နိဝါရိယေ ဘန္တေ ဘောယာတိပဝါရဏာ။

ဘောယ သမဏာစရိယာသယ၊ဤသို့အချင်းချင်း ဖိတ်မန္တကပြု၍၊ ဆုံးမခြင်းတည်းဟူသော မြတ်သော ရဟန်းတို့၏ အကျင့်သီလ စာရိတ္တဓမ္မဖြင့် ပါပကေ၊မကောင်းစုတ်ဖြာ၊ ယုတ်မာကုန်သော။ အကုသလေ၊ မသိမလိမ္မာ၊ သူယုတ်မာတို့၏ သတ္တာန်ဖြစ်ကုန်သော။ ဓမ္မေ၊ အကုသလပါပ-ညစ်ကြုံ မကောင်းမှုတို့ကို။ ပဝါရိယန္တေ, နိဝါရိယန္တေ၊ ပိတ်ပင်တားမြစ် အပ်ကုန်၏၊ ဣဘိတာသ္မာ၊ ထိုသို့အကုသလ ပါပအပေါင်း၊ မကောင်းမိစ္ဆာ၊ ရန်ယုတ်မာတို့ကို၊ ပိတ်ပင်တားမြစ်ကြောင်း ဖြစ်သောသတ္တိကြောင့်။ ဘောယာတိ၊ ပဒေန၊ ဘောယ ဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်သော။ သာသမဏာစရိယာ၊ ထိုအချင်းချင်း ဖိတ်မန္တကပြုခြင်းဟု ဆိုအပ်သော မြတ်သောရဟန်းတို့၏ သီလစာရိတ္တဓမ္မသည် ပဝါရဏာ၊ ပဝါရဏာမည်၏။

ဤသို့ဝိဂြိုဟ်မိန့်ဆို မြွက်ဟ, သမဏာစာရိတ္တ တည်းဟူသော ပဝါရဏာ ကို မဟာမုနိန္ဒ အမည်တော်ရသော လောကစက္ကု သုံးလူဘဆရာ မြတ်ဇိနာသည် ဘယ်မြို့ ဘယ်ပြည် ဘယ်ဌာနီ၌ သီတင်းသုံးနေတော်မူသောအခါ ပညတ်တော်မူပါသနည်း၊

ဖြေ။ တေနခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ
သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ
အနာထ ပိဏ္ဍိကဿ အာရာမေ-

အစရှိသည်ဖြင့်–ဝိနည်းမဟာဝါ ပဝါရဏာက္ခန္ဓက ပါဠိလာရှိသည်နှင့်အညီ–ကာသိတိုင်း-ကောသလတိုင်းဟု ဆိုအပ်သော တိုင်းကြီးနှစ်တိုင်းတို့၏ ခွန်သဆက်သွင်းရာ၊ ရတနာရွှေ၊ ငွေ၊ ထွေထွေများသည့် သာဝတ္ထိအမည်ရှိသော ရာဇဌာနီ၊ မင်းနေပြည်ကြီး၏ အရှေ့တောင်စွန်းဝယ်၊ အရှည်ကင် မှုဘင်လက္ခဏာပြည့်စုံစွာသည့်၊ မဟာဘူမိ–ပြောဒိရိယက် အနာယပိဏ် ဂုဏ်ပိနံပြန့်မွေး ရှင်သဌေးသည် ငါးဆယ်လေးကုဋေ အသပြာငွေတို့ဖြင့် ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ပြန်နန်း၌ စံမြန်းကိန်းဝပ်တော်မူစဉ်၊ အစိန္တေယျ ဂုဏ်ပေါင်းခသည့် သုံးလောကမျက်ရှု သဗ္ဗညုဘုရားသခင်သည်၊ အနုဇာနာမိ ဘိက္ခဝေ-ဝဿံ ဝုဋ္ဌာနံ တီဟိ ဌာနေဟိ
ပဝါရိတုံ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယဝါ–
အစရှိသည်ဖြင့် သမဏ စာရိတ္တ ပဝါရဏာကို ပညတ်တော်မူပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်၊ ရာဇဌာနီ၊ မင်းနေပြည်ကြီးကို၊ အမှီပြု၍၊ ဇေတဝန်ကျောင်းဗိမာန်၌၊ လေးတန် ဣရိယာမျှစဉ်ခါဝယ်၊ သမ္မာသမ္ဗုဒ္ဓသုံးပူဘသည် သမဏခမ္မစာရိတ္တသိက္ခာပဝါရဏာကို၊ မိန့်ဟတော်မူပြီဟုဆိုပြီ၊ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်ဝတ္ထုအခင်းအကြောင်းရင်းကြောင့် ပညတ်ခွင့်ပြုတော်မူပါသနည်း။

ဖြေ၊ ။"တေန ခေါ ပန သမယေန် သမ္ဗဟုလာ-
သန္ဒိဋ္ဌာ ဘိက္ခူ ကောသလေသု ဇနပဒေသု
အညတြသ္မိံ အာဝါသေ ဝဿံ ဥပဂစ္ဆိံသု"

အစရှိသဖြင့် ဝိနည်း မဟာဝါ ပဝါရဏာက္ခန္ဓက ပါဠိ လာရှိသည်နှင့်အညီ ကောသတိုင်း၊ ဇနပုဒ်ရွာကို အမှီပြု၍ တခုသော ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူကြသော ကောသလတိုင်းသား ရဟန်းများ တို့သည် အချင်းချင်း စကားမပြော နှီးနှောဆုံးမခြင်းမရှိ၊ ဟတ္ထ ဝိလင်္ဃက မူဂဗ္ဗတတိတ္ထိယ သမာဒါန ဖြစ်သော အကျင့်ကို နိယျာနိက ဝဋ္ဋမှ လွတ်မြောက်ရာ၊

ငါဘုရား သာသနာတော် တွင်း၌ ရဟန်း ပြုကြ သည်ချည်း ဖြစ်လျက်၊ အချင်းချင်း စကားမပြော၊ နှီးနှောမေးမြန်းခြင်းမရှိ၊ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန်၊ ဟတ္ထ ဝိလယ်က မူဂဗ္ဗတ တိတ္ထိယ သမာဒါနအကျင့်ဖြင့်၊ နေ့ရက်ရှည်ကြာနေကြသည်မှာ၊ အရိယာသူတော်ကောင်းတို့၏ ပေါင်းဖော်နေထိုင်ခြင်းမျိုး မဟုတ်၊ ယုဘ်မာသော ကျွဲ,နွား တိရစ္ဆာန် ရန်သူတို့၏ ပေါင်းဖော်နေထိုင်ခြင်းမျိုးဖြစ်၍—

"န ဘိက္ခဝေ မူဂဗ္ဗတ တိတ္ထိယ သမာဒါနံ သမာဒယိတဗ္ဗံ၊
ယော သမာဒိယေယျ အာပတ္တိ ဒုက္ကဋဿ" ဟူသော—

သိက္ခာပုဒ်တော်ကို ကောသလတိုင်းသား ရဟန်းများကို အကြောင်း ပြု၍ အချင်းချင်းစကားမပြော တုဏှီဘောဖြင့် နှီးနှောမေးမြန်းခြင်းမရှိ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် ဟတ္ထ ဝိလယ်က မူဂဗ္ဗတ တိတ္ထိယသမာဒါန အမှုအခင်းအကြောင်းရင်း ဝတ္ထုကြောင့် သမဏစာရိတ္တ-ဟု ဆိုအပ်သော ပဝါရဏာကို ခွင့်ပြုတော်မူပါသည် အရှင်ဘုရား၊

မေး။ ။ကောသလ တိုင်းသား ရဟန်းများကို အကြောင်းပြု၍ အချင်းချင်း စကားမပြော၊ နှီးနှော ဆုံးမခြင်းမရှိ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ တန်တန်၊ ဟတ္ထ ဝိလယ်က မူဂဗ္ဗတ တိတ္ထိယ သမာနဝတ္ထုကြောင့် ပညတ်တော် မူအပ်သော သမဏ စာရိတ္တ သိက္ခာ ပဝါရဏာသည် သင်္ချာအရေအတွက်အားဖြင့် အဘယ်မျှ အတိုင်းအရှည် ရှိပါသနည်း။

ဖြေ။ ။"တယော တယောတိ ကတ္တာန၊ ဒိဝသ ပုဂ္ဂလဘေဒတော။
တေ ဝါစိကာ ဒွေ ဝါစိကာ—

ဧက ဝါစိကာတိ နဝ ဝုတ္တာ ပဝါရဏာ"ဟု မိန့်ဆိုတော် မူအပ်သည်နှင့် အညီ— စာတုဒ္ဒသီ ပဝါရဏာ၊ ပန္နရသီ ပဝါရဏာ၊ သာမဂ္ဂီ ပဝါရဏာ-ဟူ၍ နေ့၏ အစွမ်းအားဖြင့် သုံးပါး၊

သံဃ ပဝါရဏာ၊ ဂဏ ပဝါရဏာ၊ ပုဂ္ဂလ ပဝါရဏာ-ဟူ၍ ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးပါး၊

တေ ဝါစိက ပဝါရဏာ၊ ဒွေ ဝါစိက ပဝါရဏာ၊ ဧက ဝါစိက ပဝါရဏာ-ဟူ၍ ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုံးပါး၊ ပြားသောကြောင့် သမဏမေ့ စာရိတ္တ သိက္ခာ ပဝါရဏာသည် သင်္ချာအရေအတွက်အားဖြင့် ကိုးပါး အတိုင်းအရှည် ရှိပါသည်-အရှင်ဘုရား။

မေး။ ။ထိုကိုးပါးသော ပဝါရဏာတို့တွင် ယခု စည်းဝေး ဆဲသော သီမမဏ္ဍလဝယ် အဘယ် ပဝါရဏာကို ငါတို့ ပြုအပ်,ပြုသင့်,ပြုထိုက်ပါသနည်း။

ဖြေ။ ။"ဣဓ ပန ဧဟော ပုဂ္ဂလော ဒွေ တယော–
စတ္တာရော ဂဏော၊ တတော ပရံ သံဃော–

ဟု ဋီကာဥဏ်ရှင် ပုဂ္ဂိုလ်ရှင်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ ရဟန်းလေးပါးထက် လွန်သော အစည်းအဝေးဖြစ်၍ ယခုစည်းဝေးဆဲသော သီမ မဏ္ဍလမှာ သံဃ ပဝါရဏာကို ပြုအပ်,ပြုသင့်,ပြုထိုက်ပါသည်ဘုရား။

မေး။ ။ယခု စည်းဝေး ဆဲသော သီမ မဏ္ဍလမှာ သံဃ ပဝါရဏာကို ပြုအပ်,ပြုသင့်,ပြုထိုက်၏-ဟု ဆိုပြီ။

သမ္မဇ္ဇနီ ပဒီပေါစ၊ ဥဒကံ အာသနေနစ၊
ပဝါရဏာယ ဧတာနိ ပုဗ္ဗကရဏန္တိ ဝုစ္စတိ–ဟူ၍

မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠ်နှင့်အညီ ပဝါရဏာအိမ်၊ သိမ်အပြင်၌ တံမျက် လှည်းခြင်း၊ ဆီမီး ညှိထွန်းခြင်း၊ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း၊ နေရာခင်းခြင်း၊ ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာ မစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်,ပြုသင့်, ပြုထိုက်သည်၏ အဖြစ်ကြောင့် ပုဗ္ဗကရဏ မည်၏-ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့် ဤလေးပါးသော ပြုဖွယ်ကိစ္စတို့တွင် ပဝါရဏာအိမ်၊ သိမ်အပြင်၌ တံချက်လှည်းခြင်း ကိစ္စပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ဆီမီးညှိထွန်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။သောက်ရေ၊သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။နေရာခင်းခြင်း ကိစ္စပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။"ဆန္ဒ ပဝါရဏာ ဥတုက္ခာနံ ဘိက္ခုဂဏနာစ ဩဝါဒေါ။

ပဝါရဏာယ တောနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ"

ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့် အညီ၊ ဆန္ဒကို ကြားခြင်း ပဝါရဏာကို ကြားခြင်း၊ သီတင်းကျွတ်လပြည့်နေ့၌ ပြုအပ်သော ပဌမ ကတ္တိက ပဝါရဏာနေ့-တန်ဆောင်မုန်းလပြည့်နေ့၌ ပြုအပ်သော ဒုတိယ ကတ္တိက ပဝါရဏာနေ့အားဖြင့် နှစ်ပါးသော ပဝါရဏာနေ့တို့တွင် တပါးပါးသော ပဝါရဏာနေ့ကို ကြားခြင်း, ပဝါရဏာအိမ်၊ သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့ကို ရေတွက်၍ ကြားခြင်း, ဘိက္ခုနီမတို့က အကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့-ဟု လျှောက်ထား တောင်းပန်သော စကားကို သံဃာတော်တို့အား လျှောက်ကြားခြင်း,

ဤငါးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာစည်းဝေးပြီးသည်မှ နောက်၊ ပဝါရဏာမပြုမီ ရှေးအဖို့၌ ပြုအပ်, ပြုသင့်, ပြုထိုက်သည်၏ အဖြစ်ကြောင့် ပုဗ္ဗကိစ္စမည်၏- ဟူ၍ အဋ္ဌကထာ ဆရာတို့မိန့်ဆိုတော်မူအပ်သောကြောင့်ဤငါးပါးသောပြုဖွယ်ကိစ္စတို့တွင် ဆန္ဒကြားခြင်း ကိစ္စပြီးပြီလော။

ဖြေ။ ။ဆန္ဒာရဟ ပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ဆန္ဒကြားဖွယ်ကိစ္စမရှိ- ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ပဝါရဏာ ကြားခြင်းကိစ္စပြီးပြီလော။

ဖြေ။ ။ပဝါရဏာရဟ ပုဂ္ဂိုလ်မရှိသည်ဖြစ်၍ပဝါရဏာကြားဖွယ်ကိစ္စမရှိ- ပြီးပါပြီဘုရား။

မေး။ ။သီတင်းကျွတ်လပြည့်နေ့၌ ပြုအပ်သော ပဌမ ကတ္တိက ပဝါရဏာနေ့၊ တန်ဆောင်မုန်းလပြည့်နေ့၌ ပြုအပ်သော ဒုတိယ ကတ္တိက ပဝါရဏာနေ့အားဖြင့် နှစ်ပါးတို့တွင် ဒယ်ဘယ်ပဝါရဏာနေ့ ဖြစ်ပါသနည်း။

ဖြေ။ ။သိဘင်းကျွတ်သပြည့် မဟာပဝါရဏာနေ့ ဖြစ်ပါသည်- အရှင်ဘုရား။

မေး။ ။ပဝါရဏာအိမ်၊ သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတော်တို့၏ အရေအတွက်ကား- အဘယ်မျှ အတိုင်းအရှည် ရှိပါသနည်း။

ဖြေ။ ။(၅၇၂)ပါး အတိုင်းအရှည် ရှိပါသည်-အရှင်ဘုရား။

မေး။ ။ဘိက္ခုနီမဘို့က အကျွန်ုပ်ဘို့သည် အရှင်ဘုရားတို့၏ အထံ၌ အဆုံးအမဘို့ ခံသာပါကုန်အံ့-ဟု တောင်းပန်လျှောက်ထားသော စကားကို သံဃာတော်တို့အား လျှောက်ထားခြင်း ကိစ္စ ပြီးပြီလော။

ဖြေ။ ။ယခုအခါ သာသနာတော်၌ ဘိက္ခုနီမတို့မရှိသည်ဖြစ်၍ ဘိက္ခုနီမတို့က အကျွန်ုပ်ဘို့သည် အရှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံသာပါကုန်အံ့-ဟု တောင်းပန် လျှောက်ထားသော စကားကို သံဃာတော်တို့အား လျှောက်ကြားဖွယ် ကိစ္စမရှိ၊ ပြီးပါပြီ-အရှင်ဘုရား။

မေး။ ။"ပဝါရဏာ ယာဝတိကာ ဘိက္ခု ကမ္မပတ္တာ-
သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ ဝဇ္ဇနိယာစ-
ပုဂ္ဂလာ တသ္မိံ န ဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတိ"-ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠ်နှင့်အညီ-

စာတုဒ္ဒသီပဝါရဏာ, ပန္နရသီ ပဝါရဏာ, သာမဂ္ဂီပဝါရဏာ-ဟူ၍နေ့၏အစွမ်းအားဖြင့် သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင် ပန္နရသီပဝါရဏာဖြစ်ခြင်း,

ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃပဝါရဏာ ဂဏပဝါရဏာ ပုဂ္ဂလ ပဝါရဏာ-ဟူ၍ ၃- ပါးအပြားရှိ၏။ ထို၃-ပါးတို့တွင် သံဃာ့ ပဝါရဏာ ဖြစ်ခြင်း,

ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် တေဝါစိက ပဝါရဏာ၊ ဒွေဝါစိက ပဝါရဏာ၊ ဧကဝါစိက ပဝါရဏာ-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် ဧကဝါစိက ပဝါရဏာ ဖြစ်ခြင်း,

ဤ ၃-ပါးသော လက္ခဏာနှင့် ပြည့်စုံခြင်း,

အကြင်မျှလောက် ငါးပါး- ငါးပါးထက် အလွန်ရှိသော ရဟန်း အပေါင်းတို့သည် နှစ်တောင်ထွာ ဟတ္ထပါသ်ကို မဖွေနှံ့မူ၍ တသိမ်ထည်း၌ တည်နေသဖြင့် သံဃပဝါရဏာအား လျော်ကပ်ခြင်း,

ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ် အတွင်း၌ စည်းဝေး ရောက်လာကြကုန်သော ရဟန်းအပေါင်းတို့အား နေ့လွဲသော ကာလ၌ ယာဝဇီဝိကာလိက ဘောဇဉ်ကိုစားခြင်း အစရှိသော သဘောတူ၀တ္ထုကြောင့် သင့်သောအာပတ်ရှိခြင်း, ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်မှ အပြ၍ ကြဉ်အပ်ကုန်သော လူ-ဘိက္ခုနီမ အစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့၏ ဤပဝါရဏာအိမ် သိမ်အပြင်နှစ်တောင်ထွာ ဟတ္ထပါသ် အတွင်း၌မရှိခြင်း၊ ဤငါးသော လက္ခဏာနှင့် ပြည့်စုံသော ပဝါရဏာကံကို ပတ္တကလ္လမည်၏-ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ဆိုတော်မူသောကြောင့် ယခုပြုလတံ့သော ပဝါရဏာကံသည် ပတ္တကလ္လ ဖြစ်ပါ၏-လော။

ဖြေ။ ။ယခုပြုလတံ့သော ပဝါရဏာကံသည် ပတ္တကလ္လ ဖြစ်ပါ၏-ဘုရား။

မေး။ ။(မေးသူဆိုရန်) ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏာ ဥတ္တိံ ထပိတုံ အာရောစနံ ကရောမ။

(တခေါက်ဆိုရန်)

ဖြေ။ ။(ဖြေသူကဆိုရန်) သံဃော ဘန္တေ အာယသ္မန္တံ ပဝါရဏာဥတ္တိထပနံအဇ္ဈေသတိ ဥပတု အာယသ္မာ ပဝါရဏာ ဥတ္တိံ။ (၃-ခေါက်ဆိုရန်။)

မေး။ ။(မေးသူကဆိုရန်) သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သမာနဝဿိကံ ပဝါရေယျ၊

(ပဝါရဏာ အမေးအဖြေ ပြီး၏။)

အမေး-အဖြေ-ပြီးလျှင် မထေရ်ကြီးမှ စ၍ "သံဃံ အာဝုသော ပဝါရေမိ"-စသည်ဖြင့် ပဝါရဏာ ပြုကြရန်။

## ပဝါရဏာ၌ သိမှတ်ဖွယ် အကျဉ်း

ပဝါရဏာ ဟူသည် ဖိတ်ကြားခြင်း ဖြစ်သည်။ တပည့်တော်မှာ မြင်သော် လည်းကောင်း၊ ကြားသော် လည်းကောင်း၊ သံသယ ရှိသော် လည်းကောင်း၊ အပြစ်ရှိလျှင် ပြောကြားပါ-ဟု ဖိတ်ထားခြင်းဖြစ်သည်။

ကျောင်းတိုက်တခုမှာ သံဃာ ၅-ပါး ရှိလျှင် သံဃာ့ ပဝါရဏာ ပြုရမည်။ယခင်ဆိုခဲ့ပြီးသော သံဃ ပဝါရဏာဥတ်ကို ဗျတ္တပဋိဗလ ရဟန်းက ထားပြီးလျှင် မထေရ်ကြီးက ကေသီကို လက်ဝဲဘက် ပခုံးထက်မှာတင်လျက် လက်အုပ်ချီကာ-

"သံဃံ (အာဝုသော) ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ,
ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော....
အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ"ဟု
၃-ကြိမ်ဆိုပါ။

## အထူးသတိပြုရန် အချက် ကား

"န ဘိက္ခဝေ ထေရေသု ဥက္ကုဋိကံ နိသိန္နေသု
ပဝါရယမာနေသု အာသနေသု အစ္ဆိတဗ္ဗံ၊
ယောအစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။
အနုဇာနာမိ ဘိက္ခဝေ သဗ္ဗေ ဟေဝ
ဥက္ကုဋိကံ နိသိန္နေသု ပဝါရေတုံ"

ဟု မဟာဝါပါဠိတော်(ဆဋ္ဌ/၂၂၄)၌ ဟောတော်မူသောကြောင့် မိမိထက်ကြီးသော မထေရ်ကြီးများက ပဝါရဏာပြုနေစဉ် မထေရ်ငယ် များသည် အားလုံး ဖောင့်ကြောင့် ထိုင်ပြီး နားထောင် နေရမည်။ မနေလျှင် ဒုက္ကဋ်သင့်သည်။

သံဃာများသော ကျောင်းတိုက်ကြီး၌ ဝါတူရာပေါင်းပြီး ထေရ်စဉ် အတိုင်း(ကြီးစဉ်ငယ်လိုက်)ပဝါရဏာပြုလာခဲ့ရာ မိမိအလှည့်မှာ ပဝါရဏာ ပြုပြီးလျှင်တော့ ထိုင်နေနိုင်ပြီ။

## ဂိလာန အတွက် ပဝါရဏာဆောင်

အာကာယ်၍ နေထိုင် မကောင်းသော ရဟန်း ရှိခဲ့သော် ထိုရဟန်း၏ ပဝါရဏာကို ဆောင်ပြီးမှ ပဝါရဏာပြုရမည်။ ထိုဂိလာန ရဟန်းက အခြား ရဟန်းတပါးထံမှာ လက်အုပ်ချီလျက်—

"ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊

ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ"ဟု ဆိုရမည်။(ပဝါရဏံ ဒမ္မိ-စသည်ဆိုရပုံ အဓိပ္ပါယ်ကို ဥပုသ် ပြုစဉ်က အတိုင်းသိပါ)။

## ပဝါရဏာ ကြားပုံကား

ပဝါရဏာ ဆောင်ယူလာသော ရဟန်းသည် သံဃာ့ ပရိသတ် အစွန်မှာနေလျက် လက်အုပ်ချီကာ—

"(တိဿေန)ဘိက္ခုနာ ပဝါရဏံ ဒိန္နံ၊ တံ မယံ သံဃဿ အာရောစေမိ"ဟု ဆိုရမည်။

## ၄-၃-၂-ပါး ပဝါရဏာပြုပုံ

ကျောင်းတိုက်တခုမှ သံဃာ-၄-ပါး ရှိလျှင် သို့မဟုတ်၊ ၃-ပါး၊ ၂-ပါးရှိလျှင် အချင်းချင်း(အညမည)ပဝါရဏာပြုရသည်။ ၄-ပါး၊ ၃-ပါး မှာ ဉတ်ထားပြီး ပြုရသည်။ ၂-ပါးမှာ ဉတ်မထားပဲ ပြုရသည်။

ထိုတွင် ၄-ပါးရှိသော ကျောင်းတိုက်၌ ပဝါရဏာပြုပုံ၊ ဉတ်ထားပုံကား—

နမောတဿ(၃-ကြိမ်ဆို)။

သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ (ပန္နရသီ။) ယဒါယသ္မန္တာနံ ပတ္တကလ္လံ။ မယံ အညမညံ ပဝါရေယျာမ။

ဤသို့ဉတ်ထားပြီးလျှင် မထေရ်ကြီးက ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက်"အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ၊

သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ"ဟု ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍ ၃-ကြိမ်ဆိုပါလေ။

မထေရ်ငယ်ပြုပုံ၊ ။ထိုနောက် မထေရ်ငယ်များ သည်လည်း ကြီးစဉ် ငယ်လိုက်
မထေရ်ကြီးနည်းတူ ဆောင့်ကြောင့်ထိုင်လက်အုပ်ချီလျက်-
"အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ" စသည်ဖြင့် ၃-ကြိမ်
ဆိုကြပါလေ။ (တပါးဆိုပြီးတိုင်း သာဓု ၃-ကြိမ် ခေါ်ကြပါ)။

## သုံးပါး ပဝါရဏာ ပြုပုံ

## နမော တဿ(သုံးကြိမ်ဆို)

သုဏာန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ(ပန္နရသီ)
ယဒါယသ္မန္တာနံ ပတ္တကလ္လံ။ မယံ အညမညံ ပဝါရေယျာမ-
ဟု ဥတ်ထား၊ ထိုနောက် မထေရ်ကြီးက-
"အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေနဝါ
သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တာ
အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" ဟု
သုံးကြိမ်ဆိုပါ-သာဓုခေါ်ပါ။ မထေရ်ငယ်များကလည်း
"အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ"စသည်ဖြင့်ဆိုပါ။

## နှစ်ပါး ပဝရဏာ ပြုပုံ

နှစ်ပါး၌ကား ဥတ်ထားရန်မလိုသဖြင့် ထေရ်စဉ်အတိုင်း ပြုပါလေ။
**ပြုပုံကား**...."အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေနဝါ

သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတု မံ အာယသ္မာ

အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ"

ဟု မထေရ်ကြီးကဆိုပါ။ မထေရ်ငယ်က"အဟံ ဘန္တေ"ဟုဆိုပါ။

ဤနေရာ၌-

နှစ်ပါးမှာ **သမ္မာ**-သုံးပါးမှာ နွော၊ လေးပါးမှာ န္တော-ငါးပါးမှာ
**သော**- (သမ္မာ- န္တာ- န္တော- သော)ကို သတိပြုရမည်-ဟု ကျေးဇူးရှင်ကြီး
မိန့်ဖူးသည်။

## တပါးတည်း ပဝါရဏာပြုပုံ

တပါးတည်းနေသော ရဟန်းသည် ပဝါရဏာပြုမည့်နေ့၌ တံမျက်လှည်းခြင်းစသောဝတ်များကို ပြုလုပ်ပြီး အာဂန္တုရဟန်းများကို စောင့်မျှော်နေရမည်။ အချိန်ကုန်သောအခါမှ- အဓိဋ္ဌာန်ပဝါရဏာပြုရသည်၊ ပြုပုံကား- "အဇ္ဇ ပဝါရဏာ ပန္နရသောတိ အဓိဋ္ဌာမိ"ဟု ၃-ကြိမ်ဆိုလေ။

**မှတ်ချက်။** ။ပဝါရဏာပြုသောနေ့မှာ ခရီးသွားလျှင် ဝါပန်ပြီးမှ သွားရမည်။ ဝါမပန်ပဲ သွားလျှင် ဝါကျိုးသည်။ နောက်၌ ထင်ရှားလတံ့။ (ပဝါရဏာနှင့် ပတ်သက်၍ အခြားသိဖွယ်များကို ပခုက္ကူဝိနည်းကျမ်း၌ ရှုကြပါကုန်။)

(ပဝါရဏာ၌ မှတ်ဖွယ်ပြီး၏)

# ၈။ ဝါဆိုဝါကပ် အစီအစဉ်

ဒွေမာ ဘိက္ခဝေ ဝဿူပနာယိကာ ပုရိမိကာ ပစ္ဆိမိကာ။
(မဟာဝါ ပါဠိတော် ဆ/၁၈၂)။

ဤပါဠိတော်ဖြင့် ပထမဝါကပ်ခြင်း၊ ဒုတိယဝါကပ်ခြင်း-ဟု ဝါဆို ဝါကပ်ရက် ၂-မျိုးရှိကြောင်းကို ပြ၏။

အာသဠှိ ပုဏ္ဏမာယ အနန္တရေ-
ပါဋိပဒ ဒိဝသေ ပုရိမိကာ ဥပဂန္တဗ္ဗာ၊
ပစ္ဆိမိကာ ပန အာသဠှိပုဏ္ဏမိတော အပရာယ
ပုဏ္ဏမာယ အနန္တရေ ပါဋိပဒ ဒိဝသေ။
(ဝိနယ သင်္ဂဟ အဋ္ဌကထာ ဆ/၂၁၄)။

ဤပါဠိဖြင့် ဖော်ပြပါ ဝါကပ်ခြင်း ၂-မျိုးတွင် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့၌ ဝါကပ်ခြင်းကို ပထမ ဝါကပ်ခြင်း ခေါ်သည်။ ဝါခေါင် လပြည့်ကျော် ၁ ရက်နေ့၌ ဝါကပ်ခြင်းကို ဒုတိယ ဝါကပ်ခြင်း ခေါ်သည်။ (ဝါထပ်ရက်ငင် ရှိခဲ့သော် ဒုတိယ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ပထမ ဝါကပ်ရသည်။)

## ဝါမဆိုမီပြုရမည့် ဝတ္တရား

ဝိဟာရံ ပဋိဇဂ္ဂိတွာ ပါနီယံ ပရိဘောဇနီယံ
ဥပဋ္ဌပေတွာ သဗ္ဗံ စေတိယ ဝန္ဒနာဒိ သာမိစိကမ္မံ နိဋ္ဌာပေတွာ။
(မဟာဝါဋ္ဌ-ဆ/၃၄၈)။

ဤပါဠိဖြင့် ဝါဆိုမည့်ရက် ရောက်သောအခါ မိမိ နေထိုင်သော ကျောင်းကို သုတ်သင် ရှင်းလင်းခြင်း, သောက်ရေ သုံးဆောင် ရေများ တည်ထားခြင်း,စေတီပုထိုးများကို ရှိခိုးခြင်း,စသော သာမိစိကမ္မကို ကြိုတင်ပြီး ပြုလုပ်ထားရမည်-ဟု ပြ၏။

## ဝါဆိုဝါကပ် ပါဠိ

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"တိ
သကိံ ဝါ ဒွတ္တိက္ခတ္တုံ ဝါ ဝါစံ နိစ္ဆာရေတွာ ဝဿံ ဥပဂန္တဗ္ဗံ။
(မဟာဝဂ္ဂ-ဌ/၃၄၉)။

ဤပါဠိဖြင့် ဝါဆိုသော ဧဟန်းသည် ဖော်ပြပါသေနာသနဝိတ်စေတီယဝတ်,အာဂန္တုကဝတ်များကိုပြုပြီးလျှင်-

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"-ဟု ရွတ်ဆိုပြီး ဝါကပ်ရမည်။ တကြိမ်ဖြစ်စေ (သို့)နှစ်ကြိမ်,သုံးကြိမ်ဖြစ်စေ ရွတ်ဆိုရမည်။ (တကြိမ်ရွတ်လျှင်လည်းပြီး၏။)

## ဝါဆိုနေ့၌ ဝါမဆိုပဲ မနေရ

၁။ န ဘိက္ခဝေ ဝဿံ န ဥပဂန္တဗ္ဗံ၊
ယော န ဥပဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ၊
(မဟာဝါပါဠိ-ဌ/၁၉၃။)

၂။ န ဘိက္ခဝေ တဒဟု ဝဿူပနာယိကာယ ဝဿံ-
အနုပဂန္တုကာမေန။(လ) ဒုက္ကဋဿ (မဟာဝါပါဠိ၊)

**အဓိပ္ပာယ်ကား**- ဝါဆိုရမည့် နေ့၌ ဝါမဆိုပဲ မနေရ။ ဝါမဆိုလျှင် ဒုက္ကဋ်အာပတ်သင့်၏။ ထို့ပြင် ဝါမဆိုချင်သည့်အတွက် ဟိုဟိုဒီဒီ လျှောက်ပြီး သွားခဲ့သော် ရောက်ရာ အရပ်မှာ ဝါဆိုရမည်။ မဆိုလျှင် ဒုက္ကဋ်အာပတ်သင့်သည်-ဟု ပြ၏။

## အာလယဖြင့် ဝါဆိုနိုင်

သစေပိ "ဣဓ ဝသိဿာမိ" တိအာလယော အတ္ထိ၊
အသတိယာ ပန ဝဿံ န ဥပေတိ၊ ဂဟိတ သေနာသနံ
သုဂ္ဂဟိတံ။ ဆိန္နဝဿော နဟောတိ၊
ပဝါရေတုံ စ လဘတိယေဝ။ (မဟာဝဂ္ဂ-ဌ/၃၅၅)။

အာလယော နာမ "ဣဓ ဝဿံ ဝသိဿာမိ"တိ
စိတ္တုပ္ပါဒ မတ္တံ။ (အဋ္ဌကထာ-ဌ/၃၅၂)။

ဝိနာပိ ဟိ ဝစီဘေဒံ အာလယ ကရဏ မတ္တေန ပိ
ဝဿံ ဥပဂတမေဝ ဟောတိ၊ "ဣမ ဝဿိဿာမိ"တိ
စိတ္တုပ္ပါဒေါယေဝ ဟွော အာလယော နာမ။
(ဝိနယသင်္ဂဟ-ဆ/၂၁ .)။

ဤပါဠိတို့ဖြင့် ဝါဆိုမည့်နေ့မှာ ပဒင်ပြောခဲ့သော "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"-ဟူသော ဝါဆိုဝါကပ် ပါဠိကို မေ့လျော့သဖြင့် မဆိုမိချေ။

သို့သော် 'ဤကျောင်းမှာ ဝါကပ်မည်"- ဟု အာလယရှိခဲ့သော် ဝါဆိုဝါကပ်ခြင်း ကိစ္စပြီးနိုင်သည်။ နှုတ်မြွက်ပြီးဆိုခြင်းက အဓိကမဟုတ်ချေ။ "ဤကျောင်းမှာ ဝါတွင်းသုံးလပတ်လုံး နေမည်"-ဟူသော စိတ်ဖြစ်ခြင်းသာ အဓိကဖြစ်သည် ဟု ပြ၏။

(ဤဝါဆိုပါဠိပင် ပါဠိတော်၌ တိုက်ရိုက်မရှိပါ။)

ဤ၌ "အာလယ-ဟူသည်-ဤနေရာ၌ ဝါကပ်မည်"- ဟု စိတ်ဖြစ်ရုံမျှသာ ဖြစ်သည်။

## ပခုက္ကူတိုက်ကြီး များ၌ ဝါဆိုကြပုံ

မြန်မာနိုင်ငံတော်တွင် ဘာသာရေး-သာသနာရေးအနေဖြင့် အထူးနာမည် ကျော်ကြားနေသော ပခုက္ကူစာသင်တိုက်ကြီးများ၌ ဝါဆိုဝါကပ်ကြပုံမှာ အခြားမြို့များနှင့် မတူပဲ ထူးခြားလျက်ရှိပါသည်။ ဝါဆိုပုံအစီအစဉ်မှာ—

၁။ ဝါဆိုခါနီးမှာ စာဝါများကို ၃-ရက် ပိတ်ပေးသည်။ ဝါတွင်းကာလမှာ မိမိအားထုတ်မည့် ပရိယတ္တိလုပ်ငန်းကို ကိုယ်စိတ် နှစ်ဖြာ အေးချမ်းစွာ သင်ကြားပို့ချနိုင်ရန်အတွက်-

(က) ကျောင်းဝိုင်း၏ အတွင်း,အပြင်ကို ရှင်းလင်း သုတ်သင်ခြင်း၊ (သေနာသနဝတ်)

(ခ) ဘုရားခန်းစေတီပုထိုးများကို ပြုပြင်သန့်ရှင်းခြင်း၊ (စေတီယဝတ်)

(ဂ) မိမိသင်ကြားပို့ချမည့် စာအုပ်များကို ရှာဖွေစုဆောင်းခြင်း။

(ဃ) ဆွမ်းကွမ်းကိစ္စအတွက် စီစဉ်ခြင်း။

( င ) အဝတ်သင်္ကန်း စသည်တို့ကို လျှော်ဖွပ် ချုပ်လုပ်ခြင်း။
( စ ) အနီးအနားခရီးသွားရန်ရှိလျှင် သွားထားခြင်း— ဟူသော အလုပ်များကို ပြီးအောင် လုပ်ကြရသည်။

**မှတ်ချက်** ။ ။ဖော်ပြပါကိစ္စများကို ဝါတွင်းကာလမှာ စာဝါများ သင်ကြားပို့ချနေစဉ် (ပလိဗောဓ) ကြောင့်ကြမှု မရှိရအောင် ကြိုတင်ပြီး လုပ်ထားခြင်းဖြစ်သည်။

၂။ ဒကာ,ဒကာမများကလည်း ဝါဆိုသင်္ကန်းကပ်လှူခြင်း, ဝါဆိုပန်းများ လှူဒါန်းခြင်းဖြင့် အထူးစည်ကားလျက်ရှိပါသည်။

၃။ ဝါဆိုသည့်ရက် (လပြည့်ကျော် ၁ ရက်နေ့တွင်) ညနေ ၅ နာရီ အချိန်မှာ တုံးခေါက်ပြီး တိုက်ဘွင်းသံဃာအားလုံး အလယ်ကျောင်းကြီးပေါ်၌ ထေရ်စဉ်,ဝါစဉ်အတိုင်း တန်းစီပြီး ထိုင်နေကြရသည်။

၄၊ ရှေးဦးစွာ ဆရာတော်ဘုရားကြီးက ဤကျောင်းတိုက်ကြီး၏ အရပ် ၄ မျက်နှာ အပိုင်းအခြား ဝါဆိုခေဘ် (ဝါဆိုစည်း)ကို အမိန့်ရှိပြီး "ဝါဆိုတရား"အနည်းငယ် (၁၅ မိနစ်ခန့်) ဟောကြားသည်။

၅။ ထို့နောက် တိုက်အုပ်ဆရာတော်များက ကျောင်းတိုက်၏ စည်းမျဉ်းဥပဒေကို ဖတ်ကြားပြီး စည်းမျဉ်းကို လိုက်နာကြရန် ဩဝါဒမိန့်ခွန်း ပေးသည်။

၆။ ထို့နောက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ယခင် ဝါဆိုပါဠိကို ၃-ကြိမ် ရွတ်ဆိုပြီး ရှေးဦးစွာ ဝါကပ်တော်မူသည်။ (ထိုပါဠိကို အနက်လည်းပြန်ပြသည်။)

ထို့နောက် တိုက်အုပ်ဆရာတော်, စာချဆရာတော်များမှစ၍ ထေရ်ဝါစဉ်အတိုင်း တိုက်ဘွင်းသံဃာအားလုံး ဝါကပ်ကြရသည်။

(သံဃာတော်များ ဝါဆိုပြီးသောအခါ ဒကာဒကာမများက ဝါဆိုပန်းများကို အမြဘ်တနိုး လှုယူကြသည်မှာ ဘာသာရေး ယုံကြည်လေးစားမှုဘရပ်ဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းလှသည်။)

## ဝါဆိုရာ ဌာနများ

"ဣဓ ဝဿံ ဥပေမိ"တိ တိက္ခတ္တုံ ဝတ္တဗ္ဗန္တိ
သဗ္ဗသ ခ ိ ဂ ာ ရဋ္ဌ ာ "ပ္လာ ဒသ္မိ ဝိဟာရေ"တိ အဝတ္ပာ

"ဣဓ ဝဿံ ဥပေမိ"တိ ဝတ္တဗ္ဗံ။
"သတ္ထေ ပန ဝဿံ ဥပဂန္တုံ န ဝဋ္ဋတိ"တိ
ကုဋိကာဒီနံ အဘာဝေ "ဣဓ ဝဿံ ဥပေမိ"တိ
ဝစီဘေဒံ ကတွာ ဥပဂန္တုံ န ဝဋ္ဋတိ။
အာလယကရဏမတ္တေနေဝ ဝဋ္ဋတီတိ အဓိပ္ပါယော။
(သာရတ္ထ-တ/၂၈၃၊ ဝိနယာလင်္ကာ-ပ-၄၀၅။)

သတ္ထော ဒုဝိဓော ဠိတော, သဉ္စာရေတိ။ တတ္ထ ဌိတေ
ကုဋိကာယ "ဣဓ ဝဿံ ဥပေမိ"တိ ဝတွာ ဝသိတဗ္ဗံ။
ဣဒဒ္ဓ သန္တာသ "အနုဇာနာမိ ဘိက္ခဝေ (လ) ဝုတ္တံ၊
သဉ္စာရိမှိ ပန သတ္ထေ ကုဋိကာယ အဘာဝေတော-
ဝဿံ ဥပဂန္တုံ န ဝဋ္ဋတိ။ (ဝဇိရဗုဒ္ဓိ-ဆ/၄၆၉)။

**အဓိပ္ပာယ်ကား**-ပါဠိတော်၌ ဝါဆိုရာဌာနကို-

၁။ ဝိဟာရ (ကျောင်း)
၂။ နာဝါ (လှေ)
၃။ သတ္ထ (လှည်းကုန်သည်)
၄။ ဝဇ (နွားခြံ)ဟု ၄ မျိုး ဟောတော်မူထားခဲ့သည်။

ထိုတွင် ကျောင်းမှာ ဝါကပ်သောအခါ-

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟု ဆိုပြီး ဝါကပ်ရမည်။

လှည်းကုန်သည် သည်-

၁။ အမြဲရပ်တည်နေသော လှည်းဝိုင်း။

၂။ သွားလာ လှုပ်ရှားနေသော လှည်းဝိုင်း-ဟု ၂-မျိုးရှိသည်။

အမြဲရပ်တည်နေသော လှည်းဝိုင်း၌ အကာအရန်ရှိခဲ့သော် "ဣဓ ဝဿံ ဥပေမိ"ဟု ဆိုပြီး ဝါကပ်ရမည်။

သွားလာလှုပ်ရှားနေသော လှည်းကုန်သည်နှင့် နာဝါ,ဝဇတို့၌ကား အကာအရန်မရှိသောကြောင့် "ဣဓ ဝဿံ ဥပေမိ-ဟု ဆိုပြီး ဝါမကပ်ရချေ။ အာလယဖြင့် ဝါကပ်ရမည်-ဟု ပြ၏။

## ဝစီဘေဒဖြင့်ဆိုရာ၌ ၁-ကြိမ်ထူးခြင်း

ယခင်ဆိုခဲ့သော အဋ္ဌကထာ(၃၄၉)၌ "သကိံ ဝါဒွတ္တိက္ခတ္တုံ ဝါဝံ" ဟု ဖွင့်ဆိုသောကြောင့် ကျောင်းမှာ ဝါဆိုရာ၌ "ဣမသ္မိံ ဝိဟာရေ" စသောပါဠိကို ၂-၃ ကြိမ် မဆိုသော်လည်း တကြိမ်ဆိုလျှင်ပင် ဝါဆိုခြင်းကိစ္စ ပြီးနိုင်သည်။

"တတ္ထ ဝသိတွာ ဣမံ ဝဿံ ဥပေမိ"တိ တိက္ခတ္တုံ ဝတ္တဗ္ဗံ"။(မဟာဝါ၌–၂၅၃-)၌ ဖွင့်ဆိုသောကြောင့် အကာအရန်ရှိသော လှည်းလှေနှင့်သည် ၌ "ဣမံ ဝဿံ ဥပေမိ"ဟု ၃-ကြိမ် တိတိဆိုရမည်။ တကြိမ်တည်းမဆိုရ–ဟု အထူးမှတ်ပါ။

## ဝါပန် ရနိုင်သော အကြောင်းများ

အနုဇာနာမိ ဘိက္ခဝေ သတ္တာဟ ကရဏီယေန
အပ္ပဟိတေပိ ဂန္တုံ၊ ပဂေဝ ပဟိတေ၊
ဘိက္ခုဿ,ဘိက္ခုနိယာ'သိက္ခမာနာယ,သာမဏေရဿ,
သာမဏေရိယာ, မာတုယာစ, ပိတုဿစ။

အနုဇာနာမိ ဘိက္ခဝေ ဣမေသံ သတ္တန္နံ သတ္တာဟ ကရဏီယေန
အပ္ပဟိတေပိ ဂန္တုံ၊ ပဂေဝ ပဟိတေ။
သတ္တာဟံ သန္နိဝတ္တော၊(မဟာဝါ ပါဠိ-၂၀၅)။

**အဓိပ္ပာယ်**....ဝါတွင်းကာလ၌ ဝါဆိုစည်း (ဝါဆိုခေတ်) အပြင်သို့ ညအိပ်
သွားလိုခဲ့သော် ဝါပန်ပြီး သွားရသည်-ဟု အစဉ်အလာ ရှိပေသည်။ ထိုအစဉ်အလာ၌ အောက်ပါ အချက်အလက်များကို သိဖို့လိုသည်။ သွားချင်တိုင်း ဝါပန်လို့ရသည် မဟုတ်ပါ။၎င်းတို့ကား....

၁။ ဝါပန်လို့ရနိုင်သော ဌာန
၂။ ဝါပန် ရနိုင်သော အကြောင်းအရာ
၃၊ မပင့်ပဲ သွားနိုင်ခြင်း
၄။ ပင့်မှ သွားနိုင်ခြင်း
၅။ ပင့်ပုံ ပင့်နည်း
၆။ ဝါပန်ပုံ–ဝါပန်နည်း

စသည်ဖြင့် သိရှိနားလည်ဖို့အကြောင်းများရှိသေးသည်။ ထိုတွင်-
(၁) ဖော်ပြပါ ပါဠိတော်အရ သီတင်းသုံးဘော် ၅-ဦးနှင့် မိဘ၂-ပါးတို့အတွက်ဆိုလျှင်ခိုင်လုံသော အကြောင်းရှိခဲ့သော် ထိုခုနစ်ဦးတို့ ရှိရာ အရပ်သို့ သွားကောင်းသည်၊
(၂) ဤနှင့် ခိုင်လုံသော အကြောင်းဟူသည် ရဟန်းယောကျ်ားအတွက် အကြောင်း ၁၀-မျိုးရှိသည်၊ ၎င်းတို့ကား....

(က) နေထိုင်မကောင်း-ဟုကြားခြင်း(ဘိက္ခု ဂိလာနော ဟောတိ)။
(ခ) သာသနာတော်မှ မပျော်-ဟုကြားခြင်း (အနဘိရတိ ဥပ္ပန္နာ ဟောတိ။)
(ဂ) သံသယကုက္ကုစ္စ ဖြစ်နေသည်-ဟုကြားခြင်း (ကုက္ကုစ္စံ ဥပ္ပန္နံ ဟောတိ။)
(ဃ) မိစ္ဆာအယူသို့ပြောင်းသွားသည်-ကြားခြင်း(ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ)။
(င) ဂရုဓမ္မ အာပတ် သင့်သည်-ဟု ကြားခြင်း (ဂရုဓမ္မံ အဇ္ဈာပန္နော ဟောတိ ပရိဝါသာရဟော)။
(စ) မူလ အာပတ်ကိုင်ထိုက်သည်-ဟုကြားခြင်း(မူလာယ ပဋိကဿနာရဟော)။
(ဆ) မာနတ် ကျင့်ထိုက်သည်-ဟု ကြားခြင်း(မာနတ္တာရဟော)။
(ဇ) အဗ္ဘာန်သွင်းထိုက်ပြီ-ဟု ကြားခြင်း (အဗ္ဘာနာရဟော)။
(ဈ) သံဃာမှာ ကံဆောင်ရန်ရှိသည်-ဟုကြားခြင်း(သံဃော ကမ္မံ ကတ္တုကာမော ဟောတိ)။
(ည) သံဃာမှာ တဇ္ဇနီယ စသော ကံ ပြုပြီ-ဟု ကြားခြင်း (ကတံဝါ သံဃေန ကမ္မံ ဟောတိ)။

ဤ ၁၀ ပါးသော အကြောင်း တမျိုးမျိုးရှိလျှင် ရဟန်း တပါးထံ ဝါပန်ပြီး သွားကောင်းသည်။ ဘိက္ခုနီ အတွက် ဆိုလျှင် ပရိဝါသာရဟ ဂရုဓမ္မကိုချန်၍ ၉ ပါးသောအကြောင်းတို့တွင် တမျိုးမျိုးရှိလျှင် ဝါပန်ပြီး သွားကောင်း၏၊

သိက္ခမာန်အတွက်ဆိုလျှင် ဂိလာန,အနဘိ ရတိ, ကုက္ကုစ္စ, ဒိဋ္ဌိဂတ-ဟူသော အကြောင်းလေးပါးနှင့် သိက္ခာပျက်သည်-ဟု ကြားခြင်း, ရဟန်းဘောင် တက်လိုခြင်း-ဟူသော အကြောင်း တမျိုးမျိုး ရှိလျှင် ဝါပန်ပြီး သွားကောင်း၏။

သာမဏေ ယောက်ျား အတွက် ဆိုလျှင် ယခင် ၄-ပါးနှင့် ဝါကို မေးလိုခြင်းနှင့် ရဟန်းပြုလိုခြင်းဟူသော အကြောင်းများကြောင့် ဝါပန်ပြီး သွားကောင်း၏။

သာမဏေ အတွက် ဆိုလျှင် ယခင် ၄-ပါးနှင့် ဥပသမ္ပဒကံ ပယ်၍ သာမဏေ သိက္ခာပုဒ်ကိုပေးလိုခြင်းကြောင့် ဝါပန်ပြီး သွားနိုင်၏။

မိဘ ၂-ပါးတို့အတွက်ကား နေထိုင်မကောင်း-ဟုကြားလျှင် မပင့်ပဲ ဝါပန်ပြီး သွားကောင်း၏။

(၃) ဖော်ပြပါ ခုနစ်ဦးအတွက်ဆိုလျှင် ပြဆိုခဲ့သော အကြောင်း ရှိခဲ့သော် မပင့်ပဲ ဝါပန်ပြီး သွားကောင်း၏။

(၄) ညီအကို မောင်နှမနှင့် သံဃာ့ အလုပ် အကျွေးများ ထံသို့ကား ပင့်မှ သွားကောင်းသည်။ မပင့်လျှင် မသွားကောင်း၊ ဂိလာန စသော အကြောင်းရှိမှသွားကောင်း၏။ မရှိလျှင် ပင့်သော်လည်း မသွားကောင်းပါ။

## ဝါတွင်း ဘုန်းကြီး ပင့်စာရေးနည်း

(၅) ဝါတွင်း ကာလ၌ ဘုန်းကြီးပင့်စာကို ဝါပ ကာလ၌ကဲ့သို့ အမှတ်တမဲ့ သာမန်ရေးလို့ မဖြစ်ချေ။ ဘုရားဟော ဒေသနာနှင့်အညီ ပင့်တတ်မှ ကြွကောင်းသည်။ သို့အတွက် အောက်ပါ ဘုန်းကြီး ပင့်စာရေးနည်း ၂-မျိုးကို သတိပြုသင့်သည်။

**(က) မိမိအတွက် ဖြစ်စေ၊ သူတပါး အတွက်ဖြစ်စေ—ကျောင်း စသော အဆောက်အဦများ ဆောက်လုပ်ပြီး လှူဒါန်းလိုသဖြင့် ပင့်စာ ရေးနည်း။ (နမူနာ)**

သမ္မုတိနွယ်ဝင် ထေရ်အရှင်တို့ဘုရား- (                    ) တို့က

သာသနာတော် ၃-ရပ်တည်တန့် ပြန့်ပွားရေးကို ရှေ့ရှုလျက်—

၁။ တပည့်တော်တို့ တတ်နိုင်သလောက် ကျောင်း စသော လှူဖွယ်များကို လှူဒါန်းလိုခြင်း၊

၂။ အရှင်ဘုရားတို့ ဟောကြားသောတရားကို နာကြားလိုခြင်း၊

၃။ အရှင်ဘုရားတို့ကို ဖူးမြော်လိုခြင်းကြောင့် "အာဂန္တုကဘတ္တံ၊ ဂမိကဘတ္တံ၊ ဂိလာနဘတ္တံ၊ ဂိလာနုပဋ္ဌာကဘတ္တံ၊ ဘေသဇ္ဇံ၊ ဓုဝယာဂုံ၊ ဘိက္ခုနီဥပဿယံ" ဟူသော (မဟာဝါ ပါဠိတော်-ဆ/၃၉၄) အရ ဘုံ, ၃-ဘုံနှင့်အညီ-( )ရက်နေ့ ( )သို့ သတ္တာဟကရဏီယဖြင့် ကြွရောက်တော်မူပါရန် ရိုသေစွာပင့်လျှောက်ပါသည်-သမ္ဗုတိ နွယ်ဝင် ထေရ်အရှင်ဘုရား။

.... .... .... .... .... ....

ပင့်လျှောက်သူ

.... .... .... .... .... .... မြို့

.... .... .... .... .... .... နယ်

.... .... .... .... .... .... ရွာ

နေ့စွဲ.... .... .... .... .... ....

**(ခ) သိဘင်း သုံးတော် ၅-ဦးနှင့် မိဘ ၂-ဦးတို့အတွက် ပင့်စာရေးနည်း-**

ဤရေးနည်း၌ ဂိလာန စသော အကြောင်း ၁၀-မျိုးကို ယခင်ဆိုခဲ့သော နည်းအတိုင်း တမျိုးစီ ပေါ်လွင်အောင် ပင့်စာ ရေးတတ်ရမည်။

**ရဟန်း ယောကျ်ားအတွက် ပင့်စာရေးနည်း (နမူနာ)**

သမ္ဗုတိနွယ်ဝင် ထေရ်အရှင်ဘုရား-( )ကို့က ရိုသေစွာ ပင့်လျှောက်ပါသည်။

"အဟံ ဟိ ဂိလာနော၊ အာဂစ္ဆန္တု ဘိက္ခူ၊ ဣစ္ဆာမိ ဘိက္ခူနံ အာဂတံ" ဟူသော (မဟာဝါ ပါဠိတော် ဆ/၁၉၉) အရ -"တပည့်တော် မကျန်းမာသည့် အတွက် အရှင် ဘုရား များ ကြွခဲ့ပါဦး၊ အရှင်ဘုရားများ ကြွလာစေချင်ပါသည်။" ထို့ပြင်-

"ဂိလာနဘတ္တံ ဝါ ပရိယေသိဿာမိ၊
ဂိလာနုပဋ္ဌာက ဘတ္တံ ဝါ ပရိယေသိဿာမိ၊
ဂိလာန ဘေသဇ္ဇံ ဝါ ပရိယေသိဿာမိ၊
ပုစ္ဆိဿာမိ ဝါ ဥပဋ္ဌဟိဿာမိ ဝါ"

ဟူသော ပါဠိတော်နှင့်အညီ "သူနာနှင့် သူနာပြုများအတွက် ဆွမ်းရှာရန်, ဆေးပစ္စည်းရှာရန်, သူနာမေးရန်, သူနာပြုစုရန်သွားမည်" ဟု

နှလုံးသွင်း၍ သတ္တာဟ ကရဏီယဖြင့် ဝါပန်ပြီး ကြွတော်မူပါသည့် အကြောင်း ရိုသေစွာ ပင့်လျှောက်ဝံ့ပါသည်ဘုရား။

.................................
ပင့်လျှောက်သူ
.... .... .... .... .... ....မြို့
.... .... .................နယ်
.... .... .... .... .... ....ရွာ
နေ့စွဲ.... — — .... .... ....

ဤ**ကား**.... ရဟန်းယောက်ျား မကျန်းမာသဖြင့် ပင့်စာရေးနည်း (နမူနာ) ဖြစ်သည်။ အနဘိရတိ ဥပ္ပန္န၊ ကုက္ကုစ္စ ဥပ္ပန္န စသော အကြောင်းများကြောင့် ရေးနည်းများကိုလည်း နည်းယူပြီး ရေးတက်ပါစေ။ ထိုအတူ ဘိက္ခုနီ စသည်တို့ အတွက်လည်း သိနိုင်လောက်ပြီ ဖြစ်၍ အကျယ် မရေး တော့ပြီ–

စေ ဂစ္ဆန္တေန အန္တော ဥပစာရ သီမာယံ
ဌိတေနစ "အန္တော သတ္တာဟေ အာဂစ္ဆိဿာမီ"တိ
အာဘောဂံ ကတွာ ဂန္တဗ္ဗံ။(သာရတ္ထဋီ-တ-၂၈၂)။

ဂန္တုံ ဝဋ္ဋတီတိ အန္တော ဥပစာရ သီမာယံ–
ဌိတေနေဝ သတ္တာဟ ကရဏီယနိမိတ္တံ သလ္လက္ခေတွာ
ဣမိနာ နိမိတ္တေန ဂန္တွာ အန္တော သတ္တာဟေ–
အာဂစ္ဆိဿာမီ"တိ အာဘောဂံ ကတွာ ဂန္တုံ ဝဋ္ဋတိ။
(ဝိမတိ-ဒု-ဆ/၁၇၅)။

**အဝိပ္ပါယ်ကား**....ဝါဆို ခေါ်ခေါ်သော (ဥပစာရသိမ်) ကျောင်းဝိုင်း အတွင်း၌သာလျှင် ဝါပန်လို့ ရသည်။ (ကျောင်းဝိုင်းပြင် ဘက်မှာ ဝါပန်လို့မရချေ။)

ဤ၌"ဝါပန်"ဟူသည် "ခုနစ်ရက်အတွင်း ပြန်ခဲ့မည်"ဟူ၍ နှလုံး သွင်းခြင်း(အာဘောဂ)ပင်တည်း။ နှုတ်မြွက်ပြီးဆိုရန် မလိုချေ။

## ဝါပန်ပါဠိ တိုက်ရိုက်မရှိ

သို့သော်လည်း "အဇ္ဇော သတ္တာ ဟတ္ထန္တရေ နိဝေတ္တဿာမိ" ဟူ၍ ဝါပန် ပါဠိကို သက်နိုး ဝတ်နု သူတိုင်း ငယ်စဉ်က၍ ရဖူးခဲ့ကြသည်။ ထို ပါဠိဖြင့်ပင် ဝါပန်ခဲ့ကြသည်၊ ကျမ်းဂန် တိုက်ရိုက်မရှိ။

"အာဘောဂံ ကတွာ ဂန္တဗ္ဗံ" နှလုံးသွင်း၍ သွားရမည်- ဟုသာ လာရှိသည်။ ထို့ကြောင့်-

"အဇ္ဇော သတ္တာဟတ္ထန္တရေ နိဝတ္တေဿာမိ"-

ဟူသော ဝါပန်ပါဠိကား ရှေးဆရာတော်များ စီစဉ်ခဲ့ခြင်းဖြစ်သည်- ဟု ဆိုရန်ရှိသည်။

## ဝါပန်သွားရာ၌ အရေးကြီးသော အချက်ကြီးများ

ဝါတွင်းမှာ ခရီးသွားရာ၌ အဓိကအချက်ကြီးများကား-

၁။ ဝါပန်လို့ ရနိုင်သော အကြောင်းများရှိခြင်း။ (နောက်နား ပြန်ကြည့်)

၂။ ခုနစ်ရက်အတွင်း ပြန်လာမည်-ဟု ဝါပန်မိ(နှလုံးသွင်းမိ)ခြင်း။

၃။ ခုနစ်ရက်အတွင်းမှာ ပြန်လာခြင်း-တို့ ဖြစ်ကြသည်။

ဤအဓိကအချက်ကြီး ၃-မျိုး ဆောင်ရွက်မိသော် အာပတ်မသင့်ခြင်း, ဝါမကျိုးခြင်း-ဟူသော အကျိုးများကို ရရှိမည်ဖြစ်သည်။

## အာဘောဂ(နှလုံးသွင်းခြင်း) အရေးကြီးသည်

ဖော်ပြပါ ၃-မျိုးတို့တွင် ဝါပန်ခြင်း အာဘောဂ (နှလုံးသွင်းမှု) သည် အရေးအကြီးဆုံး ဖြစ်ကြောင်းကို အောက်ပါ သာဓကများဖြင့် သိနိုင်သည်။

၁။ နာတိဒူရေ ဝိဟာရော ဟောတိ၊ တတ္ထ ဂန္တွာ
"အဇ္ဇေဝ အာဂမိဿာမီ"တိ သမ္ပာ ပုဏာတို-
န သက္ကောတိ၊ ဝဋ္ဋတိ၊ (မဟာဝါ အဋ္ဌ-ဆ/၃၅၂)။

၂။ သမ္ပာပုဏာတုံ န သက္ကောတိ၊ ဝဋ္ဋတီတိ ဧတ္ထ-
"အဇ္ဇေဝ အာဂမိဿာမီ"တိ သာမန္တဝိဟာရံ ဂန္တွာ
ပုန အာဂစ္ဆန္တဿ အန္တရာမဂ္ဂေ-

သစေ အရုဏုဂ္ဂမနံ ဟောတိ၊ ဝဿစ္ဆေဒေါ ပိ န ဟောတိ၊
ရတ္တိစ္ဆေဒ ဒုက္ကဋဉ္စ နတ္ထီတိ ဝေဒိ။ (သာရတ္ထ-၀ ဆ/၂၄၄)။

၃။ “သမ္ဗာပုဏိတုံ န သက္ကောတိ၊ ဝဋ္ဋတီ”တိ တဒဟေဝ
အာဂမနေ သဥဿာဟတ္တာ ဝဿစ္ဆေဒေါ ဝါ
အာပတ္တိ ဝါ န ဟောတီတိ အဓိပ္ပာယော။
(ဝိမတိ-ဒု ဆ/၁၂၆။)

**အဓိပ္ပာယ်ကား**–ဘုန်ကြီးတပါးသည်‘နေ့ချင်း ပြန်လာမည်’- ဟူသော နှလုံး သွင်းဖြင့် အနီးအနားရှိ ကျောင်းသို့ ကိစ္စဖြင့် သွားသည်။ ပြန်လာသည်။ သို့သော်- ပြန်မရောက်နိုင်ပဲ လမ်းခုလပ်မှာ အာရုံတက်သွားသည်၊ ထိုရဟန်းမှာ အာပတ်လည်းမသင့်၊ ဝါလည်းမကျိုးပေ။ အကြောင်းကား-နေ့ချင်းပြန်လာမည်- ဟု အားထုတ်ခြင်း ရှိသောကြောင့်တည်း-ဟု အကြောင်း ပြသည်။

သစေ ပန နံ အာစရိယော “အဇ္ဇ မာ ဂစ္ဆာတိ ဝဋ္ဋတီ”တိ
ဧဝံ သတ္တာဟ ကရဏီယေန ဂတံ အန္တော သတ္တာဟေယေဝ
ပုန အာဂစ္ဆန္တံ သစေ အာစရိယော ဥပဇ္ဈာယော ဝါ
“အဇ္ဇ မာ ဂစ္ဆာ”တိ ဝဒတိ၊ ဝဋ္ဋတိ၊
သတ္တာဟာ တိက္ကမေ ပိ အနာပတ္တီတိ အဓိပ္ပာယော။
ဝဿစ္ဆေဒေါ ပန ဟောတိယေဝါတိ ဒဋ္ဌဗ္ဗံ၊
သတ္တာဟဿ ဗဟိဒ္ဓါ ဝီတိနာမိတတ္တာ၊
(သာရတ္ထ-ဆ/၂၈၃၊ မဟာဝဂ္ဂ-ဆ/၃၅၂)။

**အဓိပ္ပာယ်ကား**၊ ဘုန်ကြီးတပါသည် မိမိဆရာ ဥပဇ္ဈာယ်များထံ သတ္တာဟ ကရဏီယဖြင့် သွားသည်၊ ခုနစ်ရက်အတွင်း ပြန်မည်ပြုစဉ်၊ ဆရာဥပဇ္ဈာယ်များက“မပြန်ပါနှင့်”ဟုတားမြစ်သဖြင့် ခုနစ်ရက် လွန်သွားသော်လည်း အာပတ်မသင့်ပါ။ သို့သော်- အပြင်မှာ ခုနစ်ရက် လွန်သွားခြင်းကြောင့် ဝါကျိုးသည်- ဟု ဆိုလိုသည်။

ပုရိမက္ခဏေ အာဘောဂံ ကတွာ ဂမနက္ခဏေ
ဝိဿရိတွာ ဂတေပိ ဒေါသော နတ္ထိ၊
"သကရဏီယော ပက္ကမိတိ ဝုတ္တတ္တာ။ (ဝိမတိ-ဒု-ဆ/၁၆၅-၆)။

**အဓိပ္ပာယ်မှာ:-** ဘုန်းကြီးတပါးမှာ မသွားမီစောစောအချိန်က အာဘောဂ ရှိသည်၊ သွားတဲ့ အချိန်မှာ မေ့ပြီးသွားမိသည်၊ "သကရဏီ ယော ပက္ကမတိ" ဟု ပညတ်ထားရှိသောကြောင့် အပြစ်မရှိ-ပြ၏။

**ဝိမတိလာ အာစရိယဝါဒများ**

သဗ္ဗထာ ပန အာဘောဂံ အကတွာ ဂတဿ
ဝဿစ္ဆေဒေါဘိ ဒေန္တိ။ ယော ပန သတ္တာဟ-
ကရဏီယနိမိတ္တာဘာဝေပိ "သတ္တာ ဟဗ္ဘန္တရေ-
အာဂမိဿာမီ"တိ အာဘောဂံ ကတွာ ဂန္တွာ-
သတ္တာဟဗ္ဘန္တရေ အာဂစ္ဆတိ၊ တဿ အာပတ္တိယေဝ၊
ဝဿစ္ဆေဒေါ နတ္ထိ၊ သတ္တာဟဿ သနိဋ္ဌာတတ္တာတိ ဝဒန္တိ။
ဝိ မံ သိထွာ ဂဟေတဗ္ဗံ၊ ဝိမတိ ဒု-ဆ/၁၇၆)။

**အဓိပ္ပာယ်မှာ:-** ဘုန်းကြီးတပါးမှာ စောစောအချိန်က ဖြစ်စေ, သွားခါနီးမှ ဖြစ်စေ ဝါပန်ပြီးမသွားမိဖူး-

ဤသို့လျှင် ဝါကျိုးသည်-ဟု ပြ၏။ (အာစရိယဝါဒ)၊

ဘုန်းကြီးတပါးကား- ဝါပန်ရနိုင်သော အကြောင်းမရှိပဲ၊ ဝါပန် သွားသည်။ ခုနစ်ရက်အတွင်းလည်း ပြန်လာသည်။ ထိုရဟန်းမှာ အာပတ် သင့်သည်။ သို့သော် ခုနစ်ရက် အတွင်းပြန်လာသောကြောင့် ဝါမကျိုး-ဟု ပြ၏။ (အာစရိယဝါဒ)။

ထိုအာစရိယဝါဒများကို ဆင်ခြင်ယူကြပါ- ဟု ဝိမတိဆရာတော် မိန့်တော်မူခဲ့၏။ အကျဉ်းချုပ်သိရန်ကား- အာပတ်သင့်မှုသည် ဝါပန်မှုနှင့် ဆိုင်သည်။ ဝါပြတ်၊ ဝါကျိုးမှုသည်၊ (သတ္တာဟ တိက္ကမ အပြင်မှာ ခုနစ်ရက် လွန်မှုနှင့် ဆိုင်သည်-ဟု မှတ်ရာ၏။

## ခုနစ်ရက်မြောက်နေ့မှာ ပြန်ခဲ့ရမည်

၁။ သတ္တာဟံ သန္ဒိဝတ္ထော ကာတဗ္ဗောတိ သတ္တာဟေယေဝ-
သန္ဒိဝတ္တော၊ အဋ္ဌမေ အရုဏော တတ္ထေဝ-
န ဥဋ္ဌာပေတဗ္ဗော တိ အတ္ထော၊ (မဟာဝါ-ဋ္ဌ-ဋ/၃၅၀)။

၂။ ပါဠိယံ သတ္တာဟံ သန္ဒိဝတ္တော ကာတဗ္ဗော''တိ
သကလံ သတ္တာဟံ ဗဟိ ဧဝ အဝီတိနာမေတွာ
သတ္တာဟ ပရိယောသာနဘူတံ အရုဏုဋ္ဌာနကာလံ
ပုန ဝိဟာရေဝ သမ္ပန္ဒဝသေန-
သတ္တာဟံ ဝိဟာရေ သန္ဒိဝတ္တံ ကာတဗ္ဗံ။
သတ္တာဟ ပရိယောသာန ကာလောတိ ဣဓ
သတ္တာဟဿဒ္ဒေန ဝုတ္တော။ တဒပေက္ခာယ စ-
''သန္ဒိဝတ္တော''တိ ပုလိင်္ဂေန ဝုတ္တံ။ (ဝိမတိ ဒု-ဋ/၁၇၅)။

**အဓိပ္ပာယ် ကား**-ခုနစ်ရက်လုံးလုံး အပြင်မှာ မနေရဖူး၊ ခုနစ်ရက်၏နောက်ဆုံး အာရုံအခါ မှသနေရင်းကျောင်းသို့ ရောက်အောင်ပြန်ခဲ့ရမည်။ ဤ၌ သတ္တာဟသဒ္ဒါက ခုနစ်ရက်၏ နောက်ဆုံးရက်ကိုသာ ဟောသည်။ထို့ကြောင့် ''သန္ဒိဝတ္တံ'' ဟု နပုလ္လိင်ဖြင့်မဟောပဲ ''သန္ဒိဝတ္တော''-ဟု ပုလ္လိင်ဖြင့် ဟောခြင်းဖြစ်သည်-ဟုပြ၏။

## ၆-ရက်နေ့ သွားလျှင် ပြန်လာရန်မလို

သတ္တာဟံ အနာဂတာယ ပဝါရဏာယာတိတ္တေ
နဝမိတော ပဋ္ဌာယ ဂန္တုံဝဋ္ဋတိ၊ အာဂစ္ဆတု ဝါ မာဝါ,
အနာပတ္တိ။ (မဟာဝါ-ဋ္ဌ ဋ/၃၅၅)။

''သော သတ္တာဟ အနာဂတာယ ပဝါရဏာယ
သကရဏီယော ပက္ကမတီ''တိ အယံ ပန ဝါရော
နဝမိတော ပဋ္ဌာယ ဂန္တွာ သတ္တာဟံ ဗဟိဒ္ဓါ-
ဝီတိ နာ မေန္တဿာပိ ဝဿစ္ဆေဒါ ဘာဝဒဿနတ္ထံ ဝုတ္တော။
(သာရတ္ထ-တ-ဋ/၃၀၅)။

**အဓိပ္ပာယ်ကား**-သီတင်းကျွတ်လဆန်း ၆-ရက်နေ့ ခရီးသွားသော ရဟန်းမှာ အပြင်၌ ခုနစ်ရက်ပြည့်အောင် နေသော်လည်း ဝါမကျိုး

တော့ပေ။ ပြန်ပြီးလာချင်လာ, မလာချင်နေ။ အာပတ်မသင့်နိုင်-ဟု ပြ၏၊ ထို့ကြောင့် ရှေးပညာရှင်တို့က-

**ဆောင်ပုဒ်။** ။လဆန်း၊ ၉ ရက်၊ ဝါပြန်ထွက်၊ ပြန်ရက်မရှိပါ-ဟု စပ်ဆိုတော်မူခဲ့ကြကုန်၏။

## ပဝါရဏာရက် ဝါပြန်ထွက်

၁။ တတ္ထ စ "အကရဏီယော ပက္ကမတီ"တိ ဒုတိယဝါရေသု အနာဂတာဘာ နဝမိတော ပဋ္ဌာယ ဂစ္ဆန္တေန ပိ သတိ ကရဏီယေ ဂန္တဗ္ဗံ, နာသတီတိ ဒဋ္ဌဗ္ဗံ။ (သာရတ္ထ-တ-ဆ/၂၇၅။)

၂။ ပါဠိယံ "သော သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမ"တိ ဝုတ္တတ္တာ-ပဝါရဏာ ဒိဝသေပိ သတ္တာဟ ကရဏီယံ ဝိနာ ဂန္တုံ နဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ (ဝိမတိ-ဒု-ဆ/၁၇၉)။

**အဓိပ္ပာယ်ကား-** "သကရဏီယော ပက္ကမတိ"- ဟုသာ ဟောသဖြင့် "အကရဏီယော ပက္ကမတိ"- ဟု မဟောသောကြောင့် သီတင်းကျွတ်လပြည့် ပဝါရဏာပြုသောနေ့၌ပင် သတ္တာဟ ကရဏီယ ကိစ္စရှိမှသာလျှင် ဝါပြန်ပြီးသွားကောင်းသည်-ဟု ပြ၏။

## ဝါဆိုရမည့် ရက်၊ လ၊ ပူရန်မလို

ဘုန်းကြီးများမှာ ဝါဆိုရမည့် ရက်နေ့တွင် ဝါမဆိုလျှင် အာပတ်သင့်သဖြင့် ထိုနေ့ကိုသိဖို့ လိုအပ်ပါသည်။ သို့သော်လည်း—

"အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ"(မဟာဝါ-ဆ/၁၉၃)၌ "အုပ်ချုပ်သောမင်း၏ အလိုအတိုင်း ဝါဆို၊ ဝါကပ် ပြုရမည်-ဟု ဟောတော်မူသောကြောင့် ဝါဆိုရမည့်ရက်နေ့အတွက် အထူးကြောင့်ကြစိုက်ရန် မလိုတော့ပေ။ နိုင်ငံတော်အစိုးရက ကြေငြာပေးသော ရက်နေ့မှာ ဝါဆိုလိုက်ရုံပင် ရှိတော့၏။ (ဝါဆိုဦးမှာ အစိုးရက နှစ်စဉ် ကြေငြာပေးသည်။)

## အရုဏ်တက်ချိန် သိဖို့လိုသည်

ဖော်ပြပါအတိုင်း ဝါဆိုရမည့်နေ့ကို အစိုးရကို အားကိုးရသဖြင့် စိတ်အေးရသော်လည်း အရုဏ်တက်ချိန်ကိုတော့ သိဖို့လိုသေးသည်။ သို့အတွက် ၁၂-လမှာ နေထွက်ချိန်နှင့် အရုဏ်တက်ချိန်ကို အလွယ်တကူ သိရှိနိုင်ရန် အောက်ပါဇယားကို သတိပြုသင့်သည်။

## နေထွက်ချိန်, အာရုံတက်ချိန်

### ဇယား

| စဉ် | လအမည် | | နေထွက်ချိန် | | | အာရုံတက်ချိန် | | |
|---|---|---|---|---|---|---|---|---|
| | | | နာရီ | မိနစ် | | နာရီ | မိနစ် | |
| ၁ | တန်ခူးလ | ကူး | သူ<br>၆ | ထွန်း<br>ဝ | တင်<br>ဝ | မောင်<br>၅ | ထွန်း<br>ဝ | တင်<br>ဝ |
| ၂ | ကဆုန် | ဆုန် | ပေါ်<br>၅ | ပြေး<br>၅ | နိုင်<br>ဝ | လမ်း<br>၄ | ပေါ်<br>၅ | ထိုင်<br>ဝ |
| ၃ | နယုန် | ယုန် | မင်း<br>၅ | လမ်း<br>၄ | ထွက်<br>ဝ | လ<br>၄ | ဝန်း<br>၄ | ထက်<br>ဝ |
| ၄ | ဝါဆို | ဆို | မှူ<br>၅ | စံ<br>၃ | တင်<br>ဝ | လ<br>၄ | စ္စ:<br>၃ | တွင်<br>ဝ |
| ၅ | ဝါခေါင် | ခေါင် | မိုး<br>၅ | လှမ်း<br>၄ | တက်<br>ဝ | လ<br>၄ | ဝန်း<br>၄ | ထွက်<br>ဝ |
| ၆ | တော်သလင်း | တော် | ပါ<br>၅ | မောင်<br>၅ | ဘော်<br>ဝ | လှ<br>၄ | မောင်<br>၅ | တော်<br>ဝ |
| ၇ | သီတင်းကျွတ် | ကျွတ် | သူ<br>၆ | တောက်<br>ဝ | တဲ့<br>ဝ | မောင်<br>၅ | တောက်<br>ဝ | တ့<br>ဝ |
| ၈ | တန်ဆောင်မုန်း | မုန်း | သက်<br>၆ | အေး<br>၁ | တင်<br>ဝ | မ<br>၅ | အေး<br>၁ | တင်<br>ဝ |
| ၉ | နတ်တော် | နတ် | သား<br>၆ | ကျော်<br>၂ | နိုင်<br>ဝ | မင်း<br>၅ | ကျော်<br>၂ | နိုင်<br>ဝ |
| ၁၀ | ပြာသို | ပြာ | သို<br>၆ | စိုး<br>၃ | နိုင်<br>ဝ | မောင်<br>၅ | စိုး<br>၃ | နိုင်<br>ဝ |
| ၁၁ | တပို့တွဲ | တွဲ | သော်<br>၆ | ကျော်<br>၂ | ထွန်း<br>၁ | မောင်<br>၅ | ကျော်<br>၂ | ထွန်း<br>ဝ |
| ၁၂ | တပေါင်း | ပေါင်း | သင်း<br>၆ | အိမ်<br>၁ | တက်<br>ဝ | ပေါ်<br>၅ | ဦး<br>၁ | ထွက်<br>ဝ |

**ရှင်းသင်းချက်**။ ။နေထွက်ချိန်နှင့် အံရက်ဟက်ချိန်သည် တနာရီကွာခြားသည်။

**ဥပမာ**.... တန်ကူးသ၌ "ကူ-သူ-ထွန်းတင်" ဆိုသောကြောင့် ၆-နာရီမှာနေထွက်သည်။ "မောင်ထွန်းတင်" ဆိုသောကြောင့် ၅-နာရီအချိန်မှာ အရက်တက်သည်။ (ဇယားကွက်ကြည့်)

ကဆုန်လ စသည်၌ တွက်ကြည့်ပါ။ ဤကား လပြည့်နေ့မှာ တိုင်းတာချက် ဖြစ်သည်။

ထိုပြင် ရက်တိုင်းမှာလည်း စက္ကန့်-၂၀-တိတိ အတိုးအဆုတ်ရှိသည်။ အထူးသတိပြုပါ။

ဝါဆို-ဝါကပ် အစီအစဉ် ပြီး၏။

## ရှေးဆရာတော်ဘုရာကြီးများ၏ ဆုံးမမိန့်ခွန်းတော်

၁။ ဘုရားသခင် အကဲ့ရဲ့မခံရအောင် နေထိုင်ကြ။ (ဆရာတော် ဦးဗုဒ်)

၂ တစ်ယောက်ထည်း သင့်အောင်နေထိုင်ကြ။ (စစ်ကိုင်း ရေချိုဆရာတော်)

၃။ ကိုယ်ကြိုက်လျှင် မလုပ်နှင့်၊ ကိုယ်ကြိုက်မှလုပ်။ (မဏိမဥ္ဇူဆရာတော်)

၄။ သူများအကြောင်း မပြောနှင့်။ (ထွင့်ခေါင်ဆရာတော်)

၅ ကိုယ့်အတွက်နှင့် သူများစိတ်ညစ်ရအောင်၊ အကုသိုလ်မဖြစ်ရအောင် နေထိုင်ကြ။ (ငါးခုံဆရာတော်၊ စစ်ကိုင်း)

၆။ ဘယ်အခါမဆို သေဝံ့အောင် နေထိုင်ကြ၊(သံယုဘ်ဆရာတော်)

၇။ ခုကြပ်မှ နောင်ချောင်မည်။ ခုချောင်လျှင် နောင်ကြပ်မည်။ (ငါးသရေက် ရွှေမြင်တင်ဆရာတော်ကြီး)

၈။ အော်-တနေ့ကြလျှင် ငါသေရမည်-ဟူသော စိတ်ကို မကြာမကြာ ဖြစ်စေရမည်၊ (ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌ ဂုရု ဆရာတော် ဘုရာ ကြီး)

၉။ မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းတခုခုကိုသာ အာစိဏ္ဏကံကုသိုလ်ဖြစ်အောင် နေ့စဉ်ပွားများနေရမည်။ (စာရေးသူ၏ နောင်တော်ဘုရား)

ဖော်ပြပါ ဆရာတော်ကြီးများ၏ အမြဲဆုံးမတော်မူအပ်သော နိယာမဩဝါဒမိန့်ခွန်းတော်များသည် ပိဋကတ်အားလုံးကို လွှမ်းခြုံနိုင်သော လွန်စွာအဆီအနှစ်ပါသော မိန့်ခွန်းတော်များ ဖြစ်ခြင်းကြောင့် အလေးထားပြီး နေ့စဉ်ပွားများသင့်လှပေသည်၊ (ဆရာတော်ဘုရားကြီး ရေးသော ဉာဏသံဝေဂကျမ်းမှ ထုတ်နုတ်ချက် ဖြစ်သည်။)

## **သာသနာတော် သန့်ရှင်းရေးသို့**

သာသနာ လေးမပြု၊ ဆေးကုလို့ ကျောင်းထိုင်။
ဗေဒင်လေးဟောနိုင်လျှင်၊ ပေါ်လိုင်လိုင်ဝါကြွား။
အာဇီဝ မစင်ကြယ်လျှင်၊ နင်အပါယ် ရောက်လိမ့်မမှား။
သက်မွေးမှု သောင်သာအောင်၊ အချောင်သာ ရှာစား။
ဒကာတွေ လျှောက်စကားကိုတော့၊ မဖောက်ပြားလိုက်နှာ။
သိလျက်ပင် သင့်အာပတ်တွေနှင့်၊ ဆင့်ကာထပ် ကြားကြဒေသနာ။
သံဝရ အာယတိ မပါလျှင်၊ ခါအကြိမ်(တစ်ရာ)ထပ်ကာကြားသော်
လည်း၊ မြတ်စွာဘုရား မိန့်အာဏာ ကျူးလွန်လျက်သာ၊
အသွင်ဆန်းတဲ့သင်္ကန်းဝါရယ် ဆင်မြန်းကာပျက်စီးရှာကြတယ်လေး။

**မျောက်တရာဆရာတော်ဘုရား**

ကျောင်းထိုင်ဘုန်းကြီးလက်ကိုင် ဝိနယမဏ္ဍိုင်
ကျမ်းကြီး ပြီးပြီ။

# မျိုးခင်စာပေမှ ထုတ်ဝေပြီးသော ကျမ်းစာများ

၁။ ပဓုက္ကူသဂြိုဟ် (အောက်၃-ပိုင်း)
၂။ ပဓုက္ကူ ဓမ္မာစရိယ (ဒုတိယ အကြိမ်)
၃။ လက်တွေ့ ကျင့်ဖွယ်များနှင့်
ဗုဒ္ဓ၏ ပရိတ်တော် ၃၉-သုတ် (တတိယ အကြိမ်)
၄။ ပဓုက္ကူမူ ဆုပေး ရေစက်ချ အမျိုးမျိုး (ဒုတိယ အကြိမ်)
၅။ မင်္ဂလာ ဖိုလ်ဝင် ရုပ်ပြ အာနာပါနကျင့်စဉ် (ပထမ အကြိမ်)
၆။ မဟာစည်၏(မြောက်ဥက္ကလာပ) ဆယ်ရက်စခန်း (ပထမ အကြိမ်)
၇။ ရဟန္တာဟုကျော်ကြားသောကြောင်းနီးဆရာတော်(ပထမအကြိမ်)
၈။ သီလဖြူစင် ဘုရား ကျင့်စဉ် (ပထမ အကြိမ်)
၉။ ကျောင်းထိုင်ဘုန်းကြီး လက်ကိုင်
ဝိနယမဏ္ဍိုင် ကျမ်းကြီး (ပထမအကြိမ်)

## ဖြန့်ချိရေးဌာနများ

၁။ ထွန်းပညာ စာပေ
အမှတ် ၅၁-၅၂
ရွှေတိဂုံဘုရား၊အရှေ့မုခ်
ဇဟာန်း၊ ရန်ကုန်မြို့

၂။ ဓမ္မဝံကြယ်စာပေ
၂၆-အသောကလမ်း
တာမွေမြို့နယ်
ရန်ကုန်မြို့

၃။ မျိုးခင်စာပေ
အမှတ် ၈/၂၂၁
မေဓာဝီလမ်း
မ/ဥက္ကလာပ

၄။ ဝံသာနု ဦးပျိုင် စာပေ
အမှတ် ၅/၆
ခတ်လှေကားအနီး
ရွှေတိဂုံတောင်မုခ်-ရန်ကုန်